# ဒီမိုကရေစီ၊ ခွဲခြားဆက်ဆံခြင်းနှင့် မြေအောက်လှုပ်ရှားစာတမ်းများ

အောင်ဒင်



KQ PUBLICATION

# ဒီမိုကရေစီ၊ ခွဲခြားဆက်ဆံခြင်းနှင့်
# မြေအောက်လှုပ်ရှား စာတမ်းများ

## အောင်ဒင်

PUBLICATION

No. 82, Insein Road, 9th Ward,
Hlaing Township, YANGON, Myanmar
Contact : (+95) 9 2542 84 336
E-mail : kq.sarpay@gamil.com
bokbok@gamil.com

PUBLICATION

ဖြန့်ချိရေး

KQ Publication
အမှတ်(၈၂)၊ အင်းစိန်လမ်းမ၊ အမှတ် (၉)ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ ၂၅၄၂ ၈၄ ၃၃၆

ပုံနှိပ်မှတ်တမ်း

မျက်နှာဖုံးပန်းချီ
မျိုးမင်းလတ်

မျက်နှာဖုံးဒီဇိုင်း
သက်ဇော်

ထုတ်ဝေသူ
ဦးကိုကိုကြီး
ကေကျူစာပေ

ပုံနှိပ်သူ
ပုံရိပ်ရှင်ပုံနှိပ်တိုက်
အမှတ် (၈)၊ ဒိမ်ကြီးလမ်း၊ ရေကျော်။
ဖုန်း - ၀၉ ၄၂၀၀၆ ၂၄၃၈၊ ၀၉ ၄၅၀၀၃ ၂၃၃၀၊ ၀၉ ၄၂၀၀၅ ၂၀၈၇

ထုတ်ဝေမှု - ပထမအကြိမ်
၂၀၁၄ ခုနှစ်၊ အောက်တိုဘာ
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၃၅၀၀ ကျပ်

အောင်ဒင်
ဒီမိုကရေစီ၊ ခွဲခြားဆက်ဆံခြင်းနှင့် မြေအောက်လှုပ်ရှား
စာတမ်းများ/အောင်ဒင်။ - ရန်ကုန်။
ကေကျူစာပေ၊ ပထမအကြိမ်၊ ၂၀၁၄။
စာမျက်နှာ - ၃၂၀ မျက်နှာ၊ ၁၈ × ၂၅ စင်တီ။
(၁) ဒီမိုကရေစီ၊ ခွဲခြားဆက်ဆံခြင်းနှင့် မြေအောက်လှုပ်ရှား စာတမ်းများ

# မာတိကာ


မိတ်ဆက်စကား ၉

✦ အပြုံပြုံအကွဲကွဲတိုင်းပြည် ၁၄
(တူမောရိုးသတင်းဂျာနယ်)

✦ မြန်မာနိုင်ငံအတွက် ကောင်းနိုးရာရာ
(တူမောရိုးသတင်းဂျာနယ်) ၂၈

✦ ပြည်တွင်းငြိမ်းချမ်းရေးနှင့်
အရပ်ဘက်အဖွဲ့အစည်းများ
(မဇ္ဈိမနေ့စဉ်သတင်းစာ) ၆၈

✦ ဖက်ဒရယ်ပြည်ထောင်စု၊
ဖက်ဒရယ်တပ်မတော်နှင့် ပြည်တွင်းငြိမ်းချမ်းရေး
(မဇ္ဈိမနေ့စဉ်သတင်းစာ) ၁၀၆

✦ မြန်မာ့လူ့အဖွဲ့အစည်းနှင့်
ခွဲခြားဆက်ဆံခြင်းများ (မဇ္ဈိမနေ့စဉ်သတင်းစာ) ၁၄၆

✦ ဒီမိုကရေစီစနစ် ဘယ်လိုမှားယွင်းနေသလဲ
(ခေတ်ရနံ့မဂ္ဂဇင်း) ၁၈၆

✦ မြေအောက်လှုပ်ရှားစာတမ်းများ
(၂၀၀၈-၂၀၁၀ခုနှစ်များအတွင်း ရေးသားခဲ့ပြီး
မိုးမခမီဒီယာနှင့်အင်တာနက်ဘလော့များတွင် ဖော်ပြ၍
မြန်မာနိုင်ငံအတွင်း၌
လျှို့ဝှက်ဖြန့်ချိခဲ့သောစာတမ်း ၅ ပုဒ်) ၂၃၈

## မိတ်ဆက်စကား

ကျနော် နိုင်ငံရေးလုပ်ရင်း မိသားစုလုပ်ငန်းလေးတစ်ခုအဖြစ် KQ စာအုပ်ထုတ်ဝေရေးဆိုပြီး လုပ်ဖြစ်ပါတယ်။ မိတ်ဆွေတစ်ယောက်က ပြောသလိုပြောရရင် 'ဇာတ်ထောင်တယ်ဆိုတာ ကိုယ်တိုင်ကချင်လို့ကွ' ဆိုသလိုပါပဲ။ ကိုယ်တိုင်ရေးတာ၊ ပြောထားတာလေးတွေစုပြီး စာအုပ်ထုတ်၊ ပြီးတော့ ကိုယ်ထုတ်ချင်တဲ့စာအုပ်လေးတွေလည်း ထုတ်မယ်ဆိုပြီး ရည်ရွယ်ခဲ့တာပါ။

အခု 'အောင်ဒင်' ရဲ့ 'ဒီမိုကရေစီ၊ ခွဲခြားဆက်ဆံခြင်းနှင့် မြေအောက်လှုပ်ရှားစာတမ်းများ' စာအုပ်ဟာ ကျနော် ထုတ်ချင်တာကြောင့် စာရေးသူဆီ အကြောင်းကြားပြီး ခွင့်ပြုချက်တောင်း ထုတ်ဝေလိုက်တာဖြစ်ပါတယ်။ စာဖတ်သူတွေအနေနဲ့ နှစ်သက်တာတွေ ရှိနိုင်သလို ငြင်းချက်ထုတ်ချင်တာတွေ ရှိနိုင်ပါတယ်။ လေ့လာစရာတွေပါသလို တွေးစရာတွေပါလာပြီဆိုရင် စာအုပ်တစ်အုပ်ရဲ့ ရည်ရွယ်ချက်အထမြောက်တယ်လို့ ဆိုချင်ပါတယ်။

စာအုပ်အကြောင်းမပြောခင် စာရေးသူအကြောင်း နည်းနည်းပြောချင်ပါတယ်။ ကျနော်သိသည့် 'အောင်ဒင်'၊ အသက်အစိတ်ခန့်၊ မဟုတ်မခံ၊ တိုက်ပွဲကာလ ကျောင်းသားခေါင်းဆောင်တစ်ဦး။ ယုံ

ကြည်ရာကို တစ်ဆူးစိုက်စိုက် လုပ်တတ်သူ၊ တက်ကြွလှုပ်ရှားသူ၊ ပြီးတော့ ကဗျာဆရာ၊ အနုပညာသမား။

သူ 'ငရဲတံခါးပွင့်တဲ့နေ့' (နွေတစ်ညမှအစပြု၍စာအုပ်မှ) က ကျနော်နဲ့အတူ။ သူ ငရဲတံခါးထဲ တရွတ်တိုက် ပါသွားချိန်မှာ ကျနော်က ထွက်ပြေးလွတ်မြောက်ခဲ့သူ။ တချို့တွေ ခေါ်ဝေါ်သမုတ်သလိုပြောရရင် သူဟာ 'အက်တစ်ဗစ်စ်' (Activist) တက်ကြွလှုပ်ရှားသူ၊ နောက်တော့ ထောင်ကျ။ ပြီးတော့ စက်မှုအင်ဂျင်နီယာ။ ပြည်ပရောက်တော့ မြန်မာ့အရေးကို နိုင်ငံတကာက အာရုံစိုက်လာအောင် ဖိအားပေး တိုက်တွန်းမှုတွေ ဦးဆောင်ကြိုးပမ်းခဲ့သူတစ်ဦး။

ပညာရပ်ပိုင်းဆိုင်ရာမှာလည်း ရန်ကုန်စက်မှုတက္ကသိုလ်က B.E (Mechanical) စင်ကာပူနိုင်ငံ (Singapore Management University) မှ Graduate Diploma in Business Administration (GDBA) ဘွဲ့၊ အမေရိကန်နိုင်ငံ The American University (D.C) မှ Master of International Services (MIS) ဘွဲ့တွေ ရရှိခဲ့သူ။

ပြောချင်တာက နိုင်ငံရေးနယ်ပယ်မှာ သုံးစွဲလေ့ရှိတဲ့ ဆိုရိုးစကားတစ်ခုပါ။ 'သဘောတရားမပါတဲ့လက်တွေ့ဟာ အကန်း၊ လက်တွေ့မပါတဲ့ သဘောတရားဟာ အကျိုး' တဲ့။ သူ့ရဲ့လက်တွေ့၊ ဆောင်ရွက်မှုတွေက အထင်အရှား။ သူဟာ အကျိုးတစ်ယောက်မဟုတ်။ ဒီစာအုပ်မှာတော့ သူ့ရဲ့အမြင်၊ သဘောတရားတွေကို စုစည်းတင်ပြထားပါတယ်။ သူဟာ အကန်းတစ်ယောက်မဟုတ်။ စာဖတ်သူတို့နဲ့ တူတာတွေရှိနိုင်သလို မတူတာတွေလည်း ရှိနိုင်ပါတယ်။

မြန်မာ့နိုင်ငံရေးကို မြန်မာနိုင်ငံတွင်း အထင်ကရ နေ့ရက်တွေမှာ လှုပ်ရှားခဲ့သလို မြန်မာ့နိုင်ငံရေးကို မြန်မာနိုင်ငံဖုံပြင်ပကနေ လှုပ်ရှားခဲ့သူလည်း ဖြစ်ပါတယ်။ စာဖတ်သူအနေနဲ့ မြင်ထောင့်မတူတာတွေ ရှိနိုင်ပါတယ်။ ထပ်တူကျလို့ သဘောမျှတာတွေလည်း ရှိနိုင်ပါတယ်။ သူ့လက်ရာဖြစ်တဲ့ 'မြန်မာနိုင်ငံ၏ ပြည်ထောင်စုလွှတ်တော်ကို အနီးကြည့်





အဝေးကြည့်' လိုပဲ ဒီစာအုပ်မှာလည်း မြန်မာ့နိုင်ငံရေးကို အနီးကပ်သတင်းအချက်အလက်တွေ၊ အဝေးကခြုံငုံသုံးသပ်ပုံတွေ၊ နှိုင်းယှဉ်လေ့လာချက်တွေကိုပါ သတိပြုမိနိုင်ပါတယ်။

အာဏာရှင်စနစ်အောက် ဆယ်စုနှစ်ပေါင်းများစွာ ပိတ်လှောင်ခံထားရတဲ့ လူ့အဖွဲ့အစည်းဟာ ဒီမိုကရေစီ အကူးအပြောင်းအတွက် အထိုက်အလျောက် ဖြေလျှော့လာတယ်ဆိုရင်ပဲ အကွဲအပြဲတွေဟာ နယ်ပယ်စုံ၊ ဒေသစုံကနေ ပုံသဏ္ဌာန်မျိုးစုံနဲ့ ပေါ်ထွက်လာတတ်တာကို 'အပြိုပြိုအကွဲကွဲ တိုင်းပြည်' မှာ မီးမောင်းထိုးပြထာပါတယ်။ ဒီမိုကရေစီလို့ပြောရင် ရွေးကောက်ပွဲကို အဓိကဇောင်းပေးနေကြချိန်မှာ အကွဲအပြဲတွေကို သတိပြုဖို့ စာရေးသူရဲ့စေတနာကို တွေ့နေရပါတယ်။

စပ်ကူးမတ်ကူး စမ်းတဝါးဝါး နိုင်ငံတော်အတွက် အစိုးရအဖွဲ့ရဲ့ ပမာဏ၊ ဝင်ငွေခွန်ဆိုင်ရာ အယူအဆ၊ ကာကွယ်ရေး အသုံးစရိတ်ဆိုင်ရာများနှင့်အတူ စီးပွားရေးမူဝါဒများကိုပါ 'မြန်မာနိုင်ငံအတွက် ကောင်းနိုးရာရာ' ဆောင်းပါးမှာ သူနေထိုင်ရာ အမေရိကန်ပြည်ထောင်စုနဲ့နှိုင်းယှဉ် အကြံပြုထားပါတယ်။

ကျနော်တို့အသက်ထက်ကြီးတဲ့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး အပစ်အခတ်ရပ်စဲရေးစာချုပ် ဒုတိယမူကြမ်းပါ တစ်ချက်ခြင်းအပေါ် သူ့အမြင်သုံးသပ်ချက်များနဲ့အတူ အကြံပြုချက်တွေကိုပါ တင်ပြထားတာ တွေ့ရပါတယ်။

ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အရင်ခေတ်အဆက်ဆက် အရပ်သားပြည်သူတွေရဲ့ အခန်းကဏ္ဍ မပါသလောက် ဖြစ်ခဲ့ရာကနေ ဒီတစ်ခေါက်ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အရပ်ဘက် အဖွဲ့အစည်းတွေ ပါဝင်ဆောင်ရွက်ကြဖို့ 'ပြည်တွင်းငြိမ်းချမ်းရေးနှင့် အရပ်ဘက်အဖွဲ့အစည်းများ' မှာ ထောက်ပြတိုက်တွန်းထားပါတယ်။

ငြိမ်းချမ်းရေးအကြောင်းပြောရင် ဖက်ဒရယ်ပြည်ထောင်စု၊ ဖက်ဒရယ်တပ်မတော်ကိစ္စ ရှောင်လွှဲလို့မရပါ။ ပြည်ထောင်စုတပ်မတော်

ဆိုင်ရာ အကောက်အယူနဲ့အတူ အမေရိကန်ပြည်ထောင်စု စစ်တပ်ဖွဲ့စည်းပုံကို လေ့လာဖော်ပြထားပြီး စိတ်ကူးထဲက တပ်မတော်ကို 'ဖက်ဒရယ်ပြည်ထောင်စု၊ ဖက်ဒရယ်တပ်မတော်နှင့် ပြည်တွင်းငြိမ်းချမ်းရေး' မှာ ဖတ်ရှုမှုဝေနိုင်ပါတယ်။

ခွဲခြားဆက်ဆံခြင်းတွေနဲ့ ပတ်သက်ရင် လူ့အဖွဲ့အစည်းတိုင်းမှာ သိသိသာသာရော၊ အမှုမဲ့အမှတ်မဲ့ပါ ရှိနေတတ်ကြပါတယ်။ သက်ဆိုင်ရာနိုင်ငံရဲ့ ဖြတ်သန်းမှုသမိုင်းကြောင်း၊ ဓလေ့ထုံးတမ်း အစဉ်အလာများနဲ့လည်း နက်နက်ရှိုင်းရှိုင်း ဆက်စပ်နေတာကြောင့် 'မြန်မာ့လူ့အဖွဲ့အစည်းနှင့် ခွဲခြားဆက်ဆံခြင်းများ' ဟာလည်း အလေးအနက်ထား ဖတ်ရှုရမည့်ဆောင်းပါးတစ်ပုဒ်ပါ။

'ဒီမိုကရေစီ' ဆိုရင် အကောင်းဘက်ကချည်း မြင်လေ့ ထင်လေ့ရှိသူတွေအတွက် 'ဒီမိုကရေစီစနစ် ဘယ်လိုမှားယွင်းနေသလဲ' ဆောင်းပါးဘာသာပြန်ဟာ ဒီမိုကရေစီ ခရီးကြမ်း အတက်အကျ သင်ခန်းစာတွေကို လေ့လာပြင်ဆင်နိုင်ဖို့ ကြီးစွာသော စဉ်းစားစရာတွေ ဖြစ်လာမှာအမှန်ပါ။ ခေတ်ပြိုင်နိုင်ငံတကာ အဖြစ်အပျက်တွေကို လေ့လာရင်း ခေတ်ပေါ်နည်းပညာတွေရဲ့ မီဒီယာရဲ့ အခန်းကဏ္ဍ၊ တရားဥပဒေစိုးမိုးရေးအရေးပါမှုတွေကိုပါ အကြံပြုတင်ပြထားပါတယ်။

'မြေအောက်လှုပ်ရှားစာတမ်းများ' ကတော့ ကျနော်တို့အကျဉ်းကျကာလများအတွင်း မြန်မာ့နိုင်ငံရေးအခြေအနေအပေါ် သူ့ရဲ့ရှုမြင်သုံးသပ်ချက်၊ သူ့ရဲ့ဆောင်ရွက်ချက်တွေကို အခုမှပြန်ပြောင်းလေ့လာခွင့်ရတဲ့စာစုတွေပဲ ဖြစ်ပါတယ်။

အမိမြန်မာနိုင်ငံနဲ့ မိုင်ပေါင်းသောင်းချီဝေးတဲ့ အရပ်ကနေ မြန်မာ့အရေး မျက်ခြေမပြတ်လေ့လာရင်း ပွင့်ပွင့်လင်းလင်းဖော်ပြထားတဲ့ သူ့အမြင် သူ့အတွေးတွေကို 'ဒီမိုကရေစီ၊ ခွဲခြားဆက်ဆံခြင်းနှင့် မြေအောက်လှုပ်ရှား စာတမ်းများ' မှာ တစ်စုတစ်စည်းတည်း ဖတ်ရှုရအောင် ထုတ်ဝေခွင့်ရတဲ့အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ရပါတယ်။






စာဖတ်သူတို့လက်ထဲရောက်အောင် တင်ဆက်လိုက်ပါပြီ။ ဆွေးနွေးခြင်း၊ ငြင်းခုံခြင်း၊ အကြံပြုခြင်းများဖြင့် ဖြည့်စွက်ကြပါကုန်။

ကိုကိုကြီး

၁၅-၉-၂၀၁၄

*






## အပြိုပြိုအကွဲကွဲတိုင်းပြည်

**(ဒီဆောင်းပါးရှည်ကို Tomorrow သတင်းဂျာနယ်မှာ ဖေဖော်ဝါရီ ၂၅၊ ၂၀၁၄ နှင့် မတ် ၄၊ ၂၀၁၄၊ နေ့တွေမှာ နှစ်ပတ် ဆက်တိုက် ဖော်ပြခဲ့ပါတယ်)**

လွန်ခဲ့တဲ့ ၂၀၁၂ ခုနှစ်ဆန်းကာလအထိ မြန်မာနိုင်ငံအခြေအနေကို နိုင်ငံတကာလေ့လာသူတွေ သုံးသပ်လေ့ရှိတာက အဖြူအမည်း ရှင်းရှင်းလင်းလင်းကွဲပြားတဲ့ ပြဿနာတစ်ခုအဖြစ် (Black and White Case) နဲ့ပါ။ တစ်ဖက်မှာ အမည်းရောင်စစ်စစ်ဖြစ်တဲ့ စစ်အာဏာရှင်တွေ၊ ပြည်သူလူထုကို လက်နက်အားကိုး အနိုင်ကျင့်သူတွေ၊ ကိုယ်ကျိုးရှာ အလိုတော်ရိ စီးပွားရေးသမားတွေ၊ တစ်ဖက်မှာ အဖြူရောင်စစ်စစ်ဖြစ်တဲ့ အဖိနှိပ်ခံပြည်သူတွေ၊ အာဏာရှင်စနစ်ကို ဆန့်ကျင်တော်လှန်နေတဲ့ ဒီမိုကရေစီလှုပ်ရှားသူတွေ၊ နိုင်ငံရေးအကျဉ်းသားတွေ၊ ၁၉၈၈ ခုနှစ် ဩဂုတ်လ ၈ ရက်ကစလို့ နှစ်ဆယ့်ငါးနှစ်ကျော်ကာလအတွင်း ကျနော်တို့ရဲ့ ဒီမိုကရေစီအရေးတော်ပုံကြီးဟာ အောင်ပွဲမရခဲ့ပေမည့် အဖြူစစ်စစ် ဖြစ်ခဲ့ပါတယ်။ ဒီမိုကရေစီအရေးတော်ပုံကြီးမှာ တက်တက်ကြွကြွ ပါဝင်လှုပ်ရှားခဲ့ကြတဲ့ ကျောင်းသား၊ ပြည်သူတွေ၊ ရဟန်းသံဃာတွေ၊ တိုင်းရင်းသားတွေ၊ အလုပ်သမား၊

လယ်သမားတွေ၊ နိုင်ငံရေးပါတီဝင်တွေ အားလုံးဟာလည်း နိုင်ငံတကာက အဖိနှိပ်ခံပြည်သူတွေ၊ လူ့အခွင့်အရေးတောင်းဆိုသူတွေက လေးစားကြည်ညိုကြရတဲ့ သူရဲကောင်းတွေ ဖြစ်ခဲ့ကြပါတယ်။ တစ်ခါတုန်းကပါ။

ဒီကနေ့မှာတော့ မြန်မာနိုင်ငံအခြေအနေကို အဖြူ အမည်း သဲကွဲတဲ့ပြဿနာလို့ ဘယ်သူကမှ မမြင်ကြတော့ပါ။ အဖြူစစ်စစ်တွေ ရှိနေတုန်းပါ။ အမည်းရောင်စစ်စစ်တွေလည်း ရှိနေတုန်းပါ။ တစ်ချိန်တည်းမှာပဲ အဖြူမစစ်တော့တဲ့ အဖြူညစ်ညစ်တွေ၊ အဖြူဖျော့ဖျော့တွေ၊ အဖြူနဲ့ အမည်းကြားက မီးခိုးရောင်တွေ၊ အဖြူအမည်း မသဲကွဲသူတွေ၊ အမည်းရောင်မစစ်တော့တဲ့ မှိုင်းပြာပြာအရောင်တွေ၊ မည်းရာကနေ ဖြူလာသူတွေ၊ ဖြူရာကနေ မည်းသွားသူတွေ အရောင်မျိုးစုံနဲ့ ရှုပ်ထွေးနေတဲ့ ပြဿနာထုပ်ကြီးဖြစ်နေပါတယ်။ ကမ္ဘာ့ပြည်သူတွေရဲ့ မြန်မာ့ဒီမိုကရေစီသူရဲကောင်းများကို လေးစားတန်ဖိုးထားမှုတွေလျော့ကျပြီး သူတို့အမြင်မှာ မြန်မာနိုင်ငံဟာ ဘာသာရေးအစွန်းရောက်တွေ၊ လူမျိုးရေးခွဲခြားသူတွေ၊ အမုန်းတရားကြီးမားသူတွေ လွှမ်းမိုးနေထိုင်တဲ့၊ အများစုက အနည်းစုကို အနိုင်ကျင့်နေတဲ့ နိုင်ငံတစ်ခုလို မြင်နေကြပါပြီ။ အရေးကြီးလို့ သွေးစည်းကြရမည့်အချိန်မှာ တစ်တိုင်းတစ်ပြည်လုံး ညီညွတ်ရေးဆိုတာနဲ့ ဝေးသထက်ဝေးကွာပြီး ဖရိုဖရဲပြိုကွဲနေကြတာကို အောက်ပါအတိုင်း ထောက်ပြချင်ပါတယ်။

**စစ်အုပ်စု၏ အကွဲအပြဲများ**

၂၀၁၀ ရွေးကောက်ပွဲက တစ်ဆင့် ၂၀၀၈ ဖွဲ့စည်းပုံကို အသက်ဝင်စေပြီးတဲ့နောက်ပိုင်း စစ်အာဏာရှင်စနစ်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ဖွဲ့စည်းတဲ့ တပ်မတော်ဗဟိုပြု ပါတီစုံစနစ်သို့ ကူးပြောင်းခဲ့ပါတယ်။ 'တပ်မတော်ဗဟိုပြု' လို့ ဆိုရတာက တပ်မတော်ကို ရွေးကောက်ခံမဟုတ်ဘဲ တိုင်းပြည်ရဲ့အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရား





စီရင်ရေးအာဏာအားလုံးမှာ ပါဝင်ဦးဆောင်ခွင့်ပေးထားလို့ပါ။ ဒီလိုနဲ့ အရင်ရှိခဲ့တဲ့ စစ်အာဏာရှင်တွေက တပ်မတော်ဗဟိုပြုအာဏာပိုင်စိုးမှုကနေ အစိုးရ၊ လွှတ်တော်နဲ့တပ်မတော် ဆိုပြီး နိုင်ငံတော်အာဏာကို အဖွဲ့အစည်းသုံးရပ်ခွဲဝေအုပ်ချုပ်တဲ့ စနစ်ကို ကူးပြောင်းခဲ့ပါတယ်။ အစိုးရအာဏာနဲ့ လွှတ်တော်အာဏာကို ရွေးကောက်ပွဲများကနေ ရယူဖို့ 'ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ' (ကြံ့ခိုင်ရေး) ကို ဖွဲ့စည်းပါတယ်။ ဒါကြောင့်မို့ အရင်ရှိခဲ့တဲ့စစ်အာဏာရှင်တွေဟာ ဒီနေ့ခေတ်မှာတော့ တပ်မတော်နဲ့ ကြံ့ခိုင်ရေးပါတီ ဆိုပြီး အင်အားစုနှစ်စုခွဲပြီး ရပ်တည်လှုပ်ရှားနေပါတယ်။ အဲဒီအင်အားစုနှစ်ခုပူးတွဲပြီး နိုင်ငံတော်အာဏာသုံးရပ်စလုံးကို ထိန်းချုပ်ထားတာပါ။

ဗိုလ်ချုပ်ဟောင်းများရဲ့ ကြံ့ခိုင်ရေးပါတီက ၂၀၁၀ ရွေးကောက်ပွဲမှာ အများစုအနိုင်ရလို့ လွှတ်တော်အာဏာရော၊ အစိုးရအာဏာရော ရရှိနေပါတယ်။ ဒါပေမဲ့ လွှတ်တော်နဲ့ အစိုးရကြား အားပြိုင်မှုတွေကို ထင်ထင်ရှားရှား မြင်တွေ့နေရပါတယ်။

ဦးရွှေမန်းနဲ့ ဦးခင်အောင်မြင့်ခေါင်းဆောင်တဲ့ ပြည်ထောင်စုလွှတ်တော်က ဦးသိန်းစိန်အစိုးရကို ဥပဒေပြုအာဏာနဲ့လွှမ်းမိုးချုပ်ကိုင်ဖို့ ကြိုးစားနေသလို ဦးသိန်းစိန်အစိုးရကလည်း လွှတ်တော်ရဲ့ စွက်ဖက်မှုကို ငြင်းပယ်နေတာ တွေ့ရပါတယ်။ ပါတီတစ်ခုထဲ၊ တစ်ဖက်ထဲကဖြစ်ပြီး အပြန်အလှန် ပွတ်တိုက်နေကြတာ အံ့သြဖို့ကောင်းပါတယ်။ ဒီအကွဲအပြဲက ကြံ့ခိုင်ရေးပါတီထဲမှာ အကြီးအကျယ်သက်ရောက်မှု ရှိပါတယ်။

ဦးရွှေမန်းကို ထောက်ခံတဲ့အုပ်စုနဲ့ ဦးသိန်းစိန်အပေါ် သစ္စာရှိသူများအုပ်စုဆိုပြီး ကြံ့ခိုင်ရေးပါတီအတွင်းမှာ အုပ်စုဖွဲ့မှု၊ ပြိုကွဲမှုတွေ ရှိလာပါတယ်။ တစ်ခါ ကြံ့ခိုင်ရေးပါတီနဲ့ တပ်မတော်ကြားမှာလည်း အဆင်မပြေမှုတွေ ရှိလာပြန်ပါတယ်။ ဒီကနေ့အထိ တွေ့မြင်နေရတာက တပ်မတော်က ဦးသိန်းစိန်ကို ထောက်ခံတဲ့ဘက်မှာ ရှိပါတယ်။ ဒါကြောင့်မို့

ကြံ့ခိုင်ရေးပါတီထဲမှာ တပ်မတော်ရဲ့ အခန်းကဏ္ဍကို လျှော့ချချင်တဲ့သူတွေ ပေါ်ပေါက်လာပါတယ်။

ယေဘုယျအမြင်နဲ့ကြည့်ရင် အာဏာရှင်တွေအကြား အာဏာပြိုင်ရင်း၊ အာဏာလုရင်း ပြိုကွဲလာတယ် ဆိုတာ အတိုက်အခံအင်အားစုအတွက် ကျေနပ်စရာပါ။ ဒါပေမဲ့ အတိုက်အခံ ဒီမိုကရေစီအင်အားစုဘက် ပြန်ကြည့်တော့လည်း အာဏာရှင်တွေထက်ဆောင်မှ ပိုပြီး ပြိုကွဲနေတာ တွေ့ရပါတယ်။

## ဒီမိုကရေစီပါတီများ

၁၉၈၈ ခုနှစ်ကစလို့ ဒီကနေ့အချိန်အထိ 'အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်' (အဖွဲ့ချုပ်) ဟာ ဒီမိုကရေစီပါတီများထဲမှာ အင်အားအကြီးမားဆုံးပါတီဖြစ်ပါတယ်။ ဒါပေမဲ့ ဒီနေ့ အဖွဲ့ချုပ်မှာ ၁၉၈၈ ခုနှစ်ကရှိခဲ့တဲ့ အင်အားမျိုး၊ စည်းလုံးညီညွတ်မှုမျိုး မရှိတော့ပါဘူး။ ၂၀၁၀ ရွေးကောက်ပွဲကိုအဖွဲ့ချုပ်က သပိတ်မှောက်တဲ့အခါမှာ သဘောမတူသူတွေက ပါတီကနုတ်ထွက်ပြီး သီးခြားပါတီတွေ ထူထောင်လို့ ၂၀၁၀ ရွေးကောက်ပွဲ ဝင်ခဲ့ကြပါတယ်။ ၂၀၁၂ ခုနှစ်မှာ အဖွဲ့ချုပ်က တရားဝင်ပြန်လည်မှတ်ပုံတင်လို့ ကြားဖြတ်ရွေးကောက်ပွဲဝင်ပြီး လွှတ်တော်ထဲရောက်လာပေမည့် ခွဲထွက်သွားတဲ့ အင်အားစုများနဲ့ ပြန်လည်ပေါင်းစည်းခြင်းမရှိပါ။ အသစ်ပြန်လည်ဖွဲ့စည်းတဲ့ အဖွဲ့ချုပ်မှာလည်း နှစ်ပေါင်းများစွာ ဘဝတွေပျက်၊ အသက်တွေ စတေးပြီး ပါဝင်ရပ်တည်ခဲ့ကြတဲ့ အမာခံပါတီဝင်တွေက အသစ်ဝင်ရောက်လာတဲ့ ပိုက်ဆံရှိ၊ ပညာတတ်၊ ကျော်ကြားသူများကို မယှဉ်နိုင်ဘဲ တဖြည်းဖြည်း ဘေးရောက်ကုန်ကြပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲ နီးလာတာနဲ့ အမျှ အဖွဲ့ချုပ်တွင်း ပဋိပက္ခတွေ ပိုပြီးများပြားလာနိုင်ပါတယ်။

အဖွဲ့ချုပ်ကနေ ခွဲထွက်သွားတဲ့ အင်အားစုများကလည်း ထပ်ပြီးကွဲကြပြန်ပါသေးတယ်။ အဲဒီနောက် ၂၀၁၀ ရွေးကောက်ပွဲဝင်





ပါတီများစုပေါင်းပြီး ပါတီတပ်ပေါင်းစုတွေ ဖွဲ့ကြပေမည့် ခိုင်မာတဲ့ စုစည်းမှု မရှိပါ။ စုစည်းလိုက်၊ ပြိုကွဲလိုက်၊ အသစ်ဝင်လာလိုက်၊ အဟောင်းက ထွက်သွားလိုက်ပါ။ ဒီပါတီတွေရဲ့ရပ်တည်ချက်ကလည်း တပ်မတော်ကျောထောက်နောက်ခံပြုထားတဲ့ ကြံ့ခိုင်ရေးပါတီကို အတိုက်အခံမပြုဘဲ အဖွဲ့ချုပ်ရဲ့ ရွေးကောက်ပွဲအောင်နိုင်ရေးအလားအလာကို အတိုက်အခံပြုသလို ဖြစ်နေပါတယ်။

## တိုင်းရင်းသားပါတီများ၊ တိုင်းရင်းသားများ

တိုင်းရင်းသားပါတီများမှာလည်း ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်တဲ့ပါတီများနဲ့ ၂၀၁၀ ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်တဲ့ပါတီများဆိုပြီး အကြမ်းဖျင်း အုပ်စုနှစ်စု ကွဲပြားနေပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို တောင်းဆိုတာတောင်မှ ဗမာပြည်နယ်အပါအဝင် (၈) ပြည်နယ်စနစ်ကို တောင်းဆိုသူနဲ့ ပြည်နယ် (၇) ခု၊ ဒေသကြီး (၇) ခုကို ပြည်နယ် (၁၄) ခုအဖြစ် တန်းတူသတ်မှတ်ဖို့ တောင်းဆိုသူ ကွဲပြားကြပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးနဲ့ အသစ်ရေးဆွဲရေး ကွဲပြားကြပါတယ်။ ပြည်နယ်အားလုံးမှာ သက်ဆိုင်ရာ တိုင်းရင်းသားပါတီတွေက တစ်ခုထက်ပိုပြီး တည်ရှိနေတာမို့ သက်ဆိုင်ရာတိုင်းရင်းသားများက ကိုယ်စားပြုပါတီတစ်ခုတည်းရှိရေး ဝိုင်းဝန်းဖိအားပေး တောင်းဆိုနေကြပါတယ်။ ဒါကြောင့်မို့ လူမျိုးအုပ်စုတူ တိုင်းရင်းသားပါတီများ ပူးပေါင်းရေး ဆွေးနွေးပွဲတွေ အကြိမ်ကြိမ်လုပ်ခဲ့၊ လုပ်နေကြပေမည့် အောင်မြင်မှု သိပ်မတွေ့ရပါ။ အများဆန္ဒကိုလိုက်လျောပြီး တိုင်းရင်းသားလူမျိုးစုတစ်စုမှာ ပါတီတစ်ခုတည်းဖြစ်လာရင်တောင်မှ ရေရှည်ညီညွတ်မယ် မထင်ပါ။

တိုင်းရင်းသားလူမျိုးစုတိုင်း အတွင်းမှာလည်း ကွဲပြားမှုတွေ ရှိနေပြန်ပါတယ်။ အထူးသဖြင့် မကြာခင်စတင်မည့် သန်းခေါင်စာရင်းကောက်ခံမှုမှာ မိမိတို့ရဲ့လူမျိုးအမည်ကို ဘယ်လိုသတ်မှတ်မလဲဆိုတာ

မှာ သဘောထားတွေ မတူညီကြပါ။ ပြည်နယ်အဆင့်ရပြီးသား လူမျိုးစုများကနေ သီးခြားခွဲထွက်ချင်တဲ့ လူမျိုးစုငယ်တွေ၊ မှိန်ပျောက်နေတဲ့ လူမျိုးစုအမည်ကို ပြန်လည်ဖော်ထုတ်ချင်သူတွေ စသည်ဖြင့် ကြားသိနေရပါတယ်။ တိုင်းရင်းသားလူမျိုးစုများ ပိုပြီး မညီမညွတ် ကွဲပြားကြမှာကို စိုးရိမ်လို့ သန်းခေါင်စာရင်းကောက်ယူမည့်အစီအစဉ်ကို ရွှေ့ဆိုင်းပေးဖို့ တောင်းဆိုတာတွေလည်း ကြားသိရပါတယ်။

## လက်နက်ကိုင် တိုင်းရင်းသားအင်အားစုများ

ဦးသိန်းစိန်အစိုးရက နှစ်ပေါင်း ၆၀ ကျော်ပြီဖြစ်တဲ့ ပြည်တွင်းစစ်ကြီးကို အဆုံးသတ်နိုင်ဖို့ ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်တွေ အကောင်အထည်ဖော်နေပါတယ်။ အစပိုင်းမှာ ကမ်းလှမ်းချက်က အစိုးရကိုယ်စားလှယ်များနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့ချင်း သီးခြားဆွေးနွေးပြီး ဒေသအဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲဖို့၊ ပြီးမှ နိုင်ငံရေးကိစ္စတွေကို တရားဝင်ပါတီဖွဲ့၊ ရွေးကောက်ပွဲဝင်ပြီး လွှတ်တော်ထဲမှာ ဆွေးနွေးဖို့ပါ။ နောက်ပိုင်းမှာတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရဲ့ တောင်းဆိုမှုအတိုင်း အစိုးရကိုယ်စားလှယ်များနဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအားလုံး တစ်ပြိုင်တည်း တွေ့ဆုံဆွေးနွေးဖို့၊ တစ်နိုင်ငံလုံးအတိုင်း အတာနဲ့ အပစ်အခတ်ရပ်စဲရေးစာချုပ်ကို အရင်လက်မှတ်ရေးထိုးပြီး နောက်ပိုင်းမှာ နိုင်ငံရေးဆွေးနွေးပွဲတွေ ဆက်လက်ကျင်းပဖို့ အစိုးရဘက်က လိုက်လျောခဲ့ပေမည့် တိုင်းရင်းသားလက်နက်ကိုင်များဘက်က တိုးတက်မှု သိပ်မရှိပါ။

အစိုးရရဲ့ ခွင့်ပြုချက်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးရဲ့ ခေါင်းဆောင်များ ထိပ်သီးညီလာခံကို ကချင်ပြည်နယ်က ကေအိုင်အေဌာနချုပ်(လိုင်ဇာ)မှာတစ်ကြိမ်နဲ့ ကရင်ပြည်နယ်က ကေအန်ယူနယ်မြေ(လော်ခီးလာ)မှာတစ်ကြိမ် ကျင်းပနိုင်ခဲ့ပေမည့် ဝပြည်





သွေးစည်းညီညွတ်ရေးပါတီ၊ မိုင်းလားအုပ်စု စတဲ့ အင်အားကြီးတပ်ဖွဲ့များ ပါဝင်အောင် မစည်းရုံးနိုင်ခဲ့ပါ။ အများစု သဘောတူတဲ့ မူဝါဒများကို လက်မှတ်ထိုးဖို့ ရှောင်လွှဲတဲ့၊ ငြင်းဆန်တဲ့အဖွဲ့တွေလည်း ရှိပါတယ်။ ကေအန်ယူခေါင်းဆောင်များရဲ့ ပြည်ထောင်စုတိုင်းရင်းသားများ ဖက်ဒရယ်ကောင်စီ (UNFC) အပေါ် မကြိုက်နှစ်သက်မှုကလည်း အထင်အရှား၊ ဖက်ဒရယ်ကောင်စီနဲ့ တိုင်းရင်းသားပူးပေါင်းဆောင်ရွက်ရေးအလုပ်ကော်မတီ (WGEC) တို့အဆင်မပြေမှုကလည်း အထင်အရှားပါ။ လော်ခီးလာညီလာခံပြီးတဲ့နောက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ အစိုးရရဲ့ ငြိမ်းချမ်းရေးအလုပ်ကော်မတီတို့ ကရင်ပြည်နယ်၊ ဖားအံမြို့မှာ တွေ့ဆုံဆွေးနွေးဖို့ကိုလည်း တိုင်းရင်းသားများဘက်က အကြိမ်ကြိမ် ရွှေ့ဆိုင်းနေဆဲပါ။

## အရပ်ဘက် လူထုအဖွဲ့အစည်းများ

လက်ရှိအခြေအနေမှာ အားတက်စရာကောင်းတာ တစ်ခုကတော့ အရပ်ဘက်လူထုအဖွဲ့အစည်းများ အရှိန်အဟုန်နဲ့ ဖွဲ့စည်းတည်ရှိမှုနဲ့ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ လိုအပ်ချက်တွေကို တက်ကြွစွာ ပါဝင်ဖြည့်ဆည်းမှုဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဒီအရပ်ဘက်အဖွဲ့အစည်းတွေရဲ့ စနစ်ကျမှု၊ အားကောင်းရှင်သန်မှုကို အထောက်အကူပြုမည့်၊ အရပ်ဘက်အဖွဲ့အစည်းများကို အကာအကွယ်ပေးမည့်ဥပဒေက ပြည်ထောင်စုလွှတ်တော်မှာ ဥပဒေကြမ်းအဆင့်မှာသာ ရှိနေပါသေးတယ်။

စိုးရိမ်စရာက ဒီအဖွဲ့အစည်းအတော်များများဟာ ပြည်ပအစိုးရများ၊ ပြည်ပအဖွဲ့အစည်းများရဲ့ ထောက်ပံ့မှုကို မှီခိုရပ်တည်နေကြတာဖြစ်ပြီး အချို့ အရပ်ဘက်အဖွဲ့အစည်းခေါင်းဆောင်တွေမှာ မပြည့်မစုံဘဝ၊ အန္တရာယ်တွေနဲ့ လှုပ်ရှားနေရတုန်းကရှိခဲ့တဲ့ မွန်မြတ်တဲ့ စိတ်ဓာတ်ကလေးတွေပျောက်ဆုံးပြီး နိုင်ငံခြားသား အလှူရှင်ရဲ့လခစားဝန်ထမ်းအသွင်ရပ်တည်လာကြတာ၊ ပိုက်ဆံမရရင် ဘာကိုမှ အခမဲ့

မလုပ်ချင်တော့တာ၊ တိုင်းပြည်အတွက် သင့်တော်တာကို ကိုယ်တိုင် ရွေးချယ်ဆောင်ရွက်ရမည့်အစား ပြည်ပအဖွဲ့အစည်းက ဖြစ်စေချင်တာကို ထောက်ပံ့ငွေယူပြီး ဆောင်ရွက်ပေးနေကြတာကို ဝမ်းနည်းဖွယ် တွေ့မြင်နေရပါတယ်။ ဒီလိုနဲ့ ရန်ကုန်မြို့ပေါ်က ဟိုတယ်တွေဟာ စွမ်းရည်မြှင့်သင်တန်းခန်းမတွေ ဖြစ်လာပြီး သင်တန်းပေးစားသူနဲ့ သင်တန်းတက်စားသူ ဆိုတဲ့လူတန်းစားသစ်တွေ ရှိလာကြပါတယ်။ သင်တန်းပို့ချတာတွေကို ဓာတ်ပုံရိုက်ပြီး အောင်မြင်စွာ ကျင်းပပြီးစီးပါကြောင်း အဆင့်ဆင့်လိမ်ညာ အစီရင်ခံကြတဲ့ ယဉ်ကျေးမှုလည်း မြန်မာနိုင်ငံမှာ ထွန်းကားနေပါပြီ။

## ပြည်သူတွေအကြား အကွဲအပြဲ

နိုင်ငံရေးပါတီတွေကွဲတော့ ပြည်သူတွေလည်း ကွဲကြပါတယ်။ အခု ထင်ထင်ရှားရှားတွေ့ရတာက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနဲ့ ပတ်သက်ပြီး သမ္မတအရည်အချင်း ပြဋ္ဌာန်းချက်တစ်ခု ဖြစ်တဲ့ ပုဒ်မ ၅၉(စ) ပြင်ဆင်ရေး လူထုဆန္ဒပြပွဲတွေနဲ့ မပြင်ဆင်ရေး တန်ပြန်ဆန္ဒပြပွဲတွေ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး အတွက် လွှတ်တော်ထဲမှာ ဆွေးနွေးမည့်အချိန်နီးလာလေလေ ဒီနှစ်ဖက် လှုပ်ရှားမှုတွေ ပိုပြီး အားကောင်းလာ၊ အားပြိုင်မှုတွေ ပိုများလာနိုင်ပါတယ်။ တစ်ချိန်ချိန်မှာ ထိုင်းနိုင်ငံမှာ အနီရောင်ရှပ်အင်္ကျီ ဝတ်ဆင်သူများ (Red Shirts) နဲ့ အဝါရောင်ရှပ်အင်္ကျီဝတ်ဆင်သူများ (Yellow Shirts) အပြိုင်အဆိုင် ဆန္ဒပြကြသလိုမျိုးတောင် ဖြစ်ကောင်းဖြစ်လာနိုင်ပါတယ်။

## ကျောက်စရာအကောင်းဆုံး အကွဲအပြဲ

မြန်မာနိုင်ငံရဲ့ မညီညွတ်မှုတွေ၊ အကွဲအပြဲတွေကြားထဲမှာ ကျောက်စရာအကောင်းဆုံး အကွဲအပြဲကတော့ ဗုဒ္ဓဘာသာ ရဟန်း





သံဃာများအကြား၊ ပြည်သူလူထုအကြားနဲ့ ဗုဒ္ဓဘာသာ ရဟန်းသံဃာများနဲ့ ပြည်သူများအကြားမှာ ရောက်ရှိနေပါတယ်။ ဘာသာရေးအစွန်း ရောက်မှုနဲ့ ဘာသာရေးကို နိုင်ငံရေးမှာ ခုတုံးလုပ်မှုတွေပါ။

၂၀၁၂ ခုနှစ် ဇွန်လနဲ့ အောက်တိုဘာလများအတွင်း ရခိုင်ပြည်နယ်မှာ ဖြစ်ပေါ်ခဲ့တဲ့ ပဋိပက္ခများက အစပြုလို့ ဘာသာရေး အစွန်းရောက်ဝါဒ မြန်မာနိုင်ငံမှာ ခေါင်းထောင်ထလာပါတယ်။ ဗုဒ္ဓဘာသာကို ကာကွယ်ရမယ်၊ မြန်မာလူမျိုးကို ကာကွယ်စောင့်ရှောက်ရမယ်ဆိုတဲ့အတွေးအခေါ်၊ လှုံ့ဆော်မှုတွေနဲ့ အမျိုး၊ ဘာသာ၊ သာသနာ စောင့်ရှောက်ရေး လှုပ်ရှားမှုတွေ နိုင်ငံအနှံ့အပြားမှာ ပေါ်ပေါက်လာပါတယ်။ ဒါပေမဲ့ လက်တွေ့လုပ်ရပ်က အစ္စလာမ်ဘာသာဆန့်ကျင်ရေး၊ အစ္စလာမ်ဘာသာကိုးကွယ်သူကို မုန်းတီးရေး၊ ဘာသာရေးပဋိပက္ခများ ဖန်တီးရေး၊ အမုန်းတရားများ ပြန့်ပွားရေးသာ ဖြစ်ပါတယ်။ ဝမ်းနည်းစရာကောင်းတာက အဲဒီ လှုပ်ရှားမှုကြီးကို သက်တော်၊ ဝါတော်ကြီးရင့်ပြီး ကျော်ကြားတဲ့ ဆရာတော်ကြီးများကိုယ်တိုင်က ဦးဆောင်ပြီး ရဟန်းသံဃာ ထောင်ပေါင်းများစွာ၊ ပြည်သူများစွာ တက်တက်ကြွကြွ ပါဝင်နေကြတာပါ။ အခုဆိုရင် ဒီဘာသာရေးအစွန်းရောက် လှုပ်ရှားမှုကြီးဟာ ပြည်သူတွေ သွေးနဲ့ရင်းပြီး ရယူထားရတဲ့ လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်စတဲ့ ဒီမိုကရေစီ အခြေခံအခွင့်အရေးတွေကို ခြိမ်းခြောက်ဟန့်တားနေတဲ့အပြင် ရွေးကောက်ပွဲမှာ ပြည်သူလူထုရဲ့ မဲဆန္ဒပေးမှုကိုပါ အနှောင့်အယှက်ပေးမည့် ဘာသာရေးကို နိုင်ငံရေးမှာ ခုတုံးလုပ်တဲ့အဆင့်ကို ကူးပြောင်းရောက်ရှိလာပါပြီ။

ဂေါတမဗုဒ္ဓတည်ထောင်ခဲ့တဲ့ သာသနာဟာ အနှစ်ငါးထောင် တည်မယ်လို့ ကျနော်တို့ သိခဲ့ပါတယ်။ သာသနာ ၂၅၀၀ ရဲ့နောက်ပိုင်း ကာလဟာ ဗုဒ္ဓဘာသာရဲ့ ဆုတ်ကပ်ဖြစ်လိမ့်မယ်လို့ လူကြီးတွေပြောတာလည်း ကြားခဲ့ဖူးပါတယ်။ ဗုဒ္ဓသာသနာ တည်တံ့ဖို့၊ ခိုင်မြဲဖို့၊ သန့်စင်ဖို့အတွက် တာဝန်အရှိဆုံးက ဗုဒ္ဓရဲ့ တပည့်သား သံဃာများပဲ

ဖြစ်ကြပါတယ်။ ဒီသံဃာတော်တွေက အကျင့်သီလခိုင်မြဲစွာနဲ့ ဗုဒ္ဓရဲ့ သင်ကြားချက်တွေကို လိုက်နာနေထိုင်မှ လူပုဂ္ဂိုလ်တွေရဲ့ ကြည်ညို၊ ကိုးကွယ်မှုကို ခံယူရနိုင်မှာပါ။ အကျင့်သီလမပြည့်စုံလို့ လူပုဂ္ဂိုလ်များက အရှိအသေပေးဖို့ ငြင်းဆန်ရင် ဒီသံဃာတော်ဟာ ဗုဒ္ဓရဲ့ သားမမည်တော့ပါ။ လူတွေရဲ့ ထောက်ပံ့ကြည်ညိုမှုမပါဘဲ သံဃာတော်များသက်သက်နဲ့လည်း သာသနာတော်ကို မစောင့်ရှောက်နိုင်ပါ။ ဒါကြောင့်မို့ ဗုဒ္ဓသာသနာတော်ကို စောင့်ရှောက်၊ ထိန်းသိမ်းကာကွယ်ဖို့ တာဝန်အရှိဆုံး ရဟန်းသံဃာများဟာ သာမန်လူပုဂ္ဂိုလ်များရဲ့ ကြည်ညိုဖွယ် ဆရာသမားများဖြစ်ထိုက်အောင် အကျင့်၊ သီလခိုင်မြဲဖို့ အထူးလိုအပ်လှပါတယ်။

သာမန်လူနဲ့ မြင့်မြတ်တဲ့ ရဟန်းဘဝကြား စည်းခြားထားတာ ဦးပြည်းကတုံးနဲ့ အဝါရောင်သင်္ကန်းသာမကပါ။ လူတို့ ပြုလုပ်လေ့ရှိတဲ့ အပြုအမူ၊ အနေအထိုင်တွေကို လုံးဝရှောင်ကြဉ်ပြီး ဗုဒ္ဓရဲ့အဆုံးအမ၊ ရဟန်းကျင့်ဝတ်နဲ့ ဝိနည်းသိက္ခာပုဒ်များကို ခိုင်ခိုင်မာမာလိုက်နာပြီး အကြင်နာ၊ ခွင့်လွှတ်သည်းခံခြင်း၊ မေတ္တာတရားဖြင့် ရပ်တည်ခြင်းတို့က အဓိကဖြစ်ပါတယ်။ ငါတို့က ကိလေသာမကုန်သေးလို့ဆိုပြီး လူတွေလုပ်သမျှလိုက်လုပ်နေရင်၊ လူတွေကို မကောင်းတာလုပ်အောင် လှုံ့ဆော်နေရင် သာမန်လူတွေနဲ့ ဘာမှ ကွာခြားမှာ မဟုတ်သလို လူတွေရဲ့ အကြည်ညိုခံရမှာလည်း မဟုတ်ပါ။

## ဆုတ်ကပ် တကယ်ရောက်နေပါပြီ

အခုတော့ ဗုဒ္ဓသာသနာတော်ရဲ့ ဆုတ်ကပ်ကို မြန်မာနိုင်ငံမှာ ထင်ထင်ရှားရှားမြင်တွေ့နေရပါပြီ။ အမျိုး၊ ဘာသာ၊ သာသနာစောင့်ရှောက်ရေးလို့ ကြွေးကြော်ပြီး ဘာသာခြားမုန်းတီးရေးနဲ့ ဘာသာရေးပဋိပက္ခဖြစ်ပေါ်ရေး လှုံ့ဆော်နေတဲ့ ရဟန်းသံဃာများနဲ့ အကျင့်သီလပြည့်စုံပြီး လူ့အရေးတွေနဲ့ ဝေးဝေးနေချင်တဲ့ ရဟန်းသံဃာများအကြား





ကြီးမားတဲ့ အကွဲအပြဲကြီး စတင်နေပါပြီ။ ဘာသာရေးအစွန်းရောက်သံဃာများကို ကိုးကွယ်ဆည်းကပ်တဲ့ ပြည်သူများနဲ့ ဘာသာရေး အစွန်းရောက်မှုကို ဆန့်ကျင်တဲ့ ပြည်သူများအကြား အကွဲအပြဲကလည်း နက်နက်ရှိုင်းရှိုင်းဖြစ်ပေါ်နေပါပြီ။

ဒါ့အပြင် ပြည်သူတွေရဲ့ လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်၊ လွတ်လပ်စွာပြောရေးဆိုခွင့်၊ လွတ်လပ်စွာ မဲဆန္ဒပေးခွင့်တွေကို နှောင့်ယှက်ဟန့်တားနေတဲ့ သံဃာများနဲ့ အဲဒီသံဃာများကို မကြည်ညိုတော့တဲ့ ပြည်သူများအကြားမှာလည်း ကြောက်စရာကောင်းတဲ့ အကွဲအပြဲကြီးဖြစ်ပေါ်နေပါပြီ။ ပိုပြီးဆိုးတာက လူငယ်လေးတွေမှာ ဒီဘာသာရေးအစွန်းရောက်တွေကို ကြည့်ပြီး ဗုဒ္ဓဘာသာအပေါ် သံသယရှိလာတာ၊ ဗုဒ္ဓဘာသာဝင်ဖြစ်ရတာကို ရှက်လာတာပဲ ဖြစ်ပါတယ်။ လက်တွေ့မှာတော့ ဗုဒ္ဓသာသနာ တည်တံ့ခိုင်မြဲအောင်လုပ်မယ်ဆိုတဲ့ ဘာသာရေးအစွန်းရောက်သံဃာများနဲ့ တပည့်တပန်းများရဲ့ ဆောင်ရွက်ချက်တွေက မြန်မာနိုင်ငံမှာ ဗုဒ္ဓသာသနာ ဆိတ်သုဉ်းအောင်နဲ့ ပြည်သူတွေအကြား စိတ်ဝမ်းကွဲပြားအောင်၊ အမုန်းတရားတွေ ကြီးမားပြန့်ပွားပြီး သွေးချောင်းစီးအောင် လုပ်နေသလို ဖြစ်နေပါပြီ။

## အားလုံးမှာ တာဝန်ရှိသည်

ခက်တာက နိုင်ငံရေးခေါင်းဆောင်များက ဒီပြဿနာကြီးကို ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလောက်၊ ၂၀၁၅ ရွေးကောက်ပွဲလောက် အရေးကြီးတယ်လို့ မထင်ကြတာပါ။ ဘာသာရေးပဋိပက္ခတွေဖြစ်ပွားအောင် လှုံ့ဆော်နေတာတွေကို တားမြစ်ရေး၊ ဘာသာရေးအစွန်းရောက်ဂိုဏ်းကြီး အင်အားကြီးမားလာတာနဲ့ ပတ်သက်ရင် နိုင်ငံရေးခေါင်းဆောင်တွေက အစိုးရမှာသာ တာဝန်ရှိတယ်လို့ အလွယ်တကူပဲ ပုံချလေ့ရှိပါတယ်။ တချို့ဆိုရင် ဒီပြဿနာတွေကို အစိုးရအဖွဲ့ထဲက ခေါင်းမာဂိုဏ်းသားတွေက တမင်တကာဖန်တီးနေတာလို့

စွပ်စွဲကြပါတယ်။ အစိုးရကို ပုံချတာ၊ အစိုးရက နောက်ကွယ်က ကြိုးကိုင်နေတယ်လို့ စွပ်စွဲတာ လွယ်ပါတယ်။ ဒါပေမဲ့ အဲဒီလို အစိုးရကို ပုံချရုံနဲ့၊ စွပ်စွဲရုံနဲ့ ဒီပြဿနာပျောက်ပျက်သွားမှာ မဟုတ်ပါ။

အခုဆိုရင် ဒီဘာသာရေးအစွန်းရောက်များရဲ့ လှုပ်ရှားမှုတွေဟာ တိုင်းပြည်ရဲ့ အစ္စလာမ်ဘာသာကိုးကွယ်သူ လူနည်းစုကို ထိခိုက်နာကျင်စေရုံသာမက ပြည်သူလူထုရဲ့ ဒီမိုကရေစီအခွင့်အရေးတွေကိုပါ ပိတ်ဆို့ဟန့်တားပြီး ၂၀၁၅ ရွေးကောက်ပွဲကိုပါ ဩဇာသက်ရောက်မည့် အဆင့်အထိ ရောက်ရှိနေပါပြီ။ တိုင်းပြည်ပြိုကွဲမည့် လမ်းကြောင်းပေါ်မှာ ရောက်ရှိနေပါပြီ။ သံဃာအချင်းချင်းကြား၊ ဒကာ၊ ဒကာမ အချင်းချင်းကြား၊ သံဃာနဲ့ ဒကာ ဒကာမတွေကြား သွေးကွဲမှုတွေ ဖြစ်ပေါ်နေပါပြီ။ ဘာသာရေးအစွန်းရောက်များကို တားဆီးဖို့ဆိုတာ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနဲ့ ၂၀၁၅ ရွေးကောက်ပွဲထက် အများကြီး ပိုပြီးအရေးကြီးပါတယ်။ ဒီပြဿနာကြီးကို ဖြေရှင်းဖို့ အစိုးရမှာ တာဝန်ရှိသလို အတိုက်အခံ နိုင်ငံရေးခေါင်းဆောင်များမှာလည်း တာဝန်ရှိပါတယ်။ ငါတို့ အာဏာရမှ ဖြေရှင်းမယ်ဆိုပြီး ရှောင်လွှဲဖို့ မသင့်ပါ။

နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့အပါအဝင် သံဃာ့ဂိုဏ်းကြီး (၉) ဂိုဏ်းက ဦးဆောင်ပဓာန၊ နာယကဆရာတော်ကြီးများ၊ ဂိုဏ်းချုပ်ဆရာတော်ကြီးများနဲ့ စာသင်တိုက်အကြီးအကဲ ဆရာတော်ကြီးများမှာ ပိုပြီးတာဝန်ရှိပါတယ်။ တစ်ခေတ်တစ်ခါက ဘာသာတရားယုံကြည်မှုနဲ့ တိုင်းပြည်ကိုညီညွတ်အောင် တည်ဆောက်နိုင်ခဲ့ကြပေမည့် ဒီနေ့ခေတ်မှာ ဘာသာတရားကိုးကွယ်မှုဟာ လူတွေရဲ့ လွတ်လပ်စွာ ရွေးချယ်ခွင့်ဖြစ်ပါတယ်။ လူသားတစ်ယောက်အနေနဲ့ သူယုံကြည်ရာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိပြီး သူမယုံကြည်ရင် ဘာကိုမှ မကိုးကွယ်ခွင့်လည်း ရှိပါတယ်။ ဘာသာတရား ကိုးကွယ်ရာမှာလည်း မိရိုးဖလာကိုးကွယ်မှု၊ ဖိအားပေးလို့ကိုးကွယ်မှုတွေထက် ကိုယ်တိုင်က နှစ်နှစ်






ကာကာယုံကြည်လို့ လေးလေးနက်နက်ကိုးကွယ်ခြင်းက ပိုပြီး မှန်မြတ်ပါတယ်။

သာမန်လူတွေလိုပဲ ကျင့်ကြံနေထိုင်ပြီး မကောင်းမှုတွေကို အားပေးအားမြှောက်ပြုနေတဲ့ ဘာသာရေးအစွန်းရောက် သံဃာတော်အချို့ကြောင့် ဗုဒ္ဓသာသနာ ညစ်နွမ်းနေပါပြီ။ သံဃာတော်များအပေါ် အကြည်ညိုမဲ့ကြသူတွေ ရှိလာပါပြီ။ ဗုဒ္ဓဘာသာအပေါ် သံသယဖြစ်သူတွေ၊ ဗုဒ္ဓဘာသာဝင် ဖြစ်ရတာကို ရှက်မိသူတွေ ရှိလာပါပြီ။ သံဃာတွေကြားမှာလည်း သွေးကွဲမှုတွေ ရှိနေပါပြီ။ ဗုဒ္ဓသာသနာ တည်တံ့ခိုင်မြဲအောင်၊ သန့်စင်အောင်ထိန်းသိမ်းဖို့ တာဝန်အရှိဆုံး ဆရာတော်ကြီးများကိုယ်တိုင်က မိမိတို့ဂိုဏ်းထဲ၊ မိမိတို့စာသင်တိုက်ထဲက သာသနာတော်ရဲ့ အညစ်အကြေးတွေကို အမြန်ဆုံးသန့်စင် ရှင်းလင်းဖို့ အရေးတကြီးလိုအပ်နေပါပြီ။

*(စာပြီးနေ့စွဲ ဖေဖော်ဝါရီ ၁၈၊ ၂၀၁၄)*

⁂




## မြန်မာနိုင်ငံအတွက် ကောင်းနိုးရာရာ

**(ဒီဆောင်းပါးရှည်ကို Tomorrow သတင်းဂျာနယ်မှာ မတ်လနဲ့ ဧပြီလ ၂၀၁၄ ခုနှစ်အတွင်း ၇ ပတ် ဆက်တိုက်ဖော်ပြခဲ့ပါတယ်)**

အမေရိကန်ပြည်ထောင်စုမှာ အဓိကနိုင်ငံရေးပါတီကြီး နှစ်ခု ရှိပါတယ်။ ရီပတ်ဘလီကန်ပါတီ (Republican Party) နဲ့ ဒီမိုကရက်တစ်ပါတီ (Democratic Party) တို့ဖြစ်ကြပါတယ်။ ဒီပါတီကြီးနှစ်ခုကပဲ ရွေးကောက်ပွဲတွေမှာ အောက်လွှတ်တော်လူများစုပါတီ၊ အထက်လွှတ်တော်လူများစုပါတီနဲ့ သမ္မတရာထူးတွေကို တစ်လှည့်တစ်ပြန်စီ အနိုင်ရပြီး အမေရိကန်ပြည်ထောင်စုကို ဦးဆောင်မောင်းနှင်နေကြတာပါ။ ဒီပါတီကြီးနှစ်ခုမှာ ကိုယ်ပိုင် နိုင်ငံတော်တည်ဆောက်ရေးအခြေခံ အတွေးအခေါ်များ (Political Ideology Platform) ရှိကြပြီး အာဏာရပါတီက သူ့ပါတီ လက်ခံယုံကြည်တဲ့ နိုင်ငံရေးအတွေးအခေါ်တွေနဲ့ အစိုးရယန္တရားကို မောင်းနှင်အကောင်အထည်ဖော်ဖို့ ကြိုးစားသလို အတိုက်အခံပါတီက သူတို့ယုံကြည်တဲ့ နိုင်ငံရေးအတွေးအခေါ်တွေကို အခြေခံပြီး အာဏာရပါတီကို စောင့်ကြည့်ဝေဖန်ပါတယ်။ ဒီပါတီကြီးနှစ်ခုရဲ့ နိုင်ငံတော်တည်ဆောက်ရေးအခြေခံမူဝါဒတွေကို နှိုင်းယှဉ်သုံးသပ်ပြီး မြန်မာနိုင်ငံအတွက် သင့်တော်မည့်မူဝါဒတွေကို အကြံပြုချင်ပါတယ်။

### (၁) အစိုးရ၏အခန်းကဏ္ဍဆိုင်ရာမူဝါဒ

သေးငယ်သောအစိုးရ (Small Government)၊ ကြီးမားသော အစိုးရ (Big Government) ပါတီကြီးနှစ်ခုကြား အဓိကခြားနားတဲ့ အတွေးအခေါ်က အစိုးရရဲ့အရွယ်အစားနဲ့ အစိုးရအာဏာရဲ့ အတိုင်းအတာပဲဖြစ်ပါတယ်။

ရီပတ်ဘလီကန်ပါတီရဲ့မူဝါဒက သေးငယ်သောအစိုးရ (Small Government) နှင့် အစိုးရ၏စွက်ဖက်မှုနည်းနိုင်သမျှနည်းရေး (Less Government Intervention) ဖြစ်ပါတယ်။ ရီပတ်ဘလီကန်ပါတီက လူ့အဖွဲ့အစည်းတွင်းမှာ နေထိုင်တဲ့လူတိုင်းလူတိုင်းဟာ သူတို့ဘဝအတွက် သူတို့ကိုယ်တိုင် တာဝန်ရှိတယ်လို့ယူဆပါတယ်။ အစိုးရရဲ့ အခန်းကဏ္ဍက လူတိုင်းလူတိုင်းမှာ လူ့အဖွဲ့အစည်းအတွင်းက အကျိုးစီးပွားတွေကို သူတို့ဘဝအတွက်၊ သူတို့ရဲ့ကိုယ်ပိုင်မိသားစုအတွက် သူတို့ကိုယ်တိုင် ရယူပိုင်ဆိုင်နိုင်ဖို့လိုအပ်တဲ့ အရည်အချင်းတွေ ရှိအောင်ကူညီဖို့သာဖြစ်တယ်။ ဒီလူတွေကပဲ လူ့အဖွဲ့အစည်းအတွင်းက သူတို့ကိုယ်သူတို့ တာဝန်မယူနိုင်သူတွေကိုကူညီဖို့ တာဝန်ရှိတယ်လို့ ဆိုပါတယ်။ ဒါကြောင့်မို့ အစိုးရရဲ့အခန်းကဏ္ဍကို လူတစ်ဦးချင်းစီရဲ့ ဘဝထဲ ဝင်ရောက်စွက်ဖက်တဲ့အထိ မရောက်အောင် ကန့်သတ်ရမယ်၊ အစိုးရရဲ့စွက်ဖက်မှုနည်းလေလေ လူတစ်ဦးချင်းစီရဲ့ အခွင့်အလမ်းတွေ ပိုပွင့်လေလေ ကြီးပွားမှု၊ တိုးတက်မှု ပိုများလေလေ ဖြစ်တယ်လို့ ယုံကြည်ပါတယ်။

အစိုးရဟာ လူ့အဖွဲ့အစည်းအနေနဲ့၊ လူတစ်ဦးချင်းစီအနေနဲ့ ထိရောက်စွာတာဝန်မယူနိုင်တဲ့ အရေးကိစ္စများကိုသာ စီမံခန့်ခွဲရမယ်၊ လူတစ်ဦးချင်းစီရဲ့ကံကြမ္မာဟာ လူတစ်ဦးချင်းစီရဲ့လက်ထဲမှာပဲရှိတာမို့ အစိုးရရဲ့အာဏာနဲ့အရင်းအမြစ်တွေကို လူတစ်ဦးချင်းစီထံ တိုက်ရိုက်မသက်ရောက်စေဘဲ သက်ဆိုင်ရာ ပြည်နယ်ကိုယ်စားလှယ်များ၊ အသိုင်းအဝိုင်းခေါင်းဆောင်များက တစ်ဆင့်ပဲ သက်ရောက်စေရမယ်လို့ ယုံကြည်





ပါတယ်။ ဒါကြောင့်မို့ ရီပတ်ဘလီကန်ပါတီက အစိုးရအာဏာရတဲ့ အခါ အစိုးရအဖွဲ့ကို တတ်နိုင်သမျှ သေးငယ်အောင်ဖွဲ့စည်းပြီး အစိုးရရဲ့ အာဏာကိုလည်း လိုအပ်သလို ကန့်သတ်ပါတယ်။

ဒီမိုကရက်တစ်ပါတီကတော့ နိုင်ငံတွင်းမှာရှိတဲ့နိုင်ငံသားတိုင်း အတွက်၊ တစ်ဦးချင်းတစ်ယောက်ချင်းစီအတွက် အစိုးရမှာ တာဝန်ရှိတယ်လို့ယူဆပါတယ်။ အဲဒီလိုတစ်ဦးချင်းစီကို တာဝန်ယူနိုင်ဖို့ လိုအပ်မယ်ဆိုရင် တစ်ဦးချင်းစီရဲ့အခွင့်အရေး (Individual Rights) တွေကို စွန့်လွှတ်ရမယ်၊ လွတ်လပ်တဲ့အဖွဲ့အစည်းတွေ၊ လွတ်လပ်တဲ့ဦးဆောင်ဦးရွက်ပြုမှုတွေကို အစိုးရလက်အောက်ခံဖြစ်အောင်လုပ်ရမယ်လို့ ယုံကြည်ပါတယ်။ ဒီမိုကရက်တစ်ပါတီက နိုင်ငံတော်အာဏာကို ပြည်ထောင်စုအစိုးရလက်ထဲမှာ များနိုင်သမျှများအောင် ကိုင်တွယ်ထားချင်ပါတယ်။ ဒေသဆိုင်ရာပြဿနာတွေ၊ အသင်းအဖွဲ့ဆိုင်ရာအရေးကိစ္စတွေကို ဒီအတိုင်းလွှတ်မထားဘဲ ပြည်ထောင်စုအစိုးရက ဝင်ရောက်ဖြေရှင်းပေးရမယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့်မို့ အစိုးရအဖွဲ့ကို ကြီးကြီးမားမားဖွဲ့စည်းပြီး (Big Government) စည်းမျဉ်းစည်းကမ်းတွေ၊ (Rules and Regulations) အမိန့်တွေထုတ်ပြန်လို့ ပြည်ထောင်စုအစိုးရရဲ့အာဏာကို နေရာအနှံ့ချဲ့ထွင်ပါတယ် (More Government Intervention)။

### မြန်မာနိုင်ငံအတွက် သေးငယ်သောအစိုးရ

ကျနော်တို့ မြန်မာနိုင်ငံအတွက် လိုအပ်တာကတော့ သေးငယ်သောအစိုးရဖြစ်တယ်လို့ ကျနော် ယုံကြည်ပါတယ်။ လူထုရဲ့ဘဝကို၊ လူတစ်ဦးချင်းစီရဲ့အရေးကို ဝင်ရောက်စွက်ဖက်မှု နည်းနိုင်သမျှနည်းတဲ့ အစိုးရမျိုးမှသာ အပြောင်းအလဲကာလမှာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေကို ဖော်ဆောင်နိုင်ပါလိမ့်မယ်။ သေးငယ်သောအစိုးရ ဖြစ်မှသာ တိုင်းပြည်ဘဏ္ဍာထဲက အစိုးရအဖွဲ့ရဲ့ ကုန်ကျစရိတ်ကို လျှော့ချနိုင်ပြီး ပြည်သူလူထုအတွက် ပိုပြီးသုံးစွဲနိုင်မှာပါ။

လက်ရှိ သမ္မတဦးသိန်းစိန်ခေါင်းဆောင်တဲ့အစိုးရကတော့ အင်မတန်ကြီးမားတဲ့အစိုးရဖြစ်ပါတယ်။ သမ္မတ (၁) ဦး၊ ဒုသမ္မတ (၂) ဦး၊ ပြည်ထောင်စုဝန်ကြီး (၃၆) ဦး၊ ဒုဝန်ကြီး (၆၁) ဦး၊ ရှေ့နေချုပ် (၁) ဦး၊ ဒုရှေ့နေချုပ် (၁) ဦး၊ စုစုပေါင်း (၁၀၄) ဦးပါဝင်ပါတယ်။ ဒုဝန်ကြီး (၂) ဦးရှိတဲ့ ဝန်ကြီးဌာနပေါင်း (၂၇) ခုရှိပြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနဆိုရင် ဒုဝန်ကြီး (၃) ဦးတောင်မှ ခန့်ထားပါတယ်။ သမ္မတရဲ့လစာက တစ်လကို ကျပ်သိန်းငါးဆယ်ဖြစ်ပြီး၊ ဒုသမ္မတလစာကတစ်လကို ကျပ်သိန်းလေးဆယ်ဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးနဲ့ ရှေ့နေချုပ်လစာက တစ်လကို ကျပ်သိန်းသုံးဆယ်ဖြစ်ပြီး ဒုတိယဝန်ကြီးနဲ့ဒုရှေ့နေချုပ်လစာက တစ်လကို ကျပ်သိန်းနှစ်ဆယ်ဖြစ်ပါတယ်။ အစိုးရအဖွဲ့ဝင် (၁၀၄) ဦး အတွက် လစာတင် တစ်နှစ်ကို ကျပ်သန်းပေါင်းသုံးထောင်နီးပါး (ကျပ်သန်းထောင်ပေါင်း၂၉၇၆) တိုင်းပြည်ဘဏ္ဍာထဲက သုံးစွဲနေရပါတယ်။

ဒါတင်မကသေးပါ။ အစိုးရအဖွဲ့ဝင်များအတွက် နေအိမ်၊ ကား၊ ကားမောင်းသူ၊ သန့်ရှင်းရေး၊ ထမင်းချက်၊ ဝတ်စုံ၊ ညှိခံစရိတ်၊ လုံခြုံရေး အစောင့်အရှောက် စတဲ့အဆောင်အယောင်တွေ၊ ကိုယ်ရေးအရာရှိ ရုံးအဖွဲ့၊ အကြံပေးပုဂ္ဂိုလ်များ စတဲ့အထောက်အကူပြုဝန်ထမ်းတွေရဲ့ လစာနဲ့ အသုံးစရိတ်တွေပါ ထည့်ပေါင်းရင် အစိုးရအဖွဲ့ရဲ့ တစ်နှစ်တာ လစာက ကျပ်သန်းပေါင်းငါးထောင်ကျော်မယ်ထင်ပါတယ်။ ဒါဝန်ကြီးဌာနများရဲ့ လစာနဲ့အသုံးစရိတ်မပါဝင်ပါ။

ဝန်ကြီးဌာနပေါင်း (၃၆) ခုမှာသမ္မတရုံးဝန်ကြီးဌာန (၆) ခုနဲ့ ရေးရာဝန်ကြီးဌာန (၃၀) ရှိပါတယ်။ ဝန်ကြီးဌာနတွေ ဒီလောက်များတာမို့ အစိုးရထုတ်ပြန်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကလည်း အလွန်များပြားပြီး အစိုးရရဲ့ပြည်သူလူထုဘဝထဲ ဝင်ရောက်စွက်ဖက်မှုကလည်း အင်မတန်များပြားလှပါတယ်။ ဒါကြောင့်မို့ ကိုယ့်အိမ်ကနေ ရပ်ကွက်ခြားတဲ့ကိုယ့်မိဘအိမ်မှာ တစ်ညတလေ သွားအိပ်ရင်တောင်





ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှာ ဧည့်စာရင်းတိုင်နေရတာပါ။ ဒေသဆိုင်ရာသတင်းစာစောင်ကလေး ထုတ်ချင်ရင်တောင် ပြန်ကြားရေးဝန်ကြီးဌာနမှာ ခွင့်ပြုချက်တောင်းနေရတာပါ။ ရထားလက်မှတ်ဝယ်ရင် နိုင်ငံသားကတ် ပြနေရတာပါ။ ငြိမ်းချမ်းစွာဆန္ဒပြဖို့ ခွင့်ပြုချက်တောင်းခံနေရတာပါ။

ပြည်ထောင်စုဝန်ကြီးဌာနပေါင်း(၃၀)တောင် ဖွဲ့စည်းထားတာ အံ့သြစရာပါ။ ဒီမိုကရေစီနိုင်ငံ၊ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးတဲ့ နိုင်ငံတစ်ခုမှာ ပြန်ကြားရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာနတွေ ရှိကိုမရှိသင့်ပါ။ အလားတူပဲ ပြည်ထောင်စုစနစ်ကို စစ်စစ်မှန်မှန် ကျင့်သုံးမယ်ဆိုရင် ဒေသန္တရအုပ်ချုပ်ရေးနဲ့ လုံခြုံရေး၊ ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စတွေဟာ ပြည်နယ်နဲ့တိုင်းဒေသကြီး အစိုးရများ ကိုင်တွယ်ကျင့်သုံးရမည့်အာဏာတွေဖြစ်လို့ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနတွေ ပြည်ထောင်စုအစိုးရအဖွဲ့မှာ မပါဝင်သင့်ပါ။ မွေးမြူရေးနဲ့ ရေလုပ်ငန်းဆိုတာ လယ်ယာစိုက်ပျိုးရေး၊ ဆည်မြောင်းဌာနတွေနဲ့ပေါင်းပြီး ဝန်ကြီးဌာန တစ်ခုတည်း ဖြစ်သင့်ပါတယ်။ အားကစားဆိုတာ ကျန်းမာရေးဝန်ကြီးဌာနရဲ့ လက်အောက်မှာပဲ ရှိသင့်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာနဆိုတာ ရှိပြီးမှတော့ ရထားပို့ဆောင်ရေးကို သီးခြားဝန်ကြီးဌာနအဖြစ်မဖွဲ့စည်းဘဲ ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်မှာပဲ ထားသင့်ပါတယ်။ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနနဲ့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဆိုပြီး ဝန်ကြီးဌာနနှစ်ခု သီးခြားတည်ရှိဖို့ မလိုအပ်ပါ။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနဲ့ စွမ်းအင်ဝန်ကြီးဌာနဆိုပြီး ဝန်ကြီးဌာနနှစ်ခု သီးခြားဖွဲ့စည်းဖို့မလိုအပ်ပါ။

အဲဒီလိုဝန်ကြီးဌာနတွေ ဖောင်းပွနေတဲ့ကြားက အဲဒီဝန်ကြီးဌာနများကို တစ်ဆင့်ခံကွပ်ကဲဖို့ဆိုပြီး သမ္မတရုံးဝန်ကြီးဌာန ၆ ခု ထပ်မံဖွဲ့စည်းထားပြန်ပါသေးတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

အောက်မှာ ဒုဗိုလ်ချုပ်ကြီးများအတွက် အထူးစစ်ဆင်ရေး အဖွဲ့မှူး ရာထူးများတီထွင်ဖန်တီးပြီး တပ်မတွေကိုခွဲဝေအုပ်ချုပ်စေတဲ့ပုံစံမျိုးပါ။ အဲဒီလိုသမ္မတအပေါ် သစ္စာရှိသူများကို ဆုချဖို့ဌာနအသစ်တွေ တီထွင်ဖန်တီးရင်း သမ္မတဦးသိန်းစိန်ရဲ့အစိုးရအဖွဲ့ဟာ အင်မတန်ဖောင်းပွနေပါတယ်။ အစိုးရအဖွဲ့ကြီး ကြီးမားလွန်းတော့ အစိုးရအဖွဲ့အသုံးစရိတ်ပိုမိုများပြားပြီး ပြည်သူလူထုရဲ့ နေ့စဉ်ဘဝအတွင်း ဝင်ရောက်စွက်ဖက်မှုက ပိုပြီးကြီးမားပါတယ်။ ဒါကိုပဲ အစိုးရက ဒီမိုကရေစီလို့ခေါ်ရင် အကြီးအကျယ်မှားနေပါပြီ။

## လူ့အခွင့်အရေးချိုးဖောက်မှု၊ အဂတိလိုက်စားမှုနှင့် အကျင့်ပျက်ခြစားမှုများ

အစိုးရအဖွဲ့ကကြီးမားလွန်းပြီး ဌာနတိုင်းက စည်းမျဉ်းစည်းကမ်းတွေ၊ နည်းဥပဒေတွေထုတ်ပြန်ပြီး လူထုဘဝကိုစီမံခန့်ခွဲနေကြတော့ ပြည်သူလူထုရဲ့အခြေအခံအခွင့်အရေးတွေ ချိုးဖောက် ခံရပါတယ်။ အခြေခံလွတ်လပ်ခွင့်တွေ တားဆီးပိတ်ပင်ခံရပါတယ်။နိုင်ငံသားတွေမှာ မွေးဖွားတာကနေ သေဆုံးတဲ့အထိ ဘာပဲလုပ်လုပ် အစိုးရအာဏာပိုင်များရဲ့ခွင့်ပြုချက်၊ ထောက်ခံချက်တွေရမှ ဆောင်ရွက်နိုင်ကြတော့ သူတို့ဘဝရဲ့တိုးတက်မှုအခွင့်အလမ်းတွေကို ပိတ်ဆို့ထားသလိုဖြစ်ပါတယ်။ အင်မတန်စည်းကမ်းကြီးတဲ့ ကျောင်းအုပ်ဆရာကြီးရဲ့ကျောင်းက ကျောင်းသားလေးတွေလို ဖြစ်နေရပါတယ်။ ခွင့်ပြုချက်မရဘဲ၊ ထောက်ခံချက်မယူဘဲ ကိုယ်လုပ်ချင်ရာကိုလုပ်မယ်ဆိုရင်လည်း အပြစ်ပေးခံရဦးမှာပါ။

စည်းမျဉ်းစည်းကမ်းတွေကို ကိုင်တွယ်ပြီး လူထုဘဝကိုစွက်ဖက်နိုင်ခွင့်ရှိတဲ့အစိုးရ အရာထမ်း၊ အမှုထမ်းများမှာလည်း အာဏာကို အလွဲသုံးခွင့်ရနေပါတယ်။ ဗျူရိုကရေစီယန္တရားကြီးက ကြီးမားလွန်းတော့ အမှုကိစ္စတစ်ခုကို စားပွဲတစ်လုံးကနေ နောက်တစ်လုံးကို၊





ဌာနတစ်ခုကနေ နောက်တစ်ခုကိုအဆင့်ဆင့်လွှဲပြောင်းရင်း အချိန်တွေကြန့်ကြာပါတယ်။ အဲဒီတော့ မြန်မြန်ဆန်ဆန်သွက်သွက်လက်လက်ဖြစ်စေဖို့ နည်းလမ်းရှာရင်း လာဘ်ပေးလာဘ်ယူမှုတွေ ဖြစ်လာပါတယ်။ တစ်ခါ ဌာနဆိုင်ရာဝန်ထမ်းတွေထဲမှာလည်း ဝင်ငွေကောင်းတဲ့ဌာနကိုပြောင်းခွင့်ရဖို့၊ ဝင်ငွေကောင်းတဲ့နေရာက မပြောင်းရွှေ့ရဖို့၊ ပိုပြီးမြင့်တဲ့ရာထူးကိုရဖို့ အဆင့်မြင့် အရာရှိတွေကို အဆင့်ဆင့်လာဘ်ထိုးရင်း အကျင့်ပျက်ခြစားမှုတွေ ဖြစ်ပေါ်ပါတယ်။ ဒါဟာဖြင့် ကြီးမားသောအစိုးရဖွဲ့စည်းမှုရဲ့ဆိုးကျိုးတွေပါ။

နှိုင်းယှဉ်ပြီးပြောရရင် ၂၀၁၄ ခုနှစ်မှာ အိမ်နီးချင်း ထိုင်းနိုင်ငံအစိုးရအဖွဲ့မှာ ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ဒုဝန်ကြီးများ၊ ရှေ့နေချုပ်၊ ဒုရှေ့နေချုပ်အပါအဝင်အစိုးရအဖွဲ့ဝင် (၄၁) ဦးပဲရှိပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှာ သမ္မတ၊ ဒုသမ္မတ၊ ဝန်ကြီးများ၊ ဒုဝန်ကြီးများ၊ ရှေ့နေချုပ်၊ ဒုရှေ့နေချုပ်ပါဝင်တဲ့အစိုးရအဖွဲ့ဝင် (၄၂) ဦးပဲရှိပါတယ်။ အမေရိကန်ပြည်ထောင်စုမှာတော့သမ္မတ၊ ဒုသမ္မတ၊ ဝန်ကြီးများ၊ ဒုဝန်ကြီးများ၊ ရှေ့နေချုပ်၊ ဒုရှေ့နေချုပ်အပါအဝင်အစိုးရအဖွဲ့ဝင် (၃၅) ဦးပဲ ရှိပါတယ်။

အမေရိကန်ပြည်ထောင်စုက ကြွယ်ဝချမ်းသာတဲ့တိုင်းပြည်မို့ကြီးမားတဲ့အစိုးရအဖွဲ့ဖြစ်ရင်လည်း အစိုးရအဖွဲ့အတွက် ကုန်ကျစရိတ်ကို ဘယ်လောက်ပဲများများ အကုန်အကျခံနိုင်ပါတယ်။ အခွန်ထမ်းပြည်သူတွေကို သိပ်ပြီးမထိခိုက်လှပါ။ ဒါပေမဲ့ မြန်မာနိုင်ငံလို ဆင်းရဲနွမ်းပါးတဲ့နိုင်ငံမှာတော့ ကြီးမားတဲ့အစိုးရဖွဲ့ပြီး တိုင်းပြည်ဘဏ္ဍာရဲ့ကြီးမားတဲ့အစိတ်အပိုင်းကို မဖြုန်းတီးသင့်ပါ။ မြန်မာနိုင်ငံမှာ ဆင်းရဲချမ်းသာကွာဟမှုက အလွန်ကြီးမားပြီး လူလတ်တန်းစား ပျောက်ဆုံးနေပါတယ်။ အလွန်ချမ်းသာသူအနည်းငယ်က (လူဦးရေစုစုပေါင်းရဲ့ တစ်ရာခိုင်နှုန်းလောက်က) တိုင်းပြည်ရဲ့စီးပွားရေးကို ချုပ်ကိုင်ခြယ်လှယ်နေပြီး အလွန်ဆင်းရဲသူများသန်းပေါင်းများစွာ (လူဦးရေစုစုပေါင်းရဲ့ ၉၉ရာခိုင်နှုန်း) က မြေမဲ့၊ ယာမဲ့၊ နေအိမ်မဲ့ဘဝနဲ့ ဆင်းရဲတွင်းနက်နေ

ကြရတာပါ။ ဦးသိန်းစိန်အစိုးရလက်ထက်မှာ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် နည်းဗျူဟာတွေ ရေးဆွဲဆောင်ရွက်နေသလို ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် နိုင်ငံတကာအထောက်အပံ့တွေလည်း ရရှိနေပါတယ်။ ဒါပေမဲ့လည်း အမှန်တကယ်ဆင်းရဲသူ သန်းပေါင်းများစွာကတော့ ဒီကနေ့အထိ ဆင်းရဲတွင်းထဲက ရုန်းမထွက်နိုင်ကြသေးပါ။ မြေမဲ့၊ ယာမဲ့၊ နေအိမ်မဲ့ဘဝက မလွတ်မြောက်နိုင်ကြသေးပါ။ အစိုးရအဖွဲ့ကို ကျစ်ကျစ်လျစ်လျစ်နဲ့ သေးငယ်အောင် လျှော့ချဖွဲ့စည်းပြီး အစိုးရအဖွဲ့လစာနဲ့ အဆောင်အယောင်၊ အထောက်အကူပြုဝန်ထမ်းများအတွက် အသုံးစရိတ်တွေကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်ရင်ဖြင့် ဆင်းရဲနွမ်းပါးသူများကိုကူညီဖို့ ငွေကြေးတွေ ပိုမိုထွက်ပေါ်လာမှာပါ။ အစိုးရရဲ့လူထုဘဝထဲ စွက်ဖက်မှုတွေကို လျှော့ချနိုင်မှ လာဘ်ပေးလာဘ်ယူမှု၊ အကျင့်ပျက်ခြစားမှု၊ အာဏာအလွဲသုံးမှုတွေကို ထိထိရောက်ရောက် တားဆီးနိုင်မှာပါ။

## (၂) ဝင်ငွေခွန်ကောက်ခံခြင်းမူဝါဒ (Income Tax Policy)

အမေရိကန်ပြည်ထောင်စုက အခြားဖွံ့ဖြိုးပြီး နိုင်ငံအများစုလို ကုန်ပစ္စည်းများအပေါ်မှာ ပေါင်းစပ်တန်ဖိုးအခွန် (Value Added Taxes) မကောက်ခံတာကြောင့် အစိုးရအသုံးစရိတ်များအတွက် ဝင်ငွေခွန် (Personal Income Tax) အပေါ် အများစုအားထားနေရတာပါ။ ဒါကြောင့် ဝင်ငွေခွန်ဆိုင်ရာမူဝါဒချမှတ်ခြင်းဟာ ပြည်သူလူထုနဲ့အစိုးရ အပေါ်တိုက်ရိုက်သက်ရောက်မှုရှိတဲ့ အင်မတန်အရေးကြီးတဲ့ နိုင်ငံရေးဆောင်ရွက်မှု ဖြစ်ပါတယ်။

## ဝင်ငွေခွန်လျှော့ချချင်တဲ့ ရီပတ်ဘလီကန်ပါတီ

ရီပတ်ဘလီကန်ပါတီက ပြည်သူလူထုအပေါ် အခွန်အကောက် လျှော့ချကောက်ခံရေး (Tax Cut/Lower Taxation) မူဝါဒ





ကို လက်ခံကျင့်သုံးပါတယ်။ ပြည်သူလူထုဟာ ၎င်းတို့တစ်ယောက်ချင်းရဲ့ ဘဏ္ဍာရေးအခြေအနေပေါ်မှာ တာဝန်ရှိသလို ပြည်ထောင်စုအစိုးရရဲ့ ဘဏ္ဍာရေးအခြေအနေပေါ်မှာလည်း ဆုံးဖြတ်ပိုင်ခွင့်ရှိရမယ်လို့ ယုံကြည်ပါတယ်။ ပြည်သူလူထုရဲ့ သဘောဆန္ဒမပါဘဲ အစိုးရက အခွန်အကောက်များကို တိုးမြှင့်ကောက်ခံခြင်းမပြုသင့်လို့ ရပ်တည်ပါတယ်။ ပြည်သူလူထုဆိုတဲ့နေရာမှာ ရီပတ်ဘလီကန်ပါတီ ရည်ညွှန်းတာက သာမန်ဆင်းရဲသားနဲ့ အလယ်အလတ်လူတန်းစားတင်မကဘဲ ချမ်းသာကြွယ်ဝသူများလည်းပါဝင်ပါတယ်။ ရီပတ်ဘလီကန်ပါတီက ချမ်းသာကြွယ်ဝသူများကိုလည်း ချမ်းသာကြွယ်ဝမှုကြောင့်၊ ဝင်ငွေမြင့်မားမှုကြောင့် အခွန်အတုတ်တိုးမြှင့်ကောက်ခံတာကို လက်မခံပါ။

သူတို့ရဲ့အတွေးအခေါ်က ဝင်ငွေခွန်ကို လျှော့ချကောက်ခံခြင်းဖြင့် တိုင်းပြည်ရဲ့ကုန်ထုတ်စွမ်းအားကို ပိုမိုတိုးမြှင့်စေမှာ၊ အသားတင်ပြည်တွင်းထုတ်လုပ်မှုကို တိုးမြှင့်စေမှာဖြစ်ပြီး တိုးမြှင့်လာတဲ့ ပြည်တွင်းထုတ်လုပ်မှုပေါ်ကနေ အခွန်ငွေတိုးမြှင့်ရရှိလို့အစိုးရအတွက် ဝင်ငွေပိုပြီး ရရှိစေမယ်လို့ ယုံကြည်ပါတယ်။ ချမ်းသာကြွယ်ဝသူများကို အခွန်ငွေပိုပြီး ကောက်ခံခြင်းဖြင့် ချမ်းသာကြွယ်ဝသူများရဲ့ ပိုမိုရင်းနှီးမြှုပ်နှံလိုမှုများကို အဟန့်အတားဖြစ်စေပြီး မြင့်မားတဲ့ အခွန်အကောက်များကို ရှောင်တိမ်းဖို့ ချမ်းသာသူများက သူတို့ရဲ့ စီးပွားရေးလုပ်ငန်းများကို အခွန်သက်သာတဲ့ ပြည်ပနိုင်ငံများကို ရွှေ့ပြောင်းအောင် တွန်းပို့သလို ဖြစ်လိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။ အခွန်အကောက်များကို လျှော့ချခြင်းအားဖြင့် ပိုပြီးကြီးပွားချမ်းသာလာတဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ကော်ပိုရေးရှင်းကြီးများဟာ ၎င်းတို့ရရှိတဲ့အမြတ်အစွန်းတွေကိုလုပ်ငန်းတွေထဲမှာ ပိုမိုရင်းနှီးမြှုပ်နှံခြင်းဖြင့် အမေရိကန်ပြည်သူများအတွက် အလုပ်အကိုင်တွေပိုပြီး ဖန်တီးပေးနိုင်ပြီး အလုပ်လက်မဲ့နှုန်းကို လျှော့ချနိုင်လိမ့်မယ်၊ အလုပ်လက်မဲ့တွေလျှော့နည်းခြင်းဖြင့်အစိုးရထောက်ပံ့ကြေးကို မှီခိုနေရတဲ့လူတွေကို ဆင်းရဲနွမ်းပါးမှုက

လွှတ်မြောက်စေလိမ့်မယ်၊ သူဌေးကြီးတွေက အခွန်သက်သာလို့ရတဲ့ အမြတ်အစွန်းတွေကို လူမှုရေးအသင်းအဖွဲ့တွေကို ပိုမိုလှူဒါန်းပြီး ဆင်းရဲနွမ်းပါးသူများကို မျှဝေစောင့်ရှောက်ကြလိမ့်မယ်လို့ ရီပတ်ဘလီကန်ပါတီက ယုံကြည်ပါတယ်။ ဒါကြောင့်လည်း ရီပတ်ဘလီကန်ပါတီကို သူဌေးကြီးများကြိုက်တဲ့ပါတီလို့ ခေါ်ကြတာပါ။

## သူဌေးတွေကို အခွန်ပိုပြီးကောက်ချင်တဲ့ ဒီမိုကရက်တစ်ပါတီ

ဒီမိုကရက်တစ်ပါတီကတော့ အစိုးရဆိုတာနိုင်ငံသားအားလုံးကို စောင့်ရှောက်ဖို့တာဝန်ရှိတယ်လို့ ယူဆပါတယ်။ ပြည်ထောင်စုအစိုးရဟာ နိုင်ငံတွင်းလူ့အသိုင်းအဝိုင်းများရဲ့လိုအပ်ချက်ကို ဒေသဆိုင်ရာအစိုးရတွေ၊ အဖွဲ့အစည်းတွေထက် ပိုမိုနားလည်ပြီး အဲဒီလိုအပ်ချက်တွေကို ပြည်ထောင်စုအစိုးရက ဖြည့်ဆည်းပေးနိုင်ဖို့ နိုင်ငံသားများဆီက အခွန်ငွေကောက်ခံရာမှာ ဝင်ငွေအနည်းအများအပေါ် မူတည်ပြီး အခွန်ငွေကို အဆင့်လိုက်တိုးမြှင့်ကောက်ခံတဲ့စနစ် (Progressive Taxation) ကိုလက်ခံကျင့်သုံးပါတယ်။ ဆိုလိုတာက ဝင်ငွေနည်းသူကို အခွန်ငွေနည်းနည်းပဲကောက်ခံပြီး ဝင်ငွေများလေလေ အခွန်ငွေတိုးမြှင့်ပေးရလေပါ။ ချမ်းသာတဲ့ပုဂ္ဂိုလ်များဟာ အခွန်ငွေများများပေးဆောင်ခြင်းဖြင့် ၎င်းတို့ရဲ့ကြွယ်ဝချမ်းသာမှုကို ၎င်းတို့လောက်ကံမကောင်းကြသူများကို အစိုးရကတစ်ဆင့် မျှဝေပေးဖို့တာဝန်ရှိတယ်လို့ ဒီမိုကရက်တစ်ပါတီက ယုံကြည်ပါတယ်။ ဒါကြောင့်လည်း ဒီမိုကရက်တစ်ပါတီကို ဆင်းရဲနွမ်းပါးသူများ၊ အလယ်အလတ်တန်းစားများက ပိုပြီးထောက်ခံကြတာပါ။ တချို့ကလည်းဒီမိုကရက်တစ်ပါတီကို ကွန်မြူနစ်ဆန်လွန်းတယ်လို့ စွပ်စွဲကြပါတယ်။

## နှစ်မျိုးစလုံးမှန်၊ နှစ်မျိုးစလုံးမှား

ဝင်ငွေခွန်မူဝါဒမှာ ပါတီကြီးနှစ်ခုစလုံးရဲ့ မူဝါဒတွေဟာ မှန်





တာရော မှားတာရော ရောထွေးနေတယ်လို့ ကျနော်ထင်ပါတယ်။ ရီပတ်ဘလီကန်ပါတီရဲ့ မူဝါဒအရ ဆင်းရဲနွမ်းပါးသူများ၊ ဝင်ငွေနည်းသူများကို အခွန်ငွေမကောက်ခံခြင်းဟာ မှန်ကန်တယ်လို့ ကျနော်မြင်ပါတယ်။ ဒါပေမဲ့ ချမ်းသာကြွယ်ဝသူများကို အခြားသောအလယ်အလတ်များနဲ့ တန်းတူပဲအခွန် ကောက်ခံရမယ်ဆိုတာတော့ မှားတယ်ထင်ပါတယ်။

လက်ရှိအခြေအနေမှာ အမေရိကန်ပြည်ထောင်စုရဲ့ လူဦးရေ (၁) ရာခိုင်နှုန်းက တိုင်းပြည်ဝင်ငွေစုစုပေါင်းရဲ့ (၂၂) ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားပြီး ကျန် (၉၉) ရာခိုင်နှုန်းကတိုင်းပြည်ဝင်ငွေ စုစုပေါင်းရဲ့ (၇၈) ရာခိုင်နှုန်းကိုသာ ပိုင်ဆိုင်ပါတယ်။ ချမ်းသာသူ (၁) ရာခိုင်နှုန်းနဲ့ သာမန်ပြည်သူ (၉၉) ရာခိုင်နှုန်းကြားမှာ ဝင်ငွေ မညီမျှမှု (Income Inequality) က အင်မတန် များပြားလှပါတယ်။ ဒီတော့ ဆင်းရဲနွမ်းပါးသူများအပေါ်မှာ အခွန်လုံးဝမကောက်ခံဘဲ အလယ်အလတ်တန်းစားများကို မျှတတဲ့နှုန်းထားနဲ့ အခွန်ကောက်ခံပြီး အလွန်ချမ်းသာသူ (၁) ရာခိုင်နှုန်းအပေါ်မှာ အခွန်ငွေတိုးမြှင့် ကောက်ခံသင့်ပါတယ်။

ရီပတ်ဘလီကန်ပါတီက လုပ်ငန်းတွေ ပိုမိုတိုးချဲ့ပြီး အလုပ်အကိုင်တွေ ပိုမိုဖန်တီးပေးနိုင်စွမ်းရှိတဲ့ချမ်းသာသူများကို အခွန်ငွေတိုးမြှင့်ကောက်ခံခြင်းဟာ မတရားဘူးလို့ဆိုပါတယ်။ အခွန်ငွေမြင့်မြင့်မားမားပေးရတာကြောင့် ချမ်းသာသူတွေဟာ ကြိုးစားစီးပွားရှာချင်စိတ်တွေလျော့နည်းပြီး လုပ်ငန်းတွေ ဆက်လက်မတိုးချဲ့တော့ဘဲ ရပ်တန့်သွားရင် အလုပ်အကိုင်တွေ လျော့နည်းသွားပြီး အလုပ်လက်မဲ့တွေ၊ အစိုးရထောက်ပံ့ကြေးကို မှီခိုရသူတွေ ပိုများလာမယ်၊ ပြည်ပကို လုပ်ငန်းတွေ ရွှေ့ပြောင်းသွားကြရင် အလုပ်အကိုင်တွေ ပျောက်ဆုံးသွားမည့် အပြင်အခွန်အတုတ်တွေလည်း လျော့နည်းရရှိမှာမို့ အစိုးရအတွက် ပိုပြီးအကျပ်အတည်းဖြစ်နိုင်တယ်ဆိုတာမှန်ပေမဲ့ ချမ်းသာသူများကို အလယ်အလတ်လူတန်းစားနဲ့ တန်းတူအခွန်ကောက်ခံရမယ်

ဆိုတာတော့ မဖြစ်သင့်ပါ။ ရီပတ်ဘလီကန်ပါတီက မျှော်လင့်သလို ချမ်းသာသူတိုင်းက စီးပွားရေးမှာ ပိုပြီးရင်းနှီးမြှုပ်နှံတာမဟုတ်ပါ။ စီးပွားရေး လုပ်ငန်းရှင်တိုင်းက လူမှုအဖွဲ့အစည်းများကို လှူဒါန်းနေတာမဟုတ်ပါ။ ချမ်းသာသူအချို့က သာမန်ပြည်သူတွေရဲ့ ဆင်းရဲနွမ်းပါးမှုဟာ အစိုးရရဲ့တာဝန်သာဖြစ်တယ်လို့ယုံကြည်ပြီး သူတို့ရဲ့ကိုယ်ပိုင်ကြွယ်ဝမှုတွေထဲက ခွဲဝေပေးချင်ကြတာမဟုတ်ပါ။

၂၀၀၈ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲအတွက် မဲဆွယ်ကြရာမှာ ဒီမိုကရက်တစ်ပါတီရဲ့ သမ္မတလောင်းဆီနိတ်တာ အိုဘားမားက သူ သမ္မတအဖြစ်အရွေးခံရရင် ချမ်းသာသူများကို အခွန်အတုတ် တိုးမြှင့်ကောက်ခံမယ်လို့ ကြွေးကြော်ခဲ့ပါတယ်။ အဲဒီအချိန်က သူ့ရဲ့လက်သုံးစကားက "လူတစ်ယောက်က သူ့ရဲ့ကြွယ်ဝချမ်းသာမှုကို သူ့ရဲ့ပတ်ဝန်းကျင်ကလူတွေကိုလည်း မျှဝေပေးမယ်ဆိုရင် အားလုံးအတွက် ကောင်းမွန်လိမ့်မယ်" (When you spread the wealth around it's good for everybody) လို့ ဖြစ်ပါတယ်။ ဒါကြောင့်လည်း သူ သမ္မတအဖြစ် ရွေးချယ်ခံရပြီးတဲ့နောက်မှာ ချမ်းသာသူများကို အခွန်တိုးမြှင့်ကောက်ခံဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပါတယ်။ အောက်လွှတ်တော်မှာ အများစုနေရာရထားတဲ့ ရီပတ်ဘလီကန်ပါတီရဲ့ အပြင်းအထန်ကန့်ကွက်မှုကြောင့် အခုထိ မအောင်မြင်သေးပါ။ သမ္မတကိုယ်တိုင်က အဲဒီလိုဦးဆောင်နေလို့ ၂၀၁၂ ခုနှစ်အတွင်းမှာ 'ဝေါလ်လမ်းမကို သိမ်းပိုက်ကြ' (Occupy Wall Street) လို့ နာမည်ကြီးတဲ့ လူထုလှုပ်ရှားမှုတစ်ခုဖြစ်ပေါ်ပြီး နယူးယောက်မြို့တော်က ဘဏ်လုပ်ငန်းများရဲ့ ဗဟိုအချက်အချာဝေါလ်လမ်းမကြီး အပါအဝင် စီးပွားရေးလုပ်ငန်းအချက်အချာနေရာတွေကို ပြည်သူလူထု (၉၉) ရာခိုင်နှုန်းကို ကိုယ်စားပြုတယ်ဆိုတဲ့လူငယ်များက ဝိုင်းဝန်း သိမ်းပိုက် ဆန္ဒပြတာ လပေါင်းအတော်ကြာ ဖြစ်ပွားခဲ့ပါတယ်။ ဒီလိုခြိမ်းခြောက်မှုတွေကြောင့်ပဲ အမေရိကန်စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ နှစ်စဉ်နှစ်တိုင်း





သူတို့ရဲ့လုပ်ငန်းတွေကို ပြည်ပနိုင်ငံများကို ရွှေ့ပြောင်းနေကြပါတယ်။ အဲဒီလို အလွန်အကျွံခြိမ်းခြောက်တာမျိုးလည်း မဖြစ်သင့်ပါ။

## မြန်မာနိုင်ငံအတွက် ဝင်ငွေခွန်မူဝါဒ

မြန်မာနိုင်ငံမှာ လက်ရှိအခြေအနေမှာ ဝင်ငွေအနည်းအများအလိုက် အခွန်ငွေတိုးမြှင့်ကောက်ခံတဲ့စနစ် (Progressive Taxation) ကိုကျင့်သုံးနေပါတယ်။ ဒီစနစ်ဟာ မြန်မာနိုင်ငံအတွက် သင့်တော်ပါတယ်။ သို့သော်လည်း လက်ရှိဝင်ငွေခွန်မူဝါဒကို ဝေဖန်ချင်ပါတယ်။

## ဝင်ငွေခွန် ကင်းလွတ်ခွင့်

တည်ဆဲဥပဒေနှင့်နည်းဥပဒေများအရ မြန်မာနိုင်ငံမှာ တစ်နှစ်ကို ကျပ် ၁၄ သိန်း ၄ သောင်းအထက်ရရှိတဲ့ဝန်ထမ်း (အစိုးရ၊ ပုဂ္ဂလိက၊ ပင်စင်စား) အားလုံး၊ တစ်နှစ်ဝင်ငွေ ကျပ် ၁၂ သိန်းအထက် ရရှိတဲ့ ကိုယ်ပိုင်စီးပွားရေးလုပ်သူများ၊ ဖက်စပ်လုပ်ငန်းလုပ်ကိုင်သူများအားလုံးဟာ ဝင်ငွေခွန်ဆောင်ရန် တာဝန်ရှိပါတယ်။ ဒီပြဋ္ဌာန်းချက်ကြောင့် ဝန်ထမ်းဆိုရင် တစ်နှစ်ဝင်ငွေ ကျပ် ၁၄ သိန်း ၄ သောင်းအထိနဲ့ အဲဒီထက်နည်းပြီးရရှိသူတွေ၊ ကိုယ်ပိုင်လုပ်ငန်းလုပ်သူဆိုရင် တစ်နှစ်ဝင်ငွေ ကျပ် ၁၂ သိန်းအထိနဲ့ ၁၂ သိန်းထက်နည်းပြီး ရရှိသူတွေကို ဝင်ငွေခွန်ဆောင်စရာ မလိုဘဲ ကင်းလွတ်ခွင့်ပေးထားပါတယ်။ ဒီဝင်ငွေခွန်ကင်းလွတ်ခွင့်ကို အစိုးရဝန်ထမ်းများရဲ့လစာနဲ့ နှိုင်းယှဉ်ကြည့်တဲ့အခါ လစာနှုန်း (ကျပ်တစ်သိန်းနှစ်သောင်းနှစ်ထောင်၊ ကျပ်တစ်သိန်းသုံးသောင်း) ရရှိတဲ့ဦးစီးအရာရှိ လက်ထောက်အင်ဂျင်နီယာ၊ လက်ထောက်မန်နေဂျာ၊ လက်ထောက်ကထိက၊ ဒုရဲမှူး၊ ဗိုလ်ကြီး စတဲ့ရာထူးတာဝန်များနဲ့ အထက်ဝန်ထမ်းများအားလုံးဟာ ဝင်ငွေခွန်ဆောင်ရမှာ ဖြစ်ပါတယ်။ ပုဂ္ဂလိကနဲ့ကိုယ်ပိုင်၊ ဖက်စပ်လုပ်ငန်းများမှာလည်း လစာနှုန်း ကျပ်တစ်သိန်းအထက်ရရှိသူအားလုံးဟာ ဝင်ငွေခွန်ဆောင်ရမှာ ဖြစ်ပါတယ်။

ဝင်ငွေခွန်ကောက်ခံရေးနဲ့ ပတ်သက်ပြီး မူဝါဒများ ချမှတ်ရာမှာ ဝင်ငွေတစ်ခုတည်းကို ဦးတည်မစဉ်းစားဘဲ လက်ရှိကုန်ဈေးနှုန်းများနဲ့ ထွက်ငွေများကိုလည်း ထည့်သွင်းစဉ်းစားရပါတယ်။ ဝင်ငွေခွန်ဟာ နိုင်ငံသားများအပေါ် ဝန်ထုပ်ဝန်ပိုးကြီးအဖြစ် မသက်ရောက်စေဘဲ အားလုံးက ကျေကျေနပ်နပ် တာဝန်ကျေကျေပေးဆောင်နိုင်ရေး စဉ်းစားပြီး မူဝါဒချမှတ်ကြပါတယ်။ အထူးသဖြင့် ဝင်ငွေနည်းပြည်သူများအပေါ် ဝင်ငွေခွန်မကောက်မိအောင် ကြိုးစားကြရပါတယ်။ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေမှာ လစဉ်ဝင်ငွေကျပ်တစ်သိန်းနှစ်သောင်းကနေ ကျပ်နှစ်သိန်းအထိရရှိသူတစ်ယောက်ရဲ့ လစဉ်ထွက်ငွေက ဝင်ငွေထက်တောင် ပိုများနေတတ်ပါတယ်။ စားသောက်စရိတ်၊ ခရီးစရိတ်၊ အိမ်ငှားခ၊ သင့်တင့်လျောက်ပတ်ရုံအဝတ်အစား စတဲ့မရှိမဖြစ်ကုန်ကျစရိတ်တွေကတင် လစာထက်ပိုများနေတတ်ပါတယ်။ နေမကောင်းလို့ ကုန်ကျရတဲ့ ဆေးဝါးကုသမှုစရိတ်၊ စာအုပ်စာတမ်းဖိုး၊ သားသမီးများရဲ့ ကျောင်းစရိတ်၊ ကျူရှင်စရိတ်တွေ၊ ပွဲလမ်းသဘင်တက်ရောက်တဲ့စရိတ်တွေ ထည့်ပေါင်းလိုက်ရင် တစ်လကျပ်နှစ်သိန်းရသူ လူတစ်ယောက်အတွက် စုဆောင်းဖို့တောင် ငွေမကျန်နိုင်တော့ပါ။ ထွက်ငွေကဝင်ငွေထက် ပိုများနေလို့လည်း လာဘ်စားမှု၊ အကျင့်ပျက်ခြစားမှုတွေ ဖြစ်ပေါ်နေတာပါ။ ဒါကြောင့်မို့လို့ တစ်လကို ကျပ်နှစ်သိန်းနဲ့ တစ်နှစ်ဝင်ငွေ ကျပ် ၂၄ သိန်း အထိရှိသူများအားလုံးကို ဝင်ငွေခွန်ကင်းလွတ်ခွင့်ပေးသင့်ပြီး ကျပ် ၂၄ သိန်းအထက် ရရှိသူများကိုသာ ဝင်ငွေခွန်ကောက်ခံသင့်ပါတယ်။

### သက်သာခွင့်များ

ဝင်ငွေခွန်ကောက်ခံတဲ့နေရာမှာ ရတဲ့ဝင်ငွေအားလုံးအပေါ် ရာခိုင်နှုန်းသတ်မှတ်ပြီး ကောက်ခံတာတော့ မဟုတ်ပါ။ အခွန်ထမ်းဆောင်သူအတွက် သက်သာခွင့်တွေပေးထားပြီး သက်သာခွင့် (Deduction/Exemption) တွေကို ခုနှိမ်ပြီး ကျန်တဲ့ငွေကိုမှ ဝင်ငွေခွန်စည်းကြပ်သင့်သော ဝင်ငွေ (Taxable Income) လို့ သတ်မှတ်တာပါ။ အမေရိကန်ပြည်ထောင်စုမှာတော့ သက်သာခွင့်များအဖြစ် အကြမ်းဖျင်းအားဖြင့် (၁) အိမ်ထောင်ဖက်၊ (၂) မှီခိုသူသားသမီး၊ (၃) တက္ကသိုလ်၊ ကောလိပ်ပညာသင်စရိတ်၊ (၄) ကိုယ်ပိုင်လုပ်ငန်းလုပ်သူများအတွက် ကျန်းမာရေးအာမခံ၊ (၅) ရွှေ့ပြောင်းစရိတ် စတာတွေ သက်သာခွင့်ပြုပါတယ်။

၂၀၁၃ ခုနှစ်အတွက် ဝင်ငွေခွန်စည်းကြပ်မှုအရ ဥပမာအားဖြင့် အခွန်ထမ်းဆောင်သူဟာ လူလွတ်ဖြစ်မယ်ဆိုရင် ဒေါ်လာ ၆၁၀၀၊ အိမ်ထောင်ဦးစီးဖြစ်မယ်ဆိုရင် ဒေါ်လာ ၈၉၅၀ သက်သာခွင့်ပြုပါတယ်။ အိမ်ထောင်ဖက်နဲ့ မှီခိုသူသားသမီးများအတွက် တစ်ယောက်ကို ဒေါ်လာ ၃၉၀၀ နှုန်း သက်သာခွင့်ပြုပါတယ်။ သားသမီးသို့မဟုတ် ကိုယ်တိုင်ရဲ့ တစ်နှစ်အတွင်းသုံးစွဲခဲ့တဲ့ တက္ကသိုလ်၊ ကောလိပ်ပညာသင်စရိတ်ကို သက်သာခွင့် ပြုပါတယ်။ နေအိမ်ရွှေ့ပြောင်းလို့ ကုန်ကျစရိတ်၊ ကျန်းမာရေးအာမခံအတွက် ပေးရငွေများကို သက်သာခွင့်ပြုပါတယ်။ အိမ်ထောင်ကွဲနေသူဖြစ်ရင် သူ ပေးဆောင်နေရတဲ့ မယားစရိတ်၊ ကလေးစရိတ်တွေကို သက်သာခွင့်ပြုပါတယ်။ အရစ်ကျစနစ်နဲ့ အိမ်ဝယ်ထားတယ်ဆိုရင် အိမ်အတွက် လစဉ်ပေးဆောင်ရငွေ၊ အစိုးရထံက ပိုက်ဆံချေးပြီး ကျောင်းတက်ထားလို့ အကြွေးပြန်ဆပ်နေရတယ်ဆိုရင် လစဉ်ပေးသွင်းနေရတဲ့ အတိုးငွေ စတာတွေကို သက်သာခွင့်ပြုပါတယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများအတွက် အခြားသက်သာခွင့်များလည်း ရှိပါသေးတယ်။ အဆိုပါ သက်သာခွင့်များအားလုံးကို ပေါင်းပြီး တစ်နှစ်တာဝင်ငွေထဲက နုတ်ပြီးမှ ကျန်တာကို အခွန်စည်းကြပ်သင့်သောဝင်ငွေလို့ သတ်မှတ်တာပါ။

မြန်မာနိုင်ငံမှာတော့ သက်သာခွင့်တွေ သိပ်မများလှပါ။ အိမ်ထောင်ဖက်တစ်ဦးအတွက် ကျပ်သုံးသိန်း၊ ကလေးတစ်ယောက်အတွက်

ကျပ် နှစ်သိန်း သက်သာခွင့်ပေးတယ်လို့ သိရပါတယ်။ လက်ရှိဥပဒေအရ ဥပမာအားဖြင့် တစ်နှစ်ကို ဝင်ငွေ ကျပ် (၁၅) သိန်းရသူတစ်ဦးဟာ အိမ်ထောင်ဖက်အတွက် ကျပ် (၃) သိန်း၊ ကလေးနှစ်ယောက်အတွက် ကျပ် (၄) သိန်း၊ စုစုပေါင်း ကျပ် (၇) သိန်းသာ သက်သာခွင့်ရပြီး ကျန်တဲ့ ကျပ် ၈ သိန်းအပေါ်မှာ ဝင်ငွေခွန်ဆောင်ရမှာဖြစ်ပါတယ်။ သက်သာခွင့်နည်းတော့ အခွန်စည်းကြပ်ရမည့် ဝင်ငွေများပြီး ဝင်ငွေခွန်ပမာဏလည်း များပြားပါတယ်။ သက်သာခွင့်စုစုပေါင်းဟာ ဝင်ငွေရဲ့ (၂၀) ရာခိုင်နှုန်း သို့မဟုတ် ကျပ်သိန်း (၁၀၀) ထက်မကျော်ရလို့လည်း ကန့်သတ်ထားပါတယ်။

မြန်မာနိုင်ငံမှာ အထက်ကဖော်ပြခဲ့တဲ့အတိုင်း တစ်နှစ်ဝင်ငွေ ကျပ် (၂၄) သိန်းရှိသူတွေတောင်မှ ကုန်ဈေးနှုန်းကြီးမြင့်မှုနဲ့ အထွေထွေစီးပွားရေးကျပ်တည်းမှုကြီးအတွင်းမှာ မနိုင်မနင်း ရုန်းကန်လှုပ်ရှားနေကြရတာမို့ လူလတ်တန်းစားလို့ မခေါ်နိုင်ပါ။ သူတို့လည်း ဆင်းရဲနွမ်းပါးသူများဖြစ်ကြပါတယ်။ ဒီတော့ ဝင်ငွေခွန်ကောက်ခံရာမှာ သက်သာခွင့်တွေ ပိုပြီးပေးသင့်ပါတယ်။ မြန်မာနိုင်ငံမှာ မြေမဲ့၊ ယာမဲ့၊ နေအိမ်မဲ့ပြည်သူတွေက များလွန်းလှပါတယ်။ ဒါကြောင့်မို့ မိသားစုတစ်စုရဲ့ဘဝကို လေ့လာကြည့်မယ်ဆိုရင် သူတို့ရှာဖွေရရှိတဲ့ တစ်လတာဝင်ငွေရဲ့အများစု (၄၀ ကနေ ၆၀ ရာခိုင်နှုန်းလောက်) ကို အိမ်ငှားခအဖြစ် သုံးစွဲနေကြရပါတယ်။ ရန်ကုန်ကို ဗဟိုပြုပြီး အိမ်ငှားခတွေကို လေ့လာကြည့်တဲ့အခါ မြို့စွန်မြို့ဖျားတွေမှာ အိမ်လခ တစ်လ ကျပ်ခြောက်သောင်းကနေ တစ်သိန်းကျော်၊ ဆင်ခြေဖုံးမြို့နယ်တွေမှာ ကျပ်တစ်သိန်းနဲ့ နှစ်သိန်းကြား၊ ရန်ကုန်မြို့လယ်က တိုက်ခန်းတွေက တစ်လကို ကျပ် နှစ်သိန်းကနေ လေးသိန်းအထိရှိကြပြီး ဒီနှုန်းတွေအားလုံးဟာ အိမ်သေးသေးလေးတစ်လုံးရဲ့ တစ်ခြမ်း၊ ဒါမှမဟုတ် ပေ ၂၀ × ပေ ၄၀ တိုက်ခန်းကျဉ်းကလေးအတွက် ဖြစ်ပါတယ်။ ပြီးတော့ လစာကို တစ်လတစ်ကြိမ်ပေးရတာ မဟုတ်ဘဲ ခြောက်လစာ၊ တစ်နှစ်စာပေါင်းပြီး





ကြိုပေးကြရတာပါ။ စာချုပ်သက်တမ်းတိုးတာနဲ့အမျှ အိမ်လခလည်း တိုးပါသေးတယ်။ ဝင်ငွေထဲက အများစုကို နေဖို့အတွက် မဖြစ်မနေ သုံးလိုက်ရပြီး ကျန်တဲ့ပိုက်ဆံက လမ်းစရိတ်၊ စားသောက်စရိတ်တွေနဲ့ မြန်မြန်ဆန်ဆန် ကုန်ဆုံးသွားတာပါ။ ဒါကြောင့်မို့ အစိုးရက သာမန်ပြည်သူများရဲ့ ဘဝအခက်အခဲတွေကို စာနာတဲ့အနေနဲ့ ဝင်ငွေခွန်သက်သာခွင့်တွေ ပိုပြီးခွင့်ပြုဖို့လိုအပ်ပါတယ်။

**ဝင်ငွေခွန်စည်းကြပ်နှုန်း**

မြန်မာနိုင်ငံမှာ လက်ရှိကျင့်သုံးနေတဲ့ ဝင်ငွေခွန်စည်းကြပ်တဲ့နှုန်းက သိပ်မများလှပါ။ ဒါပေမဲ့ မမျှတပါ။ အောက်ပါဇယားကိုကြည့်ပါ။

**သတ်မှတ်ထားသောသက်သာခွင့်များ ခုနှိမ်ပြီးနောက်**
**အခွန်စည်းကြပ်ထိုက်သည့် ဝင်ငွေနှင့်အခွန်နှုန်းထား**

| စဉ် | မှ (ကျပ်) | | စည်းကြပ်ရန် | ပေးဆောင်ရမည့် | ပေးဆောင်ရမည့် |
|---|---|---|---|---|---|
| | | အထိ (ကျပ်) | အခွန်နှုန်း | အခွန်ငွေ(ကျပ်) | အခွန်ငွေပေါင်း(ကျပ်) |
| ၁။ | ၁၅သိန်း | | ၁% | ၅,၀၀၀ | ၅,၀၀၀ |
| ၂။ | ၅၀၀,၀၀ | ၁၀၀သိန်း | ၂% | ၁၀,၀၀၀ | ၁၅,၀၀၀ |
| ၃။ | ၁,၀၀၀,၀၀ | ၁၁၅သိန်း | ၃% | ၁၅,၀၀၀ | ၃၀,၀၀၀ |
| ၄။ | ၁,၅၀၀,၀၀ | ၁ ၂၀သိန်း | ၄% | ၂၀,၀၀၀ | ၅၀,၀၀၀ |
| ၅။ | ၂,၀၀၀,၀၀ | ၁၃၀သိန်း | ၅% | ၅၀,၀၀၀ | ၁၀၀,၀၀၀ |
| ၆။ | ၃,၀၀၀,၀၀ | ၁၄၀သိန်း | ၆% | ၆၀,၀၀၀ | ၁၆၀,၀၀၀ |
| ၇။ | ၄,၀၀၀,၀၀ | ၁၆၀သိန်း | ၇% | ၁၄၀,၀၀၀ | ၃၀၀,၀၀၀ |
| ၈။ | ၆,၀၀၀,၀၀ | ၁၈၀သိန်း | ၉% | ၁၈၀,၀၀၀ | ၄၈၀,၀၀၀ |
| ၉။ | ၈,၀၀၀,၀၀ | ၁၁၀၀သိန်း | ၁၁% | ၂၂၀,၀၀၀ | ၇၀၀,၀၀၀ |
| ၁၀။ | ၁၀,၀၀၀,၀၀ | ၁၁၅၀သိန်း | ၁၃% | ၆၅၀,၀၀၀ | ၁၃သိန်း၅၀၀၀၀ |
| ၁၀။ | ၁၅,၀၀၀,၀၀ | ၁ ၂၀၀သိန်း | ၁၅% | ၇၅၀,၀၀၀ | ၂၁သိန်း |
| ၁၂။ | ၂၀၀သိန်း | ၁ကျပ်နှင့်အထက် | ၂၀% | | |

အထက်ပါဇယားအရ မြန်မာနိုင်ငံမှာ ဝင်ငွေခွန်ကောက်ခံတဲ့ အဆင့် (၁၂) ဆင့်ရှိပြီး ဝင်ငွေခွန်နှုန်းက အနည်းဆုံး (၁) ရာခိုင်နှုန်းကနေ အများဆုံး (၂၀) ရာခိုင်နှုန်းအထိရှိတာ တွေ့ရပါတယ်။ ဒါပေမဲ့ လက်တွေ့မှာ သတ်မှတ်ထားတဲ့ရာခိုင်နှုန်းထက် ပိုနည်းပါတယ်။

ဥပမာ အခွန်စည်းကြပ်နိုင်တဲ့ ဝင်ငွေကျပ် (၃၀) သိန်းကနေ (၄၀) သိန်းအထိကို (၆) ရာခိုင်နှုန်းနဲ့ ဝင်ငွေခွန် ကျပ် (၆) သောင်း စည်းကြပ်ပါတယ်။ (၁) ကျပ်ကနေ ကျပ် (၃၀) သိန်းအထိအတွက် စည်းကြပ်တဲ့ ဝင်ငွေခွန် တစ်သိန်းကျပ်နဲ့ ပေါင်းလိုက်တော့ စုစုပေါင်း ကျပ် (၁) သိန်း (၆) သောင်း အခွန်ဆောင်ရပါတယ်။ ဒါကြောင့်မို့ သက်သာခွင့်များခုနှိမ်ပြီး တစ်နှစ် ဝင်ငွေကျပ် (၄၀) သိန်းရှိသူတစ်ဦးဟာ ကျပ်တစ်သိန်းခြောက်သောင်း အခွန်ဆောင်ရတာမို့ ဝင်ငွေရဲ့ (၄) ရာခိုင်နှုန်းသာဖြစ်ပါတယ်။

အလားတူပဲ သက်သာခွင့်များခုနှိမ်ပြီး ဝင်ငွေကျပ်သိန်း (၁၅၀) နဲ့ သိန်း(၂၀၀)အတွင်းကို အခွန်ငွေ (၁၅) ရာခိုင်နှုန်းကောက်ခံတယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ အမှန်တကယ်ပေးရတာက ကျပ် (၂၁) သိန်းဖြစ်လို့ (၁၀ ဒသမ ၅) ရာခိုင်နှုန်းသာဖြစ်ပါတယ်။ ကျပ်သိန်း(၂၀၀)နဲ့အထက် ဝင်ငွေရှိသူတွေကို (၂၀) ရာခိုင်နှုန်းအခွန်ကောက်တယ်လို့ ဆိုပါတယ်။ ကျပ်သိန်း (၄၀၀) ဝင်ငွေရှိသူရဲ့ အမှန်တကယ်အခွန်ဆောင်ရငွေက ကျပ် (၆၁) သိန်းသာဖြစ်လို့ (၁၅ ဒသမ ၂၅) ရာခိုင်နှုန်းသာ ရှိပါတယ်။

အမေရိကန်ပြည်ထောင်စုမှာ ဝင်ငွေခွန်ကောက်ခံနှုန်း (၇) ဆင့်ရှိပြီး အနည်းဆုံးသက်သာခွင့်များ ခုနှိမ်ပြီးသားဝင်ငွေရဲ့ (၁၀) ရာခိုင်နှုန်းကနေ အများဆုံး (၃၉ ဒသမ ၆) ရာခိုင်နှုန်းအထိ အခွန်စည်းကြပ်ပါတယ်။ ကြွယ်ဝချမ်းသာသူလို့ သတ်မှတ်ခံရတဲ့တစ်နှစ်ဝင်ငွေ ဒေါ်လာ တစ်သိန်းအထိရသူတွေဟာ ပျမ်းမျှခြင်း (၁၉ ဒသမ ၅) ရာခိုင်နှုန်း အခွန်ဆောင်ရပါတယ်။ ဒေါ်လာလေးသိန်းအထိရရှိသောလူလွတ်တွေ (Single) ဟာ (၂၉) ရာခိုင်နှုန်း၊ ဒေါ်လာငါးသိန်းနဲ့အထက် ဝင်ငွေရှိသူ





အိမ်ထောင်ဦးစီးတွေ (Head of Household) ဟာ (၃၀) ရာခိုင်နှုန်း အခွန်ဆောင်ရပါတယ်။

မြန်မာနိုင်ငံမှာ အမေရိကန်ပြည်ထောင်စုလောက် ဝင်ငွေခွန်နှုန်းမြင့်မားဖို့မသင့်ပေမည့် လက်ရှိနှုန်းထားများကို မြှုပြင်သင့်ပါတယ်။ သက်သာခွင့်တွေခုနှိမ်ပြီး တစ်နှစ်ဝင်ငွေကျပ်သိန်း (၁၀၀) နဲ့အထက် ရှိသူများဟာ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ဗိုလ်ချုပ်ကြီးများ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဝန်ကြီးချုပ်များ၊ ဝန်ကြီးများ စတဲ့အစိုးရထိပ်တန်းခေါင်းဆောင်များနဲ့ ကိုယ်ပိုင်လုပ်ငန်းရှင်များ၊ ပုဂ္ဂလိက စီးပွားရေးသမားများသာ ဖြစ်ကြပါလိမ့်မယ်။ လစာနှုန်း ကျပ်နှစ်သိန်းလေးသောင်းနဲ့ တစ်နှစ်ကို ကျပ် ၂၈ သိန်း ၈ သောင်းသာရရှိမည့် ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးဆိုတဲ့အစိုးရဌာနက အမြင့်ဆုံးအရာရှိများ၊ တစ်လကို ကျပ်သုံးသိန်းနဲ့တစ်နှစ်ကို ကျပ် ၃၆ သိန်းလောက်သာ ဝင်ငွေရှိတဲ့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ တစ်လကို ကျပ်နှစ်သိန်းနဲ့ တစ်နှစ်မှ ကျပ် ၂၄ သိန်းသာ ရရှိမည့်တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မပါဝင်နိုင်ပါ။ ဒါကြောင့်မို့ တစ်နှစ်ဝင်ငွေကျပ်သိန်း (၁၀၀) အထိကို ဝင်ငွေခွန် (၁၁) ရာခိုင်နှုန်းကောက်ခံတာသင့်တော်ပေမည့် ကျပ်သိန်း (၁၀၀) ကနေ သိန်း (၂၀၀) အထိကို ဝင်ငွေခွန် (၂၀) ရာခိုင်နှုန်း၊ ကျပ်သိန်း (၂၀၀) ကနေ ကျပ်သိန်း (၅၀၀) အထိကို ဝင်ငွေခွန် (၂၅) ရာခိုင်နှုန်း၊ ကျပ်သိန်း (၅၀၀) နဲ့အထက်ကို ဝင်ငွေခွန် (၃၀) ရာခိုင်နှုန်း ကောက်ခံသင့်ပါတယ်။

### အစိုးရ၊ ပြည်သူနှင့်အခွန်ဆောင်ခြင်း

ဘယ်တိုင်းပြည်မှာမဆို သတ်မှတ်ထားတဲ့အခွန်ငွေ ပေးဆောင်ခြင်းဟာ နိုင်ငံသားတိုင်း မဖြစ်မနေထမ်းဆောင်ရမည့် တာဝန်တစ်ခု

ဖြစ်ပါတယ်။ အစိုးရရဲ့အသုံးစရိတ်တွေအားလုံးကို တိုင်းသူပြည်သားများ ပေးဆောင်တဲ့ အခွန်ငွေ၊ နိုင်ငံပိုင်စီးပွားရေးနဲ့ ကုန်ထုတ်လုပ်ငန်းများမှ ရရှိငွေ၊ နိုင်ငံပိုင် မြေပေါ်မြေအောက်သယံဇာတပစ္စည်းများ ထုတ်လုပ် ရောင်းချခြင်းမှရရှိငွေများနဲ့ ကျခံရပါတယ်။ အစိုးရဘဏ္ဍာငွေဆိုတာ ပြည်သူလူထုပိုင်တဲ့ပိုက်ဆံပါ။ အစိုးရကို ပြည်သူလူထုက ရွေးချယ်ခန့်အပ်ပြီး လစာပေးစေခိုင်းနေတာပါ။ အစိုးရကလည်း ပြည်သူလူထုက အပ်နှင်းတဲ့အာဏာနဲ့ ပေးအပ်တဲ့ပိုက်ဆံတွေကို ပြည်သူလူထု အကျိုးစီးပွား အတွက် မှန်မှန်ကန်ကန် ဖြောင့်ဖြောင့်မတ်မတ် စီမံခန့်ခွဲသုံးစွဲရမှာပါ။ အစိုးရက နိုင်ငံ့ဘဏ္ဍာငွေကို ဘယ်လိုသုံးစွဲသလဲဆိုတာကို ပြည်သူလူထု ကို မှန်မှန်ကန်ကန်တင်ပြဖို့ တာဝန်ရှိပြီး အစစ်ဆေးလည်း ခံနိုင်ရမှာပါ။

## (၃) ကာကွယ်ရေးအသုံးစရိတ်ဆိုင်ရာမူဝါဒ (Defense Budget Policy)

### ရီပတ်ဘလီကင်ပါတီ၏ ကာကွယ်ရေးအသုံးစရိတ်မူဝါဒ

ရီပတ်ဘလီကင်ပါတီရဲ့ နိုင်ငံတော်ကာကွယ်ရေးမူဝါဒက ကာကွယ်ရေးအသုံးစရိတ်ကို ပုံမှန်တိုးမြှင့်ပြီး ခိုင်မာအားကောင်းတဲ့ စစ်တပ်၊ ကမ္ဘာအနှံ့မှာ စစ်ပွဲကြီးသုံးပွဲလောက်ကို တစ်ပြိုင်တည်း ရင်ဆိုင် တိုက်ခိုက်နိုင်စွမ်းရှိအောင်၊ ရုတ်တရက်ပေါ်ပေါက်လာမည့် စိန်ခေါ်မှု များကို အချိန်မရွေး ရင်ဆိုင်နိုင်အောင် အဆင်သင့်ရှိတဲ့ လက်နက်ကိုင် တပ်များကို တည်ဆောက်အသင့်ပြင်ထားဖို့ဖြစ်ပါတယ်။ အဲဒီလို သမ္မတ ရော်နယ်ရေဂင် လက်ထက်ကတည်းကကျင့်သုံးခဲ့လို့ ဆိုဗီယက်ယူနီယံကို အောင်မြင်စွာရင်ဆိုင်နိုင်ခဲ့ပြီး စစ်အေးတိုက်ပွဲမှာ အမေရိကန်ပြည်ထောင်စု ကို အနိုင်ရစေခဲ့တဲ့ ကာကွယ်ရေးမူဝါဒဟာ ဒီကနေ့မှာလည်း လိုအပ်နေ ဆဲပဲလို့ ရီပတ်ဘလီကင်ပါတီက ယုံကြည်ပါတယ်။ မိမိကိုယ်တိုင်အင်အား ရှိမှ ခိုင်မြဲတဲ့ငြိမ်းချမ်းရေး၊ လွတ်လပ်မှုနဲ့လွတ်လပ်မှုကို ကာကွယ်ချင်စိတ် ရှိတဲ့ လူ့အသိုင်းအဝိုင်းကို တည်ဆောက်နိုင်မယ်လို့ ယုံကြည်ပါတယ်။





အမေရိကန်ပြည်ထောင်စုရဲ့ အကျိုးစီးပွားကို ကာကွယ်ရာမှာ ပြည်တွင်းလုံခြုံရေးကို ဂရုစိုက်ဖို့လိုအပ်သလို နိုင်ငံအပြင်ဘက်က အမေ ရိကန်ပြည်ထောင်စုကို နှောင့်ယှက်တိုက်ခိုက်မည့်သူတွေကို ချေမှုန်းဖို့၊ ကမ္ဘာတစ်ဝန်းမှာ ဖြန့်ကြက်ရောက်ရှိနေတဲ့ အမေရိကန်နိုင်ငံသား များနဲ့ အမေရိကန်အကျိုးစီးပွားတွေကိုလည်း ဘယ်နေရာမှာရှိရှိ စောင့် ရှောက်ကာကွယ်ဖို့နဲ့ အမေရိကန်ပြည်ထောင်စုရဲ့ မဟာမိတ်တွေကို အကာအကွယ်ပေးဖို့ လိုအပ်တယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့်မို့ အမေရိကန်ပြည်ထောင်စုရဲ့ လက်နက်ကိုင်တပ်ဖွဲ့များကို အင်အားကောင်း မွန်အောင်၊ ခေတ်မီတိုးတက်အောင် ကာကွယ်ရေး အသုံးစရိတ်ကို နှစ်စဉ် ပုံမှန်မြှင့်တင်ဖို့ ရီပတ်ဘလီကင်ပါတီက မူဝါဒ ချမှတ်ထား ပါတယ်။

ကမ္ဘာကြီးရဲ့တစ်ခုတည်းသောစစ်အင်အားအကြီးဆုံး (Super Power) နိုင်ငံအနေနဲ့ အမေရိကန်ပြည်ထောင်စုနဲ့ ကမ္ဘာကြီးတစ်ခု လုံးကို ခြိမ်းခြောက်နေတဲ့အကြမ်းဖက်ဝါဒကို အခြားမိတ်ဖက်နိုင်ငံများနဲ့ လက်တွဲလို့ စုပေါင်းရင်ဆိုင်မှာဖြစ်သလို လိုအပ်မယ်ဆိုရင် တစ်ဦး တည်း၊ တစ်နိုင်ငံတည်းလည်း ရင်ဆိုင်ရမယ်လို့လည်း ယုံကြည်ပါတယ်။ ဒါကြောင့်မို့ ရီပတ်ဘလီကင်ပါတီကို တစ်ကိုယ်တော်ဝါဒီများ (Unilateralists)၊ ဝင်ရောက်စွက်ဖက်ရေးဝါဒီများ (Interventionists)၊ စစ်သွေးကြွများ (Hawks) လို့လည်း ခေါ်ကြပါတယ်။

ဒီမူဝါဒက အမေရိကန်ပြည်ထောင်စု စီးပွားပျက်ကပ်နဲ့ တွေ့ကြုံရတဲ့အချိန်မှာ အဆင်မပြေတော့ပါ။ စီးပွားရေးကောင်းနေ ချိန်မှာ စစ်ရေးအသုံးစရိတ်တိုးမြှင့်တာ (သို့မဟုတ်) လက်ရှိအတိုင်း ထိန်းထားတာကို ကန့်ကွက်သူသိပ်မရှိပေမဲ့ စီးပွားပျက်တဲ့အခါကျတော့ စစ်ရေးအသုံးစရိတ်တွေကို လျှော့ချဖို့ တောင်းဆိုသံတွေ ဆူညံလာ ပါတယ်။ မအောင်မြင်တဲ့စစ်ပွဲတွေကြောင့် အမေရိကန်စစ်သားတွေ အမြောက်အမြားကျဆုံး ဒဏ်ရာရပြီး မသေသူတွေမှာလည်း စိတ်ဓာတ်

ရေးရာ ပြိုကွဲပျက်စီးကြရတဲ့အခါ စစ်ပွဲတွေအမြန်ဆုံးရပ်စဲဖို့၊ ပြည်ပရောက်အမေရိကန်စစ်သားတွေကို ပြန်ခေါ်ဖို့တောင်းဆိုသံတွေညံလာပြီး ကမ္ဘာကြီးရဲ့ ပြဿနာတိုင်းမှာ အမေရိကန်ပါဝင်ဦးဆောင်စရာ မလိုဘူးလို့ ကန့်ကွက်သူတွေ ရှိလာပါတယ်။ တစ်ခါ ကာကွယ်ရေးအသုံးစရိတ်ရဲ့အများစုက စစ်လက်နက်ပစ္စည်းတီထွင်မှု၊ ထုတ်လုပ်မှု၊ ဝယ်ယူမှုများအတွက်ဖြစ်ပြီး အမေရိကန်စစ်လက်နက်ပစ္စည်း ထုတ်လုပ်တဲ့ ကော်ပိုရေးရှင်းတွေက ရီပတ်ဘလီကင်ပါတီရဲ့ အဓိကငွေကြေး လှူဒါန်းသူများဖြစ်နေပြန်ပါတယ်။

## ဒီမိုကရက်တစ်ပါတီ၏ ကာကွယ်ရေးအသုံးစရိတ်မူဝါဒ

ဒီမိုကရက်တစ်ပါတီကတော့ သမ္မတရေဂင်လက်ထက်က စစ်အေးတိုက်ပွဲဆိုင်ရာကာကွယ်ရေးမူဝါဒကို 'ခေတ်မမီတော့တဲ့ဝါဒ' လို့မြင်ကြပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့အကျိုးစီးပွားကို ကာကွယ်ဖို့အတွက် စစ်အသုံးစရိတ်မြှင့်စရာ မလို၊ စစ်တပ်ကို တိုးချဲ့စရာမလိုဘဲ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ၊ ညှိနှိုင်းမှုများနဲ့ အောင်မြင်နိုင်တယ်လို့ ယူဆပါတယ်။

ဒီနေ့ကမ္ဘာကြီးမှာ ရင်ဆိုင်နေရတဲ့ ခြိမ်းခြောက်မှုတွေဟာ ပုံသဏ္ဍာန်တစ်မျိုးဖြစ်တာမို့ ဒီခြိမ်းခြောက်မှုတွေကို ရင်ဆိုင်နိုင်ဖို့ အမေရိကန်လက်နက်ကိုင်တပ်ဖွဲ့များဟာ အင်အား အလွန်ကြီးမားစရာမလိုဘဲ ဒရုန်း (Drone) လို့ခေါ်တဲ့ မောင်းသူမဲ့လေယာဉ်လိုမျိုး ခေတ်မီလက်နက်နဲ့ ခေတ်မီနည်းပညာများကို စနစ်တကျ လုံလုံလောက်လောက် အသုံးချနိုင်ဖို့ပဲ လိုအပ်တယ်လို့ ယုံကြည်ကြပါတယ်။ ဒါကြောင့် လက်ရှိ အမြဲတမ်းတပ်များရဲ့အင်အားကို အတိုင်းအတာတစ်ခုအထိလျှော့ချပြီး ပိုပြီးကျစ်လျစ်တဲ့၊ အလွယ်တကူ လျင်လျင်မြန်မြန် ရွှေ့ပြောင်းလှုပ်ရှားနိုင်တဲ့ အထူးတပ်ဖွဲ့တွေ ပိုဖွဲ့ဖို့၊ သမားရိုးကျစစ်လက်နက်ပစ္စည်းဝယ်ယူမှုကို လျှော့ချပြီး ခေတ်မီနဲ့ ခေတ်လွန်စစ်





လက်နက်တွေကို သုတေသနပြုထုတ်လုပ်တပ်ဆင်ဖို့ မူဝါဒချမှတ်ထားပါတယ်။ နိုင်ငံတကာအရေးအခင်းတွေမှာ တစ်ကိုယ်တော်ဦးဆောင်မှုကိုရှောင်ကြဉ်ပြီး ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရများနဲ့ ပူးပေါင်းဆောင်ရွက်မှုကို ဦးစားပေးပါတယ်။ ဒါကြောင့်မို့ ဒီမိုကရက်တစ်ပါတီကို နိုင်ငံတကာ ဝါဒီများ (Internationalists)၊ အားနွဲ့သူများ (Doves) လို့ ခေါ်ကြပါတယ်။

ဒီမူဝါဒက အမေရိကန်ပြည်ထောင်စု စီးပွားရေးကျဆင်းနေချိန်အတွက် သင့်တော်တဲ့မူဝါဒ ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ဘတ်ဂျက်မှာလည်း ကာကွယ်ရေးအသုံးစရိတ်က အမြင့်ဆုံးဖြစ်ပါတယ်။ ကာကွယ်ရေးအသုံးစရိတ်ကို လျှော့ချခြင်းဖြင့် ပိုထွက်လာတဲ့ပိုက်ဆံတွေကို အလုပ်အကိုင်သစ်တွေဖန်တီးဖို့၊ အလုပ်လက်မဲ့ထောက်ပံ့ကြေးတွေပေးဖို့၊ လူမှုရေး၊ ပညာရေးတွေမှာ သုံးနိုင်မှာပါ။ ဒါပေမဲ့ အားနည်းချက်တော့ ရှိနေတာပါပဲ။ စစ်တပ်အင်အားကို လျှော့ချမယ်ဆိုရင် လက်ရှိအလုပ်လက်မဲ့အရေအတွက်ထဲကို သိန်းနဲ့ချီတဲ့ အမေရိကန်စစ်သားဟောင်းတွေ တိုးဝင်ရောက်ရှိလာမှာပါ။ သမားရိုးကျ စစ်လက်နက် ထုတ်လုပ်တာတွေ လျှော့ချရင်လည်း လက်နက်စက်ရုံတွေပိတ်ရပြီး အလုပ်သမားတွေ အလုပ်လက်မဲ့ဖြစ်ကြရမှာပါ။

တစ်ခါ နိုင်ငံတကာအရေးကိစ္စတွေမှာ ရှေ့ကဦးမဆောင်ဘဲ နိုင်ငံတကာအသိုင်းအဝိုင်းနဲ့မှ လှုပ်ရှားတာ၊ ရုရှားနဲ့တရုတ်တို့က ဗီတိုအာဏာကိုင်တွယ်ထားတဲ့ကုလသမဂ္ဂလုံခြုံရေးကောင်စီကို အလွန်အကျွံအားကိုးတာက အမေရိကန်ဦးဆောင်မှုကို မျှော်လင့်နေတဲ့ ကမ္ဘာ့ဒီမိုကရေစီနိုင်ငံများ၊ အထူးသဖြင့် ရုရှားရဲ့အနိုင်ကျင့်ခြိမ်းခြောက်မှုကိုခံနေရတဲ့ ယူကရိန်းအပါအဝင် အရှေ့ဥရောပနိုင်ငံများ၊ တရုတ်ရဲ့ခြိမ်းခြောက်မှုကို ရင်ဆိုင်နေရတဲ့ ဂျပန်၊ ကိုရီးယား၊ ဖိလစ်ပိုင် စတဲ့အာရှပစိဖိတ်နိုင်ငံများကို အားငယ်စိတ်ပျက်စေပါတယ်။

## မြန်မာနိုင်ငံ၏ လက်ရှိကာကွယ်ရေးအသုံးစရိတ်

မြန်မာနိုင်ငံက အမေရိကန်လိုချမ်းသာတဲ့နိုင်ငံမဟုတ်၊ နိုင်ငံတကာစစ်တွေ ဆင်နွှဲနေရတဲ့နိုင်ငံမဟုတ်၊ အခြားနိုင်ငံတွေက အားကိုးအကူအညီတောင်းခံရတဲ့ နိုင်ငံမဟုတ်ဘဲ အရှေ့တောင်အာရှက ဆင်းရဲတဲ့ နိုင်ငံငယ်လေးတစ်ခုသာ ဖြစ်ပါတယ်။ လူဦးရေ သန်း ၆၀ လောက်ရှိပြီး ကုလသမဂ္ဂကထုတ်ပြန်တဲ့စာရင်းဇယားတွေအရ လူဦးရေရဲ့ ၂၆ ရာခိုင်နှုန်းက အလွန့်အလွန် ဆင်းရဲနွမ်းပါးတဲ့အဆင့်မှာရှိပြီး လူဦးရေရဲ့ ၆၃ ရာခိုင်နှုန်းက လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှာ မှီခိုနေရတဲ့နိုင်ငံမှာ အင်အားလေးသိန်းလောက်ရှိတဲ့ အစိုးရလက်နက်ကိုင် တပ်ကြီးရှိနေတာ အံ့သြစရာကောင်းလှပါတယ်။ တစ်ခါ ဒီလက်နက်ကိုင်တပ်ဖွဲ့ကြီးကို ၁၉၉၀ ခုနှစ်ကစလို့ ခေတ်မီတိုးတက်တဲ့ တပ်မတော်ဖြစ်အောင် ခေတ်မီစစ်လက်နက်ပစ္စည်းတွေ အဆက်မပြတ် တပ်ဆင်နေတာမို့ တိုင်းပြည်ရဲ့ဘတ်ဂျက်ထဲက ကာကွယ်ရေးအသုံးစရိတ်ကို နှစ်တိုင်းအများဆုံးသုံးစွဲနေရပါတယ်။ စစ်အသုံးစရိတ် ကြီးမားလွန်းတော့ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စတဲ့အသုံးစရိတ်တွေနည်းပါးပြီး အဆင်းရဲဆုံးလူသားတွေ တစ်နေ့တခြား တိုးပွားနေပါတယ်။ တစ်ခါ ဒီတပ်မတော်ကြီးက တိုင်းပြည်ရဲ့အကြီးဆုံးစီးပွားရေး လုပ်ငန်းရှင်ကြီးလည်းဖြစ်၊ အကြီးဆုံးမြေပိုင်ရှင်ကြီးလည်းဖြစ်တော့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ရှားမှုတွေ ဘယ်လိုမှမအောင်မြင်နိုင်တာ အံ့သြစရာမရှိပါ။

၂၀၁၁ ခုနှစ် ပြည်ထောင်စုလွှတ်တော် ပေါ်ပေါက်လာတဲ့အချိန်ကစလို့မှ မြန်မာနိုင်ငံသားတွေအဖို့ အစိုးရရဲ့ နှစ်စဉ်စစ်ရေးအသုံးစရိတ်ကို စတင်သိခွင့်ရကြပါတယ်။ စစ်အစိုးရခေတ်ထက်လျှော့ပြီးသုံးစွဲပါတယ်ဆိုပေမည့် နှစ်စဉ်နှစ်တိုင်း တိုင်းပြည်ဘတ်ဂျက်ရဲ့နှစ်ဆယ်ရာခိုင်နှုန်းလောက်ကို ကာကွယ်ရေးအသုံးစရိတ်အဖြစ် ခွဲဝေပေးနေရပါတယ်။ ပြည်ထောင်စုလွှတ်တော်က မတ်လ (၂၈) ရက်နေ့





မှာအတည်ပြုပြီး မတ်လ (၃၁) ရက်နဲ့ ဧပြီလ (၁) ရက်နေ့တွေမှာ သမ္မတလက်မှတ်ထိုးပြီး အစိုးရသတင်းစာတွေမှာ ဖော်ပြတဲ့ '၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ' ကို လေ့လာကြည့်မိပါတယ်။ အဲဒီဥပဒေအရ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုတစ်ခုလုံးရဲ့ နိုင်ငံတော်ဘဏ္ဍာမှ စုစုပေါင်း အသုံးစရိတ်ဟာ ကျပ်သန်းထောင်ပေါင်း (၁၈,၈၉၀ ဒသမ ၅၁၂) ဖြစ်ပြီး ဝန်ကြီးဌာနအားလုံးရဲ့နိုင်ငံတော်ဘဏ္ဍာမှ စုစုပေါင်းအသုံးစရိတ်က ကျပ်သန်းထောင်ပေါင်း (၁၀,၁၈၃ ဒသမ ၆၆၄) ဖြစ်ပါတယ်။

ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွင့်ပြုထားတဲ့ အသုံးစရိတ်က ကျပ်သန်းထောင်ပေါင်း (၂,၃၆၅ ဒသမ ၈၁၃) ဖြစ်ပါတယ်။ ဒီပမာဏဟာ ပြည်ထောင်စုအသုံးစရိတ်ရဲ့ (၁၂ ဒသမ ၅၂) ရာခိုင်နှုန်းဖြစ်ပြီး ဝန်ကြီးဌာနအားလုံးစုစုပေါင်းအသုံးစရိတ်ရဲ့ (၂၃ ဒသမ ၂၃) ရာခိုင်နှုန်း ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာန အသုံးစရိတ်က ကျပ်သန်းထောင်ပေါင်း (၁,၁၄၂ ဒသမ ၅၀၃)နဲ့ ပြည်ထောင်စုအသုံးစရိတ်ရဲ့ (၆ ဒသမ ၀၄) ရာခိုင်နှုန်းဖြစ်ပြီး ဝန်ကြီးဌာနအားလုံးစုစုပေါင်း အသုံးစရိတ်ရဲ့ (၁၁ ဒသမ ၂၁) ရာခိုင်နှုန်းဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန အသုံးစရိတ်က ကျပ်သန်းထောင်ပေါင်း (၆၅၂ ဒသမ ၇၄၄) နဲ့ ပြည်ထောင်စုအသုံးစရိတ်ရဲ့ (၃ ဒသမ ၄၅) ရာခိုင်နှုန်းဖြစ်ပြီး ဝန်ကြီးဌာနအားလုံးစုစုပေါင်းအသုံးစရိတ်ရဲ့ (၆ ဒသမ ၄) ရာခိုင်နှုန်း ဖြစ်ပါတယ်။ ဒါကြောင့် ကာကွယ်ရေးဝန်ကြီးဌာန အသုံးစရိတ်က ပညာရေးနဲ့ ကျန်းမာရေးဝန်ကြီးဌာန နှစ်ခုပေါင်း အသုံးစရိတ်ထက် (၃၀) ရာခိုင်နှုန်း ပိုများပါတယ်။ အောက်ပါဇယားကိုကြည့်ပါ။

(က) ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေ၊ သုံးငွေဇယား ၄ မှ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ စုစုပေါင်းသုံးငွေ၊ ကျပ်သန်းထောင်ပေါင်း (၁၀,၁၈၃ ဒသမ ၆၆၄)။

(ခ) ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရ အသုံး ဆိုင်ရာဥပဒေ၊ သုံးငွေဇယား ၂,၄၄,၈,၁၃ မှ စုစုပေါင်း ပြည်ထောင်စုသုံးငွေ ကျပ်သန်းထောင်ပေါင်း (၁၈,၈၉၀ ဒသမ ၅၁၂)။

| အမှတ်စဉ် | ဝန်ကြီးဌာန | စုစုပေါင်းသုံးငွေ (ကျပ်သန်းထောင်ပေါင်း)(က) | ၏% | (ခ)၏% |
|---|---|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | ၂,၃၆၅ဒသမ၈၁၃ | ၂၃ဒသမ၂၃ | ၁၂ဒသမ၅၂ |
| ၂။ | ပညာရေးဝန်ကြီးဌာန | ၁,၁၄၂ဒသမ၅၀၃ | ၁၁ဒသမ၂၂ | ၆ဒသမ၀၄ |
| ၃။ | ကျန်းမာရေးဝန်ကြီးဌာန | ၆၅၂ဒသမ၇၄၄ | ၆ဒသမ၄၁ | ၃ဒသမ၄၅ |

## မြန်မာနိုင်ငံအတွက် ကာကွယ်ရေးအသုံးစရိတ်မူဝါဒ

မြန်မာနိုင်ငံလို ဆင်းရဲနွမ်းပါးပြီး ဖွံ့ဖြိုးတိုးတက်ဖို့ အသည်းအသန် ကြိုးစားနေရတဲ့၊ ပြည်ပခြိမ်းခြောက်မှုမရှိတဲ့ နိုင်ငံငယ်လေးအဖို့ အကောင်းဆုံးမူဝါဒက ကာကွယ်ရေးအသုံးစရိတ်ကို လျှော့ချတာ၊ လက်နက်ကိုင်တပ်ဖွဲ့အင်အားကို လျှော့ချတာပဲ ဖြစ်ပါတယ်။ စစ်ရေးအသုံးစရိတ်လျှော့ချပြီး ပညာရေး၊ ကျန်းမာရေးအသုံးစရိတ်တွေ တိုးမြှင့်မှ တိုင်းသူပြည်သားတွေကို ဆင်းရဲတွင်းထဲက ဆွဲထုတ်နိုင်မှာပါ။

တပ်အင်အားလျှော့ချတယ်ဆိုရာမှာလည်း လက်လွတ်စပယ် လျှော့ချတာမဟုတ်ဘဲ ပြည်ထောင်စုလွှတ်တော်ရဲ့ဆုံးဖြတ်ချက်နဲ့ လျှော့ချတာ ဖြစ်သင့်ပါတယ်။ ပြည်ထောင်စုလွှတ်တော်က ကျွမ်းကျင်သူများနဲ့ ကော်မရှင်တစ်ရပ်ဖွဲ့စည်းပြီး တိုင်းပြည်ရဲ့အခြေအနေနဲ့ သင့်တော်လုံလောက်မည့် လက်နက်ကိုင်တပ်ဖွဲ့များရဲ့ အရွယ်အစားနဲ့ အင်အားကို ဆုံးဖြတ်သင့်ပါတယ်။ အဲဒီလိုအရွယ်အစားနဲ့အင်အားကို ဆုံးဖြတ်လျှော့ချပြီးမှ သင့်တော်တဲ့အသုံးစရိတ်ကို ပြည်ထောင်စုလွှတ်တော်က ခွဲဝေသတ်မှတ်ပေးရမှာပါ။





တပ်အင်အားလျှော့ချရာမှာ အရေးအကြီးဆုံးက အင်မတန်ဖောင်းပွနေတဲ့အရာရှိအဆင့်များကို ထိထိရောက်ရောက်လျှော့ချဖို့ ဖြစ်ပါတယ်။ နှစ်စဉ်နှစ်တိုင်း စစ်တက္ကသိုလ်များနဲ့ ဗိုလ်သင်တန်းကျောင်းများက အရာရှိများ ထောင်နဲ့ချီပြီး မွေးထုတ်နေပါတယ်။ အဲဒီလိုတပ်မတော်အရာရှိများကို အလွန်အကျွံမွေးထုတ်လေ့ကျင့်ပေးနေတာဟာ လက်နက်ကိုင်တပ်ဖွဲ့များအတွက်သာမကဘဲ ပြည်ထဲရေး၊ နယ်စပ်ရေးရာ၊ လူဝင်မှု၊ နိုင်ငံခြားရေး စတဲ့အရေးကြီးတဲ့ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ ရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်စတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှာ တပ်မတော်အရာရှိများက ဝင်ရောက်စိုးမိုးနေရာယူနိုင်ဖို့လည်း ဖြစ်ပါတယ်။ ဒါကြောင့် စစ်ဘက်မှအရပ်ဘက်သို့ ကူးပြောင်းအမှုထမ်းခြင်းများကို ကန့်သတ်လျှော့ချဖို့လိုအပ်ပါတယ်။

ပြီးတော့ ဗိုလ်ချုပ်ကြီး၊ ဒုဗိုလ်ချုပ်ကြီးရာထူးတွေ ဖောင်းပွနေတာကိုတားမြစ်နိုင်ဖို့ ထိပ်ဆုံးမှာမလိုအပ်ဘဲ ဖန်တီးထားတဲ့ ဗိုလ်ချုပ်မှူးကြီး၊ ဒုဗိုလ်ချုပ်မှူးကြီးရာထူးတွေကို ဖျက်သိမ်းသင့်ပါတယ်။ ဗိုလ်ချုပ်ရာထူးနဲ့ အထက်ရာထူးခန့်ထားမှုများကို ကာကွယ်ရေးဦးစီးချုပ်တစ်ဦးတည်းရဲ့သဘောထားနဲ့မဟုတ်ဘဲ ပြည်ထောင်စုလွှတ်တော်ရဲ့သဘောတူညီမှုနဲ့သာ ခန့်အပ်တာဝန်ပေးသင့်ပါတယ်။ စစ်သည်အင်အား တစ်သန်းနီးပါးရှိတဲ့ အမေရိကန်ပြည်ထောင်စုလက်နက်ကိုင်တပ်ဖွဲ့များမှာ ရာထူးအကြီးဆုံးကကြယ်လေးပွင့်ဗိုလ်ချုပ်ကြီး ဖြစ်ပါတယ်။ ကြယ်ငါးပွင့်ဗိုလ်ချုပ်မှူးကြီးဆိုတာမရှိပါ။ ဗိုလ်ချုပ်နဲ့အထက်ရာထူးတိုးမြှင့်မှုများကိုလည်း အထက်လွှတ်တော်ရဲ့သဘောတူညီမှုနဲ့ ဆောင်ရွက်ရပါတယ်။

အဲဒီလို မြန်မာနိုင်ငံရဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေကို သင့်တော်တဲ့အရွယ်အစားအထိလျှော့ချ၊ အရာရှိများဖောင်းပွမှုကိုလည်း ကျစ်လျစ်စေ၊ စစ်တပ်အရာရှိများ အရပ်ဘက်ရာထူးကြီးတွေမှာ ကူးပြောင်း

တာဝန်ထမ်းတာတွေ ပိတ်ပင်နိုင်မယ်ဆိုရင် တိုင်းပြည်ရဲ့ ကာကွယ်ရေးအသုံးစရိတ်တွေကို အတိုင်းအတာတစ်ခုထိ လျှော့ချနိုင်မှာပါ။

ဒါတင်မကသေးပါဘူး။ စစ်တပ်ရဲ့စီးပွားရေးလုပ်ငန်းများကိုလည်း ကန့်သတ်သင့်ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးတဲ့နိုင်ငံမှာ စစ်တပ်ပိုင်စီးပွားရေးလုပ်ငန်းများက တိုင်းပြည်ရဲ့စီးပွားရေးနဲ့ဈေးကွက်ကို လက်ဝါးကြီးအုပ်ထားတာကြောင့် သာမန်ပြည်သူများရဲ့လွတ်လပ်စွာစီးပွားယှဉ်ပြိုင်ခွင့်ကို အားနည်းစေပြီး အမျိုးသားစီးပွားရေးလုပ်ငန်းရှင်များရဲ့ တိုးတက်မှုကို အဟန့်အတားဖြစ်စေပါတယ်။ စစ်တပ်က တိုင်းပြည်ရဲ့ အကြီးမားဆုံး မြေပိုင်ရှင်ကြီးဖြစ်နေတာကြောင့်လယ်မြေ၊ ယာမြေကိုအားကိုးပြီး အသက်မွေးဝမ်းကျောင်းပြုရတဲ့ သာမန်ပြည်သူများရဲ့ဘဝကို ထိခိုက်နစ်နာစေပါတယ်။ ဒါကြောင့် စစ်တပ်ပိုင်မြေတွေကိုနိုင်ငံပိုင်မြေအဖြစ် ပြန်လည်အပ်နှံပြီး ပြည်သူများထံ မျှဝေပေးနိုင်မှ ပြည်သူတွေ လယ်မဲ့၊ ယာမဲ့၊ မြေမဲ့ဘဝကနေ လွတ်မြောက်ပြီး ဆင်းရဲတွင်းထဲကရုန်းထွက်ဖို့ အခွင့်အလမ်းရှိမှာပါ။

### (၄) **အမျိုးသားစီးပွားရေးမူဝါဒ** (Economic Policy)

အမေရိကန်ပြည်ထောင်စုမှာ စီးပွားရေးမူဝါဒလို့ပြောရင် ဈေးကွက်စီးပွားရေး၊ ပုဂ္ဂလိကလုပ်ငန်းများနှင့် အစိုးရ၏ပါဝင်ပတ်သက်မှု၊ အနည်းဆုံးလုပ်ခ သတ်မှတ်ချက်၊ အလုပ်သမားသမဂ္ဂများ၏အခန်းကဏ္ဍ၊ စားသုံးသူအခွင့်အရေးကာကွယ်ရေး၊ အခွန်ကောက်ခံမှု၊ နိုင်ငံတကာလွတ်လပ်စွာကုန်သွယ်ရေးစာချုပ်များ၊ သုတေသနလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့်အရေးကိစ္စများစုပေါင်းပါဝင်ပါတယ်။

### **ရီပတ်ဘလီကင်ပါတီ၏ စီးပွားရေးမူဝါဒ**

ရီပတ်ဘလီကင်ပါတီက တိုင်းပြည်ရဲ့ စီးပွားရေးတိုးတက်မှုနဲ့





တီထွင်ဖန်တီးမှုများကို လွတ်လပ်သော ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများကသာ ဖန်တီးပေးနိုင်တယ်။ အစိုးရက မည်သူမဆို ကိုယ်ပိုင်အရည်အသွေးများကို လွတ်လပ်စွာ အသုံးချနိုင်ခွင့်ရှိတဲ့ စီးပွားရေးပတ်ဝန်းကျင်ကောင်းတစ်ခုဖြစ်အောင် ကူညီစီစဉ်ပေးဖို့သာ ဖြစ်တယ်လို့ ယုံကြည်ပါတယ်။ လွတ်လပ်တဲ့ ဈေးကွက်များနဲ့ ပုဂ္ဂလိကတစ်ဦးချင်းစီရဲ့ အောင်မြင်မှုများဟာ စီးပွားရေးတိုးတက်မှုများကို ဖြစ်စေတဲ့အဓိကအင်အားများဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ဒီဘက်ခေတ်မှာ ရီပတ်ဘလီကင်ပါတီရဲ့ စီးပွားရေးသီအိုရီကို "Supply Side Theory" လို့ ခေါ်ပါတယ်။ သမ္မတ ရော်နယ်ရေဂင်လက်ထက်ကစလို့ ဒီစီးပွားရေးအတွေးအခေါ် လွှမ်းမိုးကျင့်သုံးခဲ့တာမို့ ရီပတ်ဘလီကင်ပါတီရဲ့စီးပွားရေးမူဝါဒကို 'ရေဂင်စီးပွားရေးမူဝါဒ' (Reaganomics) လို့လည်းခေါ်ကြပါတယ်။

ရီပတ်ဘလီကင်ပါတီက ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို လွတ်လွတ်လပ်လပ် ရှင်သန်မောင်းနှင်ခွင့်ပေးရန်ဆန္ဒရှိပြီး အစိုးရက စည်းမျဉ်း စည်းကမ်းများချမှတ်ပြီး ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို ဝင်ရောက်ကန့်သတ်ချုပ်ကိုင်တာကို ကန့်ကွက်ပါတယ်။ အစိုးရက ဦးဆောင်ပြီး အလုပ်သမားများအတွက် အနည်းဆုံး လုပ်အားခသတ်မှတ်တာကိုလည်း လက်မခံပါ။ အလုပ်သမားများရဲ့လုပ်ခကို ဈေးကွက်က ဆုံးဖြတ်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အလုပ်သမားသမဂ္ဂများဟာ ပုဂ္ဂလိကလုပ်ငန်းများကို အားနည်းစေတာမို့ အလုပ်သမားသမဂ္ဂများဖွဲ့စည်းမှုကိုဆန့်ကျင်ပြီး အလုပ်သမားများအနေနဲ့ အလုပ်သမားသမဂ္ဂများမှာ သူတို့စိတ်ဆန္ဒမရှိရင် မပါဝင်ခွင့်ရှိရမယ်လို့ ယုံကြည်ပါတယ်။ တိုင်းပြည်ရဲ့စီးပွားရေးစနစ်ကို အထောက်အကူပြုနေတဲ့ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ အလုပ်သမားများ ပိုမိုငှားရမ်းနိုင်စွမ်းကိုအားပေးဖို့ ပုဂ္ဂလိကလုပ်ငန်းရှင်များကို ဝင်ငွေခွန်လျှော့ကောက်ခံရမယ်လို့ ယုံကြည်ပါတယ်။ ပြည်တွင်းလုပ်ငန်းရှင်များ

နဲ့ အလုပ်သမားများရဲ့ အကျိုးစီးပွားကိုကာကွယ်ဖို့ ဆိုတဲ့အကြောင်းပြချက်နဲ့ နိုင်ငံတကာလွတ်လပ်သောကုန်သွယ်မှုစာချုပ်များ (International Free Trade Agreement) ကိုသဘောမတူတတ်ကြပါ။

## ဒီမိုကရက်တစ်ပါတီ၏စီးပွားရေးမူဝါဒ

ဒီမိုကရက်တစ်ပါတီက တိုင်းပြည်ရဲ့စီးပွားရေးကို ပုဂ္ဂလိကလုပ်ငန်းရှင်များချည်းပဲ ဦးဆောင်ဦးရွက်ပြုဖို့မဖြစ်သင့်ဘူး၊ ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများအနေနဲ့ စီးပွားရေးရာဆုံးဖြတ်ချက်များ ချမှတ်ရာမှာ အစိုးရက ပြဋ္ဌာန်းထားတဲ့စည်းမျဉ်း၊ စည်းကမ်းများနဲ့ကိုက်ညီဖို့လိုသလို အလုပ်သမဂ္ဂများရဲ့ အကျိုးစီးပွားကိုလည်း အကောင်းဆုံးကိုယ်စားပြုရမယ်လို့ ယုံကြည်ပါတယ်။ ဒီမိုကရက်တစ်ပါတီရဲ့စီးပွားရေးမူဝါဒကို အကျဉ်းချုံးပြောရရင် 'အစိုးရစွက်ဖက်တဲ့ ဈေးကွက်စီးပွားရေးစနစ်' (Mixed Economy) ပဲ ဖြစ်ပါတယ်။ သမ္မတကလင်တန်လက်ထက်ကစလို့ ကျင့်သုံးခဲ့တဲ့ဒီမိုကရက်တစ်ပါတီရဲ့ စီးပွားရေးမူဝါဒကို 'တတိယနည်းလမ်း' (Third Way) လို့လည်း ခေါ်ကြပါတယ်။ အစိုးရဟာ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနဲ့ လူမှုရေးမညီမျှမှုများ (Social Injustice) ကိုတိုက်ဖျက်ရေးအတွက် ဝင်ငွေအနည်းအများအလိုက်ဝင်ငွေခွန်ကို အဆင့်ဆင့်တိုးမြှင့်ကောက်ခံတဲ့စနစ် (Progressive Taxation) မျိုးလိုနည်းမျိုးကိုသုံးပြီး တိုင်းပြည်ရဲ့ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများမှာ ထိရောက်တဲ့အခန်းကဏ္ဍကနေ ပါဝင်ပတ်သက်ရမယ်လို့ ယုံကြည်ပါတယ်။

ဒီမိုကရက်တစ်ပါတီက စီးပွားရေးကော်ပိုရေးရှင်းကြီးတွေမှာ အမှုဆောင်အရာရှိချုပ်များ (Chief Executive Officer/CEO) နဲ့ အဆင့်မြင့်အရာရှိများကို အဆမတန်မြင့်မားတဲ့လစာနဲ့ ဆုကြေးငွေတွေပေးတာကို ကန့်ကွက်ပါတယ်။ အစုရှယ်ယာဝင်များ၊ စားသုံးသူများရဲ့အခွင့်အရေးကို ကာကွယ်ဖို့ အစိုးရက တာဝန်ယူရမယ်လို့





ယုံကြည်ပါတယ်။ လုပ်ငန်းခွင်တိုင်းမှာ အလုပ်သမားများရဲ့ အခွင့်အရေးကိုကာကွယ်ဖို့ အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းခွင့်ရှိရမှာဖြစ်ပြီး အလုပ်သမားသမဂ္ဂများဟာ ကုမ္ပဏီအကြီးအကဲများနဲ့ အလုပ်သမားများရဲ့ လစာနဲ့အခွင့်အရေးများ၊ နစ်နာမှုများအတွက် ညှိနှိုင်းဆွေးနွေးနိုင်ရမယ်လို့ ယုံကြည်ပါတယ်။ အလုပ်သမားများအတွက် အနည်းဆုံးလစာကိုအစိုးရက သတ်မှတ်ပေးရမှာဖြစ်ပြီး ပုဂ္ဂလိကကုမ္ပဏီများက ဒီသတ်မှတ်ချက်ကို လိုက်နာရမယ်လို့ ယုံကြည်ပါတယ်။ လုပ်ငန်းခွင်အတွင်းမှာ အသက်အရွယ်၊ အသားအရောင်၊ လူမျိုး၊ လိင်ခွဲခြားပြီး မတူညီတဲ့ လစာပေးတာကို ဒီမိုကရက်တစ်ပါတီက လက်မခံပါ။ ပြည်ပပို့ကုန်များကို အခွန်အကောက်အတားအဆီးမရှိဘဲ လွတ်လပ်စွာယှဉ်ပြိုင်တင်ပို့နိုင်ဖို့ဆိုတဲ့ အကြောင်းပြချက်နဲ့ နိုင်ငံတကာ လွတ်လပ်သော ကုန်သွယ်မှုစာချုပ်များကို ထောက်ခံပါတယ်။

## မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးမူဝါဒကိုသုံးသပ်ခြင်း

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၅) မှာ 'နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ် ဖြစ်သည်' ဟု ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ (၃၆) ပုဒ်မခွဲ (က) မှာ 'အမျိုးသားစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစသည့် စီးပွားရေး အင်အားစုအားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်' ဟု ပြဋ္ဌာန်းထားပြန်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့စီးပွားရေးစနစ်ဟာ 'ပုဂ္ဂလိကလုပ်ငန်း ဦးစားပေးလွတ်လပ်တဲ့ဈေးကွက်စီးပွားရေးစနစ်' မဟုတ်ဘဲ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတွေကို နိုင်ငံပိုင်၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများပိုင်၊ သမဝါယမပိုင်၊ ဖက်စပ်ပိုင်စီးပွားရေးလုပ်ငန်းများနဲ့ ယှဉ်ပြိုင်လုပ်ကိုင်ခွင့်ပေးထားတဲ့ 'အစိုးရချုပ်ကိုင်သော ဈေးကွက်စီးပွားရေးစနစ်' ဖြစ်နေပါတယ်။

ဈေးကွက်တော့ရှိပါရဲ့၊ ဒါပေမဲ့ ဈေးကွက်ထဲမှာပုဂ္ဂလိက လုပ်ငန်းရှင်များ ယှဉ်ပြိုင်နိုင်တဲ့ အခန်းကဏ္ဍကနည်းပါးလှပြီး နိုင်ငံပိုင်နဲ့ စစ်တပ်ပိုင်စီးပွားရေး လုပ်ငန်းများရဲ့အခန်းကဏ္ဍက ပိုပြီးကြီးမားလှပါတယ်။ ဥပမာအားဖြင့် သတင်းစာထုတ်ဝေရေးလုပ်ငန်းကို ကြည့်ပါ။ ပုဂ္ဂလိကသတင်းစာများကို ထုတ်ဝေခွင့်ပေးတယ်ဆိုပေမည့် အစိုးရပြန်ကြားရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရအချို့နဲ့ စစ်တပ်ကလည်း သတင်းစာတွေထုတ်ဝေနေပါတယ်။ နိုင်ငံပိုင်သတင်းစာများက နိုင်ငံတော်ဘဏ္ဍာထဲက လုံလောက်တဲ့ ငွေကြေးအရင်းအနှီး ရရှိပါတယ်။ နိုင်ငံပိုင်ပုံနှိပ်စက်များ၊ ကိုယ်ခွဲပုံနှိပ်စက်များနဲ့ နိုင်ငံတစ်ဝန်းမှာ တစ်ပြိုင်တည်း ပုံနှိပ်နိုင်ပါတယ်။ နိုင်ငံပိုင်သယ်ယူပို့ဆောင်ရေးစနစ်ကို အသုံးပြုပြီး တစ်နိုင်ငံလုံးကို အမြန်ဆုံးဖြန့်ချိနိုင်ပါတယ်။ အစိုးရဌာနအားလုံးက အစိုးရသတင်းစာတွေကို မဝယ်မဖြစ်ဝယ်ရပါတယ်။ အစိုးရဌာနများက လုပ်ငန်းကြော်ငြာများကို ပြိုင်ဘက်မရှိရရှိပါတယ်။ စောင်ရေသိန်းနဲ့ချီပြီး ရိုက်နှိပ်ထုတ်ဝေနိုင်တာမို့ နာရေး၊ သာရေးကြော်ငြာအများဆုံးလက်ခံရရှိပါတယ်။ ဒီတော့ ဘယ်ပုဂ္ဂလိက သတင်းစာကမှ နိုင်ငံပိုင်သတင်းစာများကို ဈေးကွက်မှာ ယှဉ်ပြိုင်နိုင်စွမ်းလုံးဝမရှိပါ။ ဒါဟာဖြင့် လွတ်လပ်မျှတစွာ ယှဉ်ပြိုင်ခြင်းမဟုတ်ပါ။ ဈေးကွက်စီးပွားရေးစနစ်မှာ အစိုးရရဲ့အခန်းကဏ္ဍက ဈေးကွက်ထဲမှာ ပုဂ္ဂလိကလုပ်ငန်းရှင်များ လွတ်လပ်စွာ၊ မျှတစွာယှဉ်ပြိုင်နိုင်တဲ့အခြေအနေမျိုးရှိအောင် ဖန်တီးစောင့်ကြပ်ပေးဖို့သာဖြစ်ပြီး အစိုးရကိုယ်တိုင်က ဈေးကွက်ထဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့မဟုတ်ပါ။

၂၀၁၄ ခုနှစ် မတ်လ (၂၀) ရက်နေ့မှာ ထုတ်ပြန်ကြေညာတဲ့ '၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေ' ရဲ့ဇယား(၈)နဲ့ ဇယား(၁၀)မှာကြည့်မယ်ဆိုရင် 'ပြန်ကြားရေး၊ သမဝါယမ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်





သစ်တောရေးရာ၊ လျှပ်စစ်စွမ်းအား၊ စွမ်းအင်၊ စက်မှု၊ သတ္တုတွင်း၊ ဘဏ္ဍာရေး၊ ဆောက်လုပ်ရေး၊ ရထားပို့ဆောင်ရေး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပို့ဆောင်ရေး' စတဲ့ ပြည်ထောင်စုဝန်ကြီးဌာနပေါင်း ၁၄ ခုလက်အောက်ခံနိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများအတွက် စုစုပေါင်းကျပ်သန်းထောင်ပေါင်း(ဘီလျံ) ၈၈၃၅ဒသမ၃၄၃ သုံးစွဲဖို့ လျာထားတာတွေ့ရပါတယ်။ ဒါဟာဖြင့် ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုသုံးငွေ စုစုပေါင်းရဲ့ ၄၇ ရာခိုင်နှုန်း ဖြစ်ပါတယ်။ တိုင်းပြည်ဘဏ္ဍာထဲက ဒီလောက်ငွေကြေးအမြောက်အမြားကို ရင်းနှီးသုံးစွဲထားရတဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေဟာ လွတ်လပ်သောဈေးကွက်စီးပွားရေးစနစ်အတွက် အနှောင့်အယှက်ဖြစ်ရုံသာမကဘဲ၊ အမြတ်အစွန်းထွက်အောင်မဆောင်ရွက်နိုင်လို့ တိုင်းပြည်ဘဏ္ဍာကို အလဟဿဆုံးရှုံးနစ်နာစေတဲ့၊ လာဘ်ပေး လာဘ်ယူအဂတိလိုက်စားမှုများ ကြီးစိုးရာအခြေခံဌာနကြီးများလည်း ဖြစ်နေပြန်ပါတယ်။

နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများအပြင် တိုင်းပြည်ရဲ့စီးပွားရေးနဲ့ ဈေးကွက်ကို ကြီးကြီးမားမား ချုပ်ကိုင်လွှမ်းမိုးထားတာက စစ်တပ်ပိုင်စီးပွားရေးအဖွဲ့အစည်းများနဲ့ ခရိုနီ (Crony) လို့ခေါ်ကြတဲ့ ခေတ်ပျက်သူဌေးကြီးများ ဖြစ်ကြပါတယ်။ တပ်မတော်ပိုင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (ဦးပိုင်)နဲ့ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) နှစ်ခုက တိုင်းပြည်ရဲ့စီးပွားရေးကဏ္ဍအားလုံးလိုလိုမှာ ခိုင်ခိုင်မာမာ နေရာယူထားပါတယ်။

နဝတ၊ နအဖစစ်ခေါင်းဆောင်များရဲ့ သူဌေး မွေးမြူရေးအစီအစဉ်က မွေးထုတ်ပေးခဲ့တဲ့ အခွင့်ထူးခံစီးပွားရေး သမားကြီးများကလည်း တိုင်းပြည်ရဲ့စီးပွားရေးကို ကျယ်ကျယ်ပြန့်ပြန့် လွှမ်းမိုးထားဆဲပါ။ နိုင်ငံပိုင်၊ တပ်မတော်ပိုင်နဲ့ ခရိုနီပိုင်စီးပွားရေး လုပ်ငန်းများက တိုင်းပြည်ရဲ့စီးပွားရေးနဲ့ ဈေးကွက်အများစုကိုလွှမ်းမိုးချုပ်ကိုင်ထားကြတော့ သာမန်အမျိုးသားနေရှင်များအတွက် လွတ်လွတ်လပ်လပ်

မျှမျှတတယှဉ်ပြိုင်နိုင်တဲ့ စီးပွားရေးပတ်ဝန်းကျင် လုံးဝမရှိသလောက်ပါ။ နိုင်ငံတကာ စီးပွားရေးပိတ်ဆို့မှုတွေရုပ်သိမ်းလို့ ပြည်ပက ဝင်ရောက်လာတဲ့ ရင်းနှီးမြှုပ်နှံသူများအဖို့လည်း အရင်းအနှီး အလုံအလောက်ရှိ၊ ခိုင်မာတဲ့စီးပွားရေးအဆောက်အအုံတွေရှိ၊ အစိုးရနဲ့ အဆက်အသွယ်ကောင်းမွန်မှုပြီး အကြီးမားဆုံး မြေပိုင်ရှင်ကြီးများ ဖြစ်ကြတဲ့ နိုင်ငံပိုင်၊ တပ်မတော်ပိုင်နဲ့ ခရိုနီပိုင်စီးပွားရေးလုပ်ငန်းများနဲ့ပဲ တွဲဖက်လုပ်ကိုင်ရမှာပါ။ ဒါ့အပြင် အစိုးရရဲ့ အခွန်အကောက်စနစ်ကလည်း ခရိုနီလုပ်ငန်းရှင်ကြီးများကို အင်မတန်သက်သာစေတဲ့စနစ် ဖြစ်ပါတယ်။ အခွန်ငွေတွေ လျှော့ကောက်တာတောင်မှ ခရိုနီကုမ္ပဏီအတော်များများဟာ ထိုက်သင့်တဲ့အခွန်ငွေပေးဆောင်ဖို့ ဖျက်ကွက်နေတာတွေ့ရပြန်ပါတယ်။

အလုပ်သမားသမဂ္ဂတွေ ဖွဲ့စည်းခွင့်ပြုထားပေမည့် ဒီသမဂ္ဂတွေမှာ အလုပ်ရှင်နဲ့တန်းတူရည်တူ ညှိနှိုင်းဆွေးနွေးနိုင်တဲ့အခြေအနေမျိုးမရှိတဲ့အပြင် မတရား မမျှတတဲ့အလုပ်ရှင်များအပေါ် အစိုးရရဲ့ အရေးယူမှုကလည်း မရှိသလောက်ပါ။

နိုင်ငံတော်သမ္မတရဲ့ စီးပွားရေး အကြံပေး ဒေါက်တာဦးမြင့်ကတောင် 'အစိုးရရဲ့စီးပွားပြုပြင်မှုပုံစံက အရမ်းကိုမြန်လွန်းတယ်။ နှစ် ၅၀ လောက်ကတည်းက ပျက်လာတာကို ရေတိုမှာပြုပြင်ဖို့ဆိုတာ ဘယ်လွယ်မလဲ။ စနစ်တကျ လုပ်ကိုင်ဖို့ အများကြီး လိုတယ်။ ပြီးတော့ အကောင် အထည်ဖော်တဲ့ပုံစံတွေကလည်း ဖိုးကပ်စ် (Focus) (အဓိကဦးတည်ချက်) သိပ်မရှိဘဲ ရှိသမျှအားလုံးကို လိုက်လုပ်နေတော့အဲဒါက ပြဿနာဖြစ်နေတယ်' လို့ ပြောတယ်ဆိုပြီး မဇ္ဈိမသတင်းဌာနက သတင်းရေးသားတာ ဖတ်လိုက်ရပါတယ်။

## မြန်မာနိုင်ငံအတွက် သင့်တော်သောစီးပွားရေးမူဝါဒ

(၁) လွတ်လပ်မျှတတဲ့ ဈေးကွက်စီးပွားရေးစနစ်မှာ အစိုးရရဲ့တာဝန်က ဈေးကွက်ထဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့မဟုတ်ဘဲ လွတ်လပ်မျှတတဲ့ယှဉ်ပြိုင်မှု ဖြစ်အောင် ကောင်းမွန်တဲ့ စီးပွားရေး ပတ်ဝန်းကျင်တစ်ခုကို တည်ဆောက်ပေးဖို့၊ ထိန်းသိမ်းစောင့်ရှောက်ဖို့ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအားလုံး (သို့မဟုတ်) အများစုကို ပုဂ္ဂလိကပိုင် (Privatization) ပြုသင့်ပါတယ်။ ပုဂ္ဂလိကပိုင်ပြုရာမှာလည်း နအဖစစ်အစိုးရက ၂၀၁၀ ခုနှစ်အတွင်းက လုပ်ခဲ့သလို ခရိုနီသူဌေးကြီးများရဲ့လက်ထဲကို နိုင်ငံပိုင်အဆောက်အအုံနဲ့ လုပ်ငန်းတွေ ဈေးပေါပေါနဲ့ အကြွေးရောင်းပေးခဲ့သလို လုပ်လို့တော့ မရပါ။ ဆရာဦးမြင့် အကြံပြုသလို ပုဂ္ဂလိကပြုခြင်းကို စနစ်တကျဖြစ်စေဖို့ ပြည်ထောင်စုလွှတ်တော်က 'နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပုဂ္ဂလိကပိုင်ပြုရေးဆိုင်ရာဥပဒေ' ပြဋ္ဌာန်းဖို့လိုအပ်ပါတယ်။ ပုဂ္ဂလိကပြုရေး လုပ်ငန်းစဉ်တစ်ခုလုံးဟာ နိုင်ငံသားတိုင်း လွတ်လပ်စွာ ပါဝင်ခွင့်ရှိတဲ့ ပွင့်လင်းမြင်သာတဲ့ လုပ်ငန်းစဉ်ဖြစ်ဖို့ လိုအပ်ပါတယ်။

(၂) အစိုးရဟာ ဈေးကွက်စီးပွားရေးစနစ်မှာ လွတ်လပ်စွာယှဉ်ပြိုင်မှုများကို ကြီးကြပ်ထိန်းသိမ်းရမည့်ဒိုင်လူကြီးဖြစ်ပါတယ်။ ဒါကြောင့်မို့ စီးပွားရေးလုပ်ငန်းများ မျှမျှတတ ယှဉ်ပြိုင်စေဖို့ စည်းမျဉ်း၊ စည်းကမ်းတွေ ထုတ်ပြန်ရမှာဖြစ်ပေမည့် အဲဒီစည်းမျဉ်း၊ စည်းကမ်းတွေ အလွန်အကျွံမများအောင်၊ အစိုးရနဲ့ပုဂ္ဂလိကဆက်ဆံရေးမှာ ကြိုးနီစနစ်ဆိုတဲ့ အဟန့်အတားတွေမရှိဖို့လည်း လိုအပ်ပါတယ်။ 'လက်ကောက်နဲ့ လက်ထိပ်' ဥပမာလိုပါပဲ။ အစိုးရကထုတ်ပြန်ထားတဲ့ စည်းမျဉ်းစည်း

ကမ်းတွေဟာဈေးကွက်စီးပွားရေးစနစ်ကို အားကောင်းသန်မာစေမည့်၊ လွတ်လပ်မျှတစေမည့် အဆင်တန်ဆာတွေပဲ ဖြစ်သင့်ပါ တယ်။ လွတ်လပ်စွာ ယှဉ်ပြိုင်ခွင့်ကို ထိန်းချုပ်မည့် အဟန့်အတားတွေ မဖြစ်စေသင့်ပါ။

(၃) လွတ်လပ်စွာစီးပွားယှဉ်ပြိုင်ခွင့်ကို ကြီးကြပ်မည့် ဒိုင်လူကြီးကိုယ်တိုင်က မျှတဖို့လိုပါတယ်။ ဒါကြောင့် အစိုးရကထုတ်ပြန်တဲ့ စည်းမျဉ်းစည်းကမ်းတွေက မျှတရမှာ ဖြစ်သလို ဒီစည်းမျဉ်းစည်းကမ်းတွေကို ကိုင်တွယ်ပြီး စီးပွားရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲမည့် အစိုးရဝန်ထမ်းတွေကိုယ်တိုင်က အဂတိလိုက်စားမှုကင်းဖို့ လိုအပ်ပါတယ်။

(၄) မြန်မာနိုင်ငံဟာ စစ်အာဏာရှင်စနစ်နဲ့ ခရိုနီအရင်းရှင်စနစ်များ နှစ်ပေါင်းများစွာ ကြီးစိုးခဲ့တဲ့နိုင်ငံမို့ အလုပ်သမားနဲ့ စားသုံးသူများရဲ့ အခွင့်အရေးကို ဂရုမစိုက်တတ်ခဲ့ပါ။ ဒါကြောင့်မို့ ဈေးကွက်စီးပွားရေးစနစ်အတွင်းမှာ အလုပ်သမားများနဲ့စားသုံးသူများရဲ့ အခွင့်အရေးကို အကာအကွယ်ပေးဖို့ ဥပဒေတွေ ပြဋ္ဌာန်းအကောင်အထည်ဖော်ဖို့ လိုအပ်ပါတယ်။ အလုပ်သမားသမဂ္ဂများ၊ လွတ်လပ်သော ကုန်ပစ္စည်း အရည်အသွေးစစ်ဆေးရေးအဖွဲ့များ၊ စားသုံးသူ အခွင့်အရေး ကာကွယ်ရေးအဖွဲ့များ တရားဝင်ဖွဲ့စည်းခွင့်ရှိရပါမယ်။ အလုပ်သမားသမဂ္ဂများဟာ အလုပ်ရှင်-အလုပ်သမားပဋိပက္ခတွေမှာ အလုပ်သမားဘက်က ကိုယ်စားပြုနိုင်ခွင့် ရှိရပါမယ်။ စီးပွားရေးလုပ်ငန်းတစ်ခုရဲ့ လုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်တွေချရာမှာ အလုပ်သမားသမဂ္ဂများလည်း ပါဝင်ခွင့်ရှိရပါမယ်။





(၅) အနည်းဆုံးလုပ်ခ သတ်မှတ်ရေး၊ လုပ်ငန်းခွင်အတွင်း အန္တရာယ် ကင်းစင်ရေး၊ အလုပ်သမားများအတွက် လုံလောက်သောကျန်းမာရေးစောင့်ရှောက်မှု၊ တိကျသောပုံမှန်အလုပ်ချိန်၊ အလုပ်ပိတ်ရက်နှင့် ခွင့်ရက်များ မှန်မှန်ကန်ကန်ရရှိရေး၊ ဒဏ်ရာအနာတရဖြစ်မှုအတွက် နစ်နာကြေး၊ အလုပ်ထုတ်ခံရမှုအတွက် လျော်ကြေး၊ အလုပ်အာမခံချက်ရှိရေးများနဲ့ပတ်သက်ပြီး အစိုးရကထိထိရောက်ရောက်ပါဝင်ပတ်သက်ဖို့ လိုအပ်ပါတယ်။

(၆) အစိုးရအနေနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်များ အရည်အသွေး ကောင်းမွန်တဲ့ပစ္စည်းတွေ ထုတ်လုပ်နိုင်ဖို့အတွက် လိုအပ်တဲ့လုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများကို အားပေးထောက်ပံ့ဖို့ လိုအပ်ပါတယ်။ ပြည်တွင်းက ထုတ်လုပ်တဲ့ကုန်ပစ္စည်းများကို နိုင်ငံတကာဈေးကွက်မှာ တင်ပို့ ရောင်းချနိုင်ဖို့ ဈေးကွက်ရှာဖွေရေး၊ ဈေးကွက် ပြိုင်ဆိုင်ရေးလုပ်ငန်းတွေကိုလည်း အားပေးထောက်ပံ့သင့်ပါတယ်။

(၇) အစိုးရအနေနဲ့အသေးစားနဲ့အလတ်စားလုပ်ငန်းများ (SME/Small and Medium Enterprise) ကို အားပေးကူညီဖို့လိုအပ်ပါတယ်။ အထူးသဖြင့် အမျိုးသားနေရှင်များ၊ စွန့်ဦးတီထွင်သူများရဲ့ အသေးစားနဲ့ အလတ်စားလုပ်ငန်းများကိုအားပေးဖို့ နိုင်ငံပိုင်ဘဏ်များကနေအတိုးနည်းနှစ်ရှည်ချေးငွေများ ချေးသင့်ပါတယ်။

(၈) ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရတိုင်းပြည်ရဲ့ အသားတင်ထုတ်လုပ်မှုမှာ လယ်ယာကဏ္ဍရဲ့ပါဝင်မှုက (၂၁ ဒသမ ၉) ရာခိုင်နှုန်းရှိပါတယ်။ တိုင်းပြည်လူဦးရေရဲ့ (၆၃) ရာခိုင်နှုန်းက လယ်ယာ

ကဏ္ဍမှာ မှီခို လုပ်ကိုင်နေကြရပါတယ်။ ဒါကြောင့်မို့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် လယ်ယာကဏ္ဍရဲ့ တိုးတက်မှုဟာ အထူးအရေးကြီးပါတယ်။ လယ်ယာကဏ္ဍမှာ လယ်လုပ်သူတိုင်း လယ်ပိုင်ဆိုင်ခွင့်ရှိဖို့၊ နှစ်သက်ရာသီးနှံကို လွတ်လပ်စွာဆုံးဖြတ် ရွေးချယ်စိုက်ပျိုးခွင့်ရှိဖို့၊ လယ်ယာထွက်ကုန်တွေကို လွတ်လပ်တဲ့ ဈေးကွက်မှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရောင်းချခွင့်ရှိဖို့၊ လယ်ယာစိုက်ပျိုးရေးအတွက် လိုအပ်တဲ့ အရင်းအနှီး၊ မျိုးစေ့၊ မြေဩဇာတွေကို လွယ်လွယ်ကူကူရနိုင်ဖို့ အစိုးရက မူဝါဒချမှတ် ကူညီသင့်ပါတယ်။

(၉) စီးပွားရေးလုပ်ငန်းများကြောင့် မြန်မာနိုင်ငံရဲ့ သဘာဝပတ်ဝန်းကျင် မပျက်စီး မဆုံးရှုံးရဖို့ အင်မတန် အရေးကြီးပါတယ်။ ဒါကြောင့် အစိုးရက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ချမှတ်ပြီး တင်းတင်းကျပ်ကျပ်ကိုင်တွယ်သင့်ပါတယ်။

(၁၀) 'လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက်' ဆိုတာ ရုတ်တရက်ကြည့်ရင် ကောင်းသလိုပါ။ နိုင်ငံနှစ်ခု (သို့မဟုတ်)နိုင်ငံများအကြားမှာ အခွန်အတုတ်တွေနဲ့ ကန့်သတ်မထားဘဲ ကုန်ပစ္စည်းတွေကို အပြန်အလှန် တင်ပို့ရောင်းချခွင့်ပြုတာပါ။ ဒါပေမဲ့ မြန်မာနိုင်ငံရဲ့လက်ရှိအခြေအနေမှာ ဒီလိုသဘောတူညီချက်မျိုးက ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအတွက် အန္တရာယ်ရှိပါတယ်။ တခြားနိုင်ငံရဲ့ ဈေးကွက်ထဲကို မြန်မာနိုင်ငံက တင်ပို့နိုင်တဲ့ ကုန်ပစ္စည်းပမာဏက သိပ်မများလှသေးပေမည့် ကိုယ့်နိုင်ငံရဲ့ဈေးကွက်ထဲကိုတော့ ပြည်ပနိုင်ငံက လုပ်ငန်းရှင်များက အလုံးအရင်းနဲ့ ပစ္စည်းတွေ တင်သွင်း





နိုင်ကြမှာပါ။ ဒါကြောင့်မို့ ဒီသဘောတူညီမှုမျိုးကို အသေအချာ စဉ်းစားသုံးသပ်သင့်ပါတယ်။

(၁၁) ဈေးကွက်ထဲမှာ အစိုးရက ကိုယ်တိုင်ဝင်ရောက်မယှဉ်ပြိုင်ဘဲနဲ့ ပုဂ္ဂလိကလုပ်ငန်းများကနေ အမြတ်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နဲ့ စီးပွားရေးသမားများထံကနေ ဝင်ငွေခွန်များကို များရင်များသလို တိုးမြှင့်ကောက်ခံတဲ့ စနစ်(Progressive Taxation)နဲ့ ထိထိရောက်ရောက် ကောက်ခံဖို့လိုအပ်ပါတယ်။ ဒီအခွန်တွေဟာ တိုင်းပြည်ဘဏ္ဍာရဲ့အဓိကကျတဲ့အစိတ်အပိုင်းဖြစ်လာရပါမယ်။ အခွန်ရှောင်တဲ့၊ အခွန်ဆောင်ဖို့ ပျက်ကွက်တဲ့လုပ်ငန်းရှင်များကို ထိထိရောက်ရောက် အရေးယူသင့်ပါတယ်။

(၁၂) စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ပညာရေးတို့ဟာ တိုက်ရိုက်ပတ်သက်နေပါတယ်။ ပညာရေးအဆင့်အတန်းမြင့်မားမှ၊ အဖိုးအခ အလွန်မကြီးမားဘဲ အားလုံး အဆင်ပြေပြေ တက်ရောက်နိုင်တဲ့ ပညာရေးစနစ်ဖြစ်မှ တိုင်းပြည်အတွက် အရည်အသွေးမြင့်ပညာတတ်အလုပ်သမားအင်အားစုကြီးကို မွေးထုတ်ပေးနိုင်မှာပါ။ အရည်အသွေးမြင့် အလုပ်သမားတွေ ပါဝင်တည်ဆောက်တဲ့စီးပွားရေးအဆောက်အအုံဟာ တိုးတက်ဖွံ့ဖြိုးဖို့ ပိုပြီးအခွင့်အလမ်းရှိပါတယ်။ ဒါကြောင့်မို့ နိုင်ငံ့ဘဏ္ဍာကို ပညာရေးကဏ္ဍမှာ ထိထိရောက်ရောက် ရင်းနှီးမြှုပ်နှံဖို့ လိုအပ်ပါတယ်။

*(တပြီးနေ့စွဲ ဧပြီလ ၉၊ ၂၀၁၄)*

⁂



## ပြည်တွင်းငြိမ်းချမ်းရေးနှင့်အရပ်ဘက်အဖွဲ့အစည်းများ

(ဒီဆောင်းပါးရှည်ကို မဇ္ဈိမနေ့စဉ်သတင်းစာမှာ မေလ ၁၉ မှ ၂၃၊ ၂၀၁၄ အထိ ငါးပိုင်းခွဲပြီး ဖော်ပြခဲ့ပါတယ်)

**၈၈ငြိမ်းပွင့်နဲ့ ငြိမ်းချမ်းရေး**

၂၀၁၄ ခုနှစ် မေလ (၂) ရက်နေ့မှာ မြန်မာနိုင်ငံရဲ့ အထင်ရှားဆုံး အရပ်ဘက်အဖွဲ့အစည်းလို့ ဆိုရမည့် '၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)' (၈၈ ငြိမ်းပွင့်) က အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ပြည်တွင်းငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး စာတစ်စောင်ပေးပို့ခဲ့တယ်လို့ ဆိုပါတယ်။

အဲဒီစာကို ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ကိုမင်းကိုနိုင်က လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီဥက္ကဋ္ဌသမ္မတဦးသိန်းစိန်နဲ့ 'ညီညွတ်သောတိုင်းရင်းသားများ ဖက်ဒရယ်ကောင်စီ' (ယူအန်အက်ဖ်စီ) ဥက္ကဋ္ဌဒုတိယဗိုလ်ချုပ်ကြီးအင်ဘန်လတို့ထံ လိပ်စာတပ်ပေးပို့ပြီး စာထဲမှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ဒေသများတွင် တိုက်ပွဲများ ဖြစ်ပွားနေခြင်းကြောင့် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကြားတွင် တည်ဆောက်လျက်

ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပျက်ပြားမည်ကို စိုးရိမ်ကြောင်း ဖော်ပြထားတယ်လို့ သိရပါတယ်။

ဒီစာကို ပေးပို့ပြီးတဲ့နောက် ပထမဆုံး အသိအမှတ်ပြု အကြောင်းပြန်တာက အစိုးရဖြစ်ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေး အလုပ်ကော်မတီ ဒုဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ၈၈ ငြိမ်းပွင့်ခေါင်းဆောင်များကို မေလ ၆ ရက်နေ့မှာ ရန်ကုန်မြို့မှာ ရှိတဲ့ မြန်မာငြိမ်းချမ်းရေးဗဟိုဌာနကို ဖိတ်ကြားပြီး ငြိမ်းချမ်းရေး ဖော်ဆောင်ရေးကိစ္စ အကောင်အထည်ဖော်မှုများကို ရှင်းပြပါတယ်။ နှစ်နာရီကျော်ကြာတဲ့ဒီဆွေးနွေးပွဲမှာ ကိုကိုကြီး၊ ကိုမြအေး၊ ကိုဂျင်မီ၊ ကိုအံ့ဘွယ်ကျော်နဲ့ မနန်းစော စတဲ့ ၈၈ ငြိမ်းပွင့်ခေါင်းဆောင် ၅ ဦးတက်ရောက်ပြီး ဝန်ကြီး ဦးအောင်မင်းက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနဲ့ နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုရေးဆိုင်ရာ ဆောင်ရွက်မှုတွေအကြောင်း ရှင်းပြတာကို စိတ်ဝင်တစားနားထောင်ကြသလို သူတို့ရဲ့စိတ်ပူပန်မှုတွေကိုလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ကြတယ်လို့ ဆိုပါတယ်။

ဒီဆွေးနွေးပွဲရဲ့ အောင်မြင်မှုတစ်ခုကတော့ ၈၈ ငြိမ်းပွင့်လို အရပ်ဘက်အဖွဲ့အစည်းတစ်ခုရဲ့ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေးမှာ ပါဝင်ကူညီဆောင်ရွက်လိုမှုကို မြန်မာအစိုးရက နားလည်အသိအမှတ်ပြုပြီး၊ ကြိုဆိုလက်ခံပြီး အစိုးရငြိမ်းချမ်းရေးကိုယ်စားလှယ်များနဲ့ ၈၈ ငြိမ်းပွင့်တို့အကြား ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး တစ်လတစ်ကြိမ်တွေ့ဆုံဆွေးနွေးဖို့ သဘောတူကြတာ ဖြစ်ပါတယ်။ ၈၈ ငြိမ်းပွင့်ရဲ့စာအပေါ် 'ညီညွတ်သောတိုင်းရင်းသားများ ဖက်ဒရယ်ကောင်စီ' ကလည်း မေလ (၈) ရက်နေ့စွဲနဲ့ စာတစ်စောင်အကြောင်းပြန်တယ်လို့ သိရပါတယ်။

ပြည်တွင်းငြိမ်းချမ်းရေးအတွက် ကြိုးပမ်းကြရာမှာ အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်ဖို့လိုအပ်တယ်ဆိုတာကို အားလုံးက လက်ခံ





ထားပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှုခရီးစဉ်ရဲ့ အစပိုင်းဖြစ်တဲ့ နှစ်ဖက်တပ်ဖွဲ့များ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးတဲ့အဆင့်အထိကို အစိုးရနဲ့တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များသာ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ကြပြီး အပစ်အခတ် ရပ်စဲရေးသဘောတူပြီး နောက်ပိုင်းကျမှ အပစ်အခတ်ရပ်စဲရေးကို ဒေသအလိုက် စောင့်ကြပ်ကွပ်ကဲရာမှာ အရပ်ဘက်အဖွဲ့အစည်းများ စတင်ပါဝင်ပြီး နိုင်ငံရေးဆွေးနွေးပွဲများကျင်းပရာမှာ အရပ်ဘက်အဖွဲ့အစည်းများရော နိုင်ငံရေးအင်အားစုများအားလုံး ပါဝင်ဆွေးနွေးကြမယ်လို့ ယေဘုယျ နားလည်လက်ခံထားကြတာပါ။ ဒါပေမဲ့ မြင်တွေ့နေရတဲ့အခြေအနေက အစိုးရနဲ့တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များကြား အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ကို မျှော်လင့်သလို မကြာခင်မှာ လက်မှတ်ရေးထိုးနိုင်ဖို့ဆိုတာ မလွယ်လှပါ။

အစိုးရ ကိုယ်စားလှယ်အဖွဲ့နဲ့ တိုင်းရင်းသားကိုယ်စားလှယ်အဖွဲ့များရဲ့ ဆွေးနွေးပွဲတွေဟာ ဆွေးနွေးပွဲအပြီး ပူးတွဲသတင်းထုတ်ပြန်ကြသလို အမှန်တကယ်မချောမွေ့ကြဘဲ နှစ်ဖက်စလုံးမှာအလျှော့မပေးချင်တဲ့ တောင်းဆိုမှုတွေနဲ့ပါ။ ဒီဘက်နှစ်ဖက်ဆွေးနွေးနေကြတာကိုပဲ ဒီအတိုင်း စောင့်ကြည့်နေမယ်ဆိုရင် အပစ်အခတ်ရပ်စဲရေး ပို၍အလှမ်းဝေးပြီး နိုင်ငံရေး ဆွေးနွေးပွဲများအဆင့်သို့ နောက်လပေါင်းများစွာ ရောက်လာနိုင်မှာ မဟုတ်ပါ။

ဒါကြောင့် ၈၈ ငြိမ်းပွင့် ခေါင်းဆောင်များက အခုလိုတာဝန်သိသိ ပါဝင်ဆွေးနွေးတာကို ကြိုဆိုပါတယ်။ ၈၈ ငြိမ်းပွင့်နဲ့အတူ အရပ်ဘက်အဖွဲ့အစည်းများက မြန်မာအစိုးရနဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပြည်တွင်းငြိမ်းချမ်းရေးရဲ့ ပထမအဆင့်ဖြစ်တဲ့ နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေး စာချုပ်လက်မှတ် ရေးထိုးနိုင်ဖို့ နှစ်ဘက်စလုံးကိုချဉ်းကပ်စည်းရုံးဖို့၊ လိုအပ်သလို ဖိအားပေးဖို့အချိန်ရောက်နေပါပြီ။

**မရေရာ မသေချာသော ဆွေးနွေးပွဲများ**

မြန်မာအစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြား နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးစာချုပ် လက်မှတ်ရေးထိုးနိုင်ဖို့ ဆွေးနွေးနေတာကြာပါပြီ။

မြန်မာအစိုးရကိုယ်စားလှယ်အဖွဲ့ကို ဝန်ကြီးဦးအောင်မင်းက ခေါင်းဆောင်ပြီး လွှတ်တော်နဲ့တပ်မတော်က ကိုယ်စားလှယ်တွေ ပါဝင်ကြပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဘက်ကတော့ ကချင်ပြည်နယ်၊ လိုင်ဇာမြို့မှာကျင်းပတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ ညီလာခံကဖွဲ့စည်းပေးခဲ့တဲ့ 'တစ်နိုင်ငံလုံးအပစ်အခတ် ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့' (NCCT) ကတာဝန်ခံ ဆွေးနွေးနေပါတယ်။ အင်အားကြီးအဖွဲ့နှစ်ဖွဲ့ဖြစ်တဲ့ 'ဝ' ပြည်သွေးစည်းညီညွတ်ရေးပါတီ (ဝသဖ) နဲ့မိုင်းလားအုပ်စုက သီးခြားဆွေးနွေးပါတယ်။ အခုထိတော့ စာချုပ်လက်မှတ်ရေးထိုးနိုင်မည့် အရိပ်အယောင် မတွေ့သေးပါ၊ ဆွေးနွေးပွဲတွေအပြီး ပူးတွဲသတင်းထုတ်ပြန်ချက်တွေမှာတော့ တိုးတက်မှုတွေရှိသယောင် ပြောဆိုကြပေမည့်လက်တွေ့မှာတော့ မတူညီမှုတွေက အများကြီးရှိနေပါသေးတယ်။ ပြီးခဲ့တဲ့မတ်လက ဆွေးနွေးပွဲမှာ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်မူကြမ်းတစ်ခုကို အခန်း (၇) ခန်းဖြင့် ပြုစုရေးသားရန်သဘောတူညီမှုရခဲ့ပြီး ဧပြီလဆန်းမှာ ပြုလုပ်တဲ့ ဆွေးနွေးပွဲကနေ စာချုပ်မူကြမ်းတစ်ခုကို ရေးဆွဲနိုင်ခဲ့တယ်လို့ ဆိုပါတယ်။

ဒါပေမဲ့ အဲဒီစာချုပ်မူကြမ်းထဲမှာ နှစ်ဖက်စလုံးက လက်မခံနိုင်တဲ့အချက်တွေ အတော်များများပါဝင်နေလို့ နောက်ထပ်အကြိမ်များစွာ ဆွေးနွေးနေရဦးမယ်ထင်ပါတယ်။ တစ်ဖက်မှာလည်း ရှမ်းပြည်နယ်နဲ့ ကချင်ပြည်နယ်တွင်းမှာ တိုက်ပွဲတွေဆက်လက်ဖြစ်ပေါ်နေတာကလည်းညှိနှိုင်းမှုတွေကို ပိုပြီး နှောင့်နှေးစေပါလိမ့်မယ်။ ဒါကြောင့်လည်း အရပ်ဘက်အဖွဲ့အစည်းများ ကြားဝင်ညှိနှိုင်းဖို့သင့်နေတာပါ။





၂၀၁၄ ခုနှစ် ဧပြီလ (၉) ရက်နေ့စွဲနဲ့အစိုးရရဲ့ မြန်မာငြိမ်းချမ်းရေးဗဟိုဌာန (MPC) နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရဲ့ NCCT တို့မှ ပူးတွဲပြုစုတဲ့ အပစ်အခတ်ရပ်စဲရေးစာချုပ် (မူကြမ်း) ကို လေ့လာကြည့်ပါတယ်။ အခန်း (၇) ခန်းပါပြီး စာမျက်နှာ (၂၃) မျက်နှာရှိတဲ့ စာချုပ်မူကြမ်းမှာ အနီရောင်တွေ၊ အပြာရောင်တွေ ပြည့်နေပါတယ်။ အနီရောင်ခြယ်ထားတာတွေက တိုင်းရင်းသားများဘက်က အဆိုပြုပြီး အစိုးရဘက်က လက်မခံတဲ့အချက်တွေပါ။ အပြာရောင်ခြယ်ထားတာတွေက အစိုးရဘက်ကတင်ပြပြီး တိုင်းရင်းသားများဘက်က လက်မခံနိုင်တဲ့အချက်တွေပါ။ အချို့သဘောမညီမှုတွေက စကားလုံးအသုံးအနှုန်းအပေါ် အငြင်းပွားကြတာပါ။ သေသေချာချာ ဖတ်ကြည့်တဲ့အခါမှာ စကားလုံးအသုံးအနှုန်းများနဲ့ ပတ်သက်ပြီး တစ်ဖက်ဖက်က သဘောထားကြီးကြီးနဲ့ အလျှော့ပေးရင်၊ ဒါမှမဟုတ် နှစ်ဖက်စလုံး လက်ခံနိုင်တဲ့စကားလုံးအသစ်ကို ရှာဖွေသုံးစွဲရင် ဖြေရှင်းနိုင်မှာပါ။ ကျန်တဲ့အချက်တွေကိုကြည့်တော့လည်း တစ်ဖက်ဖက်က လက်ခံသင့်တဲ့အဆိုပြုချက်တွေ တွေ့ရသလို လုံးဝလက်ခံနိုင်မှာမဟုတ်တဲ့ အချက်တွေလည်း တွေ့ရပါတယ်။

နှစ်ဖက်စလုံးက သဘောထားမကြီးကြရင်၊ အပြန်အလှန် အလျှော့မပေးကြရင်၊ နိုင်ငံရေးပြဿနာတွေကို လက်နက်ကိုင်တိုက်ပွဲများအစား နိုင်ငံရေးဆွေးနွေးပွဲတွေနဲ့ ဖြေရှင်းမည့် နိုင်ငံရေးယဉ်ကျေးမှုအသစ်တစ်ရပ်ကို ရဲရဲရင့်ရင့်မထူထောင်နိုင်ကြဘူး ဆိုရင် ဒီဆွေးနွေးပွဲတွေကနေ တိုးတက်မှုရှိနိုင်မှာမဟုတ်ပါ။ ဒီလိုနဲ့ 'ပြည်တွင်းစစ်မရပ်စဲသရွေ့ တပ်မတော်၏အခန်းကဏ္ဍကို မြန်မာ့နိုင်ငံရေးနယ်ပယ်မှ လျှော့ချ၍မရ၊ တပ်မတော်က မြန်မာ့နိုင်ငံရေးမှာ ဦးဆောင်ခြယ်လှယ်နေသမျှ စစ်မှန်သောဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် တန်းတူညီမျှမှုများအာမခံချက်မရှိနိုင်၊ တန်းတူညီမျှမှုများ မရှိသရွေ့ ပြည်တွင်းစစ်ရပ်စဲနိုင်မည်မဟုတ်' ဆိုပြီး ရေသံသရာလည်သလို လည်နေတဲ့ ပြည်တွင်းစစ်

သံသရာကနေ ကျနော်တို့နိုင်ငံ လွတ်မြောက်နိုင်မှာ မဟုတ်ပါ။ စာချုပ်မူကြမ်းနဲ့ပတ်သက်ပြီး ကျနော့်ရဲ့လေ့လာသုံးသပ်ချက်များကို အောက်မှာ ဆွေးနွေးတင်ပြပါ့မယ်။

**စကားလုံးအသုံးအနှုန်း အငြင်းပွားမှုများ**

စာချုပ်မူကြမ်းတစ်ခုလုံးမှာ စကားလုံး အဲတော်များများကို အငြင်းပွားကြတာ တွေ့ရပါတယ်။ အဲဒီစကားလုံးတွေကလည်း စာချုပ်တစ်ခုလုံး စာမျက်နှာတိုင်း၊ အခန်းတိုင်းမှာပါဝင်တာမို့ အရေးကြီးစကားလုံးတွေ ဖြစ်ပါတယ်။

(၁) အစိုးရဘက်က 'လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များ' လို့ သုံးချင်ပါတယ်။ တိုင်းရင်းသားများဘက်က 'တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ' လို့သုံးချင်ပါတယ်။

(၂) အစိုးရဘက်က 'ဒီမိုကရေစီနိုင်ငံတော်' လို့သုံးချင်ပြီး တိုင်းရင်းသားများက 'ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်' လို့သုံးချင်ပါတယ်။

(၃) အစိုးရဘက်က 'ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး' လို့သုံးချင်ပြီး တိုင်းရင်းသားများဘက်က 'အပစ်အခတ်ရပ်စဲရေး' လို့သုံးချင်ပါတယ်။

(၄) အစိုးရဘက်က 'ပင်လုံစိတ်ဓာတ်' လို့သုံးပြီး တိုင်းရင်းသားများက 'ပင်လုံစိတ်ဓာတ်၊ ပင်လုံမူနှင့်ပင်လုံကတိကဝတ်' လို့သုံးချင်ပါတယ်။

(၅) အစိုးရဘက်က 'နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေး' လို့အဆိုပြုပြီး တိုင်းရင်းသားများက 'ပြည်ပရန်ကာကွယ်ရေး' လို့သုံးချင်ပါတယ်။

(၆) အစိုးရဘက်က 'အမျိုးသားငြိမ်းချမ်းရေးပြည်ထောင်စုညီလာခံ' လို့ အဆိုပြုပြီး တိုင်းရင်းသားများက 'ပင်လုံ





စိတ်ဓာတ်၊ ပင်လုံမူတို့ကို အခြေခံသော ပြည်ထောင်စုညီလာခံ' လို့အဆိုပြုပါတယ်။

(၇) အစိုးရက 'အမျိုးသားငြိမ်းချမ်းရေးစာချုပ်' လို့ဆိုတာကို တိုင်းရင်းသားများက 'တိုင်းရင်းသားလူမျိုးများဆိုင်ရာပြည်ထောင်စုသဘောတူစာချုပ်' လို့ဆိုချင်ပါတယ်။

ကျနော့်အမြင်အရပြောရရင် တိုင်းရင်းသားများဘက်က တောင်းဆိုတဲ့ 'ပင်လုံစိတ်ဓာတ်၊ ပင်လုံမူနှင့် ပင်လုံကတိကဝတ်'၊ 'ပင်လုံစိတ်ဓာတ်၊ ပင်လုံမူတို့ကိုအခြေခံသော ပြည်ထောင်စုညီလာခံ'၊ 'တိုင်းရင်းသားလူမျိုးများဆိုင်ရာ ပြည်ထောင်စုသဘောတူစာချုပ်' စတဲ့ အသုံးအနှုန်းတွေက သိပ်မြင့်မားလွန်းနေတယ်လို့ ယူဆပါတယ်။ အခုလက်ရှိဆွေးနွေးနေကြတာ 'အပစ်အခတ်ရပ်စဲရေး' အတွက်ပါ။ တိုင်းရင်းသားများရဲ့ တောင်းဆိုချက်အရ 'အပစ်အခတ်ရပ်စဲရေးစာချုပ်' မှာ နိုင်ငံရေးဆွေးနွေးပွဲတွေ ဆက်လက်ကျင်းပရန် အာမခံချက်ကို ထည့်သွင်းရေးဆွဲဖို့ အစိုးရဘက်က သဘောတူထားပါတယ်။ ဒါပေမဲ့ နိုင်ငံရေးဆွေးနွေးပွဲများအဆင့်မှာ အစိုးရနဲ့တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များတင်မကတော့ဘဲ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအင်အားစုများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အမျိုးသမီးနဲ့ ကျောင်းသား၊ လူငယ် အဖွဲ့အစည်းများ စတဲ့လက်နက်မကိုင်တဲ့ သာမန်ပြည်သူများပါ တန်းတူညီမျှ ပါဝင်ဆွေးနွေးခွင့်ရရမှာ ဖြစ်ပါတယ်။ အစိုးရက ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်မှာ နိုင်ငံရေးဆွေးနွေးပွဲများကျင်းပရေးကို အာမခံပေးရမှာဖြစ်ပေမည့် အဲဒီနိုင်ငံရေးဆွေးနွေးပွဲများကို ဘယ်လိုအခြေခံမှုတွေနဲ့ ဆွေးနွေးကြမယ်၊ ဘယ်လိုစာချုပ်ချုပ်ဆိုမယ် ဆိုတာတွေကို ဒီအပစ်အခတ်ရပ်စဲရေးစာချုပ်ထဲမှာ ထည့်ရေးသားဖို့၊ တာဝန်ခံဖို့မလိုအပ်ပါ။ နောက်တစ်ဆင့်မှာကျင်းပမည့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာမူဘောင်များချမှတ်ရေး ဆွေးနွေးပွဲများမှာသာ ဆက်လက်ဆွေးနွေးရမှာ ဖြစ်ပါတယ်။

ဒီစကားလုံးတွေအားလုံးက အခန်းတိုင်း၊ စာမျက်နှာတိုင်းမှာ ထပ်ခါထပ်ခါပါဝင်နေတာမို့ ဒီစကားလုံးအသုံးအနှုန်းတွေနဲ့ ပတ်သက်ပြီး နှစ်ဖက်သဘောတူညီနိုင်ကြရင် အတော်ခရီးပေါက်နေပြီလို့ ဆိုရမှာပါ။ ဒီစကားလုံးအသုံးအနှုန်းတွေအပေါ်မှာ နှစ်ဖက်စလုံးက အလေးအနက်ထားကြတာပါ။ တကယ်တော့ ဒီစကားလုံးအသုံးအနှုန်းတွေပါဝင်တဲ့ စာချုပ်ပါအချက်များဟာ အလွန်မတန်အဓိပ္ပာယ် ပြည့်ဝပြီး ပြည်တွင်းငြိမ်းချမ်းရေးကို အမှန်တကယ် အထောက်အကူ ပြုစေနိုင်တာပါ။ ဒီစကားလုံးတွေအပေါ်မှာ သူ့ဘက်ကိုယ့်ဘက် အလျှော့မပေးကြလို့ စာချုပ်ကို လက်မှတ်မထိုးနိုင်တဲ့ အခြေအနေ ရောက်သွားရင်လည်း နှစ်ဖက်စလုံးက အပြန်အလှန်လက်ညှိုးထိုး အပြစ်တင်ကြမှာပါ။ ဒါကြောင့် ကျနော်က နှစ်ဖက်စလုံးကိုဝေဖန်မည့်၊ ဖိအားပေးမည့်၊ သဘောထားကြီးဖို့ မေတ္တာရပ်ခံမည့်၊ မအောင်မြင်ရင်လည်း နှစ်ဖက်စလုံးကို အပြစ်တင်မည့် အရပ်ဘက် အဖွဲ့အစည်းများရဲ့ ပါဝင်မှုကို တောင်းဆိုတာပါ။

**အခန်း (၁) အခြေခံမူများ**

ဒီအခန်းမှာ တိုင်းရင်းသားများကအဆိုပြုပြီး အစိုးရဘက်က လက်မခံတဲ့ အချက် (၄) ချက်ရှိပါတယ်။ အဲဒီအထဲကနှစ်ချက်ကို စာချုပ်မူကြမ်းမှာပါတဲ့ အမှတ်စဉ်အတိုင်း ဖော်ပြလိုက်ပါတယ်။

၁။ (ဃ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အပြည့်အဝရှိသော ပြည်နယ်များကိုအခြေခံ၍ 'ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု' ကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေး နည်းလမ်းဖြင့်ထူထောင်ရန် သဘောတူကြသည်။

၁။(င) တိုင်းရင်းသားလူမျိုးပေါင်းစုံ ပူးပေါင်းပါဝင်သော ပြည်ထောင်စုတပ်မတော်ကို စစ်မှန်သောဖက်ဒရယ်မူနှင့်အညီ တည်





ဆောက်နိုင်ရေးကိစ္စရပ်များကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများတွင် ထည့်သွင်းဆွေး နွေးရန် သဘောတူကြသည်။

ဒီအချက်တွေက အစိုးရကို နိုင်ငံရေးဆွေးနွေးပွဲများ မရောက်ခင်ကတည်းက ကြိုပြီးသဘောတူညီချက်တောင်းထားသလို ဖြစ်နေပါတယ်။ အပစ်အခတ်ရပ်စဲရေးစာချုပ်အတွက် သိပ်မြင့်လွန်းနေပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲဆိုတာဟာလည်း ဆွေးနွေးပွဲပါဝင်သူများက ကိုယ်ယုံကြည်ရာကို ရပ်တည်ဆွေးနွေးပြီး အခြားသူများရဲ့ ယုံကြည်ချက်၊ ရပ်တည်ချက်တွေနဲ့ညှိနှိုင်းပြီး တိုင်းပြည်အတွက် အကောင်းဆုံးအခြေအနေကို လက်ခံသဘောတူကြရတာပါ။ ကိုယ်လိုချင်တာကို ပြောခွင့်ရှိပေမည့် တခြားတစ်ဖက်ကိုပါ ကိုယ်ဖြစ်စေချင်သလိုလိုက်ဖြစ်ရမယ်လို့ ကြိုတင်ချည်နှောင်ခွင့်မရှိပါ။ ကိုယ်လိုချင်တာအားလုံး နိုင်ငံရေးဆွေးနွေးပွဲကနေ ရာနှုန်းပြည့်ရရမယ်လို့လည်း မျှော်လင့်ထားဖို့မဖြစ်ပါ။ ဒီအချက်နှစ်ချက်စလုံးကို နိုင်ငံရေး ဆွေးနွေးပွဲဆိုင်ရာမူဘောင်များချမှတ်တဲ့ အစည်းအဝေးများမှာမှ ထည့်သွင်းဆွေးနွေးသင့်ပါတယ်။

အစိုးရလက်မခံတဲ့ နောက်နှစ်ချက်ကဒီလိုပါ။

၁။(စ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း အတူတကွ နေထိုင်ကြသောတိုင်းရင်းသားလူမျိုးအားလုံးသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ တန်းတူရည်တူ အခွင့်အရေးရှိကြသည်။ ဤပြည်ထောင်စုအတွင်းနေထိုင်ကြသောနိုင်ငံသားအားလုံးကို လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လိင်ကွဲပြားမှုတို့ကြောင့် ခွဲခြားဆက်ဆံခြင်းမပြုဘဲ တန်းတူရည်တူအခွင့်အရေးရှိစေရမည်ဟုသဘောတူကြသည်။

၁။(ဆ) နိုင်ငံရေးနှင့်ဘာသာရေး ရောယှက်ခြင်းမရှိသည့် ဘာသာရေးကို အခြေမခံသောနိုင်ငံတော်ကို ထူထောင်ရန်သဘောတူကြသည်။

ဒီနှစ်ချက်ကို မြန်မာအစိုးရဘက်က ဘာကြောင့် သဘောမတူရသလဲဆိုတာ စဉ်းစားလို့မရပါ။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ

လည်း အလားတူအချက်အလက်တွေ ပြဋ္ဌာန်းထားပြီးသား ဖြစ်ပါတယ်။ အထူးသဖြင့် ဗုဒ္ဓဘာသာလူမျိုးကြီးဝါဒနဲ့ အမျိုးသမီးများကို နှိမ့်ချရေးဝါဒတွေ ခေါင်းထောင်ထနေချိန်မှာ ဒီအချက်နှစ်ချက်ကို မြန်မာအစိုးရက အပစ်အခတ်ရပ်စဲရေးစာချုပ်ထဲမှာ ထည့်သွင်းရေးဆွဲပြီး တိုင်းရင်းသားများကို အာမခံချက်ပေးရမှာပါ။

အစိုးရက အဆိုပြုပြီး တိုင်းရင်းသားများကလက်မခံတဲ့ အချက်တစ်ချက် ရှိပါတယ်။ ဒီလိုပါ။

၁။(ဃ) ပွင့်လင်းလွတ်လပ်သည့် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေရန် တိုင်းရင်းသားအားလုံးပါဝင်သော ပြည်ထောင်စုစနစ်ကို နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးခြင်းနည်းလမ်းဖြင့် ထူထောင်သွားရန်။

ဒီအချက်ကအထက်မှာ ဖော်ပြခဲ့တဲ့တိုင်းရင်းသားများတင်တဲ့ ‘ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးနည်းလမ်းဖြင့်ထူထောင်ရန်’ ဆိုတဲ့အချက်နဲ့ အပြိုင်ဖြစ်ပါတယ်။ ကျနော့်အမြင်မှာတော့ဒီအချက်ဟာ အပစ်အခတ် ရပ်စဲရေးစာချုပ်အတွက် လုံလောက်တဲ့အချက်မို့လို့ လက်ခံသင့်ပါတယ်။

## အခန်း (၂) ဦးတည်ချက်နှင့် ရည်ရွယ်ချက်များ

ဒီအခန်းမှာ တိုင်းရင်းသားများက ၂။(ဂ) ‘တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်လက်ခံနိုင်သော ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးကို ဦးတည်သည့်နိုင်ငံရေး ဆွေးနွေးမှုများစတင်ရန်’ ဆိုတဲ့ အချက်တစ်ချက်တင်သွင်းပြီး အစိုးရဘက်က လက်မခံပါ။ ဒီအချက်ဟာလည်း အပစ်အခတ်ရပ်စဲရေးစာချုပ်အတွက် သိပ်မြင့်မားနေပြီး နိုင်ငံရေးဆွေးနွေးပွဲမူဘောင်များ ဆွေးနွေးမှုထည့်သွင်းသင့်ပါတယ်။

ဒ့ါအပြင် ၂။(င) ‘အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ကိုလက်မှတ်ထိုးရာတွင် ပါဝင်သင့်သော တိုင်းရင်းသား လက်နက်ကိုင်





အဖွဲ့အစည်းများအားလုံး အတူတကွ ပါဝင်လက်မှတ်ရေးထိုးရန်’ ဆိုတဲ့အချက်မှာ တိုင်းရင်းသားများက ‘ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးတို့အတွက် နှစ်ပေါင်း ၆၀ ကျော် လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲကြသည့် တိုင်းရင်းသားလူမျိုးများ’ ဆိုပြီးအထူးပြုစကားရပ်ထည့်သွင်းဖို့ တောင်းဆိုတာကို အစိုးရဘက်က လက်မခံပါ။ နှစ်ပေါင်း (၆၀) ကျော်မရရှိခဲ့တဲ့ နိုင်ငံရေးဆွေးနွေးပွဲများရရှိတော့မည့်အခြေအနေမျိုးမှာ ဒီစကားရပ်ပေါ် သဘောမတူညီမှုကြောင့် ခရီးမဆက်နိုင်တာတော့မဖြစ်သင့်ပါ။

## အခန်း (၃) အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ကိစ္စရပ်များ

ဒီအခန်းဟာ တကယ်တော့ အပစ်အခတ်ရပ်စဲရေးစာချုပ်ရဲ့ အဓိကကျတဲ့အခန်း ဖြစ်ပါတယ်။ အင်မတန်ကျယ်ပြန့်ပြီး နှစ်ဖက်စစ်တပ်များ လိုက်နာရမည့်အချက်အလက်တွေ ဖော်ပြပါရှိပါတယ်။

တပ်ပိုင်းဆိုင်ရာကိစ္စများနဲ့ပတ်သက်ပြီး သဘောတူညီချက်များမှာ တိုင်းရင်းသားများကတင်သွင်းတဲ့အချက်နှစ်ချက်ကို အစိုးရဘက်က သဘောမတူပါ။ အဲဒီအချက်တွေက အောက်ပါအတိုင်းဖြစ်ပါတယ်။

၅။ (င) ငြိမ်းချမ်းရေးတိုးတက်ဖြစ်ပေါ်မှုနှင့်အညီ နှစ်ဖက်တပ်များ ခင်းကျင်းထားသောမိုင်းများကို ရှင်းလင်းရန်နှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းစဉ်များကို တစ်ဆင့်ချင်းညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်သွားရန်။

၅။ (ည) ဤသဘောတူစာချုပ်ပါအခန်း (---) အရဖွဲ့စည်းသွားမည့် ‘အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ’ နှင့် ပူးပေါင်းဆောင်ရွက်ရန်။

မြေမြှုပ်မိုင်းတွေရှင်းဖို့ဆိုတာ အလွန်အရေးကြီးတဲ့ကိစ္စပါ၊ နှစ်ဖက်စစ်တပ်များက မြှုပ်နှံထားတဲ့မိုင်းများကြောင့် နှစ်ဖက်စစ်သားများသာမက သာမန်ပြည်သူများ၊ အိမ်မွေးတိရစ္ဆာန်များပါ မိုင်းနင်းမိပြီး

အသက်တွေသေကြ၊ ကိုယ်ခန္ဓာအစိတ်အပိုင်းတွေ ဆုံးရှုံးကြရတာပါ။ ဒီမြေမြှုပ်မိုင်းတွေကို အမြန်ဆုံးရှင်းလင်းရေးဟာ အပစ်အခတ်ရပ်စဲရေး စာချုပ်လက်မှတ်ရေးထိုးပြီးတာနဲ့ နှစ်ဖက်စစ်တပ်များ ပူးပေါင်းဆောင်ရွက်ကြရမှာပါ။ အလားတူပဲ အပစ်အခတ်ရပ်စဲရေးစာချုပ်အရ နှစ်ဖက်စစ်တပ်ကိုယ်စားလှယ်များနဲ့ အရပ်ဘက်ကိုယ်စားလှယ်များ ပါဝင်တဲ့ 'အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ' တစ်ခုကို မလွဲမသွေဖွဲ့စည်းရမှာမို့ တပ်ပိုင်းဆိုင်ရာကိစ္စရပ်များကို ၎င်းကော်မတီနဲ့ပူးပေါင်းဆောင်ရွက်ရမှာပါ။ ဒီအချက်တွေကို အစိုးရဘက်က လက်ခံသင့်ပါတယ်။

အပိုဒ် (၆) မှာ အစိုးရဘက်က 'ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အလို့ငှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက တပ်အင်အားတိုးချဲ့ခြင်းနှင့် လူသစ်စုဆောင်းခြင်းမပြုလုပ်ရ' ဆိုပြီး ထည့်သွင်းချင်တာကို တိုင်းရင်းသားများက လက်မခံပါ။ ဒီလိုကန့်သတ်ချက်ဟာ လိုအပ်တယ်ဆိုရင်လည်း နှစ်ဖက်စလုံးအတွက် ဖြစ်သင့်ပါတယ်။ မြန်မာ့တပ်မတော်ကတော့ စစ်သားစုဆောင်းခြင်း၊ တပ်အသစ်တွေဖွဲ့စည်းခြင်း၊ စစ်ရေးလေ့ကျင့်ခြင်း၊ လက်နက်ဝယ်ယူထုတ်လုပ်ခြင်း၊ အင်အားတိုးချဲ့ခြင်းတွေကို အဆက်မပြတ် ဆောင်ရွက်နေပြီးတိုင်းရင်းသားတပ်ဖွဲ့တွေကိုတော့ 'မပြုလုပ်ရ' ဆိုပြီးကန့်သတ်ရင် တရားမျှတမှာမဟုတ်ပါ။ ကန့်သတ်ချင်ရင် နှစ်ဖက်စလုံးကို ကန့်သတ်ပြီး ဒါမှမဟုတ်ရင်လည်း ဒီအပိုဒ်ကိုမထည့်သွင်းသင့်ပါ။

'ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်ရှားနိုင်ရန် တပ်နေရာချခြင်း' အပိုင်းမှာလည်း တိုင်းရင်းသားတွေအဆိုပြုတဲ့ ၇။ (င) 'နှစ်ဖက်တိုက်ရိုက်ထိတွေ့ ရင်ဆိုင်မှုရှိသောနေရာများတွင် ထိတွေ့ပစ်ခတ်မှု မရှိစေရေးအတွက် တပ်စခန်းများ၏ အရေအတွက်၊ တပ်သားဦးရေ လျှော့ချခြင်းနှင့် တပ်ရုပ်သိမ်းရေးကိစ္စများကို ညှိနှိုင်းအကောင်အထည် ဖော်ဆောင်ရွက်ရန်' ဆိုတာကို အစိုးရကလက်မခံပါ။ အပစ်အခတ်





ရပ်စဲရေးခိုင်မာရေးအတွက် အရေးကြီးတဲ့လိုအပ်ချက်တစ်ရပ် ဖြစ်ပါတယ်။ တပ်ရုပ်သိမ်းရေးအထိ လက်မခံနိုင်ရင်တောင်မှ တပ်စခန်းအရေအတွက်၊ တပ်သားဦးရေ လျှော့ချခြင်းတွေကိုတော့ နှစ်ဖက်တပ်များ ညှိနှိုင်းအကောင်အထည်ဖော်သင့်ပါတယ်။

'အရပ်သားများကို အကာအကွယ်ပေးခြင်း' ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ဒေသခံလူထုအကျိုးစီးပွားကို ပျက်စီးစေမည့်ကိစ္စအများအပြားကို နှစ်ဖက်စစ်တပ်များက မပြုလုပ်ကြဖို့ သဘောတူညီချက်တွေ ချမှတ်ထားတာအားရစရာကောင်းပါတယ်။ ဒီသဘောတူညီချက်တွေကို အမှန်တကယ် စောင့်ထိန်းနိုင်ကြမယ်ဆိုရင် ပြည်တွင်းစစ်ဒဏ်ကို အလူးအလဲ ခံစားနေရတဲ့ဒုက္ခသည်များအတွက် အသက်ရှူပေါက်ရပြီး ပျက်စီးနေတဲ့ဘဝတွေ ပြန်လည်ထူထောင်ဖို့အခွင့်အရေးရမှာပါ။

ဒီနေရာမှာလည်း အပိုဒ် ၉။ (ပ)မှာ 'နယ်မြေလုံခြုံရေးအရ နေရပ်စွန့်ခွာ နေထိုင်ကြရသော ပြည်သူများကို လူသားချင်းစာနာထောက်ထားသော အကူအညီများပေးအပ်ရန် အဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုများ' နှင့်ပတ်သက်ပြီး အစိုးရဘက်က 'နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့်' ဆောင်ရွက်စေချင်ပြီး တိုင်းရင်းသားများက 'နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများက ညှိနှိုင်းဆောင်ရွက်ရန်' လို့ ထည့်သွင်းစေချင်ပါတယ်။

ကျနော့်အမြင်မှာတော့ ပြည်တွင်းအခြေစိုက် နိုင်ငံတကာမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများနဲ့ အရပ်ဘက်အဖွဲ့အစည်းများအားလုံးဟာ မှတ်ပုံတင်၊ နားလည်မှုစာချွန်လွှာလဲ စသဖြင့် အစိုးရရဲ့အသိအမှတ်ပြုခံထားရတာမို့ အပစ်အခတ်ရပ်စဲရာ ဒေသက ဒုက္ခသည်ပြည်သူများကို ကူညီထောက်ပံ့ရာမှာ အစိုးရရဲ့ခွင့်ပြုချက် ယူရတာ သဘာဝကျပါတယ်။ တိုင်းရင်းသားများတောင်းဆိုသလို အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ ဒေသဆိုင်ရာအဖွဲ့များနဲ့ ညှိနှိုင်းဖို့

ဆိုတာလည်း သဘာဝကျတာပါပဲ။ အရေးအကြီးဆုံးက ဒုက္ခရောက်နေတဲ့တိုင်းရင်းသားပြည်သူများထံ အကူအညီတွေ မှန်မှန်ကန်ကန်ရောက်ရှိဖို့ပဲ ဖြစ်ပါတယ်။ အဲဒီလိုအကူအညီတွေ ဒုက္ခသည်များထံရောက်ရှိရေးအတွက် တစ်ဖက်ဖက်က သဘောထားကြီးဖို့၊ ဒါမှမဟုတ်လည်း ဒီအပိုဒ်ကိုလုံးဝဖြုတ်ပစ်ဖို့ တောင်းဆိုချင်ပါတယ်။

အပိုဒ် ၉။ (ဏ) မှာ တိုင်းရင်းသားများက 'ပြည်တွင်းရှိ မူလဒေသများမှအခြားဒေသသို့ ပြောင်းရွှေ့ခံရသူများ (IDPs) အား အပစ်ရပ်နယ်မြေအတွင်း လက်ရှိနေထိုင်ရာဒေသတွင် ဆက်လက်နေထိုင်ခြင်းနှင့်ပတ်သက်၍ ၎င်းတို့၏ဆန္ဒအတိုင်း ဆောင်ရွက်ရမည်' လို့ထည့်သွင်းတာကို အစိုးရကလက်မခံပါ။ တကယ်တော့ ဒုက္ခသည်များနေရပ်ပြန်တဲ့ကိစ္စဟာ ၎င်းတို့ရဲ့သဘောဆန္ဒအတိုင်းသာ ဖြစ်သင့်ပါတယ်။ အတင်းအဓမ္မပြန်ပို့တာမျိုး မလုပ်သင့်ပါ။ စစ်ကြောင့် ပြေးလွှားရှောင်ပုန်းရတဲ့ဒဏ်၊ ဖမ်းဆီးသတ်ဖြတ်ခံရတဲ့ဒဏ်တွေကို ကြိမ်ဖန်များစွာခံစားခဲ့ရတဲ့ဒုက္ခသည်များအနေနဲ့ အမှန်တကယ်လုံခြုံပြီလို့ မသေချာမချင်း မူလဒေသကို ပြန်ရဲကြမှာမဟုတ်ပါ။ မပြန်ရဲသေးလို့ လက်ရှိနေထိုင်ရာ အပစ်ရပ်ဒေသမှာပဲ ဆက်နေချင်တယ်ဆိုရင်လည်း သူတို့သဘောအတိုင်းပဲ ဖြစ်ရပါမယ်။

အပိုဒ်၉။ (န) မှာ တိုင်းရင်းသားများက 'ဂျီနီဗာကွန်ဗင်းရှင်း (၄) စစ်ကာလအတွင်း အရပ်သားများအား အကာအကွယ်ပေးရေး (Geneva Convention IV-Realtive to the protection of civilian persons in the time of war) တွင်ပါရှိသည့်အချက်များကို လေးစားလိုက်နာရမည်' ဆိုပြီးထည့်သွင်းဖို့ တောင်းဆိုတာကို အစိုးရဘက်က သဘောမတူပါ။ လက်ခံသင့်တယ်လို့ထင်ပါတယ်။ တကယ်လို့ သဘောမတူကြရင်လည်း တစ်ဖက်ဖက်က သဘောထားကြီးသင့်ပါတယ်။ ဒီတစ်ချက်ကြောင့်နဲ့တော့ စာချုပ်လက်မှတ်ထိုးဖို့ မနှောင့်နှေးသင့်ပါ။ တိုင်းရင်းသားများက 'အပိုဒ်၁၁။ လူ့အခွင့်အရေးကာကွယ် စောင့်





ရှောက်ခြင်း' ခေါင်းစဉ်နဲ့အပိုဒ်ခွဲ (၃) ခု အဆိုပြုတာကို အစိုးရကလက်မခံပါ။ ၎င်းအဆိုပြုချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။

(က) ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူများသည် ငြိမ်းချမ်းရေး၊ တရားမျှတရေး၊ လူ့အခွင့်အရေးနှင့် လွတ်လပ်မှုတို့ကို လေးစားလိုက်နာသည့် အလေ့အကျင့်များ မိမိတို့၏ အုပ်ချုပ်မှုအောက်တွင်ရှိသော ဒေသများ၌ အားပေးမြှင့်တင်ဆောင်ရွက်ရန် သဘောတူသည်။

(ခ) ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူများသည် အသက် (၁၈) နှစ် မပြည့်သေးသောကလေးသူငယ်များကို တပ်ဖွဲ့ဝင်များအဖြစ် စုဆောင်းခြင်းမပြုရန် ကတိပြုသည်။ ထို့အပြင် အရွယ်မရောက်သေးသည့် ကလေးသူငယ်များကို လက်နက်ကိုင်တပ်ဖွဲ့ဝင်များအဖြစ် စုဆောင်းသည့် မည်သည့်အဖွဲ့အစည်းကိုမဆို ဆန့်ကျင်သွားမည် ဖြစ်ကြောင်း သဘောတူသည်။

(ဂ) ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူများသည် အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံခြင်းကို မပြုလုပ်ရန်နှင့် ၎င်းတို့၏ အခွင့်အရေးများ မြှင့်တင်ခြင်းနှင့်ကာကွယ်စောင့်ရှောက်ခြင်းတို့ကို ကမ္ဘာ့ကုလသမဂ္ဂပဋိညာဉ်စာချုပ်ပါ သဘောတူညီချက်များကို လေးစားလိုက်နာပြီး ဆောင်ရွက်သွားကြရန် သဘောတူသည်။

ကျနော့်အမြင်မှာတော့ ဒီအချက်များကို အစိုးရဘက်က လက်ခံသင့်တယ်လို့ မြင်ပါတယ်။ ပြည်တွင်းစစ်မှာ ကလေးသူငယ်များနဲ့အမျိုးသမီးများဟာ အားအနည်းဆုံးနဲ့ ထိခိုက်ခံရဆုံးသားကောင်တွေ ဖြစ်ကြပါတယ်။ အမျိုးသမီးများနဲ့ကလေးသူငယ်များကို အကာအကွယ်

ပေးမည့် အထက်ပါသဘောတူညီချက်တွေပါဝင်ခြင်းဖြင့် ဒီအပစ်အခတ်ရပ်စဲရေးစာချုပ်ဟာ ပိုပြီးခိုင်ညားပါလိမ့်မယ်။

## အခန်း (၄) အပစ်အခတ်ရပ်စဲရေးခိုင်မာအောင်လုပ်ဆောင်ခြင်း

အပိုဒ် (၁၂) မှာ နှစ်ဘက်စစ်တပ်များ အပြန်အလှန် လိုက်နာကြရမည့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များနှင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကိုရေးဆွဲရန် သဘောတူညီချက်မှာ တိုင်းရင်းသားများက စာချုပ်လက်မှတ်ရေးထိုးချိန်မှာ ရေးဆွဲပြဌာန်းလိုပြီး အစိုးရဘက်က စာချုပ်လက်မှတ်ထိုးသည့်နေ့မှ တစ်လအတွင်းရေးဆွဲပြဌာန်းလိုပါတယ်။ ဒီသဘောထားကွဲလွဲမှုကို ညှိနှိုင်းနိုင်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ကျနော့်အမြင်မှာတော့ ဒီစစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များ၊ စည်းမျဉ်းစည်းကမ်းများဟာ အပစ်အခတ်ရပ်စဲရေးစာချုပ်ထဲမှာ မလွဲမသွေပါဝင်ရမည့်အစိတ်အပိုင်းများ ဖြစ်ပါတယ်။

အပိုဒ် (၁၃) မှာ နှစ်ဖက်စလုံးက 'အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ' ကို 'ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များနဲ့ အများယုံကြည်လေးစားသော တိုင်းရင်းသားများ' ဖြင့် ဖွဲ့စည်းတာဝန်ပေးရန် သဘောတူကြပါတယ်။ ဒါပေမဲ့ အဆိုပါပူးတွဲကော်မတီရဲ့တာဝန်နဲ့လုပ်ပိုင်ခွင့်များနဲ့ ဘယ်သူက တာဝန်ခံဖွဲ့စည်းပြီး ဘယ်သူက ဦးဆောင်မယ်ဆိုတဲ့အပေါ်မှာ သဘောထားကွဲကြပါတယ်။

တိုင်းရင်းသားများဘက်က 'အပစ်အခတ် ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ' နှင့် 'လိုအပ်သည့်ကော်မတီဆင့်ဆင့်' ကို 'ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲဦးဆောင်ကော်မတီ' ကနေ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပြီး ရက်ပေါင်း ၃၀ အတွင်းမှာ တာဝန်ယူဖွဲ့စည်းပေးဖို့နဲ့ 'ပူးတွဲစောင့်





ကြည့်ရေးကော်မတီ' ရဲ့တာဝန်နဲ့လုပ်ပိုင်ခွင့်များကိုလည်း 'ပူးတွဲဦးဆောင်ကော်မတီ'ရဲ့ကြီးကြပ်မှုနဲ့အပစ်ရပ်စာချုပ် လက်မှတ်ထိုးပြီး ရက်ပေါင်း ၃၀ အတွင်းရေးဆွဲဖို့ အဆိုပြုတာကို အစိုးရဘက်က လက်မခံပါ။

အစိုးရဘက်က 'အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ' ရဲ့တာဝန်နဲ့လုပ်ပိုင်ခွင့်များကို အပစ်ရပ်စာချုပ်ထဲမှာ တစ်ခါတည်း ရေးဆွဲပြဌာန်းဖို့အဆိုပြုပါတယ်။

အစိုးရအဆိုပြုတဲ့တာဝန်နဲ့ လုပ်ပိုင်ခွင့်များအရ 'အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ' အနေနဲ့(က)အပစ်အခတ်ရပ်စဲရေး အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စံသတ်မှတ်ချက်များ၊ လုပ်ငန်းလမ်းညွှန်နှင့် ဖွဲ့စည်းပုံအသေးစိတ်ကို ညှိနှိုင်းရေးဆွဲ အကောင်အထည်ဖော်ရန်ဖြစ်ပါတယ်။ (ခ) ပြီးတော့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် နှစ်ဖက်သဘောတူညီချက်ဖြင့် ဖွင့်ထားသော ဆက်ဆံရေးရုံးများကို ကြီးကြပ်ရန် ဖြစ်ပါတယ်။ (ဂ) အပစ်အခတ်ရပ်စဲရေးအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စောင့်ကြည့်မှုလုပ်ငန်းစဉ်များကို ဆောင်ရွက်ရန်နှင့် 'ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ' သို့တင်ပြရန်ဖြစ်ပါတယ်။ (ဃ) အပစ်အခတ်ရပ်စဲရေးအကောင်အထည်ဖော်ရာတွင် ဤသဘောတူစာချုပ်ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ဖြစ်ပေါ်လာသည့်အငြင်းပွားမှုများကို ဖြေရှင်းပေးရန်ဖြစ်ပါတယ်။ (င) လူလုပ်နှင့် သဘာဝဘေးအန္တရာယ်များကြောင့် ပြည်တွင်းနေရပ် စွန့်ခွာတိမ်းရှောင်သူများနှင့် ပဋိပက္ခဒဏ်ခံစားရသူများအား လူသားချင်းစာနာသည့်အထောက်အပံ့များပေးအပ်မှုကို 'ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရန်နှင့် စောင့်ကြည့်စစ်ဆေးရန် ဖြစ်ပါတယ်။ (စ) အပစ်အခတ်ရပ်စဲရေးနှင့်သက်ဆိုင်သည့် အကြောင်းအရာများ

အားလုံး၏ အကောင်အထည်ဖော်ဆောင်မှု၊ တိုးတက်ဖြစ်ထွန်းမှုများနှင့် ပတ်သက်၍ ပြည်တွင်း၊ ပြည်ပသို့အသိပေးထိုက်သည်များကို သင့်လျော်သည့်အချိန်တိုင်းတွင် သတင်းမီဒီယာများမှတစ်ဆင့် ထုတ်ပြန်သွားရန်ဖြစ်ပါတယ်။ ဒီအဆိုပြုချက်များကိုတိုင်းရင်းသားများဘက်က လက်မခံပါ။

ဒါ့အပြင် အစိုးရဘက်က (၁၅)။ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် အဖွဲ့ဝင်အားလုံး၏ သဘောတူညီချက်ကို အဖြစ်နိုင်ဆုံးကြိုးစား၍ ရယူသွားမည်။ ဆုံးဖြတ်ချက်မချနိုင်သည်များရှိပါက ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီသို့ တင်ပြရန်သဘောတူညီသည်။ (၁၆)။ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့်သတင်းအချက်အလက်များ (နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စများမှအပ) တောင်းခံလာပါက ဤသဘောတူညီချက်တွင် ချမှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ပေးရန် သဘောတူညီသည် ဆိုတဲ့အချက်များကို စာချုပ်ထဲမှာ ထည့်သွင်းရန်အဆိုပြုတာကိုလည်း တိုင်းရင်းသားများဘက်က လက်မခံပါ။

ဒီနေရာမှာ 'ကော်မတီ' တွေ များလွန်းလို့ စာဖတ်သူများ စိတ်ရှုပ်ထွေးစရာရှိပါတယ်။ ရှင်းပြပါ့မယ်။

အစိုးရက ဖွဲ့စည်းထားပြီးသားကော်မတီနှစ်ခု ရှိပါတယ်။ 'ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ' ကို သမ္မတဦးသိန်းစိန်က ဥက္ကဋ္ဌအဖြစ်နဲ့ဦးဆောင်ပါတယ်။ 'ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ' ကို ဥက္ကဋ္ဌအဖြစ် ဒုသမ္မတစိုင်းမောက်ခမ်း၊ ဒုဥက္ကဋ္ဌများအဖြစ် ဝန်ကြီးဦးအောင်မင်းနဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းဇော်တို့က ဦးဆောင်ပါတယ်။ ကော်မတီနှစ်ခုစလုံးက အစိုးရဖွဲ့စည်းထားတဲ့ကော်မတီများဖြစ်လို့





'အစိုးရဗဟိုကော်မတီ' နဲ့ 'အစိုးရလုပ်ငန်းကော်မတီ' လို့ ပြောရင်ပိုပြီးရှင်းမယ်ထင်ပါတယ်။

'အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ'ဆိုတာ အပစ်အခတ်ရပ်စဲရေးစာချုပ်မှာ ထည့်သွင်းဖွဲ့စည်းဖို့ နှစ်ဖက်သဘောတူထားတဲ့ကော်မတီပါ။ အဲဒီကော်မတီကို အစိုးရလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အများယုံကြည်လေးစားသော တိုင်းရင်းသားများဖြင့်ဖွဲ့စည်းရန်ကိုလည်း နှစ်ဖက်သဘောတူထားကြပါတယ်။ ဒီတော့ ဒီကော်မတီကို 'ပူးတွဲစောင့်ကြည့်ရေးကော်မတီ' လို့ ခေါ်ကြပါစို့။

အစိုးရဘက်က ဖြစ်စေချင်တာက 'ပူးတွဲစောင့်ကြည့်ရေးကော်မတီ' ရဲ့လုပ်ငန်းတာဝန်များကို အထက်မှာဖော်ပြထားတဲ့အတိုင်း အပစ်အခတ်ရပ်စဲရေးစာချုပ်ထဲမှာ ထည့်သွင်းရေးဆွဲဖို့နဲ့အဲဒီ 'ပူးတွဲစောင့်ကြည့်ရေးကော်မတီ' ဟာ 'အစိုးရလုပ်ငန်းကော်မတီ' နဲ့ ညှိနှိုင်းဆောင်ရွက်ဖို့၊ 'အစိုးရဗဟိုကော်မတီ' ရဲ့ အဆုံးအဖြတ်ကိုနာခံဖို့ ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားများဘက်က သဘောမတူတာပါ။

တိုင်းရင်းသားများဘက်က 'ပူးတွဲစောင့်ကြည့်ရေးကော်မတီ' ကိုဖွဲ့စည်းပေးဖို့၊ တာဝန်နဲ့လုပ်ပိုင်ခွင့်တွေ ပြဋ္ဌာန်းပေးဖို့နဲ့ လိုအပ်သလိုလမ်းညွှန်ဖို့အတွက် အစိုးရနဲ့တိုင်းရင်းသား လက်နက်ကိုင်ကိုယ်စားလှယ်များပူးတွဲပါဝင်တဲ့ 'ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲဦးဆောင်ကော်မတီ' (တစ်နည်းအားဖြင့် ပူးတွဲဦးဆောင်ကော်မတီ) ကိုဖွဲ့စည်းဖို့ ဒီအပစ်အခတ်ရပ်စဲရေးစာချုပ်ထဲမှာ ထည့်သွင်းချင်ပါတယ်။ တိုင်းရင်းသားများက 'ပူးတွဲစောင့်ကြည့်ရေးကော်မတီ' ကို 'ပူးတွဲဦးဆောင်ကော်မတီ' ရဲ့လက်အောက်မှာ ရှိစေချင်ပါတယ်။ ဒါကို အစိုးရက လက်မခံပါ။

ပြည်တွင်းငြိမ်းချမ်းမှုဖော်ဆောင်ရေးဆိုတာ စစ်ဖြစ်နေတဲ့ဘက်နှစ်ဖက်နဲ့ ကြားနေအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှ

အောင်မြင်မှု ရနိုင်တာပါ။ ဒါကြောင့် အပစ်အခတ်ရပ်စဲရေး၊ အပစ်အခတ်ရပ်စဲမှုကို စောင့်ကြည့်ရေး၊ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာမူဘောင်များချမှတ်ရေး၊ နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရေးအားလုံးဟာ နှစ်ဖက်စလုံး ပူးပေါင်းပါဝင်ဆောင်ရွက်တဲ့ ပူးတွဲလုပ်ရှားမှုများဖြစ်ပြီး ၎င်းပူးတွဲဆောင်ရွက်မှုများကို ပူးတွဲဦးဆောင်ကော်မတီက ပူးတွဲဦးဆောင်မှ အောင်မြင်မှုရမှာပါ။

## အခန်း (၅) နိုင်ငံရေးဆွေးနွေးပွဲများဆိုင်ရာ အာမခံချက်များ

ဒီအခန်းမှာလည်း သဘောမတူမှုတွေ အတော်များများ ရှိကြပါတယ်။ 'နိုင်ငံရေးလမ်းပြမြေပုံချမှတ်ခြင်း' ဆိုတဲ့ ခေါင်းစဉ်အောက်မှာ လမ်းပြမြေပုံအဆင့်အများစုကို နှစ်ဖက်သဘောတူကြပေမည့် စကားလုံးအသုံးအနှုန်းများကို အငြင်းပွားကြပြန်ပါတယ်။ အောက်မှာကြည့်ပါ။ မျဉ်းစောင်း(/)ရဲ့ရှေ့ဘက်က တိုင်းရင်းသားများသုံးချင်တဲ့စကားလုံးဖြစ်ပြီး မျဉ်းစောင်းရဲ့နောက်ဘက်က အစိုးရသုံးချင်တဲ့စကားလုံး ဖြစ်ပါတယ်။

'၂၁။ ပြည်ထောင်စုအစိုးရနှင့် **တိုင်းရင်းသားလက်နက်ကိုင်၊ လက်နက်ကိုင်တိုင်းရင်းသား** အဖွဲ့အစည်းများသည် နိုင်ငံရေးလမ်းပြမြေပုံနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကိုသဘောတူသည်။

(က) တစ်နိုင်ငံလုံး **အပစ်အခတ်ရပ်စဲရေး၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး** ဆိုင်ရာ စာချုပ်လက်မှတ်ထိုးခြင်း။

(ခ) အစိုးရကိုယ်စားလှယ်များနှင့် **တိုင်းရင်းသားလက်နက်ကိုင်၊ လက်နက်ကိုင်တိုင်းရင်းသား** အဖွဲ့အစည်းများက 'နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ မူဘောင်' (The Framework for Political Dialogue) ကို ရေးဆွဲ သဘောတူညီမှုရယူခြင်း။

(ဂ) ထိုမူဘောင်ကိုအခြေခံ၍ အမျိုးသား (အဆင့်) နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခြင်း။





(ဃ) **ပင်လုံစိတ်ဓာတ်၊ ပင်လုံမူတို့ကို အခြေခံသောပြည်ထောင်စု၊ အမျိုးသားငြိမ်းချမ်းရေး** ညီလာခံကျင်းပခြင်း။

(စ) **တိုင်းရင်းသားလူမျိုးများဆိုင်ရာ ပြည်ထောင်စုသဘောတူစာချုပ်၊ အမျိုးသားငြိမ်းချမ်းရေးစာချုပ်** လက်မှတ်ရေးထိုးခြင်း။

(ဆ) ပြည်ထောင်စုလွှတ်တော်၌ အတည်ပြုခြင်း။'

စကားလုံး အသုံးအနှုန်းကွဲပြားတာကလွဲလို့ နှစ်ဖက်သဘောတူကြတဲ့ အထက်ဖော်ပြပါလမ်းပြမြေပုံအဆင့်တွေမှာ အဆင့် (ခ) မှာ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်တွေကို အစိုးရနဲ့တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်များပဲ ဆွေးနွေးသတ်မှတ်ကြမယ်ဆိုတာကို ကျနော်ကန့်ကွက်ပါတယ်။ ဒီအဆင့်မှာ လက်နက်ကိုင် စစ်တပ်တွေတင်မကတော့ပဲ လက်နက်ကိုင်မထားတဲ့ နိုင်ငံရေးအင်အားစုများ၊ အရပ်ဘက်အဖွဲ့အစည်းများ စတင်ပါဝင်ခွင့်ရသင့်ပါပြီ။ တိုင်းပြည်ရဲ့အနာဂတ်ကို ပုံသွင်းမည့်နိုင်ငံရေးကိစ္စတွေကို ဘယ်လိုမူဘောင်တွေနဲ့ ဆွေးနွေးကြမယ်ဆိုတာကို နိုင်ငံရေးအင်အားစုများနဲ့ အရပ်ဘက်အဖွဲ့အစည်းများပါ လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ တန်းတူ ပါဝင် ဆွေးနွေးဆုံးဖြတ်ကြရမှာပါ။

အောက်ပါအဆိုပြုချက်ကို အစိုးရဘက်က တင်သွင်းပြီး တိုင်းရင်းသားများက လက်မခံပါ။

(ယ) လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

ဒီအဆိုပြုချက်ဟာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို လက်နက်စွန့်ပြီး (သို့မဟုတ်) တပ်ဖွဲ့များကို တပ်မတော်ရဲ့အုပ်ချုပ်မှုအောက်ကို လွှဲပြောင်းပေးပြီး နိုင်ငံရေးပါတီများတည်ထောင်ကြဖို့တောင်းဆိုရာ ရောက်ပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲများကနေ အားလုံးသဘောတူညီတဲ့ရလဒ် မထွက်ပေါ်သေးခင်မှာ (သို့မဟုတ်) စိတ်ချ

နိုင်မာတဲ့ ငြိမ်းချမ်းရေးသဘောတူညီမှုမရသေးခင်မှာ အစိုးရဘက်က အခုလို တောင်းဆိုတာတော့ လွန်လွန်းတယ်လို့ယူဆပါတယ်။

အောက်ပါအဆိုပြုချက်ကို တိုင်းရင်းသားများဘက်က ထည့်သွင်းချင်ပြီး အစိုးရဘက်ကလက်မခံပါ။

(ဈ) 'တိုင်းရင်းသားလူမျိုးများဆိုင်ရာ ပြည်ထောင်စုသဘောတူစာချုပ် (Pyidaungsu Accord)' ပါသဘောတူညီမှုများကို အကောင်အထည် ဖော်ခြင်း။

'နိုင်ငံရေးတွေ့ဆုံဆွေးနွေးခြင်း' ဆိုတဲ့ ခေါင်းစဉ်အောက်မှာလည်း နှစ်ဖက်သဘောမတူညီမှုတွေ အတော်များလှပါတယ်။ အဓိကကတော့ ပူးတွဲကော်မတီဖွဲ့စည်းမှုများနဲ့ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်တွင် ဆွေးနွေးမည့်အကြောင်းအရာများနဲ့ ပတ်သက်ပါတယ်။

တိုင်းရင်းသားများဘက်က နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများစတင်ကျင်းပနိုင်ရေးအတွက် လိုအပ်သောပူးတွဲဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီများကို နှစ်ဖက်ပူးပေါင်း၍ အောက်ပါအတိုင်းဖွဲ့စည်းရမည်ဟု စာချုပ်ထဲမှာထည့်သွင်းချင်ပါတယ်။

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲ ဦးဆောင်ကော်မတီ၊
(၂) ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲလုပ်ငန်းကော်မတီ၊
(၃) ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲအကြံပေးကော်မတီ၊
(၄) နည်းပညာဆိုင်ရာ အထောက်အကူပြုလုပ်ငန်းအဖွဲ့များ၊
(၅) အခြားလိုအပ်သောကော်မတီများ၊

အစိုးရဘက်ကတော့ ဒီအဆိုပြုချက်ကိုလက်မခံဘဲ လိုအပ်သည့်ကော်မတီဖွဲ့စည်းရေးကိစ္စများကို 'နိုင်ငံရေးဆွေးနွေးပွဲများဆိုင်ရာမူဘောင်ရေးဆွဲရေး' ဆွေးနွေးပွဲများတွင်မှ ထည့်သွင်းဆွေးနွေးရန်





တန်ပြန်အဆိုပြုထားပါတယ်။

ဒီကိစ္စက အပစ်အခတ်ရပ်စဲရေးစာချုပ်နဲ့ အပစ်အခတ်ရပ်စဲရေးခိုင်မာရေးအတွက် အရေးအကြီးဆုံးဖြစ်တဲ့ 'အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ' ဖွဲ့စည်းရေးနဲ့ တိုက်ရိုက်ဆက်နွှယ်နေပါတယ်။ တိုင်းရင်းသားများဘက်က 'ပူးတွဲဦးဆောင်ကော်မတီ' ကို အရင်ဖွဲ့စည်းပြီး အဆိုပါ 'ပူးတွဲဦးဆောင်ကော်မတီ' ကမှ 'ပူးတွဲစောင့်ကြည့်ရေးကော်မတီ' ကို ဖွဲ့စည်း၊ တာဝန်နဲ့လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးပြီး ဦးဆောင်မှုပေးရမှာပါ။ အစိုးရဘက်ကတော့ 'ပူးတွဲစောင့်ကြည့်ရေးကော်မတီ' ကို 'အစိုးရဗဟိုကော်မတီ' ရဲ့ဦးဆောင်မှုခံယူစေချင်တာပါ။ ကျနော်ကတော့ ပူးတွဲကော်မတီများဖွဲ့စည်းရေးကို အပစ်ရပ်စာချုပ်ထဲမှာထည့်သွင်းဖို့ တိုင်းရင်းသားများရဲ့ တောင်းဆိုချက်ဟာ သဘာဝကျတယ်လို့ယူဆပါတယ်။

တိုင်းရင်းသားများဘက်က 'နိုင်ငံရေးဆွေးနွေးမှု အဆင့်ဆင့်တွင် ဆွေးနွေးရမည့်အကြောင်းအရာများ' ဆိုတဲ့ ခေါင်းစဉ်အောက်မှာ (က) ပြည်ထောင်စု၏နိုင်ငံရေးအရင်းခံပြဿနာဆိုင်ရာကိစ္စရပ်များ၊ (ခ) မြေယာပိုင်ဆိုင်ခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ၊ (ဂ) လူသားချင်း စာနာထောက်ထားခြင်းနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာကိစ္စရပ်များ၊ (ဃ) ပြန်လည်တည်ဆောက်ရေးနှင့် ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ (င) စီးပွားရေးပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ (စ) မူးယစ်ဆေးဝါးကင်းစင်ရေးဆိုင်ရာကိစ္စရပ်များ၊ (ဆ) လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ (ဇ) အခြားကိစ္စရပ်များ ဆိုပြီး ထည့်သွင်းဖို့ တောင်းဆိုပါတယ်။

ပြီးတော့ 'ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူများသည် ပါဝင်သင့်သူများပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲကို လွှတ်တော်ပြင်ပတွင် ကျင်းပရန်သဘောတူကြသည်' လို့လည်း ထည့်သွင်းစာချုပ်ချင်ပါတယ်။

အစိုးရဘက်က သဘောမတူပါ။ အစိုးရဘက်က 'ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေနိုင်မည့် ကိစ္စရပ်များမှအပ အခြားဆွေးနွေးသင့်သောကိစ္စရပ်များအားလုံးကို နိုင်ငံရေးဆွေးနွေးပွဲတွင် ထည့်သွင်းခွင့်ပြုရန်' ဆိုတာကိုပဲ စာချုပ်ထဲမှာထည့်ချင်ပါတယ်။

ကျနော့်အမြင်မှာတော့ အစိုးရဘက်ကတင်ပြချက်ဟာ လက်ခံနိုင်ဖွယ် ဖြစ်ပါတယ်။ 'ဆွေးနွေးရန်ကိစ္စရပ်များ' ကို နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာမူဘောင်များချမှတ်ရေး ဆွေးနွေးတော့မှ ထည့်သွင်းဆွေးနွေးသင့်ပါတယ်။ အဲဒီမူဘောင်များဆွေးနွေးပွဲမှာ နိုင်ငံရေးအင်အားစုများ၊ အရပ်ဘက်အဖွဲ့အစည်းများလည်း ပါဝင်ရမှာဖြစ်ပြီး လက်နက်မဲ့ပြည်သူများရဲ့ကိုယ်စားလက်နက်ကိုင်များရဲ့ အနိုင်ကျင့် ခြယ်လှယ်ဖိနှိပ်မှုများအဆုံးသတ်ရေး သူတို့ဆွေးနွေးချင်တဲ့ ကိစ္စရပ်များကို တင်ပြခွင့်ရရမှာပါ။

နိုင်ငံရေးဆွေးနွေးပွဲများတွင်' သင့်လျော်သည့်အခန်းကဏ္ဍအလိုက်' ပါဝင်သင့်သည့်အဖွဲ့အစည်းများနှင့် ပတ်သက်ပြီး အစိုးရဘက်က အောက်ပါအတိုင်းအဆိုပြုပါတယ်။

(က) အစိုးရအဖွဲ့၊ (ခ) လွှတ်တော်များ၊ (ဂ) တပ်မတော်၊ (ဃ) နိုင်ငံရေးပါတီများနှင့်နိုင်ငံရေးအစုအဖွဲ့များ၊ (င) တိုင်းရင်းသားကိုယ်စားလှယ်များ၊ (စ) စီးပွားရေးအသင်းအဖွဲ့များ၊ (ဆ) အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ (ဇ) ပညာရှင်အစုအဖွဲ့များ။

တိုင်းရင်းသားများဘက်က အောက်ပါအတိုင်း ပြန်လည်အဆိုပြုပါတယ်၊

(က) နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲအဆင့်ဆင့်တွင် အစိုးရ၏ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ကိုယ်စားလှယ်များနှင့် တရားဝင်နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အချိုးညီ ပါဝင်ကြရမည်။





(ခ) အာဏာရပါတီမှလွဲ၍ ကျန်သောတရားဝင်နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များကို နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲအဆင့်ဆင့်တွင် သက်ဆိုင်ရာကဏ္ဍအလိုက်သင့်တော်သလိုပါဝင်စေရမည်။

(ဂ) အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ စီးပွားရေး အသင်းအဖွဲ့များနှင့် ပညာရှင်အစုတို့၏ကိုယ်စားလှယ်များကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ အဆင့်ဆင့်တွင် သက်ဆိုင်ရာကဏ္ဍအလိုက် သင့်တော်သလို ပါဝင်စေရမည်။

ကျနော့်အမြင်မှာတော့ နှစ်ဖက်စလုံးရဲ့အဆိုပြုချက်များဟာ သိပ်မကွာခြားလှပါ။ ညှိနှိုင်းသဘောတူနိုင်ရင် အကောင်းဆုံးဖြစ်ပြီး ညှိနှိုင်းလို့မရရင် ဒီအချက်ကို အပစ်အခတ်ရပ်စဲရေးစာချုပ်မှာ မထည့်သွင်းဘဲ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်များ ဆွေးနွေးမှထည့်သွင်းဆွေးနွေးသင့်ပါတယ်။

တိုင်းရင်းသားများက အောက်ပါအချက်ကိုအဆိုပြုပါတယ်။ အစိုးရဘက်ကလက်မခံပါ။

(င) ပြည်ထောင်စုညီလာခံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာနှင့် နိုင်ငံတော်ပြန်လည်ဖွဲ့စည်းတည်ဆောက်ခြင်းဆိုင်ရာ သဘောတူညီချက်များ ရယူရန်အတွက်လုပ်ပိုင်ခွင့်အာဏာ ရရှိထားရမည်။ ပြည်ထောင်စုသဘောတူညီချက်များအား ယင်းညီလာခံတွင် ဖော်ဆောင် အတည်ပြုကြမည်ဖြစ်ပြီး ညီလာခံမှထွက်ပေါ်လာသော နောက်ဆုံးဆုံးဖြတ်ချက်များသည် နိုင်ငံတော်အဖွဲ့အစည်းအခြေခံဥပဒေဆိုင်ရာမူဘောင်ဆုံးဖြတ်ချက်များအဖြစ် တရားဝင်မည်ဖြစ်သည်။

ဒီကိစ္စမှာ တိုင်းရင်းသားများဘက်က ရည်မှန်းချက်ကြီးမားလွန်းတယ်ထင်ပါတယ်။ အာဏာလက်ရှိအစိုးရ၊ လွှတ်တော်နဲ့ တပ်မတော်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ အပစ်အခတ်ရပ်စဲပြီး နိုင်ငံရေးဆွေးနွေးပွဲများကျင်းပပြီး ပြည်တွင်းငြိမ်းချမ်း

ရေးတည်ဆောက်ဖို့သဘောတူပေမည့် အပစ်အခတ်ရပ်စဲရေး ခိုင်မာဖို့နဲ့ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်ဖို့ဆိုတာ နှစ်ဖက်စလုံးက လိုချင်တာတွေအားလုံးကို အပြည့်အဝ မရနိုင်ဘူးဆိုတာ အခြေခံအားဖြင့် သဘောပေါက်လက်ခံထားဖို့ လိုအပ်ပါတယ်။ ကိုယ်လိုချင်သမျှကို တစ်ဖက်သတ်ကြိုတင်ကြေညာတာ သဘာဝကျပေမည့် ဘာမှမသေချာသေးတဲ့ရလဒ်ကို နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးရမည့် အပစ်အခတ်ရပ်စဲရေးစာချုပ်ထဲ ထည့်သွင်းဖို့ တောင်းဆိုတာကတော့ သဘာဝကျတယ်မထင်ပါ။ အစိုးရဘက်ကလည်း နိုင်ငံရေးဆွေးနွေးပွဲများဖြစ်ဖို့ အာမခံနိုင်မှာ ဖြစ်ပေမည့်နိုင်ငံရေးဆွေးနွေးပွဲများက ဘယ်လိုရလဒ်ထွက်မယ်ဆိုတာ ဘယ်သူကမှအာမမခံနိုင်ပါ။ ထွက်ပေါ်လာတဲ့ရလဒ်များကိုလည်း တစ်ဖက်ဖက်က (သို့မဟုတ်) နှစ်ဖက်စလုံးက လက်မခံနိုင်တာမျိုးလည်း ရှိနိုင်ပါသေးတယ်။

ပြီးတော့လည်း ၂၀၀၈ ဖွဲ့စည်းပုံအရ ပေါ်ပေါက်လာတဲ့ အစိုးရက ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကို ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေဘောင်ထဲက ဆောင်ရွက်နေတာဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကလည်း သိသိလျက်နဲ့ပါဝင်နေကြတာပါ။ နိုင်ငံရေးဆွေးနွေးပွဲများရဲ့ ရလဒ်တွေဟာ ၂၀၀၈ ဖွဲ့စည်းပုံ ပြင်ဆင်ရေးအတွက် လမ်းညွှန်ချက်တွေ ဖြစ်လာမယ်ဆိုတာကို အစိုးရက လက်ခံနိုင်ပေမည့် ဒီရလဒ်တွေနဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ဖို့ကို ၂၀၀၈ ဖွဲ့စည်းပုံအတိုင်း ပြည်ထောင်စုလွှတ်တော်က ဆက်လက်ဆောင်ရွက်မှာပါ။

နိုင်ငံရေး လမ်းပြမြေပုံမှာလည်း အဆင့် (ဆ) မှာ ပြည်ထောင်စုလွှတ်တော်၌ အတည်ပြုခြင်းဆိုပြီး နှစ်ဖက်သဘောတူထားပြီးဖြစ်ပါတယ်။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်ကသာ နိုင်ငံရေးဆွေးနွေးပွဲရဲ့ရလဒ်များကို အကောင်အထည်ဖော်ရေး တာဝန်အရှိဆုံးဖြစ်ပါတယ်။





**အခန်း (၆) ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

ဒီအခန်းမှာ တိုင်းရင်းသားများက 'အပစ်အခတ်ရပ်စဲရေးစာချုပ်' ကို လက်မှတ်ရေးထိုးကြသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအား မတရားသင်းအဖြစ်ကြေညာထားခြင်းမှပယ်ဖျက်ပေးရန်နဲ့ မတရားသင်းဥပဒေအရ တရားစွဲဆိုခံထားရသူများ၊ အကျဉ်းကျနေသူများကို ပြန်လွှတ်ပေးဖို့ တောင်းဆိုထားပါတယ်။ နှစ်ဖက်အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရေးနဲ့ နားလည်မှုများ မြင့်မားရေးအတွက်လိုအပ်တာမို့ အစိုးရဘက်ကသဘောတူသင့်ပါတယ်။

'ကြားကာလအတွင်း ဆောင်ရွက်ရမည့်အစီအစဉ်များ' ဆိုတဲ့ ခေါင်းစဉ်နဲ့ တိုင်းရင်းသားများက အပစ်အခတ်ရပ်စဲရေးစာချုပ် လက်မှတ်ရေးထိုးချိန်နဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးစာချုပ်လက်မှတ်ရေးထိုးချိန်များအကြား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ဆောင်ရွက်မည့်အချက် ၁၀ ချက်ကိုတောင်းဆိုပါတယ်။ ပထမ ၈ ချက်မှာ 'မိမိတို့နှင့်သက်ဆိုင်သော ဒေသအတွင်း ပြည်သူလူထု၏ လုံခြုံရေးနှင့် ဒေသတည်ငြိမ်ရေး၊ အုပ်ချုပ်ရေးနှင့်တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးအခြေခံလုပ်ငန်းများဖော်ဆောင်ခြင်း၊ မြေယာပိုင်ဆိုင်မှုနှင့်အငြင်းပွားမှုများကို ဖြေရှင်းခြင်း၊ ထိန်းသိမ်းကာကွယ်မှုနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများ၊ မြေပေါ်မြေအောက်သယံဇာတများ ထိန်းသိမ်းခြင်း၊ အကြီးစားမဟုတ်သောသယံဇာတစီမံခန့်ခွဲခြင်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုများ၊ ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ဒေသဖွံ့ဖြိုးရေးနှင့်စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများအတွက် ပြည်တွင်းပြည်ပအလှူရှင်များထံမှ အထောက်အပံ့ ရယူလုပ်ကိုင်ခြင်း၊ အမျိုးသားစာပေနှင့်ယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများ၊ မူးယစ်ဆေးဝါးစိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ သုံးစွဲခြင်းများ ပပျောက်ကင်းစင်ရေးအတွက် ပညာပေး တိုက်

ဖျက်ရေးလုပ်ငန်းများ' ကို 'မိမိအဖွဲ့အစည်းအစီအစဉ်နှင့် ဖြစ်စေ၊ အစိုးရနှင့်ညှိနှိုင်း၍ဖြစ်စေ' ဆောင်ရွက်ခွင့်ရှိရမယ်လို့ တောင်းဆိုထားပါတယ်။ ၎င်းအပြင် 'မိမိတို့နှင့်သက်ဆိုင်သော ဒေသအတွင်း' အကြီးစားစီမံကိန်းလုပ်ငန်းများ၊ အကျိုးသက်ရောက်မှု ကြီးမားသော ဒေသဖွံ့ဖြိုးရေးစီမံကိန်းများချမှတ်ရာတွင် ပါဝင်ဆုံးဖြတ်နိုင်ခွင့်ရှိဖို့ ကိုလည်း တောင်းဆိုထားပါတယ်။ အစိုးရဘက်က သဘောမတူပါ။

ဒီနေရာမှာ 'မိမိတို့နှင့်သက်ဆိုင်သည့် ဒေသအတွင်း' ဆိုတဲ့ စကားရပ်ကို ဘယ်လိုအဓိပ္ပာယ်ဖွင့်သလဲဆိုတာနဲ့ သက်ဆိုင်မယ် ထင်ပါတယ်၊ အပစ်အခတ်ရပ်စဲရေးစာချုပ်ချုပ်ဆိုပြီးရင် မြန်မာနိုင်ငံအတွင်းမှာ ဒေသသုံးမျိုးခွဲခြားနိုင်ပါလိမ့်မယ်။ (၁) အစိုးရတပ်များ စိုးမိုးထားသော (အစိုးရအာဏာသက်ရောက်သော) ဒေသများ၊ (၂) တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များစိုးမိုးသောဒေသများနဲ့ (၃) နှစ်ဖက်ထိတွေ့တိုက်ခိုက်ခဲ့ပြီး ယခုစစ်ပွဲများရပ်စဲရန် သဘောတူသည့် အပစ်ရပ်ဒေသများဖြစ်ကြပါတယ်။

တကယ်လို့တိုင်းရင်းသားများပြောတဲ့ 'သက်ဆိုင်သည့် ဒေသ' ဆိုတာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တပ်စခန်းချ စိုးမိုးထားတဲ့ဒေသဆိုရင် ဒီတောင်းဆိုချက်များကို ထည့်သွင်းတောင်းဆိုစရာမလိုအပ်ပါ။ ဒါပေမဲ့ တိုင်းရင်းသားများနဲ့သက်ဆိုင်သည့်ဒေသဆိုတာ ပြည်နယ်တစ်ခုလုံး၊ တိုင်းဒေသကြီးတစ်ခုလုံးဆိုရင်တော့ အစိုးရဘက်က လက်မခံနိုင်တာ သဘာဝကျပါတယ်။ အပစ်ရပ်ဒေသတွေမှာ ဆိုရင်လည်း အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပူးတွဲညှိနှိုင်းဆောင်ရွက်ရမှာပါ။ ဘက်တစ်ဖက်တည်းက သီးခြားဆောင်ရွက်ဖို့ မသင့်တော်ပါ။

'ပြည်ထောင်စုလွှတ်တော်၌ အတည်ပြုခြင်း' ဆိုတဲ့ ခေါင်းစဉ်အောက်မှာအစိုးရဘက်က '(ဂ) နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာကော်မတီများဖွဲ့စည်းခြင်းနှင့် မူဘောင်ချမှတ်ခြင်းကို ပြည်ထောင်စုလွှတ်





တော်၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်သွားရန်သဘောတူသည်' ဆိုပြီး ထည့်သွင်းဖို့အဆိုပြုတာကို တိုင်းရင်းသားများဘက်က သဘောမတူပါ။ ၂၀၀၈ ဖွဲ့စည်းပုံအရ အစိုးရဟာ လွှတ်တော်ကို တာဝန်ခံရတာမို့ အစိုးရအနေနဲ့လွှတ်တော်ကို တင်သွင်းအတည်ပြုချက်ယူနိုင်ပါတယ်။ ဒါပေမဲ့ တိုင်းရင်းသားများပါ သဘောတူရမယ်ဆိုပြီး အပစ်ရပ်စာချုပ်ထဲ ထည့်သွင်းရေးဆွဲစရာမလိုအပ်ပါ။

**အခန်း (၇) အထွေထွေ**

ဒီအခန်းမှာလည်း အစိုးရဘက်က 'သဘောတူညီချက် ပျက်ပြယ်ခြင်း' ဆိုတာကိုတင်သွင်းပြီး တိုင်းရင်းသားများဘက်က 'ပြန်လည်သုံးသပ်ခြင်း' ဆိုပြီးတင်ပါတယ်။ နှစ်ဖက်အပြန်အလှန် သဘောမတူကြပါ။

အစိုးရဘက်က 'သဘောတူညီချက်ပျက်ပြယ်ခြင်း' ခေါင်းစဉ်အောက်မှာ '၎င်းသဘောတူညီချက်ပါ လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများနှင့် အကြောင်းအချက်များကို တစ်ဖက်ဖက်မှချိုးဖောက်ခြင်း၊ လိုက်နာရန် ပျက်ကွက်ခြင်းတို့ကို လုံလောက်သော သက်သေအထောက်အထားများနှင့် တွေ့ရှိပါက ပြည်ထောင်စုငြိမ်းချမ်းရေးဗဟိုကော်မတီ၏အတည်ပြုသည့်နေ့မှစ၍ ပျက်ပြယ်သည်' ဆိုပြီး ထည့်သွင်းချင်ပါတယ်။

ဒီစာပိုဒ်အတွက် စိုးရိမ်မိပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု၊ နှစ် (၆၀) ကျော်ပြည်တွင်းစစ်ကြီးကို ထာဝရအဆုံးသတ်ရေးကြိုးပမ်းမှုဟာ အခက်အခဲတွေအများကြီးရှိမှာပါ။ ပြဿနာတွေအများကြီး တွေ့ဦးမှာပါ။ ရှေ့မတိုး နောက်မဆုတ်အခြေအနေတွေ၊ ယုံကြည်မှုပျက်ပြားတဲ့အချိန်ကာလတွေ ရှိမှာပါ။ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်စွပ်စွဲပြီး သဘောတူညီမှုတွေ ရုပ်သိမ်းရတာလွယ်ပါလိမ့်မယ်။ ဒါပေမဲ့ ခက်ခက်ခဲခဲ တည်ဆောက်ပြီးသားအခြေအနေတစ်ခုကို

ပျက်စီးပြီးမှ ပြန်လည်တည်ဆောက်ဖို့မလွယ်လှပါ။ စစ်ပွဲတွေ ပြန်ဖြစ်ရင်လည်း အနစ်နာရဆုံးကနိုင်ငံတော်နဲ့ ပြည်သူတွေပါ။ ဒါကြောင့်မို့ အမှားအယွင်းတွေရှိရင်တောင် အလွယ်တကူ နောက်ပြန်မဆုတ်ဘဲ နိုင်ငံတကာ ခေါင်းဆောင်များရဲ့ ကူညီစေ့စပ်မှုနဲ့အမှားတွေကို ပြင်ပြီး ရှေ့ခရီးဆက်မည့်စေတနာနဲ့သတ္တိတွေ ရှိကြစေချင်ပါတယ်။ ဒီစာပိုဒ်ဟာ အစိုးရက သီးခြားကိုင်စွဲရမည့်ကိုယ်ပိုင်မူဝါဒသာဖြစ်ပြီး နှစ်ဖက်လက်မှတ်ထိုးရမည့်စာချုပ်ထဲမှာ မပါဝင်သင့်ပါ။

တိုင်းရင်းသားများဘက်က 'ပြန်လည်သုံးသပ်ခြင်း' ဆိုတဲ့ ခေါင်းစဉ်နဲ့ အောက်ပါအချက် (၃) ချက်ကို အပစ်ရပ်စာချုပ် အာဏာစတင်သက်ရောက်သည့်နေ့မှစ၍ တစ်နှစ်တင်းတင်းပြည့်တဲ့အချိန်မှာ ပြန်လည်သုံးသပ်ပြင်ဆင်မှုများ ပြုလုပ်ဖို့အဆိုပြုပါတယ်။ အစိုးရဘက်က လက်မခံပါ။

(က) ဤသဘောတူစာချုပ် အာဏာသက်ရောက်ပြီးသည်နှင့်တစ်ပြိုင်နက် နှစ်ဖက်တပ်များ၏ စစ်ဆင်ရေးလှုပ်ရှားမှုများကို လုံးဝရပ်တန့်ခြင်းမရှိဘဲ တစ်နည်းနည်းဖြင့်ဆက်လက်ပြုလုပ်နေခြင်း။

(ခ) ဤသဘောတူစာချုပ်ပါ အချိန်ဇယားသတ်မှတ်ချက်အတိုင်း အကောင်အထည်ဖော်ရန် ပျက်ကွက်ခြင်း (ဥပမာ သဘောတူစာချုပ် အာဏာတည်ပြီး ရက်ပေါင်း ၆၀ အတွင်း နိုင်ငံရေးဆွေးနွေးပွဲအတွက် အခြေခံမူဘောင်မရရှိခြင်း၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်သဘောတူပြီးသော်လည်း 'နိုင်ငံရေး ဆွေးနွေးပွဲ' ကို ရက်ပေါင်း ၉၀ အတွင်း ခေါ်ယူရန် ပျက်ကွက်ခြင်း)။

(ဂ) အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်ဆိုင်ရာ အကောင်အထည်ဖော်ဆောင်မှု အားနည်းခြင်း၊ ပျက်ကွက်ခြင်းများ ဖြစ်ပေါ်နေခြင်း။





ဒီအပစ်ရပ်စာချုပ်ကို အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ လက်မှတ်ရေးထိုးပြီးတဲ့နောက်ပိုင်း စာချုပ်ပါ သဘောတူညီချက်အတိုင်း ပူးတွဲဦးဆောင်ကော်မတီ၊ ပူးတွဲလုပ်ငန်းကော်မတီ၊ ပူးတွဲ စောင့်ကြည့်ရေးကော်မတီ၊ ပူးတွဲအလုပ်အဖွဲ့၊ ပူးတွဲအကြံပေးအဖွဲ့စတဲ့ပူးတွဲကော်မတီတွေ ပေါ်ပေါက်လာပြီး အစိုးရကိုယ်စားလှယ်များနဲ့ တိုင်းရင်းသား ကိုယ်စားလှယ်များလုပ်ငန်းစဉ်တွေကို ပူးတွဲဆောင်ရွက်အကောင်အထည်ဖော်ရမှာပါ။ နှစ်ဖက်ပူးပေါင်းပြီး ဆောင်ရွက်နေကြပြီဖြစ်တဲ့အတွက် ပြဿနာတွေကိုပူးတွဲကော်မတီအဆင့်ဆင့်မှာ ဖြေရှင်းကြရမှာပါ။ နှောင့်နှေးမှု၊ ကြန့်ကြာမှုတွေလည်းရှိမှာပါ။ တကယ်တော့ 'အပစ်ရပ်စာချုပ်' ကို အားလုံးသဘောတူလက်မှတ်ရေးထိုးပြီးရင်တောင်မှ အပစ်ရပ်တာကို အကောင်အထည်ဖော်ဖို့အတွက် လိုအပ်တဲ့ ပူးတွဲစောင့်ကြည့်ရေးကော်မတီဖွဲ့စည်းတာ၊ အဲဒီကော်မတီရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းတာ၊ နှစ်ဖက်လိုက်နာရမည့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများကို ရေးဆွဲတာ၊ စတဲ့လုပ်ငန်းစဉ်တွေကို သတ်မှတ်ထားတဲ့အချိန်ဇယားအတိုင်း ပြီးမြောက်အောင်အကောင် အထည်ဖော်ဖို့မလွယ်လှပါ။

တစ်ခါ 'မူဘောင်' ဆွေးနွေးကြတဲ့အခါမှာလည်း အားလုံးသဘောတူလက်ခံနိုင်တဲ့အထိ အချိန်အတော်ကြာ ဆွေးနွေးရဦးမှာပါ။ ဘယ်လိုပဲဖြစ်ဖြစ် အပစ်အခတ်ရပ်စဲရေးကို တတ်နိုင်သလောက် ခိုင်မာအောင်ထိန်းသိမ်းပြီး နိုင်ငံရေး ဆွေးနွေးပွဲများ အထိရောက်အောင် စိတ်ရှည်လက်ရှည် ဖြတ်သန်းဖို့ လိုအပ်ပါတယ်။ ဒါကြောင့်မို့ တိုင်းရင်းသားများတောင်းဆိုသလို 'တစ်နှစ်ပြည့်တဲ့အချိန်' မှာ 'ပြန်လည်သုံးသပ်ဖို့' မလိုအပ်ဘူးလို့ ကျနော်ယူဆပါတယ်။ ပူးတွဲကော်မတီများဟာ ပူးတွဲလုပ်ဆောင်ဖို့တင်မက ပြဿနာများ၊ အခက်အခဲများကို ပူးတွဲဖြေရှင်းပြီး ရှေ့ခရီးဆက်ဖို့ ပူးတွဲဖွဲ့စည်းကြတာ ဖြစ်ပါတယ်။

## သဘောတူညီချက် လက်မှတ်ရေးထိုးခြင်း

ဒီနောက်ဆုံးအဆင့်မှာလည်း ဘက်နှစ်ဖက်၊ မူနှစ်မျိုး ဖြစ်နေပြန်ပါတယ်။ အစိုးရဘက်ကစာချုပ်ကို လက်မှတ်ရေးထိုးရာမှာ အစိုးရကိုယ်စားလှယ်များနဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ကိုယ်စားလှယ်များ ဘေးချင်းယှဉ်လက်မှတ်ထိုးဖို့ပဲ အဆိုပြုပါတယ်။ကိုယ်စားလှယ်တွေဟာ ဘယ်သူဘယ်ဝါဖြစ်ရမယ်ဆိုပြီး အသေးစိတ် မဖော်ပြပါ။

တိုင်းရင်းသားများဘက်ကတော့ လက်မှတ်ထိုးမည့်ပုဂ္ဂိုလ်များကို အသေးစိတ်ဖော်ပြချင်ပါတယ်။ (က) အစိုးရဘက်က (၁) သမ္မတ၊ (၂) ဒုသမ္မတ ၂ ဦး၊ (၃) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ (၄) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ (၅) ကာကွယ်ရေးဦးစီးချုပ်၊ (၆) ရှေ့နေချုပ်၊ (၇) ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒု ဥက္ကဋ္ဌများ၊ (ခ) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးမှ (၁) ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးချုပ်များ၊ (၂) စစ်ဦးစီးချုပ်များပါဝင်လက်မှတ်ရေးထိုးဖို့ တိုင်းရင်းသားများက အဆိုပြုပါတယ်။ ဒါ့အပြင် တိုင်းရင်းသားများက (ဂ) သက်သေများအဖြစ် (၁) ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၊ (၂) လက်ရှိတာဝန် ထမ်းဆောင်နေကြသော ဩဇာသက်ရောက်မှုရှိသည့် နိုင်ငံတကာ ခေါင်းဆောင်များ၊ (၃) သင့်လျော်သောနိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ (၄) ပါဝင်သင့်ပါဝင်ထိုက်သောဂုဏ်သရေရှိပုဂ္ဂိုလ်များပါဝင် လက်မှတ်ရေးထိုးဖို့ကိုလည်း တောင်းဆိုကြပါတယ်။

တိုင်းရင်းသားများရဲ့တောင်းဆိုချက်က သဘာဝကျပါတယ်။ ဒါပေမဲ့ နိုင်ငံတကာခေါင်းဆောင်များကို သက်သေအဖြစ်ပါဝင်စေဖို့မှာ အလွန်မျှော်လင့်ချက်မကြီးစေချင်ပါ။ အဲဒီခေါင်းဆောင်တွေကလည်း သူတို့သက်ဆိုင်ရာတိုင်းပြည်ရဲ့အရေးကိစ္စတွေနဲ့ အလုပ်များနေကြမှာမို့ လာစေချင်တဲ့အချိန်မှာ အားလုံးလာနိုင်ကြမှာမဟုတ်ပါ။ ပြည်တွင်းက





နိုင်ငံရေးအင်အားစုများ၊ အရပ်ဘက်အဖွဲ့အစည်းများ သက်သေအဖြစ်ပါဝင်ဖို့က ပိုပြီး အရေးကြီးတယ်ထင်ပါတယ်။ ကျောင်းသားသမဂ္ဂခေါင်းဆောင်များကိုလည်း သက်သေအဖြစ် ပါဝင်စေသင့်ပါတယ်။

တိုင်းရင်းသားများကသက်သေအဖြစ် လက်မှတ်ရေးထိုးသူများဟာ (၁) အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်ကြီးကြပ်ရာတွင် လေ့လာသူအဖြစ် ပါဝင်နိုင်တယ်။ (၂) တွေ့ရှိချက်များအပေါ် အကြံပြုချက်များတင်ပြနိုင်တယ်။ (၃) ပြဿနာဖြေရှင်းရာတွင် သက်သေအဖြစ် ပါဝင်နိုင်တယ်ဆိုတဲ့ 'သက်သေအဖြစ်ပါဝင်လက်မှတ် ရေးထိုးသူများ၏အခန်းကဏ္ဍ' ကို စာချုပ်ထဲမှာထည့်သွင်းဖို့ အဆိုပြုထားပေမည့် အစိုးရဘက်ကလက်မခံပါ။ ကျနော့်အမြင်မှာတော့ ထည့်သွင်းသင့်ပါတယ်။ ဒါပေမဲ့ သက်သေများဟာ ပူးတွဲကော်မတီများရဲ့ခွင့်ပြုချက်၊ သဘောတူညီမှုတောင်းခံရန်နဲ့ ပူးတွဲကော်မတီများနဲ့ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါလိမ့်မယ်။

## တည်ဆဲဥပဒေ ပြဿနာ

စာချုပ်ရဲ့စာပိုဒ်အချို့မှာ အစိုးရဘက်က 'တည်ဆဲဥပဒေ' ဆိုတဲ့စကားလုံးကို ထည့်သွင်းချင်ပါတယ်။ အောက်ပါအချက် (၃) ချက်ကိုကြည့်ပါ။

၅ (ဈ) အပစ်ရပ်နယ်မြေအတွင်း တရားဥပဒေစိုးမိုးရေးကိစ္စကို ညှိနှိုင်းဆောင်ရွက်ရန်နှင့် ပြစ်မှုကျူးလွန်သူများကို တည်ဆဲဥပဒေနှင့်တရားစွဲဆို အရေးယူရန်။

၈ (က) အပစ်ရပ်နယ်မြေများအတွင်း (နှစ်ဖက်) ဝန်ထမ်းများ၊ အရပ်သားပြည်သူများ စိုးရိမ်ကြောင့်ကြမှုမရှိဘဲ လွတ်လပ်စွာ သွားလာနိုင်ရေး၊ ကုန်စည်များ လွတ်လပ်စွာစီးဆင်းနိုင်ရေးတို့ကို တည်ဆဲဥပဒေနှင့်အညီခွင့်ပြုရန်။

၂၅ (က) အစိုးရသည်မည်သူတစ်ဦးတစ်ယောက် (သို့မဟုတ်) အဖွဲ့

အစည်းကိုမျှ တည်ဆဲဥပဒေကိုချိုးဖောက်ခြင်းမှအပ ဤအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်နှင့် သက်ဆိုင်သည့်ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခြင်းကြောင့် ဖမ်းဆီးအရေးယူမှုများမပြုလုပ်ရန် သဘောတူညီသည်။

တိုင်းရင်းသားများက 'တည်ဆဲဥပဒေ' ဆိုတဲ့စကားလုံးသုံးတာကို လက်မခံချင်ကြပါ။ ဒါဟာဖြင့် အစိုးရက သူတို့ကို ၂၀၀၈ ဖွဲ့စည်းပုံကို လက်ခံအောင်သိမ်းသွင်းတာဖြစ်တယ်လို့ ယူဆကြပါတယ်။ ဒီအချက်တွေက တရားဥပဒေစိုးမိုးရေးနဲ့ အပစ်ရပ်ဒေသနေပြည်သူများရဲ့ အကျိုးစီးပွား၊ လုံခြုံရေးနဲ့ပတ်သက်ပါတယ်။ ဥပဒေတစ်ခုခုတော့ရှိရမှာပါ။ ဒါပေမဲ့ 'တည်ဆဲဥပဒေ' ဆိုတဲ့စကားလုံးက အလွန်ကျယ်ပြန့်ပါတယ်။ စစ်အစိုးရအဆက်ဆက်က ပြဋ္ဌာန်းခဲ့တဲ့ 'မတရားသင်းအက်ဥပဒေ၊ နိုင်ငံတော်၏ အကျိုးစီးပွားကို ဟန့်တားကာကွယ်သည့်ဥပဒေ၊ အရေးပေါ်စီမံချက်အက်ဥပဒေ၊ နိုင်ငံတော်လျှို့ဝှက်ချက်ဥပဒေ' စတဲ့ မတရား၊ မမျှတတဲ့ဥပဒေတွေက 'တည်ဆဲ' ပါ။

ဒါ့အပြင် ပြည်ထောင်စုလွှတ်တော်က ၂၀၁၄ ခုနှစ်ထဲမှာ ပြဋ္ဌာန်းခဲ့တဲ့ 'အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ၊' ညွှန်စာရင်းမတိုင်ရင် အရေးယူနိုင်တဲ့ 'ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးဥပဒေ' များကလည်း 'တည်ဆဲဥပဒေ' တွေ ဖြစ်ပါတယ်။ ဒါကြောင့် အစိုးရရဲ့ 'တည်ဆဲဥပဒေ' ဆိုတာကို တိုင်းရင်းသားများက လက်မခံနိုင်တာပါ။ အစိုးရရဲ့တည်ဆဲဥပဒေကို လက်မခံရင် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များရဲ့ ကိုယ်ပိုင်ဥပဒေကို အသုံးပြုမှာလား။ ဒါလည်းမဖြစ်သင့်ပါ။ အပစ်ရပ်ဒေသများမှ ပြည်သူများရဲ့ အကျိုးစီးပွား၊ လုံခြုံရေး၊ တည်ငြိမ်ရေးနဲ့ လွတ်လပ်မှုများအတွက် နှစ်ဖက်တပ်ဖွဲ့များ ညှိနှိုင်းဆောင်ရွက်တာမျိုးပဲ ဖြစ်သင့်ပါတယ်။





## ဤခရီးမနီးလှပါ

တကယ်တော့ အပစ်အခပ်ရပ်စဲရေးစာချုပ်ကို သဘောတူလက်မှတ်ရေးထိုးနိုင်ရင်တောင်မှ အပစ်အခတ် ချက်ချင်းရပ်စဲမှာမဟုတ်ပါ။ စာချုပ်ပါသဘောတူညီချက်များအရ -

(၁) လက်မှတ်ရေးထိုးပြီးသည့်နေ့မှ (၁၄) ရက်အတွင်း (သို့မဟုတ်) နှစ်ဖက်သဘောတူ သတ်မှတ်ထားသည့် ရက်အတွင်း အစိုးရနဲ့တိုင်း ရင်းသားလက်နက်ကိုင်အဖွဲ့များ ထပ်မံတွေ့ဆုံပြီး အပစ်အခတ်ရပ်စဲ ရေးအချိန်ဇယား သတ်မှတ်ရမှာပါ။

(၂) ပူးတွဲကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းရဦးမှာပါ။ အဲဒီပူးတွဲကော်မတီတွေကိုဖွဲ့စည်းရန် အချိန်ကာလသတ်မှတ်ချက်မရှိသေးပါ။

(၃) အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီတစ်ရပ်ကိုဖွဲ့စည်းပြီး တာဝန်နဲ့လုပ်ပိုင်ခွင့်တွေ သတ်မှတ်ပေးရဦးမှာပါ။ ဘယ်သူက ဖွဲ့စည်းပေးမှာလဲ၊ ဘယ်အဖွဲ့အစည်းကို တာဝန်ခံရမလဲ ဆိုတာ သဘောမတူကြသေးသလို ဘယ်အချိန်မှာဖွဲ့စည်းမှာလဲဆိုတာ စာချုပ်ထဲမှာ မပါသေးပါ။

(၄) အပြန်အလှန်လိုက်နာကြရမည့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များနှင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို စာချုပ်လက်မှတ်ရေးထိုးပြီး ၁ လ အတွင်း ရေးဆွဲပြဋ္ဌာန်းရမှာပါ။

အထက်ပါအဆင့်တွေပြီးမှပဲ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး စတင်အသက်ဝင်မှာပါ။ အထက်ပါလုပ်ငန်းစဉ်များအတွက် နှစ်ဖက်ဆွေးနွေးပွဲတွေ အကြိမ်ကြိမ်ကျင်းပရဦးမှာဖြစ်ပြီး သဘောတူညီချက်တွေရဖို့ အချိန်အတော်ကြာဦးမှာပါ။ အလားတူပဲ-

(၅) မူဘောင်ဆွေးနွေးပွဲများကို လက်မှတ်ရေးထိုးပြီးရက် (၆၀) အတွင်း ကျင်းပမယ်ဆိုပေမည့် အားလုံးလက်ခံသဘောတူညီတဲ့ မူဘောင်တွေရဖို့ အကြိမ်များစွာ ဆွေးနွေးကြရဦးမှာပါ။ ဒါကြောင့်မို့ စာချုပ်ထဲမှာ သဘောတူကြသလို လက်မှတ်ရေးထိုးပြီး ရက်ပေါင်း (၉၀) အတွင်း 'နိုင်ငံရေးဆွေးနွေးပွဲများ' စတင်နိုင်ဖို့ သိပ်မလွယ်လှပါ။

မလွယ်လှသော်လည်း မပျက်စီးသွားစေဖို့ အရပ်ဘက်အဖွဲ့အစည်းများရဲ့ ပါဝင်ပတ်သက်မှုကို အရေးတကြီးလိုအပ်နေပါပြီ။ လက်ရှိအတိုင်း အစိုးရလုပ်ငန်းကော်မတီ (UPWC) နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရဲ့ ကိုယ်စားလှယ် (NCCT) တို့ ဆွေးနွေးညှိနှိုင်းတာကို ဒီအတိုင်းပဲ စောင့်ကြည့်နေကြမယ်ဆိုရင် နောက်ထပ်လပေါင်းများစွာ ဆွေးနွေးပွဲတွေ သောင်မတင်၊ ရေမကျ ဖြစ်နေဦးမှာပါ။အရပ်ဘက်အဖွဲ့အစည်းများကိုယ်တိုင် UWPC နဲ့ NCCT ရဲ့ အစည်းအဝေးထဲ ဝင်ထိုင်၊ ဆွေးနွေးသမျှကို အသိသက်သေလုပ်၊ သဘောထားကွဲသမျှကို ကြားဝင်ဖြန်ဖျန်ပေးပြီး နှစ်ဖက်စလုံးကို သီးခြားစီတွေ့ဆုံ၊ အညီအမျှမေတ္တာရပ်ခံ၊ ဖိအားပေးနိုင်မှ အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးနိုင်မှာပါ။ ဒီအဆင့်ကိုမအောင်မြင်သရွေ့ နောက်အဆင့်တွေကို ဘယ်လိုမှမရောက်နိုင်ဘဲ ငြိမ်းချမ်းရေးနဲ့ အလှမ်းဝေးနေကြရဦးမှာပါ။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက အပစ်အခတ်ရပ်စဲရေးစာချုပ်ဆိုင်ရာ ဆွေးနွေးပွဲများမှာ ကုလသမဂ္ဂနဲ့ အမေရိကန်ပြည်ထောင်စု၊ တရုတ်၊ အိန္ဒိယ၊ ဗြိတိန်အစိုးရများရဲ့ကိုယ်စားလှယ်များ သက်သေအဖြစ်ပါဝင်ဖို့ တောင်းဆိုတာ ကြားသိရပါတယ်။ တကယ်တော့ အဲဒီနိုင်ငံခြားအစိုးရများက ဆွေးနွေးပွဲများမှာ သက်သေအဖြစ်ပါဝင်ကြရင်တောင်မှ နှစ်ဖက်သဘောတူရေးနဲ့ပတ်သက်ပြီး အကျိုးရှိမယ်မထင်ပါ။ နိုင်ငံခြားအစိုးရကိုယ်စားလှယ်တွေက ဘက်နှစ်ဖက်





စလုံးကို သံတမန်စကားလုံးတွေပြောပြီး ဖျောင်းဖြရုံလောက်ပဲ လုပ်နိုင်ကြမှာပါ။ အမှန်တကယ် သက်သေအဖြစ်လိုအပ်နေတာက နိုင်ငံတော်နဲ့ပြည်သူများရဲ့ အကျိုးစီးပွားအတွက် မာနတွေ၊ အာဃာတတွေကို အပြန်အလှန်လျှော့ချပြီး အပေးအယူညှိနှိုင်းရမည့် ဆွေးနွေးပွဲမှာ လက်နက်ကိုင်အင်အားစုနှစ်စုက အတ္တတွေ၊ မာနတွေကို ရှေ့တန်းတင်ပြီး မလိုအပ်ဘဲ တင်းမာနေကြတာတွေ၊ အပြန်အလှန်ခြိမ်းခြောက်ကြတာတွေ၊ မဖြစ်နိုင်လောက်အောင် တောင်းဆိုကြတာတွေကို ပွင့်ပွင့်လင်းလင်းဝေဖန်မယ့် လက်နက်မဲ့ပြည်သူများရဲ့ ကိုယ်စားလှယ်အရပ်ဘက်အဖွဲ့အစည်းများ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ကျနော်ကတော့ '၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း' ရဲ့ ပြည်တွင်းငြိမ်းချမ်းရေးပါဝင်ပတ်သက်မှုကို ကြိုဆိုထောက်ခံပါတယ်။ ဒီထက်ပိုပြီး ပါဝင်ပတ်သက်ဖို့ကိုလည်း တောင်းဆိုပါတယ်။ အစိုးရဘက်နဲ့တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုလည်း '၈၈ ငြိမ်းပွင့်' အပါအဝင် အရပ်ဘက်အဖွဲ့အစည်းများကို အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများကစလို့ ပါဝင်ကြဖို့ တရားဝင်ဖိတ်ခေါ်ရန် တောင်းဆိုပါတယ်။ ပြည်တွင်း ငြိမ်းချမ်းရေးရဖို့ နိုင်ငံသားအားလုံးမှာ တာဝန်ရှိပါတယ်။

*(စာပြီးနေ့စွဲ မေလ ၁၆၊ ၂၀၁၄)*

*



## ဖက်ဒရယ်ပြည်ထောင်စု၊ ဖက်ဒရယ်တပ်မတော်နှင့် ပြည်တွင်းငြိမ်းချမ်းရေး

(ဒီဆောင်းပါးရှည်ကို မဇ္ဈိမ နေ့စဉ်သတင်းစာမှာ ၂၀၁၄ ခုနှစ် ဇူလိုင် ၁၅ ရက်ကနေ ဇူလိုင် ၂၂ ရက်နေ့အတွင်း ငါးပိုင်းခွဲပြီး ဖော်ပြခဲ့ပါတယ်)

လွန်ခဲ့တဲ့နှစ်အနည်းငယ်လောက်က အမေရိကန်ပြည်ထောင်စုက ထင်ရှားတဲ့အထက်လွှတ်တော်အမတ်ကြီး မစ်ချ်မက်ကော်နယ်လ် (Senator Mitch McConnell) က စစ်အစိုးရခေတ် မြန်မာနိုင်ငံရဲ့ အဓိကထုတ်ကုန်သုံးမျိုးဟာ မူးယစ်ဆေးဝါး၊ ဒုက္ခသည်တွေနဲ့ နိုင်ငံရေးအကျဉ်းသားတွေဖြစ်တယ်လို့ မှတ်ချက်ပေးခဲ့ဖူးပါတယ်။ အဲဒီလို မှတ်ချက်ပေးရလောက်အောင်ကိုလည်း မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ ဘိန်းနဲ့မူးယစ်ဆေးဝါးများ အများဆုံးစိုက်ပျိုး ထုတ်လုပ် ဖြန့်ဖြူးရာနိုင်ငံတစ်ခုဖြစ်ခဲ့ပါတယ်။ ပြည်တွင်းစစ်ကြောင့် မိမိတို့နေထိုင်ရာ အိုးအိမ်၊ ဒေသများကိုစွန့်ခွာပြီး ဒါမှမဟုတ် မောင်းထုတ်ခံရပြီး တောထဲ တောင်ထဲမှာ၊ နယ်စပ်ကဒုက္ခသည်စခန်းတွေမှာ ထွက်ပြေးခိုလှုံရသူ ဒုက္ခသည်အများဆုံး ရှိတဲ့နိုင်ငံ ဖြစ်ခဲ့ပါတယ်။ နိုင်ငံရေးအယူအဆ ကွဲလွဲမှု၊ အာဏာရှင်စနစ်ကိုလက်မခံ ဆန့်ကျင်မှုကြောင့် အာဏာရှင်

များက ဖမ်းဆီးနှိပ်စက်ပြီး အကျဉ်းချခံကြရတဲ့ နိုင်ငံရေးအကျဉ်းသား တွေအများဆုံးရှိရာနိုင်ငံ ဖြစ်ခဲ့ပါတယ်။

နှစ်ပေါင်း ၆၀ ကျော်သက်တမ်းရှိပြီဖြစ်တဲ့ ပြည်တွင်းစစ်ကြီး အတွင်း မြန်မာနိုင်ငံသား ထောင်ပေါင်းသောင်းပေါင်းများစွာရဲ့ အသက် တွေ သေကျေပျက်စီးပြီး ပြည်သူသန်းပေါင်းများစွာ အတိဒုက္ခရောက်ခဲ့ ကြ၊ ရောက်နေကြရပါတယ်။ မူးယစ်ဆေးဝါး၊ ဒုက္ခသည်နဲ့ နိုင်ငံရေး အကျဉ်းသားဆိုတာ ဒီမိုကရေစီဆိတ်သုဉ်းမှု၊ လူ့အခွင့်အရေးကင်းမဲ့မှု၊ အာဏာရှင်စနစ်ရှင်သန်မှုနဲ့ အာဏာရှင်တို့က နိုင်ငံရေးသဘောထား မတူညီသူများကို အကြမ်းဖက်အနိုင်ကျင့်ခြင်းတို့ရဲ့ တိုက်ရိုက်အကျိုး သက်ရောက်မှုများ ဖြစ်ပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံမှာ မူးယစ် ဆေးဝါး၊ ဒုက္ခသည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေမရှိဖို့ဆိုရင် အာဏာရှင် စနစ်ကိုဖယ်ရှားပြီး ဒီမိုကရေစီစနစ်ကို အခိုင်အမာ တည်ဆောက်ရမှာ ပါ။ လူ့အခွင့်အရေးတွေကို လေးစားတန်ဖိုးထားပြီး နိုင်ငံသားတိုင်းကို အကာအကွယ်ပေးရမှာပါ။ လူမျိုးဘာသာမတူ ကွဲပြားမှုတွေကို လက် ခံပြီး အပြန်အလှန်လေးစားမှုနဲ့ ညီညွတ်ကြရမှာပါ။ နိုင်ငံရေးအယူအဆ မတူညီမှုတွေကို လက်နက်ကိုင်ပြီး မဖြေရှင်းဘဲ စားပွဲဝိုင်းမှာ တန်းတူ ရည်တူဆွေးနွေးဖြေရှင်းတဲ့ ယဉ်ကျေးမှုကို လေ့ကျင့်တည်ဆောက်ကြ ရမှာပါ။ နှစ်ပေါင်း ၆၀ ကျော် သက်တမ်းရှည်တဲ့ ပြည်တွင်းစစ်ကြီးကို ဓနစပ်ဆွေးနွေးညှိနှိုင်းအဖြေရှာပြီး အဆုံးသတ်ကြရမှာပါ။

## ပြည်တွင်းစစ်ရပ်စဲရေး ကြိုးပမ်းမှုများ

ပြည်တွင်းစစ်ရပ်စဲရေးအတွက် ပါလီမန်ဒီမိုကရေစီခေတ်မှာ ဝန်ကြီးချုပ်ဦးနုခေါင်းဆောင်တဲ့ ဖဆပလအစိုးရက ကြိုးပမ်းခဲ့ဖူး ပါတယ်။ လွတ်ငြိမ်းချမ်းသာခွင့်တွေ အကြိမ်ကြိမ်ပေး၊ လက်နက်နဲ့ ငြိမ်းချမ်းရေး လဲလှယ်ရေး၊ လက်ဝဲညီညွတ်ရေးမူဝါဒများ ချမှတ်ခြင်း စသည်ဖြင့်နည်းလမ်းပေါင်းစုံနဲ့ ကြိုးပမ်းခဲ့ပေမည့် မအောင်မြင်ခဲ့ပါ။





ဒီလိုနဲ့ တိုင်းရင်းသားများတောင်းဆိုတဲ့ ဖက်ဒရယ်ပြည်ထောင်စုအရေး နဲ့ပတ်သက်ပြီး အစိုးရနဲ့တိုင်းရင်းသားခေါင်းဆောင်များ ဆွေးနွေးပွဲ များကျင်းပပြီးအဖြေရှာဖို့ ကြိုးစားနေချိန် ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့မှာ ဗိုလ်ချုပ်ကြီးနေဝင်းခေါင်းဆောင်တဲ့စစ်တပ်က အာဏာ သိမ်းလိုက်လို့ ဝန်ကြီးချုပ်ဦးနုရဲ့ကြိုးပမ်းမှုများ ရပ်စဲခဲ့ရပါတယ်။

ဗိုလ်ချုပ်ကြီးနေဝင်းကလည်း တော်လှန်ရေးကောင်စီလက် ထက်မှာရော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရအနေနဲ့ရော ပြည် တွင်းငြိမ်းချမ်းရေးအတွက် လွတ်ငြိမ်းချမ်းသာခွင့်တွေပေးပြီး လက်နက် ကိုင်အဖွဲ့အစည်းများနဲ့ ဓနစပ်ဆွေးနွေးမှုတွေလုပ်ခဲ့ပါတယ်။ ဒါပေမဲ့ ဦးနေဝင်းအစိုးရရဲ့ရပ်တည်ချက်က တောတွင်းလက်နက်ကိုင်အဖွဲ့ အစည်းများက လက်နက်ကိုင်တပ်များဖျက်သိမ်း၊ ၁၉၇၄ ခုနှစ် တစ်ပါတီ စနစ်ဖွဲ့စည်းပုံ အခြေခံဥပဒေကိုလက်ခံပြီး မဆလအစိုးရရဲ့ ဩဇာကို နာခံရမည့်ကမ်းလှမ်းမှုမျိုးသာဖြစ်တာကြောင့် အဆုံးမှာ ဆွေးနွေးပွဲများ မအောင်မြင်ခဲ့ဘဲ ပြည်တွင်းစစ်သက်တမ်း ဆက်လက်ရှည်ခဲ့ပါတယ်။

၁၉၄၈ ခုနှစ်ကနေ ၁၉၈၉ ခုနှစ်များအတွင်း လက်နက်ကိုင် တော်လှန်ရေးလုပ်ကြတဲ့အဖွဲ့အစည်းများကို အဓိကအားဖြင့် နှစ်မျိုး ခွဲခြားနိုင်ပါတယ်။ တစ်မျိုးက နိုင်ငံရေးအယူဝါဒအရ လက်ရှိအစိုးရကို ဆန့်ကျင်တော်လှန်ကြသူများဖြစ်ပြီး ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ)၊ ဗမာပြည်ကွန်မြူနစ်ပါတီ (အလံနီ)၊ ပြည်သူ့ရဲဘော် (ဖြူ)၊ ပြည်သူ့ ရဲဘော် (ဝါ)၊ ပါလီမန်ဒီမိုကရေစီပါတီ (ပီဒီပီ)၊ ပြည်ချစ်လူငယ်တပ် ပေါင်းစု စတဲ့အဖွဲ့အစည်းများပါဝင်ကြပါတယ်။ နောက်တစ်မျိုးက တော့ လူမျိုးရေးအရတန်း တူညီမျှမှု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နဲ့ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်အတွက် ဆန့်ကျင်တော်လှန်တဲ့အဖွဲ့အစည်းများဖြစ်ပြီး ကရင်အမျိုးသားအစည်းအရုံး (ကေအင်ယူ)၊ ကချင်လွတ်မြောက်ရေး အဖွဲ့ (ကေအိုင်အေ)၊ မွန်ပြည်သစ်ပါတီ စတဲ့တိုင်းရင်းသား လက် နက်ကိုင်အဖွဲ့အစည်းတွေ ပါဝင်ကြပါတယ်။

၁၉၈၉ ခုနှစ်မှာ နိုင်ငံရေးအယူဝါဒအရ ဆန့်ကျင်တော်လှန်တဲ့အဖွဲ့အစည်းများထဲက နောက်ဆုံးကျန်တဲ့ဗမာပြည်ကွန်မြူနစ်ပါတီ ပြိုလဲပျက်စီးပြီး ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကြီးက ပေါက်ဖွားလာတဲ့ ကျောင်းသားတပ်မတော် (မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး-မကဒတ) သာ နိုင်ငံရေးအယူအဆအရ ဆန့်ကျင် တော်လှန်သောအဖွဲ့အစည်းအဖြစ် ခိုင်ခိုင်မာမာ ကျန်ရစ်ခဲ့ပါတယ်။ သံမဏိဗိုလ်ခင်မောင်ခေါင်းဆောင်တဲ့ ဒီမိုကရေစီညီညွတ်ရေးတပ်ပေါင်းစု (ဒညတ)၊ ဗိုလ်မှူးကြီးဟောင်းစိန်မြခေါင်းဆောင်တဲ့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(ပီဒီအက်ဖ်) စတဲ့အဖွဲ့အစည်းအချို့ ရှိပေမည့်လည်း စစ်အစိုးရကို နိုင်ငံရေး၊ စစ်ရေး ထိထိရောက်ရောက် ခြိမ်းခြောက်နိုင်စွမ်းမရှိခဲ့ပါ။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကတော့ မူလရှိရင်းစွဲအဖွဲ့များအပြင် ခွဲထွက်အဖွဲ့များ၊ ချင်းအမျိုးသားတပ်ဦး (စီအန်အက်ဖ်) လို အသစ်ပေါ်ပေါက်သောအဖွဲ့များဖြင့် အရေအတွက်အားဖြင့် ပို၍ပို၍များပြားလာပါတယ်။

ဗိုလ်ချုပ်စောမောင်ခေါင်းဆောင်တဲ့ နဝတစစ်အစိုးရနဲ့ ဗိုလ်ချုပ်သန်းရွှေခေါင်းဆောင်တဲ့ နအဖစစ်အစိုးရများလက်ထက် (၁၉၈၈-၂၀၁၀) အတွင်းမှာလည်း ပြည်တွင်းငြိမ်းချမ်းရေးဆိုပြီး ဆောင်ရွက်ခဲ့ပါသေးတယ်။ ဒါပေမဲ့ စစ်အစိုးရရဲ့ကြိုးပမ်းမှုက ငြိမ်းချမ်းရေးအမှန်တကယ်ရဖို့ထက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို သွေးခွဲဖြိုခွင်းရေးနဲ့လက်အောက်ခံအဖြစ် သိမ်းသွင်းရေးပဲ ဖြစ်ပါတယ်။ ပြည်တွင်းက အကြမ်းမဖက်ဒီမိုကရေစီလှုပ်ရှားသူများကို အကြမ်းဖက်ချေမှုန်းရာမှာ ပိုမိုအာရုံစိုက်၊ အင်အားသုံးနိုင်ဖို့အတွက် နယ်စပ်ဒေသက လက်နက်ကိုင်ပဋိပက္ခများကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်ရန်သာ ရည်ရွယ်ခဲ့ပါတယ်။ ဒါကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီကို ပုန်ကန်ဆန့်ကျင်ခဲ့ပြီး စစ်အစိုးရကိုပြောင်းလဲသစ္စာခံတဲ့ တရုတ်-မြန်မာနယ်စပ်ဒေသအခြေစိုက် ဝ၊ ကိုးကန့်၊ အခါ၊ ကချင်တိုင်းရင်းသား





လက်နက်ကိုင်အုပ်စုများဟာ ရှမ်းပြည်နယ်နဲ့ကချင်ပြည်နယ်အတွင်းမှာ အထူးဒေသများ တည်ထောင်အုပ်ချုပ်ခွင့်၊ စီးပွားရေးဆိုင်ရာ အထူးအခွင့်အရေးများရရှိခဲ့ပါတယ်။ အခြားတိုင်းရင်းသားခွဲထွက်အုပ်စုငယ်များဟာလည်း မြန်မာစစ်အစိုးရကိုသစ္စာခံယူခြင်းဖြင့် ပြည်သူ့စစ်နာမည်နဲ့ လက်နက်ကိုင်ရပ်တည်ခွင့်၊ ဘိန်းစိုက်ခွင့်၊ မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးခွင့်တွေ ရရှိခဲ့ပါတယ်။ တရုတ်-မြန်မာနယ်စပ်အခြေစိုက် တိုင်းရင်းသားတပ်ဖွဲ့များက စစ်အစိုးရရဲ့လက်အောက်ခံတစ်ပိုင်း ဖြစ်လာကြတဲ့အခါ မြန်မာစစ်အစိုးရအတွက် ထိုင်း-မြန်မာနယ်စပ်ဒေသအခြေစိုက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို အင်အားအလုံးအရင်းနဲ့ချေမှုန်းဖို့ အခွင့်အရေးပိုရပါတယ်။ မြန်မာစစ်ခေါင်းဆောင်တွေက ထိုင်းစစ်ခေါင်းဆောင်တွေနဲ့ အဆင်ပြေအောင်ဆက်ဆံပြီး ထိုင်းနယ်စပ်ကတိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များကို စစ်အစိုးရနဲ့ အပစ်အခတ်ရပ်စဲဖို့ ဖိအားပေးနိုင်ခဲ့ပါတယ်။

ထိုင်းအစိုးရရဲ့ဖိအားပေးမှု၊ မြန်မာစစ်အစိုးရမှ စီးပွားရေးအခွင့်အရေးများနဲ့ သွေးဆောင်ဖြားယောင်းမှုတွေနဲ့ အဖွဲ့အစည်းအတွင်း မညီမျှမှု၊ မပြေလည်မှုတွေကြောင့် ထိုင်းနယ်စပ်အခြေစိုက် အင်အားအကြီးမားဆုံးလက်နက်ကိုင်အဖွဲ့ကြီးဖြစ်ပြီး ပြည်ပရောက်မြန်မာအတိုက်အခံအဖွဲ့များ အားကိုးအားထားပြုရာ ကေအန်ယူ (ကရင်အမျိုးသားအစည်းအရုံး) ကနေအုပ်စုများခွဲထွက်၊ အချင်းချင်းပြန်တိုက်လို့ ကေအန်ယူရဲ့ ထိုင်း-မြန်မာနယ်စပ်ဒေသက အခိုင်အမာအခြေခံစခန်းတွေကျဆုံးပြီး အင်အားချည့်နဲ့ သြဇာကျဆင်းခဲ့ရပါတယ်။ ဒီလိုနဲ့ စစ်အစိုးရသက်တမ်းတစ်လျှောက်လုံးမှာ နယ်စပ်ဒေသအခြေပြု တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ဖိအားပေးတိုက်ခိုက်၊ အခွင့်အရေးပေး သွေးခွဲဆက်ဆံပြီး လက်အောက်ခံပြုနိုင်ခဲ့၊ အင်အားချည့်နဲ့စေနိုင်ခဲ့လို့ စစ်ပွဲတွေ ကာလအတော်ကြာရပ်စဲပြီး ပြည်တွင်းက အကြမ်းမဖက် ဒီမိုကရေစီရေးလှုပ်ရှားမှုကြီးကို ဖိနှိပ်ဖြိုခွဲဖို့ အင်အား

ပိုရှိခဲ့ပါတယ်။ စစ်အစိုးရအတွက် ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့ထက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို လက်အောက်ခံပြုပြီး ပြည်တွင်းက ဒီမိုကရေစီလှုပ်ရှားမှုကြီးကိုအကြမ်းဖက် ဖြိုခွဲဖို့က ပိုပြီးအရေးကြီးပါတယ်။

ဒါပေမဲ့ စစ်အစိုးရမထင်မှတ်တာတွေ ဖြစ်ခဲ့ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အင်အားစုတွေဟာ ဘယ်လောက်ပဲ ပြိုကွဲနေသည်ဖြစ်စေ၊ ဘယ်လိုပဲစစ်အစိုးရကို သစ္စာခံသည်ဖြစ်စေ၊ ဘယ်လိုပဲအင်အားချို့တဲ့သည်ဖြစ်စေ၊ ဘယ်လောက်ပဲအတွင်း ပဋိပက္ခတွေ ရှိနေသည်ဖြစ်စေ၊ ဘယ်လောက်ပဲ စစ်အစိုးရနဲ့ပေါင်းပြီး ကြီးပွားချမ်းသာနေသည်ဖြစ်စေ လူမျိုးရေးတန်းတူညီမျှမှု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးတွေ တောင်းဆိုရာမှာအားလုံးတူညီ ရပ်တည်ကြပါတယ်။ ဘယ်အဖွဲ့အစည်းကမှ မြန်မာစစ်တပ်ရဲ့လက်အောက်ခံတပ်မဖြစ်ချင်ကြပါ။ ဘယ်အဖွဲ့အစည်းကမှ သူတို့လိုလားတောင့်တတဲ့ တိုင်းရင်းသားလူမျိုးစုအခွင့်အရေးတွေကို နိုင်ငံရေးအရ ဖြေရှင်းမပေးမချင်း လက်နက်ကိုင်တော်လှန်ရေးကို စွန့်လွှတ်မှာမဟုတ်ပါ။ ဒါကြောင့်လည်း ၂၀၀၉-၂၀၁၀ ခုနှစ်များအတွင်း နအဖစစ်အစိုးရက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို မြန်မာ့တပ်မတော်လက်အောက်ခံ နယ်ခြားစောင့်တပ်ဖွဲ့များအဖြစ် အသွင်ကူးပြောင်းဖို့ ဖိအားပေးတဲ့အခါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအများစုက လက်မခံကြပါ။ ဒီလိုနဲ့ ၂၀၁၁ ခုနှစ်မှာ ၁၄ နှစ်ကျော် အပစ်အခတ်ရပ်စဲခဲ့တဲ့ ကေအိုင်အေနဲ့တိုက်ပွဲတွေ ပြန်ဖြစ်ခဲ့တာပါ။

## ဦးသိန်းစိန်လက်ထက် ငြိမ်းချမ်းရေးဖော်ဆောင်မှု

၂၀၁၁ခုနှစ်မှာ သမ္မတဦးသိန်းစိန်ခေါင်းဆောင်တဲ့ အရပ်သားအစိုးရအာဏာရလာပြီးတဲ့နောက် ပြည်တွင်းငြိမ်းချမ်းရေးကို မဖြစ်မနေဖော်ဆောင်ဖို့ ကတိပြုခဲ့ပါတယ်။ သမ္မတကိုယ်တိုင်ဦးဆောင်တဲ့





ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ ဒုသမ္မတဦးဆောင်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီတွေဖွဲ့စည်းပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ တစ်ဖွဲ့ချင်းသီးခြားစီ တွေ့ဆုံဆွေးနွေးမှုတွေလုပ်ခဲ့ပါတယ်။ ဒါပေမဲ့ အစိုးရရဲ့ ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာမူဝါဒများက အစပိုင်းမှာ မမှန်ကန်ခဲ့ပါ။ ဦးနေဝင်းအစိုးရက ကမ်းလှမ်းခဲ့သလိုပါပဲ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေနဲ့ မြန်မာစစ်တပ်နဲ့အပစ်အခတ်ရပ်စဲ၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလက်ခံ၊ တပ်တွေဖျက်၊ ပါတီထောင်၊ ရွေးကောက်ပွဲဝင်ပြီး လွှတ်တော်ထဲရောက်မှ ၂၀၀၈ ဖွဲ့စည်းပုံကို ပြင်ဆင်ဖို့ကြိုးစားဆိုတဲ့ ဦးသိန်းစိန်အစိုးရရဲ့ ကမ်းလှမ်းချက်တွေကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ငြင်းပယ်ခဲ့ကြပါတယ်။

အတိုင်းအတာတစ်ခုအထိ ပွင့်လင်းလာတဲ့အခြေအနေမှာ တစ်ဟုန်ထိုး အင်အားကြီးမားလာပြီး နိုးကြားတက်ကြွတဲ့ မြန်မာ့အရပ်ဘက် လူ့အဖွဲ့အစည်းများက သမ္မတဦးသိန်းစိန်အစိုးရရဲ့ ပြည်တွင်းငြိမ်းချမ်းရေး မူဝါဒအမှားများကို ဝေဖန်ထောက်ပြပြီး ပြည်တွင်းစစ်ကို ဆွေးနွေးညှိနှိုင်းခြင်းနည်းလမ်းဖြင့် အမြန်ဆုံးရပ်စဲဖို့ တောင်းဆိုကြပါတယ်။ တိုင်းရင်းသားလူမျိုးစုများရဲ့ ရသင့်ရထိုက်တဲ့အခွင့်အရေးများကို မျှမျှတတဖြေရှင်းပေးဖို့ တောင်းဆိုကြပါတယ်။ သတင်းလွတ်လပ်ခွင့် ရှိလာတဲ့ မြန်မာမီဒီယာများက ဖော်ထုတ်ရေးသားလို့ ပြည်တွင်းစစ်ရဲ့အနိဋ္ဌာရုံများ၊ စစ်ဘေးဒုက္ခသည်များ ခံစားနေရတဲ့ဝေဒနာများကို မြန်မာပြည်သူများရော ကမ္ဘာ့ပြည်သူများပါ အရင်တုန်းကထက်ပိုပြီးသိရှိနားလည်လာကြပါပြီ။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများကလည်း ပြည်တွင်းငြိမ်းချမ်းရေးအတွက် အစိုးရနဲ့ တိုင်းရင်းသားလူမျိုးစုများ အကြား စစ်စစ်မှန်မှန်ဆွေးနွေးဖြေရှင်းကြဖို့ ဖိအားပေးပါတယ်။ ဦးသိန်းစိန်အစိုးရကိုယ်တိုင်လည်း ပြည်တွင်းငြိမ်းချမ်းရေးရဖို့ဆိုရင် အပစ်အခတ်ရပ်စဲရေးလုပ်ရုံနဲ့

မလုံလောက်ဘဲ အစိုးရနဲ့တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေး အဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများအားလုံးပါဝင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲကြီးတစ်ခုကို ကျင်းပပေးဖို့လိုအပ်ကြောင်း၊ အဲဒီနိုင်ငံရေးဆွေးနွေးပွဲကြီးက အများသဘောတူ ချမှတ်လိုက်တဲ့ဆုံးဖြတ်ချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ထည့်သွင်းအာမခံပြီး အပြည့်အဝ အကောင်အထည်ဖော်ပေးဖို့ လိုအပ်ကြောင်း သဘောပေါက်လာပါတယ်။

ဒါကြောင့်လည်း ဦးသိန်းစိန်ရဲ့ ပြည်တွင်းငြိမ်းချမ်းရေးမူဝါဒမှာ အပြောင်းအလဲတွေရှိလာပါတယ်။ အရင်တုန်းကလို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို တစ်ဖွဲ့ချင်းစီသီးခြား တွေ့ဆုံဆွေးနွေးခြင်းမပြုတော့ဘဲ တိုင်းရင်းသားလက်နက်ကိုင်တပ်ပေါင်းစုအနေနဲ့ ဆွေးနွေးဖို့သဘောတူလာပါတယ်။ ပထမဆင့်အနေနဲ့ အစိုးရနဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအားလုံးပါဝင်တဲ့ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးဖို့ ဖြစ်ပြီး ဒုတိယအဆင့်မှာ အစိုးရကိုယ်စားလှယ်များနဲ့တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ်များ 'နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာမူဘောင်များ' (The Framework for Political Dialogue) ချမှတ်ရေးဆွေးနွေးရန်၊ တတိယဆင့်အနေနဲ့ ယင်းမူဘောင်များကို အခြေခံပြီး နိုင်ငံရေးဆွေးနွေးပွဲကြီးကျင်းပရန်၊ စတုတ္ထဆင့်အနေနဲ့ 'တိုင်းရင်းသားလူမျိုးများဆိုင်ရာ ပြည်ထောင်စုသဘောတူစာချုပ်' ကိုချုပ်ဆိုပြီး သဘောတူညီချက်များကို အကောင်အထည်ဖော်ရန် စသည်ဖြင့် အများလက်ခံနိုင်တဲ့မူဝါဒအပြောင်းအလဲတွေ ရှိလာပါတယ်။

**နိုင်ငံရေးဆွေးနွေးပွဲယဉ်ကျေးမှု**

သမ္မတဦးသိန်းစိန်က မိန့်ခွန်းတွေထဲမှာ မြန်မာနိုင်ငံသားအချင်းချင်း နိုင်ငံရေးသဘောထားမတူညီမှုတွေကို လက်နက်ကိုင်မဖြေရှင်းဘဲ





စားပွဲဝိုင်းမှာ ဆွေးနွေးဖြေရှင်းမည့် နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်ကို တည်ဆောက်မည့်အကြောင်း မကြာခဏ ထည့်သွင်းပြောကြားတာကြားရတော့ ဝမ်းသာမိပါတယ်။ အာဏာရအစိုးရမှာ ဒီလိုသဘောထားရှိတယ်ဆိုရင် ကျနော်တို့နှစ်ပေါင်းများစွာ ငတ်မွတ်ဆာလောင်နေတဲ့ ငြိမ်းချမ်းရေးကို ရကောင်းရဲ့လို့ မျှော်လင့်မိပါတယ်။ ဒါပေမဲ့ နိုင်ငံရေးဆွေးနွေးပွဲယဉ်ကျေးမှုကို တည်ဆောက်ရာမှာ မရှိမဖြစ်ကျင့်သုံးရမည့် ကျင့်ဝတ်တွေကို သက်ဆိုင်သူအားလုံးက လက်ခံကျင့်သုံးကြမှပဲ ဆွေးနွေးပွဲတွေ အောင်မြင်မှာပါ။ အဲဒီကျင့်ဝတ်တွေက (၁) တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်လေးစားမှုရှိဖို့ လိုအပ်ပါတယ်၊ (၂) တစ်ဖက်နဲ့တစ်ဖက်အပြန်အလှန် သည်းခံခွင့်လွှတ်ဖို့လိုအပ်ပါတယ်၊ (၃) ငြိမ်းချမ်းရေးကို ဆွေးနွေးညှိနှိုင်းပြီး မဖြစ်မနေတည်ဆောက်ကြမည်ဆိုတဲ့ ခိုင်မာတဲ့ဆုံးဖြတ်ချက်ရှိဖို့ လိုအပ်ပါတယ်၊ (၄) စိတ်ရှည်လက်ရှည်ဆွေးနွေးဖို့ လိုအပ်ပါတယ်၊ (၅) အပေးအယူမျှတမှုဖို့ လိုအပ်ပါတယ်၊ မဖြစ်နိုင်တာတွေကို မရမနေတောင်းဆိုတာနဲ့ ဖြစ်သင့်ဖြစ်ထိုက်တာကို လက်မခံဘဲ ခေါင်းမာမာနဲ့ ငြင်းဆန်တဲ့အစွန်းနှစ်ဖက်ကို ရှောင်ဖို့ လိုအပ်ပါတယ်၊ (၆) ဆွေးနွေးစဉ်ကာလမှာ တစ်ဖက်နဲ့တစ်ဖက် အထင်အမြင် လွဲစေနိုင်တဲ့အပြုအမူတွေ၊ ရန်စောင်မှုတွေကို ရှောင်ကြဉ်ဖို့ လိုအပ်ပါတယ်၊ (၇) ဆွေးနွေးပွဲများနဲ့ပတ်သက်ပြီး အများပြည်သူအပေါ် ပွင့်လင်းဖို့လိုအပ်ပါတယ်၊ (၈) ဆွေးနွေးပွဲကရရှိလာတဲ့ သဘောတူညီမှုတွေကိုလက်ခံပြီး ရဲရဲရင့်ရင့်အကောင်အထည်ဖော်ရေး တာဝန်ယူမှုတွေ လိုအပ်ပါတယ်။ ဒီကျင့်ဝတ်မှုတွေပြည့်စုံမှပဲ နိုင်ငံရေးဆွေးနွေးပွဲယဉ်ကျေးမှုအစွန့်ရှည်မှာပါ။

အခုချိန်အထိတော့ ၂၀၁၃ ခုနှစ်ကတည်းက ကြိုးစားနေတဲ့ 'တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်' ချုပ်ဆိုရေးကိစ္စအောင်မြင်မှုမရှိသေးပါ။ စာချုပ်မှာပါဝင်သင့်တဲ့အချက်အလက်များနဲ့ ပတ်သက်ပြီး အစိုးရရဲ့ကိုယ်စားလှယ် 'ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်

ဆောင်ရေးအလုပ်ကော်မတီ' နဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရဲ့ကိုယ်စားလှယ် 'အန်စီစီတီ' (တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့) တို့အကြိမ်များစွာ ဆွေးနွေးခဲ့ကြပြီး ၂၀၁၄ ခုနှစ် မေလ ၂၃ ရက်နေ့မှာ စာချုပ် ဒုတိယမူကြမ်းကို နှစ်ဖက်အတူပြုစုနိုင်ခဲ့ပါတယ်။ အဲဒီဒုတိယမူကြမ်းမှာကိုပဲ နှစ်ဘက်လက်မခံနိုင်တဲ့စကားလုံးတွေ၊ အချက်အလက်တွေ အများကြီးရှိသေးတာမို့ ၂၀၁၄ ခုနှစ်အတွင်းမှာ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်ရဲ့ပထမအဆင့်ဖြစ်တဲ့တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ကိုတောင် အားလုံးသဘောတူ လက်မှတ်ရေးထိုးအကောင်အထည်ဖော်နိုင်ပါ့မလားဆိုတာ သံသယဖြစ်မိပါတယ်။

## ငြိမ်းချမ်းရေးအတွက် အဓိကပြဿနာနှစ်ခု

ပြည်တွင်းငြိမ်းချမ်းရေးအတွက် မြန်မာနိုင်ငံရဲ့လက်နက်ကိုင်ပဋိပက္ခမှာပါဝင်နေကြတဲ့ အဖွဲ့အစည်းများအားလုံး ဆွေးနွေးညှိနှိုင်းကြရာမှာ အဓိကပြဿနာကနှစ်ခုရှိပါတယ်။ (၁) မြန်မာနိုင်ငံအတွင်းမှ တိုင်းရင်းသားလူမျိုးစုများ အားလုံးတန်းတူညီမျှအခွင့်အရေးရှိတဲ့ ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ခြင်းနဲ့ (၂) ပြည်ထောင်စုတိုင်းရင်းသားအားလုံးကိုကိုယ်စားပြုတဲ့ ပြည်ထောင်စုတပ်မတော်ဖွဲ့စည်းပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ပြည်ထောင်စုတပ်မတော်အတွင်း အသွင်ပြောင်းဖွဲ့စည်းခြင်းတို့ ဖြစ်ကြပါတယ်။ ဒီနှစ်ချက်စလုံးကြောင့်လည်း အပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုရေးကိစ္စ ဒီကနေ့အထိမအောင်မြင်သေးတာပါ။ ဒီနှစ်ချက်စလုံး ဖြစ်ပေါ်လာရေးအတွက် နိုင်ငံရေးဆွေးနွေးပွဲများမှာ မဖြစ်မနေဆွေးနွေးမည်ဆိုတဲ့ အာမခံချက်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက အပစ်အခတ်ရပ်စဲရေးစာချုပ်မှာ အဓိက ထည့်သွင်းရေးဆွဲချင်ပြီး အစိုးရနဲ့တပ်မတော်ကတော့ ဒီအချက်တွေဟာ အပစ်အခတ်ရပ်စဲရေး





စာချုပ်နဲ့မသက်ဆိုင်ဘဲ နိုင်ငံရေးဆွေးနွေးပွဲအတွက် မူဘောင်များ ဆွေးနွေးတဲ့အခါကျမှ ထည့်သွင်းဆွေးနွေးရမှာဖြစ်တယ်လို့ ခံယူထားပါတယ်။

နှစ်ဖက်ပြုစုထားတဲ့ အပစ်ရပ်စာချုပ်၊ ဒုတိယမူကြမ်းရဲ့ (Single Texts Second Draft) 'နိုင်ငံရေးတွေ့ဆုံဆွေးနွေးခြင်း' ခေါင်းစဉ်အောက် ပုဒ်မ (၂၁) ပုဒ်မခွဲ (ဃ) မှာ အစိုးရဘက်က **"ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေနိုင်မည့် ကိစ္စရပ်များမှအပ အခြားဆွေးနွေးသင့်သောကိစ္စရပ်များအားလုံးကို နိုင်ငံရေး ဆွေးနွေးပွဲတွင် ထည့်သွင်းဆွေးနွေးရန်"** လို့ ထည့်သွင်းချင်ပါတယ်။ တိုင်းရင်းသားများက အဲဒါကိုလက်ခံပေမည့် အဲဒီစာသားနဲ့ တစ်ဆက်တည်းနှင့် **ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအပါအဝင် ပြည်ထောင်စု၏ နိုင်ငံရေးအရင်းခံပြဿနာဆိုင်ရာ ကိစ္စရပ်များ၊ ပြည်ထောင်စု တပ်မတော်ဆိုင်ရာ ကိစ္စရပ်များ၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် အခြားကိစ္စရပ်များကိုပါ ထည့်သွင်းဆွေးနွေးရန်"** ဆိုပြီး ဖြည့်စွက် ထည့်သွင်းချင်ပါတယ်။ အစိုးရဘက်က သဘောမတူပါ။

## ပြည်ထောင်စုတပ်မတော်

ဒီဆောင်းပါးမှာ ပြည်ထောင်စုတပ်မတော်အရေးကိစ္စကို ဦးစားပေးဆွေးနွေးချင်ပါတယ်။ ၂၀၁၄ ခုနှစ် မေလ ၂၃ ရက်နေ့မှာ နှစ်ဖက်ပူးတွဲပြုစုတဲ့ 'တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ် ရပ်စဲရေးသဘောတူစာချုပ် ဒုတိယမူကြမ်း' အခန်း ၁ အခြေခံမူများ၊ ပုဒ်မ ၁၊ ပုဒ်မခွဲ (င) မှာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက **"တိုင်းရင်းသားလူမျိုးပေါင်းစုံ ပူးပေါင်းပါဝင်သော ပြည်ထောင်စုတပ်မတော်ကို စစ်မှန်သောဖက်ဒရယ်မူနှင့်အညီ တည်ဆောက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများတွင် ထည့်သွင်းဆွေးနွေးသွားရန် သဘောတူကြသည်"**

လို့ ထည့်သွင်းရေးဆွဲချင်ပါတယ်။ အစိုးရဘက်က သဘောမတူပါ။ ၎င်းစာသားအစား အစိုးရဘက်က **"ပြည်ထောင်စုတပ်မတော်ဆိုသည်မှာ တပ်မတော်တွင် နိုင်ငံရှိတိုင်းရင်းသား လူမျိုးပေါင်းစုံ ပါဝင်ဖွဲ့စည်းထားကြောင်း တွေ့ရှိရသဖြင့် ပြည်ထောင်စု တပ်မတော်ပင် ဖြစ်ပါသည်"** လို့ ထည့်သွင်းရေးဆွဲဖို့အဆိုပြုပါတယ်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများက သဘောမတူပါ။

ဒါ အဓိကပြဿနာတစ်ခုပါ။ ပြည်ထောင်စုတပ်မတော်ကိစ္စကို အပစ်အခတ်ရပ်စဲရေးစာချုပ်မှာမထည့်ဖို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက သဘောတူရင်တောင်မှ ဒီကိစ္စဟာ နိုင်ငံရေးဆွေးနွေးပွဲမှာ မလွဲမသွေဆွေးနွေးဖြေရှင်းကြရမည့်ကိစ္စ ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာကိုပဲ နှစ်ဖက်သဘောထားများက အကြီးအကျယ် ကွဲပြားကြပါတယ်။ တိုင်းရင်းသားများက လက်ရှိတပ်မတော်ကို ပြည်ထောင်စု တပ်မတော်ဖြစ်အောင် ပြန်လည်ဖွဲ့စည်းရမယ်လို့ ရပ်တည်ပါတယ်။ လက်ရှိတပ်မတော်ကြီးကမပြောင်းမလဲ ဒီအတိုင်းရှိနေသရွေ့ သူတို့တပ်တွေကိုဖျက်သိမ်းမှာ၊ သူတို့တပ်တွေကို တပ်မတော်ရဲ့လက်အောက်ခံ အဖြစ် အသွင်ပြောင်းမှာမဟုတ်ပါ။ အစိုးရနဲ့တပ်မတော်ဘက်ကလည်း လက်ရှိတပ်မတော်ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းရေးကို လုံးဝလက်မခံပါ။ လက်မခံတဲ့အပြင် လက်ရှိတပ်မတော်ဟာ တိုင်းရင်းသားအားလုံး ပါဝင်တဲ့ ပြည်ထောင်စုတပ်မတော်ဖြစ်တယ်လို့တောင် ပြောနေပါပြီ။

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များတောင်းဆိုသည့် ပြည်ထောင်စုတပ်မတော်

တိုင်းရင်းသားများမျှော်လင့်တဲ့ ပြည်ထောင်စုတပ်မတော်နဲ့ ပတ်သက်ပြီး 'ညီညွတ်သောတိုင်းရင်းသားများဖက်ဒရယ်ကောင်စီ' က တိုင်းရင်းသားညီလာခံကို တင်သွင်းတဲ့စာတမ်းမှာ အောက်ပါအတိုင်း ဖော်ပြထားပါတယ်။





## ဖက်ဒရယ်ပြည်ထောင်စု ကာကွယ်ရေးဆိုင်ရာမူဝါဒများ

ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံအဖြစ် တည်ဆောက်ရာတွင် ကာကွယ်ရေးဆိုင်ရာမူဝါဒများကို အောက်ပါအတိုင်းချမှတ်ရမည်။

၁။ ဖက်ဒရယ်ပြည်ထောင်စု၏ အချုပ်အခြာအာဏာကို ကာကွယ်ရန် နိုင်ငံသားတိုင်း၌ တာဝန်ရှိသည်။

၂။ ဖက်ဒရယ်ပြည်ထောင်စု ကာကွယ်ရေးတပ်မတော်သည် ဖက်ဒရယ်ပြည်ထောင်စု၏ အချုပ်အခြာအာဏာကို ထိပါးလာမည့် ပြည်ပရန်မှ ကာကွယ်ရန် တာဝန်ရှိသည်။

၃။ ဖက်ဒရယ်ပြည်ထောင်စုကာကွယ်ရေး တပ်မတော်သည် ဖက်ဒရယ် ပြည်ထောင်စု၏ဖွဲ့စည်းပုံ အခြေခံဥပဒေကို လေးစားလိုက်နာရမည်။

၄။ ဖက်ဒရယ်ပြည်ထောင်စု၏ကာကွယ်ရေးဆိုင်ရာ မူဝါဒများကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ဥပဒေပြု ပြဋ္ဌာန်းပေးရမည်။

## ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်ဆိုင်ရာမူဝါဒများ

၁။ ဖက်ဒရယ်ပြည်ထောင်စုကာကွယ်ရေး တပ်မတော်သည် ဖက်ဒရယ် ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရမည်။

၂။ ဖက်ဒရယ်ပြည်ထောင်စုကာကွယ်ရေး တပ်မတော်သည် နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်မှုမရှိစေရဘဲ စွမ်းရည်ပြည့်ဝသောတပ်မတော် (Professional Army) သာ ဖြစ်စေရမည်။

၃။ ဖက်ဒရယ်ပြည်ထောင်စုကာကွယ်ရေး တပ်မတော်သည် မည်သည့်အချိန်အခါတွင်မဆို အရပ်ဘက်အုပ်ချုပ်ရေး အောက်တွင် (Civilian Control) ရှိစေရမည်။ မည်သည့်

လက်ရှိတာဝန်ထမ်းဆောင်နေသော စစ်အရာရှိ (Active Duty) ပုဂ္ဂိုလ်ကိုမျှ ကာကွယ်ရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးများအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးခြင်း မရှိစေရ။

၄။ ဖက်ဒရယ်ပြည်ထောင်စုကာကွယ်ရေးအတွက် ဖွဲ့စည်းထားသော တပ်မတော်သည် တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူ့ဘဝလုံခြုံရေးအတွက် ဖွဲ့စည်းထားသော ပြည်ထောင်စုရဲတပ်ဖွဲ့၊ ပြည်နယ်ရဲတပ်ဖွဲ့တို့နှင့် သီးခြားထားရှိရမည်။

## ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်စုဖွဲ့ပုံ

၁။ ဖက်ဒရယ် ပြည်ထောင်စုတပ်မတော်စုဖွဲ့ရာတွင် တပ်သားသစ် စုဆောင်းခြင်း၊ အရာရှိသင်တန်းပေးခြင်း၊ စစ်တက္ကသိုလ်အဆင့်ရွေးချယ်ခြင်းတို့၌ တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ တင်ကြို ညှိနှိုင်း သဘောတူသတ်မှတ်ထားသော အချိုးကျစနစ် (Negotiated Proportionate System) ကိုကျင့်သုံးရမည်။

မှတ်ချက်။ ။ မည်သည့်တိုင်းရင်းသားလူမျိုးတစ်မျိုးကမှ တပ်ဖွဲ့ဝင်ဦးရေ ထက်ဝက်ကျော်အရေအတွက်မရှိစေရ။

၂။ ဖက်ဒရယ်ပြည်ထောင်စုလိုအပ်ချက်နှင့်အညီ ကြည်းတပ်၊ ရေတပ်နှင့် လေတပ်တို့ကို သီးခြားစီခွဲ၍ ဖွဲ့စည်းထားရှိရမည်။

၃။ ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်လက်အောက်ခံ တပ်ဖွဲ့များအတွင်း ရာထူး၊ တာဝန်ခန့်အပ်မှုများနှင့်ပတ်သက်၍ လူမျိုး၊ ကိုးကွယ်သည့် ဘာသာ၊ မျိုးရိုး၊အသားအရောင်





နှင့် လိင်ကွဲပြားမှုတို့အပေါ်တွင် အခြေခံ၍ ခွဲခြားဆက်ဆံခြင်းမရှိစေရ။

၄။ ပညာပေးရေးကိစ္စ

(က) စစ်လေ့ကျင့်ရေးကျောင်းများ၊ စစ်တက္ကသိုလ်များကို သီးခြားဖွဲ့စည်း ထူထောင်ရမည်။

(ခ) အဆိုပါ စစ်လေ့ကျင့်ရေးကျောင်းများ၊ စစ်တက္ကသိုလ်များတွင် သင်ကြားပို့ချရာ၌ စစ်ဘက်ဆိုင်ရာ ဘာသာရပ်များအပြင် ဒီမိုကရေစီ ကျင့်စဉ်နှင့် လူ့အခွင့်အရေးဘာသာရပ်များ၊ ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာရေးဘာသာရပ်များ၊ အရပ်ဘက်အုပ် ချုပ်ရေးဆိုင်ရာအခြေခံသဘော တရားဘာသာရပ်များနှင့် ဂျီနီဗာကွန်ဗင်းရှင်း (Geneva Convention) မှချမှတ်ထားသော နိုင်ငံတကာ အဆင့်တိုက်ပွဲအတွင်း လိုက်နာရမည့် စည်းကမ်းများ (Rules of Engagement) နှင့် ပြည်သူလူထုနှင့် ဆက်ဆံရာတွင် လိုက်နာရမည့် စည်းကမ်းများ (Code of Conducts) တို့ကိုလည်း သင်ကြားရမည်။

၅။ ဖက်ဒရယ်ပြည်ထောင်စုတပ်မတော် စစ်ဦးစီးများအဖွဲ့ကို ကာကွယ်ရေးဝန်ကြီးဌာန၏လက်အောက်တွင် ဖွဲ့စည်းထားရှိရမည်။ စစ်ဦးစီးများအဖွဲ့တွင် တိုင်းရင်းသားလူမျိုးအသီးသီး၏စစ်ဦးစီးချုပ်များ အချိုးကျပါဝင်စေလျက် ၎င်းတို့အချင်းချင်းထဲမှ ကာကွယ်ရေးဦးစီးချုပ်တစ်ဦးကို (၁) နှစ်သက်တမ်းအတွက် အလှည့်ကျ ရွေးချယ်ခန့်အပ်ရမည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ တောင်းဆိုတဲ့ ပြည်ထောင်စုတပ်မတော်ဆိုတာ ဒီမိုကရေစီနိုင်ငံတစ်ခုမှာ အရပ်ဘက်အုပ်

ချုပ်ရေးရဲ့ လက်အောက်ခံဖြစ်တဲ့တပ်မတော်ပါ။ အထက်ဖော်ပြပါ တိုင်းရင်းသားများရဲ့ မျှော်လင့်ချက်တွေဟာ အမေရိကန်ပြည်ထောင်စု တပ်မတော်ဖွဲ့စည်းပုံနဲ့ အများအားဖြင့်တူညီပါတယ်။ တပ်မတော်ဟာ အရပ်ဘက်အုပ်ချုပ်ရေးရဲ့ လက်အောက်ခံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း တစ်ခုဖြစ်ပြီး အရပ်သားကာကွယ်ရေးဝန်ကြီးက အုပ်ချုပ်ရမယ်။ ကြည်း တပ်တစ်ခုတည်းက အင်အားကြီးမား၊ ဩဇာကြီးမားတာမျိုးမဟုတ်ဘဲ ကြည်းတပ်၊ ရေတပ်၊ လေတပ်တွေဟာ သီးခြားစီဖွဲ့စည်းပြီး တန်းတူ ညီမျှရှိရမယ်။ တပ်မတော်ကို ကြည်း၊ ရေ လေစစ်ဦးစီးချုပ်များပါဝင်တဲ့ ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့က ခေါင်းဆောင်ပြီး ပူးတွဲစစ်ဦးစီးချုပ်များ အဖွဲ့ရဲ့ဥက္ကဋ္ဌကို စစ်ဦးစီးချုပ်များထဲက အလှည့်ကျရွေးချယ် တာဝန် ပေးရမယ်။ တပ်မတော်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့် ရှောက်ဖို့မဟုတ်ဘဲ လေးစားလိုက်နာဖို့ ဖြစ်တယ်။ တပ်မတော်ဟာ ရဲတပ်ဖွဲ့နဲ့ သီးခြားဖြစ်ရမယ်။ အဲဒီမျှော်လင့်ချက်တွေကို ဦးသိန်းစိန် အစိုးရနဲ့ မြန်မာ့တပ်မတော်က လိုက်လျောလိမ့်မယ်မထင်ပါ။ အထူး သဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တစ်နိုင်ငံလုံးမှာ အမြင့် မားဆုံးအာဏာရှိနေတဲ့ ကာကွယ်ရေးဦးစီးချုပ်နဲ့ မြန်မာ့ တပ်မတော်က တပ်မတော်ပြန်လည်ဖွဲ့စည်းရေးနဲ့ တပ်မတော်ကို အရပ်သားအုပ် ချုပ်ရေးလက်အောက်ခံဖြစ်ရေး တောင်းဆိုချက်တွေကို လုံးဝလိုက်လျော လိမ့်မယ်မထင်ပါ။ ဒါဆိုရင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ကလည်း သူတို့ရဲ့လက်နက်ကိုင်တပ်ဖွဲ့များကို ဖျက်သိမ်းကြ၊ အသွင် ပြောင်းကြမှာမဟုတ်ပါ။ ဒီလိုဆိုရင်ဖြင့် ပြည်တွင်းငြိမ်းချမ်းရေးနဲ့ အလှမ်းဝေးနေရဦးမှာပါ။

**တပ်မတော်၏ သဘောထား**

၂၀၁၄ ခုနှစ် မေလ ၄ ရက်နေ့ထုတ် ဒီမိုကရေစီတူဒေး (Democracy Today) သတင်းစာမှာ တပ်မတော်ရဲ့သဘောထားကို





ဖတ်ရှုရပါတယ်။ အယ်ဒီတာချုပ်ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်) ရဲ့ စာရေးမေးမြန်းချက်တွေကို ကာကွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးတစ်ဦးက စာရေးပြန်ကြားတာလို့ သိရပါတယ်။ အဲဒီ အကြောင်းပြန်ချက်မှာ ပြည်ထောင်စုတပ်မတော်နဲ့ပတ်သက်ပြီး ကာ ကွယ်ရေးဝန်ကြီးဌာန အဆင့်မြင့်အရာရှိကြီးက အောက်ပါအတိုင်း ပြန်ကြားပါတယ်။

**"၁၀။ နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး စာချုပ်မူကြမ်း ရေးဆွဲရာမှာ ပြည်ထောင်စုတပ်မတော်ကိစ္စကို အကြိတ်အနယ်ဆွေးနွေး မယ်ဆိုတာ ဘာကိုဆွေးနွေးမှာလဲ။ လက်ရှိတပ်မတော်ဟာ ပြည်ထောင်စု တပ်မတော် ဖြစ်ပါတယ်။ လက်ရှိ တပ်မတော်ကိုဖျက်ပြီး တိုင်းရင်းသား အသီးသီးက အင်အားတွေပေါင်းထည့်ဝင်ပြီး ပြည်ထောင်စု တပ်မတော် ဖြစ်ချင်လို့တော့ မရပါ။ ကမ္ဘာမှာ ဘယ်တပ်မတော်မဆို စစ်မှုထမ်းစည်းမျဉ်း ဆိုတာ ရှိပါတယ်။ စစ်မှုထမ်းစည်းမျဉ်း စည်းကမ်းနဲ့အညီ မတည်ဆောက်လို့ မရပါ။ ဖြစ်ချင်တာကို ဦးစားပေးမလား၊ ဖြစ်သင့်တာကို လက်ခံမလား။ လက်ရှိအစိုးရဟာ အစိုးရပါပဲ။ လက်ရှိအစိုးရကိုကျော်ပြီး အစိုးရလုပ်ချင်၍ မရသလို လက်ရှိတပ်မတော်ကိုကျော်ပြီး တပ်မတော် တည်ဆောက်ချင်၍ မရပါ။ ဥပဒေနဲ့အညီ၊ စည်းမျဉ်း စည်းကမ်းနဲ့အညီပဲ ပြောနိုင်၊ လက်ခံနိုင်မှာပဲ ဖြစ်ပါတယ်"**

အဲဒီအရာရှိကြီးကပဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ ငြိမ်း ချမ်းရေးဆွေးနွေးပွဲဆိုင်ရာမူဝါဒ (၆) ချက်ကို အောက်ပါအတိုင်း ဖော်ပြပါတယ်။

**"၁၂။ ဒီနေရာမှာ တစ်ဆက်တည်းပြောလိုတာက တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရဲ့ ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ မူဝါဒခြောက်ရပ် ဖြစ် တဲ့ –**

**(က) ထာဝရငြိမ်းချမ်းရေးရယူရန် အမှန်တကယ်ဆန္ဒရှိရန်၊**

**(ခ) သဘောတူစာချုပ်အတိုင်း ကတိတည်ရန်၊**

(ဂ) ငြိမ်းချမ်းရေး သဘောတူညီချက်အပေါ် အမြတ်မထုတ်ရန်၊

(ဃ) ဒေသခံပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်ရန်၊

(င) နိုင်ငံတော်မှထုတ်ပြန်ထားတဲ့ တည်ဆဲဥပဒေများကို တိတိကျကျလိုက်နာရန်၊

(စ) တို့တာဝန်အရေးသုံးပါးနှင့်ဒီမိုကရေစီ အနှစ်သာရများကို လက်ခံပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ဒီမိုကရေစီလျှောက်လှမ်းမှုတွင် လိုက်ပါဆောင်ရွက်ရန်"။

ဒီပြန်ကြားချက်အရ တပ်မတော်က 'ပြည်ထောင်စုတပ်မတော် ဖွဲ့စည်းရေး' ဆိုတာကို လုံးဝဆွေးနွေးရန် ဆန္ဒမရှိကြောင်း ထင်ရှားပါတယ်။ လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို အပ်နှင်းထားတဲ့အာဏာတွေကိုလည်း စွန့်လွှတ်မယ်မထင်ပါ။ လက်ရှိတပ်မတော်ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းဖို့ဆိုတာဝေးလို့ အရပ်သားအုပ်ချုပ်မှုကို လက်ခံဖို့တောင် ဆန္ဒမရှိတာ အထင်အရှားဖြစ်ပါတယ်။ ပိုပြီးဆိုးတာက နိုင်ငံရေးအရ မကျေနပ်လို့ လက်နက်ကိုင်တော်လှန်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို အစိုးရရဲ့တည်ဆဲဥပဒေများကို လိုက်နာရမယ်၊ ကာကွယ်ရေးဦးစီးချုပ်နဲ့စစ်တပ်ကို အမြင့်မားဆုံးအာဏာတွေ အပ်နှင်းထားတဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ခံရမယ်ဆိုပြီး တစ်ဖက်သတ် မူဝါဒချမှတ်ထားတာတွေပါ။ တပ်မတော်ရဲ့ ဒီလိုရပ်တည်မှုတွေကြောင့်ပဲ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အောင်မြင်ဖို့ဆိုတာ သံသယဖြစ်စရာ ရှိနေပါတယ်။

## သာမန်ပြည်သူတစ်ယောက်ရဲ့ သဘောထား

တပ်မတော်ရဲ့သဘောထားနဲ့ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များရဲ့ မတူညီတဲ့သဘောထားတွေကို အထက်မှာတင်ပြခဲ့ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဆွေးနွေးညှိနှိုင်းဖြေရှင်းကြရာမှာ





အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသာ ဆွေးနွေးဖြေရှင်းလို့မရပါ။ နိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ နိုင်ငံသားအားလုံးကို ကိုယ်စားပြုတဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအဖွဲ့အစည်းများ၊ ကျောင်းသားသမဂ္ဂများ၊ စီးပွားရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသား အဖွဲ့အစည်းများ၊ တတ်သိပညာရှင်များပါ ပါဝင်ဆွေးနွေးကြရမှာပါ။ နိုင်ငံတော်သစ်ရဲ့ကံကြမ္မာကို ဖန်တီးမည့် နိုင်ငံရေးဆွေးနွေးပွဲတွေမှာ လက်နက်ကိုင်အင်အားစုများသာမက လက်နက်ကိုင်ပဋိပက္ခရဲ့ဆိုးကျိုးသက်ရောက်မှုတွေကို နှစ်ပေါင်းများစွာ လက်တွေ့ခံစားနေရတဲ့ သာမန်လက်နက်မဲ့ပြည်သူများပါ ပါဝင်ဆွေးနွေးခွင့်ရရမှာပါ။

ဒါကြောင့်မို့ သာမန်ပြည်သူတစ်ယောက်ရဲ့ သဘောထားကို တင်ပြချင်ပါတယ်။ နှစ်ပေါင်း ၆၀ ကျော် သက်တမ်းရှည်ခဲ့တဲ့ ပြည်တွင်းစစ်ကြီးကို အပြီးတိုင်ရပ်စဲဖို့ဆိုရင် လက်နက်ကိုင် တိုက်ခိုက်မှုများ ရပ်စဲရုံနဲ့ မပြီးဘဲ နိုင်ငံရေးပြဿနာများကို ဆွေးနွေးညှိနှိုင်း အဖြေရှာနိုင်ရပါမယ်။ တိုင်းရင်းသားလူမျိုးစုများ ရသင့်ရထိုက်တဲ့အခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ရေးဆွဲပြဋ္ဌာန်းပြီးအာမခံချက်ပေးရပါမယ်။ အဲဒီလို ဆွေးနွေးအဖြေရှာကြတဲ့အခါ တော်လှန်တိုက်ခိုက်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက လက်နက်ကိုင်တော်လှန်မှုကို စွန့်လွှတ်၊ လက်နက်ကိုင်အဖွဲ့အစည်းများကို ဖျက်သိမ်း၊ နိုင်ငံရေးပါတီများ တည်ထောင်ဖွဲ့စည်းလို့လက်နက်မကိုင်ဘဲ ရွေးကောက်ပွဲအခြေခံနိုင်ငံရေးလှုပ်ရှားဖို့သဘောတူကြမှပဲ ပြည်တွင်းစစ်အမှန်တကယ်ချုပ်ငြိမ်းပါလိမ့်မယ်။

အဲဒီလိုနိုင်ငံရေး ဆွေးနွေးကြတဲ့အခါ တိုင်းရင်းသားများရဲ့ အဓိကတောင်းဆိုချက်များဖြစ်ကြတဲ့ (၁) ပြည်ထောင်စုစစ်စစ်ဖွဲ့စည်းရေးနဲ့ (၂) ပြည်ထောင်စုတပ်မတော်ဖွဲ့စည်းရေးကိစ္စတွေကို ရှောင်လွှဲလို့မရနိုင်ပါ။ တကယ်တော့ ဒီအရေးကိစ္စနှစ်ခုဟာ တိုင်းရင်းသား

လူမျိုးစုများသာမက မြန်မာနိုင်ငံသားအားလုံး ဆွေးနွေးဖြေရှင်း အဖြေရှာချင်တဲ့အရေးကိစ္စများလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့အစိုးရနဲ့ တပ်မတော်အနေနဲ့ ဒီအရေးကိစ္စများကို လေးလေးနက်နက် ဆွေးနွေးဖို့ကို သဘောတူသင့်ပါတယ်။ ဒီအချက်တွေကို 'အပစ်အခတ်ရပ်စဲရေး စာချုပ်' မှာမထည့်သွင်းရင်တောင်မှ 'နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ မူဘောင်များ' ချမှတ်ဖို့ ဆွေးနွေးရာမှာမဖြစ်မနေထည့်သွင်းဖို့ သဘောတူသင့်ပါတယ်။ လက်ရှိတပ်မတော်ဟာ ပြည်ထောင်စုတပ်မတော် ဖြစ်နေပြီးသားဆိုပြီး အများယုံကြည်လက်ခံနိုင်ခြင်းမရှိတဲ့ အကြောင်းပြချက်နဲ့ ငြင်းပယ်နေဖို့မသင့်ပါ။

လက်ရှိအခြေအနေမှာ ကျနော်တို့တိုင်းပြည်ဟာ စစ်ဒဏ်ပိနေတဲ့ တိုင်းပြည်ပါ။ လက်နက်ကိုင်ပဋိပက္ခကြောင့် ပဋိပက္ခဖြစ်ပွားရာဒေသတွေမှာ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံး ဖြစ်ပါတယ်။ သဘာဝသယံဇာတတွေ၊ အရင်းအမြစ်တွေအများကြီးရှိပေမည့် ပြည်သူလူထုအတွက် အကျိုးစီးပွားမဖြစ်ဘဲ အိမ်နီးချင်းနိုင်ငံများသာ အကျိုးဖြစ်ထွန်းနေပါတယ်။ တိုင်းပြည်ရဲ့အစားထိုးလို့မရတဲ့ အဖိုးတန် မြေပေါ်မြေအောက်သယံဇာတများကို နေ့စဉ်နဲ့အမျှ ကျနော်တို့ ဆုံးရှုံးနေရပါတယ်။ ပြည်သူတွေရဲ့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စအဝဝဟာလည်း အနိမ့်ကျဆုံး ဖြစ်နေပါတယ်။ ပဋိပက္ခဖြစ်ပွားရာတိုင်းရင်းသားဒေသတွေက ပြည်သူတွေရဲ့ ရုပ်ပိုင်းဆိုင်ရာ ဆုံးရှုံးမှုတွေက ကြီးမားလှသလို စိတ်ပိုင်းဆိုင်ရာပျက်စီးကြေကွဲရတာတွေက ပို၍တောင် ကြီးမားလှပါတယ်။

တကယ်တော့ တိုင်းရင်းသားပြည်သူတွေဟာ အစိုးရတပ်နဲ့ တိုင်းရင်းသားတပ်၊ စစ်တပ်နှစ်ဖွဲ့စလုံးရဲ့ဒဏ် ပိနေကြတာပါ။ စစ်တပ်နှစ်ဖွဲ့မှာတစ်ဖွဲ့က သူတို့ရဲ့ပိုင်ဆိုင်မှုတွေကိုလုယူပြီး နောက်တစ်ဖွဲ့က အခွန်ကောက်ပါတယ်။ တောင်းယူပါတယ်။ တောင်းယူတယ်ဆိုပေမည့် မပေးဘဲမနေရဲပါ။ သူတို့ကို စစ်တပ်တစ်ဖွဲ့ကအဓမ္မ လုပ်အားပေး





ခိုင်းစေပြီး နောက်တစ်ဖွဲ့က တာဝန်အရဆိုပြီး စစ်သားသစ် စုဆောင်းပါတယ်။ စစ်တပ်တစ်ဖွဲ့က ရန်သူ့ဘက်သားဆိုပြီးဖမ်းဆီးနှိပ်စက်လို့ နောက်တစ်ဖွဲ့ကကျတော့ ရန်သူကိုသတင်းပေးတယ်ဆိုပြီး စွပ်စွဲအပြစ်ပေးပါတယ်။ ဒီလိုနဲ့ လက်နက်ကိုင်တပ်ဖွဲ့များရဲ့ အနိုင်ကျင့်မှုကို နှစ်ပေါင်းများစွာ ခံစားနေကြရတဲ့ တိုင်းရင်းသားပြည်သူများအဖို့ ပြည်တွင်းစစ်ရပ်စဲတာကို မျှော်လင့်ကြပေမည့် တစ်ချိန်ကရန်ဘက်ဖြစ်ခဲ့တဲ့စစ်တပ်နှစ်ဖွဲ့ ပြေလည်ပူးပေါင်းပြီး ပြည်သူလူထုကို နှစ်ဆတိုးနှိပ်စက်မည့် အခြေအနေမျိုးကိုတော့ အလွန်စိုးရိမ်ကြမှာပါ။

ပြည်တွင်းစစ်ကို ရင်ဆိုင်တိုက်ခိုက်နေရတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ မြန်မာ့တပ်မတော်ကို အင်အားအကြီးအကျယ်ချဲ့ထွင်ပြီး ခေတ်မီလေယာဉ်တွေ၊ လက်နက်တွေ တပ်ဆင်နေတာပါ။ စစ်အစိုးရလက်ထက်ကတည်းကစတင်ခဲ့တဲ့ ခေတ်မီတပ်မတော်တည်ဆောက်ရေးစီမံကိန်းအရ တိုင်းပြည်ဘဏ္ဍာငွေရဲ့ ကြီးမားတဲ့အစိတ်အပိုင်းကို တပ်မတော်အတွက် သုံးစွဲခဲ့၊ သုံးစွဲနေဆဲပါ။ အင်အား ၄ သိန်းကျော်ရှိတဲ့ တပ်မတော်အတွက် နဝတ၊ နအဖစစ်အစိုးရများ လက်ထက်မှာ တိုင်းပြည်ဘဏ္ဍာရဲ့ ၄၀ ရာခိုင်နှုန်းကျော်ကို စစ်စရိတ်အဖြစ် သုံးစွဲခဲ့တယ်လို့သိရပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအသက်ဝင်လာပြီး နောက်ပိုင်းမှာတောင် ကာကွယ်ရေးအသုံးစရိတ်က ပြည်ထောင်စုအသုံးစရိတ်ရဲ့ ၁၂ ရာခိုင်နှုန်း ကျော်နေပါသေးတယ်။ စစ်တပ်အင်အားကြီးမားလွန်းတဲ့အတွက် စစ်အသုံးစရိတ်ကိုအများကြီး သုံးစွဲနေရတာမို့ တိုင်းပြည်ရဲ့ကျန်းမာရေး၊ ပညာရေးအသုံးစရိတ်များမှာ အနည်းဆုံးဖြစ်နေတာ သိပ်တော့မဆန်းလှပါ။ ၂၀၁၂ ခုနှစ်မှာ ကျန်းမာရေးနဲ့ ပညာရေးအသုံးစရိတ်များက ပြည်ထောင်စုအသုံးစရိတ်ရဲ့ ၃ ရာခိုင်နှုန်းနဲ့ ၆ ရာခိုင်နှုန်းအသီးသီးသာ ရှိပါတယ်။ စစ်အသုံးစရိတ်ကြီးမားပြီး ကျန်းမာရေး၊ ပညာရေးအသုံးစရိတ်များနည်းပါးနေသရွေ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှာမဟုတ်ပါ။ ပြည်သူအများတို့ ဆင်းရဲနွမ်းပါးမှုက လွတ်

မြောက်မှာမဟုတ်ပါ။ ဒါကြောင့်မို့ စစ်အသုံးစရိတ်များကို လျှော့ချနိုင်ဖို့ လက်ရှိတပ်မတော်ရဲ့အင်အားကိုလျှော့ချနိုင်ဖို့ အထူးလိုအပ်လှပါတယ်။

**လက်နက်ကိုင်တပ်အင်အား လျှော့ချရေး ဖြစ်နိုင်ပါ့မလား**

ပြည်တွင်းငြိမ်းချမ်းရေးရရင် တပ်မတော်ကို အင်အားလျှော့ချနိုင်မှာလား။ အစိုးရနဲ့တပ်မတော်ရဲ့ လက်ရှိမူဝါဒများနဲ့တော့ မဖြစ်နိုင်ပါ။

နဝတ၊ နအဖ စစ်အစိုးရများခေတ်ကနေ ယနေ့အထိ တပ်မတော်ရဲ့ ပြည်တွင်းငြိမ်းချမ်းရေး ရည်မှန်းချက်က တိုင်းရင်းသားလက်နက်ကိုင်များကို လက်အောက်ခံအဖြစ် သိမ်းသွင်းလို့ရရင် သိမ်းသွင်း၊ ဖျက်သိမ်းအောင်ဖိအားပေးလို့ရရင် ဖိအားပေး၊ စီးပွားရေးအခွင့်အလမ်းများနဲ့ ဝယ်လို့ရရင်ဝယ်ပြီး လက်နက်ကိုင်ပဋိပက္ခကို အဆုံးသတ်ချင်တာပါ။ ၁၉၈၉ ခုနှစ်ကစလို့ ငြိမ်းချမ်းရေးဆိုတဲ့ ခေါင်းစဉ်အောက်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အတော်များများဟာ လက်နက်ကိုင်တပ်ဖွဲ့များ ဖျက်သိမ်းခြင်းမရှိဘဲ တပ်မတော်ရဲ့လက်အောက်ခံအဖြစ် နယ်ခြားစောင့်တပ်၊ ပြည်သူ့စစ်တပ်ဖွဲ့များပုံစံနဲ့ ဆက်လက်ရပ်တည်ခွင့်ရပြီး သက်ဆိုင်ရာနယ်မြေကို စိတ်တိုင်းကျ အုပ်စိုးခွင့်ရနေခဲ့ပါတယ်။ အဲဒီအဖွဲ့များရဲ့တပ်အင်အားက လေးသောင်းကျော်လောက်ရှိမယ်လို့ ခန့်မှန်းရပါတယ်။ ဒ့ါအပြင် ရပ်ရွာကာကွယ်ရေးနဲ့ တပ်မတော်ကို အထောက်အကူပြုရေးအတွက်ဆိုတဲ့ ပြည်သူ့စစ်မဟာဗျူဟာနဲ့ဖွဲ့စည်းထားတဲ့ ရွာနေပြည်သူ့စစ်တပ်ဖွဲ့ပေါင်း ၅၀၀၀ ကျော်၊ တပ်အင်အား ငါးသောင်း နီးပါးရှိပါသေးတယ်။ တစ်ဖက်မှာ အစိုးရနဲ့ ငြိမ်းချမ်းရေးမရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ အားလုံးပေါင်းရင် တပ်ဖွဲ့ဝင် အင်အားတစ်သိန်းလောက် ရှိပါတယ်။ ဒါကြောင့် ဒီကနေ့ မြန်မာနိုင်ငံမှာတပ်မတော်က အင်အားလေးသိန်းလောက်၊ တပ်မတော်လက်အောက်ခံနယ်ခြားစောင့်တပ်ဖွဲ့နဲ့ ပြည်သူ့စစ်များက အင်အားတစ်သိန်းနီးပါး၊ စစ်ပြိုင်နေဆဲ တိုင်းရင်းသားလက်နက်ကိုင်





များက အင်အားတစ်သိန်းကျော်၊ စုစုပေါင်းလက်နက်ကိုင်အင်အားခြောက်သိန်းလောက်က မြန်မာနိုင်ငံရဲ့ပြည်သူ သန်း ၆၀ လောက်ရဲ့ ဘဝတွေကို စိုးမိုးခြယ်လှယ်နေကြတာပါ။

လက်ရှိ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုမှာလည်း တပ်မတော်ရဲ့သဘောထားက စစ်ပြိုင်နေတဲ့လက်နက်ကိုင်တပ်ဖွဲ့များရဲ့ တချို့တစ်ဝက်ကို တပ်မတော်လက်အောက်သိမ်းသွင်း၊ ကျန်တာတွေကို ဖျက်သိမ်းပြီး နိုင်ငံရေးပါတီ ထောင်စေချင်တဲ့သဘောထားမျိုးပါ။ ဒါကြောင့် တပ်မတော်ရဲ့သဘောထားအတိုင်း အောင်မြင်မယ်ဆိုရင် ပြည်တွင်းငြိမ်းချမ်းရေးရရင်တောင်မှ မြန်မာနိုင်ငံမှာ လက်နက်ကိုင်တပ်ဖွဲ့များ သိသိသာသာလျော့ပါးသွားဖို့မရှိဘဲ တပ်မတော်နဲ့လက်အောက်ခံ ပြည်သူ့စစ်၊ နယ်ခြားစောင့်တပ်စုပေါင်း အင်အားငါးသိန်းကျော်လောက်နဲ့ ပြည်သူတွေကို ဆက်ပြီးစိုးမိုးခြယ်လှယ်နေကြဦးမှာပါ။

ပြည်တွင်းငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး မြန်မာပြည်သူများရဲ့ အန္တိမရည်မှန်းချက်က လက်နက်ကိုင်ပဋိပက္ခတွေ၊ တိုက်ခိုက်မှုတွေ ထာဝရရပ်စဲ၊ ပြည်သူ့စစ်တပ်ဖွဲ့တွေ အပြီးတိုင်ဖျက်သိမ်း၊ စစ်အသုံးစရိတ်ကို အနည်းဆုံးပမာဏ လျှော့ချနိုင်လောက်တဲ့အထိ လိုအပ်တဲ့ တပ်ဖွဲ့ဝင်အရေအတွက်နဲ့ တပ်မတော်ကိုတိုင်းရင်းသားတပ်ဖွဲ့များနဲ့ ပူးပေါင်းပြင်ဆင်ဖွဲ့စည်းပြီး အရပ်သားအစိုးရရဲ့အုပ်ချုပ်မှုအောက်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေကို လေးစားလိုက်နာရပ်တည်ဖို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့်ပဲ ပြည်သူလူထုရဲ့ မျှော်လင့်ချက်နဲ့တပ်မတော်ရဲ့ သဘောထားများဟာ အလွန် ကွဲပြားခြားနားနေပါပြီ။

**အမေရိကန်ပြည်ထောင်စု၏**
**ပြည်ထောင်စုတပ်မတော်နှင့် ပြည်စောင့်တပ်ဖွဲ့များ**

ဒီနေရာမှာ အမေရိကန်ပြည်ထောင်စုရဲ့ လက်နက်ကိုင်တပ်ဖွဲ့များအကြောင်း နည်းနည်းရှင်းပြချင်ပါတယ်။

အမေရိကန်ပြည်ထောင်စုရဲ့ ပြည်ထောင်စုတပ်မတော်ကို ကြည်းတပ် (The Army)၊ ရေတပ် (The Navy)၊ လေတပ် (The Air Force)၊ မရိန်းတပ် (The Marine Corps)၊ ပြည်စောင့်တပ် (National Guard) များနဲ့ဖွဲ့စည်းထားပြီး ၎င်းတပ်ဖွဲ့များအားလုံးဟာ အရပ်သားအစိုးရအုပ်ချုပ်ရေးအောက်မှာ လုံးဝတည်ရှိပါတယ်။ ပြည်ထောင်စုတပ်မတော် (သို့မဟုတ်) လက်နက်ကိုင်တပ်ဖွဲ့များအားလုံးရဲ့ စစ်ဦးစီးချုပ် (Commander in Chief) ဟာ နိုင်ငံတော်သမ္မတ ဖြစ်ပါတယ်။ သမ္မတရဲ့လက်အောက်မှာ ကာကွယ်ရေးဝန်ကြီး (Secretary of Defense) ရှိပြီး ကာကွယ်ရေးဝန်ကြီးဌာနကို ဦးဆောင်ကွပ်ကဲပါတယ်။ ကာကွယ်ရေးဝန်ကြီးရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာ (၁) ကာကွယ်ရေးဝန်ကြီးရုံးအဖွဲ့ (Office of the Secretary of Defense)၊ (၂) ကြည်းတပ်ရေးရာဌာန (Department of the Army)၊ (၃) ရေတပ်ရေးရာဌာန (Department of the Navy)၊ (၄) လေတပ်ရေးရာဌာန (Department of the Air Force)၊ (၅) ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ (Joint Chiefs of Staff)၊ (၆) တိုက်ခိုက်ရေးစစ်ဌာနချုပ်များ (Combatant Commands) ဆိုပြီး ဌာနကြီး ၆ ခုရှိပါတယ်။

(၁) ကာကွယ်ရေးဝန်ကြီးရုံးအဖွဲ့မှာ ဒုတိယကာကွယ်ရေးဝန်ကြီး၊ အငယ်တန်းကာကွယ်ရေးဝန်ကြီး၊ လက်ထောက်ကာကွယ်ရေးဝန်ကြီး၊ ဒုလက်ထောက်ကာကွယ်ရေးဝန်ကြီး စတဲ့အရပ်သားအဆင့်မြင့်အရာရှိများပါဝင်ပြီး အေဂျင်စီများ၊ ဌာနများကို အဆင့်ဆင့်စီမံခန့်ခွဲကြပါတယ်။ (၂) ကြည်းတပ်ရေးရာဌာနကို ကြည်းတပ်ရေးရာဝန်ကြီး (Secretary of the Army) ကဦးဆောင်ပြီး ကြည်းတပ်ကို စီမံခန့်ခွဲပါတယ်။ ကြည်းတပ်ရေးရာဝန်ကြီးက အရပ်သားဖြစ်ပြီး ကြည်းတပ်စစ်ဦးစီးချုပ် (Chief of Staff of the Army) ရဲ့အထက်မှာရှိပါတယ်။ (၃) ရေတပ်ရေးရာဌာနကို ရေတပ်ရေးရာဝန်ကြီး (Secretary of the Navy) ကဦးဆောင်ပြီး ရေတပ်နဲ့မရိန်းတပ်တွေကို စီမံခန့်ခွဲပါ





တယ်။ ရေတပ်ရေးရာဝန်ကြီးဟာ အရပ်သားဖြစ်ပြီး ရေတပ်စစ်ဦးစီးချုပ် (Chief of Staff of the Naval Operation) နဲ့မရိန်းတပ် စစ်ဦးစီးချုပ် (Commandant of the Marine Corps) များကို ညွှန်ကြားပါတယ်။ (၄) လေတပ်ရေးရာဌာနကို အရပ်သားတစ်ဦးဖြစ်တဲ့ လေတပ်ရေးရာဝန်ကြီး (Secretary of the Air Force) ကဦးဆောင်ပြီး လေတပ်စစ်ဦးစီးချုပ် (Chief of Staff of the Air Force) ကတစ်ဆင့် လေတပ်ကို စီမံခန့်ခွဲပါတယ်။ (၅) ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့မှာ ကြည်း၊ ရေ၊ လေ၊မရိန်းနဲ့ ပြည်စောင့်တပ် စတဲ့လက်နက်ကိုင်တပ်ဖွဲ့များ အားလုံးက စစ်ဦးစီးချုပ်များပါဝင်ပြီး ၎င်းစစ်ဦးစီးချုပ်များထဲမှသမ္မတက အထက်လွှတ်တော်ရဲ့ သဘောတူညီချက်နဲ့ ရွေးချယ်ခန့်အပ်တဲ့ ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ဥက္ကဋ္ဌနဲ့ ဒုဥက္ကဋ္ဌတို့က ဦးဆောင်ပါတယ်။

(၆) တိုက်ခိုက်ရေးစစ်ဌာနချုပ်များမှာ အာဖရိကဆိုင်ရာစစ်ဌာနချုပ် (Africa Command)၊ ဗဟိုစစ်ဌာနချုပ် (Central Command)၊ ဥရောပဆိုင်ရာစစ်ဌာနချုပ် (European Command)၊ မြောက်ပိုင်းစစ်ဌာနချုပ် (Northern Command)၊ ပစိဖိတ်ဒေသဆိုင်ရာ စစ်ဌာနချုပ် (Pacific Command)၊ တောင်ပိုင်းစစ်ဌာနချုပ် (Southern Command)၊ အထူးစစ်ဆင်ရေးများဆိုင်ရာစစ်ဌာနချုပ် (Special Operations Command)၊ မဟာဗျူဟာဆိုင်ရာစစ်ဌာနချုပ် (Strategic Command)နဲ့ သယ်ယူ ပို့ဆောင်ရေးဆိုင်ရာ စစ်ဌာနချုပ် (Transportation Command) ဆိုပြီး စစ်ဌာနချုပ် (၉) ခုပါဝင်ပါတယ်။ အဲဒီ စစ်ဌာနချုပ်တိုင်းမှာ ကြည်း၊ ရေ၊ လေ၊ မရိန်းတပ်ဖွဲ့တွေ စုပေါင်းပါဝင်ပြီး ကမ္ဘာတစ်ဝန်း ဖြန့်ကြက် နေရာယူ တပ်စွဲထားပါတယ်။

ထူးခြားချက်ကတော့ လက်နက်ကိုင်တပ်ဖွဲ့အသီးသီးရဲ့ စစ်ဦးစီးချုပ်များဟာ ကြယ် (၄) ပွင့်ဗိုလ်ချုပ်ကြီးများဖြစ်လို့ တပ်ပိုင်းဆိုင်ရာ အမြင့်ဆုံးအရာရှိများဖြစ်ကြပေမည့် သူတို့ရဲ့အဓိကတာဝန်ဟာသက်

ဆိုင်ရာ အရပ်သားဝန်ကြီးကို တပ်ပိုင်းဆိုင်ရာအကြံပေးခြင်းနဲ့ ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ရဲ့ အဖွဲ့ဝင်များအဖြစ် သမ္မတ၊ ကာကွယ်ရေးဝန်ကြီးနဲ့ အမျိုးသားလုံခြုံရေးကောင်စီ (National Security Council) ကိုစစ်ရေးဆိုင်ရာအကြံပေးခြင်းပဲ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ကြည်းတပ်စစ်ဦးစီးချုပ်က ကြည်းတပ်ရေးရာဝန်ကြီးကို ကြည်းတပ်ဆိုင်ရာအကြံပေးပြီး ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ဝင်တစ်ဦးအနေနဲ့ သမ္မတ၊ ကာကွယ်ရေးဝန်ကြီးနဲ့ အမျိုးသားလုံခြုံရေးကောင်စီကို စစ်ရေးဆိုင်ရာ အကြံပေးခြင်းဖြစ်ပါတယ်။ အဆိုပါ စစ်ဦးစီးချုပ်များမှာ လက်နက်ကိုင်တပ်ဖွဲ့များ၊ တိုက်ခိုက်ရေးစစ်ဌာနချုပ်များကို စစ်ရေးဆိုင်ရာ အမိန့်ပေးခွင့်မရှိပါ။

အမေရိကန်ပြည်ထောင်စုလက်နက်ကိုင် တပ်ဖွဲ့များရဲ့စစ်ဆင်ရေးလှုပ်ရှားမှုများနဲ့ပတ်သက်တဲ့ အမိန့်ပေးစနစ် (Chain of Command) ကို ကွန်ဂရက်လွှတ်တော်ကဥပဒေပြဋ္ဌာန်းပြီး ရှင်းရှင်းလင်းလင်း သတ်မှတ်ထားပါတယ်။ စစ်ရေးဆိုင်ရာအမိန့်တွေကို ကာကွယ်ရေးဦးစီးချုပ်ဖြစ်တဲ့ သမ္မတကသာအမိန့်ပေးနိုင်ပြီး သမ္မတရဲ့အမိန့်ကို ကာကွယ်ရေးဝန်ကြီးမှ တိုက်ခိုက်ရေးစစ်ဌာနချုပ်များရဲ့ အကြီးအကဲ ဗိုလ်ချုပ်ကြီးများထံ တစ်ဆင့်ခံညွှန်ကြားပါတယ်။ သမ္မတရဲ့အမိန့်နဲ့ စစ်ဆင်ရေးတွေကို သက်ဆိုင်ရာတိုက်ခိုက်ရေးစစ်ဌာချုပ်များမှ တပ်မှူးကြီးများ (Commanders) က ဦးဆောင်ပြီး အကောင်အထည်ဖော်ရပါတယ်။ စစ်ဦးစီးချုပ်များက စစ်ဆင်ရေးအမိန့်ပေးခွင့်မရှိပါ။

အထက်မှာဖော်ပြခဲ့သလို အမေရိကန်လက်နက်ကိုင်တပ်ဖွဲ့များဟာ အရပ်သားသမ္မတရဲ့အုပ်ချုပ်မှုအောက်မှာရှိနေပြီး အရပ်သားသမ္မတရဲ့အမိန့်နဲ့သာ စစ်ဆင်ရေးတွေဆင်နွှဲရပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာနမှာလည်း အထက်လွှတ်တော်ရဲ့ သဘောတူညီချက်နဲ့ သမ္မတက ရွေးချယ်ခန့်အပ်တဲ့အရပ်သားအရာရှိများက လက်နက်ကိုင်တပ်ဖွဲ့များကို စီမံခန့်ခွဲကြပါတယ်။ လက်နက်ကိုင်တပ်ဖွဲ့များအတွင်း





ကြယ်တစ်ပွင့်ဗိုလ်ချုပ်အဆင့် (ဗိုလ်မှူးချုပ်) ကနေ ကြယ်လေးပွင့်ဗိုလ်ချုပ်အဆင့် (ဗိုလ်ချုပ်ကြီး) ကို သက်ဆိုင်ရာစစ်ဦးစီးချုပ်များရဲ့ ထောက်ခံချက်နဲ့ သမ္မတက အထက်လွှတ်တော်ကိုအဆိုပြုပြီး အထက်လွှတ်တော်က သဘောတူမှ ခန့်ထားလို့ရပါတယ်။ တိုက်ခိုက်ရေးစစ်ဌာနချုပ်များရဲ့အကြီးအကဲ တပ်မှူးကြီးများကိုလည်း ကာကွယ်ရေးဝန်ကြီးရဲ့အကြံပြုချက်နဲ့ သမ္မတက အထက်လွှတ်တော်ကိုအဆိုပြုပြီး အထက်လွှတ်တော် ကသဘောတူမှ ခန့်ထားလို့ရပါတယ်။ စစ်ဦးစီးချုပ်များရဲ့ အဓိကတာဝန်ဟာ သမ္မတ၊ ကာကွယ်ရေးဝန်ကြီးနဲ့ အမျိုးသားလုံခြုံရေးကောင်စီကိုအကြံပေးရန်နဲ့ သမ္မတနဲ့အရပ်သားအရာရှိများရဲ့ ဦးဆောင်မှုကို နာခံရန်ဖြစ်ပါတယ်။

## ကျနော်တို့နိုင်ငံမှာရှိစေချင်တဲ့ တပ်မတော်

အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို မဖြစ်မနေဖော်ဆောင်ကြမယ်ဆိုရင် တပ်မတော်ပြင်ဆင်ဖွဲ့စည်းရေးကို ရှောင်လွှဲလို့မရ၊ ငြင်းဆန်လို့မရနိုင်ပါ။ ကျနော်တို့မျှော်လင့်တဲ့ တပ်မတော်က အမေရိကန်ပြည်ထောင်စုတပ်မတော်လိုပါ။ အရပ်သားအစိုးရရဲ့အုပ်ချုပ်မှုအောက်မှာ အရပ်သားအရာရှိများရဲ့အမိန့်ကို နာခံပြီး နိုင်ငံရေးမှာ စစ်ဝတ်စုံနဲ့ ဝင်ရောက်စွက်ဖက်ခြင်းမရှိတဲ့ တပ်မတော်ပါ။ ပြည်တွင်းစစ်လည်းမရှိ ပြည်ပစစ်လည်းမရှိချိန်မှာ တိုင်းပြည်အတွက်စစ်စရိတ်တွေ အလွန်အကျွံမသုံးရအောင် အင်အားအတန်အသင့်ရှိတဲ့ ခေတ်မီတပ်မတော်ပါ။

ဗဟိုအာဏာပိုင်အဖွဲ့အစည်းတစ်ခု မဟုတ်ဘဲ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းတစ်ခုဖြစ်တဲ့တပ်မတော်ပါ။

## အမေရိကန်ပြည်ထောင်စု ပြည်စောင့်တပ်များ

ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့အတွက် တိုင်းရင်းသားလက်နက်

ကိုင်တပ်ဖွဲ့များအရေးကို ဘယ်လိုဖြေရှင်းကြမလဲ စဉ်းစားရာမှာ အသုံးဝင်နိုင်တာမို့ အမေရိကန်ပြည်ထောင်စုလက်နက်ကိုင်တပ်ဖွဲ့များထဲက ပြည်စောင့်တပ်များ (National Guard) အကြောင်းရှင်းပြချင်ပါတယ်။

အကြမ်းဖျင်းအားဖြင့်ပြောရမယ်ဆိုရင် အမေရိကန်ပြည်ထောင်စုရဲ့ ပြည်စောင့်တပ်များဟာ ပြည်ထောင်စုတပ်မတော်ရဲ့ အရန်တပ်ဖွဲ့များ ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ ပြည်နယ်၅၀၊ ပြည်ထောင်စု နယ်မြေတစ်ခု (ဝါရှင်တန်ဒီစီ) နဲ့ အစောင့်ရှောက်ခံ နယ်မြေ (၃) ခု (ဂူအမ်ကျွန်း၊ ဗာဂျင်ကျွန်းစုများ၊ ပူအာတိုရီကို) မှာ သီးခြားအဖွဲ့အစည်း (၅၄) ခုအဖြစ်တည်ရှိပြီး သက်ဆိုင်ရာပြည်နယ် အစိုးရများ၊ နယ်မြေ အစိုးရများရဲ့လက်အောက်ခံ ဖြစ်ပါတယ်။ သာမန်အခြေအနေမှာ သက်ဆိုင်ရာပြည်နယ်၊ နယ်မြေအုပ်ချုပ်ရေးမှူးများ (Governors) က သက်ဆိုင်ရာ ပြည်စောင့်တပ်ဖွဲ့ရဲ့စစ်ဦးစီးချုပ်ဖြစ်ပြီး သက်ဆိုင်ရာပြည်နယ်။ နယ်မြေရဲ့အရေးပေါ်အခြေအနေထိန်းသိမ်းရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ဒေသတွင်း ပဋိပက္ခများမှာ ပါဝင်ဆောင်ရွက်ကြရပါတယ်။ ပြည်နယ်၊ နယ်မြေအုပ်ချုပ်ရေးမှူးက ပြည်နယ်လွှတ်တော်ရဲ့သဘောတူညီမှုနဲ့ ရွေးချယ်ခန့်အပ်ထားတဲ့ ဗိုလ်ချုပ်တစ်ဦးကတစ်ဆင့် ပြည်စောင့်တပ်ဖွဲ့ကို အမိန့်ပေးပါတယ်။

ပြည်ထောင်စုအစိုးရက အဲဒီပြည်နယ် (၅၀) နဲ့နယ်မြေ (၄) ခုက ပြည်စောင့်တပ် (၅၄) ဖွဲ့ကိုစုပေါင်းပြီး ပြည်စောင့်တပ်ဌာနချုပ် (National Guard Bureau) အမည်နဲ့ ကြည်းတပ် (သို့မဟုတ်) လေတပ်မှ ဗိုလ်ချုပ်ကြီးအဆင့် စစ်ဦးစီးချုပ်တစ်ယောက်ကို ခန့်အပ်တာဝန်ပေးပြီး အုပ်ချုပ်ပါတယ်။ ပြည်စောင့်တပ်စစ်ဦးစီးချုပ်ဟာ ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ဝင်လည်း ဖြစ်ပါတယ်။ တိုင်းပြည်အတွက် လိုအပ်ပြီဆိုရင် အဲဒီပြည်စောင့်တပ်တွေကို ပြည်ထောင်စုတပ်မတော်ရဲ့ အစိတ်အပိုင်းအဖြစ် တာဝန်ထမ်းဆောင်ဖို့ သမ္မတက ပြည်စောင့်တပ်ဖွဲ့များ





စစ်ဦးစီးချုပ်က တစ်ဆင့်ဆင့်ခေါ် တာဝန်ပေးနိုင် (Federalize) ပါတယ်။ ဒါကြောင့်မို့လည်း ပြည်စောင့်တပ်များကို ပြည်ထောင်စုတပ်မတော်ရဲ့ အရန်တပ်ဖွဲ့များလို့ သတ်မှတ်ထားတာပါ။ ပြည်စောင့်တပ်ဖွဲ့များကို ကြည်းတပ် ပြည်နယ်စောင့်တပ် (State Army National Guard) နဲ့ လေတပ်ပြည်နယ်စောင့်တပ် (State Air National Guard) ဆိုပြီး ဖွဲ့စည်းပါတယ်။ ရေတပ်နဲ့မရိန်းပြည်နယ်စောင့်တပ်များတော့ မရှိပါ။

## တိုင်းရင်းသားလက်နက်ကိုင်များနှင့် ပြည်နယ်စောင့်တပ်

မြန်မာနိုင်ငံမှာ လက်နက်ကိုင်ပဋိပက္ခတွေ အပြီးတိုင်ချုပ်ငြိမ်းသွားတဲ့အခါ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များကို အမေရိကန်ပြည်ထောင်စုရဲ့ ပြည်စောင့်တပ်များကို နမူနာယူပြီး ပြန်လည်ဖွဲ့စည်းသင့်ပါတယ်။

နိုင်ငံရေးဆွေးနွေးပွဲတွေမှာ မြန်မာနိုင်ငံကို တိုင်းရင်းသားလူမျိုးစုများ တန်းတူညီမျှ စုပေါင်းနေထိုင်ကြတဲ့ ပြည်ထောင်စုနိုင်ငံတော်အဖြစ် ပြန်လည်ဖွဲ့စည်းတည်ဆောက်ရေး ဆွေးနွေးကြမှာပါ။ ပြည်ထောင်စုနိုင်ငံတော်စစ်စစ်ဖြစ်ဖို့ဆိုရင် ဗမာအပါအဝင် ကရင်၊ (ကယား) ကရင်နီ၊ ကချင်၊ မွန်၊ ချင်း၊ ရှမ်း၊ ရခိုင် စတဲ့ အဓိကလူမျိုးစု ရှစ်စုတန်းတူညီမျှပါဝင်တဲ့ ပြည်ထောင်စုဖြစ်ရမှာပါ။ တိုင်းရင်းသားတွေ တောင်းဆိုကြသလို လက်ရှိတိုင်းဒေသကြီး (၇) ခုနဲ့ ပြည်နယ် (၇) ခုကို ဗမာပြည်နယ်အပါအဝင် အဆင့်အတန်းတူ ပြည်နယ် ၈ ခုအဖြစ် ပြန်လည်ဖွဲ့စည်းဖို့ဆိုတာကို သဘောတူလက်ခံဖို့ခက်ခဲပေမည့် ဗမာလူများစုအခြေပြုနေထိုင်ရာတိုင်းဒေသကြီး (၇) ခု ပါဝင်တဲ့ဗမာပြည်မနဲ့ တိုင်းရင်းသားပြည်နယ် (၇) ခုဟာ တန်းတူညီမျှရှိသင့်ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရအုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးအာဏာများကို တိုင်းဒေသကြီးနဲ့ ပြည်နယ်များသို့ ခွဲဝေ

အပ်နှင်းထားသည်ဆိုပေမည့် လက်တွေ့မှာတော့ ပြည်နယ်အစိုးရများ၊ ပြည်နယ်လွှတ်တော်များမှာ လုပ်ပိုင်ခွင့်အာဏာနည်းပါးလှပြီး ပြည်နယ်များအားလုံးမှာ တရားစီရင်ရေးအာဏာ လုံးဝမရှိပါ။ ဒီလိုအနေအထားကို လုံးဝပြောင်းလဲရမှာပါ။

တိုင်းရင်းသားလူမျိုးစုများအားလုံးတန်းတူညီမျှမှုနဲ့ ဖွဲ့စည်းတည်ထောင်မည့် ပြည်ထောင်စုနိုင်ငံသစ်မှာ ပြည်ထောင်စုအစိုးရက ပြည်နယ်အားလုံးကို အတိုင်းအတာတစ်ခုအထိ အာဏာတွေ ခွဲဝေအပ်နှင်းသင့်ပါတယ်။ ပြည်နယ်လွှတ်တော်များကို ပြည်နယ်တွင်းလွတ်လပ် သန့်ရှင်းစွာကျင်းပတဲ့ ရွေးကောက်ပွဲများက ရွေးချယ်တင်မြှောက်ခံရတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ဖွဲ့စည်းပြီး ပြည်နယ်ဆိုင်ရာဥပဒေပြုအာဏာတွေ၊ အခွန်အကောက် ကောက်ခံခွင့်အာဏာတွေ အပြည့်အဝရှိသင့်ပါတယ်။ ပြည်နယ်ဝန်ကြီးချုပ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲက ရွေးချယ်တင်မြှောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့ကို ပြည်နယ်လွှတ်တော်ရဲ့ သဘောတူညီမှုနဲ့ ဖွဲ့စည်းအုပ်ချုပ်သင့်ပါတယ်။ ပြည်နယ်အစိုးရများမှာ ပြည်နယ်ဆိုင်ရာအုပ်ချုပ်ရေးအာဏာတွေအပြည့်အဝရှိသင့်ပြီး အဲဒီအာဏာတွေထဲမှာ ပြည်နယ်လုံခြုံရေးအတွက် ပြည်နယ်အဆင့်ရဲတပ်ဖွဲ့နဲ့ ပြည်နယ်စောင့်တပ်ဖွဲ့များ၊ ပြည်နယ်တရားစီရင်ရေးစနစ်အတွက် ပြည်နယ်အဆင့် တရားရုံးများ၊ ပြည်နယ်အဆင့် အကျဉ်းထောင်များတည်ထောင်အုပ် ချုပ်ခွင့်အာဏာများ ပါဝင်သင့်ပါတယ်။ ပြည်နယ်တရားသူကြီးချုပ်နဲ့ ပြည်နယ်တရားသူကြီးများကိုလည်း ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်ရဲ့သဘောတူညီမှုနဲ့ ခန့်အပ်တာဝန်ပေးပြီး ပြည်နယ်တရား စီရင်ရေး စီမံခန့်ခွဲသင့်ပါတယ်။

တိုင်းရင်းသားလူမျိုးစုများရဲ့ ပြည်နယ်များမှာ အထက်က ဖော်ပြခဲ့သလို ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြင်ဆင်ရေးဆွဲပြီး အာမခံပေးမယ်ဆိုရင် တိုင်းရင်းသား





လက်နက်ကိုင်အဖွဲ့အစည်းများရော လက်နက်မကိုင်တဲ့ တိုင်းရင်းသားအင်အားစုများပါ ကျေနပ်လက်ခံနိုင်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အဲဒီလို အခွင့်အရေးတွေရမယ်ဆိုရင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ ၎င်းတို့ရဲ့လက်နက်ကိုင်တပ်ဖွဲ့များကို ပြည်နယ်အစိုးရလက်အောက်ခံရဲတပ်ဖွဲ့၊ ပြည်နယ်စောင့်တပ်ဖွဲ့များအဖြစ် အသွင်ပြောင်းလဲဖို့ သဘောတူနိုင်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ဒီနေရာမှာလည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများရဲ့ခေါင်းဆောင်များက ရိုးသားရဲရင့်ဖို့ အထူးလိုအပ်ပါတယ်။ အစပိုင်း လက်နက်ကိုင်တော်လှန်ရေးလုပ်စဉ်က ဗမာလူမျိုးကြီးဝါဒကိုဆန့်ကျင်ဖို့၊ ဗဟိုအစိုးရရဲ့ ချုပ်ကိုင်မှုကိုဆန့်ကျင်ဖို့၊ တိုင်းရင်းသားလူမျိုးစုဆိုင်ရာအခွင့်အရေးများရဖို့ ဆိုတဲ့မှန်ကန်ရှင်းလင်းပြတ်သားတဲ့ ရည်ရွယ်ချက်တွေရှိခဲ့ပေမည့် နှစ် ၆၀ ကျော် ပြည်တွင်းစစ်ကာလအတွင်း မူလရည်မှန်းချက်များကိုမေ့ပျောက်ပြီး ကိုယ်ပိုင်အကျိုးစီးပွားကိုဦးစားပေး၊ ပုဂ္ဂလိကအာဏာနဲ့ ခေါင်းဆောင်ဖြစ်ရတဲ့ အခွင့်အရေးတွေအပေါ်မှာ ယစ်မူးသာယာပြီး စစ်ဘုရင်ဖြစ်သွားတဲ့ တိုင်းရင်းသားတော်လှန်ရေးခေါင်းဆောင်တွေအများကြီးပါ။

အဲဒီလိုတိုင်းရင်းသား စစ်ဘုရင်တွေဟာလည်း မြန်မာစစ်ခေါင်းဆောင်တွေလိုပါပဲ။ သူတို့အတွက် အာဏာဟာ သေနတ်ပြောင်းဝမှာ တည်ပါတယ်။ သူတို့ အုပ်ချုပ်မှုအောက်က လက်နက်ကိုင်တပ်ဖွဲ့များဟာ သူတို့မှာရှိနေတဲ့အာဏာရဲ့ အခြေခံအရင်းအမြစ်ပါ။ လက်နက်ကိုင်တပ်တွေမရှိဘဲ နိုင်ငံရေးအာဏာကို ရွေးကောက်ပွဲတွေမှတစ်ဆင့် ငြိမ်းငြိမ်းချမ်းချမ်းယှဉ်ပြိုင်ရယူဖို့ ကြောက်ရွံ့တတ်ကြသူတွေပါ။

ဒါကြောင့်မို့ အထက်ကဖော်ပြသလို ပြည်နယ်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်တွေ ပိုမိုရရှိရင်တောင်မှ လက်နက်ကိုင်တပ်ဖွဲ့တွေကို ပြည်နယ်အစိုးရထံမလွှဲအပ်ဘဲ ဒါမှမဟုတ် မဖျက်သိမ်းဘဲ ကိုယ်ပိုင်

တပ်ဖွဲ့အဖြစ် ဆက်လက်ချုပ်ကိုင်ထားချင်တဲ့ တိုင်းရင်းသားခေါင်းဆောင်တွေရှိနေရင်ဖြင့် ပြည်တွင်းငြိမ်းချမ်းရေး မရနိုင်ပါ။

လက်ရှိအခြေအနေကိုကြည့်ပြီးပြောရရင် ရှမ်းပြည်နယ် အရှေ့ပိုင်းအထူးဒေသ(၄)က ဦးစိုင်းလင်း ဦးဆောင်တဲ့မိုင်းလားအုပ်စု (အခါ)၊ အထူးဒေသ (၂) က ပေါက်ယူချမ်းခေါင်းဆောင်တဲ့ ဝပြည် သွေးစည်းညီညွတ်ရေးပါတီ(ဝသပ)စတဲ့အဖွဲ့များဟာ တိုင်းရင်းသားအခွင့်အရေးများရရှိရင်တောင်မှ လက်ရှိလက်နက်ကိုင်တပ်များကို လုံးဝမစွန့်လွှတ်၊ မဖျက်သိမ်းဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေကိုဆန့်ကျင်ပြီး လက်ရှိအတိုင်း သက်ဆိုင်ရာဒေသမှာ ကိုယ်ပိုင်တပ်ဖွဲ့တွေနဲ့ဆက်လက်မင်းမူနေချင်တဲ့ပုံ ရှိပါတယ်။

## အရေးအကြီးဆုံးက တပ်မတော်

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက သူတို့ရဲ့ လက်နက်ကိုင်တပ်ဖွဲ့များကို စွန့်လွှတ်ပြီး ရွေးကောက်ပွဲအခြေခံတဲ့ နိုင်ငံရေးပြောင်းလဲလုပ်ဆောင်ဖို့မှာ အဓိကအရေးကြီးဆုံးလိုအပ်ချက် (၂) ချက်က (၁) ပြည်နယ်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်များရှိတဲ့ ပြည်ထောင်စု နိုင်ငံတော်နဲ့ (၂) အရပ်သားအစိုးရရဲ့ အုပ်ချုပ်မှုအောက်မှာရှိတဲ့ ပြည်ထောင်စုတပ်မတော်ပဲ ဖြစ်ပါလိမ့်မယ်။

ဒါကြောင့် အရေးအကြီးဆုံးက တပ်မတော်ရဲ့သဘောထားပဲ ဖြစ်ပါတယ်။ တပ်မတော်က နိုင်ငံရေးဆွေးနွေးပွဲတွေကနေ တိုင်းရင်းသားလူမျိုးစုများအတွက် ကိုယ်ပိုင်အုပ်ချုပ်ရေးပေးရေးကို သဘောတူနိုင်ပါ့မလား။ တပ်မတော်ကို ပြန်လည်ဖွဲ့စည်းရေးကို သဘောတူပါ့မလား။ တပ်မတော်ကသဘောမတူရင်ဖြင့် နိုင်ငံရေးဆွေးနွေးပွဲတွေ မအောင်မြင်နိုင်ပါ။ ဒါဆို ပြည်တွင်းစစ်မရပ်စဲနိုင်ပါ။ ပြည်တွင်းငြိမ်းချမ်းရေး မရနိုင်ပါ။

ပြည်ထောင်စုတပ်မတော်ဆိုရာမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကအဆိုပြုတဲ့ **"တိုင်းရင်းသားလူမျိုးအသီးသီးတို့ ကြိုတင်**





**ညှိနှိုင်းသဘောတူသတ်မှတ်ထားတဲ့ အချိုးကျစနစ်နဲ့ဖွဲ့စည်းဖို့၊ မည်သည့်တိုင်းရင်းသားလူမျိုးကမှ တပ်ဖွဲ့ဝင်ဦးရေ ထက်ဝက်ကျော် မရှိစေရ၊ စစ်ဦးစီးများအဖွဲ့တွင် တိုင်းရင်းသားလူမျိုးအသီးသီး၏ စစ်ဦးစီးချုပ်များ အချိုးကျပါဝင်စေပြီး ၎င်းတို့အထဲမှ ကာကွယ်ရေးဦးစီးချုပ်တစ်ဦးကို တစ်နှစ်သက်တမ်းအတွက် အလှည့်ကျရွေးချယ်ခန့်အပ်ရမည်"** စတဲ့ အချက်တွေကို သဘောမတူ၊ လက်မခံနိုင်ရင်တောင်မှ အရပ်သား အစိုးရအုပ်ချုပ်မှုအောက်မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာစောင့်သိတဲ့၊ နိုင်ငံရေးမှာ ဝင်ရောက်စွက်ဖက်ခြင်းမရှိဘဲ နိုင်ငံတော်ကို ပြည်ပရန်က ကာကွယ်ဖို့ စွမ်းရည်ပြည့်ဝတဲ့၊ တိုင်းပြည်ဘဏ္ဍာကို အလွန်အကျွံမဖြုန်းတီးတဲ့ ပြည်ထောင်စုတပ်မတော်မျိုးကို ကျနော်တို့ မြန်မာနိုင်ငံသားအားလုံး မျှော်လင့်ကြပါတယ်။

ဒီမိုကရေစီတူဒေးသတင်းစာအယ်ဒီတာချုပ်ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်) ထံ ကာကွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးတစ်ဦးကအကြောင်းပြန်တဲ့စာမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့မူဝါဒ (၆) ချက်ကို ဖော်ပြပြီး '၁၃။ အဲဒီအချက် ၆ ချက်ဟာ မူကြမ်းရေးဆွဲရာမှာပါဖို့၊ မပါဖို့ထက် လိုက်နာဆောင်ရွက်ဖို့ အရေးကြီးပါတယ်။ ဒါမှလည်း ထာဝရငြိမ်းချမ်းရေးရမှာဖြစ်ပါတယ်။

အထက်ပါအချက်တွေကို လိုက်နာတဲ့အဖွဲ့တွေအနေနဲ့ ၎င်းတို့အကျိုးစီးပွားဆုတ်ယုတ်မသွားသလို လက်မခံနိုင်စရာမရှိတဲ့အချက်တွေဖြစ်ပါတယ်။ ဒီအချက်တွေကလည်း သူတို့ကို အကျပ်ကိုင်တာမဟုတ်သလို တပ်မတော်က လက်တွေ့ကိုယ်တိုင်လိုက်နာ ဆောင်ရွက်နေတဲ့အချက်တွေဖြစ်ပါတယ်။ စိတ်သဘောထား မှန်ကန်ပြီး တည်ကြည်ဖြောင့်မတ်တဲ့ ကေအန်ယူလိုအဖွဲ့မျိုးဆိုရင်တော့ အားလုံး လက်ခံဆောင်ရွက်နေတဲ့အချက်တွေ ဖြစ်ပါတယ်။ စာဒကတက်စရာ မရှိတဲ့အချက်တွေဖြစ်ပါတယ်' လို့ ထပ်ဆင့်ရှင်းပြထားပါတယ်။

အထက်ပါအရာရှိကြီးရဲ့ ရှင်းပြချက်အရ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရဲ့ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့မူဝါဒ ၆ ချက်ကို တပ်မတော်ကိုယ်တိုင်က အပြည့်အဝလိုက်နာပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေလည်း လိုက်နာသင့်တယ်လို့ဆိုပါတယ်။ အဲဒီရှင်းပြချက်အတိုင်းတပ်မတော်ကဒီမူ ၆ ချက်ကို အပြည့်အဝလိုက်နာမယ်ဆိုရင်ဖြင့် နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်မှုရနိုင်ပါလိမ့်မယ်။ မူဝါဒ (က) အတိုင်းတပ်မတော်က 'ထာဝရငြိမ်းချမ်းရေးရယူရန် အမှန်တကယ် ဆန္ဒရှိတယ်' ဆိုရင် တိုင်းရင်းသားလူမျိုးစုများ လိုလားတောင့်တတဲ့၊ တိုင်းရင်းသားလူမျိုးစုများ လက်နက်ကိုင်တော်လှန်ရခြင်းရဲ့ အဓိကအကြောင်းရင်းဖြစ်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဆိုင်ရာ အခွင့်အရေးများကို တပ်မတော်က လိုက်လျောသင့်ပါတယ်။ မူဝါဒ (စ) အတိုင်း တပ်မတော်ကလည်း 'တို့တာဝန်အရေးသုံးပါးနှင့် ဒီမိုကရေစီအနှစ်သာရများကို လက်ခံတယ်' ဆိုရင် ဒီမိုကရေစီစနစ်ရဲ့အနှစ်သာရဖြစ်တဲ့ ရွေးကောက်ခံအရပ်သားပြည်သူ့ကိုယ်စားလှယ်များရဲ့ အုပ်ချုပ်ရေးစနစ်ကို လက်ခံရမှာဖြစ်သလို တပ်မတော်ကို အရပ်သားအစိုးရလက်အောက်က နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းတစ်ခုအဖြစ် အသွင်ကူးပြောင်းရေးသဘောတူရမှာ ဖြစ်ပါတယ်။

**စိတ်ကူးထဲကဘဝနဲ့ လက်တွေ့ဘဝ၊ မျှော်လင့်ချက်နှင့်အရှိတရား**

စိတ်ကူးထဲကဘဝနဲ့ လက်တွေ့ဘဝ အင်မတန်ကွာခြားတတ်ပါတယ်။ မျှော်လင့်ချက်နဲ့အရှိတရားတွေကလည်း ဝေးကွာတတ်ပါတယ်။ လက်ရှိ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုမှာလည်း အစိုးရနဲ့ တပ်မတော်ရဲ့သဘောထားနဲ့လက်တွေ့လုပ်ဆောင်ချက်တွေက ကွာခြားလှပါတယ်။ ထာဝရငြိမ်းချမ်းရေးကို အမှန်တကယ်လိုချင်ပါတယ်ဆိုပေမည့် တိုင်းရင်းသားလူမျိုးစုများတောင်းဆိုတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တွေပေးဖို့ အစိုးရမှာအဆင်သင့်ရှိပုံမရပါ။ အရပ်သားအုပ်ချုပ်ရေး





စနစ်အောက်မှာ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်တဲ့ စွမ်းရည်ပြည့်တပ်မတော်အဖြစ် အသွင်ပြောင်းလဲခြင်းကိုလက်ခံဖို့ တပ်မတော်မှာဆန္ဒရှိပုံမရပါ။

အစိုးရနဲ့တပ်မတော်ရဲ့ ရည်ရွယ်ချက်က လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ တိုင်းရင်းသားတွေကို အခွင့်အရေးနည်းနည်းပိုပေးပြီး တိုင်းရင်းသားလက်နက်ကိုင်တပ်တွေကို တပ်မတော်လက်အောက်ခံအဖြစ် အသွင်ပြောင်းပြီး ပြည်တွင်းစစ်ကို ရပ်တန့်ဖို့သာဖြစ်ပါတယ်။ ဒီရည်ရွယ်ချက်က လက်တွေ့မှာမအောင်မြင်နိုင်ပါ။ တိုင်းရင်းသားတွေအဖို့ သူတို့လိုလားတဲ့နိုင်ငံရေးအာမခံချက်တွေ မရဘဲနဲ့ သူတို့ရဲ့လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ကို စွန့်လွှတ်မယ်မထင်ပါ။ တိုင်းရင်းသားလက်နက်ကိုင်တွေဘက်မှာလည်း ထာဝရငြိမ်းချမ်းရေးကို အမှန်တကယ် လိုချင်ပါတယ်ဆိုပေမည့် လက်နက်ကိုင်တပ်တွေကို မဖျက်သိမ်းဘဲ ကိုယ့်ဒေသမှာ ကိုယ်ပိုင်တပ်ဖွဲ့နဲ့စစ်ဘုရင်များအဖြစ် ဆက်လက်မင်းမူချင်သူတွေ များလှပါတယ်။

နိုင်ငံရေးဆွေးနွေးပွဲအတွက် ရှိရမည့်အပေးအယူမျှတမှု၊ ရင့်ကျက်မှု၊ ခိုင်မာမှု၊ ပျော့ပြောင်းညင်သာမှု၊ စိတ်ရှည်ကြံ့ခိုင်မှုတွေမရှိဘဲ အပစ်အခတ်ရပ်စဲရေးနဲ့ ဆွေးနွေးပွဲတွေကိုအခွင့်ကောင်းယူပြီး ကိုယ်ကျိုးစီးပွားချဲ့ထွင်ချင်တဲ့၊ စစ်ရေးအာဏာပိုမိုထူထောင်ချင်တဲ့ တိုင်းရင်းသားခေါင်းဆောင်တွေလည်း ရှိပါတယ်။

အစိုးရနဲ့တပ်မတော်ရဲ့ အထူးအခွင့်အရေးပေးမှုတွေကြောင့် စိတ်သဘောထားတွေအထူးပျော့ပြောင်းပြီး ရနိုင်သလောက်ကို လက်ခံလို့အလွန်အကျွံပြေလည်ချင်တဲ့ ခေါင်းဆောင်တွေလည်းအများကြီးပါ။ မြို့ကြီးတွေကို လေယာဉ်ပျံနဲ့သွား၊ ဟိုတယ်ကြီးတွေမှာ တည်းခို၊ ခန်းမကြီးတွေမှာ အစည်းအဝေးတွေအကြိမ်ကြိမ်ကျင်းပ၊ ရန်ကုန်နဲ့နေပြည်တော်ကို ခေါက်တုံ့ခေါက်ပြန်သွားပြီး အစိုးရ၊ တပ်မတော်ကိုယ်စားလှယ်များနဲ့ ထပ်ခါထပ်ခါတွေ့နေကြသလောက် မိမိတို့ရဲ့သက်ဆိုင်ရာ တပ်ဖွဲ့

များက တပ်စခန်းများ၊ တပ်ဖွဲ့ဝင်များဆီ မရောက်နိုင်တော့ဘဲ ကိုယ့်တပ်နဲ့ကိုယ် အဆက်အသွယ်ပြတ်နေပြီး အောက်ခြေတပ်ဖွဲ့ဝင်များက မယုံကြည်တော့တဲ့ တိုင်းရင်းသားခေါင်းဆောင်တွေလည်း ရှိကြပါတယ်။

အစိုးရနဲ့ဆွေးနွေးဖို့ဆိုပြီး နယ်စပ်ဒေသကနေ မြန်မာနိုင်ငံတွင်းကို တရားဝင်ဝင်ရောက်၊ ဆွေးနွေးပွဲကတစ်ရက်၊ နှစ်ရက်ပဲ ကြာပြီးနောက် ထပ်ရက်ပေါင်းများစွာ၊ အပတ်ပေါင်းများစွာ နိုင်ငံတစ်ဝန်း အပျော်ခရီးထွက်နေကြတဲ့ ခေါင်းဆောင်တွေလည်း ရှိပြန်ပါတယ်။ အဲဒီခရီးတွေအတွက် အသုံးစရိတ်ရဖို့ အစိုးရကကားပါမစ်တွေချပေးတော့လည်း ဝမ်းသာအားရ လက်ခံကြပါသေးတယ်။ ငြိမ်းချမ်းရေးဖော်ဆောင်တာနဲ့ ငြိမ်းချမ်းရေးလုပ်စားတာအကြား ခြားထားတဲ့ စည်းက ပါးလှပါတယ်။

## ပြည်သူအများ ပါဝင်လှုပ်ရှားကြရမည့်အချိန်

သမ္မတ ဦးသိန်းစိန်ရဲ့အစိုးရ သက်တမ်းသုံးနှစ်ခွဲကျော်ရှိခဲ့ပြီး အစိုးရသစ်လက်ထက် ငြိမ်းချမ်းရေးဖော်ဆောင်မှုသက်တမ်းလည်း သုံးနှစ်ကျော်ခဲ့ပါပြီ။ ဒီကနေ့အထိ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခြင်းမရှိသေးပါ။ ရှမ်းပြည်နယ်နဲ့ ကချင်ပြည်နယ်အတွင်းမှာ တိုက်ပွဲတွေ ဆက်လက်ဖြစ်ပွားနေပြီး ဒုက္ခသည် ထောင်ပေါင်းများစွာလည်း အိမ်မပြန်နိုင်ကြသေးပါ။ မြေမြှုပ်မိုင်းတွေကိုလည်း မရှင်းနိုင်သေးတဲ့အပြင် နှစ်ဖက်တပ်ဖွဲ့များက တိုး၍ တိုး၍ မြှုပ်နှံနေကြပါတယ်။ ပြည်တွင်းအလှူရှင်များရဲ့ ကချင်ပြည်နယ်က စစ်ဘေးဒုက္ခသည်များထံ ထောက်ပံ့လှူဒါန်းမှုဟာလည်း သိသိ သာသာ လျော့နည်းသွားပါပြီ။

ရန်ကုန်မြို့က မြန်မာ့ငြိမ်းချမ်းရေး ဗဟိုဌာနနဲ့ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့ကဟိုတယ်ကြီးတွေမှာ ပြုလုပ်ခဲ့၊ ပြုလုပ်နေဆဲဖြစ်တဲ့ အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရဲ့ ဆွေးနွေးပွဲတွေအပေါ်မှာလည်း





ပြည်သူအများစုက ယုံကြည်မှု၊ မျှော်လင့်မှု တစ်နေ့တခြား နည်းပါးလာပါပြီ။

လက်ရှိအစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များရဲ့သဘောထားနဲ့ ရပ်တည်ချက်တွေ၊ ဆောင်ရွက်ချက်တွေကလည်း တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ရင်တောင်မှ လက်နက်ကိုင်ပဋိပက္ခတွေ အမှန်တကယ် အပြီးအပိုင်ချုပ်ငြိမ်းနိုင်မှာမဟုတ်ကြောင်း တဖြည်းဖြည်းထင်ရှားလာပါပြီ။ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားတဲ့လက်နက်မဲ့ ပြည်သူများက လက်နက်ကိုင်များကို နိုင်ငံရေးဆွေးနွေးပွဲများအောင်မြင်ရေး ဖိအားပေးကြဖို့ လိုအပ်ပါပြီ။ ကျနော်တို့တိုင်းပြည်ရဲ့ကံကြမ္မာကို လက်နက်ကိုင်တပ်ဖွဲ့များရဲ့လက်ထဲမှာ အပ်နှံမထားနိုင်ပါ။ လက်နက်မကိုင်တဲ့ တိုင်းရင်းသားအဖွဲ့အစည်းများ၊ အာဏာမရှိတဲ့အရပ်ဘက် လူ့အဖွဲ့အစည်းများ၊ အမျိုးသားနိုင်ငံရေး အင်အားစုများ၊ စစ်ဘေးစစ်ဒဏ်ကို အဆိုးဝါးဆုံး ခံစားနေကြရတဲ့အမျိုးသမီးအဖွဲ့အစည်းများအားလုံး စုပေါင်းလို့ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုမှာ လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ တန်းတူဆွေးနွေးဘက်အဖြစ် ပါဝင်ဆွေးနွေးခွင့် တောင်းဆိုသင့်ပါပြီ။ ငြိမ်းချမ်းရေးအမှန်တကယ်မရနိုင်တဲ့ လက်နက်ကိုင်တွေရဲ့ သဘောထားတွေကိုပြောင်းလဲဖို့ လက်နက်မဲ့ပြည်သူတွေက လက်နက်ကိုင်အင်အားစုတွေကို တစ်ခဲနက်တောင်းဆိုသင့်ပါပြီ။ ပြည်တွင်းစစ်ရပ်စဲရေး၊ ထာဝရငြိမ်းချမ်းရေး၊ လက်နက်ကိုင်ပဋိပက္ခများ အပြီးတိုင် အဆုံးသတ်ရေးဟာ ကျနော်တို့အားလုံးရဲ့အရေးဖြစ်ပါတယ်။

မဇ္ဈိမနေ့စဉ်သတင်းစာ

*(စာပြီးနေ့စွဲ ဇူလိုင် ၈၊ ၂၀၁၄)*

*အကိုးအကား*

၁။ မြန်မာ့ငြိမ်းချမ်းရေးဗဟိုဌာန (Myanmar Peace Center) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT) Technical Team တို့ပူးတွဲပြုစုသော 'တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်၊ ဒုတိယမူကြမ်း' (မေ ၂၃၊ ၂၀၁၄)

၂။ တိုင်းရင်းသားကွန်ဖရင့်သို့ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) မှ တင်သွင်းသောဖက်ဒရယ်ပြည်ထောင်စုကာကွယ်ရေးတပ်မတော်စာတမ်း

၃။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဖြစ်ပွားနေသော ပဋိပက္ခများ၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့်ပတ်သက်၍ ဒီမိုကရေစီတူဒေး၏မေးမြန်းချက်များကို တပ်မတော်က ပြန်လည်ဖြေကြားခြင်း (မေ ၄၊ ၂၀၁၄)

၄။ ပထမအကြိမ် ပြည်သူ့လွှတ်တော်၊ သတ္တမပုံမှန်အစည်းအဝေး၊ ပဥ္စမနေ့အစည်းအဝေးမှတ်တမ်း (ဇူလိုင် ၂၊ ၂၀၁၃)

၅။ အမေရိကန်ပြည်ထောင်စု၊ ကာကွယ်ရေးဝန်ကြီးဌာနဖွဲ့စည်းပုံ

၆။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးကိစ္စ ညှိနှိုင်းဆွေးနွေးပွဲ အစည်းအဝေးတွင် 'ဝ' ပြည်နယ်ကိုယ်စားလှယ်အဖွဲ့၏ ဆွေးနွေးချက် (ဧပြီ ၅၊ ၂၀၁၄)


၇။ ရန်ကုန်မြို့ MPC ခန်းမ၌ ကျင်းပသည့်တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ဆွေးနွေးပွဲတွင် အထူးဒေသ (၄) ၏တင်ပြချက် (ဧပြီ ၅၊ ၂၀၁၄)

*



## မြန်မာအမျိုးသမီးနှင့် နိုင်ငံ့အရေး ဓာတ်ပုံမှတ်တမ်း

မြန်မာအမျိုးသမီးနှင့်နိုင်ငံ့အရေး စာတမ်းပုံနှိပ်ထုတ်ဝေ



[illegible]



[illegible]



[illegible]



[illegible]




[illegible]



[illegible]



[illegible]



[illegible]



[illegible]



## မြန်မာ့လူ့အဖွဲ့အစည်းနှင့်ခွဲခြားဆက်ဆံခြင်းများ

(ဒီဆောင်းပါးရှည်ကို မဇ္ဈိမနေ့စဉ် သတင်းစာမှာ ၂၀၁၄ ခုနှစ် ဇွန် ၁၀ ရက်ကနေ ၁၈ ရက်အတွင်း ငါးပိုင်းခွဲပြီးဖော်ပြခဲ့ပါတယ်)

အပိုင်း (၁)

**ခွဲခြားနှိမ့်ချဆက်ဆံခြင်းများ (Discrimination)**

လူသားအချင်းချင်း တန်းတူညီမျှတယ်ဆိုတာကိုလက်မခံတဲ့ လူတစ်ဦးက အခြားလူတစ်ဦးထက်၊ လူမျိုးတစ်မျိုးက အခြားလူမျိုးတစ်မျိုးထက်၊ လူ့အဖွဲ့အစည်းတစ်ခုက အခြားလူ့အဖွဲ့အစည်းတစ်ခုထက် ပိုပြီးမြင့်မြတ်တယ်၊ ပိုပြီးသာလွန်တယ်၊ ပိုပြီးတန်ဖိုးရှိတယ်လို့ ယုံကြည်ကျင့်သုံးကြတာကို 'ခွဲခြားနှိမ့်ချဆက်ဆံခြင်း' (Discrimination) လို့ ခေါ်ပါတယ်။ အဲဒီခွဲခြားနှိမ့်ချဆက်ဆံခြင်းများက နိုင်ငံတစ်ခုအတွင်းနဲ့ နိုင်ငံတွေအချင်းချင်းကြားမှာ ကြီးမားတဲ့ ပဋိပက္ခတွေကို ဖန်တီးလို့ဆောင်ပေးပါတယ်။

ခွဲခြားနှိမ့်ချဆက်ဆံမှုတွေက နေရာတိုင်းမှာရှိနေပါတယ်။ လူသားများရဲ့ ကျားမ လိင် ကွဲပြားမှု၊ ချမ်းသာသူနဲ့ဆင်းရဲသူ၊ အာဏာရှိနဲ့ အာဏာမဲ့၊ အုပ်ချုပ်သူနဲ့ အုပ်ချုပ်ခံ၊ အားကြီးသူနဲ့အားနည်းသူ၊

သန်စွမ်းသူနဲ့မသန်စွမ်းသူ၊ အသားအရောင်၊ အသက်အရွယ်၊ ကိုးကွယ်ရာဘာသာတရား၊ လူမျိုးနွယ်စု၊ ယုံကြည်လက်ခံရာ နိုင်ငံရေးဝါဒ၊ ပါဝင်လှုပ်ရှားရာနိုင်ငံရေးပါတီ၊ နေထိုင်ရာဒေသ၊ ပထဝီ နိုင်ငံရေး စတဲ့ အခြေအနေများအားလုံးအပေါ်မှာအခြေခံပြီး ခွဲခြားနှိမ့်ချဆက်ဆံမှုတွေ နေရာတိုင်းမှာ၊ အချိန်တိုင်းမှာရှိနေတာပါ။ ခွဲခြားဆက်ဆံမှုတွေ တည်ရှိခြင်းဟာ လူ့အဖွဲ့အစည်းအတွက်၊ နိုင်ငံတစ်ခုအတွက်၊ ကမ္ဘာကြီးအတွက် အန္တရာယ်ရှိတယ်ဆိုတာကို နားလည်ကြလို့ ကမ္ဘာပေါ်က နိုင်ငံတိုင်းလိုလိုရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတိုင်းမှာ နိုင်ငံအတွင်းမှာ ခွဲခြားဆက်ဆံမှုများမရှိစေရလို့ ပြဋ္ဌာန်းထားတတ်ကြပါတယ်။

မြန်မာနိုင်ငံရဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း အခန်း (၈) ပုဒ်မ (၃၄၈) မှာ 'နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရ' လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါပေမဲ့လည်း အဲဒီလို ပြဋ္ဌာန်းချက်တွေက လက်တွေ့ဘဝမှာ ဖြစ်ပေါ်နေတဲ့ ခွဲခြားဆက်ဆံမှုတွေကို တားဆီးနိုင်စွမ်းမရှိပါ။

မျက်မှောက်ခေတ် ကမ္ဘာ့သမိုင်းမှာ ခွဲခြားဆက်ဆံမှုကြောင့် လူ့အဖွဲ့အစည်းအတွင်း ကြီးမားတဲ့ပဋိပက္ခတွေဖြစ်ပြီး လူ့အသက်ပေါင်းများစွာသေကျေပျက်စီးခဲ့ရတဲ့ အနိဋ္ဌာရုံအဖြစ်အပျက်တွေ အများကြီးရှိခဲ့ပါတယ်။ အထင်ရှားဆုံးအချို့ကို ပြောရရင်အမေရိကန်ပြည်ထောင်စုမှာ အာဖရိကန်-အမေရိကန်များ ကျေးကျွန်ဘဝမှ လွတ်မြောက်စေရေးကို အခြေခံပြီးဖြစ်ခဲ့တဲ့ အမေရိကန်ပြည်တွင်းစစ် (၁၈၆၁-၁၈၆၅)၊ နာဇီဂျာမနီ၏ ဂျူးဆန့်ကျင်ရေးလှုပ်ရှားမှု (၁၉၃၃-၁၉၄၅)၊ အမေရိကန်လူမည်းများရဲ့ ခွဲခြားဆက်ဆံခံရမှုများကို ဆန့်ကျင်တဲ့ နိုင်ငံသားအခွင့်အရေးလှုပ်ရှားမှု (Civil Rights Movement)





(၁၉၅၄-၁၉၆၅)၊ တောင်အာဖရိကနိုင်ငံမှ အသားအရောင်ခွဲခြားမှုဆန့်ကျင်ရေးလှုပ်ရှားမှု (၁၉၄၈-၁၉၉၁)၊ ဘော့စနီးယားလူမျိုးတုံးသတ်ဖြတ်မှု (၁၉၉၂-၁၉၉၅)၊ ဆူဒန်နိုင်ငံ၊ ဒါဖား (Darfur) မှ လူမျိုးစုစစ်ပွဲများ (၂၀၀၃-၂၀၁၀) တွေဖြစ်ကြပါတယ်။

နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီး (Amnesty International) က ခွဲခြားဆက်ဆံခြင်းဆိုတာဟာ 'လူ့အခွင့်အရေးတည်ရှိမှုကို တိုက်ခိုက်ခြင်းဖြစ်တယ်။ ခွဲခြားဆက်ဆံခြင်းဆိုတာ လူအချို့သို့မဟုတ် လူအုပ်စုအချို့ရဲ့ လူ့အခွင့်အရေးများကို ၎င်းတို့နဲ့မထိုက်တန်ဘူးလို့ ငြင်းပယ်ခြင်းဖြစ်တယ်။ လူတစ်ယောက်ယောက်ကို လူထက်နိမ့်ကျတယ် (Less than human) လို့ ထင်မြင်ယူဆလိုက်ခြင်းဖြင့် အဲဒီလူရဲ့ လူ့အခွင့်အရေးများကိုငြင်းပယ်ရတာ သိပ်လွယ်လိမ့်မယ်' လို့ အဓိပ္ပာယ်ဖွင့်ဆိုပါတယ်။ အမှန်တကယ်လည်း လူတစ်ဦးတစ်ယောက်၊ လူ့အုပ်စုတစ်စုကို အခြားသူတစ်ယောက်၊ အခြားအုပ်စုတစ်စုက သူတို့နဲ့အသားအရောင်မတူလို့၊ သူတို့နဲ့ကိုးကွယ်ရာ ဘာသာမတူလို့၊ သူတို့နဲ့နေထိုင်ရာနိုင်ငံမတူလို့၊ သူတို့နဲ့လူမျိုးမတူလို့၊ သူတို့ထက်နိမ့်ကျတယ်လို့ယူဆလို့ ခွဲခြားနှိမ့်ချဆက်ဆံကြတာပါ။

## ခွဲခြားဆက်ဆံမှု သံသရာ

တကယ်တော့လည်း ခွဲခြားနှိမ့်ချဆက်ဆံခြင်းရဲ့ ဆိုးဝါးကြမ်းကြုတ်မှုကို ကိုယ်တိုင်ခွဲခြားဆက်ဆံခံရမှပဲ နားလည်ကြမှာပါ၊ ကျနော်တို့ရပ်ကွက်ထဲမှာ၊ ပတ်ဝန်းကျင်မှာ တိုင်းရင်းသူအမျိုးသမီးတွေကို 'ကရင်မ၊ မွန်မ၊ ရှမ်းမ' ဆိုပြီး ခေါ်ဝေါ်ဆက်ဆံကြတာရှိပါတယ်။ သူတို့ရဲ့အမည်ရင်းတွေကို မခေါ်ကြသလောက်ပါ။ အချို့က ရိုင်းတဲ့စိတ်နဲ့၊ နှိမ့်ချတဲ့စိတ်နဲ့ ခေါ်တာမဟုတ်ဘဲ ချစ်စနိုးနဲ့ ခေါ်တာပါလို့ အကြောင်းပြပါတယ်။ ဒါပေမဲ့ အဲဒီလိုလူတွေကို တိုင်းရင်းသူတွေက ပြန်ပြီး 'ဗမာမ'လို့ ခေါ်ရင် သူတို့ကြိုက်နှစ်သက်ကြမယ်မထင်ပါ။ တရုတ်သွေးပါသူကို

'တရုတ်'၊ အိန္ဒိယသွေးပါသူကို 'ကုလား' လို့ ခေါ်ကြတာလည်း အစဉ်အလာဖြစ်နေပါပြီ။ အဲဒီ 'ကုလား' တွေ၊ 'တရုတ်' တွေက ကျနော်တို့ကို 'ဗမာ' လို့ ပြန်ခေါ်ရင် သည်းခံနိုင်ကြမယ်မထင်ပါ။ အဲဒီလိုအခေါ်အဝေါ်၊ အသုံးအနှုန်းတွေက မြန်မာ့လူ့အဖွဲ့အစည်းအတွင်းမှာ 'ဗမာ' လူများစုက တိုင်းရင်းသားလူနည်းစုများ၊ နိုင်ငံခြားသွေးနွယ်သူများအပေါ် ခွဲခြားဆက်ဆံမှုရှိကြောင်း သက်သေပြနေပါတယ်။

ပြည်ပနိုင်ငံများကို အကြောင်းအမျိုးမျိုးနဲ့ ထွက်ခွာနေထိုင်ကြရတဲ့အခါ ကျနော်တို့ 'ဗမာ' တွေ နှိမ့်ချဆက်ဆံခံရတတ်ပါတယ်။ ထိုင်းနိုင်ငံမှာဆိုရင် မြန်မာအလုပ်သမားတွေဟာ ထိုင်းအလုပ်ရှင်တွေက သူတို့ရဲ့အမည်ရင်းကိုမခေါ်ဘဲ 'ဖမ' လို့ ထိုင်းဘာသာနဲ့ ခေါ်တာကို မကြာခဏခံနေကြရတာပါ။ တရုတ်၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ စင်ကာပူ၊ မလေးရှား စတဲ့နိုင်ငံတွေမှာလည်း တရုတ်လူမျိုးအလုပ်ရှင်တွေက မြန်မာအလုပ်သမားတွေကို နာမည်မခေါ်ဘဲ 'မြန်တင်း' လို့ ခေါ်ကြတာကို ကိုယ့်ကိုခေါ်နေတာပဲလို့ လက်ခံကြရတာပါ။

စင်ကာပူလေဆိပ်မှာ မြန်မာနိုင်ငံက အလုပ်သမားတွေကို၊ နိုင်ငံကူးလက်မှတ် အနီရောင်ကိုင်ဆောင်သူတွေကို စင်ကာပူလူဝင်မှုကြီးကြပ်ရေးအရာရှိတွေက နှိမ့်ချဆက်ဆံတာကို မကြာခဏ တွေ့ဖူး၊ ခံစားဖူးခဲ့ပါတယ်။ အလုပ်ရှင်က ခေါ်တာမို့လို့ အလုပ်ရှင်မကြည်ဖြူရင် အလုပ်ထုတ်ခံရမှာစိုးလို့သာ ပြန်မပြောကြပေမည့် ဘယ်မြန်မာအလုပ်သမားမှ သူတို့ကို 'ဖမ' လို့၊ 'မြန်တင်း' လို့ ခေါ်တာကို ကြိုက်နှစ်သက်မယ်မထင်ပါ။

ကိုယ်တိုင်ခံစားဖူးသော်လည်း ကိုယ်ချင်းစာနာစိတ်မရှိရင် 'ခွဲခြားဆက်ဆံခြင်း' ကို ရှောင်ကြဉ်ဖို့ခက်ပါလိမ့်မယ်။ ပြည်ပနိုင်ငံတွေမှာ အဲဒီလိုအနှိမ်ခံရတတ်တဲ့ မြန်မာတွေက သူတို့ကိုယ်သူတို့ 'ရွှေမြန်မာ' လို့ခေါ်ပြီး အခြားနိုင်ငံသားများကို အနည်းဆုံး စကားလုံးအသုံးအနှုန်းနဲ့ နှိမ့်ချဆက်ဆံတတ်ကြပါတယ်။ ကိုယ့်ကိုယ်ကိုယ် 'ရွှေ' လို့





ခေါ်ကြတဲ့ မြန်မာနိုင်ငံသားတွေက ဖိလစ်ပိုင်တွေကို 'ဖဦးထုပ်တွေ' ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတွေကို 'ဘကုန်းတွေ'၊ အိန္ဒိယနိုင်ငံသားတွေကို 'ကုလား' တွေ၊ လက်တင်အမေရိကနိုင်ငံသားတွေကို 'မြေပဲတွေ'၊ 'ပဲစားတွေ'၊ အာဖရိကန်နိုင်ငံသားတွေ၊ အမေရိကန်လူမည်းတွေကို 'အမည်း' တွေ၊ ထိုင်းလူမျိုးတွေကို 'ယပက်လက်တွေ'၊ စသည်ဖြင့် အမည်ပေးခေါ်ဝေါ်တတ်ကြပါတယ်။ သူတို့အထင်ကြီးတဲ့ အနောက်နိုင်ငံသားတွေကိုတော့ ဟိုးလွတ်လပ်ရေးတိုက်ပွဲဝင်ကာလတုန်းကလို 'ကုလားဖြူ' လို့မခေါ်ကြတော့ပါ။ 'အဖြူတွေ' လို့ပဲ ခေါ်ကြပါတယ်။ ကိုယ်ချင်းစာနာစိတ်မရှိတဲ့အခါမှာ လူတစ်ယောက်ရဲ့ ခွဲခြားဆက်ဆံမှုကို ခံရသူကိုယ်တိုင်ကသူ့ထက်နိမ့်ကျတယ်လို့ယူဆတဲ့ အခြားတစ်ယောက်ကို ထပ်မံခွဲခြားဆက်ဆံခြင်းဖြင့် ခွဲခြားဆက်ဆံရေး သံသရာလည်နေတတ်ပါတယ်။ ဒီသံသရာကို မဖြတ်တောက်နိုင်တဲ့အခါ နာကျင်မှုတွေပေါက်ကွဲပြီး အကြမ်းဖက်မှုတွေ ဖြစ်ပေါ်တတ်ပါတယ်။

နအဖစစ်အစိုးလက်ထက်မှာ ထိုင်းအစိုးရနဲ့ဆက်ဆံရေး အဆင်မပြေတဲ့အချိန်မျိုးမှာ စစ်အစိုးရသတင်းစာတွေ၊ ရေဒီယို၊ ရုပ်မြင်သံကြားအသံလွှင့်ဌာနတွေကနေ 'ထိုင်း' နိုင်ငံလို့မသုံးနှုန်းဘဲ 'ယိုးဒယား' လို့ခေါ်ဝေါ်သုံးစွဲပါတယ်။ စစ်အစိုးရအလိုတော်ရိစာရေးဆရာများကလည်း အလောင်းဘုရား၊ ဘုရင့်နောင်လက်ထက်က မြန်မာတွေ 'ယိုးဒယား' ကို ဘယ်လိုနိုင်ခဲ့ကြတယ်ဆိုတဲ့ သမိုင်းဟောင်းတွေကို ပြန်ရေးပြီး သတင်းစာတွေထဲမှာ ဖော်ပြကြပါတယ်။ ဒါပေမဲ့ ထိုင်းအစိုးရက မြန်မာနိုင်ငံကို 'ဖမနိုင်ငံ' လို့ ပြန်ခေါ်တာမရှိခဲ့ပါ။ အဲဒီလိုထိုင်းတွေဘက်က ခေါ်ရင်လည်း 'ရွှေမြန်မာ' တွေ အကြီးအကျယ်ဒေါသထွက်ကြလိမ့်မယ်ထင်ပါတယ်။

တကယ်တော့ ခွဲခြားဆက်ဆံခြင်းဆိုတာဟာ နိုင်ငံတိုင်းလိုလိုမှာ၊ လူ့အဖွဲ့အစည်းတိုင်းလိုလိုမှာ ရှေးဟောင်းဆန်တဲ့၊ ခေတ်နောက်ကျတဲ့ အယူအဆများနဲ့အတူ ရိုးရာအစဉ်အလာတစ်ခုလို အမြစ်တွယ်တည်ရှိ

နေတာပါ။ သက်ဆိုင်သူများကိုယ်တိုင်က မိမိတို့ဟာ အခြားသူများကို ခွဲခြားဆက်ဆံနေမိမှန်း သတိမပြုမိအောင်၊ မိမိတို့ဟာ အခြားသူများရဲ့ ခွဲခြားဆက်ဆံမှုများကိုခံနေရမှန်း သတိမထားမိလောက်အောင်ကို ဒါမှ မဟုတ်လည်းဘာမှ မထူးဆန်းတော့တဲ့အဖြစ်အပျက်တစ်ခုလို အစဉ်အလာအနေနဲ့ တည်ရှိနေတာပါ။ အထူးသဖြင့် သက်ဦးဆံပိုင် ပဒေသရာဇ်စနစ်၊ အာဏာရှင်စနစ်၊ စစ်အုပ်ချုပ်မှုတွေအောက်မှာ နှစ်ပေါင်းများစွာတည်ရှိပြီး လူ့အခွင့်အရေးနဲ့အလှမ်းဝေးခဲ့ရတဲ့ နိုင်ငံတွေမှာ ခွဲခြားဆက်ဆံခြင်းတွေ နက်ရှိုင်းစွာတည်ရှိနေဆဲ ဖြစ်ပါတယ်။

ကျနော်တို့ မြန်မာနိုင်ငံသားတွေက မြန်မာနိုင်ငံဟာ ယဉ်ကျေးသိမ်မွေ့တဲ့၊ ဗုဒ္ဓဘာသာလွှမ်းမိုးတဲ့နိုင်ငံဖြစ်လို့ ဘာသာတရားရဲ့ အဆုံးအမအောက်မှာ နိုင်ငံသားအားလုံး တန်းတူညီမျှတည်ရှိကြတယ်။ အမျိုးသမီး၊ အမျိုးသားခွဲခြားဆက်ဆံမှုများ မရှိကြဘူး။ လူများစုက လူနည်းစုအပေါ် အကြမ်းဖက်အနိုင်ကျင့်မှုတွေ မရှိဘူးလို့ ဂုဏ်ယူပြီး အထင်ကြီးတတ်ကြပါတယ်။ ‘ငါတို့နိုင်ငံဟာ အယဉ်ကျေးဆုံး၊ ငါတို့လူမျိုးဟာ သတ္တိအရှိဆုံး၊ ငါတို့ကိုးကွယ်တဲ့ဘာသာဟာ အမှန်မြတ်ဆုံး’ စသည်ဖြင့် ကိုယ့်ကိုယ်ကိုယ်အထင်ကြီးတာ၊ အမွှမ်းတင်တတ်တာကိုက ခွဲခြားဆက်ဆံခြင်းရဲ့ အကြောင်းတရားတစ်ခုဖြစ်ပြီး ကျနော်တို့ရဲ့ လူ့အဖွဲ့အစည်းအတွင်း တည်ရှိနေတဲ့ခွဲခြားဆက်ဆံခြင်းများကို ဥပေက္ခာပြုထားသလို ဖြစ်နေပါတယ်။

နိုင်ငံသစ်တစ်ခုကိုတည်ဆောက်ရာမှာ ခေတ်မီတဲ့ နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်တွေ ပြောင်းလဲကျင့်သုံးရုံတင်မကဘဲ နိုင်ငံသားများရဲ့ယဉ်ကျေးမှု၊ အတွေးအခေါ်နဲ့ ခံယူချက်တွေကိုပါ ခေတ်နဲ့လိုက်လျောညီထွေ ပြောင်းလဲကျင့်သုံးဖို့ လိုအပ်ပါတယ်။ မိမိတို့ရဲ့ လူ့အဖွဲ့အစည်းကို မှန်မှန်ကန်ကန်ဝေဖန်သုံးသပ်ပြီး မကောင်းတဲ့အစဉ်အလာ၊ အဆိပ်အတောက်ဖြစ်တဲ့အတွေးအခေါ်နဲ့ မှားယွင်းသော ယဉ်ကျေးမှုများကို ရဲရဲရင့်ရင့်ဖျက်သိမ်းပြီး ကောင်းမွန်ယဉ်ကျေးတဲ့ အလေ့အထ





များကိုသာ ပြုစုပျိုးထောင်အပ်ပါတယ်။ ‘ငါတို့သည် အကောင်းဆုံး၊ အမွန်မြတ်ဆုံး၊ အယဉ်ကျေးဆုံး’ ဆိုပြီး ကိုယ့်ဘာသာကိုယ် အမွှမ်းတင်ပြီး ကျေနပ်နေမည့်အစား ‘ငါတို့သည် ကမ္ဘာ့မိသားစုကြီးအတွင်းက တစ်ခုသောမိသားစုဝင်ဖြစ်တယ်။ ကမ္ဘာကြီးအတွင်းမှာ ငါတို့အပါအဝင်လူသားအားလုံးဟာ မတူကွဲပြားခြင်းများနဲ့ တန်းတူညီမျှ ရှင်သန်နေကြတယ်’ လို့ နားလည်တတ်ဖို့လိုအပ်ပါတယ်။

ဒါကြောင့်မို့ မြန်မာ့လူ့အဖွဲ့အစည်းအတွင်းမှာ အမြစ်တွယ်နေတဲ့ ခွဲခြားဆက်ဆံခြင်းများကို ဒီဆောင်းပါးမှာ ဖော်ထုတ်ဝေဖန်ပါမယ်။ ဒီလိုဝေဖန်ရာမှာလည်း မြန်မာ့လူ့အဖွဲ့အစည်းကို ပြစ်တင်ဖို့မဟုတ်ဘဲ မကောင်းသောအစဉ်အလာများကို မကောင်းမှန်းသိပြီး ရှန်းထွက်နိုင်ဖို့နဲ့ ကောင်းမွန်မျှတသောအတွေးအခေါ်များနဲ့ ယဉ်ကျေးသောလူ့ဘောင်ကို တည်ဆောက်စေချင်တဲ့ စေတနာနဲ့ ဖြစ်ပါတယ်။ ‘ရွှေမြန်မာ’ တွေ ‘ရွှေစစ်စစ်’ ဖြစ်စေဖို့ ရောနှောနေတဲ့သတ္တုအညစ်အကြေးများကို ဆေးကြောဖယ်ထုတ်စေနိုင်ဖို့ ဖြစ်ပါတယ်။ နိုင်ငံသစ်၊ ခေတ်သစ်ကိုတည်ဆောက်ရင်း ယဉ်ကျေးမှုတော်လှန်ရေးကို တစ်ပြိုင်တည်းဆင်နွှဲနိုင်ဖို့ ဖြစ်ပါတယ်။

## အပိုင်း (၂)

## အမျိုးသမီးများနှင့်မိန်းကလေးများကို ခွဲခြားဆက်ဆံခြင်း

မြန်မာနိုင်ငံမှာ အမျိုးသမီးများကို ခွဲခြားနှိမ့်ချဆက်ဆံခြင်းလုံးဝမရှိဘူး။ မြန်မာအမျိုးသမီးများဟာ အမျိုးသားများနဲ့ တန်းတူညီမျှအခွင့်အရေးရကြတယ်လို့ ပြောကြပါတယ်။ အဲဒီလို ပြောကြသူတွေက မြန်မာအမျိုးသမီးတွေ အိမ်ထောင်ပြုကြတဲ့အခါ အနောက်နိုင်ငံက အမျိုးသမီးတွေလို ခင်ပွန်းသည်ရဲ့မျိုးရိုးအမည်ကို ပြောင်းလဲစရာမလိုဘဲ မူလနာမည်အတိုင်း ရပ်တည်နိုင်တာ၊ အိမ်ထောင်ရေးမှာ ဇနီးသည်ရဲ့ သဘောတူညီမှုမပါဘဲ ခင်ပွန်းသည်က တစ်ဖက်သတ်ကွာရှင်းပြတ်စဲခွင့်

မရှိတာ၊ လက်ထပ်စာချုပ်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ပတ်ဝန်းကျင်က အသိအမှတ်ပြုရင် အိမ်ထောင်ရေးမည်တာမို့ တရားဝင်ဇနီးဖြစ်ပြီး အလိုအလျောက် အမွေဆက်ခံခွင့်ရှိတာတွေကို မြန်မာအမျိုးသမီးများရဲ့ အခွင့်အရေးများအဖြစ် ထောက်ပြကြပါတယ်။ ပြီးတော့လည်း မြန်မာအမျိုးသမီးများဟာ အိမ်နီးချင်းနိုင်ငံကြီးအချို့မှာလို ခြေထောက်သေးအောင် အဝတ်စည်းစရာမလိုအပ်တာ၊ သမီးမွေးထားတဲ့မိဘတွေက သမီးအတွက် ယောက်ျားကို ငွေကြေးအမြောက်အမြား တင်တောင်းဖို့ မလိုအပ်တာ၊ ဇနီးသည်က ခင်ပွန်းသေဆုံးပြီးနောက် ခင်ပွန်းသည်ရဲ့ ညီ သို့မဟုတ် အစ်ကိုရဲ့သိမ်းပိုက်ခြင်းမခံရတာ စတဲ့အချက်တွေကို ထောက်ပြပြီး မြန်မာအမျိုးသမီးများရဲ့ လွတ်လပ်ခွင့်ကို အမွှမ်းတင်ကြပါတယ်။

ဒါ့အပြင် မြန်မာ့လူ့အဖွဲ့အစည်းဟာ မိခင်ကြီးစိုးသော လူ့အဖွဲ့အစည်းဖြစ်တယ်။ ဗုဒ္ဓဘာသာလွှမ်းမိုးတဲ့ လူ့အဖွဲ့အစည်းဖြစ်လို့ ဂေါတမမြတ်စွာဘုရားက မယ်တော်မာယာနဲ့ မိထွေးတော်ဂေါတမီတို့ကို တန်ဖိုးထားသလိုပဲ မြန်မာတွေအားလုံးကလည်း မိခင်များကို တန်ဖိုးထား လေးစားကြတယ်လို့လည်းဆိုကြပါတယ်။ အဲဒီလို မြန်မာအမျိုးသမီးများဟာ အမျိုးသားများနဲ့ တန်းတူအခွင့်အရေး ရှိကြတယ်လို့ ပြောဆိုကြသူတွေထဲမှာ ထင်ရှားတဲ့ အမျိုးသမီးခေါင်းဆောင်ကြီးအချို့တောင် ပါဝင်ကြပါတယ်။

အထက်ပါ မိခင်ဦးစားပေးအချက်အလက်များ၊ အိမ်ထောင်ရေးဆိုင်ရာအချက်အလက်များနဲ့ပတ်သက်ပြီး ငြင်းချက်ထုတ်စရာမရှိပါ။ သို့သော်လည်း မြန်မာအမျိုးသမီးများဟာ အမျိုးသားများနဲ့ တန်းတူညီမျှအခွင့်အရေးရတယ်ဆိုတာ အပြည့်အဝမှန်တယ်မထင်ပါ။ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ ရှေးကျလှတဲ့အတွေးအခေါ်၊ အစဉ်အလာတွေက မြန်မာအမျိုးသမီးများကို နှိမ့်ချခွဲခြားဆက်ဆံထားသလို ဖြစ်နေပါတယ်။





**ဘာသာရေးအရ နှိမ့်ချခြင်း**

ကမ္ဘာပေါ်မှာ လူသားတွေကိုးကွယ်ယုံကြည်တဲ့ ဘာသာတရားအများစုမှာ အမျိုးသားများကို တန်ဖိုးထားပြီး အမျိုးသမီးများကို ခွဲခြားနှိမ့်ချဆက်ဆံတာ တွေ့ရပါတယ်။ အခြားဘာသာတွေကိုမပြောဘဲ မြန်မာနိုင်ငံက လူများစုကိုးကွယ်ရာဗုဒ္ဓဘာသာနဲ့ပတ်သက်ပြီး ဆွေးနွေးချင်ပါတယ်။

ဗုဒ္ဓဘာသာမှာ အမျိုးသမီးများသည် အမျိုးသားများလောက် ဘုန်းကံမရှိလို့ သတ်မှတ်ထားသလို အမျိုးသားများသံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ပြီး နိဗ္ဗာန်ကိုမျက်မှောက်ပြုရေး ကြိုးစားရာမှာ အမျိုးသမီးများဟာ အနှောင့်အယှက်၊ အဖျက်အဆီးဖြစ်တယ်လို့ ယုံကြည်ကြပါတယ်။ အမျိုးသမီးများဟာ မြင့်မြတ်တဲ့ဘုရားသားတော်ရဟန်းဘဝကို ခံယူခွင့်မရှိ၊ ဘုရားဆုပန်ခွင့်မရှိလို့လည်း ကန့်သတ်ထားပါတယ်။ ဘုရားစေတီများ၊ သာသနာ့အဆောက်အအုံများမှာ အမျိုးသမီးဝင်ခွင့်မရတဲ့နေရာတွေ ကန့်သတ်ထားပါတယ်။

လူယောက်ျားတို့ သာသနာ့ဘောင်ကို ရဟန်းဘဝနဲ့ဝင်ရောက်ပြီး သာသနာပြုကြရာမှာ ကာမဂုဏ်အာရုံများက ကြီးမားတဲ့အဖျက်တရားများဖြစ်ကြပါတယ်။ အဲဒီအဖျက်တရားတွေအထဲမှာမှ လူမိန်းမတို့ရဲ့ဖြားယောင်းမှု၊ သွေးဆောင်မှုတွေကပိုပြီး အန္တရာယ်ကြီးမားတယ်လို့ယူဆပြီး လူမိန်းမတွေကို စိတ်မဝင်စားအောင်လို့ မိန်းမမကောင်းကြောင်းတရားတွေ၊ မိန်းမမကောင်းကြောင်းဆုံးမစာတွေကို ရှေးဆရာတော်ကြီးများက တက်ညီလက်ညီ ရေးသားခဲ့ကြပါတယ်။ မာန်လည်ဆရာတော်ရဲ့ 'မိန်းမဟူဘိ၊ ထိုက္ကတ္တိကား၊ မရှိလည်းခက်၊ ရှိလည်းခက်၏၊ မပေါင်းလည်းခက်၊ ပေါင်းလည်းခက်၏' အစရှိတဲ့ မာဃဒေဝလင်္ကာများဟာ အထင်အရှားဖြစ်ပါတယ်။

ကုန်းဘောင်ခေတ် မင်းတုန်းမင်းလက်ထက်မှာ သီလရှင်ဆရာကြီးမယ်ကင်းက ဘုရားဆုပန်ကြောင်း ကြားသိတဲ့အခါမှာ 'ငါ

ပေါင်ကြားထဲကဟာ နင့်ပေါင်ကြားထဲရောက်အောင် အရင်ဆုတောင်းဦး' လို့ ဒေါသနဲ့ပြောတဲ့ ဇန်းမော်ဆရာတော် ကြီးရဲ့စကားဟာလည်း အထင်အရှားပါ။ အဲဒီလို နှစ်ပေါင်းများစွာ တည်ရှိခဲ့တဲ့ ဗုဒ္ဓဘာသာရဟန်းသံဃာများရဲ့ မိန်းမမုန်းတရားများရဲ့ ဩဇာသက်ရောက်မှုကြောင့် မြန်မာ့လူ့အဖွဲ့အစည်းမှာ အမျိုးသမီးများဟာ အမျိုးသားများထက် အဆင့်တစ်ဆင့်နိမ့် တည်ရှိနေရပါတယ်။

## မဟာဖိုဝါဒ ကြီးစိုးခြင်း

ကိုးကွယ်ရာဘာသာတရားကိုယ်၌က ယောကျ်ားများက မိန်းမများထက်ပိုပြီးမြင့်မြတ်တယ်လို့သတ်မှတ်ထားတော့ ဗုဒ္ဓဘာသာလွှမ်းမိုးတဲ့ မြန်မာ့လူ့အဖွဲ့အစည်းမှာ မဟာဖိုဝါဒ (သို့မဟုတ်) ယောကျ်ားဗဟိုပြုဝါဒ ကြီးစိုးတာသိပ်တော့မဆန်းပါ။ အထင်ရှားဆုံးပြနိုင်တာကတော့ ရှေးမြန်မာဘုရင်များ မိဖုရားပေါင်းများစွာ၊ ကိုယ်လုပ်တော်များစွာနဲ့ စံစားခဲ့ကြတာနဲ့ မြန်မာ့လူ့အဖွဲ့အစည်းမှာ ယခုအထိတည်ရှိဆဲဖြစ်တဲ့ ယောကျ်ားတစ်ယောက်ကို တရားဝင်မိန်းမတစ်ယောက်ထက်ပိုယူခွင့်ပြုတဲ့မယားပြိုင်စနစ်တို့ပဲ ဖြစ်ပါတယ်။

မြန်မာ့သမိုင်းကို လေ့လာကြည့်တဲ့အခါ တစ်လင်တစ်မယားစနစ် ကျင့်သုံးတဲ့ဘုရင်တစ်ပါးမှမရှိပါ။ ဘုရင်တင်မကပါ။ အိမ်ရှေ့စံတွေ၊ မင်းသားတွေ၊ မြို့စားတွေ၊ နယ်စားတွေ၊ စော်ဘွားတွေ၊ စစ်သူကြီးတွေဟာလည်း ဇနီးမယား တစ်ဦးမက ရှိခဲ့ကြပါတယ်။ အချို့မိဖုရားများခမျာ ဘုရင်အဆက်ဆက်ရဲ့ တော်ကောက်ပေါင်းသင်းခြင်း ခံရပါသေးတယ်။ ယောကျ်ားများကို မယားပြိုင်ယူခွင့်ပြုထားပေမည့်မိန်းမများမှာတော့ လင်ပြိုင်ယူခွင့်မရှိပါ။ ဒါ့အပြင် သမီးတော်၊ နှမတော် မိန်းကလေးများဟာ စစ်ပြိုင်နိုင်ငံများကြားမှာ ငြိမ်းချမ်းရေးအတွက်၊ စစ်ပွဲရပ်စဲရေး၊ သစ္စာခံရေးအတွက် အလဲအလှယ်အဖြစ် အသုံးပြုတဲ့ သက်ရှိကုန်ပစ္စည်းများ ဖြစ်ခဲ့ရပြန်ပါတယ်။





အိမ်ထောင်စုတစ်စုမှာလည်း ခင်ပွန်းသည် ယောကျ်ားဖြစ်သူက အရှင်သခင်ပါ။ မိခင်အုပ်ချုပ်သောမိသားစုစနစ်လို့ ပြောကြပေမည့် 'သားကိုသခင်၊ လင်ကိုဘုရား' ဆိုတဲ့စကားအတိုင်း ခင်ပွန်းနဲ့သားဆိုတဲ့ ယောကျ်ားတွေက အိမ်ထောင်စုတစ်စုရဲ့ အခွင့်ထူးခံတွေ ဖြစ်ကြပြီး မိခင်နဲ့သမီး စတဲ့မိန်းမတွေက အနစ်နာခံကြရသူများ ဖြစ်ကြပါတယ်။ ဒေါသဖြစ်ရင်၊ စိတ်ဆိုးရင် အင်အားသုံးတတ်တဲ့ခင်ပွန်းသည်ရဲ့ အကြမ်းဖက်မှု၊ အနိုင်ကျင့်မှုကို ကြိတ်မှိတ်ခံစားနေရတဲ့ မြန်မာအမျိုးသမီးတွေ ထောင်ပေါင်းများစွာ၊ သောင်းပေါင်းများစွာ ရှိကြပါတယ်။ ဆင်းရဲနွမ်းပါးတဲ့မိသားစုတွေမှာ သမီးမိန်းကလေးကိုတော့ သေစာ ရှင်စာတတ်ရင် တော်ပြီပဲဆိုပြီး ကျောင်းထုတ်အလုပ်လုပ်ခိုင်းတတ်ကြပြီး သားယောကျ်ားလေးကိုတော့ ပညာတတ်ဖြစ်စေဖို့ မဖြစ်မနေ ကျောင်းတက်စေကြပါတယ်။

မြန်မာ့လူ့အဖွဲ့အစည်းကိုယ်တိုင်က ခင်ပွန်းသည် ယောကျ်ားသားက ဇနီးမိန်းမကို ရိုက်နှက်အနိုင်ကျင့်တာကို အထူးအဆန်း မဟုတ်သလို ကြည့်နေတတ်ကြပြီး ဇနီးမိန်းမက ခင်ပွန်းသည် ယောကျ်ားကို စကားနဲ့တုံ့ပြန်တာ၊ ရန်တွေ့တာ၊ ကိုယ်ထိလက်ရောက်ပြုတာကိုတော့ သည်းမခံ ခွင့်မလွှတ်တတ်ကြပါ။ ဝမ်းနည်းစရာကောင်းတာက အဲဒီလို ယောကျ်ားသားများက မိန်းမများထက် ပိုမြင့်မြတ်တယ်ဆိုတဲ့ အယူအဆကို မိန်းမများကိုယ်တိုင်က လက်ခံထားကြတာပါ။

## ပတ်ဝန်းကျင်က ဝင်စွက်ဖက်ခြင်း

ကျနော်တို့ရဲ့ လူ့ပတ်ဝန်းကျင်က လူငယ် ယောကျ်ားလေးတစ်ယောက် ရည်းစားအများကြီးထားတာကို အပြစ်မပြောတတ်ကြပေမည့် မိန်းကလေးတစ်ယောက်က ရည်းစားတစ်ဦးထက် ပိုရှိရင်ဖြင့် အလုအယက် အပြစ်ပြောတတ်ကြတာပါ။ ရည်းစားများတဲ့ ယောကျ်ားလေးကို ထူးထူးခြားခြားမဝေဖန်ပေမည့် ရည်းစားများတဲ့မိန်းကလေးကိုတော့

အကျင့်သိက္ခာကင်းမဲ့သူလို၊ တန်ဖိုးလျော့သွားသလို၊ တန်ဖိုးမဲ့သွားသလို ပြောဆိုဝေဖန်တတ်ကြပါတယ်။

တကယ်တော့ ယောကျ်ားလေးဖြစ်စေ၊ မိန်းကလေးဖြစ်စေ လူငယ်ဘဝ ချစ်သူရည်းစားထားကြတာ၊ တစ်ခါတစ်ရံမှာ ချစ်သူရည်းစားတစ်ဦးထက် ပိုရှိတာ ဒါမှမဟုတ်လည်း တစ်ဦးနဲ့ ပြတ်စဲပြီး နောက်တစ်ဦးကိုလက်ခံတာ သက်ဆိုင်ရာလူငယ်ရဲ့ ကိုယ်ရေးကိုယ်တာ လွတ်လပ်ခွင့်ပဲ ဖြစ်ပါတယ်။ ပတ်ဝန်းကျင်နဲ့ မသက်ဆိုင်သလို ပတ်ဝန်းကျင်ကပါဝင်စွက်ဖက်တာ၊ ဝေဖန်တာ မရှိသင့်ပါ။

မြန်မာ့လူ့အဖွဲ့အစည်းက ချစ်သူ ရည်းစားများရဲ့ ကိုယ်ရေးကိုယ်တာမှာလည်း ဝင်ရောက်စွက်ဖက်တတ်ကြတာပါ။ အထူးသဖြင့် ကိုယ့်ရပ်ကွက်က၊ ကိုယ့်ကျောင်းက၊ ကိုယ့်ရွာကမိန်းကလေးနဲ့ အခြားရပ်ကွက်၊ အခြားကျောင်း၊ အခြားရွာက အမျိုးသားတို့ချစ်ကြိုက်ကြတဲ့အခါ ပတ်ဝန်းကျင်ရဲ့ မဆီမဆိုင်စွက်ဖက်မှုက အန္တရာယ်ကြီးလှပါတယ်။ အခြားရပ်ကွက်၊ အခြားကျောင်း၊ အခြားရွာတင်မကဘဲ အခြားဘာသာကပါ ဖြစ်တယ်ဆိုရင် မဆီမဆိုင် အမျိုး၊ ဘာသာ၊ သာသနာစောင့်ထိန်းရေး ဆိုတဲ့ အလံထူပြီး ချစ်သူရည်းစားနှစ်ဦးရဲ့ဘဝကို သွေးတွေရင်းပြီး ဖျက်ဆီးတတ်ကြပြန်ပါတယ်။

၂၀၁၄ ခုနှစ် ဧပြီလ ၁၅၊ ၁၆ ရက်တွေမှာ ပဲခူးတိုင်းဒေသကြီး၊ နတ္တလင်းမြို့နယ် မြို့ပေါ်မှာနေထိုင်တဲ့ အစ္စလာမ်ဘာသာဝင်လူငယ်တစ်ဦးနဲ့ ကံစုကျေးရွာက မိန်းကလေးတစ်ဦးတို့ ချစ်သူရည်းစားဘဝ မိန်းကလေးရဲ့နေအိမ်မှာ ချိန်းတွေ့ကြတာကို မကျေနပ်နိုင်ကြတဲ့ဒေသခံတွေက မိန်းကလေးရဲ့ အိမ်အပါအဝင် အခြားအိမ်တွေကိုဝိုင်းပြီး ဖျက်ဆီးကြတယ်လို့ ကြားသိရပါတယ်။ ခွဲခြားဆက်ဆံခြင်းရဲ့ အန္တရာယ်ကြီးမားမှုကို အထင်အရှား သက်သေပြလိုက်သလိုပါ။ မြန်မာနိုင်ငံမှာ အမျိုးသမီးတစ်ဦးဟာ သူ့ချစ်သူကို လွတ်လွတ်လပ်လပ်ရွေးချယ်ချစ်ပိုင်ခွင့်တောင် မရှိသလို ဖြစ်နေပါတယ်။





အဲဒီလိုအမြင်ဆိုးတွေက မိန်းကလေးတစ်ယောက် အိမ်ထောင်ကျလို့ အိမ်ထောင်ကွဲတဲ့အခါ၊ အိမ်ထောင်ဖက်သေဆုံးတဲ့အခါ ပိုပြီးဆိုးဝါးလာပါတယ်။ အိမ်ထောင်ဖက်သေဆုံးလို့ ကျန်ရစ်ခဲ့တဲ့ မုဆိုးမတစ်ဦးအပေါ်၊ အိမ်ထောင်ဖက်နဲ့ကွာရှင်းခဲ့တဲ့ တစ်ခုလပ်အမျိုးသမီးတစ်ဦးအပေါ်မှာ ပတ်ဝန်းကျင်က မျက်လုံးရိုင်းတွေနဲ့ကြည့်ပြီး အမြင်ရိုင်းတွေနဲ့ ဝေဖန်တတ်ကြပါတယ်။ အစကတည်းက အမျိုးသမီးများဟာ အမျိုးသားများထက်နိမ့်ကျတယ်လို့ လက်ခံယုံကြည်ထားတဲ့ လူ့အဖွဲ့အစည်းက ကံမကောင်း အကြောင်းမလှလို့ မုဆိုးမ၊ တစ်ခုလပ်ဖြစ်ရတဲ့ အမျိုးသမီးများအပေါ် ပိုပြီးနှိမ့်ချဆက်ဆံတတ်ကြပါတယ်။

ဒီနေရာမှာလည်း မုဆိုးမထက်စာရင် တစ်ခုလပ်ဖြစ်ရသူအမျိုးသမီးများဟာ ပိုပြီးခွဲခြားဆက်ဆံခံရတတ်ပါတယ်။ တကယ်တော့ အိမ်ထောင်ရေးဆိုတာ လင်နဲ့မယား၊ ယောကျ်ားနဲ့မိန်းမနှစ်ဦးစလုံးက တက်ညီလက်ညီ တည်ဆောက်ကြရမှာပါ။ တစ်ခါတစ်ရံ အပေးအယူမညီမျှကြတဲ့အခါ၊ အချစ်တွေ ကုန်ဆုံးကြတဲ့အခါ ကွာရှင်းဖို့လိုအပ်တဲ့ အခြေအနေကို ရောက်ရှိလာတတ်ပါတယ်။

ခင်ပွန်းသည်ရဲ့ အိမ်ထောင်ရေးဖောက်ပြန်မှု၊ မိသားစုအပေါ် တာဝန်မကျေမှု၊ ဇနီးသည်ကို ရိုက်နှက် ညှဉ်းပန်းမှုတွေရှိရင် ပိုဆိုးပါတယ်။ အဲဒီလိုအခြေအနေမျိုးမှာ ဇနီးသည်က မကောင်းတဲ့ခင်ပွန်းသည်ကို ကွာရှင်းပြတ်စဲခွင့်ရှိရပါမယ်။ မြန်မာ့လူ့အဖွဲ့အစည်းမှာ ထပ်ခါတလဲလဲသုံးစွဲလို့ ဟောင်းနွမ်းဆွေးမြေ့နေပြီ ဖြစ်တဲ့ 'တည်မိတဲ့ဘုရား လင်းတပဲနားနား' ဆိုတဲ့ဖျောင်းဖျမှုမျိုးနဲ့၊ 'အရိုးကွဲအောင်ရိုက်တာ အသည်းစွဲအောင်ချစ်လို့ပါ' ဆိုတဲ့ ပလီပလာစကားတွေနဲ့ ပတ်ဝန်းကျင်က ဇနီးသည်အမျိုးသမီးကို ဒုက္ခသက်တမ်း ရှည်အောင် မဆွဲဆောင်သင့်ပါ။ ဇနီးသည်က မကောင်းတဲ့ခင်ပွန်းကို ကွာရှင်းပြတ်စဲပြီး ဘဝအသစ်တစ်ခု စတာကို နားလည်မှု၊ ကြင်နာမှုတွေနဲ့ အားပေးကူညီရမှာပါ။ တစ်ခုလပ်ဖြစ်သွားတာနဲ့ အမျိုးသမီးရဲ့တန်ဖိုး

ကျသွားတယ်ဆိုတာမရှိ။ သူ့ရဲ့လူ့ဘဝကို ရဲရဲရင့်ရင့်ရင်ဆိုင် ဖြတ်သန်းမှု၊ လူ့အဖွဲ့အစည်းအတွက် တာဝန်ကျေကျေပေးဆပ်မှုတွေနဲ့သာ သူ့တန်ဖိုးကိုတိုင်းတာသင့်ပါတယ်။

**တိုးတက်သည့် လူ့အဖွဲ့အစည်းနှင့် ဟောင်းနွမ်းသည့်အတွေးအခေါ်များ**

ခေတ်သစ်၊ စနစ်သစ်တစ်ခုကို တည်ဆောက်ရာမှာ ရှိပြီးသားအစဉ်အလာအတွေးအခေါ်များထဲ ကျေနပ်နစ်မြုပ်နေလို့ ရှေ့ကိုရွေ့လျားနိုင်မှာမဟုတ်ပါ။ နှစ်ပေါင်းရာပေါင်းများစွာ လက်ခံကျင့်သုံးခဲ့လို့ဆိုပြီး ရှိရှိသမျှအစဉ်အလာ၊ ဓလေ့ထုံးစံတွေအားလုံးကို မပြောင်းမလဲ ဆက်လက်လက်ခံကျင့်သုံးတာ မဖြစ်သင့်တော့ပါ။ ပြောင်းလဲတိုးတက်နေတဲ့ကမ္ဘာကြီးနဲ့ လိုက်လျောညီထွေမှုမရှိတဲ့ အစဉ်အလာ၊ ထုံးစံများကို အချိန်မီစွန့်ပစ်မှ ဖြစ်ပါလိမ့်မယ်။ လူသားတိုင်းဟာ မွေးဖွားလာကတည်းက တန်းတူညီမျှ ဖြစ်ပါတယ်။ ဘယ်သူကမှ ဘယ်သူ့ထက်ပိုပြီးသာလွန်တယ်ဆိုတာမရှိပါ။ အမျိုးသမီးများဟာ အမျိုးသားများထက် မနိမ့်ကျပါ။ အမျိုးသားများဟာ အမျိုးသမီးများထက် ပိုပြီးမမြင့်မြတ်ပါ။ အမျိုးသားများအားလုံးက ယောကျ်ားဗဟိုပြုဝါဒတွေကိုစွန့်လွှတ်ပြီး အမျိုးသမီးများကို တန်းတူညီမျှအလေးပေး ဆက်ဆံကြရမှာပါ။ အမျိုးသမီးများကလည်း အားနွဲ့သူဝါဒ၊ အနစ်နာခံတတ်သူဝါဒများကိုစွန့်လွှတ်ပြီး အမျိုးသားများနဲ့တန်းတူ တာဝန်ယူရဲသူများ ဖြစ်ကြရမှာပါ။ အစဉ်အလာဟောင်းမစွန့်လွှတ်လိုသူများကိုတော့ ခေတ်ရဲ့နောက်မှာ ချန်ထားခဲ့ကြပါစို့။

**အပိုင်း (၃)**

**ဘာသာကွဲပြားမှုအရ ခွဲခြားဆက်ဆံခြင်း**

လူသားတိုင်းဟာ ကိုယ်ယုံကြည်ရာ ဘာသာတရားကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိပါတယ်။ ဘယ်ဘာသာတရားကိုမှ မကိုးကွယ်ဘဲ





နေထိုင်ခွင့်လည်း ရှိပါတယ်။ ကိုယ်ယုံကြည်ကိုးကွယ်ရာဘာသာတရားကိုအကောင်းဆုံး၊ အမွန်မြတ်ဆုံးလို့လည်း ယုံကြည်နိုင်ပါတယ်။ သို့သော်လည်း အခြားကိုးကွယ်ရာဘာသာတရားများကို အထင်သေးခွင့်၊ နှိမ့်ချစော်ကားခွင့်တော့မရှိပါ။ ကိုယ့်ဘာသာကို အမွန်မြတ်ဆုံးလို့ သတ်မှတ်ပြီး အခြားဘာသာတရားများကို အထင်အမြင်သေးတဲ့အခါ၊ အခြားဘာသာ ကိုးကွယ်သူများကို နှိမ့်ချဆက်ဆံတဲ့အခါ အင်မတန်ကြီးမားတဲ့ပဋိပက္ခတွေ ဖြစ်ပေါ်တတ်ပါတယ်။ မြန်မာနိုင်ငံမှာ ဘာသာရေးအခြေပြုပဋိပက္ခများ မကြာခဏဖြစ်ပွားနေတာ ဘာသာရေးအခြေပြု ခွဲခြားဆက်ဆံခြင်းများကြောင့် ဖြစ်ပါတယ်။

**ဘာသာရေးဖြင့် တိုင်းပြည်တည်ဆောက်ကြခြင်း**

တစ်ချိန်တုန်းက သက်ဦးဆံပိုင်ပဒေသရာဇ်တွေက ဘာသာရေးကို တိုင်းပြည်အုပ်ချုပ်ရေးအတွက် အကောင်းဆုံးလက်နက်အဖြစ်အသုံးချခဲ့ကြပါတယ်။ ဂျပန်နိုင်ငံမှာဆိုရင် ဂျပန်လူမျိုးတွေဟာ နေနတ်မင်းကြီးက ဆင်းသက်လာတယ်။ ဂျပန်ဧကရာဇ်ဟာ နေနတ်မင်းကြီးရဲ့ကိုယ်စားလှယ်ဖြစ်တယ်။ ဒါကြောင့်မို့ ဂျပန်နိုင်ငံသားများအနေနဲ့ ဧကရာဇ်ကိုကာကွယ်ခြင်း၊ ဧကရာဇ်ရဲ့အမိန့်နာခံခြင်းဟာ နေနတ်မင်းကြီးကို ကာကွယ်ခြင်း၊ နာခံခြင်းဖြစ်တယ်ဆိုတဲ့အတွေးအခေါ် အယူအဆတွေနဲ့ ဂျပန်ဧကရာဇ်တွေက တိုင်းပြည်ကို ငြိမ်ဝပ်ပိပြားအောင်အုပ်ချုပ်ခဲ့ကြတာပါ။ မြန်မာနိုင်ငံမှာလည်း ဘုရင်တွေက သူတို့ကိုယ်သူတို့ သာသနာပြုမင်းများ၊ ဘုရားဒါယကာများ၊ ဗုဒ္ဓသာသနာကိုစောင့်ရှောက်ကာကွယ်သူများအဖြစ်ဖန်တီးပြီး တိုင်းသူပြည်သားတွေကိုဘာသာရေးလက်နက်နဲ့ အုပ်ချုပ်ခဲ့ကြတာပါ။

ဘုရင်ဟာ ဗုဒ္ဓသာသနာတော်ကို ဖွံ့ဖြိုးတိုးတက်စေသူ၊ ကာကွယ်စောင့်ရှောက်သူ၊ ရဟန်းသံဃာများကို ချီးမြှင့် ပူဇော်သူဖြစ်လို့ ဘုရင်ကိုဆန့်ကျင်ရင် ငရဲကြီးမယ်၊ ငရဲကျမယ်ဆိုတဲ့ အတွေး

အခေါ်တွေနဲ့ မြန်မာဘုရင်တွေက ပြည်သူတွေကို အုပ်ချုပ်ခဲ့ကြတာပါ။ ရှင်ဘုရင် ချီးမြှောက်ခံရတဲ့ ဆရာတော်ကြီးတွေ ကိုယ်တိုင်က 'မင်း' ဆိုတာ မပြစ်မှားသင့်ဘူးလို့ ပြည်သူလူထုကို ဟောပြော ဆုံးမခဲ့ကြတာပါ။

မြန်မာဘုရင်တွေတင် မကပါဘူး။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ဝန်ကြီးချုပ်ဦးနုလက်ထက်နဲ့ စစ်အာဏာရှင်အဆက်ဆက်ကလည်း ဘာသာတရားကိုအုပ်ချုပ်ရေးအတွက် အသုံးချခဲ့ကြပါတယ်။ ဝန်ကြီးချုပ်ဦးနုက ဆဋ္ဌသင်္ဂါယနာတင်ခဲ့တဲ့အပြင် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ်သတ်မှတ်ကြေညာဖို့တောင် ကြံစည်ခဲ့ပါသေးတယ်။ မဆလခေါင်းဆောင်ကြီးဦးနေဝင်းဟာ ဗုဒ္ဓသာသနာတော်သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးဆိုပြီး ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးကျင်းပလို့ လူထုကြိုက်အောင် ကြိုးစားခဲ့ဖူးပါတယ်။ ရွှေတိဂုံစေတီတော်အနီးမှာ 'မဟာဝိဇယစေတီ' တည်ပြီး ဘုရားဒကာဘွဲ့ ခံခဲ့ပါသေးတယ်။ နဝတ၊ နအဖ စစ်ခေါင်းဆောင်တွေဟာလည်း မြန်မာနိုင်ငံအနှံ့ တိုင်းခန်းလှည့်ပြီး ဘုရားစေတီတွေကို ပူဇော်၊ ဘုရားအသစ်တွေတည်ပြီး ထီးတော်တင်၊ စိန်ဖူးတော်တင် အခမ်းအနားတွေကို စည်စည်ကားကားကျင်းပ၊ ဆရာတော်ကြီးတွေကို လှူဒါန်း။ အဲဒီလိုစစ်ခေါင်းဆောင်များရဲ့ သာသနာရေးဆောင်ရွက်ချက်တွေကို သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတွေကနေ ပြည်သူလူထုသိအောင်လုပ်ပြီး သူတို့ဟာ ဗုဒ္ဓဘာသာကိုအစွမ်းကုန်ချီးမြှောက်လို့ စောင့်ရှောက်ကာကွယ်နေသူများဖြစ်ကြောင်း ကြွေးကြော်ကြပါတယ်။ စစ်ခေါင်းဆောင်တွေက ချီးမြှောက်အရေးပေးတာကို ကျေနပ်သာယာတဲ့ ဆရာတော်ကြီးတွေလည်းအများကြီးပါ။

တစ်ဖက်မှာ လူများစုကိုးကွယ်ရာဘာသာကို ချီးမြှောက်ပြီး လူများစုထောက်ခံမှုရဖို့ ကြိုးစားကြသလို နိုင်ငံရေး၊ စီးပွားရေး အကျပ်အတည်းတွေနဲ့ တွေ့ကြုံရတဲ့အခါမှာလည်း စစ်အာဏာရှင်တွေက





လူများစုကိုးကွယ်ရာဘာသာနဲ့ လူနည်းစုကိုးကွယ်ရာဘာသာများအကြား ပဋိပက္ခတွေဖြစ်ပေါ်အောင် လှုံ့ဆော်ဖန်တီးပြီး နိုင်ငံရေးအကျပ်အတည်းကို အာရုံလွှဲဖို့ ကြိုးစားတတ်ကြပါတယ်။ ဒါကြောင့်လည်း ကျနော်တို့နိုင်ငံမှာ ဘာသာရေးပဋိပက္ခတွေ မကြာခဏဖြစ်ပေါ်နေတာပါ။ အာဏာရအသိုင်းအဝိုင်းမှာတောင်မှ ဗုဒ္ဓဘာသာကလွဲလို့ အခြားဘာသာကိုးကွယ်သူများဟာ ရာထူးမြင့်မြင့်မားမားမရနိုင်ကြပါ။

ဒီနေ့ခေတ်ဟာ သက်ဦးဆံပိုင်ပဒေသရာဇ်ခေတ်၊ ဘာသာရေးကိုအခြေပြုပြီး တိုင်းပြည်ကိုစည်းရုံးတည်ဆောက်တဲ့ အုပ်ချုပ်သူမင်းနဲ့ ကျေးကျွန်ပြည်သူများခေတ်မဟုတ်တော့ဘဲ လူတစ်ဦးချင်းစီရဲ့ အခွင့်အရေးများကိုအခြေပြုပြီး ပြည်သူများကို ကိုယ်စားပြုသူတွေကရွေးကောက်ပွဲများကတစ်ဆင့် ပြည်သူ့ကိုယ်စားနိုင်ငံတော်အာဏာကို သတ်မှတ် ထားတဲ့သက်တမ်းတစ်ခုအတွင်း ကိုင်တွယ်အုပ်ချုပ်တဲ့ ကိုယ်စားပြုအုပ်ချုပ်ရေးခေတ် ဖြစ်ပါတယ်။ ဘာသာရေးကိုအုပ်ချုပ်ရေးအတွက်အသုံးမချသင့်တော့ပါ။ ပြည်သူ့ကိုယ်စားလှယ်၊ ပြည်သူကိုယ်စားပြုအစိုးရဖြစ်တယ်ဆိုရင် ပြည်သူအားလုံးရဲ့အခွင့်အရေးတွေကို တန်းတူညီမျှ အကာအကွယ်ပေးနိုင်ရမှာပါ။

တိုင်းပြည်အုပ်ချုပ်ခွင့် ရနေသူများအဖို့ လူများစုကိုးကွယ်ရာဘာသာတရားကို အလေးဂရုပြုသလို လူနည်းစုကိုးကွယ်ရာ ဘာသာတရားတွေကိုလည်း အလေးထား စောင့်ရှောက်ကာကွယ်ပေးဖို့ တာဝန်ရှိပါတယ်။ သို့သော်လည်း အခုအချိန်အထိ အများကြိုက်အောင် ဘုရားတည်၊ ကျောင်းဆောက်၊ ဆရာတော်တွေ လှူဒါန်းတာကို ဝါဒဖြန့်ချိရေးလုပ်နေတဲ့အုပ်ချုပ်သူများကို တွေ့နေရဆဲပါ။ အာဏာရှိသူများကိုယ်တိုင်က လူများစုကိုးကွယ်ရာ ဗုဒ္ဓဘာသာကို အလွန်အကျွံအလေးပေးနေတာကိုက လူနည်းစုကိုးကွယ်ရာ အခြားဘာသာများကို ခွဲခြားဆက်ဆံရာ ရောက်ပါတယ်။

### ကမ္ဘာတစ်ဝန်းက ဘာသာရေးအရ ခွဲခြားဆက်ဆံမှုများ

ဘာသာရေးနဲ့နိုင်ငံရေးကို ရောထွေးကျင့်သုံးကြတဲ့ နိုင်ငံအတော်များများမှာ လူများစုဘာသာက လူနည်းစုဘာသာကို ခွဲခြားဆက်ဆံတာတွေ ကမ္ဘာတစ်ဝန်းမှာရှိနေဆဲ ဖြစ်ပါတယ်။ ဆော်ဒီအာရေဗျ၊ အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံများလို အစ္စလာမ်ဘာသာကို နိုင်ငံတော်ဘာသာအဖြစ်ကျင့်သုံးတဲ့နိုင်ငံတွေ၊ အစ္စလာမ်ဘာသာကို လူများစုက ကိုးကွယ်တဲ့နိုင်ငံတွေမှာ ခရစ်ယာန်ဘာသာ၊ ဗုဒ္ဓဘာသာ ကိုးကွယ်တဲ့ လူနည်းစုတွေဟာ မွတ်စလင်လူများစုရဲ့ ခွဲခြားဆက်ဆံခြင်းကို ခံနေကြရပါတယ်။

ကမ္ဘာ့အကြီးဆုံးဒီမိုကရေစီ နိုင်ငံကြီးလို့ ဆိုကြတဲ့ အိန္ဒိယနိုင်ငံမှာ ဟိန္ဒူဘာသာဝင်လူများစုက မွတ်စလင်လူနည်းစုအပေါ် ခွဲခြားဆက်ဆံတာတွေ ရှိပါတယ်။ သီရိလင်္ကာနိုင်ငံမှာ အစ္စလာမ်ဘာသာကိုးကွယ်သူ တမီလ်လူမျိုးများဟာ ဗုဒ္ဓဘာသာလူများစုရဲ့ ခွဲခြားဆက်ဆံခြင်း ခံကြရပါတယ်။ တစ်ခါတစ်ရံ အဲဒီခွဲခြားဆက်ဆံမှုတွေကြောင့် ဘာသာရေးပဋိပက္ခများဖြစ်ပွားပြီး နိုင်ငံအတွင်း သွေးချောင်းစီးတတ်ပါတယ်။

ဒါပေမဲ့ ဘာသာရေးနဲ့နိုင်ငံရေးကို တစ်သီးတခြားစီ ခွဲခြားကျင့်သုံးတဲ့နိုင်ငံတွေမှာတော့ မတူညီတဲ့ ဘာသာကိုးကွယ်မှုတွေရှိပေမည့် ခွဲခြားဆက်ဆံမှုများ၊ ဘာသာရေးပဋိပက္ခများ နည်းပါးလှပါတယ်။ ဖိလစ်ပိုင်နိုင်ငံမှာ ရိုမန်ကက်သလစ်ခရစ်ယာန်အများစုရှိပေမည့် အခြားဘာသာများအပေါ် ခွဲခြားဆက်ဆံမှုနည်းလှပါတယ်။ ဥရောပတိုက်က တူရကီနိုင်ငံဟာလည်း မွတ်စလင်လူများစုနိုင်ငံဖြစ်ပေမည့် အခြားဘာသာကိုးကွယ်သူများအပေါ် ခွဲခြားဆက်ဆံမှုသိပ်မရှိပါ။ အမေရိကန်ပြည်ထောင်စုနဲ့ အနောက်ဥရောပနိုင်ငံများမှာ ခရစ်ယာန်ဘာသာကိုးကွယ်သူအများစုနေထိုင်ကြပေမည့် ဘာသာရေးပဋိပက္ခတွေ နည်းပါးလှပါတယ်။ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယား၊ စင်ကာပူနိုင်ငံတွေမှာ





ဘာသာတရားက နိုင်ငံရေးကို လွှမ်းမိုးနိုင်စွမ်းမရှိတာမို့ ဘာသာရေးပဋိပက္ခများ မရှိကြပါ။ ခရစ်ယာန်ဘာသာဝင်များနဲ့ အစ္စလာမ်ဘာသာဝင်များ အညီအမျှနီးပါးနေထိုင်ကြတဲ့ လက်ဘနွန်နိုင်ငံမှာတော့ ဘာသာတရားနှစ်ခုစလုံးက နိုင်ငံရေးကိုလွှမ်းမိုးနိုင်ဖို့ အပြိုင်အဆိုင်ကြိုးစားကြတာကြောင့် ပဋိပက္ခတွေ မကြာခဏဖြစ်ပေါ်တတ်ပါတယ်။

### ဘာသာရေးပဋိပက္ခများ၏ အကြောင်းရင်း

နိုင်ငံတစ်ခုအတွင်း ဘာသာရေးပဋိပက္ခများ ဖြစ်ပွားရခြင်းရဲ့ အကြောင်းရင်းကို ဆန်းစစ်ကြည့်တဲ့အခါ အဓိကအကြောင်းရင်း (၇) ချက်တွေ့ရပါတယ်။ (၁) နိုင်ငံသားအများစုက ၎င်းတို့ကိုးကွယ်ရာဘာသာသည် အကောင်းဆုံး၊ အမှန်မြတ်ဆုံးဖြစ်သည်ဟုယူဆပြီး အခြားဘာသာတရားများ၊ အခြားဘာသာကိုးကွယ်သူများကို ခွဲခြားနှိမ့်ချဆက်ဆံခြင်း၊ (၂) အစိုးရကိုယ်တိုင်က အများစု၏ ထောက်ခံမှုရရန်အတွက် အများစုကိုးကွယ်ရာဘာသာကို မျက်နှာသာပေးပြီး အခြားဘာသာများအပေါ် ခွဲခြားဆက်ဆံခြင်း၊ (၃) ဘာသာ၊ သာသနာကို အခြေပြု၍ နိုင်ငံတော်တည်ဆောက်ရသည်ဆိုသည့် လွဲမှားသောအယူအဆကို အစိုးရနှင့်ပြည်သူများက လက်ခံထားခြင်း၊ (၄) အစိုးရကိုယ်တိုင်က နိုင်ငံရေးအကျပ်အတည်းများကို အာရုံလွှဲပြောင်းရန် ရည်ရွယ်ချက်ဖြင့် ဘာသာရေးပဋိပက္ခများကိုဖန်တီးခြင်း၊ (၅) အစိုးရကိုယ်တိုင်က အများစု၏ဆန္ဒကို မှားမှန်းသိလျက်နှင့် ဆန့်ကျင်ရန်အားနည်းပျော့ညံ့ခြင်း၊ (၆) ဘာသာရေးအစွန်းရောက်များက သွေးထိုးလှုံ့ဆော်ခြင်းနဲ့ (၇) တရားဥပဒေစိုးမိုးမှုနှင့် နိုင်ငံသားတို့၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်မှုမရှိခြင်းတို့ဖြစ်ကြပါတယ်။

### ဘာသာရေးပဋိပက္ခများကို ရပ်စဲစေခြင်း

ဘာသာရေးပဋိပက္ခများ မဖြစ်စေမည့်နည်းလမ်းတွေက

တကယ်တော့ ဘာသာရေးပဋိပက္ခများဖြစ်စေတဲ့ အကြောင်းရင်းများရဲ့ ဆန့်ကျင်ဘက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

(၁) လူသားတို့ကိုးကွယ်ရာ ဘာသာတရားတိုင်းဟာ တစ်ခုချင်း အလိုက်ကိုယ်ပိုင်တန်ဖိုးတွေ ရှိကြပါတယ်။ ဘာသာတရားတိုင်းက လူသားတွေကို မကောင်းတာမလုပ်ဖို့၊ ကောင်းတာလုပ်ဖို့ပဲ သင်ကြားပါတယ်။ ကိုယ်ကိုးကွယ်ရာဘာသာကို ကိုယ်တိုင်ယုံယုံကြည်ကြည် တန်ဖိုးထားသလို အခြားသူများကိုးကွယ်ရာဘာသာတရားများကိုလည်း လေးစားမှုရှိသင့်ပါတယ်။ မလေးစားနိုင်ရင်တောင်မှ ဝေဖန် ရှုတ်ချခြင်း၊ နှိမ့်ချစော်ကားခြင်းမပြုသင့်ပါ။

(၂) နိုင်ငံကိုအုပ်ချုပ်တဲ့အစိုးရအနေနဲ့ ဘာသာတရားအားလုံးအပေါ် တန်းတူညီမျှလေးစားမှုရှိရပါမယ်။ အများစုရဲ့ထောက်ခံမှုရဖို့ အများစု ကိုးကွယ်ရာဘာသာကို အလွန်အကျွံဦးစားပေးတာမဖြစ်သင့်ပါ။ အစိုးရက လူနည်းစုဘာသာများအပေါ် ခွဲခြားဆက်ဆံခြင်းမပြုရုံမက အကာအကွယ်ပေးဖို့လည်း တာဝန်ရှိပါတယ်။

(၃) ဘာသာ၊ သာသနာနဲ့တိုင်းပြည်ကို စည်းရုံးတည်ဆောက်တဲ့ခေတ် ကုန်ခဲ့ပါပြီ။ လူတစ်ဦးချင်းရဲ့ မွေးရာပါ လူ့အခွင့်အရေးတွေကို အခြေခံပြီး ပြည်သူတွေရွေးချယ်တာဝန်ပေးတဲ့ ပြည်သူ့ကိုယ်စားလှယ်များနဲ့ အုပ်ချုပ်တဲ့ခေတ်မှာ ကိုးကွယ်ရာဘာသာတရားဟာ လူသားဖြစ်တည်မှုအတွက် မရှိမဖြစ်လိုအပ်ချက်တစ်ခု မဟုတ်တော့ပါ။

(၄) အာဏာရှင်အစိုးရတွေကတော့ နိုင်ငံရေး၊ စီးပွားရေး အကျပ်အတည်းတွေကို ပြည်သူများထံက အာရုံလွှဲဖို့ ဘာသာရေး ပဋိပက္ခတွေကို ဆက်လက်လှုံ့ဆော် ဖန်တီးနေကြဦးမှာပါ။ ပြည်သူလူထုက ရွေးချယ်တဲ့ ပြည်သူ့ကိုယ်စားလှယ်များက ပြည်သူလူထုအပ်နှင်းတဲ့အာဏာနဲ့ ပြည်သူလူထုကို တန်းတူညီမျှ အကာအကွယ်ပေးမည့် ဒီမိုကရေစီစနစ် စစ်စစ်မှန်မှန်ဖြစ်ပေါ်လာဖို့ ကြိုးစားကြရမှာပါ။

(၅) အစိုးရကိုယ်တိုင်က သတ္တိရှိဖို့၊ ပြတ်သားဖို့လိုအပ်ပါတယ်။ လူများစုက လူနည်းစုအပေါ် အကြမ်းဖက်၊ အနိုင်ကျင့်တာကို အစိုးရက ပြတ်ပြတ်သားသား တားမြစ်ရမှာပါ။ အကာအကွယ်ပေးရမှာပါ။ အကြမ်းဖက်သူများ၊ အကြမ်းဖက်မှုလှုံ့ဆော်သူများ၊ အမုန်းတရားဖြန့်ချိသူများကို ပြတ်ပြတ်သားသားအရေးယူရမှာပါ။

(၆) ဘာသာရေး အစွန်းရောက်တွေဟာ ဘာသာတရားတိုင်းမှာရှိပြီး စစ်သွေးကြွသူများ၊ သက်ဆိုင်ရာဘာသာတရားကို ကိုယ်ကြိုက်နှစ်သက်သလို အဓိပ္ပာယ်ကောက်ယူပြီး အသုံးချသူများ၊ နိုင်ငံရေးကို ဘာသာရေးနဲ့ ချုပ်ကိုင်ချင်သူများ ဖြစ်ကြပါတယ်။ ဘာသာရေးစစ်ပွဲတွေကို ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ဖန်တီးနေကြသူတွေမို့ အဲဒီဘာသာရေးအစွန်းရောက်တွေကို သက်ဆိုင်ရာဘာသာတိုင်းက တားမြစ်နိုင်ဖို့ လိုအပ်ပါတယ်။

(၇) တရားဥပဒေစိုးမိုးမှုနဲ့ နိုင်ငံသားများအားလုံးကို တန်းတူညီမျှ အကာအကွယ်ပေးဖို့လည်း အထူးလိုအပ်ပါတယ်။ တရားဥပဒေရဲ့အောက်မှာ နိုင်ငံသားအားလုံး တန်းတူညီမျှ နေထိုင်နိုင်ရပါမယ်။

ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်ဖြစ် ဘာသာရေးပဋိပက္ခများချုပ်ငြိမ်းအောင် ကျနော်တို့အားလုံး ကြိုးစားကြရမှာပါ။ ဘာသာရေးပဋိပက္ခများကြောင့် တိုင်းပြည်မတည်မငြိမ်ဖြစ်ရင် ပြည်သူများပဲ နစ်နာ

ထိခိုက်ပါတယ်။ တစ်ဖက်နဲ့တစ်ဖက်အမုန်းပွားတိုက်ခိုက်တော့လည်း သေကျေပျက်စီးကြသူတွေဟာ နိုင်ငံသားများပဲ ဖြစ်ကြပါတယ်။ အမုန်းတရားတွေ၊ အာဃာတတွေ၊ ကောလာဟလတွေ၊ အကြမ်းဖက်မှုတွေနဲ့ တိုင်းပြည်တိုးတက်အောင် မတည်ဆောက်နိုင်ပါ။ ဆင်းရဲနွမ်းပါးမှု မပပျောက်နိုင်ပါ။ နိုင်ငံတစ်ဝန်း မငြိမ်းချမ်းနိုင်ပါ။ လူသားတိုင်း၊ နိုင်ငံသားတိုင်း ကိုယ်ရသင့်တဲ့အခွင့်အရေးကို ပိုင်ဆိုင်နိုင်အောင် ကြိုးစားရင်း အခြားသူများရဲ့အခွင့်အရေးကိုလည်း လေးစားတန်ဖိုးထားမှ ခွဲခြားဆက်ဆံမှုတွေကို အဆုံးသတ်နိုင်မှာပါ။ ခွဲခြားဆက်ဆံမှုများအားလုံးကိုအဆုံးသတ်နိုင်မှ ငြိမ်းချမ်းအေးမြတဲ့အနာဂတ်ကို ကျနော်တို့ (ဒါမှမဟုတ်) ကျနော်တို့ရဲ့ နောက်မျိုးဆက်များပိုင်ဆိုင်နိုင်ကြမှာပါ။

## အပိုင်း (၄)
## လူမျိုးကွဲပြားမှုအရခွဲခြားဆက်ဆံခြင်း

လူမျိုးကြီးဝါဒဆိုတာ နိုင်ငံအတော်များများမှာ ယနေ့အချိန်အထိ တည်ရှိနေဆဲဖြစ်ပါတယ်။ မိမိတို့ရဲ့လူမျိုးက အခြားလူမျိုးထက် မြင့်မြတ်တယ်ဆိုတဲ့အတွေးအခေါ်နဲ့ အာဏာရှင်များက လက်နက်နိုင်ငံတွေ တည်ဆောက်ခဲ့ကြပါတယ်။ နိုင်ငံငယ်များ၊ လူမျိုးစုငယ်များကို အင်အားနဲ့ တိုက်ခိုက်အနိုင်ယူခဲ့ကြပါတယ်။ မြန်မာ့သမိုင်းမှာလည်း မြန်မာဘုရင်တွေအားကောင်းတဲ့အခါ ရှမ်း၊ မွန်၊ ရခိုင်ဒေသတွေကို တိုက်ခိုက်သိမ်းပိုက်ခဲ့ကြပြီး မြန်မာဘုရင်ထက်အင်အားကြီးတဲ့ တရုတ်၊ မွန်ဂိုဘုရင်များကိုတော့ လက်ဆောင်ဆက်၊ သစ္စာခံခဲ့ရတာတွေ ရှိခဲ့ပါတယ်။

၁၉၃၀ နောက်ပိုင်းနှစ်များမှာ ဂျာမနီနိုင်ငံမှာ အာဏာရှင်ဟစ်တလာက မဟာဂျာမန်ဝါဒကို ထူထောင်လှုံ့ဆော်ပြီး တိုင်းပြည်တည်ဆောက်ခဲ့ပါတယ်။ ဂျာမန်လူမျိုးတွေသာ အမြင့်မြတ်ဆုံးဆိုတဲ့ ကြွေးကြော်သံနဲ့အတူ တစ်နိုင်ငံထဲမှာ နှစ်ပေါင်းများစွာကတည်းက





အတူနေထိုင်ခဲ့ကြတဲ့ ဂျူးလူမျိုးတွေကို နိမ့်ကျတဲ့လူမျိုးများ၊ အရိုင်းအစိုင်းများအဖြစ် ခွဲခြားဆက်ဆံခဲ့ပါတယ်။ ခွဲခြားဆက်ဆံမှု (Discrimination) ရဲ့အစမှာ ဂျူးတွေကို အစိုးရဌာန၊ စစ်တပ်တွေမှာ တာဝန်ထမ်းဆောင်ခွင့် မပြုရာကစပြီး နောက်တော့ ဂျူးလူမျိုးများ ဝင်ရောက်ခွင့်မရှိတဲ့ နေရာများသတ်မှတ်ခြင်း၊ ဂျူးလူမျိုးမှန်သမျှ သီးခြားမှတ်ပုံတင်ကိုင်ဆောင်ရခြင်း (Humiliation)၊ ဂျူးများအားလုံးကို လေးဖက်လေးတန် သံဆူးကြိုးခတ်ကာရံထားတဲ့ ရပ်ကွက်တွေမှာပဲ စုဝေးနေထိုင်စေခြင်း (Isolation)၊ အစာရေစာမကျွေးဘဲ အငတ်ထားခြင်း (Starvation )၊ အလုပ်စခန်းတွေမှာ အဓမ္မအလုပ်ခိုင်းစေခြင်း (Forced Labor) ကနေ နောက်ဆုံးတော့ ဂျူးတွေကို ဓာတ်ငွေ့ခန်းတွေထဲမှာ အစုလိုက်အပြုံလိုက် သတ်ပစ်တဲ့အထိ (Extra-judicial Killing) ကြမ်းတမ်းဆိုးဝါးခဲ့ပါတယ်။ ဂျူးလူမျိုး ၆ သိန်းကျော် သေဆုံးခဲ့ရတဲ့ လူအချင်းချင်း ခွဲခြားဆက်ဆံခြင်းရဲ့ အဆိုးဝါးဆုံး အနိဋ္ဌာရုံအဖြစ်အပျက်တွေဟာ ဟစ်တလာရဲ့ နာဇီအကျဉ်းစခန်းတွေမှာ အမှန်တကယ် ဖြစ်ပျက်ခဲ့ပါတယ်။

## မြန်မာနိုင်ငံမှ လူမျိုးကြီးဝါဒ

တိုင်းရင်းသားတွေက ကျနော်တို့ဗမာတွေဟာ တိုင်းရင်းသားလူမျိုးစုတွေအပေါ်မှာ လူမျိုးကြီးဝါဒကို ကျင့်သုံးတယ်လို့ စွပ်စွဲကြပါတယ်။ မှန်သင့်သလောက်မှန်ပါတယ်။ ကျနော်တို့ဗမာလူများစုက တိုင်းရင်းသားတွေကို ကရင်မ၊ ရှမ်းမ၊ မွန်မ စသည်ဖြင့် ခေါ်ဝေါ်တတ်ကြတာ၊ အိန္ဒိယနွယ်ဖွားတွေကို 'ကုလား' လို့၊ ဗမာအချင်းချင်းတောင်မှ အသားနည်းနည်းညိုသူ၊ မည်းသူကို 'ကုလား' လို့၊ အသားဖြူသူကို 'တရုတ်' လို့အားရပါးရ ခေါ်တတ်ကြတာက သက်သေပြနေပါတယ်။ လူမျိုးကြီးဝါဒကျင့်သုံးပြီး တိုင်းရင်းသားလူမျိုးစုများကို ခွဲခြားဆက်ဆံတာက နှစ်ပေါင်း ၆၀ ကျော်သက်တမ်းရှိတဲ့ ပြည်တွင်းစစ်ကြီး ဖြစ်ပွားရခြင်းရဲ့

အကြောင်းရင်းတစ်ရပ် ဖြစ်ပါတယ်။ နိုင်ငံခြားသွေးစပ်သူများကို ခွဲခြားဆက်ဆံတာက ဒီကနေ့ဖြစ်ပေါ်နေတဲ့ လူမျိုးရေးပဋိပက္ခများရဲ့ အကြောင်းရင်းတစ်ရပ် ဖြစ်ပါတယ်။

စစ်အစိုးရလက်ထက်မှာ တိုင်းရင်းသားလူမျိုးစုများရဲ့ လူဦးရေကို နည်းသထက်နည်းအောင်၊ ဗမာလူမျိုးအရေအတွက်ကို များသထက်များအောင် ပြုလုပ်ခဲ့တာတွေရှိပါတယ်။ တောင်တန်းသာသနာပြုဆိုပြီး တိုင်းရင်းသားခရစ်ယာန်တွေ၊ နတ်ကိုးကွယ်သူတွေကို ဗုဒ္ဓဘာသာထဲ အစုလိုက်အပြုံလိုက်သွတ်သွင်းတာ၊ လူဝင်မှုကြီးကြပ်ရေးက မှတ်ပုံတင် သို့မဟုတ် နိုင်ငံသားကတ် လုပ်ပေးရာမှာ တိုင်းရင်းသားဖြစ်ပါလျက်နဲ့ ဗမာ၊ ဗုဒ္ဓလို့ အလွယ်တကူ အသိအမှတ်ပြုလိုက်တာ၊ ဗမာစစ်ဗိုလ်တွေ တပ်စခန်းချတဲ့ ပြည်နယ်တွေမှာ ကြွယ်ဝချမ်းသာတဲ့ တိုင်းရင်းသူအမျိုးသမီးကို လက်ထပ်ယူနိုင်တဲ့စစ်ဗိုလ်ကို အထက်အရာရှိတွေက ဆုချတာ၊ တိုင်းရင်းသားဘာသာစကားတွေကို ရှင်သန်ခွင့်မပေးဘဲ မြန်မာစာ၊ မြန်မာစကားကိုသာ ဦးစားပေးသုံးစွဲတာ၊ တိုင်းရင်းသားဒေသတွေမှာ ဗမာစစ်တပ်တွေ အလုံးအရင်းနဲ့ တပ်စွဲအခြေချနေထိုင်တာ စတာတွေပြုလုပ်ခဲ့လို့ 'ဗမာပြုခြင်း'၊ 'ဗမာလွှမ်းခြုံခြင်း' (Burmanization) ဆိုပြီး တိုင်းရင်းသားများက နာကြည်းကြပါတယ်။

တကယ်တော့ လူမျိုးကြီးဝါဒဆိုတာလည်း ဒေသအလိုက် ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်နေတာပါ။ တိုင်းရင်းသားတွေက ဗမာလူမျိုးကြီးဝါဒကိုရွံရှာသလို ရှမ်းပြည်နယ်ထဲက ပအိုဝ်း၊ ပလောင်၊ ဓနု၊ အင်းသားစတဲ့ လူမျိုးစုငယ်များကလည်း ရှမ်းလူမျိုးကြီးဝါဒကို လက်မခံကြပါ။ ကချင်ပြည်နယ်ထဲက ရှမ်းနီလူမျိုးများကလည်း ကချင်လူမျိုးကြီးဝါဒကို လက်မခံကြပါ။ ရှမ်းပြည်နယ်ထဲက 'ဝ' လူမျိုးတွေက 'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း' အဆင့်ရရှိထားလျက်နဲ့ 'ပြည်နယ်' အဆင့်ကို တောင်းဆိုနေကြတာလည်း ရှမ်းလူမျိုးကြီးဝါဒကို စိုးရိမ်လို့ ဖြစ်ပါလိမ့်မယ်။





သေချာတာကတော့ တစ်နိုင်ငံထဲမှာ အတူတကွနေထိုင်ကြသူချင်း မတူကွဲပြားသောလူမျိုးများ၏ တန်းတူညီမျှတည်ရှိမှုကို အပြန်အလှန်လေးစားမှု၊ အသိအမှတ်ပြုမှုမရှိဘဲ လူမျိုးကြီးဝါဒကို ဆင့်ကဲဆင့်ကဲကျင့်သုံးပြီး ခွဲခြားဆက်ဆံနေကြမယ်ဆိုရင် ပြည်တွင်းစစ်ကို မရပ်စဲနိုင်ပါ။ လူမျိုးရေးပဋိပက္ခများကို မတားဆီးနိုင်ပါ။ ငြိမ်းချမ်းရေး မရနိုင်ပါ။

## အရင်ခေတ်က တို့ဗမာဝါဒ

မြန်မာနိုင်ငံ သူ့ကျွန်ဘဝရောက်ရှိနေချိန်တုန်းက ဆရာကြီးသခင်ဘသောင်းတို့၊ သခင်ဗဟိန်းတို့က 'တို့ဗမာ' ဝါဒကို တည်ထောင်ခဲ့ပါတယ်။ မြန်မာတွေဟာ ကျွန်တွေမဟုတ်၊ သခင်ဖြစ်တယ်ဆိုပြီး အမည်ရှေ့မှာ 'သခင်' တပ်လို့ ခေါ်ဝေါ်သုံးစွဲခဲ့ကြပါတယ်။ အင်္ဂလိပ်အရာရှိကို 'ဘုရား'ထူးဖို့၊ 'ဆရာ'ခေါ်ဖို့ ငြင်းဆန်ခဲ့ကြပါတယ်။ မလွတ်လပ်တဲ့ဘဝမှာ 'တို့ဗမာ'ဝါဒဟာ ခေတ်ရဲ့လိုအပ်ချက်အရ ပေါ်ပေါက်လာတာဖြစ်ပြီး သူ့ကျွန်ဘဝကလွတ်မြောက်ရေးလှုပ်ရှားမှုကို အထောက်အကူပြုနိုင်ခဲ့ပါတယ်။

ဒီနေ့ခေတ်လွတ်လပ်တဲ့ မြန်မာနိုင်ငံမှာ သခင်လည်းမရှိ ကျွန်လည်းမရှိသင့်တော့ပါ။ နိုင်ငံသားအားလုံးဟာ ကျား မ မရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ အသားအရောင်မရွေး၊ အဆင့်အတန်းမရွေး အားလုံးတန်းတူ ဖြစ်ရပါမယ်။ လူသားတစ်ယောက်ခံစားရမည့်၊ နိုင်ငံသားတစ်ယောက် ခံစားထိုက်တဲ့ အခွင့်အရေးတွေကို အားလုံးတန်းတူညီမျှခံစားကြရမှာဖြစ်ပြီး နိုင်ငံသားတို့ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားတွေကိုလည်း အားလုံးကတန်းတူညီမျှ ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်။ လူများစုဖြစ်လို့ဆိုပြီး အခွင့်အရေး ပိုမရသင့်သလို လူနည်းစုဖြစ်လို့ဆိုပြီး နှိမ့်ချမခံစေရပါ။ တစ်နိုင်ငံထဲအတွင်းမှာ တည်ရှိနေတဲ့ မတူညီတဲ့လူမျိုးစုတွေ၊ မတူညီတဲ့ကိုးကွယ်ရာဘာသာတရားတွေ၊

မတူညီတဲ့ယဉ်ကျေးမှုတွေ၊ မတူကွဲပြားမှုတွေအားလုံးကို အပြန်အလှန် တန်ဖိုးထားလေးစားပြီး စုစည်းညီညွတ်စေမှ တည်ငြိမ်အေးချမ်းပြီး တိုးတက်ဖွံ့ဖြိုးတဲ့ဒီမိုကရေစီနိုင်ငံတော်သစ်ကို ကျနော်တို့တည်ဆောက် နိုင်မှာပါ။

## လူမျိုးကြီးဝါဒနှင့် ပြည်တွင်းစစ်၊ လူမျိုးခြားဆန့်ကျင်ရေးဝါဒနှင့် လူမျိုးရေးပဋိပက္ခ

အင်္ဂလိပ်နယ်ချဲ့ရဲ့လက်အောက်မှာ နှစ်ပေါင်း ၁၀၀ ကျော်၊ ဖက်ဆစ်ဂျပန်လက်အောက်မှာ ၃ နှစ်ကျော် လွတ်လပ်ရေးဆုံးရှုံးပြီး လူမျိုးခြားတွေရဲ့အနိုင်ကျင့်အုပ်ချုပ်တာခံခဲ့ရတာမို့ ကျနော်တို့ မြန်မာ လူမျိုးတွေမှာ လူမျိုးခြားဆန့်ကျင်ရေးစိတ်ဓာတ်တွေ ခိုင်ခိုင်မာမာ တည်ရှိခဲ့ပါတယ်။ ဒီကနေ့တိုင်အောင်လည်း လူထုကြားမှာ အနည်းနဲ့ အများဆိုသလို နိုင်ငံခြားသားတွေအပေါ် ဆန့်ကျင်စိတ်၊ သံသယတွေ ရှိနေကြဆဲဖြစ်ပါတယ်။ ဒါပေမဲ့ ကျနော်တို့ကို ကျေးကျွန်ပြုခဲ့ပြီး အခု အချိန်မှာအင်မတန် ချမ်းသာကြွယ်ဝနေတဲ့အင်္ဂလိပ်တွေ၊ ဂျပန်တွေ အပေါ်မှာတော့ မကောင်းမြင်စိတ်သိပ်မရှိတော့ဘဲ အိမ်နီးချင်းဖြစ်တဲ့ အိန္ဒိယလူမျိုးတွေ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတွေ၊ တရုတ်လူမျိုးတွေ အပေါ်မှာ မကောင်းမြင်စိတ်ကြီးမားတာ၊ ခွဲခြားဆက်ဆံတာကတော့ ဆိုးဝါးလှပါတယ်။ လူမျိုးကြီးဝါဒနဲ့ တိုင်းရင်းသားလူနည်းစုများကို ခွဲခြားဆက်ဆံတာက ပြည်တွင်းစစ်ကိုဖြစ်စေပြီး လူမျိုးခြားဆန့်ကျင် ရေးဝါဒနဲ့ အိန္ဒိယနွယ်ဖွား၊ တရုတ်နွယ်ဖွားများကို ခွဲခြားဆက်ဆံတာက လူမျိုးရေးပဋိပက္ခများကို ဖြစ်ပေါ်စေပါတယ်။

ဒီကနေ့ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာပါ။ ဆက်သွယ်ရေးတွေ လျင်မြန်လွယ်ကူပြီး ကမ္ဘာသူ ကမ္ဘာသားတွေဟာ နိုင်ငံတစ်ခုရဲ့ နယ် နိမိတ်တစ်ခုအတွင်းမှာ သီးခြားကန့်သတ်နေထိုင်ကြတာ မဟုတ် တော့ဘဲ နယ်နိမိတ်တွေကိုကျော်ဖြတ်လို့ ရွှေ့ပြောင်းနေထိုင်နေကြ





တာပါ။ ကိုယ့်နိုင်ငံထဲကလူတွေက အခြားနိုင်ငံများကို ရွှေ့ပြောင်း နေထိုင်ကြသလို အခြားနိုင်ငံများမှလူများကလည်း ကိုယ့်နိုင်ငံထဲကို ရေကြည်ရာ မြက်နုရာ လာရောက်နေထိုင်ကြတာပါ။ စီးပွားရေး အကြောင်းပြချက်နဲ့ ပြည်ပနိုင်ငံများကို ရွှေ့ပြောင်းသွားကြတဲ့ မြန်မာ နိုင်ငံသားတွေရှိသလို နိုင်ငံရေးအရ ဖိနှိပ်ခံရလို့၊ လူ့အခွင့်အရေးတွေ ချိုးဖောက်ခံရလို့ မတရားမှုတွေကနေလွတ်ရာလွတ်ကြောင်း ပြည်ပ နိုင်ငံများထံ ထွက်ပြေးတိမ်းရှောင်ကြရသူ မြန်မာနိုင်ငံသားများလည်း သိန်းနဲ့ချီပြီး ရှိကြပါတယ်။

အဲဒီလိုပဲ ကျနော်တို့နိုင်ငံထဲကို လာရောက်ခိုလှုံတဲ့ အခြား နိုင်ငံများက နိုင်ငံရေး၊ စီးပွားရေးဒုက္ခသည်များလည်း ရှိကြမှာပါ။ ဘယ်နိုင်ငံကနေ ဘယ်လိုအကြောင်းနဲ့ ရောက်လာသည် ဖြစ်စေ ကိုယ့် နိုင်ငံထဲ ရောက်ရှိလာကြသူတွေဟာလည်း လူသားတွေပဲ ဖြစ်လို့ လူသား အချင်းချင်း ရိုင်းပင်းကူညီသင့်ပါတယ်။ လူသားအချင်းချင်း တန်းတူ ညီမျှ ဆက်ဆံသင့်ပါတယ်။ တရားဥပဒေကို ချိုးဖောက်ရင် တရား ဥပဒေအရ အရေးယူတာကလွဲလို့ ခွဲခြားဆက်ဆံမှု မရှိသင့်ပါ။ ကိုယ့် နိုင်ငံသားတွေ အခြားနိုင်ငံတစ်ခုမှာ 'နိုင်ငံမဲ့လူသား' တွေမဖြစ်စေ ချင်သလို ကိုယ့်နိုင်ငံထဲမှာလည်း မည်သူ့ကိုမျှ 'နိုင်ငံမဲ့' မဖြစ်စေသင့်ပါ။

## ဘာသာရေးကို လူမျိုးရေးအဖြစ်အသုံးချခြင်း

လူမျိုးရေးပဋိပက္ခများကို ဖြစ်စေတဲ့ နောက်အကြောင်းတစ်ခု က ဘာသာနဲ့လူမျိုး မကွဲပြားမှုဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဘာသာ ကိုးကွယ်သူအားလုံးကို လူမျိုးတစ်မျိုးအဖြစ် သတ်မှတ်တောင်းဆိုတာ ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာကိုးကွယ်သူများဟာ လူမျိုးပေါင်းစုံဖြစ်နိုင် ပါတယ်။ ဒါပေမဲ့ ဗုဒ္ဓဘာသာလူမျိုးဆိုတာမရှိပါ။ အစ္စလာမ်ဘာသာ ကိုးကွယ်သူ လူမျိုးပေါင်းစုံရှိနိုင်ပါတယ်။ ဒါပေမဲ့ အစ္စလာမ်ဘာသာ ကိုးကွယ်သူများလို့ အမိပ္ပာယ်ရတဲ့ 'မွတ်စလင်' ဆိုတာလူမျိုးစု တစ်စု

မဟုတ်ပါ။ ခရစ်ယာန်ဘာသာကိုလည်း လူမျိုးပေါင်းစုံ ကိုးကွယ်ကြပြီး ခရစ်ယာန်လူမျိုး ဆိုတာမရှိပါ။ ကိုးကွယ်ရာဘာသာတရားကို အခြေခံပြီး လူမျိုးစုတစ်စုတည်း တည်ရှိတာမဟုတ်လို့ ဘာသာတရားအခြေခံကိုယ်ပိုင်အုပ်ချုပ်ခွင့် တောင်းခံတာမျိုးကို ဘယ်လိုမှ လက်မခံသင့်ပါ။

တရုတ်နိုင်ငံ၊ စင်ကျန်ပြည်နယ်နဲ့ ဝီဂါဒေသမှာ မွတ်စလင်များက အစ္စလာမ်ဘာသာကိုးကွယ်သူများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တောင်းဆိုနေတာ၊ ထိုင်းနိုင်ငံ တောင်ပိုင်းမှာ မွတ်စလင်များက ကိုယ်ပိုင် အုပ်ချုပ်ခွင့်အတွက် လက်နက်ကိုင် တိုက်ခိုက်နေတာ၊ ဖိလစ်ပိုင်မှာ မိုရိုအစ္စလာမ်မစ်သူပုန်များက ကိုယ်ပိုင် အုပ်ချုပ်ခွင့်အတွက် လက်နက်ကိုင်နေကြတာ၊ မြန်မာနိုင်ငံမှာလည်း ရခိုင်ပြည်နယ်အတွင်းမှာ အစ္စလာမ်ဘာသာကိုးကွယ်သူများအတွက် သီးခြားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တောင်းဆိုနေတာမျိုးကို ဘယ်လိုမှ လက်မခံသင့်ပါ။

ဘာသာတရားဆိုတာ လူတစ်ဦးချင်းစီရဲ့ ကိုယ်ပိုင် ကိုးကွယ်ယုံကြည်မှုပဲ ဖြစ်ပါတယ်။ ဘာသာတရားကိုးကွယ်သူများ တူရာစုဝေးလို့ လူမျိုးစုအသစ်တစ်ခု မဖြစ်လာနိုင်ပါ။ လူမျိုးစုမဟုတ်တဲ့အတွက် လူမျိုးစုဆိုင်ရာ အခွင့်အရေးများ မရရှိသင့်ပါ။ ဘာသာတစ်ခု ကိုးကွယ်သူများက သူတို့ကိုယ်သူတို့ သီးခြားအသွင်လက္ခဏာများ ရှိတာမို့ သီးခြားနေထိုင်ခွင့် ရှိရမယ်ဆိုပြီး အခြားဘာသာကိုးကွယ်သူများကို ခွဲခြားဆက်ဆံခြင်းကိုလည်း ဆန့်ကျင်ရပါမယ်။

အထက်မှာ တင်ပြခဲ့တဲ့လူမျိုးရေးအရ ခွဲခြားဆက်ဆံမှုတွေက ကမ္ဘာ့နိုင်ငံအများအပြားမှာ တည်ရှိနေသလို မြန်မာနိုင်ငံမှာလည်း တည်ရှိနေပါတယ်။ အဲဒီခွဲခြားဆက်ဆံမှုတွေကို အဆုံးမသတ်နိုင်သရွေ့ ကမ္ဘာကြီးမငြိမ်းချမ်းပါ။ မြန်မာနိုင်ငံမှာလည်း လူမျိုးကြီးဝါဒနဲ့ တိုင်းရင်းသားလူမျိုးစုတွေကို ခွဲခြားဆက်ဆံနေသရွေ့ ပြည်တွင်းစစ်ကြီးကို ရပ်စဲနိုင်မှာမဟုတ်ပါ။ လူမျိုးခြားဆန့်ကျင်ရေးစိတ်ဓာတ်နဲ့ လူမျိုးခြား





အနွယ်ဝင်တွေကို ခွဲခြားဆက်ဆံနေသရွေ့ လူမျိုးစုပဋိပက္ခတွေ အဆုံးမသတ်နိုင်ပါ။ ဘာသာရေးကို လူမျိုးရေးနဲ့ရောထွေးပြီး လူမျိုးစုသာရသင့်ရထိုက်တဲ့အခွင့်အရေးတွေကို ဘာသာရေးအခြေပြု တောင်းဆိုတာတွေရှိနေသရွေ့ လူမျိုးစုပဋိပက္ခတွေ ပပျောက်မှာမဟုတ်ပါ။ကျနော်တို့နိုင်ငံရဲ့ မငြိမ်းချမ်းတဲ့ နှစ်တွေ၊ လတွေ၊ နေ့ရက်တွေကို ကျနော်တို့ရဲ့ နောက်မျိုးဆက်များလက်ထက်အထိ သယ်ဆောင်မသွားသင့်တော့ပါ။

## အပိုင်း (၅)

## ခွဲခြားဆက်ဆံခြင်း (၃) ခု ပေါင်းစုမိကြတဲ့အခါ

ရှေ့ပိုင်းမှာ အမျိုးသမီးများကို ခွဲခြားဆက်ဆံခြင်း၊ ဘာသာကွဲပြားမှုအရ ခွဲခြားဆက်ဆံခြင်း၊ လူမျိုးကွဲပြားမှုအရ ခွဲခြားဆက်ဆံခြင်းများနဲ့ ၎င်းခွဲခြားဆက်ဆံခြင်းများရဲ့တစ်ခုချင်းအလိုက် တိုင်းပြည်အပေါ် အန္တရာယ်ကြီးပုံများကို ဆွေးနွေးခဲ့ပါတယ်။ တစ်ခုချင်းစီတောင်မှ အန္တရာယ်ကြီးမားလှတဲ့ ခွဲခြားဆက်ဆံခြင်း ၃ မျိုးကို စုပေါင်းကျင့်သုံးတဲ့အခါ ပို၍ပို၍ကြီးမားတဲ့အန္တရာယ်ထုကြီး ဖြစ်လာပြီး တိုင်းပြည်ရဲ့ ပစ္စုပ္ပန်နဲ့အနာဂတ်ကို ဖျက်ဆီးနိုင်စွမ်းကြီးမားလာပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံတစ်ဝန်းမှာ ဗုဒ္ဓဘာသာရဟန်းသံဃာအချို့ဦးဆောင်ပြီး ဗုဒ္ဓဘာသာဝင်လူသာမန်တွေ အလုံးအရင်းနဲ့ ပါဝင်ထောက်ခံကြတဲ့ အမျိုး၊ ဘာသာ၊ သာသနာ စောင့်ရှောက်ကာကွယ်ရေးလှုပ်ရှားမှုကြီးဟာ လက်တွေ့မှာတော့ အမျိုးသမီးများကို ခွဲခြားဆက်ဆံတဲ့၊ ဘာသာခြားများကို ခွဲခြားဆက်ဆံတဲ့၊ လူမျိုးခြားများကို ခွဲခြားဆက်ဆံတဲ့ ဗုဒ္ဓဘာသာ မပီသဆုံးလှုပ်ရှားမှုကြီး ဖြစ်နေပါတယ်။ မတူကွဲပြားတဲ့ဘာသာတရားများ၊ မတူကွဲပြားတဲ့လူမျိုးစုများ၊ မတူကွဲပြားတဲ့လူသားများ အပြန်အလှန် လေးစားလို့ မတူကွဲပြားမှုများကို စုစည်းညီညွတ်စေပြီး ငြိမ်းချမ်းတည်ငြိမ်တိုးတက်တဲ့ နိုင်ငံတော်သစ်တည်ဆောက်ရမည့်အချိန်မှာ ဘာသာတစ်ခု၊ လူမျိုးတစ်စုတည်းကိုမြှင့်တင်ဖို့

ရည်ရွယ်လှုပ်ရှားကြတာဟာ စစ်အာဏာရှင်များကြောင့် ဆုံးရှုံးခဲ့ရတဲ့ လူ့အခွင့်အရေးများကို ပြန်လည်ရရှိဖို့၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းစစ်ချုပ်ငြိမ်းရေး၊ ဒီမိုကရေစီအရေးနဲ့ တိုင်းရင်းသားအားလုံး တန်းတူညီမျှရေးအတွက် စိုက်လိုက်မတ်တတ်ကြိုးစားနေကြတဲ့ မြန်မာ့ဒီမိုကရေစီလှုပ်ရှားသူများအတွက် ကြီးမားတဲ့ အဟန့်အတား၊ အနှောင့်အယှက်ကြီး ဖြစ်ပါတယ်။

အမျိုး၊ ဘာသာစောင့်ရှောက်သူများက ပြဋ္ဌာန်းဖို့ တောင်းဆိုနေတဲ့မျိုးစောင့်ဥပဒေ(၄)ရပ်မှာ 'တစ်လင်တစ်မယားစနစ်ကျင့်သုံးရေးဥပဒေ' ကလွဲရင် ကျန်ဥပဒေ (၃)ခုဟာ လူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေးများကို အကြီးအကျယ် ခြိမ်းခြောက်ထိန်းချုပ်မည့် ဥပဒေများ ဖြစ်ကြပါတယ်။ 'ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာဥပဒေ' ဟာဆိုရင် နိုင်ငံသားများရဲ့ လွတ်လပ်စွာကိုးကွယ်ခွင့်ကို ကန့်သတ်ထိန်းချုပ်မည့်ဥပဒေ ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာ ရဟန်းသံဃာများနဲ့ ဗုဒ္ဓဘာသာဝင်များက တောင်းဆိုတာကို ဗုဒ္ဓဘာသာဝင်များအများစုဖြစ်တဲ့အစိုးရကရေးဆွဲတာမို့ အခြားကိုးကွယ်ရာဘာသာများ၊ အခြားဘာသာကိုးကွယ်သူများ၊ တိုင်းရင်းသားများကို တရားဝင်ခွဲခြားဆက်ဆံမည့်ဥပဒေဖြစ်ပါတယ်။ 'လူဦးရေတိုးပွားမှုနှုန်း ထိန်းညှိခြင်းဆိုင်ရာဥပဒေ' ဆိုရင်လည်း မိသားစုတစ်စုမှာ ကလေးဘယ်နှယောက်ယူမယ်ဆိုတဲ့မိသားစုတစ်စုရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို အစိုးရအာဏာနဲ့ ထိန်းချုပ်ကန့်သတ်တာ ဖြစ်ပါတယ်။ 'လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာဥပဒေ' ဟာလည်း အမျိုးသမီးများရဲ့ လွတ်လပ်ခွင့်ကို ထိန်းချုပ်ပြီး အမျိုးသမီးများကို ခွဲခြားဆက်ဆံတာ ဖြစ်ပါတယ်။

ကျနော် မကန့်ကွက်တဲ့ 'တစ်လင်တစ်မယားစနစ် ကျင့်သုံးရေးဥပဒေ' တောင်မှ လူ့ဘောင်နဲ့ ဝေးအောင်နေရမည့်၊ လူတွေရဲ့ အနေအထိုင်အပြုအမူတွေကို ရှောင်ကြဉ်ရမည့် ဗုဒ္ဓဘာသာရဟန်းသံဃာတွေက တောင်းဆိုတာ၊ ဖိအားပေးတာမဖြစ်သင့်ဘဲ ပြည်သူ





များက လွှတ်တော်ကိုယ်စားလှယ်များကို အကြံပြုတာမျိုးပဲ ဖြစ်သင့်ပါတယ်။

## ကမ္ဘာတစ်ဝန်းတွင် ခွဲခြားဆက်ဆံခြင်းများကို ဆန့်ကျင်ခြင်း

ခွဲခြားဆက်ဆံခြင်းများဟာ တိုင်းပြည်နဲ့နိုင်ငံသားများအပေါ် ကြီးမားတဲ့ဆိုးကျိုးသက်ရောက်မှုတွေ ဖြစ်ပေါ်စေတာမို့ ကမ္ဘာ့နိုင်ငံအတော်များများမှာ ခွဲခြားဆက်ဆံခြင်းများကို တိုက်ဖျက်ဖို့၊ တားမြစ်ပိတ်ပင်ဖို့ ဥပဒေများ ပြဋ္ဌာန်းကြပါတယ်။ ဥပမာအချို့ကို တင်ပြပါမယ်။

အမေရိကန်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၇၈၇ ခုနှစ်မှာ ပြဋ္ဌာန်းအတည်ပြုခဲ့ပြီး (၄) နှစ်အကြာ ၁၇၉၁ ခုနှစ်မှာ 'နိုင်ငံသားများ၏ မွေးရာပါရပိုင်ခွင့်များ' (Bill of Rights) လို့ကျော်ကြားတဲ့ ပြင်ဆင်ချက် (၁၀) ခုကို ပြဋ္ဌာန်းအတည်ပြုခဲ့ပါတယ်။ ပထမဆုံးပြင်ဆင်ချက် (First Amendment) သို့မဟုတ် ပထမဆုံးသတ်မှတ်တဲ့အခွင့်အရေးများက 'လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်၊ လွတ်လပ်စွာရေးသားခွင့်၊ လွတ်လပ်စွာ ဟောပြောခွင့်၊ လွတ်လပ်စွာစုဝေးခွင့်၊ လွတ်လပ်စွာ အစိုးရထံ နစ်နာမှုများဖြေရှင်းပေးရန် တောင်းဆိုခွင့်များ' ဖြစ်ကြပါတယ်။ အဲဒီပထမပြင်ဆင်ချက်က ကွန်ဂရက်လွှတ်တော်က အဆိုပါအခြေခံအခွင့်အရေးများကို ကန့်သတ်ချုပ်ချယ်မည့် ဘယ်လိုဥပဒေကိုမှ မပြဋ္ဌာန်းရလို့ ပိတ်ပင်ထားပါတယ်။

၁၉၆၄ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့မှာ အတည်ပြုတဲ့ 'နိုင်ငံသားအခွင့်အရေးများဥပဒေ' (Civil Rights Act of 1964) က အသားအရောင်၊ လူမျိုး၊ ကိုးကွယ်ရာ ဘာသာ၊ ကျားမ လိင်ကွဲပြားမှု၊ ဇာတိ စတာတွေပေါ်အခြေခံပြီး ခွဲခြားဆက်ဆံမှုများအားလုံးကို ရာဇဝတ်မှုမြောက်တယ်လို့ သတ်မှတ်ပါတယ်။ ၁၉၆၃ ခုနှစ်မှာ ပြဋ္ဌာန်းတဲ့ 'တူညီသောလစာပေးခြင်းဥပဒေ' (Equal Pay Act of 1963) က

မိန်းမ၊ ယောက်ျားခွဲခြားပြီး မိန်းမများကို ယောက်ျားများထက် လစာနဲ့ အခွင့်အရေး လျှော့ပေးတာကို တားမြစ်ပါတယ်။

ဩစတြေးလျ (Australia) နိုင်ငံမှာ ၁၉၇၅ ခုနှစ်မှာ 'လူမျိုးရေးဆိုင်ရာခွဲခြားဆက်ဆံခြင်းဥပဒေ' (Racial Discrimination Act 1975) ကို ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီဥပဒေအရ မည်သူ့ကိုမဆို အသားအရောင်၊ လူမျိုး၊ ကျားမလိင်ကွဲပြားမှု၊ ကိုးကွယ်ရာဘာသာ၊ မူလဇာတိဒေသစတာတွေပေါ် အခြေခံပြီး အလုပ်အကိုင်ခန့်အပ်ရာမှာ၊ လစာပေးရာမှာ၊ အိမ်ယာ အဆောက်အအုံငှားရမ်းရာမှာ သို့မဟုတ် ဝယ်ယူရာမှာ သို့မဟုတ် နေရာချပေးရာမှာ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများသို့ ဝင်ရောက်ရာမှာ၊ အသင်းအဖွဲ့အစည်းများမှာ ပါဝင်ရာမှာ၊ ဘဏ်မှငွေချေးရာမှာ၊ အစိုးရ၏ အထောက်အပံ့ တောင်းခံရာမှာ၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရာမှာ ခွဲခြားဆက်ဆံမှုများ မပြုလုပ်ရလို့ အတိအလင်းတားမြစ်ပြီး တားမြစ်ချက်ကို ချိုးဖောက်ရင် ရာဇဝတ်မှုမြောက်ပါတယ်။

ဒါတင်မကသေးဘဲ လူတစ်ယောက်ကို အခြားတစ်ယောက်က အသားအရောင်၊ လူမျိုး၊ ကျားမ လိင်ကွဲပြားမှု၊ ကိုးကွယ်ရာဘာသာ၊ မူလဇာတိဒေသ စတာတွေပေါ် အခြေခံပြီး ချိုးချိုးနှိမ်နှိမ် ခေါ်ဝေါ်ဆက်ဆံရင်လည်း ရာဇဝတ်မှု ဖြစ်ပါတယ်။

ဥရောပသမဂ္ဂ (European Union) က ၂၀၀၀ ပြည့်နှစ်မှာ အဖွဲ့ဝင်နိုင်ငံများအားလုံး လိုက်နာရမည့် 'လူမျိုးစုဆိုင်ရာတန်းတူညီမျှမှု ညွှန်ကြားချက်' (Racial Equality Directive-2000။ 43/EC) ကိုထုတ်ပြန်ထားပါတယ်။ ဒီညွှန်ကြားချက်အရ ဥရောပသမဂ္ဂနိုင်ငံများအားလုံးဟာ လူအားလုံးကို လူမျိုး၊ ဘာသာမခွဲခြားဘဲ တန်းတူညီမျှဆက်ဆံရမှာဖြစ်ပါတယ်။ အလားတူ ကျား မလိင်ကွဲပြားမှု၊ အသက်အရွယ်၊ မသန်မစွမ်းဖြစ်မှုတွေကိုအခြေခံပြီး ခွဲခြားဆက်ဆံတာကို တားမြစ်တဲ့ဥပဒေတွေကိုလည်း ဥရောပသမဂ္ဂက ထုတ်ပြန်ထားပါတယ်။





၁၉၇၉ ခုနှစ်မှာ ကုလသမဂ္ဂအထွေထွေညီလာခံက 'အမျိုးသမီးများခွဲခြားဆက်ဆံမှုပုံစံအားလုံးပပျောက်ရေး နိုင်ငံတကာသဘောတူ စာချုပ်' (Convention on the Elimination of All Forms of Discrimination Against Women) (CEDAW) ကိုအတည်ပြုခဲ့ပြီး အဲဒီစာချုပ်ကို နိုင်ငံပေါင်း (၁၈၈) နိုင်ငံ လက်မှတ်ရေးထိုးပြီးတဲ့နောက် ၁၉၈၁ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့မှာ အသက်ဝင်တည်ရှိလာပါတယ်။ ဒီသဘောတူညီမှုအရ အဖွဲ့ဝင်နိုင်ငံတိုင်းဟာ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများအားလုံးကိုပပျောက်အောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ပုံစံအားလုံးလို့ဆိုတဲ့အတိုင်း အလုပ်ခန့်ရာမှာ၊ လစာနဲ့ အခွင့်အရေးပေးရာမှာ၊ နိုင်ငံရေးတာဝန်ယူရာမှာ စသည်ဖြင့် နေရာတိုင်းမှာ အမျိုးသမီးများကို ခွဲခြားဆက်ဆံမှုတွေမရှိရဘဲ ယောက်ျား၊ မိန်းမ တန်းတူညီမျှမှုကို အားပေးရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံက ဒီစာချုပ်ကို ၁၉၉၇ ခုနှစ်မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၆၅ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့မှာ 'လူမျိုးရေးဆိုင်ရာ အားလုံးသောခွဲခြားဆက်ဆံမှုများပပျောက်ရေး နိုင်ငံတကာသဘောတူစာချုပ်' (International Convention on the Elimination of All Forms of Racial Discrimination) (ICERD) ကိုအတည်ပြုခဲ့ပြီး ၁၉၆၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ အဖွဲ့ဝင် (၈၇) နိုင်ငံနဲ့အဖွဲ့အစည်း (၁၇၇) ဖွဲ့က ထောက်ခံလက်မှတ်ရေးထိုးပြီး အသက်ဝင်တည်ရှိခဲ့ပါတယ်။ ဒီနိုင်ငံတကာစာချုပ်အရ အဖွဲ့ဝင်နိုင်ငံများအားလုံးဟာ သက်ဆိုင်ရာနိုင်ငံများအတွင်းမှာ အသားအရောင် ခွဲခြားမှုများ၊ လူမျိုးရေးရာ ခွဲခြားဆက်ဆံမှုများ ပပျောက်အောင် ဆောင်ရွက်ရမှာဖြစ်ပြီး မတူကွဲပြားတဲ့လူမျိုးစုများအကြား အပြန်အလှန် နားလည်မှုများကို အားပေးတည်ဆောက်ရမှာ ဖြစ်ပါတယ်။ အဖွဲ့ဝင်နိုင်ငံများဟာ အမုန်းတရားပြန့်ပွားရေး လှုံ့ဆော်မှုများကို ထိထိရောက်ရောက် တားမြစ်ပိတ်ပင်ရမှာဖြစ်ပြီး လူမျိုးရေး

အစွန်းရောက် အဖွဲ့အစည်းများကိုလည်း ရာဇဝတ်ဥပဒေနဲ့အရေးယူရမှာ ဖြစ်ပါတယ်။

ဒီစာချုပ်အတိုင်း နိုင်ငံများရဲ့ ဆောင်ရွက်မှုတွေကို 'လူမျိုးရေးဆိုင်ရာ အားလုံးသော ခွဲခြားဆက်ဆံမှုများပပျောက်ရေးကော်မတီ' (Committee on the Elimination of Racial Discrimination) (CERD) က ကြီးကြပ်ပါတယ်။ မြန်မာနိုင်ငံက ဒီစာချုပ်ကို အခုထိ လက်မှတ်မထိုးသေးပါ။

## မြန်မာနိုင်ငံမှခွဲခြားဆက်ဆံမှုများကို အဆုံးသတ်ခြင်း

ခွဲခြားဆက်ဆံခြင်းတွေက မြန်မာ့လူ့အဖွဲ့အစည်းအတွင်းမှာ နက်နက်ရှိုင်းရှိုင်းခိုင်ခိုင်မာမာတည်ရှိနေတာမို့ ပပျောက်အောင်ဆောင်ရွက်ဖို့ဆိုတာ အင်မတန်ခက်ခဲလှတဲ့တာဝန်ကြီးတစ်ခု ဖြစ်ပါတယ်။ ပြီးတော့ အင်မတန်ရန်လိုတဲ့ဘာသာရေး၊ လူမျိုးရေးအစွန်းရောက်သူများနဲ့ရင်ဆိုင်ရမှာမို့ အင်မတန်အန္တရာယ်များတဲ့အလုပ်လည်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီခွဲခြားဆက်ဆံမှုတွေကို အချိန်မီမဟန့်တားနိုင်ရင် ပဋိပက္ခတွေမြင့်မား၊ အကြမ်းဖက်မှုတွေအားကောင်းပြီး ကျနော်တို့နိုင်ငံဘယ်လိုမှ ငြိမ်းချမ်းမှာမဟုတ်ပါ။ ပြည်တွင်းစစ်ကိုရပ်စဲနိုင်မှာမဟုတ်တဲ့အပြင် လူမျိုးရေး၊ဘာသာရေးပဋိပက္ခများ ထပ်မံပေါင်းစပ်လို့ တိုင်းပြည်ပြိုကွဲကျဆုံးနိုင်ပါတယ်။ ဒါကြောင့် ကျနော်တို့ရဲ့ နောက်မျိုးဆက်များငြိမ်းချမ်းတည်ငြိမ်နိုင်ဖို့ ကျနော်တို့စွန့်စားကြရမှာပါ။ ခွဲခြားဆက်ဆံမှုများကို အဆုံးသတ်နိုင်ဖို့ရာ တိုင်းပြည်အာဏာရအဖွဲ့အစည်းများ၊ နိုင်ငံရေးအင်အားစုများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများအားလုံးမှာ တာဝန်ရှိပါတယ်။

အစိုးရဆိုတာ တရားဥပဒေစိုးမိုးရေးအတွက် အဓိကတာဝန်ရှိသူပါ။ အစိုးရအာဏာနဲ့လူများစုကလူနည်းစုကို အနိုင်ကျင့်တိုက်ခိုက်တာတွေ၊ ဘာသာရေးအလံထောင်ပြီး အကြမ်းဖက်တာတွေ၊ အမုန်း





တရားဖြန့်ချိတာတွေ၊ အမုန်းတရားရဲ့လှုံ့ဆော်မှုကြောင့် ကျူးလွန်တဲ့ရာဇဝတ်မှုတွေကို ထိထိရောက်ရောက်အရေးယူရမှာပါ။ လူနည်းစုကိုအကာအကွယ်ပေး စောင့်ရှောက်ရမှာပါ။ လူများစုကိုးကွယ်ရာဘာသာကိုအလွန်အကျွံ ဦးစားပေးတာမလုပ်သင့်ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေပါနိုင်ငံသားများရဲ့အခွင့်အရေးနဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ ဥပဒေကြမ်းများရေးဆွဲဖို့တောင်းဆိုတာမျိုးကို မလိုက်လျောသင့်ပါ။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ 'လူမျိုးစုဆိုင်ရာ အားလုံးသောခွဲခြားဆက်ဆံမှုများပပျောက်ရေး နိုင်ငံတကာသဘောတူစာချုပ်' ကိုအမြန်ဆုံးလက်မှတ်ရေးထိုးသင့်ပါတယ်။

မြန်မာနိုင်ငံဟာ ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ စုဝေးနေထိုင်ရာ နိုင်ငံဖြစ်တယ်ဆိုတဲ့ အသိတရားကို ပြည်သူများကြား လှုံ့ဆော်ပညာပေးပြီး မတူကွဲပြားအင်အားစုများ ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်ရေးသဘောတရားကို အားပေးသင့်ပါတယ်။ အခြေခံပညာရေးစနစ်ရဲ့ သင်ရိုးညွှန်းတမ်းမှာ မတူကွဲပြား အင်အားစုများ ငြိမ်းချမ်းစွာအတူတကွယှဉ်တွဲနေထိုင်ရေး ပညာပေးမှုများ ထည့်သွင်းသင်ကြားစေသင့်ပါတယ်။

လွှတ်တော်အနေနဲ့ မတရားတဲ့ဥပဒေများကို မပြဋ္ဌာန်းဖို့နဲ့ တရားတဲ့ဥပဒေများကို ပြဋ္ဌာန်းဖို့အထူးတာဝန်ရှိပါတယ်။ ခွဲခြားဆက်ဆံမှုများကို တားမြစ်တဲ့ဥပဒေတွေ ရေးဆွဲပြဋ္ဌာန်းသင့်ပါတယ်။ တိုင်းရင်းသားလူမျိုးစုများရဲ့ တန်းတူညီမျှမှုကိုအာမခံဖို့နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တွေ ပေးဖို့ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲသင့်ပါတယ်။

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း ၂၀၁၃ ခုနှစ်အတွင်း အမေရိကန်ပြည်ထောင်စုကို အလည်လာတုန်းက 'အမုန်းတရား ဖြန့်ချိဟောပြောစည်းရုံးမှုများကိုတားမြစ်ဖို့' ဥပဒေတွေ ပြဋ္ဌာန်းမယ်လို့ ပြောသွားခဲ့ပါတယ်။ ဒီကနေ့အထိတော့ အမုန်းတရားဟော

ပြောမှုများကို ဥပဒေပြုတားဆီးတာ မတွေ့ရသေးပါ။ အမုန်းတရား ဟောပြောမှုကို တားဆီးအရေးယူတဲ့ ဥပဒေမရှိသေးပေမည့်၊ ခွဲခြားဆက်ဆံမှုများကို ဟန့်တား တားမြစ်တဲ့ဥပဒေတွေ မရှိသေးပေမည့် ခွဲခြားဆက်ဆံမှုတွေကို တရားဝင်ဖြစ်စေမည့်ဥပဒေတွေ ပြဋ္ဌာန်းဖို့ တောင်းဆိုတာကိုတော့ အလွယ်တကူ သဘောတူလိုက်တာကို ဝမ်းနည်းဖွယ် တွေ့မြင်ရပါတယ်။

နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများအတွက် အရေးကြီးဆုံးက ဘာသာရေးနဲ့နိုင်ငံရေးကိုမရောထွေးဖို့ ဖြစ်ပါတယ်။ ၎င်းတို့ရဲ့ နိုင်ငံရေးလှုပ်ရှားမှုများမှာ ဘာသာရေးကိုခုတုံးမလုပ်ဖို့ ဖြစ်ပါတယ်။ ၎င်းတို့ရဲ့ရွေးကောက်ပွဲမှာ မဲအနိုင်ရရေးအတွက် ဘာသာရေး၊ လူမျိုးရေးအစွန်းရောက်များရဲ့အသုံးချမှုကိုမခံဖို့ အထူးလိုအပ်ပါတယ်။ ကျနော်တို့တိုင်းပြည်မှာ 'နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့' (မဟာန) အပေါ် ပြည်သူများနဲ့သံဃာများက အစိုးရခန့်အဖွဲ့အစည်းတစ်ခု အဖြစ်ပဲ မြင်ကြပါတယ်။ ဒါကြောင့် မဟာနရဲ့ဩဇာဟာ သံဃာထုအပေါ် သက်ရောက်မှုသိပ်မရှိလှပါ။ သံဃာထုအပေါ် ဩဇာသက်ရောက်မှုရှိတာက သံဃာ့ဂိုဏ်းအသီးသီးရဲ့ အကြီးအကဲများ ဖြစ်ကြပါတယ်။

မြန်မာနိုင်ငံမှာ ၁၉၈၀ ခုနှစ်ကစလို့ သုဓမ္မာ၊ ရွှေကျင်၊ ငှက်တွင်း စသည်ဖြင့် သံဃာ့ဂိုဏ်းကြီးကိုးဂိုဏ်းပဲ ရှိပါတယ်။ အဲဒီဂိုဏ်းအသီးသီးမှာ သာသနာပိုင်တွေ၊ ဂိုဏ်းချုပ်ဆရာတော်တွေ၊ မဟာနာယက ဆရာတော်တွေ ရှိကြပါတယ်။ အဲဒီဂိုဏ်းအလိုက် သံဃာအကြီးအကဲများကို သမ္မတကိုယ်တိုင်ကဖြစ်စေ၊ သမ္မတရဲ့လက်ထောက်များကဖြစ်စေ ချဉ်းကပ်ပြီး သက်ဆိုင်ရာဂိုဏ်းအလိုက် ဂိုဏ်းဝင်သံဃာများကို စည်းကမ်းထိန်းသိမ်းကြဖို့ လျှောက်ထားသင့်ပါတယ်။ အမုန်းတရားကို ဟောပြောနေတဲ့သံဃာအချို့ရဲ့ ဟောပြောချက်တွေနဲ့ ပတ်သက်ပြီး သက်သေအထောက်အထားတွေရှိပါတယ်။ သူတို့ဟောတဲ့ စီဒီခွေတွေ၊ ဗီဒီယိုတွေ၊ စာရွက်စာတမ်းတွေ၊ အဲဒီအထောက်အထား





တွေကို ဂိုဏ်းချုပ်ဆရာတော်ကြီးများကိုပြပြီး သက်ဆိုင်ရာဂိုဏ်းအလိုက် စည်းကမ်းများနဲ့အရေးယူဖို့ လျှောက်ထားသင့်ပါတယ်။ အဲဒီလို လျှောက်ထားတာကို ပြည်သူတွေသိအောင် ထုတ်ပြန်ကြေညာသင့်ပါတယ်၊

တစ်ချိန်တည်းမှာပဲ အစ္စလာမ်ဘာသာရေး အဖွဲ့အစည်းခေါင်းဆောင်များကလည်း သူတို့ရဲ့ဘာသာဝင်များအနေနဲ့ ဗုဒ္ဓဘာသာကို စော်ကားတဲ့အပြုအမူ၊ အပြောအဆိုတွေမလုပ်ကြဖို့ တိုက်တွန်းစေသင့်ပါတယ်။ ၂၀၁၃ ခုနှစ် အောက်တိုဘာလထဲမှာ သံတွဲမြို့၊ သဖြူချိုင်ရွာမှာဖြစ်ခဲ့တဲ့ ပဋိပက္ခမှာ အစ္စလာမ်ဘာသာဝင် ကမန်လူမျိုးတစ်ယောက်က ဗုဒ္ဓဘာသာဝင်တစ်ယောက်ကို ဆဲဆိုကြိမ်းမောင်းရာက စတင်တယ်လို့ သိရပါတယ်။

အစ္စလာမ်ဘာသာရေးအဖွဲ့အစည်း ခေါင်းဆောင်များကိုယ်တိုင်မှာလည်း သူတို့ဘာသာဝင်တွေကို ဒေါသကို ဒေါသနဲ့မတုံ့ပြန်အောင် ထိန်းသိမ်းဖို့၊ သူတို့ကိုယ်တိုင်က ပဋိပက္ခကို မစမိအောင် ထိန်းသိမ်းဖို့ တာဝန်ရှိပါတယ်။ အထူးသဖြင့် ဗလီတွေထဲမှာ လက်နက်တွေ စုဆောင်းသိုလှောင်တာမျိုးတွေမလုပ်ကြဖို့၊ အကြမ်းမဖက်ကြဖို့၊ အစ္စလာမ်ဘာသာရေးကျောင်းတွေမှာ ရခိုင်မုန်းတီးရေး၊ ဗုဒ္ဓဘာသာမုန်းတီးရေးတွေ မသင်ကြားကြဖို့၊ မွတ်စလင်အစွန်းရောက်များနဲ့ မဆက်သွယ်ကြအောင် ထိန်းသိမ်းဖို့တာဝန်ရှိပါတယ်။

အစိုးရ၊ လွှတ်တော်နဲ့နိုင်ငံရေးပါတီများကိုယ်တိုင်က ခွဲခြားဆက်ဆံမှုများ အဆုံးသတ်ရေးအားနည်းလှတဲ့အပြင် အမျိုး၊ ဘာသာ၊ သာသနာလှိုင်းကို မကျော်လွှားရဲသလို တွေ့နေရတော့ ခွဲခြားဆက်ဆံမှုများ အဆုံးသတ်ရေးကြိုးစားနေတဲ့ အရပ်ဘက်အဖွဲ့အစည်းများအတွက် အင်မတန်မြင့်မားမတ်စောက်တဲ့တောင်ကြီးကို လုံလောက်တဲ့ အောက်စီဂျင်မရှိဘဲ တက်နေရသလို ဖြစ်နေပါလိမ့်မယ်။ အားမလျှော့ကြစေချင်ပါ။ မြန်မာနိုင်ငံဟာ တစ်ချိန်ကလို တံခါးပိတ်ထားတဲ့ တိုင်းပြည်

မဟုတ်တော့ပါ။ မြန်မာနိုင်ငံရဲ့အပြောင်းအလဲတွေကို စိတ်ဝင်တစား စောင့်ကြည့်နေတဲ့ကမ္ဘာ့နိုင်ငံများ၊ ကမ္ဘာ့အဖွဲ့အစည်းများက ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးအတွက် ရှေ့တိုးရွေ့လျားတဲ့ ခြေလှမ်းများကိုသာ အားပေးကူညီကြမှာဖြစ်ပြီး အမှောင်ခေတ်ကြီး နောက်ပြန်သွားမည့် ဘယ်လို လှုပ်ရှားမှုမျိုးကိုမဆို ဝိုင်းဝန်းကန့်ကွက်ကြမှာပါ။

ပြီးတော့ မြန်မာနိုင်ငံလူဦးရေရဲ့ ၅၀ ရာခိုင်နှုန်းကျော်က အမျိုးသမီးနဲ့ မိန်းကလေးတွေပါ။ လူဦးရေရဲ့တစ်ဝက်ကျော်လောက်က အသက် ၁၄ နှစ်နဲ့ အသက် ၅၀ ကြား ခေတ်မီတိုးတက်မှုကို မြတ်နိုးကြတဲ့၊ ငြိမ်းချမ်းတည်ငြိမ်မှုကိုလိုလားတဲ့ လူငယ်လူရွယ်တွေပါ။ ဒီအင်အားစုကြီးဟာ ခွဲခြားဆက်ဆံမှုများကို လက်မခံမည့်၊ အမှောင်ခေတ်ကြီးထဲ ပြန်သွားမည့် ဘယ်လိုလှုပ်ရှားမှုမျိုးကိုမဆို လက်မခံမည့် ပြည်သူတွေပါ။ ခွဲခြားဆက်ဆံမှုကိုဆန့်ကျင်တဲ့ အရပ်ဘက်အဖွဲ့အစည်းများအဖို့ အဲဒီအမျိုးသမီးနဲ့လူငယ်အင်အားစုကြီးကို ပညာပေးစည်းရုံးပြီး မြန်မာနိုင်ငံကို ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ ငြိမ်းချမ်းစွာ စုဝေးနေထိုင်ကြတဲ့ နိုင်ငံဖြစ်အောင် တည်ဆောက်ကြရမှာပါ။


မြန်မာနိုင်ငံမှာ၊ မြန်မာ့လူ့အဖွဲ့အစည်းအတွင်းမှာ ခွဲခြားဆက်ဆံမှုများအားလုံး ကျဆုံးပါစေ။

မဇ္ဈိမနေ့စဉ်သတင်းစာ
*(စာပြီးနေ့စွဲ မေ ၂၈၊ ၂၀၁၄)*

❋



၂၀၁၄ ခုနှစ် ၁ ရက်နေ့မှ ၇ ရက်နေ့ထုတ်
The Economist Magazine




## ဒီမိုကရေစီစနစ် ဘယ်လိုမှားယွင်းနေသလဲ

The Economist (March 1, 2014)

(ဒီဘာသာပြန်ဆောင်းပါးရှည်ကို ခေတ်ရနံ့မဂ္ဂဇင်းမှာ ၂၀၁၄ ခုနှစ် မေ၊ ဇွန်၊ ဇူလိုင်လ သုံးလဆက်တိုက်ဖော်ပြခဲ့ပါတယ်)

The Economist ဆိုတာ ကမ္ဘာမှာ အင်မတန် သြဇာကြီးမားတဲ့ သတင်းစာကြီးဖြစ်ပါတယ်။ တစ်ပတ်တစ်ခါထုတ်ဝေပေမည့် ဂျာနယ်လို့မခေါ်ဘဲ သတင်းစာလို့ ခေါ်ပါတယ်။ သတင်းစာဆိုတာ တောင်မှ သတင်းတွေကို ရေးသားဖော်ပြရုံမကဘဲ နိုင်ငံတကာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေး၊ နိုင်ငံခြားဆက်ဆံရေး ကိစ္စတွေအားလုံးမှာ အစိုးရများရဲ့ဆောင်ရွက်မှုတွေကို ဝေဖန်ထောက်ပြပြီး ဖြစ်သင့်ဖြစ်ထိုက်တယ်လို့ သူတို့ယူဆတဲ့ မူဝါဒတွေကို အကြံပေးတိုက်တွန်းရေးသားတာမို့ Advocacy Newspaper လို့ ခေါ်ပါတယ်။

၂၀၁၄ ခုနှစ် မတ်လ ၁ ရက်နေ့ထုတ် သတင်းစာမှာ 'ဒီမိုကရေစီစနစ် ဘယ်လိုမှားယွင်းနေသလဲ' (What s Gone Wrong with Democracy) ဆိုတဲ့ ခေါင်းစဉ်နဲ့ လက်ရှိ နိုင်ငံတကာမှာ ဖြစ်ပေါ်နေတဲ့ ဒီမိုကရေစီရေးရာအခြေအနေတွေကို ဝေဖန်သုံးသပ်ထားတဲ့ စာတမ်း (Essay) တစ်ပုဒ်ဖော်ပြပါတယ်။ The Economist ရဲ့ ထုံးစံ

အတိုင်း စာတမ်းရေးသူက သတင်းစာကိုယ်တိုင်ပါ။ ဒီစာတမ်းဟာ မြန်မာ့ဒီမိုကရေစီလှုပ်ရှားသူတွေ ဖတ်သင့်၊ လေ့လာသင့်တဲ့ စာတမ်းဖြစ်လို့ ဘာသာပြန်ပြီး တင်ပြလိုက်ပါတယ်။ ဒီစာတမ်းပါအယူအဆ၊ တွေးခေါ်မှုတွေဟာ The Economist ရဲ့အယူအဆ၊ အတွေးအခေါ်များသာဖြစ်ပြီး ဘာသာပြန်သူနဲ့မသက်ဆိုင်ပါ။

## အပိုင်း (၁)

ဒီမိုကရေစီဆိုတာ ၂၀ ရာစုနှစ်များမှာ အောင်မြင်မှုအရှိဆုံး နိုင်ငံရေးအတွေးအခေါ် ဖြစ်ခဲ့ပါတယ်။ ဘာကြောင့်များ အခုအချိန်မှာ ပြဿနာတွေနဲ့ ရင်ဆိုင်နေရသလဲ။ ဒီမိုကရေစီစနစ်ပြန်လည်ရှင်သန်အောင်မြင်နိုင်ဖို့ ဘာတွေဆောင်ရွက်ရမလဲ။

ယူကရိန်းနိုင်ငံရဲ့နိုင်ငံရေးအခြေအနေကို ပြောင်းပြန်လှန်ပစ်လိုက်နိုင်တဲ့ဆန္ဒပြသူများမှာ သူတို့တိုင်းပြည်အတွက် မျှော်လင့်ချက်တွေ အများကြီးရှိပါတယ်။ သူတို့ကိုင်ဆွဲထားတဲ့ ကြေညာစာတမ်းတွေမှာ ဥရောပသမဂ္ဂ (European Union) နဲ့ ရင်းနှီးနီးကပ်စွာဆက်ဆံရေး၊ ယူကရိန်းနိုင်ငံအရေးမှာ ရုရှားနိုင်ငံရဲ့ဝင်ရောက်စွက်ဖက်မှုတွေ ရပ်တန့်ရေးနဲ့ ယူကရိန်းသမ္မတဗစ်တာယာနူကိုဗစ်ချ်(Viktor Yanukovych)ရဲ့ အကျင့်ပျက်ခြစားမှုတွေကို သန့်ရှင်းတဲ့အစိုးရအသစ်နဲ့ အစားထိုးရေးစတဲ့တောင်းဆိုချက်တွေ ရေးသားထားပါတယ်။ ဒါပေမဲ့ သူတို့ရဲ့အခြေခံအကျဆုံး တောင်းဆိုချက်ကတော့ ဆယ်စုနှစ်ပေါင်းများစွာ အတွင်း အကျင့်ပျက်တဲ့၊ အာဏာအလွဲသုံးစားရမ်းကားတဲ့ အာဏာရှင်အစိုးရတွေကို ဆန့်ကျင်တော်လှန်ရဲအောင် ပြည်သူလူထုကို လှုံ့ဆော်ပေးတဲ့အရာပါ။ သူတို့အားလုံးဟာ စည်းမျဉ်းတွေကို အခြေပြုတဲ့ ဒီမိုကရေစီစနစ် (A Rules-Based Democracy) ကို တောင်းဆိုနေကြတာပါ။

သူတို့ရဲ့ဆန္ဒကို လွယ်လွယ်ကူကူ နားလည်နိုင်ပါတယ်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့နိုင်ငံတွေဟာ ပျမ်းမျှခြင်းအားဖြင့် ဒီမို





ကရေစီမဟုတ်တဲ့ နိုင်ငံများထက် ပိုပြီးချမ်းသာကြတယ်။ စစ်ပွဲတွေမှာ အလွယ်တကူပါဝင်ခြင်းမရှိဘူး။ ပြီးတော့ လာဘ်ပေးလာဘ်ယူမှုတွေကို တိုက်ဖျက်ရာမှာ ပိုပြီးထိရောက်တဲ့မှတ်တမ်းတွေရှိတယ်။ ပိုပြီးအခြေခံကျကျပြောရရင် ဒီမိုကရေစီက လူတွေကို သူတို့စိတ်ထဲမှာရှိတာကို လွတ်လွတ်လပ်လပ်ပြောခွင့်ပြုတယ်။ သူတို့ကိုယ်တိုင်နဲ့ သူတို့ရင်သွေးတွေရဲ့အနာဂတ်ကို သူတို့ကိုယ်တိုင်ဖန်တီးတည်ဆောက်ခွင့်ပြုတယ်။ ကမ္ဘာကြီးရဲ့မတူညီတဲ့ နေရာဒေသပေါင်းစုံက မတူညီတဲ့လူမျိုးတွေအများကြီးဟာ ဒီမိုကရေစီစနစ်အတွက် သူတို့ရဲ့ဘဝတွေ၊ အသက်တွေကိုရင်းနှီးဖို့၊ စတေးဖို့အဆင်သင့်ရှိနေကြတာဟာ ဒီမိုကရေစီစနစ်က ပြည်သူတွေကို ဘယ်လောက်တောင်အင်အားကြီးကြီးနဲ့ ဆွဲဆောင်ထားနိုင်တယ်ဆိုတာကို အထင်ရှားဆုံးသက်သေပြတာပါပဲ။

ဒါပေမဲ့လည်း ဒီနေ့ကာလတွေမှာ ယူကရိန်းနိုင်ငံ (Ukraine) ရဲ့ မြို့တော်ကီးယက် (Kiev) မှာ ဖြစ်ပေါ်နေတဲ့ ဒီမိုကရေစီရေး ဆန္ဒပြပွဲတွေက လှုံ့ဆော်ပေးလိုက်လို့ ခံစားရတဲ့ အောင်မြင်မှု၊ ကျေနပ်မှုတွေဟာ မြို့တော်ကြီးတွေတစ်ခုပြီးတစ်ခုမှာ ထပ်ခါထပ်ခါ ဖြစ်ပေါ်နေတဲ့ဆင်တူယိုးမှား ပြဿနာများကြောင့်ခံစားရတဲ့ စိတ်လှုပ်ရှားမှုတွေနဲ့ ရောယှက်နေပါတယ်။ ပြည်သူလူထုကြီးက မြို့တော်ရဲ့ အလယ်ကောင်က ပန်းခြံကြီးတစ်ခုမှာ လာရောက်စုဝေးကြ၊ အာဏာရှင်တွေရဲ့ လက်ကိုင်တုတ်တွေက ငြိမ်းချမ်းစွာဆန္ဒပြသူတွေကိုတိုက်ခိုက်ကြ၊ ဖမ်းဆီးကြ၊ နောက်တော့လည်း လူထုရဲ့အညံ့မခံစိတ်ဓာတ်နဲ့ ညီညွတ်ခိုင်မာမှု၊ ကမ္ဘာ့သတင်းစာများရဲ့မျက်နှာဖုံးကသတင်းဖော်ပြမှုတွေကို ရင်မဆိုင်ရဲတော့ အာဏာရှင်တွေ လက်လျှော့ကြ၊ အာဏာရှင်အစိုးရတစ်ရပ်ပြိုလဲသွားတာကို ကမ္ဘာ့နိုင်ငံများက လက်ခုပ်တီးအားပေးပြီး ဒီမိုကရေစီနိုင်ငံသစ်တစ်ခု တည်ဆောက်နိုင်ရေးအတွက် အကူအညီတွေပေးကြ၊ ဒါပေမဲ့လည်း အာဏာရှင်စနစ်ကို ဖြိုလှဲရတာက စစ်မှန်ပြည့်ဝပြီး ခိုင်မာအားကောင်းတဲ့ဒီမိုကရေစီအစိုးရတစ်ရပ် ဖွဲ့စည်းရေး

ထက် အဆပေါင်းများစွာ ပိုပြီးလွယ်ကူနေတာကို မျှော်လင့်မထားဘဲ လက်တွေ့သိကြရ၊ ဒီလိုနဲ့အစိုးရသစ်တွေ ဖရိုဖရဲဖြစ်၊ စီးပွားရေး အခြေအနေ ယိုယွင်း၊ အဲဒီနောက် တိုင်းပြည်ရဲ့အခြေအနေဟာ အရင် ဖြုတ်ချခဲ့တဲ့ အာဏာရှင်အစိုးရလက်ထက်က အခြေအနေနဲ့ ပိုပြီး မထူးခြားတာကို တွေ့ကြရ၊ အဲဒီလိုအဖြစ်အပျက်တွေဟာ အာရပ်နွေဦး (Arab Spring) မွေးဖွားခဲ့တဲ့နိုင်ငံအများစုနဲ့ အခုယူကရိန်းနိုင်ငံမှာ လိမ္မော်ရောင်တော်လှန်ရေး (Orange Revolution) ဆိုပြီး လွန်ခဲ့တဲ့ ၁၀ နှစ်ကတည်းက ဖြစ်ပျက်ခဲ့၊ ဖြစ်ပျက်နေတာပါ။

၂၀၀၄ ခုနှစ်မှာ အာဏာရှင်မစွတာယာနူကိုဗစ်ချ်ကို လိမ္မော်ရောင်တော်လှန်ရေးလို့ ခေါ်ကြတဲ့လမ်းပေါ်မှာ ငြိမ်းချမ်းစွာဆန္ဒပြသူများက ရာထူးက ဖယ်ရှားနိုင်ခဲ့ကြတာပါ။ ဒါပေမဲ့ ယာနူကိုဗစ်ချ်ကို ဖြုတ်ချပြီး အာဏာရလာတဲ့ ဒီမိုကရေစီခေါင်းဆောင်ဟာ အရည်အချင်းမပြည့်ဝတဲ့ စိတ်ပျက်စရာနိုင်ငံရေးသမားတစ်ယောက်ဖြစ်တာမို့ ၂၀၁၀ ခုနှစ်မှာ ရွေးကောက်ပွဲကတစ်ဆင့် ရုရှားနိုင်ငံက အထောက်အပံ့တွေ ငွေကြေးများရဲ့အကူအညီနဲ့ ယာနူကိုဗစ်ချ်သမ္မတအဖြစ် ပြန်လည်အရွေးချယ်ခံရတာကို မတားဆီးနိုင်ခဲ့ပါ။

ဒီမိုကရေစီဟာ ကြမ်းတမ်းခက်ခဲတဲ့အချိန်တွေကို ဖြတ်သန်းနေရပါတယ်။ အာဏာရှင်တွေ ရာထူးကစွန့်ခွာသွားရတဲ့အချိန်မှာ ဒီမိုကရက်တွေက များသောအားဖြင့် ခိုင်မာအားကောင်းတဲ့ ဒီမိုကရေစီအစိုးရကို အောင်မြင်စွာမဖန်တီးနိုင်ခဲ့ကြပါ။ ရင့်ကျက်ပြီး၊ အခြေကျပြီးသား ဒီမိုကရေစီနိုင်ငံတွေမှာတောင်မှ ဒီမိုကရေစီစနစ်ကိုကျင့်သုံးရင်းကြုံတွေ့နေရတဲ့ချွတ်ယွင်းချက်တွေဟာ စိတ်ပူစရာကောင်းလောက်အောင် မြင်သာထင်သာရှိလာပါတယ်။ ဒီမိုကရေစီနိုင်ငံရေးအပေါ် အယုံအကြည်မရှိကြတော့သူတွေ ကျယ်ကျယ်ပြန့်ပြန့်များပြားလာပါပြီ။ ကျနော်တို့အားလုံး ကျန်ခဲ့တဲ့နှစ်အနည်းငယ်အထိ ဒီမိုကရေစီစနစ်ဟာ ကမ္ဘာကြီးကို ခိုင်ခိုင်မာမာလွှမ်းမိုးလိမ့်မယ်လို့ထင်မြင်ခဲ့ကြတာပါ။





၂၀ ရာစုနှစ်ရဲ့ဒုတိယရာစုဝက်ကာလတွေမှာ ဒီမိုကရေစီဟာ အင်မတန်ရှင်သန်ဖို့ခက်ခဲတဲ့နိုင်ငံတွေမှာ ကောင်းမွန်စွာ အမြစ်တွယ်နိုင်ခဲ့ပါတယ်။ ဥပမာအားဖြင့် နာဇီဝါဒကြောင့် တစ်မျိုးသားလုံးနွမ်းကြေစိတ်ပျက်ခဲ့ကြရတဲ့ ဂျာမနီနိုင်ငံမှာ၊ ကမ္ဘာပေါ်မှာ အဆင်းရဲဆုံးပြည်သူတွေအများဆုံးနေထိုင်ကြတဲ့ အိန္ဒိယနိုင်ငံမှာ၊ ပြီးတော့ ၁၉၉၀ ခုနှစ်မှာ အသားအရောင်ခွဲခြားမှုတွေနဲ့ ရုပ်ပျက်ဆင်းပျက်ဖြစ်ခဲ့ရတဲ့ တောင်အာဖရိကနိုင်ငံမှာ၊ ကိုလိုနီစနစ်ပျက်သုဉ်းခြင်းက အာရှနဲ့အာဖရိကတိုက်က နိုင်ငံအများအပြားကို ဒီမိုကရေစီနိုင်ငံ ဖြစ်စေခဲ့တယ်။

အာဏာရှင်အစိုးရတွေက ဒီမိုကရေစီအစိုးရလက်ကို အာဏာလွှဲပြောင်းပေးခဲ့ရလို့ ၁၉၇၄ ခုနှစ်မှာ ဂရိနိုင်ငံ၊ ၁၉၇၅ ခုနှစ်မှာ စပိန်နိုင်ငံ၊ ၁၉၈၃ ခုနှစ်မှာ အာဂျင်တီးနားနိုင်ငံ၊ ၁၉၈၅ ခုနှစ်မှာ ဘရာဇီးလ်နိုင်ငံ၊ ၁၉၈၉ ခုနှစ်မှာ ချီလီနိုင်ငံတွေ ဒီမိုကရေစီဖြစ်ခဲ့ပါတယ်။ ဆိုဗီယက်ယူနီယံကြီး ပြိုကွဲမှုက ဗဟိုဥရောပတိုက်မှာ ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးတဲ့နိုင်ငံအချို့မွေးဖွားစေခဲ့တယ်။ အမေရိကန်မူဝါဒအကြံပေးအဖွဲ့ (Think-Tank) တစ်ခုဖြစ်တဲ့လွတ်လပ်ရေးအိမ် (Freedom House) အဖွဲ့က ၂၀၀၀ ခုနှစ်မှာ ထုတ်ပြန်တဲ့စစ်တမ်းမှာ ကမ္ဘာ့နိုင်ငံများရဲ့ ၆၃ ရာခိုင်နှုန်း၊ နိုင်ငံပေါင်း ၁၂၀ ဟာ ဒီမိုကရေစီနိုင်ငံများဖြစ်တယ်လို့ဆိုပါတယ်။

အဲဒီ ၂၀၀၀ ခုနှစ်မှာပဲ နိုင်ငံပေါင်း ၁၀၀ ကျော်က ကိုယ်စားလှယ်တွေဟာ ပိုလန်နိုင်ငံ၊ ဝါဆောမြို့မှာကျင်းပတဲ့ ကမ္ဘာ့ဒီမိုကရေစီဖိုရမ် (World Forum on Democracy) မှာစုဝေးကြပြီး 'ပြည်သူတို့ရဲ့ဆန္ဒဟာ အစိုးရအာဏာရဲ့အခြေခံဖြစ်တယ်' (The will of the people is the basis of the authority of government.) လို့အတူတကွကြွေးကြော်ခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုနိုင်ငံခြားရေး ဝန်ကြီးဌာနကထုတ်ပြန်တဲ့ အစီရင်ခံစာမှာ 'အာဏာရှင်များနဲ့အာဏာရှင်ဆန်သောအုပ်ချုပ်ရေးများ၏ မအောင်မြင်သောအတွေ့အကြုံများကို

ကြည့်ခြင်းဖြင့် နောက်ဆုံးမှာ ဒီမိုကရေစီဟာ အောင်ပွဲရပြီလို့ ထင်ရတယ်' (Having seen off failed experiments with authoritarian and totalitarian forms of government; it seems that nowç at long last; democracy is triumphant.) ဆိုပြီးမှတ်တမ်းတင်ခဲ့ပါတယ်။

ဒီလောက် အောင်မြင်မှုတွေတွေ့နေရတော့ ယုံကြည်မှုတွေ လွှန်ကဲကြမယ်ဆိုတာ နားလည်လို့ရပါတယ်။ ဒါပေမဲ့ နောက်ကိုနည်းနည်းဆုတ်ပြီးကြည့်မယ်ဆိုရင် ဒီမိုကရေစီရဲ့အောင်ပွဲဆိုတာ သိပ်ပြီး သေချာလှတဲ့ကိစ္စမဟုတ်ပါဘူး။ ဒီမိုကရေစီဆိုတာကို ပထမဆုံးအစပြုခဲ့တဲ့ အေသင်ကျဆုံးခဲ့ပြီးတဲ့နောက် (Fall of Athens) စံပြနိုင်ငံရေးစနစ်ဆိုတာ အနောက်နိုင်ငံများမှာ သိပ္ပံပညာ၊ အတွေးအခေါ်တွေ ပြန်လည်ရှင်သန်ထွန်းကားလာတဲ့ကာလအထိ နှစ်ပေါင်း ၂၀၀၀ ကျော်ကြာ အသက်ဝင်မှုမရှိခဲ့တာပါ။

၁၈ ရာစုမှာ အမေရိကန်တော်လှန်ရေးတစ်ခုတည်းကသာ အောင်မြင်ခိုင်ခံ့တဲ့ဒီမိုကရေစီကို ဖန်တီးပေးနိုင်ပါတယ်။ ၁၉ ရာစုတစ်လျှောက်လုံးမှာ သက်ဦးဆံပိုင်ပဒေသရာဇ်တွေဟာ သူတို့ရဲ့ အာဏာအခွန့်ရှည်ရေးအတွက် ဒီမိုကရေစီဘက်တော်သားတွေကို တိုက်ခိုက်ခဲ့ကြတာပါ။ ၂၀ ရာစုရဲ့ ပထမရာစုဝက်တွင်းမှာ ဂျာမနီ၊ စပိန်နဲ့ အီတလီနိုင်ငံတွေမှာ အစပျိုးစဖြစ်နေတဲ့ ဒီမိုကရေစီ ပြိုလဲခဲ့ပါတယ်။ ၁၉၄၁ ခုနှစ်မှာ တစ်ကမ္ဘာလုံးမှာ ဒီမိုကရေစီနိုင်ငံ ၁၁ နိုင်ငံပဲကျန်ပါတော့တယ်။ အမေရိကန်သမ္မတကြီး ဖရန်ကလင်ရူစဗဲ့ (Franklin Roosevelt) က အဲဒီတုန်းကပြောခဲ့တဲ့ စကားတစ်ခွန်းရှိပါတယ်။ 'ကြီးမြတ်တဲ့ဒီမိုကရေစီအလင်းရောင်ကို လူရမ်းကားတွေရဲ့အမှောင်ချမှုကနေ ကာကွယ်ဖို့မဖြစ်နိုင်တော့ဘူး' (It might not be possible to shield the great flame of democracy from the blackout of barbarism.) တဲ့။

၂၀ ရာစုနှစ်ရဲ့ နောက်ဆုံးပိုင်းကာလတွေမှာ မြင်တွေ့ခဲ့ရတဲ့ တိုးတက်မှုတွေဟာ ၂၁ ရာစုနှစ်ထဲမှာ ရပ်တန့်နေပါတယ်။ ဒီကနေ့





လွတ်လပ်ပြီး မျှတတဲ့ရွေးကောက်ပွဲတွေ ကျင်းပတဲ့နိုင်ငံတွေမှာ နေထိုင်နေကြတဲ့ လူဦးရေဟာ ကမ္ဘာ့လူဦးရေစုစုပေါင်းရဲ့ ၄၀ ရာခိုင်နှုန်းလောက်ရှိတာမို့ အရင့်အရင်ကထက် ပိုပြီးများပြားတာတောင်မှ ဒီမိုကရေစီရဲ့ရှေ့ဆက်ထွန်းကားမှုဟာရပ်တန့်နေပြီး နောက်ကြောင်းပြန်ရွေ့လျားနေတယ်လို့တောင်ထင်ရပါတယ်။ လွတ်လပ်ရေးအိမ် (Freedom House) က ၂၀၁၃ ခုနှစ်ဟာ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ လွတ်လပ်ခွင့်တွေ ဆက်တိုက် လျော့နည်းလာတဲ့ ၈ နှစ်မြောက်နှစ်ဖြစ်တယ်လို့ သုံးသပ်ပါတယ်။ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ လွတ်လပ်ခွင့်တွေမြင့်မားခဲ့တာဟာ ၂၁ ရာစုနှစ်ရဲ့အစပိုင်းမှာပဲ အမြင့်ဆုံးကိုရောက်ခဲ့တယ်လို့လည်း ဆိုပါတယ်။

၁၉၈၀ ခုနှစ်နဲ့ ၂၀၀၀ ခုနှစ်များ အတွင်းမှာ ဒီမိုကရေစီရေးလှုပ်ရှားမှုတွေအတွက် ဆုံးရှုံးမှုအနည်းငယ်သာ တွေ့ကြုံခဲ့ရပေမည့် ၂၀၀၀ ခုနှစ်ကစပြီး ဒီမိုကရေစီခရီးဟာ ကြမ်းတမ်းခဲ့ပြန်ပါတယ်။ ဒီမိုကရေစီစနစ်ရဲ့ ပြဿနာများဟာလည်း ကိန်းဂဏန်းများက ဖော်ပြနိုင်တာထက် ပိုပြီးနက်ရှိုင်းလှပါတယ်။ သေးငယ်တဲ့ အစပြုခါစ ဒီမိုကရေစီနိုင်ငံအများစုဟာ အာဏာရှင်စနစ်ဆီကို ပြန်လည်တိမ်းချော်သွားခဲ့ကြတယ်။ အဲဒီနိုင်ငံတွေမှာ အပြင်ပမ်းမှာတော့ ရွေးကောက်ပွဲတွေ မှန်မှန်ကျင်းပပေးနေလို့ ဒီမိုကရေစီနိုင်ငံလို့ထင်ရပေမည့် ဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန် အလုပ်ဖြစ်နိုင်အောင် ဖော်ဆောင်ရာမှာ ရွေးကောက်ပွဲနဲ့ တန်းတူညီမျှ အရေးကြီးလှတဲ့လူသားတိုင်းအတွက် အာမခံချက်ရှိတဲ့ အခွင့်အရေးတွေ (Rights)၊ ခိုင်မာတဲ့ နိုင်ငံတော်အဖွဲ့အစည်း (Institutions) တွေ မရှိကြပါ။

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တော် (သို့မဟုတ်) ယူကရိန်းနိုင်ငံ ကီးယက်ဗ်မြို့တော်တွေမှာ ပြည်သူလူထုမထောက်ခံကဲ့ အာဏာရှင်အစိုးရတွေကို ဖြုတ်ချနိုင်ခဲ့တဲ့ အောင်မြင်မှုတွေက အခိုက်အတန့်မှာ ဒီမိုကရေစီအပေါ်ယုံကြည်မှုတွေကို ပိုပြီးအားကောင်းစေခဲ့ပေမည့် အဲဒီ

တက်ကြွမှုတွေက ခဏတာအတွက်ပဲ ဖြစ်ခဲ့ပါတယ်။ အနောက်ကမ္ဘာရဲ့ အပြင်ဘက်မှာ ဒီမိုကရေစီနိုင်ငံတွေဟာ အမြဲတမ်းပဲ ပြိုလဲမှုဆီကို ဦးတည်နေပါတယ်။ အနောက်ကမ္ဘာကနိုင်ငံတွေရဲ့ ဒီမိုကရေစီကိုကြည့်လိုက်တော့လည်း နိုင်ငံတွင်းမှာဆိုရင် အင်မတန် များပြားလှတဲ့ ကြွေးမြီများ၊ အစိုးရယန္တရား ထိထိရောက်ရောက် မလည်ပတ်နိုင်ခြင်းများနဲ့ မကြာခဏဆိုသလို ဆက်စပ်ပတ်သက်နေရပြီး နိုင်ငံပြင်ပမှာဆိုရင်လည်း (ကိုယ့်နိုင်ငံမှာတောင် မခိုင်မာတော့တဲ့ဒီမိုကရေစီကို) မရောက်နိုင်တဲ့နေရာတွေဆီ အတင်းအဓမ္မ ဖြန့်ကြက်နေသလို အခြေအနေမျိုးပါ။ ဒီမိုကရေစီကိုဝေဖန်သူတွေ အမြဲတမ်းရှိခဲ့ပါတယ်။ ဒါပေမဲ့ အခုလိုအချိန်မျိုးမှာ အရင်တုန်းက ရှိခဲ့တဲ့ဒီမိုကရေစီပေါ် သံသယဟောင်းတွေဟာ အခုအသစ်မြင်တွေ့လာတဲ့အနောက်နိုင်ငံများမှာ အခိုင်အမာတည်ရှိနေတယ်ဆိုတဲ့ဒီမိုကရေစီစနစ်ရဲ့ အားနည်းချက်တွေ၊ မခိုင်မမြဲချည့်နဲ့လှတဲ့ အနောက်နိုင်ငံများရဲ့ အခြားနိုင်ငံများအပေါ် ဒီမိုကရေစီရေးရာ ဩဇာသက်ရောက်မှုတွေနဲ့ပေါင်းစပ်ပြီး ပိုမိုခိုင်မာလာသလိုရှိပါတယ်။ ဘာကြောင့်များ ဒီမိုကရေစီစနစ်ဟာ သူ့ရဲ့ရှေ့ကိုပြေးနေတဲ့ အရှိန်အဟုန်တွေ ပျောက်ဆုံးခဲ့ရတာလဲ။

## အပိုင်း (၂)

## သမိုင်းဘီးတစ်ပတ် ပြန်လှည့်ခြင်း (The Return of History)

ဘာကြောင့်များ ဒီမိုကရေစီစနစ်ဟာ သူ့ရဲ့ရှေ့ကိုပြေးနေတဲ့ အရှိန်အဟုန်တွေ ပျောက်ဆုံးခဲ့ရတာလဲ။

အဓိကအကြောင်းပြချက် ၂ ခုကတော့ ၂၀၀၇-၂၀၀၈ ခုနှစ်တွေမှာ ဖြစ်ပေါ်ခဲ့တဲ့ 'ဘဏ္ဍာရေးအကျပ်အတည်း' (The Financial Crisis) နဲ့တရုတ်နိုင်ငံရဲ့ မြင့်တက်လာမှု (The Rise of China) တို့ဖြစ်ကြပါတယ်။ ဘဏ္ဍာရေးအကျပ်အတည်းက တိုင်းပြည်ရဲ့ဘဏ္ဍာရေးအခြေအနေကိုသာပျက်စီးစေရုံမကဘဲ ပြည်သူတွေအတွက် စိတ်ပိုင်း





ဆိုင်ရာ ထိခိုက်မှုတွေပါ ဖြစ်စေခဲ့ပါတယ်။ ဒီအကျပ်အတည်းက အနောက်နိုင်ငံများ ကျင့်သုံးနေတဲ့နိုင်ငံရေးစနစ်ရဲ့ အခြေခံကျတဲ့အားနည်းချက်ကို ဖော်ထုတ်ပြလိုက်တယ်။ ဒါ့ကြောင့်မို့ တစ်ချိန်တုန်းက သူတို့ဟာ အကောင်းဆုံးလို့ အနောက်ကမ္ဘာသားတွေမှာရှိခဲ့တဲ့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု၊ ကိုယ့်နိုင်ငံအပေါ် ယုံကြည်မှုကို ပျက်စီးစေခဲ့တယ်။

အစိုးရတွေဟာ ပြည်သူလူထုအတွက် ထောက်ပံ့မည့်၊ အကူအညီပေးမည့် ကတိကဝတ် (Entitlements) တွေကို ဆယ်စုနှစ်ပေါင်းများစွာ ပုံမှန်တိုးချဲ့ခဲ့တယ်။ အဲဒါကြောင့် အစိုးရရဲ့ကြွေးမြီတွေကို အင်မတန် ကြောက်စရာကောင်းတဲ့အဆင့်တွေကို ရောက်ရှိစေခဲ့တယ် (ပြန်လည် ပေးဆပ်နိုင်စွမ်းမရှိတော့တဲ့အဆင့်၊ တိုင်းသူပြည်သားတွေကို အလွန်အကျွံချိုးခြိုးခိုင်းပြီး အခွန်ငွေအဆမတန်တိုးကောက်ရတဲ့ အခြေအနေတွေ၊ မာန်မာနတွေကိုပုံချ၊ အစိုးရအဖွဲ့တွေနုတ်ထွက်ပြီး ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ စတဲ့နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများက ဝင်ရောက်ကယ်တင်ဖို့ တောင်းဆိုရတဲ့အခြေအနေ၊) နိုင်ငံရေးသမားတွေက သူတို့ဟာ ရုတ်တရက်အောင်မြင်လာပြီး ရုတ်တရက်ပဲပျက်သုဉ်းသွားတဲ့ ဖြစ်စဉ်တွေ (Boom-Bust Cycles) ကိုအဆုံးသတ်နိုင်ခဲ့ပြီ၊ အန္တရာယ်တွေကို ရှောင်ရှားနိုင်ခဲ့ပြီလို့ ထင်ခဲ့ကြတယ်။ ဒါပေမဲ့ အစိုးရတွေက နိုင်ငံတွင်းကစီမံခန့်ခွဲမှု ညံ့ဖျင်းမှု၊ အလွဲသုံးစားလုပ်မှုတို့ကြောင့် ပြိုလဲသွားတဲ့ပုဂ္ဂလိကဘဏ်ကြီးများ၊ ဘဏ်လုပ်ငန်းရှင်ကြီးများကို ပြည်သူလူထုအခွန်ပေးဆောင်ထားတဲ့ငွေများနဲ့ ကယ်တင်ရတဲ့အခါပြီးတော့ အဲဒီပုဂ္ဂလိကဘဏ်ကြီးများက သူတို့ဘဏ်များရဲ့အကြီးအကဲများ၊ အရာရှိကြီးများကို အင်မတန်များပြားတဲ့ဆုကြေးငွေများပေးကြတာကို တားဆီးနိုင်စွမ်းကင်းမဲ့တဲ့အခါ ပြည်သူအများစုဟာ သူတို့နိုင်ငံကျင့်သုံးနေတဲ့ နိုင်ငံရေးစနစ်အပေါ်မှာ သံသယနဲ့စိတ်ပျက်မှု အကြီးအကျယ်ရှိလာကြပါတယ်။ ဒီဘဏ္ဍာရေးအကျပ်အတည်းကြီးက ဝါရှင်တန်သဘောတူညီချက် (Washington

Consensus) ဆိုတဲ့ ဝါရှင်တန်ဒီစီမြို့တော်မှာ အခြေစိုက်တဲ့အဓိက နိုင်ငံတကာငွေကြေးအဖွဲ့အစည်းကြီးနှစ်ခုရဲ့ဘုံသဘောတူညီချက်နဲ့ စီးပွားပျက်နိုင်ငံများကို စည်းမျဉ်းစည်းကမ်းများချမှတ်၍ ထောက်ပံ့ကူညီခြင်းကို ရည်ညွှန်းတဲ့ အသုံးအနှုန်းဟာ ဖွံ့ဖြိုးဆဲနိုင်ငံများက အနောက်ဒီမိုကရေစီနိုင်ငံကြီးများအပေါ် မကျေနပ်မှုကို ဖော်ပြတဲ့ အသုံးအနှုန်းအဖြစ် ပြောင်းလဲသွားပါတော့တယ်။

အဲဒီအချိန်အတွင်းမှာပဲ တရုတ်ကွန်မြူနစ်ပါတီကဒီမိုကရေစီနိုင်ငံများရဲ့ ကောင်းမွန်မှုဆိုတဲ့နှစ်ပေါင်းများစွာ စိုးမိုးထားတဲ့အစဉ်အလာကိုရိုက်ချိုးလိုက်ပါတော့တယ်။ ဟားဗာဒ်တက္ကသိုလ်ကလယ်ရီဆမ်းမား (Larry Summers of Harvard University) က ဒီလိုသုံးသပ်ပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ စီးပွားရေးတိုးတက်ကောင်းမွန်နေတဲ့အချိန်မှာတောင် နှစ်ပေါင်း ၃၀ တစ်ကြိမ်ကြာမှ နိုင်ငံသားများရဲ့ လူနေမှု အဆင့်အတန်းကို တစ်ကြိမ်နှစ်ဆမြင့်မားစေနိုင်ခဲ့တယ်။ ဒါပေမဲ့ တရုတ်အစိုးရက သူ့ပြည်သူများရဲ့လူနေမှုအဆင့်အတန်းကို ဆယ်နှစ်တစ်ကြိမ် နှစ်ဆမြင့်မားစေခဲ့တာ နှစ်ပေါင်း ၃၀ ကျော်ခဲ့ပြီတဲ့။ တရုတ်တွေက သူတို့ရဲ့စံပြစနစ် 'ကွန်မြူနစ်ပါတီရဲ့ တင်းကျပ်တဲ့ ထိန်းချုပ်မှုနဲ့ပါတီခေါင်းဆောင်ပိုင်းမှာ အရည်အချင်းပြည့်ဝတဲ့ပုဂ္ဂိုလ်တွေ အမြဲရှိနေအောင်ရှာဖွေစည်းရုံးတာဝန်ပေးမှု တွဲဖက်ထားတဲ့စနစ်' ကဒီမိုကရေစီစနစ်ထက် ပိုပြီးထိရောက်မှုရှိပြီး နိုင်ငံရေးအရ ရှေ့မတိုးနောက်မဆုတ်ဖြစ်မှုတွေကို အလွယ်တကူရှောင်လွှဲနိုင်တယ်လို့ ငြင်းချက်ထုတ်ကြပါတယ်။ တရုတ်ပြည်ရဲ့ နိုင်ငံရေးခေါင်းဆောင်မှုကို ဆယ်နှစ်တစ်ကြိမ်အပြောင်းအလဲလုပ်တယ်။ ပါတီတွင်းကအရည်အချင်းပြည့်ဝတဲ့ ပါတီကေဒါတွေ၊ ခေါင်းဆောင်ငယ်တွေကို သူတို့ရဲ့အရည်အချင်းနဲ့ ဆောင်ရွက်နိုင်စွမ်းကိုကြည့်ပြီး ပါတီရဲ့ထိပ်တန်းရာထူးတွေမှာ တိုးမြှင့်တာဝန်ပေးတာမို့ အရည်အချင်းရှိသူတွေပါတီထဲကို အဆက်မပြတ်ဝင်လာနေကြပါတယ်တဲ့။





အတိုက်အခံများကို ဖမ်းဆီးအကျဉ်းချတာကစလို့ အင်တာနက်ဆွေးနွေးခန်းတွေကို ဆင်ဆာဖြတ်တဲ့အထိ နည်းလမ်းပေါင်းစုံကို အသုံးပြုပြီး တရုတ်အစိုးရက ပြည်သူလူထုရဲ့ ဆန္ဒဖော်ထုတ်မှုနဲ့ အတွေးအမြင်တွေကို တင်းတင်းကျပ်ကျပ် ထိန်းချုပ်ထားတာကို တရုတ်အစိုးရကို ဝေဖန်သူများက ထောက်ပြဝေဖန်ကြတာမှန်ကန်ပါတယ်။ တရုတ်အာဏာပိုင်များရဲ့ အလွန်အကျွံထိန်းချုပ်ခြင်းများကိုယ်တိုင်က သူတို့ဟာ ပြည်သူလူထုရဲ့ဝေဖန်ချက်တွေကို အလေးအနက်ထားကြောင်း သူတို့ကိုယ်တိုင်ဝန်ခံနေရသလို ဖြစ်နေပါတယ်။

တစ်ချိန်တည်းမှာပဲ ဒီမိုကရေစီနိုင်ငံတွေမှာ ဆယ်စုနှစ်ပေါင်းများစွာ ကြိုးစားဖြေရှင်းရမည့် နိုင်ငံတည်ဆောက်ရေး ပြဿနာကြီးများကို (ထိန်းချုပ်မှုတွေကို ကျင့်သုံးတဲ့) တရုတ်ခေါင်းဆောင်များက အလွယ်တကူ ဖြေရှင်းပြနိုင်ခဲ့ပါတယ်။ ဥပမာအားဖြင့် နှစ်နှစ်လောက် အချိန်ကာလအတွင်းမှာ တရုတ်အာဏာပိုင်တွေက တရုတ်ပြည်တွင်းက အငြိမ်းစားဝန်ထမ်းများရဲ့ ပင်စင်လစာငွေကို ကျေးလက်ဒေသက ပြည်သူသန်းပေါင်း ၂၄၀ ကျော်အထိ ခံစားခွင့်ရအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒီအရေအတွက်ဟာအမေရိကန်ပြည်ထောင်စုမှာ ပင်စင်ထောက်ပံ့ငွေခံစားနေရတဲ့ ပြည်သူများရဲ့အရေအတွက်ထက် အဆပေါင်းများစွာ ပိုများပါတယ်။

တရုတ်ပြည်သူအများအပြားဟာ သူတို့နိုင်ငံရဲ့လက်ရှိနိုင်ငံရေးစနစ်ကစီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတွေကို ဆောင်ကြဉ်းပေးမယ်ဆိုရင် သူတို့ရဲ့နိုင်ငံရေးမကျေနပ်မှုတွေကို အသာဘေးချထားဖို့ အဆင်သင့်ဖြစ်နေကြပါပြီ။ ၂၀၁၃ ခုနှစ် 'ပြူး' ကမ္ဘာလုံးဆိုင်ရာစိတ်နေသဘောထားများလေ့လာသုံးသပ်ချက် (The 2013 Pew Survey of Global Attitudes) မှာ ၈၅ ရာခိုင်နှုန်းသောတရုတ်ပြည်သူတွေဟာ သူတို့နိုင်ငံရဲ့လက်ရှိအခြေအနေအပေါ် 'အလွန်ကျေနပ်မှုရှိကြတယ်' (Very Satisfied) လို့ဆိုပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ သူတို့

နိုင်ငံရဲ့လက်ရှိအခြေအနေအပေါ် 'အလွန်ကျေနပ်သူ' ၃၁ ရာခိုင်နှုန်းပဲ ရှိပါတယ်။ တရုတ်ပညာရှင်အချို့ဟာ ဒီအခြေအနေပေါ်မှာ အကောင်းမြင်ပြီး အလွန်ဂုဏ်ယူကျေနပ်နေကြပါတယ်။

ဖူဒန်တက္ကသိုလ် (Fudan University) က ဇန်းဝေဝေ (Zhang Weiwei) က အခုလို ပြောပါတယ်။ 'ဒီမိုကရေစီဟာ အနောက်နိုင်ငံများ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုကို ဖျက်ဆီးနေတယ်။ ဘာကြောင့်လဲဆိုတော့ ဒီမိုကရေစီက နိုင်ငံရေးရှေ့မတိုး နောက်မဆုတ်ဖြစ်မှုတွေကို ခိုင်မာအားကောင်းစေတယ်။ ဆုံးဖြတ်ချက်ချရာမှာ နှောင့်နှေးရှုပ်ထွေးစေတယ်။ ပြီးတော့ ဂျော့ချ်ဘွတ်ရှ်အငယ် (George Bush Junior) လို ဒုတိယတန်းစားသမ္မတတွေကို စင်ပေါ်ပစ်တင်ပေးတယ်' တဲ့။ ဘေဂျင်းတက္ကသိုလ် (Beijing University) က ယူကက်ပင်း (Yu Keping) ကလည်း 'ဒီမိုကရေစီက ရှင်းလင်းလွယ်ကူတဲ့ကိစ္စတွေကို အလွန်အကျွံရှုပ်ထွေးအောင်နဲ့ တန်ဖိုးမဲ့အောင် ဖန်တီးပစ်လိုက်တယ်။ ပြီးတော့ စကားလုံးလှလှလေးတွေကို ရွှန်းရွှန်းဝေအောင်ပြောတတ် ဆိုတတ်တဲ့ နိုင်ငံရေးသမားတွေကို ပြည်သူလူထုကိုလှည့်ဖြားခွင့်ပြုလိုက်တယ်' တဲ့။

ဘေဂျင်းတက္ကသိုလ်ကပဲဖြစ်တဲ့ ဝမ်းဂျီရှီ (Wang Jisi) ကလည်း 'အနောက်နိုင်ငံများရဲ့ နိုင်ငံရေးစနစ်နဲ့ တန်ဖိုးတွေကို လက်ခံကျင့်သုံးကြတဲ့ များပြားလှစွာသော ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ နိုင်ငံရေးမတည်ငြိမ်မှုနဲ့ စီးပွားရေးအကျပ်အတည်းတွေကိုပဲ တွေ့ကြုံနေရတယ်။ အဲဒီနိုင်ငံတွေကို တရုတ်ပြည်ကအခြားသောရွေးချယ်စရာ စံပြစနစ်တစ်ခုကို လမ်းပြပေးနိုင်တယ်' လို့ပြောပြန်ပါတယ်။ အာဖရိကတိုက် (ရဝမ်ဒါ) ကနေ အရှေ့အလယ်ပိုင်း (ဒူဘိုင်း)၊ အရှေ့တောင်အာရှ (ဗီယက်နမ်) အထိ နိုင်ငံအတော်များများဟာ ဒီမှတ်ချက်တွေအပေါ် အလေးအနက်ထား လေ့လာနေကြပါတယ်။

တရုတ်ပြည်ရဲ့ဝါဒရေးရာစည်းရုံးဖြန့်ကြက်မှု၊ ဩဇာသက်ရောက်မှုတွေက ၂၀၀၀ ခုနှစ်ကစလို့ အဆက်မပြတ်ဖြစ်ပေါ်ခဲ့တဲ့





ဒီမိုကရေစီစနစ်အပေါ် စိတ်ပျက်စရာအဖြစ်အပျက်တွေ၊ ဆုတ်ယုတ်မှုတွေကြောင့် ပိုပြီးအားကောင်းခိုင်မာလာပါတယ်။ ပထမဆုံးဆုတ်ယုတ်မှုကတော့ ရုရှားနိုင်ငံမှာဖြစ်ပေါ်ခဲ့ပါတယ်။ ၁၉၈၉ ခုနှစ်မှာ ဘာလင်တံတိုင်းကြီး ပြိုလဲပြီးတဲ့နောက် ဆိုဗီယက်အင်ပါယာကြီးထဲက နိုင်ငံတွေ ဒီမိုကရေစီနိုင်ငံများဖြစ်လာရေးဆိုတာ လုံးဝသေချာတဲ့ကိစ္စလို့ ထင်ခဲ့ကြပါတယ်။ ၁၉၉၀ နှစ်များမှာ သမ္မတဘောရစ်ယဲလ်ဆင် (Boris Yeltsin) ရဲ့ဦးဆောင်မှုအောက်မှာ ရုရှားနိုင်ငံဟာဒီမိုကရေစီကို ဦးတည်တဲ့ မတည်မငြိမ်ခြေလှမ်းများ အစပျိုးခဲ့ပါတယ်။ ဒါပေမဲ့ ၁၉၉၉ ခုနှစ် နှစ်ဆုံးမှာ ဘောရစ်ယဲလ်ဆင်ရာထူးမှနုတ်ထွက်ပြီး သမ္မတတာဝန်ကို ကေဂျီဘီ (KGB) ထောက်လှမ်းရေးအရာရှိတစ်ဦးဖြစ်ခဲ့တဲ့ ဗလာဒီမီယာပူတင် (Vladimir Putin) ကိုလွှဲပြောင်းပေးခဲ့ပါတယ်။ အဲဒီအချိန်ကစလို့ ပူတင်ဟာ သမ္မတအဖြစ်နှစ်ကြိမ်၊ ဝန်ကြီးချုပ်အဖြစ် နှစ်ကြိမ် တာဝန်ထမ်းဆောင်ခဲ့ပြီး အခုလည်း တတိယအကြိမ် သမ္မတဖြစ်နေပါတယ်။ ခေတ်ပေါ်လွန်ကာလရဲ့ဇာဘုရင်လို့ တင်စားခေါ်ဝေါ်ကြတဲ့ ပူတင်က ရုရှားမှာအစပြုနေတဲ့ ဒီမိုကရေစီဖြစ်ထွန်းမှု အားလုံးကို ဖျက်ဆီးပစ်လိုက်ပါတယ်။ မီဒီယာကိုကန့်သတ်ချုပ်ချယ်ပြီး အတိုက်အခံတွေကို ထောင်ထဲထည့်ပါတယ်။ ဒီမိုကရေစီလို့ အမည်ခံပြောရအောင် ရွေးကောက်ပွဲတွေကိုတော့ မှန်မှန်ကျင်းပပါတယ်။ ဒါပေမဲ့ ရွေးကောက်ပွဲအောင်နိုင်သူက ပူတင်သာ ဖြစ်ရပါမယ်။ ဗင်နီဇွဲလား၊ ယူကရိန်း၊ အာဂျင်တီးနားအပါအဝင် အာဏာရှင်နိုင်ငံများကလည်း ရုရှားနိုင်ငံရဲ့လမ်းကြောင်းအတိုင်း ချီတက်ကြပါတယ်။ ဒီမိုကရေစီစနစ်ကို အပြည့်အဝ လက်ခံအသုံးချတာမဟုတ်ဘဲ အာဏာရှင်စနစ်ကို အရေခြုံအကာအကွယ်ပေးရုံကျင့်သုံးခဲ့ကြလို့ ဒီမိုကရေစီ ပိုပြီးနာမည်ပျက်ရပါတယ်။

နောက်ထပ်ကြီးမားတဲ့ဆုတ်ယုတ်မှုတစ်ခုကတော့ အီရတ်စစ်ပွဲဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုဦးဆောင်တဲ့ နိုင်ငံတကာတပ်

များက ၂၀၀၃ ခုနှစ်မှာ အီရတ်နိုင်ငံကို ဝင်ရောက်တိုက်ခိုက်ဖို့ အဓိက အကြောင်းပြချက်ဖြစ်တဲ့ ဆက်ဒန်ဟူစိန်ပိုင်ဆိုင်တယ်ဆိုတဲ့ 'လူသား အများကို ဖျက်ဆီးနိုင်တဲ့လက်နက်များ' (Weapons of Mass Destruction) အမှန်တကယ်တည်ရှိကြောင်း သက်သေမပြနိုင်တော့တဲ့ အခါမှာ သမ္မတဘွတ်ရှ်က အီရတ်စစ်ပွဲကို 'လွတ်လပ်ရေးနဲ့ ဒီမိုကရေစီ အတွက် ဆင်နွှဲရတဲ့စစ်ပွဲ' (A Fight for Freedom and Democracy) အဖြစ် ပြောင်းလဲကြွေးကြော်ခဲ့ပါတယ်။ 'လွတ်လပ်သောနိုင်ငံများ အတူတကွရပ်တည်ပြီး ဒီမိုကရေစီကို အတူတကွမြှင့်တင်ကြခြင်းဟာ ကျနော်တို့ ရန်သူများရဲ့အရေးနိမ့်မှုအတွက် အစပျိုးအကြောင်း တရားတစ်ခုဖြစ်တယ်' (The concerted effort of free nations to promote democracy is a prelude to our enemies defeat.) လို့ သမ္မတဘွတ်ရှ်က သူ့ရဲ့သမ္မတဒုတိယသက်တမ်းစတင်တဲ့နေ့မိန့်ခွန်း မှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။ ဒါဟာဖြင့် အခြေအနေအပေါ်မှာ အခွင့်အရေးယူတယ်လို့တော့မပြောနိုင်ပါ။

သမ္မတဘွတ်ရှ်က အရှေ့အလယ်ပိုင်းဒေသမှာ အာဏာရှင် တွေကြီးစိုးနေသမျှ ဒီဒေသဟာ အကြမ်းဖက်သမားများကို မွေးထုတ် ပေးရာနေရာကြီး ဆက်ဖြစ်နေလိမ့်မယ်။ (ဒါကြောင့်မို့ အာဏာရှင် အစိုးရများနေရာမှာ ဒီမိုကရေစီ အစိုးရများနဲ့ အစားထိုးရမယ်) လို့ ရိုးရိုးသားသားယုံကြည်ခဲ့တာပါ။ ဒါပေမဲ့လည်း ဒီမိုကရေစီကို လက်နက်နဲ့ချဲ့ထွင်မှုက ဒီမိုကရေစီအရေးအတွက် ကောင်းဖို့မဖြစ်ဘဲ ပိုပြီးဆိုးဖို့သာ ဖြစ်လာခဲ့တယ်။ လက်ဝဲဂိုဏ်းသားတွေက အီရတ်စစ်ပွဲကို လက်ညှိုးထိုးပြီး ဒါဟာဖြင့် ဒီမိုကရေစီဆိုတာ အမေရိကန်သက်ဦးဆံပိုင် ဝါဒကို အမြင်လှအောင်ဖုံးကာထားတာ ဖြစ်ကြောင်း ပြတဲ့သက်သေလို့ ဆိုကြပါတယ်။

နိုင်ငံခြားရေးမူဝါဒရေးရာ ပညာရှင်များထဲက Realists လို့ ခေါ်တဲ့လက်တွေ့အခြေအနေကို အရှိအတိုင်း လေ့လာသူများက





အီရတ်နိုင်ငံမှာ ဆက်လက်ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးမတည်ငြိမ်မှုများ၊ အကျပ်အတည်းများကို ထောက်ပြပြီး အမေရိကန်ဦးဆောင်တဲ့ ဒီမို ကရေစီပြန့်ပွားရေးဆိုတာ မတည်မငြိမ်မှုများကို ဖန်တီးပေးတဲ့ လိုအပ် ချက်တွေ ဖြစ်သွားတယ်လို့ ပြောကြပါတယ်။ ဖရန်စစ်ဖူကူယာမာ (Francis Fukuyama) လိုအင်မတန် စိတ်ပျက်သွားတဲ့ အမေရိကန် ဩဇာသက်ရောက်မှု မြင့်တင်ရေးဝါဒီ (Neoconservative) နိုင်ငံရေး ပညာရှင်တွေကတောင်မှ 'အီရတ်စစ်ပွဲဟာ ဒီမိုကရေစီဆိုတာ ကျောက် စိုင်ကျောက်သားတွေ ပြည့်နှက်နေတဲ့မြေပေါ်မှာ အမြစ်မတွယ်နိုင် ကြောင်းပြတဲ့ သက်သေအထောက်အထားပဲ' လို့ ပြောပါတယ်။

တတိယမြောက် ကြီးမားတဲ့ဆုတ်ယုတ်မှုကတော့ အီဂျစ် ဖြစ်ပါ တယ်။ ၂၀၁၁ ခုနှစ်မှာ ကြီးမားတဲ့လူထုဆန္ဒပြပွဲကြီးတွေက ဟောင် စနီမူဘာရက် (Hosni Mubarak) ရဲ့အာဏာရှင်အစိုးရကို ဖြုတ်ချ နိုင်ခဲ့ပြီးတဲ့နောက် ဒီမိုကရေစီစနစ်ဟာ အရှေ့အလယ်ပိုင်းဒေသကို တောင် ပျံ့နှံ့ရောက်ရှိလိမ့်မယ်လို့ မျှော်လင့်ချက်တွေ မြင့်မားခဲ့ပါတယ်။ အဲဒီလိုစိတ်ကူးယဉ်ဆန်တဲ့ မျှော်လင့်ချက်တွေဟာမကြာခင်မှာပဲ ပျက် သုဉ်းခဲ့ပါတယ်။

နောက်ဆက်တွဲကျင်းပတဲ့ ရွေးကောက်ပွဲတွေမှာ အနိုင်ရသူက ရှက်စရာ၊ စိတ်ပျက်စရာကောင်းလောက်အောင် အစိတ်စိတ်အမြွာမြွာ ကွဲပြားပြီး အလွန်အင်မတန်များပြားလှတဲ့ ဒီမိုကရေစီလှုပ်ရှားသူတွေရဲ့ ပါတီတွေမဟုတ်ကြဘဲ မူဟာမက်မော်စီ (Muhammad Morsi) ရဲ့ မူဆလင်ညီနောင်များ (Muslim Brotherhood) အဖွဲ့ဖြစ်ပါတယ်။ မစ္စတာမော်စီက ဒီမိုကရေစီကိုနိုင်သူအကုန်ယူ (Winner-Takes-All System) စနစ်မျိုးလို့သတ်မှတ်ပြီး နိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်း တွေကို မူဆလင်ညီနောင်များနဲ့သာ ဖွဲ့စည်းပါတယ်။ သူ့ကိုယ်သူ အကန့် အသတ်မဲ့အာဏာတွေအပ်နှင်းပြီး အစ္စလာမ် ဘာသာရေးသမားတွေက အပြတ်အမ်း အများစုနေရာချုပ်ကိုင်ထားတဲ့ 'အထက်လွှတ်တော်' ကို

ဖန်တီးခဲ့ပါတယ်။ ၂၀၁၃ ခုနှစ် ဇူလိုင်လမှာတော့ အီဂျစ်စစ်တပ်က ဝင်ရောက်စွက်ဖက်ပါတော့တယ်။ စစ်တပ်ကအီဂျစ်နိုင်ငံရဲ့ပထမဆုံး ဒီမိုကရေစီနည်းလမ်းကျကျ ရွေးချယ်တင်မြှောက်ထားတဲ့သမ္မတနဲ့ မွတ်ဆလင်ညီနောင်များအဖွဲ့ရဲ့ ထိပ်တန်းခေါင်းဆောင်တွေကို ဖမ်းဆီး ထိန်းသိမ်းလိုက်ပြီး ရာနဲ့ချီတဲ့ဆန္ဒပြသူများကို အကြမ်းဖက်သတ်ဖြတ်ပါ တယ်။ ဆီးရီးယားနိုင်ငံမှာ ဖြစ်ပွားနေတဲ့ ပြည်တွင်းစစ်နဲ့လစ်ဗျား နိုင်ငံက မင်းမဲ့စရိုက်ကျင့်ကြံမှုတွေက အီဂျစ်နိုင်ငံရဲ့ဝမ်းနည်းစရာ ကောင်းတဲ့ ဆုတ်ယုတ်မှုများနဲ့အတူ အာရပ်နွေဦးဟာ အရှေ့အလယ် ပိုင်းဒေသမှာ ဒီမိုကရေစီပြန့်ပွားရေးကို ဦးဆောင်ဖြစ်ပေါ်စေလိမ့်မယ် ဆိုတဲ့ မျှော်လင့်ချက်တွေကို ဖျက်ဆီးပစ်လိုက်ပါတယ်။

အဲဒီအချိန်ကာလအတွင်းမှာပဲ ဒီမိုကရေစီစနစ်ကို မကြာသေး ခင်ကမှ စတင်ကျင့်သုံးတဲ့နိုင်ငံအချို့မှာ ဒီမိုကရေစီရဲ့ တောက်ပမှုတွေ ဆုံးရှုံးခဲ့ပါတယ်။ တောင်အာဖရိကနိုင်ငံမှာ၁၉၉၄ခုနှစ်မှာဒီမိုကရေစီစ နစ်ကို စတင်ကျင့်သုံးချိန်ကစလို့ အာဖရိကအမျိုးသားကွန်ဂရက် (African National Congress) ပါတီတစ်ခုတည်းကပဲ ဆက်တိုက် အာဏာရအုပ်ချုပ်နေခဲ့ပါတယ်။ အဲဒီပါတီကလည်းကိုယ်ကျိုးစီးပွားကို ပို၍ပို၍ဦးစားပေးလာတဲ့ပါတီပါ။ တူရကီနိုင်ငံမှာလည်း တစ်ချိန်တုန်းက အလယ်အလတ်အစွလာမ်ဝါဒ၊ ကြီးပွားတိုးတက်မှုနဲ့ဒီမိုကရေစီစနစ်တို့ ယှဉ်တွဲပြီး တည်တည်ငြိမ်ငြိမ်ရပ်တည်နိုင်ခဲ့ရာက အခုတော့အကျင့်ပျက် ခြစားမှုတွေနဲ့အာဏာရှင်စနစ်ဆီကို ရှေးရှုကျဆင်းနေပါပြီ။ ဘင်္ဂလား ဒေ့ရှ်၊ ထိုင်းနဲ့ကမ္ဘောဒီးယား စတဲ့နိုင်ငံတွေမှာလည်း အတိုက်အခံ နိုင်ငံရေးပါတီတွေက အခုတလောကျင်းပတဲ့ ရွေးကောက်ပွဲတွေကို သပိတ်မှောက်တာ၊ ရွေးကောက်ပွဲရလဒ်ကိုလက်ခံဖို့ ငြင်းဆန်တာတွေ တွေ့နေရပါတယ်။

ဒီဆုတ်ယုတ်မှုအားလုံးက အောင်မြင်သောဒီမိုကရေစီစနစ် ရှင်သန်ဖို့ မရှိမဖြစ်လိုအပ်တဲ့အခြေခံအုတ်မြစ်တွေ၊ ခိုင်မာအား





ကောင်းတဲ့အဖွဲ့အစည်းတွေ တည်ဆောက်ခြင်းဟာ လက်တွေ့မှာ အင်မတန်နှေးကွေးတဲ့ အလုပ်ဖြစ်တယ်လို့ ဖော်ပြနေပါတယ်။ ပြီးတော့ ဒီမိုကရေစီစနစ်ဆိုတာစတင်ပျိုးထောင်လိုက်တဲ့အချိန်ကစလို့ မြန်ဆန် အားကောင်းစွာ၊ ရပ်တန့်ခြင်းမရှိလှုပစွာ ရှင်သန်ပွင့်လန်းလိမ့်မယ်လို့ အများထင်မြင်နေတဲ့အယူအဆကို ဖျက်ဆီးပစ်လိုက်ပါတယ်။

အမေရိကန်သမ္မတဟောင်းဘွတ်ရှ်နဲ့ ဗြိတိန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲယားတို့ တစ်ချိန်တုန်းက ခိုင်ခိုင်မာမာပြောဆိုခဲ့ကြသလို ဒီမို ကရေစီဆိုတာ 'တစ်ကမ္ဘာလုံးနဲ့သက်ဆိုင်တဲ့ မျှော်လင့်ချက်' (Universal Aspiration) ဖြစ်နိုင်သော်လည်းပဲ ဒီမိုကရေစီစနစ်ဟာ ယဉ်ကျေးမှုအစဉ်အလာများနဲ့သာ အမြစ်တွယ်နိုင်တဲ့အလေ့အကျင့် (A Culturally Rooted Practice) ဖြစ်ပါတယ်။ အနောက်နိုင်ငံတွေမှာ လူတစ်ဦးချင်းစီရဲ့ အခွင့်အရေးတွေနဲ့ လွတ်လပ်တဲ့တရားစီရင်ရေး စနစ်ကို တန်ဖိုးထားတဲ့လူ့အဖွဲ့အစည်းတည်ရှိပါတယ်။ အဲဒီလိုလူ့အဖွဲ့ အစည်းထဲမှာ အရပ်ဘက်ဝန်ထမ်းများရဲ့ ဩဇာအာဏာကြီးမားမှုနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့်အရေးတွေ စနစ်တကျ နေရာ တကျရှိတဲ့ခိုင်မာခေတ်မီတဲ့ နိုင်ငံရေးစနစ်တစ်ခုကိုတည်ထောင်ပြီး အတော်ကြာမှ အနောက်နိုင်ငံတွေဟာ နိုင်ငံသားအားလုံးကို ရွေး ကောက်ပွဲမှာ မဲပေးခွင့်ပြုခဲ့တာပါ။

သိပ်မကြာသေးတဲ့နှစ်များမှာ ဒီမိုကရေစီစန စ်ခိုင်ခိုင်မာမာ အမြစ်တွယ်ပြီးဖြစ်တဲ့နိုင်ငံတွေမှာတောင်မှ ဒီမိုကရေစီနိုင်ငံအသစ်များ အတွက် စံပြရှေ့ဆောင်ဖြစ်မယ်လို့ မျှော်လင့်ခဲ့တဲ့အရေးကြီးဆုံး အဖွဲ့ အစည်းကြီးတွေဟာ ခေတ်နဲ့အညီမဟုတ်တော့တာ၊ မှန်မှန်ကန်ကန် ထိထိရောက်ရောက်လုပ်ငန်းမဆောင်ရွက်နိုင်တော့တာ တွေ့ရပါတယ်။ ပါတီအကျိုးဦးစားပေးမှုတွေများလွန်းလို့ ပါတီကြီးနှစ်ခုကြား အပြန် အလှန် ပြစ်တင်ရှုတ်ချဝေဖန်မှုတွေ လွှမ်းမိုးပြီး နိုင်ငံရဲ့အကြွေးတွေကို ပြန်လည်ပေးဆပ်နိုင်စွမ်းမရှိအောင် ဖြစ်တော့မည့် ဆိုးဝါးတဲ့အခြေအနေ

မျိုးကို ကျန်ခဲ့တဲ့နှစ်နှစ်အတွင်းမှာ နှစ်ကြိမ် ရောက်ခဲ့ရလို့ 'အမေရိကန်ပြည်ထောင်စု'ဆိုတဲ့စကားလုံးဟာ 'ရှေ့မတိုး နောက်မဆုတ်အခြေအနေ'ကို ကိုယ်စားပြုတဲ့ စကားလုံးဖြစ်တယ်လို့တောင် လှောင်ပြောင်ခံခဲ့ရပါတယ်။

အမေရိကန်ပြည်ထောင်စုရဲ့ ဒီမိုကရေစီစနစ်ဟာလည်း ပါတီတစ်ခုချင်းရဲ့နိုင်ငံရေးအမြတ်ထုတ်ရန် ကြိုးပမ်းမှုတွေနဲ့ ညစ်နွမ်းခဲ့ပါတယ်။ ဒီအခြေအနေမျိုးမှာ နိုင်ငံရေးသမားတွေဟာ သူတို့နဲ့ သူတို့ပါတီကို ထောက်ခံသူများကိုသာ ဆက်ဆံစည်းရုံးပြီး ကျန်တဲ့သန်းပေါင်းများစွာသော မဲဆန္ဒရှင်များကို လျစ်လျူရှုကြတာမို့ အစွန်းရောက်ဝါဒကို အားပေးရာရောက်ပါတယ်။ အမေရိကန်နိုင်ငံရေးမှာလည်း ငွေကြေးက ပိုပြီးအရေးကြီးလာပါတယ်။ ကုမ္ပဏီများ၊ ကော်ပိုရေးရှင်းကြီးများ၊ စီးပွားရေးနဲ့ ငွေကြေးအဖွဲ့အစည်းများကိုယ်စား ကွန်ဂရက်လွှတ်တော်နဲ့ အစိုးရအပေါ် ဩဇာသက်ရောက်ဖို့ ကြိုးစားကြတဲ့ ထောင်ပေါင်းများစွာသော လော်ဘီရစ်(Lobbyist)များက ဥပဒေကြမ်းများကိုသက်ဆိုင်ရာ အဖွဲ့အစည်းများရဲ့ အကျိုးစီးပွားတွေ၊ အထူးအခွင့်အရေးတွေ ထည့်သွင်းစေပြီးပိုပြီး ရှုပ်လျှားရှုပ်ထွေးစေပါတယ်။

ဒါတွေအားလုံးက အမေရိကန်ဒီမိုကရေစီဆိုတာ (ပိုက်ဆံများများပေးနိုင်သူကို) ရောင်းရန် ဖြစ်တယ်။ ချမ်းသာသူများဟာ ဆင်းရဲသူများထက်ပိုပြီး အာဏာရှိတယ် ဆိုတဲ့အမြင်မျိုးဖြစ်ပေါ်စေပါတယ်။ ဒါပေမဲ့ လော်ဘီရစ်များနဲ့ ရွေးကောက်ပွဲအလှူရှင်များကတော့ နိုင်ငံရေးနဲ့ ရွေးကောက်ပွဲအတွက် အသုံးစရိတ်တွေလှူဒါန်းခြင်းဟာ လွတ်လပ်စွာပြောဆိုခွင့်ကို ကျင့်သုံးခြင်းဖြစ်တယ်လို့ ငြင်းခုံကြပါတယ်။ ဒါတွေအားလုံးရဲ့ရလဒ်ကတော့ အမေရိကန်ပြည်ထောင်စုနဲ့ ဒီမိုကရေစီရဲ့ ပုံရိပ်တွေဟာ ပြင်းပြင်းထန်ထန် ဘက်ပေါင်းစုံက တိုက်ခိုက်ခြင်းခံနေရတာပါပဲ။

ဥရောပသမဂ္ဂနိုင်ငံများဟာလည်း ဒီမိုကရေစီရေးမှာ ထူးထူးခြားခြား ကောင်းမွန်ကြတာ မဟုတ်တော့ပါဘူး။ ၁၉၉၉ ခုနှစ် ယူရို





ငွေကြေးစနစ် (Euro) ကို အဖွဲ့ဝင်နိုင်ငံများအားလုံးကျင့်သုံးကြဖို့ ဆုံးဖြတ်ချက်ချကြရာမှာ နိုင်ငံအများစုမှာကျွမ်းကျင်သူပညာရှင်တွေက ဆုံးဖြတ်ခဲ့ပြီး ဒိန်းမတ်နဲ့ဆွီဒင်နှစ်နိုင်ငံထဲက ဒီလောက်အရေးကြီးတဲ့ကိစ္စကြီးကို လူထုဆန္ဒ ခံယူပွဲကျင်းပပြီး အဆုံးအဖြတ်ခံခဲ့တာပါ။ (နှစ်နိုင်ငံစလုံးက ငြင်းဆန်ခဲ့ပါတယ်)။

ဥရောပသမဂ္ဂနိုင်ငံများရဲ့ ကိုယ်စားပြု အာဏာပိုင်အဖွဲ့အစည်းဖြစ်ပြီး ဘယ်လ်ဂျီယန်နိုင်ငံ၊ ဘရပ် ဆဲလ်မြို့တော်မှာဌာနချုပ်ရှိတဲ့ ဥရောပကောင်စီနဲ့ဥရောပကော်မရှင်တွေကို ပိုပြီးအာဏာနှင်းအပ်တဲ့စာချုပ် (The Lisbon Treaty) ကို ပေါ်တူဂီနိုင်ငံ၊ လစ္စဘွန်းမြို့မှာရေးဆွဲပြီး အဖွဲ့ဝင်နိုင်ငံများအလိုက် လူထုဆန္ဒခံယူမည့် အစီအစဉ်ကိုလည်း အဖွဲ့ဝင်နိုင်ငံအချို့မှာ လူထုအများစုက ကန့်ကွက်ပယ်ချခဲ့ချိန်ကစလို့ ဆက်မလုပ်တော့ဘဲ ရပ်ဆိုင်းထားခဲ့ပါတယ်။ ဥရောပသမဂ္ဂနိုင်ငံများမှာ ယူရိုငွေကြေးအကျပ်အတည်း ဖြစ်တဲ့အမှောင်မိုက်ဆုံးကာလတွေမှာ ယူရိုငွေကြေးကို အခိုင်အမာ ထောက်ခံတဲ့အင်အားကြီးနိုင်ငံများက ဖိအားပေးပြီး အကြီးအကျယ် ဒုက္ခရောက်နေတဲ့ အီတလီနဲ့ဂရိနိုင်ငံတွေမှာ ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားတဲ့အစိုးရတွေကို ကျွမ်းကျင်သူပညာရှင်များ (Technocrats) နဲ့အစားထိုးစေခဲ့ပါတယ်။

ဥရောပသမဂ္ဂရဲ့ ဒီမိုကရေစီ အားနည်းချက်တွေကို ပြင်ဆင်ဖို့ ရည်ရွယ်ချက်နဲ့ ဖွဲ့စည်းတဲ့ ဥရောပပါလီမန်ဟာလည်း အပစ်ပယ်ခံ၊ လူကြိုက်နည်းတဲ့ အဖွဲ့အစည်းသာ ဖြစ်ခဲ့ပါတယ်။ ဥရောပသမဂ္ဂဟာ တဖြည်းဖြည်းနဲ့ အမျိုးသားရေး ဝါဒကိုလှုံ့ဆော်ပြီး လူကြိုက်များအောင်လုပ်တတ်တဲ့ နိုင်ငံရေးပါတီ များကို မွေးထုတ်ပေးရာ ဒေသကြီးဖြစ်လာပါတယ်။ ဥပမာအားဖြင့် နယ်သာလန်နိုင်ငံမှာ အစ္စလာမ်ဘာသာကိုဆန့်ကျင်တဲ့နိုင်ငံရေးသမား ဂီးအတ်ဝီလ်ဒါ (Geert Wilders) ရဲ့လွတ်လပ်ရေးပါတီ (Party for Freedom)၊ ပြင်သစ်နိုင်ငံမှာ အမျိုးသားရေး

ဝါဒီမာရင်းလီပဲန်း (Marine Le Pen) ခေါင်းဆောင်ပြီး 'သာမန်ပြည်သူတွေကို မောက်မာရိုင်းစိုင်းပြီး အရည်အချင်းမရှိတဲ့ လူ့မလိုင်တွေရန်ကကာကွယ်ပေးမယ်' လို့ ကြွေးကြော်တဲ့ အမျိုးသားတပ်ဦး (National Front) စသည်ဖြင့်ပါ။ ဂရိ နိုင်ငံမှာဆိုရင်လည်း နာဇီလက်သစ်များလို့ ထင်ရှားတဲ့ ရွှေရောင်အရုဏ်ဦးပါတီ (Golden Dawn) ကဒီမိုကရေစီစနစ်က နာဇီဝါဒပြန်လည်ရှင်သန်လာတာကို ဘယ်လောက်သည်းခံနိုင်မလဲ ဆိုတာ စမ်းသပ်နေပါတယ်။ ဒီလိုအစွန်းရောက်အယူအဆတွေကို ယဉ်ပါးပျော့ပြောင်းသွားအောင်လုပ်ဖို့ဖန်တီးခဲ့တဲ့အစီအစဉ်တွေက ဒီအစွန်းရောက်အယူအဆနဲ့အင်အားတွေကို ပိုပြီး ရှင်သန်အားကောင်းစေသလို ဖြစ်နေပါတယ်။

## အပိုင်း (၃)

## ဒီမိုကရေစီပန်းနာရင်ကျပ်ဖြစ်ခြင်း (The Democratic Distemper)

ဒီမိုကရေစီဟာ သူ့ရဲ့အရင်းအမြစ်မှာတောင် ဖွဲ့စည်းမှုဆိုင်ရာ ပြဿနာတွေကို အလေးအနက်ခံစားနေရတာပါ။ ဒီပြဿနာတွေဟာ ရံဖန်ရံခါ ဖြစ်တတ်တဲ့ သီးခြားနေမကောင်းမှုမျိုး မဟုတ်ပါဘူး။ ခေတ်ပေါ်ဒီမိုကရေစီကာလ စတင်ထွန်းကားတဲ့ ၁၉ ရာစုနောက်ပိုင်းနှစ်များမှာကတည်းက ဒီမိုကရေစီဆိုတာကို နိုင်ငံများဖွဲ့စည်းခြင်းနဲ့ အမျိုးသား လွှတ်တော်များပေါ်ပေါက်လာခြင်းတို့နဲ့ အဓိပ္ပာယ်ဖွင့်ဆိုကြတာပါ။ ပြည်သူလူထုက နိုင်ငံတော်အာဏာကို သူတို့ကိုယ်စားသတ်မှတ်ထားတဲ့ ကာလတစ်ခုအတွင်း ကိုင်တွယ်ကျင့်သုံးမည့် ကိုယ်စားလှယ်တွေကို ရွေးချယ်တင်မြှောက်ကြပါတယ်။ အဲဒီလိုဒီမိုကရေစီကို ရွေးချယ်တင်မြှောက်မှုနဲ့ ဖော်ပြတဲ့အစဉ်အလာဟာ အခုအချိန်မှာ အပေါ်ဘက်ကရော အောက်ဘက်ကပါတိုက်ခိုက်ခံနေရပါပြီ။

အပေါ်ဘက်ကဆိုရင် ကမ္ဘာပြုခြင်း (Globalization) က အမျိုးသားနိုင်ငံရေးတွေကို အကြီးအကျယ်ပြောင်းလဲပစ်လိုက်ပါတယ်။





နိုင်ငံရေးသမားတွေဟာ သူတို့ကိုင်တွယ်ထားတဲ့ နိုင်ငံတော်အာဏာ အတော်များများ ဥပမာအားဖြင့် ကုန်သွယ်ရေးနဲ့ ငွေကြေးစီးဆင်းမှုကို ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်နဲ့နိုင်ငံတကာအဖွဲ့အစည်းကြီးတွေထံ စွန့်လွှတ်လိုက်ရပါပြီ။ ဒါကြောင့်မို့ သူတို့ဟာသူတို့ရဲ့မဲဆန္ဒရှင်တွေကို သူတို့ပေးခဲ့တဲ့ကတိတွေကို ထိန်းသိမ်းနိုင်စွမ်းမရှိတော့တာ တွေ့ရပါတယ်။ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund)၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း (World Trade Organization)၊ ဥရောပသမဂ္ဂ (European Union) စတဲ့ နိုင်ငံတကာအဖွဲ့အစည်းကြီးများဟာ သူတို့ရဲ့ ဩဇာအာဏာနဲ့လွှမ်းမိုးနိုင်စွမ်းတွေကို ချဲ့ထွင်နိုင်ခဲ့ကြပါတယ်။ ဒီ့အတွက်လည်း လုံလောက်တဲ့အကြောင်းပြချက် ရှိပါတယ်။ ရာသီဥတုအပြောင်းအလဲ(Climate Change) လို၊ အခွန် တိမ်းရှောင်မှု (Tax Evasion) လိုကြီးမားတဲ့ ပြဿနာကြီးတွေကို နိုင်ငံတစ်ခုတည်းက မဖြေရှင်းနိုင်ပါ။

အမျိုးသားနိုင်ငံရေးသမားတွေဟာ သူတို့ရဲ့ဆုံးဖြတ်ချက်ချပိုင်ခွင့်တွေကို ကန့်သတ်ခြင်းနဲ့ အချို့အရေးကိစ္စတွေမှာ ဆုံးဖြတ်ချက်ချပိုင်ခွင့်အာဏာကို အရွေးချယ်ခံမဟုတ်တဲ့ ကျွမ်းကျင်သူပညာရှင်များထံ လွှဲပြောင်းပေးခြင်းဖြင့် ကမ္ဘာပြုခြင်းကို တုံ့ပြန်ကြပါတယ်။ ဥပမာအားဖြင့် ၁၉၈၀ ခုနှစ်မှာ ကိုယ်ပိုင်ဆုံး ဖြတ်ချက်ချခွင့်ရှိတဲ့ ဗဟိုဘဏ်ပေါင်း ၂၀ လောက်သာရှိခဲ့ရာက ဒီကနေ့မှာဖြင့် ၁၆၀ ကျော် ရှိနေပါပြီ။

အောက်ဘက်ကလည်း အပေါ်ဘက်ကတိုက်ခိုက်မှုနဲ့တန်းတူ အားကောင်းတဲ့စိန်ခေါ်မှုတွေ ရှိလာပါတယ်။ အဲဒီစိန်ခေါ်မှုတွေက မူရင်းနိုင်ငံမှခွဲထွက်ဖို့ ကြိုးစားနေတဲ့ကက်တလန် (Catalans) နဲ့စကော့ (Scots) စတဲ့ ဒေသတွေ၊ အိန္ဒိယနိုင်ငံရဲ့ပြည်နယ်များနဲ့ အမေရိကန်မြို့တော်ဝန်များထံက လာပါတယ်။ အားလုံးက သူတို့ဒေသတွေရဲ့ အချုပ်အခြာအာဏာကို နိုင်ငံတော်အစိုးရများထံက ပြန်တောင်းယူဖို့

ကြိုးစားနေကြတာပါ။ ပြီးတော့ ကာနေးဂျီးနိုင်ငံတကာငြိမ်းချမ်းရေးဌာန (Carnegir Endowment for International Peace) က မွိုင့်ဆက်နိုင် (Moises Naim) က 'အသေးစားအာဏာတွေ' (Micro-Powers) လို့ကင်ပွန်းတပ်တဲ့အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) နဲ့ အစိုးရနဲ့ ပါလီမန်ရဲ့အဆုံးအဖြတ်တွေကို လွှမ်းမိုးဖို့ ကြိုးစားနေတဲ့ အကျိုးစီးပွားကိုယ်စားပြုလှုံ့ဆော်သူများ (Lobbyists) ဆီကလည်း လာပါတယ်။ သူတို့တွေဟာ သမားရိုးကျနိုင်ငံရေးအစဉ်အလာတွေကို အနှောင့်အယှက်ပြုပြီး ဒီမိုကရေစီ ခေါင်းဆောင်၊ အာဏာရှင်ခေါင်းဆောင် အားလုံးရဲ့ဘဝတွေကို ပိုပြီးခက်ခဲအောင် ပြုလုပ်နေကြပါတယ်။ အင်တာနက်ကလည်း လူတွေကိုစည်းရုံးလှုံ့ဆော်ရာမှာ ပိုပြီး လွယ်ကူစေပါတယ်။

လူတွေက (Reality-TV) တယ်လီဗီးရှင်းပေါ်မှာ အပတ်တိုင်း ပါဝင်မဲပေးနိုင်တဲ့ ဒါမှမဟုတ်လည်း ကလစ်တစ်ချက်နှိပ်ရုံနဲ့ ကွန်ပျူတာဖန်သားပြင်ပေါ်က အသနားခံစာ၊ တောင်းဆိုစာတစ်စောင်ကို ထောက်ခံမှုပေးနိုင်တဲ့ ဒီနေ့ကမ္ဘာကြီးမှာ ရွေးကောက်ပွဲတွေကို ပုံမှန်ကျင်းပပြီး လူထုဆန္ဒဖော်ထုတ်ခွင့်ရအောင် ဖန်တီးတည်ဆောက်ထားတဲ့ ပါလီမန်ဒီမိုကရေစီစနစ်ရဲ့ အခြေခံအဖွဲ့အစည်းများနဲ့ ယန္တရားတွေဟာ မဟုတ်တဲ့အချိန်မှာ မဟုတ်တဲ့နေရာကို ရောက်နေကြရသလိုပါ (Wrong Place; Wrong Time)။ ဗြိတိသျှပါလီမန် အမတ်တစ်ဦးဖြစ်တဲ့ ဒေါက်ဂလတ်စ်ကာစ်ဝဲလ် (Douglas Carswell) ကသမားရိုးကျနိုင်ငံရေးလုပ်ငန်းစဉ်တွေကို အခုတော့မရှိတော့ပြီဖြစ်တဲ့ HMV လို့ခေါ်တဲ့ ဗြိတိသျှ သီချင်း ဓာတ်ပြားရောင်းတဲ့ဆိုင်များနဲ့ နှိုင်းယှဉ်ပြပါတယ်။

ဒီကနေ့လို လူတွေဟာ သူတို့နားထောင်ချင်တဲ့၊ ဝယ်ချင်တဲ့ သီချင်းတွေကို အင်တာနက်ပေါ်ကနေ ရောင်းတဲ့ကုမ္ပဏီများက တစ်ဆင့် အကြွေးဝယ်ယူကတ်နဲ့ဝယ်ယူနိုင်ပြီး အင်တာနက်ပေါ်ကပဲ ရယူပိုင်ဆိုင်နိုင်တဲ့ကမ္ဘာကြီးမှာ HMV ဆိုင်တွေမလိုအပ်တော့ပါ။





ဒီမိုကရေစီအတွက် အရေးအကြီးဆုံးစိန်ခေါ်မှုကတော့ အပေါ်၊ အောက်နှစ်ဖက်စလုံးကမဟုတ်ဘဲ ဒီမိုကရေစီစနစ်ရဲ့ အတွင်းဘက်က လာပါတယ်။ အဲဒါကတော့ မဲဆန္ဒရှင်ပြည်သူတွေကိုယ်တိုင်ပါပဲ။ ဒီမိုကရေစီနဲ့ပတ်သက်ပြီး ပလေတို (Plato) တစ်ချိန်က ခန့်မှန်းပူပင်ခဲ့တဲ့ 'နိုင်ငံသားတွေဟာ အခိုက်အတန့်သာယာမှုတွေအပေါ် ကျေနပ်ပြီး တစ်နေ့ပြီးတစ်နေ့ကုန်ဆုံးလိမ့်မယ်' ဆိုတာမှန်ကန်တဲ့ ခန့်မှန်းချက်ဖြစ်နေပါပြီ။

ဒီမိုကရေစီအစိုးရတွေဟာ မဲဆန္ဒရှင်ပြည်သူတွေရဲ့ ကာလတိုတစ်ခုအတွက်လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် ပိုက်ဆံတွေချေးငှားရင်းအနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှုတွေ မလုပ်နိုင်ဘဲ အကြွေးတွေ၊ ဘတ်ဂျက်လိုငွေပြမှုတွေနဲ့ အမြဲရင်ဆိုင်နေကြရတာ အစဉ်အလာလို ဖြစ်နေပါပြီ။ ပြင်သစ်နဲ့အီတလီအစိုးရတွေဟာ ဘတ်ဂျက်လိုငွေပြမှုကို မရပ်တန့်နိုင်တာ နှစ်ပေါင်း ၃၀ ကျော်ပါပြီ။ ကမ္ဘာ့ငွေရေးကြေးရေးအကျပ်အတည်း (Financial Crisis) က အကြွေးတွေနဲ့ ရပ်တည်ရှင်သန်နေရတဲ့ ဒီမိုကရေစီစနစ်ရဲ့မတည်ငြိမ်၊ မအောင်မြင်နိုင်မှုကို ထင်ထင်ရှားရှား ဖော်ထုတ်ပြသလိုက်ပါတယ်။

တိုင်းပြည်ဘဏ္ဍာထဲက ဖြစ်စေ၊ နိုင်ငံတကာငွေကြေး အဖွဲ့အစည်းများကရတဲ့ ချေးငွေနဲ့ဖြစ်စေ ငွေရေးကြေးရေးအကျပ်အတည်းကို ပြေလည်စေပြီးတဲ့နောက် နိုင်ငံရေးသမားတွေအဖို့ ပုံမှန်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေရှိခဲ့တုန်းက၊ ငွေကြေးတွေကို အလွယ်တကူချေးငှားနိုင်ခဲ့တဲ့ကာလတွေတုန်းက နှစ်ပေါင်းများစွာ ရှောင်လွှဲခဲ့တဲ့ ခက်ခဲတဲ့ လက်ရှိကာလမှာချိုးခြိုးချွေတာပြီး အနာဂတ်ကာလအတွက် ကြိုတင်ပြင်ဆင်မှုတွေကို မလွှဲမသွေဆောင်ရွက်ရတော့မှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ပြည်သူလူထုကိုချိုးခြိုးချွေတာကြဖို့ တိုက်တွန်းရင်း အသုံးစရိတ်တွေနဲ့ လခတွေကို လျှော့ချတာ ရွေးကောက်ပွဲမှာ လူကြိုက်များတဲ့ကိစ္စမဟုတ်ပါ။ ဖွံ့ဖြိုးတိုးတက်မှုနှုန်း နှေးကွေးတာနဲ့တိုင်းပြည်ရဲ့

အသုံးစရိတ်တွေကို ဖြတ်တောက်ကန့်သတ်ရတာတွေက အကန့်အသတ်ရှိတဲ့ အရင်းအမြစ်တွေကို အလုအယက်ပြိုင်ဆိုင်ရတဲ့ ပဋိပက္ခတွေကို လှုံ့ဆော်ပေးလိုက်ပါတယ်။

ပိုပြီးဆိုးတာက အဲဒီလိုအကျိုးစီးပွား ပြိုင်ဆိုင်မှုတွေက အနောက်နိုင်ငံတွေမှာ သက်ကြီးရွယ်အိုတွေ ပိုပြီးများပြားလာတဲ့အချိန်တဲ့ တိုက်ဆိုင်ဖြစ်ပေါ်နေတာပါ။ အသက်ကြီးတဲ့ မှုဂ္ဂိုလ်တွေက သူတို့ရဲ့ အသံကို နိုင်ငံရေးသမားတွေကကြားအောင် ဆောင်ရွက်ရာမှာ လူငယ်တွေထက် အမြဲပိုသာပါတယ်။ အစိုးရနဲ့ နိုင်ငံရေးသမားတွေကို သူတို့ရဲ့ မဲဆန္ဒပေးနိုင်တဲ့အင်အားပမာဏကို ပြပြီး ထိထိရောက်ရောက် ဖိအားပေးနိုင်ပါတယ်။ သူတို့ရဲ့မဲပေးနိုင်တဲ့ အရေအတွက်ကလည်း အမြဲတိုးပွားနေတာပါ။ ဒီမိုကရေစီနိုင်ငံအတော်များများဟာ အခုဆိုရင် အတိတ်ကာလနဲ့အနာဂတ်ကာလအကြား တိုက်ပွဲ၊ အငြိမ်းစားလစာနဲ့ ထောက်ပံ့ကြေးတွေကို ခံစားပိုင်ခွင့်ရှိတဲ့ သက်ကြီးရွယ်အိုများနဲ့ အနာဂတ်အတွက်လိုအပ်နေတဲ့ ရင်းနှီးမြှုပ်နှံမှုများအကြား ပဋိပက္ခတွေကို ရင်ဆိုင်နေကြရပါပြီ။

ပြည်သူတွေရဲ့နိုင်ငံရေးစနစ်အပေါ်၊ နိုင်ငံရေးသမားတွေအပေါ် သံသယစိတ်တွေ ပိုပြီးကြီးမားလာတာကလည်း ခက်ခဲတဲ့ ကာလတစ်ခုကို ဖြတ်သန်းနိုင်အောင်လှေကျင့်ရတာကို ပိုပြီးခက်ခဲစေပါတယ်။ ပြည်သူတွေရဲ့နိုင်ငံရေးပါတီဝင်မှုနှုန်းထားဟာလည်း ဖွံ့ဖြိုးပြီးနိုင်ငံတွေအားလုံးမှာလျော့ကျနေပါတယ်။ ဗြိတိန်နိုင်ငံမှာဆိုရင် ၁၉၅၀ ခုနှစ်များဆီက လူဦးရေရဲ့ ၂၀ ရာခိုင်နှုန်းလောက်က နိုင်ငံရေးပါတီဝင်များဖြစ်ခဲ့ကြပြီး ဒီနေ့မှာတော့ စုစုပေါင်းလူဦးရေရဲ့ (၁) ရာခိုင်နှုန်းသာနိုင်ငံရေးပါတီဝင်ကြတာ တွေ့ရပါတယ်။ ရွေးကောက်ပွဲတွေမှာ မဲပေးကြတဲ့မဲဆန္ဒရှင်များရဲ့အရေအတွက်ဟာလည်း ကျဆင်းလာပါတယ်။ ဒီမိုကရေစီနိုင်ငံပေါင်း ၄၉ နိုင်ငံကို လေ့လာကြည့်ရာမှာ ၂၀၀၇ ခုနှစ်နဲ့ ၂၀၁၃ ခုနှစ်အတွင်း ရွေးကောက်ပွဲများမှာ မဲဆန္ဒပေးသူများ





ဟာ ၁၉၈၀ ခုနှစ်နဲ့ ၁၉၈၄ ခုနှစ်များအတွင်း မဲဆန္ဒပေးသူ များထက် ၁၀ ရာခိုင်နှုန်း လျော့နည်းတာတွေ့ရပါတယ်။

၂၀၁၂ ခုနှစ်မှာ ဥရောပနိုင်ငံ ၇ နိုင်ငံမှာ ပြုလုပ်တဲ့စစ်တမ်းတစ်ခုမှာ ၅၀ ရာခိုင်နှုန်းကျော်တဲ့မဲဆန္ဒရှင်များက သူတို့ရဲ့အစိုးရအပေါ် လုံးဝအယုံအကြည်မရှိဘူးလို့ ထုတ်ဖော်ပြောဆိုကြပါတယ်။ ဗြိတိန်နိုင်ငံမှာ ၂၀၁၂ ခုနှစ်မှာပဲ ကောက်ခံတဲ့ ပြည်သူ့ဆန္ဒခံယူမှု (Public Opinion Poll) တစ်ခုမှာ ဖြေဆိုသူများရဲ့ ၆၂ ရာခိုင်နှုန်းက နိုင်ငံရေးသမားတွေဟာ မုသာဝါဒတွေကိုပဲ တစ်ချိန်လုံးပြောနေကြတယ်လို့ သဘောတူကြပါတယ်။

ဒီအတောအတွင်းမှာပဲ ရယ်စရာတစ်ခုဖြစ်အောင် ဖန်တီးခြင်းနဲ့ တစ်စုံတစ်ရာကို အမှန်တကယ် ဆန့်ကျင်ဆန္ဒပြဖို့ လှုံ့ဆော်ခြင်းတို့ကြားက နယ်နိမိတ်စည်းဟာလည်း အလျင်အမြန် ပျက်သုဉ်းနေပါတယ်။ ၂၀၁၀ ခုနှစ်က အိုင်းစလန်နိုင်ငံ (Iceland) ရဲ့ ရေကျာဗစ်မြို့တော်ကောင်စီ (Reykjaviks City Council) ရွေးကောက်ပွဲမှာ အနိုင်ရရင် ဖြောင်လာဘ်စားမယ်လို့ အတိအကျကြွေးကြော်မဲဆွယ်ခဲ့တဲ့ 'အကောင်းဆုံးပါတီ' (Best Party) ကဒုတိယအကျော်ယှဉ်ပြိုင်ခွင့်ရဖို့ လုံလောက်တဲ့ ထောက်ခံမဲတွေရခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မှာ အီတလီနိုင်ငံက မဲဆန္ဒရှင်များရဲ့ ၂၅ ရာခိုင်နှုန်းက လူရွှင်တော်တစ်ယောက်ဖြစ်တဲ့ ဘက်ပီဂရီလို (Beppe Grillo) ခေါင်းဆောင်တဲ့ပါတီကို မဲပေးခဲ့ကြပါတယ်။ ပြည်သူတွေကိုယ်တိုင်ကအစိုးရတွေဆီက သိပ်ပြီးမမျှော်လင့်ထားဘူးဆိုရင်အဲဒီလို ပြည်သူလူထုရဲ့နိုင်ငံရေးစနစ်အပေါ် သံသယရှိမှုတွေဟာ ကျန်းမာခိုင်ကောင်းမွန်တဲ့အားတစ်ခုဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ ပြည်သူတွေဟာ သူတို့မယုံကြည်ဘူးဆိုတဲ့အစိုးရများ ဆီက အများကြီးရဖို့ ဆက်ပြီးမျှော်လင့်နေကြပြန်တယ်။

အဲဒီလိုသံသယနဲ့ လိုချင်မှုတွေ တစ်ပြိုင်တည်းရှိခြင်းရဲ့ရလဒ်ကတော့ အဆိပ်အတောက်နဲ့ မတည်ငြိမ်မှုတွေ ရောထွေးနေတဲ့ မသေ

ချာမှု၊ သူတို့မလေးစားတဲ့ အစိုးရအပေါ် သူတို့ကိုယ်တိုင်က မှီခိုနေရမှုပါ။ သူတို့ရဲ့မှီခိုမှုကြောင့် အစိုးရတွေက အလွန်အကျွံသုံးစွဲတာတွေ ပြုလုပ်ပြီး ကြွေးမြီတွေ ပိုပြီးများပြားလာပါတယ်။ တစ်ချိန်တည်းမှာပဲ လူထုရဲ့မလေးစားမှုက အစိုးရရဲ့တရားဝင်လူထုကိုယ်စားလှယ်ဖြစ်မှုကို မှေးမှိန်စေပါတယ်။ ဒီလိုနဲ့ ဒီမိုကရေစီဖရိုဖရဲဖြစ်မှုနဲ့ ဒီမိုကရေစီ ပန်းနာရင်ကျပ်ရောဂါတို့ဟာ တစ်ချိန်တည်း တစ်ပြိုင်တည်းဖြစ်ပေါ်နေကြပါတယ်။

ဒီမိုကရေစီရဲ့မူလအတွင်းသဏ္ဍာန်မှာတည်ရှိနေတဲ့ ပြဿနာတွေက နေရာအနှံ့မှာ ဒီမိုကရေစီဆုတ်ယုတ်မှုတွေ ဘာကြောင့်ဖြစ်နေရသလဲဆိုတာကို နားလည်စေပါတယ်။ ၂၀ ရာစုနှစ်တွေထဲမှာ ဒီမိုကရေစီရှင်သန် အောင်မြင်ရခြင်းရဲ့အကြောင်းတစ်ချက်က အမေရိကန်ပြည်ထောင်စုရဲ့ ပြိုင်ဘက်ကင်းတဲ့အားကောင်းလွှမ်းမိုးမှု (American Hegemony) ဖြစ်ပါတယ်။ နိုင်ငံအများစုဟာသဘာဝကျစွာပဲ ကမ္ဘာ့ဦးဆောင်အင်အားကြီးအမေရိကန်နိုင်ငံကို အတုယူကြတယ်။ ပုံတူကူးချကြတယ်။ စနစ်ချင်းတူအောင် ကြိုးစားကြတယ်။ ဒါပေမဲ့ တရုတ်နိုင်ငံအားကောင်းကြွခိုင်လာပြီး တရုတ်ရဲ့ ကမ္ဘာတစ်ဝန်းလွှမ်းမိုးနိုင်မှုတွေ မြင့်မားလာချိန်မှာ အမေရိကန်နဲ့ဥရောပနိုင်ငံများဟာ ဒီမိုကရေစီစနစ်က စံပြနိုင်ငံများ အဖြစ်ကနေ လျှောကျခဲ့ကြတယ်။ ဒီမိုကရေစီ ဖြန့်ကြက်နိုင်စွမ်းတွေ လျော့နည်းလာကြတယ်။

အမေရိကန်ပြည်ထောင်စုမှာ အိုဘားမားရဲ့အစိုးရဟာ 'ဒီမိုကရေစီဖြန့်ကြက်ခြင်းကလည်း အာဏာရှင်အစိုးရတွေ၊ အစွန်းရောက်အစွလာမ် ဝါဒီတွေကို မွေးဖွားပေးနိုင်တယ်' ဆိုတဲ့အကြောက်တရားနဲ့ မလှုပ်မယှက်ဖြစ်နေသလို ထင်ရတယ်။ ပြီးတော့ ကမ္ဘာ့ထိပ်တန်း ဒီမိုကရေစီနိုင်ငံကြီးဖြစ်တဲ့ အမေရိကန်နိုင်ငံမှာ အနာဂတ်အတွက် ပြင်ဆင်မှုတွေလုပ်ဖို့မပြောနဲ့ နှစ်တစ်နှစ်စာ ဘတ်ဂျက်ကိုတောင်မှ အလွယ်တကူ အချိန်မီ အတည်မပြုနိုင်တဲ့အခြေအနေမျိုးမှာ ဖွံ့ဖြိုးဆဲ





နိုင်ငံတွေက ဒီမိုကရေစီကို သူတို့နိုင်ငံများအတွက် သင့်တော်တဲ့စံပြနိုင်ငံရေးစနစ်အဖြစ် ဘယ်လိုလုပ်ပြီး လက်ခံနိုင်ကြမှာလဲ။ ဥရောပမှာဆိုရင်လည်း ထိပ်တန်းဥရောပ ခေါင်းဆောင်တွေက လူထုရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရတွေကို ဖြုတ်ချပြီး နည်းပညာကျွမ်းကျင်သူတွေနဲ့အစားထိုးလို့ တိုင်းပြည်တစ်ပြည်ရဲ့ စီးပွားရေးကျဆင်းမှုကို ထိန်းချုပ်ဖို့ ကြိုးစားနေတဲ့ အခြေအနေမျိုးမှာ ဘယ်လိုအာဏာရှင်မျိုးက ဥရောပရဲ့ ဒီမိုကရေစီဟောပြောမှုတွေကို နားထောင်ကြမှာလဲ။

တစ်ချိန်တည်းမှာပဲ ထွန်းသစ်စဒီမိုကရေစီနိုင်ငံများမှာလည်း ချမ်းသာတဲ့နိုင်ငံများမှာလိုပဲ ပြဿနာတွေ တွေ့ကြုံနေရပါတယ်။ အဲဒီနိုင်ငံတွေမှာလည်း ရေရှည်ကာလအတွက်ရင်းနှီးမြှုပ်နှံမှုတွေမလုပ်ဘဲ ကာလတိုအတွက်အလွန်အကျွံသုံးစွဲခဲ့ကြတယ်။ ဘရာဇီးနိုင်ငံမှာဆိုရင် အစိုးရဝန်ထမ်းတွေကိုအသက် ၅၃ နှစ်မှာ အငြိမ်းစားယူဖို့ ခွင့်ပြုခဲ့တယ်။ ဒါပေမဲ့တိုင်းပြည်ရဲ့ ခေတ်နောက်ကျနေတဲ့ လေဆိပ်များကို ပြင်ဆင်မွမ်းမံဖို့၊ ခေတ်မီအောင်လုပ်ဖို့ပျက်ကွက်ခဲ့ပါတယ်။ အိန္ဒိယနိုင်ငံမှာအမျိုးမျိုးသောအခွင့်အရေးတောင်းခံသူအုပ်စုများ (Interest Groups) အတွက် ငွေကြေးအမြောက်အမြားသုံးစွဲနေရပေမည့် တိုင်းပြည်ရဲ့ ခေတ်နောက်ကျနေတဲ့ အခြေခံအဆောက်အအုံတွေအပေါ်မှာ ရင်းနှီးမြှုပ်နှံမှုက နည်းလှပါတယ်။

ဒီမိုကရေစီစနစ်ဟာ အခွင့်အရေးတောင်းခံသူ အုပ်စုများရဲ့ သိမ်းပိုက်မှုနဲ့ ဒီမိုကရေစီမဆန်တဲ့ အလေ့အကျင့်များရဲ့ဖျက်ဆီးမှုတွေကို ခံနေရပါတယ်။ ပက်ထရစ်ဖရန့် (Patrick French) လို့ခေါ်တဲ့ ဗြိတိသျှ သမိုင်းပညာရှင်က အိန္ဒိယအောက်လွှတ်တော်မှာ အသက် ၃၀ အောက် အမတ်များအားလုံးဟာ နိုင်ငံရေးထိပ်သီးများရဲ့မျိုးဆက်များ (Political Dynasty) ဖြစ်တယ်လို့ဆိုပါတယ်။ အရင်းရှင်လောကရဲ့ ထိပ်သီးခေါင်းဆောင်တွေထဲမှာတောင်မှ ဒီမိုကရေစီအပေါ် ထောက်ခံမှုက ကျဆင်းနေပါတယ်။ အိန္ဒိယနိုင်ငံရဲ့ စီးပွားရေးထိပ်သီး

ကြီးများက ပြောပါတယ်။ 'တရုတ်နိုင်ငံရဲ့အာဏာရှင်စနစ်က အဝေးပြေးလမ်းမကြီးတွေ၊ တောက်ပြောင်ခမ်းနားတဲ့ နိုင်ငံတကာလေဆိပ်ကြီးတွေ၊ မြန်နှုန်းမြင့်ရထားတွေ တည်ဆောက်ပေးနေချိန်မှာ အိန္ဒိယနိုင်ငံရဲ့ ပြဿနာပေါင်းစုံလှတဲ့ ဒီမိုကရေစီစနစ်က ပုပ်သိုးဆွေးမြေ့နေတဲ့ အခြေခံအဆောက်အအုံတွေကိုပဲ ဖန်တီးပေးတယ်' တဲ့။

ဒီမိုကရေစီစနစ်ဟာ နောက်ပြန်ဆုတ်ရတဲ့အခြေအနေမျိုးနဲ့ အရင်တုန်းကလည်း ကြုံခဲ့ဖူးပါတယ်။ ၁၉၂၀ ခုနှစ်များနဲ့ ၁၉၃၀ ခုနှစ်များမှာ ကွန်မြူနစ်ဝါဒနဲ့ ဖက်ဆစ်ဝါဒတွေကို အလားအလာကောင်းတယ်လို့ ထင်ခဲ့ကြဖူးပါတယ်။ စပိန်နိုင်ငံမှာ ၁၉၃၁ ခုနှစ်မှာ ပါလီမန်ဒီမိုကရေစီအစိုးရကို အခိုက်အတန့်အားဖြင့် ပြန်လည်တည်ဆောက်နိုင်ခဲ့ပါတယ်။ အဲဒီတုန်းက မူဆိုလိုနီ (Benito Mussolini) က ပါလီမန်ဒီမိုကရေစီစနစ် ပြန်လည်ရှင်သန်လာတာကို လျှပ်စစ်ခေတ်ကြီးမှာ ဆီမီးခွက်ထွန်းရတဲ့ဘဝကို ပြန်သွားတာပဲလို့ ရှုတ်ချခဲ့ဖူးပါတယ်။ ၁၉၇၀ ခုနှစ်များအလယ်လောက်မှာ ဂျာမန်ဝန်ကြီးချုပ်ဟောင်း ဝီလီဘရန့် (Willy Brandt) က 'အနောက်ဥရောပနိုင်ငံများမှာ ဒီမိုကရေစီရှင်သန်ဖို့ နောက်အနှစ် ၂၀ သို့မဟုတ် ၃၀ လောက်ပဲကျန်တော့တယ်။

အဲဒီနောက်မှာ အနောက်ဥရောပဟာ မောင်းနှင်အားမဲ့၊ အခုအခံမဲ့ဖြစ်ပြီး ပတ်ဝန်းကျင်က အာဏာရှင်စနစ်ပင်လယ်ကြီးထဲကို ကျဆင်းသွားလိမ့်မယ်' လို့ ဟောကိန်းထုတ်ခဲ့ပါတယ်။ ဒီနေ့အချိန်မှာ အခြေအနေက အဲဒီလောက်တော့မဆိုးသေးပါ။ ဒါပေမဲ့ တရုတ်ရဲ့ စီးပွားရေး တိုးတက်မှုနဲ့ နိုင်ငံရေး ဩဇာဖြန့်ကျက်မှုတွေက ဒီမိုကရေစီစနစ်ကို ကွန်မြူနစ်ဝါဒက ခြိမ်းခြောက်နိုင်ခဲ့တာထက် ပိုပြီး ကြီးကြီးမားမား ခြိမ်းခြောက်နေတာအထင်အရှားပါ။

တကယ်တော့ တရုတ်နိုင်ငံရဲ့အံ့ဩစရာကောင်းလှတဲ့ အောင်မြင်မှုတွေကလည်း ပိုပြီးနက်ရှိုင်းတဲ့ ပြဿနာတွေကိုဖုံးကွယ်ထားတာပါ။





ကွန်မြူနစ်ပါတီခေါင်းဆောင်တွေဟာ တဖြည်းဖြည်းနဲ့ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုတွေလွန်ကဲပြီး ကိုယ်ကျိုးစီးပွားဦးစားပေးတဲ့ အုပ်စုတွေဖြစ်လာကြပါတယ်။ တရုတ်ပြည်ရဲ့လွှတ်တော်ဖြစ်တဲ့ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် (China's National Peoples Congress) အဖွဲ့ဝင်တွေထဲက အချမ်းသာဆုံးပုဂ္ဂိုလ် ၅၀ ပေါင်းပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ သန်းထောင်ပေါင်း ၉၄ ဒသမ ၇ လောက် ကြွယ်ဝချမ်းသာကြပါတယ်။ အဲဒီပမာဏဟာ အမေရိကန် ကွန်ဂရက်လွှတ်တော်က အချမ်းသာဆုံးလွှတ်တော်အမတ် ၅၀ စုပေါင်း ပိုင်ဆိုင်တာထက် အဆပေါင်း ၆၀ ပိုများပါတယ်။ တရုတ်နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာလည်း အရင်တုန်းက ၁၀ ရာခိုင်နှုန်းလောက်ရှိခဲ့ရာကနေ ၈ ရာခိုင်နှုန်းအထိ ကျဆင်းလာခဲ့ပြီး ဆက်လက်ပြီး ကျဆင်းမယ့်အခြေအနေရှိပါတယ်။ ဒါဟာဖြင့် စီးပွားရေးပုံမှန်တိုးတက်မှုတွေနဲ့ ပြည်သူလူထု လက်ခံအောင်ကြိုးစားနေရတဲ့ တရုတ်ကွန်မြူနစ်အစိုးရအတွက် ကြီးမားတဲ့စိန်ခေါ်မှုကြီးပါ။

တစ်ချိန်တည်းမှာပဲ ၁၉ ရာစုနှစ် ပြင်သစ်နိုင်ငံရေးအတွေးအခေါ်ရှင် အလက်ဆစ်ဒီတော်ကူဗဲလ် (Alexis de Tocqueville) က 'ဒီမိုကရေစီစနစ်ဟာ အမြဲတမ်းပဲ အမှန်တကယ်ထက်ပိုပြီး အားနည်းတယ်လို့ မြင်ရလိမ့်မယ်' လို့ညွှန်ပြခဲ့သလိုပါပဲ။ အပေါ်ယံမှာ စိတ်ရှုပ်ထွေးစရာ ကောင်းလှတဲ့ ပြဿနာတွေနဲ့ မြင်တွေ့နေရပေမည့် ဒီမိုကရေစီစနစ်မှာ အလွယ်တကူမမြင်တွေ့ရတဲ့ခွန်အားတွေအများကြီးရှိနေပါသေးတယ်။ တကယ်တော့လည်း ပုံမှန်ကျင်းပတဲ့ ရွေးကောက်ပွဲကတစ်ဆင့် ပြည်သူမကြိုက်တော့တဲ့ ခေါင်းဆောင်ကိုဖယ်ရှားပြီး ခေါင်းဆောင်အသစ်တင်မြှောက်လို့ မူဝါဒအသစ်တွေနဲ့တိုင်းပြည်ရဲ့ ပြဿနာတွေကို ဦးဆောင် ဖြေရှင်းစေနိုင်တာကိုက ဒီမိုကရေစီစနစ်က အာဏာရှင်စနစ်ထက် အများကြီးပိုကောင်းမွန်နေပါပြီ။ အထူးသဖြင့် ပြဿနာများကို ဖြေရှင်းဖို့ ပိုမိုကောင်းမွန်တဲ့နည်းလမ်းများကို ရှာဖွေ

ကြရာမှာ၊ အင်မတန်ကြီးမားလှတဲ့စိန်ခေါ်မှုတွေကို တိုးမြှင့်ရင်ဆိုင်ရာမှာ ဒီမိုကရေစီက အာဏာရှင်စနစ်ထက် ပိုပြီးသာလွန်ပါတယ်။ ဒါပေမဲ့လည်း မှန်ကန်တဲ့မူဝါဒနဲ့ ဖြေရှင်းနိုင်တဲ့နည်းလမ်းများဆီ မရောက်မီ ရှေ့တိုးရ နောက်ဆုတ်ရတဲ့ကာလတစ်ခုကိုတော့ မလွဲမသွေ ဖြတ်သန်းရမှာပါ။ ဒါပေမဲ့ ဒီမိုကရေစီစနစ်ခိုင်မာပြီးသား နိုင်ငံများမှာရော စတင်ကျင့်သုံးစနိုင်ငံများမှာပါ အောင်မြင်မှုတွေရဖို့ ဒီမိုကရေစီကို ခိုင်မာတဲ့အခြေခံပေါ်မှာ တည်ဆောက်ရမှာဖြစ်ပါတယ်။

## အပိုင်း (၄)

## ဒီမိုကရေစီစနစ်ကိုမှန်ကန်စေခြင်း (Getting Democracy Right)

ဂျိမ်းမဲဒီဆင် (James Madison)၊ ဂျွန်စတူးဝတ်မီလ် (John Stuart Mill) စတဲ့ ခေတ်ပေါ်ဒီမိုကရေစီစနစ်ကို မူလတည်ထောင်သူများရဲ့ အင်မတန်အံ့ဩစရာကောင်းလှတဲ့ထူးခြားချက်ကတော့ သူတို့ရဲ့ အမြင်ကျယ်မှုပါပဲ။ သူတို့တွေက ဒီမိုကရေစီဟာအင်မတန်အားကောင်းလှပေမည့်မပြည့်စုံသေးတဲ့စနစ်တစ်ခု (A Powerful but Imperfect Mechanism) ဖြစ်တယ်လို့သတ်မှတ်ခဲ့ကြပါတယ်။ ဒီမိုကရေစီစနစ်ကို တည်ဆောက်ရာမှာ သက်ဆိုင်ရာနိုင်ငံအလိုက်လူတွေရဲ့ ဖန်တီးနိုင်စွမ်းကို အစွမ်းကုန်အသုံးချနိုင်အောင်နဲ့ လူတွေရဲ့ဆန့်ကျင်တတ်တဲ့စိတ်ကို ထိန်းသိမ်းနိုင်အောင် ဂရုတစိုက်ပုံသွင်းတည်ဆောက်ရမယ်လို့ သူတို့က ဆိုပါတယ်။ ဒ့ါအပြင် စက်ယန္တရားတစ်ခုကို ထိန်းသိမ်းသလို အမြဲမပြတ်ချောဆီထည့်ရမယ်။ အကောင်းဆုံးအလုပ်လုပ်နိုင်တဲ့ အခြေအနေမှာ အမြဲတမ်းရှိနေအောင်ဂရုစိုက်ရမယ်။လိုအပ်သလို ညှိနှိုင်းပြင်ဆင်လို့ အလုပ်ဖြစ်စေရမယ်လို့လည်း ဆိုကြပါတယ်။

ဒီမိုကရေစီစနစ်ကို စတင်တည်ဆောက်စအချိန်မှာ အမြင်ကျယ်ဖို့ အထူးတလည် လိုအပ်လှပါတယ်။ သိပ်မကြာသေးတဲ့ကာလအတွင်း ထွန်းသစ်စဒီမိုကရေစီနိုင်ငံအတော်များများမှာ ဒီမိုကရေစီ





စနစ်မအောင်မြင်ရခြင်းရဲ့အကြောင်းရင်းတစ်ချက်ကတော့ အစိုးရတွေဟာ ရွေးကောက်ပွဲအပေါ် အထူးတလည်အရေးပေးအာရုံစိုက်လွန်းပြီး ဒီမိုကရေစီအတွက်လိုအပ်တဲ့အခြားအစိတ်အပိုင်းများကို လျစ်လျူရှုခဲ့ကြတာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် အစိုးရရဲ့အာဏာကို စစ်ဆေးထိန်းကျောင်းမှုလိုအပ်ပါတယ်။ လူတစ်ဦးချင်းစီရဲ့အခြေခံအခွင့်အရေးတွေဖြစ်တဲ့ လွတ်လပ်စွာဟောပြောခွင့်၊ လွတ်လပ်စွာစည်းရုံးခွင့်တွေ အာမခံချက်ရှိရပါမယ်။

အောင်မြင်မှုအရဆုံး ဒီမိုကရေစီနိုင်ငံသစ်တွေ ဘာကြောင့်အောင်မြင်သလဲဆိုတာ လေ့လာကြည့်တဲ့အခါ အဲဒီနိုင်ငံတွေဟာ လူများစုဝါဒရဲ့ ဖြားယောင်းမှုတွေ (Temptation of Majoritarianism) ကို ရှောင်ကြဉ်နိုင်ခဲ့ကြတာ တွေ့ရပါတယ်။ ဆိုလိုတာက ရွေးကောက်ပွဲမှာအနိုင်ရခြင်းဖြင့် လူများစုအနိုင်ရပါတီက သူတို့လုပ်ချင်တာကို လုပ်ပိုင်ခွင့်ရှိပြီဆိုတဲ့ယုံကြည်မှုမျိုးကို ရှောင်ကြဉ်နိုင်ခဲ့တာပါ။ အိန္ဒိယနိုင်ငံမှာ ဒီမိုကရေစီစနစ်ဟာ ၁၉၄၇ ခုနှစ်ကစလို့ (အရေးပေါ်အခြေအနေအုပ်ချုပ်ခဲ့ရတဲ့ နှစ်အနည်းငယ်ကလွဲရင်) ရှင်သန်ခဲ့ပါတယ်။ ဘရာဇီးလ်နိုင်ငံမှာလည်း ဒီမိုကရေစီဟာ ၁၉၈၅ ခုနှစ်ကစလို့ ရှင်သန်ခဲ့ပါတယ်။ ဒီနှစ်နိုင်ငံလုံးမှာ အနိုင်ရသူလူများစုက လုပ်ချင်ရာလုပ်နိုင်တယ်ဆိုတဲ့အယူအဆကို ရှောင်ရှားခဲ့ကြပါတယ်။ နှစ်နိုင်ငံစလုံးက အစိုးရရဲ့အာဏာကို အကန့်အသတ်တစ်ခုအတွင်းမှာထားပြီး လူတစ်ဦးချင်းစီရဲ့ အခြေခံအခွင့်အရေးတွေကိုလည်း အာမခံချက်ပေးပါတယ်။

ခိုင်မာအားကောင်းတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေတွေဟာ ကာလရှည်ကြာတည်ငြိမ်မှုကို အထောက်အကူပြုရုံတင်မက ကျေနပ်မှုမရှိတဲ့လူနည်းစုက အစိုးရကိုပုန်ကန်ဆန့်ကျင်မည့်အလားအလာတွေကိုလည်း လျှော့ချပေးပါတယ်။ ဒီဖွဲ့စည်းပုံတွေကဖွံ့ဖြိုးဆဲနိုင်ငံများကို ပိုပြီးဆင်းရဲတွင်းနက်စေတဲ့ အကျင့်ပျက်ခြစားမှုတွေကိုတိုက်ဖျက်ဖို့ အားကောင်း

စေတယ်။တစ်ပြိုင်တည်းမှာပဲ ထွန်းသစ်စဒီမိုကရေစီနိုင်ငံတွေမှာ ရွေးကောက်ပွဲအနိုင်ရလူများစုက လုပ်ချင်ရာလုပ်ခွင့်ရှိတယ် ဆိုပြီးအစိုးရရဲ့ အာဏာကို ပိုမိုချဲ့ထွင်အသုံးချလာတဲ့အခါ ဒီမိုကရေစီစနစ်ဟာ ဆုတ်ယုတ်မှုဆီ ဦးတည်နေပြီဆိုတဲ့ပထမဆုံးလက္ခဏာဖြစ်ပါတယ်။

အီဂျစ်သမ္မတဟောင်းမစ္စတာမော်စီက အီဂျစ်နိုင်ငံရဲ့အထက်လွှတ်တော်ကို သူ့ပါတီဖြစ်တဲ့ မူဆလင်ညီနောင်များအဖွဲ့ကလူတွေနဲ့ လွှမ်းမိုးနေရာယူဖို့ ကြိုးစားခဲ့တယ်။ ယူကရိန်းသမ္မတဟောင်း မစ္စတာယာနူကိုဗစ်ချ်က ယူကရိန်းပါလီမန်ရဲ့အာဏာကို လျှော့ချဖို့ ကြိုးစားခဲ့တယ်။ ရုရှားသမ္မတမစ္စတာပူတင်က ပြည်သူလူထုဆိုတဲ့ စကားလုံးကို သုံးပြီး လွတ်လပ်သောနိုင်ငံပြုအဖွဲ့အစည်းများရဲ့အသံကို လျစ်လျူရှုခဲ့တယ်။ အာဖရိကတိုက်က နိုင်ငံ့ခေါင်းဆောင်အတော်များများဟာ အနိုင်ရအများစုအာဏာကို အကြီးအကျယ်အသုံးချပြီး သမ္မတသက်တမ်း ကန့်သတ်ချက်ကိုဖယ်ရှားတာ၊ ယူဂန္ဒာသမ္မတယိုဝယ်ရီမူ စဲဗဲန်းနီ (Yoweri Museveni) ဆိုရင် လိင်တူဆက်ဆံမှုအပေါ် ပြစ်ဒဏ်တိုးချဲ့တာစသည်ဖြင့် ဆောင်ရွက်နေကြပါတယ်။

ပြည်ပနိုင်ငံများက ခေါင်းဆောင်တွေအနေနဲ့ အဲဒီလိုနိုင်ငံတစ်ခုမှာလွတ်လပ်မှုတွေကို ကန့်သတ်တဲ့အပြုအမူတွေကိုသက်ဆိုင်ရာနိုင်ငံ့ခေါင်းဆောင်တွေက ကျူးလွန်နေတာကို အများစုက ထောက်ခံသည်ပဲထားဦး၊ ကျယ်ကျယ်လောင်လောင် ဝေဖန်ပြောဆိုသင့်ပါတယ်။ ဒါပေမဲ့ ဒီလိုဒီမိုကရေစီဘောင်ထဲကဒီမိုကရေစီမဆန်မှုတွေကို တကယ်တမ်း လေ့လာသင့်သူတွေကတော့ ခေတ်ပေါ်ဒီမိုကရေစီကို ဖန်တီးသူများဖြစ်ကြပါတယ်။ နိုင်ငံတော်အဖွဲ့အစည်းများအကြား ခိုင်မာအားကောင်းတဲ့အပြန်အလှန်စစ်ဆေးထိန်းကျောင်းမှု (Robust Checks and Balances) ဟာ ကျန်းမာသန်စွမ်းတဲ့ ဒီမိုကရေစီနိုင်ငံတစ်ခု တည်ဆောက်ရာမှာ လူတိုင်းမဲပေးခွင့်ရှိဖို့လိုပဲ မရှိမဖြစ်အရေးကြီးတဲ့ လိုအပ်ချက်ဆိုတာကို သူတို့အသိအမှတ်ပြုရမှာပါ။ ထုံးတမ်းစဉ်လာ မဟုတ်ဘဲ





ပြောရမယ်ဆိုရင် အာဏာရှင်တစ်ယောက်ဖြစ်လာမည့် အလားအလာရှိသူများဟာ အီဂျစ်နဲ့ယူကရိန်းကအဖြစ်အပျက်တွေကို လေ့လာပြီး သင်ခန်းစာယူနိုင်ပါတယ်။

တကယ်လို့များ မစ္စတာမော်စီနဲ့ မစ္စတာယာနူကိုဗစ်ချ်တို့ဟာ သူတို့ရဲ့အာဏာတွေကို ချဲ့ထွင်ခြင်းဖြင့် နိုင်ငံသားတွေကို ဒေါသထွက်အောင် မလုပ်ခဲ့ကြဘူးဆိုရင် အခုလိုတစ်ယောက်က သူ့ရဲ့ကျန်တဲ့ဘဝသက်တမ်းကို အကျဉ်းထောင်နဲ့ အီဂျစ်တရားရုံးတော်ရှေ့မှောက်က တရားခံထိုင်ခုံပေါ်မှာ ကုန်ဆုံးရမှာမဟုတ်သလို တစ်ယောက်ကလည်း တိုင်းပြည်ကနေ ထွက်ပြေးရမှာမဟုတ်ပါ။

ဒီမိုကရေစီစနစ်ခိုင်မာအားကောင်းတဲ့နိုင်ငံများမှာ နေထိုင်သူများတောင်မှသူတို့နိုင်ငံရေးစနစ်ရဲ့ ဗိသုကာများကို နီးနီးကပ်ကပ်စောင့်ကြည့်လေ့လာသင့်ပါတယ်။ ကမ္ဘာပြုခြင်း (Globalization) နဲ့ အင်တာနက်တော်လှန်ရေး (Digital Revolution) တွေကဒီမိုကရေစီစနစ်ရဲ့ ဂုဏ်ယူအားထားရတဲ့ အခြေခံအဖွဲ့အစည်းအချို့ကို ခေတ်ကုန်ဆုံးစေခဲ့ပါပြီ။ ရင့်ကျက်ခိုင်မာပြီးသား ဒီမိုကရေစီနိုင်ငံများအနေနဲ့ တိုင်းပြည်အတွင်းမှာ ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို ဖြေရှင်းနိုင်ဖို့နဲ့ ပြင်ပကမ္ဘာမှာပျက်စီးစပြုနေတဲ့ ဒီမိုကရေစီရဲ့ပုံရိပ်ကို ပြန်လည်ရှင်သန်စေဖို့ သူတို့တိုင်းပြည်များရဲ့ နိုင်ငံရေးစနစ်များကို ပြင်ဆင်ဖွဲ့စည်းဖို့ လိုအပ်ပါတယ်။ အခုဆို အမေရိကန်အထက်လွှတ်တော်မှာ ပြင်ဆင်လိုက်တဲ့ စည်းမျဉ်းတွေကြောင့် အထက်လွှတ်တော်အမတ်တစ်ယောက်ဟာ သမ္မတအဆိုပြုတဲ့ ရာထူးခန့်အပ်မှု တွေကိုအရင်ကလိုအလွယ်တကူ ပိတ်ဆို့တားဆီးလို့မရတော့ပါ။

အမေရိကန်ပြည်ထောင်စုရဲ့ ပြည်နယ်အချို့မှာ အားလုံးပါဝင်ခွင့်ရှိတဲ့အကြိုရွေးကောက်ပွဲတွေကို စတင်ခွင့်ပြုနေပြီး အရင်တုန်းက အနိုင်ရပါတီက တာဝန်ယူရေးဆွဲတဲ့လွှတ်တော် မဲဆန္ဒနယ်နယ်နိမိတ်ပြန်လည်ရေးဆွဲမှုကို လွတ်လပ်တဲ့ ကော်မရှင်လက်ထဲ

အပ်လိုက်ကြပါပြီ။ အခြားသိသာထင်ရှားတဲ့ ပြုပြင်ပြောင်းလဲမှုတွေကလည်း အခြေအနေကိုတိုးတက်စေပါလိမ့်မယ်။ နိုင်ငံရေးပါတီများ ရန်ပုံငွေရှာဖွေခြင်းဆိုင်ရာအပြောင်းအလဲများလုပ်ပြီး အားလုံးသော အလှူငွေထည့်ဝင်သူများရဲ့အမည်နဲ့ ထည့်ဝင်မှုပမာဏကို အများပြည်သူသိအောင်ထုတ်ပြန်ကြေညာရမယ်ဆိုရင် အခွင့်အရေးမျှော်အုပ်စုများရဲ့နိုင်ငံရေးပါတီများအပေါ် ဩဇာလွှမ်းမိုးမှုတွေ လျှော့ချနိုင်ပါလိမ့်မယ်။ ဥရောပပါလီမန်ကအမတ်တွေအားလုံး သူတို့ရဲ့အသုံးစရိတ်ကို ဘောက်ချာများနဲ့အတူတကွတင်သွင်းဖို့ စည်းကမ်းချမှတ်ဖို့ လိုအပ်ပါတယ်။ အီတလီနိုင်ငံရဲ့လွှတ်တော်နှစ်ခုမှာ ပါလီမန်အမတ်အရေအတွက်များလှပြီးအမတ်တွေကိုပေးတဲ့ လစာငွေကလည်း များလှပါတယ်။ လွှတ်တော်နှစ်ရပ်စလုံးကလည်း အာဏာတူအဖွဲ့အစည်းများဖြစ်လို့ဥပဒေတစ်ရပ် ပြဋ္ဌာန်းအတည်ပြုနိုင်ဖို့ ခက်ခဲလှပါတယ်။

ဒါပေမဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲလိုသူများဟာ ဒို့ထက်ပိုပြီး ရည်မှန်းချက်ကြီးဖို့လိုပါတယ်။ အခွင့်အရေးမျှော်အုပ်စုများ (Interest Groups) ရဲ့လွှမ်းမိုးမှုကို ရှောင်နိုင်မည့်အကောင်းဆုံးနည်းလမ်းကတော့အစိုးရကအများပြည်သူကို ပေးနိုင်တဲ့၊ ပေးဖို့လိုအပ်တဲ့ကတိကဝတ်တွေကို၊ တာဝန်ခံမှုတွေရဲ့အရေအတွက်ကိုကန့်သတ်ခြင်းပဲဖြစ်ပါတယ်။ ပြည်သူလူထုရဲ့နိုင်ငံရေးသမားများအပေါ် မယုံကြည်မှုကို တုံ့ပြန်ဖို့အကောင်းဆုံးနည်းလမ်းကတော့ နိုင်ငံရေးသမားများအနေနဲ့ ကတိနည်းနည်းပဲပေးဖို့နဲ့ အဲဒီကတိကိုတည်အောင် ကြိုးစားဖို့ဖြစ်ပါတယ်။ ကျန်းမာသန်စွမ်းတဲ့ဒီမိုကရေစီစနစ်တည်ဆောက်ဖို့ အရေးကြီးဆုံး သော့ချက်ကိုတိုတိုတုတ်တုတ်ပြောရရင် အစိုးရရဲ့အခန်းကဏ္ဍကို ကျဉ်းမြောင်းစေခြင်းပါပဲ။ ဒါဟာဖြင့်အမေရိကန်တော်လှန်ရေးခေတ်ကတည်းကရှိခဲ့တဲ့ သဘောတရားပါ။

အမေရိကန်ဖွဲ့စည်းပုံကို ရေးဆွဲသူတစ်ဦးလည်းဖြစ်၊ အမေရိကန်ပြည်ထောင်စုရဲ့ စတုတ္ထမြောက်သမ္မတလည်းဖြစ်တဲ့ ဂျိမ်းမဲဒီဆင်





(James Madison) ကဒီလို ပြောခဲ့ပါတယ်။ 'လူတွေကလူတွေကို ပြန်ပြီးအုပ်ချုပ်မည့် အစိုးရတစ်ရပ် ဖွဲ့စည်းမှုကို ရေးဆွဲတဲ့အခါ အကြီးမားဆုံးအခက်အခဲက ပထမအဆင့်မှာ အစိုးရကအုပ်ချုပ်ခံပြည်သူများကို ထိန်းချုပ်နိုင်စွမ်းရှိအောင် ဖန်တီးပေးဖို့လိုတယ်။နောက်တစ်ဆင့်မှာ အစိုးရက သူ့ကိုယ်သူ ပြန်လည်ထိန်းချုပ်နိုင်စွမ်းရှိဖို့ လိုတယ်။'

'ကန့်သတ်မှုရှိသောအစိုးရ' (Limited Government) ဆိုတဲ့ နားလည်မှုက ဒုတိယကမ္ဘာစစ်ကြီးပြီးတဲ့နောက် ဒီမိုကရေစီစနစ်ကို ပြန်လည်တည်ဆောက်ကြရာမှာ အရေးကြီးတဲ့ အစိတ်အပိုင်းဖြစ်ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ ဖွဲ့စည်းပုံစည်းမျဉ်း (The United Nations Charter) (၁၉၄၅) နဲ့ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights) (၁၉၄၈) တွေကဘယ်တိုင်းပြည်ကမှ အများသဘောတူ ထောက်ခံပါတယ်ဆိုပြီး ကန့်သတ်လို့၊ ချိုးဖောက်လို့မရတဲ့ အခွင့်အရေးနဲ့စံသတ်မှတ်မှု (Rights and Norms) တွေကို ပြဋ္ဌာန်းပေးခဲ့ပါတယ်။

အဲဒီအပြန်အလှန်စစ်ဆေးထိန်းကျောင်းမှုတွေ ပြဋ္ဌာန်းဖို့ အာဏာရှင်စနစ်ပေါ် ပေါက်လာမှာကို ကြောက်ရွံ့စိတ်တွေက တွန်းအားပေးခဲ့ပါတယ်။ ဒါပေမဲ့ ဒီကနေ့မှာ အထူးသဖြင့် အနောက်နိုင်ငံများမှာ ဒီမိုကရေစီစနစ်အတွက် ကြီးမားတဲ့အန္တရာယ်တွေကို ဖော်ပြဖို့မခက်ခဲလှပါ။ အကြောင်းတစ်ခုကတော့ နိုင်ငံတော် (အစိုးရ) ရဲ့အရွယ်အစားကြီးမားလာမှုပါ။ အဆက်မပြတ်ချဲ့ထွင်နေတဲ့အစိုးရအာဏာက ပြည်သူလူထုရဲ့လွတ်လပ်မှုတွေကိုလျှော့ချပြီး အကျိုးစီးပွားမျှော်အုပ်စု တွေကို ပိုပြီးဩဇာရှိစေပါတယ်။ နောက်အကြောင်းတစ်ချက်ကတော့ အစိုးရတွေဟာ သူတို့မဖြည့်ဆည်းနိုင်တဲ့ကတိကဝတ်တွေကို အလွန်အကျွံပေးတတ်တဲ့အလေ့အကျင့်ဖြစ်ပါတယ်။ ကတိတွေကိုမဖြည့်ဆည်းနိုင်တဲ့အခါ နောင်နှစ်ပေါင်းများစွာမှ ပေးရမည့်အကျိုးခံစားခွင့်တွေ (Entitle-

ments) ဖန်တီးတာ (အခုမပေးရ ပြီးရော)၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလိုမနိုင်နိုင်တဲ့စစ်ပွဲတွေကိုဆင်နွှဲပြီး လူထုကိုအာရုံပြောင်းစေတာတွေ ဖြစ်လာပါတော့တယ်။

အစိုးရနဲ့ပြည်သူနှစ်ဖက်စလုံးက အစိုးရရဲ့အခန်းကဏ္ဍနဲ့ အာဏာကို လျှော့ချခြင်းနဲ့ အစိုးရထံမှ မျှော်လင့်နိုင်တာ (အစိုးရက ဆောင်ရွက်ပေးနိုင်တဲ့ အတိုင်းအတာ) ကို လျှော့ချခြင်းဖြင့်ရရှိမည့် ရေရှည်အကျိုးစီးပွားတွေကို နားလည်လက်ခံသင့်ပါတယ်။ ဥပမာအားဖြင့် ၁၉၈၀ ခုနှစ်များမှာ ငွေရေးကြေးရေးမူဝါဒချမှတ်ခြင်း အာဏာကိုအစိုးရများထံမှ လွတ်လပ်သောဗဟိုဘဏ်များကို လွှဲပြောင်းပေးခဲ့တဲ့အတွက် ကမောက်ကမဖြစ်နေတဲ့ ငွေဖောင်းပွမှုနှုန်းကိုထိန်းချုပ်နိုင်ခဲ့ပါတယ်။ အလားတူပဲ အခုအချိန်ဟာ အစိုးရများရဲ့အာဏာကို ကျယ်ပြန့်များပြားလှသော မူဝါဒချမှတ်ခြင်းများမှ လျှော့ချရမည့်အချိန် ရောက်နေပါပြီ။ ဒီမိုကရေစီစနစ် ခိုင်မာရင့်ကျက်ပြီးသား နိုင်ငံများမှာလည်း ထွန်းသစ်စ ဒီမိုကရေစီနိုင်ငံများနည်းတူ သင့်တင့်လျောက်ပတ်တဲ့ အပြန်အလှန်စစ်ဆေး ထိန်းကျောင်းမှုအစီအစဉ်များနဲ့ ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရတွေရဲ့အာဏာကို ကန့်သတ်ဖို့လိုအပ်ပါတယ်။

အစိုးရတွေကိုယ်တိုင်က ကိုယ့်ဘာသာထိန်းချုပ်ကန့်သတ်တာကို နည်းလမ်းပေါင်းစုံနဲ့ ဆောင်ရွက်နိုင်ပါတယ်။ ဥပမာအားဖြင့် ဆွီဒင်အစိုးရက သူ့နိုင်ငံရဲ့ဘတ်ဂျက်ကို နှစ်အပိုင်းအခြားတစ်ခုအတွင်းမှာ ဝင်ငွေ၊ ထွက်ငွေမျှတစေရမည်လို့ကတိကဝတ်ပြုပြီး တင်းကျပ်တဲ့ ငွေရေးကြေးရေးသုံးစွဲမှုစည်းမျဉ်းတွေချမှတ် အကောင်အထည်ဖော်တာမျိုး၊ နိုင်ငံမှာ ပြဋ္ဌာန်းထားတဲ့ဥပဒေတိုင်းကို အနည်းဆုံး ၁၀ နှစ်တစ်ခါ ပြန်လည်သုံးသပ်ပြီးလိုအပ်သလို ပြင်ဆင်ရေးဆွဲရမည့်ကာလ စည်းကမ်းသတ်မှတ်ချက် (Sunset Clauses) တွေ ဥပဒေတိုင်းမှာ ထည့်သွင်းတာမျိုး၊ အစိုးရကနေ ဘယ်နိုင်ငံရေးပါတီကိုမှဘက်မလိုက်တဲ့





လွတ်လပ်တဲ့ ကော်မရှင်တစ်ရပ်ကိုဖွဲ့စည်းပြီး ရေရှည်ဆောင်ရွက်ရမည့် ပြုပြင်ပြောင်းလဲရေးတွေကိုအကြံပြု စေတာမျိုး စသည်ဖြင့်ပါ။

ဆွီဒင်နိုင်ငံဟာ လွတ်လပ်တဲ့ ကော်မရှင်ရဲ့ အကြံပြုချက်များဖြစ်တဲ့ဝန်ထမ်းများရဲ့ 'အငြိမ်းစားခံစားခွင့် (Pensions) ရန်ပုံငွေအများစုကို ပုဂ္ဂလိကပိုင်ပြုဖို့ (Private Pensions) နဲ့အငြိမ်းစားယူခွင့်အသက်သတ်မှတ်ချက် (Retirement Age) ကိုနိုင်ငံသားများရဲ့ လူ့သက်တမ်းခန့်မှန်းချက် (Life-Expectancy) နဲ့ဆက်နွယ်သတ်မှတ်ဖို့' စတဲ့ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့တဲ့အတွက် တိုင်းပြည်ရဲ့ အငြိမ်းစားလစာခံစားခွင့် ရန်ပုံငွေစနစ် ပြိုလဲပျက်စီးမည့်အရေးမှ ကယ်တင်နိုင်ခဲ့ပါတယ်။ ချီလီနိုင်ငံဟာဆိုရင်လည်း တိုင်းပြည်ရဲ့ အဓိကသယံဇာတပစ္စည်းဖြစ်တဲ့ကြေးနီကို မတည်ငြိမ်တဲ့ဈေးကွက်မှာ အကျိုးရှိရှိရောင်းချနိုင်ပြီး ကြေးနီရောင်းချလို့ရတဲ့ဘတ်ဂျက်ပိုငွေတွေကို အခုချက်ချင်းသုံးစွဲစေချင်တဲ့ ပြည်သူလူထုရဲ့ဖိအားပေးမှုကိုလည်း အောင်မြင်စွာ ရှောင်လွှဲနိုင်ခဲ့ပါတယ်။ ချီလီအစိုးရက နှစ်ပေါင်းများစွာ တိုင်းပြည်ရဲ့ဘတ်ဂျက်မှာ ပိုငွေပြစေမည့်တင်းကျပ်တဲ့ဘဏ္ဍာရေးမူဝါဒတွေချမှတ်ခဲ့ပြီးစီးပွားရေး မတည်ငြိမ်မှုကိုထိန်းချုပ်နိုင်ရေး အကြံပေးဖို့ ကျွမ်းကျင်သူများနဲ့လွတ်လပ်တဲ့ ကော်မရှင်ဖွဲ့စည်းခဲ့ပါတယ်။

အဲဒီလို ရွေးကောက်ခံအစိုးရကိုယ်တိုင်ကသူ့ရဲ့အာဏာကို သူ့ဘာသာကန့်သတ် လျှော့ချတာဟာဒီမိုကရေစီစနစ်ကို အားနည်းစေနိုင်တယ်မဟုတ်လားလို့ မေးစရာအကြောင်းရှိပါတယ်။ အမြဲတမ်းတော့မဟုတ်ပါ။ လူထုတောင်းဆိုသမျှအားလုံးကိုမလိုက်လျောဖို့အစိုးရကိုယ်တိုင်က ကိုယ့်ကိုယ်ကိုယ် စည်းကမ်းသတ်မှတ်တာဟာ၊ အထူးသဖြင့် တိုင်းပြည်ကို စီးပွားပျက်ပြီးလူမှုရေးပဋိပက္ခတွေဆီ တွန်းပို့မည့် စီးပွားရေးမူဝါဒမျိုးကို ပြည်သူတွေမဲမပေးနိုင်အောင် ကာကွယ်တာ၊ လူများစုကအနိုင်ကျင့်နေတဲ့လူနည်းစုကို ကာကွယ် စောင့်ရှောက်တာတွေဟာဒီမိုကရေစီစနစ်ကို ပိုပြီးအားကောင်းစေပါတယ်။ ဒါပေမဲ့

ကျွမ်းကျင်သူ ပညာရှင်များကိုအားကိုးတာဝန်ပေးရာမှာလည်း အလွန်အကျွံ ဖြစ်နိုင်တာတွေရှိပါတယ်။ ကျွမ်းကျင်သူပညာရှင်များကို ကော်မရှင်ဖွဲ့စည်းပြီး အာဏာအချို့ခွဲဝေပေးတဲ့အခါမှာ အကန့်အသတ်ရှိဖို့လိုပါတယ်။ ကျွမ်းကျင်သူများရဲ့မူဝါဒရေးရာ အကြံဉာဏ်များတောင်းခံရာမှာလည်း ငွေရေးကြေးရေးမူဝါဒလို၊ အငြိမ်းစားလစာရန်ပုံငွေဆိုင်ရာမူဝါဒလို ကြီးမားတဲ့အခန်းကဏ္ဍအချို့အတွက်သာ ဖြစ်သင့်ပြီး ကော်မရှင်ရဲ့ဆောင်ရွက်မှုတွေဟာ ပွင့်လင်းမြင်သာမှု ရှိရပါမယ်။

ကျွမ်းကျင်သူပညာရှင်များကို ကိုယ်စားပြုအာဏာအပ်နှင်းပြီး မူဝါဒဆိုင်ရာအကြံပြုခွင့်ပေးသလို သာမန်ပြည်သူများကိုလည်း အရေးကိစ္စအချို့မှာ ဆုံးဖြတ်ခွင့်အာဏာ ပေးခြင်းဖြင့်မျှတအောင်လုပ်သင့်ပါတယ်။ ဒီနေရာမှာ သတိပြုရမှာက အင်အားကြီးမားတဲ့ ကမ္ဘာလုံးဆိုင်ရာ ဖြန့်ကြက်မှု (Globalism) နဲ့ ဒေသဆိုင်ရာဦးစားပေးမှု (Localism) အမြွာအတွေးအခေါ်နှစ်ခုကို လျစ်လျူရှုဖို့၊ ဆန့်ကျင်ဖို့ မဟုတ်ဘဲ လက်ခံပြီး စနစ်တကျ အသုံးပြုဖို့နဲ့အကျိုးပြုအောင်ဖန်တီးဖို့ ဖြစ်ပါတယ်။ ဒီအတွေးအခေါ်နှစ်ခုကိုမှန်မှန် ကန်ကန်မျှမျှတတ လက်ခံကျင့်သုံးနိုင်မယ်ဆိုရင် ခိုင်မာအားကောင်းပြီးသား ဒီမိုကရေစီနိုင်ငံတွေကို အပေါ်ဘက်က တိုက်ခိုက်ခဲ့တဲ့ကမ္ဘာပြုခြင်း၊ အောက်ဘက်ကနေ တိုက်ခိုက်ခဲ့တဲ့ အကျိုးစီးပွားမျှော်အုပ်စုများနဲ့အစိုးရ မဟုတ်သော အဖွဲ့အစည်းများရဲ့ မြင့်မားလာခြင်း (အသေးစားအာဏာများ မြင့်တက်မှု) တွေဟာ ဒီမိုကရေစီကို ဆုတ်ယုတ်စေနိုင်မှာမဟုတ်ဘဲ ပိုလို့တောင်အားဖြည့်အားကောင်းစေမှာ ဖြစ်ပါတယ်။

အလက်ဆစ်ဒီတော်ကူဗဲလ် (Alex is de Tocqueville) က ဒေသဆိုင်ရာဒီမိုကရေစီကျင့်သုံးမှုဟာ ဒီမိုကရေစီစနစ်ကို မကြာခဏဆိုသလိုအကောင်းဆုံးကိုယ်စားပြုမှုဖြစ်တယ်လို့ ငြင်းချက်ထုတ်ခဲ့ပါတယ်။ သူက 'မူလတန်းကျောင်းတွေက သိပ္ပံပညာကိုကိုယ်စားပြုပြီး





မြို့တော်ကောင်စီအစည်းအဝေးတွေ (Town-Meetings) က လွတ်လပ်မှုကို ကိုယ်စားပြုတယ်' လို့ပြောပါတယ်။ 'အဲဒီအစည်းအဝေးတွေက လွတ်လပ်မှုဆိုတာကို လူတိုင်းလက်လှမ်းမီနိုင်တဲ့နေရာကို သယ်ဆောင်လာတယ်။ အဲဒီအစည်းအဝေးတွေက လူတွေကို လွတ်လပ်ခွင့်ကို ဘယ်လိုအသုံးချပြီး ဘယ်လိုခံစားကြရမယ်ဆိုတာကို သင်ပြပေးတယ်' လို့ သူကပြောပါတယ်။

ပုံမှန်အားဖြင့် မြို့တော်ဝန်တွေဟာ လူထုထောက်ခံမှုမှာ တစ်နိုင်ငံလုံးကို ကိုယ်စားပြုတဲ့နိုင်ငံရေးသမားတွေထက်နှစ်ဆလောက် မြင့်မားတတ်ကြတယ်။ ခေတ်ပေါ်နည်းပညာတွေကအလက်ဆစ်ဒီတော်ကူဗဲလ်ရည်ညွှန်းတဲ့ မြို့တော်ကောင်စီအစည်းအဝေးတွေကို ခေတ်ပေါ်အဆင်အယင်နဲ့ အင်တာနက်ပေါ်မှာဖန်တီးပြီး ပြည်သူလူထုရဲ့ နိုင်ငံရေးစိတ်ဝင်စားမှု၊ ပါဝင်ပတ်သက်မှုနဲ့ တီထွင်ဆန်းသစ်မှုတွေကိုတိုးမြှင့်ပေးနိုင်လိမ့်မယ်။ အင်တာနက်ပေါ်မှာ အဆုံးမရှိတဲ့ အကြောင်းအရာပေါင်းစုံကို လူတိုင်းက မဲပေးနိုင်ကြတာဟာ အကျိုးမျှော်အုပ်စုများရဲ့ အကျိုးစီးပွားအတွက်လည်း ဖြစ်ချင်ဖြစ်သွားနိုင်တယ်။ ဒါပေမဲ့ ခေတ်မီနည်းပညာတွေကိုအသုံးချပြီး ဒီမိုကရေစီကျင့်သုံးတာနဲ့ရပ်ကွက်ထဲကမဲရုံမှာ လူကိုယ်တိုင်မဲပေးပြီး ဒီမိုကရေစီကိုတိုက်ရိုက်ကျင့်သုံးတာနှစ်ခု တစ်ခုကိုတစ်ခု အပြန်အလှန်စစ်ဆေး ထိန်းကျောင်းနိုင်ကြတယ်။ ဥပမာအားဖြင့်လွတ်လပ်တဲ့ဘတ်ဂျက်ကော်မရှင်တွေက ဒေသဆိုင်ရာ ရွေးကောက်ပွဲတွေအတွက်ကုန်ကျစရိတ်နဲ့ ဖြစ်နိုင်စွမ်းအခြေအနေတွေကို ခန့်မှန်းနိုင်ကြလိမ့်မယ်။

နေရာအနှံ့အပြားမှာအဲဒီလို ရောယှက်ကျင့်သုံးမှုတွေမှန်မှန်ကန်ကန်နဲ့တိုးတက်မှုတွေရနေပါပြီ။ အားတက်စရာအကောင်းဆုံး ဥပမာကတော့ အမေရိကန်ပြည်ထောင်စုက ကယ်လီဖိုးနီးယားပြည်နယ် (State of California) ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကို တိုက်ရိုက်ကျင့်သုံးခြင်းက ပြည်နယ်အသုံးစရိတ် မြှင့်တင်ခြင်းနဲ့ ဝင်ငွေခွန်

လျှော့ချခြင်း စတဲ့အရေးကြီးပြီး ရှုပ်ထွေးတဲ့ ကိစ္စတွေမှာ လူထုကို မဲပေးဆုံးဖြတ်ခွင့်ပေးပေမည့် သက်ဆိုင်ရာ ပါတီတစ်ခုရဲ့ပါတီဝင်များကိုသာ မဲပေးခွင့်ပြုတဲ့ ပါတီကိုယ်စားလှယ်လောင်းအကြို ရွေးကောက်ပွဲတွေ (Primaries) နဲ့အာဏာရပါတီက ထင်သလိုခြယ်လှယ်နိုင်တဲ့ လွှတ်တော်မဲဆန္ဒနယ် နယ်နိမိတ်ပြန်လည်ရေးဆွဲခြင်းတွေက အစွန်းရောက်မှုတွေကို ခိုင်မာအားကောင်း စေခဲ့ပါတယ်။ ဒါပေမဲ့ ကျန်ခဲ့တဲ့ ငါးနှစ်တာကာလအတွင်းမှာ ကယ်လီဖိုးနီးယားပြည်နယ်မှာ သိသာထင်ရှားတဲ့ ပြုပြင်ပြောင်းလဲမှုတွေ ဆက်တိုက်ဖြစ်ပေါ်ခဲ့ပါတယ်။ ဒီအတွက် ရင်းနှီးမြှုပ်နှံသူနဲ့ လူသားအကျိုးပြုအလှူရှင်တစ်ဦးဖြစ်တဲ့ နီကိုလပ်စ်ဘားဂ်ဂရွန် (Nicolas Berggruen) ကို ကျေးဇူးတင်ရမှာပါ။ ဒီပြည်နယ်က အခုဆိုရင် ရွေးကောက်ပွဲဆိုင်ရာလှုပ်ရှားမှုများရဲ့ ရေတို အလားအလာကိုတုံ့ပြန်ဆောင်ရွက်ဖို့ 'ရေရှည်အတွက်စဉ်းစားရေး ကော်မတီ' (Think Long Committee) ဖွဲ့ဖို့အဆိုပြုထားပါတယ်။ အရင်ကလို ကြိုတင်ရွေးကောက်ပွဲတွေကို ပါတီဝင်များအတွက်သာ ကန့်သတ်မထားတော့ဘဲ ပြည်နယ်သူ ပြည်နယ်သားအားလုံး ပါဝင်ခွင့် ပြုလိုက်ပါပြီ။ ကွန်ဂရက်လွှတ်တော်မဲဆန္ဒနယ်များနယ်နိမိတ် ပြန်လည် ရေးဆွဲရေးအာဏာကိုလည်း လွတ်လပ်တဲ့ကော်မရှင်လက်ထဲ အပ်နှံလိုက်ပါပြီ။ ပြီးတော့ နှစ်ပေါင်းများစွာလိုငွေပြနေတဲ့ ပြည်နယ်ဘတ်ဂျက်ကိုလည်း ဝင်ငွေ၊ ထွက်ငွေညီမျှအောင် ဆောင်ရွက်နိုင်ခဲ့ပါပြီ။ ဒီ အောင်ပွဲက သိပ်ကိုကြီးမားလွန်းလို့ ပြည်နယ်အထက်လွှတ်တော်ရဲ့ ခေါင်းဆောင် ဒါရဲလ်စတိုင်းဘတ် (Darrell Steinberg) က 'အိပ်မက် မက်နေသလိုပဲ' လို့တောင် ပြောပါတယ်။

အလားတူပဲ ဖင်လန်အစိုးရကလည်း လွတ်လပ်တဲ့ ကော်မရှင် တစ်ရပ်ကိုဖွဲ့စည်းပြီး အငြိမ်းစားလစာရန်ပုံငွေစနစ်နဲ့ ပတ်သက်လို့ လိုအပ်တဲ့ ပြုပြင်ပြောင်းလဲမှုများကို အကြံပေးဖို့ တာဝန်ပေးထားပါတယ်။ တစ်ချိန်တည်းမှာပဲ အီလက်ထရောနစ် ဒီမိုကရေစီ (e-De-





mocracy) ကိုလက်ခံဖို့ကြိုးစားနေပါတယ်။ ကြိုးစားမှုတစ်ခုက အနည်းဆုံး နိုင်ငံသားငါးသောင်းက ထောက်ခံတဲ့ (အင်တာနက်ပေါ်က) အဆိုပြုချက်တစ်ရပ်ကိုပါလီမန်က လက်ခံစဉ်းစားဖို့ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီမိုကရေစီစနစ်ကိုကြံ့ခိုင်သန်စွမ်းတဲ့ အခြေအနေကို ပြန်ပို့ဖို့အဲဒီလို (နည်းပညာနဲ့တိုက်ရိုက်ဒီမိုကရေစီ ရောယှက်ကျင့်သုံးမှု၊ အပေါ်နဲ့ အောက်ကို အကန့်အသတ်နဲ့ အာဏာခွဲဝေပေးခြင်းစတဲ့) စမ်းသပ်မှုတွေအများအပြားလိုအပ်နေပါသေးတယ်။

တစ်ချိန်တုန်းကအမေရိကန်ပြည်ထောင်စုရဲ့ ဒုတိယမြောက် သမ္မတကြီး ဂျွန်အဒမ် (President John Adams) က ပြောခဲ့ဖူးပါတယ်၊ 'ဒီမိုကရေစီဟာဘယ်တော့မှ ရေရှည်တည်တန့်မှာမဟုတ်ဘူး။ ကာလတစ်ခုအတွင်းမှာပြုန်းတီးသွားမယ်။ အမောဖောက်မယ်။ ပြီးရင် သူ့ကိုယ်သူသတ်သေလိမ့်မယ်။ ကိုယ့်ကိုယ်ကိုမသတ်သေတဲ့ဒီမိုကရေစီ ဆိုတာ မရှိခဲ့ဘူး' တဲ့ (Democracy never lasts long. It soon wastes, exhausts and murders itself. There never was a democracy yet that did not commit sucide.)။ သူအကြီးအကျယ် မှားခဲ့ပါပြီ။ ဒီမိုကရေစီဟာ ၂၀ ရာစုနှစ်ရဲ့အတွေးအခေါ်များပဋိပက္ခမှာ အကြီးမားဆုံး အောင်မြင်သူပါ။ ဒါပေမဲ့ ၂၀ ရာစုနှစ်တွင်းမှာ ဒီမိုကရေစီ အောင်ပွဲခံနိုင်ခဲ့သလိုပဲ ၂၁ ရာစုနှစ်များမှာ ဆက်လက်အောင်မြင်နိုင်ဖို့ ဆိုရင် ဒီမိုကရေစီစနစ်ကို တည်ဆောက်စအချိန်မှာဂရုတစိုက် မွေးမြူ စောင့်ရှောက်ဖို့လိုအပ်သလို ဒီမိုကရေစီစနစ် အတန်ငယ် ရင့်ကျက်ခိုင်မာ လာချိန်မှာလည်း ဂရုတစိုက် ထိန်းသိမ်းစောင့်ရှောက်ရမှာ ဖြစ်ပါတယ်။

## အပိုင်း (၅) ဘာသာပြန်သူ၏မှတ်ချက်

၁။ ဒီစာတမ်းရဲ့အစပိုင်းမှာ 'စည်းမျဉ်းတွေကို အခြေပြုတဲ့ ဒီမိုကရေစီ' (A Rules-Based Democracy) လို့ ရေးသားထားပါတယ်။ အဲဒါ လွတ်လပ်တဲ့တရားစီရင်ရေးစနစ် (Independent Judi-

ciary) နဲ့မျှတသောဥပဒေများရဲ့အုပ်ချုပ်မှု (Rule of Law) ကို အခြေခံတဲ့ဒီမိုကရေစီစနစ်ကိုဆိုလိုတာပါ။ ဒီကနေ့ မြန်မာနိုင်ငံမှာ နအဖစစ်အစိုးရရဲ့ အမွေအနှစ်အဖြစ်ကျန်ရစ်ခဲ့တဲ့ 'စည်းကမ်းပြည့်ဝသောဒီမိုကရေစီ' (Discipline Flourishing Democracy) ကို ရည်ညွှန်းတာမဟုတ်ပါ။

၂။ စာတမ်းရဲ့ခေါင်းစဉ်က 'ဒီမိုကရေစီစနစ် ဘယ်လိုမှားယွင်းနေသလဲ' ဆိုလို့ ဒီမိုကရေစီစနစ်ကို ဝေဖန်ပြစ်တင်တဲ့စာတမ်းလို့ မထင်စေချင်ပါ။ ဒီမိုကရေစီစနစ် ရှင်သန်အောင်မြင်ရေးအတွက် လက်တွေ့ပြဿနာတွေကို ဝေဖန်သုံးသပ်ပြီး အကြံပြုတဲ့စာတမ်းဖြစ်ပါတယ်။

## လူထုလှုပ်ရှားမှုများ၏ အကျိုးဆက်

၃။ ဒီစာတမ်းမှာ အာရပ်နွေဦးနိုင်ငံများနဲ့ယူကရိန်းနိုင်ငံ၊ ရုရှားနိုင်ငံတွေက အဖြစ်အပျက်တွေကို လေ့လာသုံးသပ်ပြီး လူထုလှုပ်ရှားမှုများနဲ့ပတ်သက်တဲ့သတိပြုရန်အချက်များကို ဖော်ပြထားပါတယ်။

၄။ အဖြစ်အပျက်တွေအားလုံးက ဆင်တူရိုးမှားဖြစ်ပါတယ်။ လက်ရှိ အစိုးရကိုမကျေနပ်သူတွေကစုဝေးပြီး အစိုးရကို ဆန္ဒပြမှုစတင်တယ်။ နာကြည်းနေတဲ့ ပြည်သူတွေလက်တွဲပါဝင်လာကြတယ်။ မြို့လယ်ကောင်က အစိုးရဗဟိုအချက်အချာနေရာတွေကို ချီတက်ဆန္ဒပြကြတယ်။ မြို့တော်အလယ်က ရင်ပြင်ကြီးတစ်ခုကို သိမ်းပိုက်ပြီးသပိတ်စခန်းဖွင့်တယ်။ အစိုးရဆန့်ကျင်ရေးတရားတွေဟောကြတယ်။ လူတွေ လာရောက်နားထောင်ရင်း သပိတ်တပ်သားတွေ ဖြစ်လာကြတယ်။ အစိုးရက သူ့ရဲ့လုံခြုံရေးတပ်ဖွဲ့တွေစေလွှတ်ပြီး ဆန္ဒပြပွဲတွေကို နှိမ်နင်းတယ်။ ဖြိုခွဲတယ်။ ပြည်သူတွေ သေဆုံးကြတယ်။ သွေးချောင်းစီးတယ်။ ဒီအကြမ်းဖက်မှုတွေကို သတင်းဌာနများက





တစ်ဆင့်နိုင်ငံတကာက စောင့်ကြည့်လေ့လာပြီး အာဏာရှင်အစိုးရကို ပြစ်တင်ရှုတ်ချတယ်။ ဆန္ဒပြသူတွေကိုအားပေးတယ်။ ဒီလိုနဲ့ နောက်ဆုံးတော့ အာဏာရှင်အစိုးရပြိုလဲပြီး အာဏာရှင်တွေအဖမ်းခံကြရ၊ နိုင်ငံက ထွက်ပြေးကြရတယ်။ ပြည်သူလူထုက ရွေးကောက်တင်မြှောက်တဲ့ ဒီမိုကရေစီအစိုးရ အာဏာရတယ်။ဒီမိုကရေစီနိုင်ငံသစ်ကို ကမ္ဘာ့ဒီမိုကရေစီနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများကဝိုင်းဝန်းကူညီ ထောက်ပံ့ကြတယ်။ ပြည်သူတွေ အောင်ပွဲရတယ်။

၅။ အဖြစ်အပျက်တွေက ပြည်သူတွေ အောင်ပွဲရတာနဲ့ ကောင်းကောင်းမွန်မွန်အဆုံးသတ်ခဲ့ရင် ကောင်းမှာပါ။ ဒါပေမဲ့ မျှော်လင့်သလို တကယ့်ဇာတ်သိမ်းက မကောင်းလှပါ။ ပြည်သူတွေ ရွေးကောက် တင်မြှောက်လိုက်သူ ခေါင်းဆောင်အသစ်တွေ အာဏာရလာပေမည့် လူထုဆန္ဒပြပွဲများက မွေးထုတ်ပေးလိုက်တဲ့ လူထုခေါင်းဆောင်တွေဟာ အာဏာရလာတဲ့အခါမှာအရင်ကလူလိုပဲအာဏာရှင်တွေ ဖြစ်နေပြန်တာ။ ဒါမှမဟုတ် တိုင်းပြည်အုပ်ချုပ်ဖို့ လုံလောက်တဲ့ အရည်အချင်းတွေ မပြည့်ဝတာကို ပြည်သူလူထုခမျာ တအံ့တဩ တွေ့လိုက်ကြရပါတယ်။

အစိုးရသစ်က အရည်အချင်းမပြည့်ဝတဲ့အပြင် အရင်အာဏာရှင် အစိုးရကချန်ထားရစ်ခဲ့တဲ့ ပြဿနာတွေက အင်မတန်ကြီးမားပြီး ပြည်သူလူထုရဲ့ မျှော်လင့်ချက်တွေကလည်း အင်မတန် မြင့်မားလွန်းတော့ တိုင်းပြည်ဖရိုဖရဲဖြစ်ပြီး အရင်အာဏာရှင်ခေတ်က အခြေအနေမျိုးနဲ့အတူတူပဲ ဖြစ်နေပြန်ပါတယ်။ ဒီလိုနဲ့ နိုင်ငံရေး မတည်မငြိမ်ဖြစ်၊ စီးပွားရေး အကျပ်အတည်းကြီးတွေဖြစ်နဲ့ နောက်ဆုံးတော့ ပြည်သူလူထုရဲ့ စိတ်ဓာတ်ပြိုကွဲမှုမြင့်မားနေချိန်မှာ ရွေးကောက်ပွဲကို အသုံးချပြီး အရင်အာဏာရှင်တွေ အာဏာပြန်ရလာတာကို တားဆီးနိုင်စွမ်းမရှိတော့ပါ။

၆။ ဒါတွေဟာ စိတ်ကူးနဲ့ဖန်တီးပြောတာမဟုတ်ဘဲ လက်တွေ့

အဖြစ်အပျက်တွေကနေ တွေ့မြင်ရတဲ့ရလဒ်တွေပါ။ 'တိုင်းပြည်ကို အုပ်ချုပ်ရတာအစိုးရကို တော်လှန်ရတာထက် အဆပေါင်းများစွာပိုပြီး ခက်ခဲတယ်' ဆိုတာ အာရပ်နွေဦးလှုပ်ရှားမှုမှာ ပါဝင်လှုပ်ရှားသူများရဲ့ လက်သုံးစကားဖြစ်နေပါပြီ။

**ဒီမိုကရေစီကို အားနည်းစေသည့်အကြောင်းများ**

၇။ ဒီမိုကရေစီကိုအားနည်းစေသည့် အကြောင်းတစ်ချက်ကတော့ အစိုးရကို အာဏာအလွန်အကျွံပေးထားမှု (သို့မဟုတ်) အစိုးရက အာဏာအလွန်ချဲ့ထွင်မှု ဖြစ်ပါတယ်။ အစိုးရက အာဏာအလွန်အကျွံရှိလေ ပြည်သူလူထုမှာ အာဏာမဲ့လေဖြစ်ပါတယ်။အစိုးရရဲ့ အာဏာကြီးမားမှုက ပြည်သူလူထုရဲ့ အခြေခံလူ့အခွင့်အရေးတွေကို ကန့်သတ်လိုက်ပါတယ်။ လွတ်လပ်စွာပြောဆိုခွင့်တော့ရှိတယ်။ ဒါပေမဲ့ ပြောပြောခွင့်တော့ တောင်းခံရမယ်၊ လွတ်လပ်စွာ ဖွဲ့စည်းခွင့်တော့ ရှိတယ်။ ဒါပေမဲ့ အဖွဲ့အစည်းကို မှတ်ပုံတင်ရမယ်၊ နိုင်ငံရေးပါတီတွေ ဖွဲ့စည်းခွင့်ရှိတယ်၊ ဒါပေမဲ့ ရွေးကောက်ပွဲမဝင်ရင် ဖျက်သိမ်းခံရမယ်။

ကိုယ့်အမေအိမ် တစ်ညသွားအိပ်တာတောင်မှ ဧည့်စာရင်းတိုင်ရမယ် စသည်ဖြင့် အစိုးရအာဏာကြီးမားမှုက အစိုးရကို ပြည်သူလူထုရဲ့ နေ့စဉ်ဘဝထဲကို စွက်ဖက်ခြယ်လှယ်ခွင့်တွေရစေပြီး ပြည်သူလူထုရဲ့ ကိုယ်ပိုင်အခွင့်အရေးတွေ ဆုံးရှုံးရပါတယ်။

၈။ နောက်အကြောင်းတစ်ချက်က ပြည်သူလူထုရဲ့လွတ်လပ်စွာရေးသားခွင့်၊ လွတ်လပ်စွာဖွဲ့စည်းခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်၊ လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်၊ လွတ်လပ်စွာဖွဲ့စည်းလှုပ်ရှားခွင့် စတဲ့အခြေခံအခွင့်အရေးတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လွှတ်တော်မှ ပြဋ္ဌာန်းတဲ့ဥပဒေများနဲ့ အာမခံချက်မပေးတာပါ။

၉။ နောက်တစ်ကြောင်းက လွတ်လပ်တဲ့ တရားစီရင်ရေးစနစ်မရှိတာပါ။ တရားစီရင်ရေးစနစ်မှာကျင့်သုံးတဲ့ဥပဒေတွေက အာဏာ





ရှင်များရဲ့ အကျိုးစီးပွားကို ကာကွယ်တဲ့ ဥပဒေ၊ အများပြည်သူရဲ့ အခွင့်အရေးတွေကို ကန့်သတ်တဲ့ဥပဒေတွေ ဖြစ်မယ်ဆိုရင်၊ တရားစီရင်ရေးက အုပ်ချုပ်သူများရဲ့ ဩဇာသက်ရောက်မှုကိုခံယူနေရတယ်၊ ငွေကြေးချမ်းသာသူများဘက်ကရပ်တည်တယ်ဆိုရင်ဒီမိုကရေစီစနစ်မရှင်သန်နိုင်ပါ။

၁၀။ နိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်းများဖြစ်တဲ့ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊တရားစီရင်ရေး တွေကြားမှာအပြန်အလှန်စစ်ဆေးထိန်းကျောင်းမှုတွေ (Checks and Balances) အားနည်းရင်လည်း ဒီမိုကရေစီစနစ်အားနည်းမှာ ဖြစ်ပါတယ်။ အုပ်ချုပ်ရေးအာဏာကို တရားစီရင်ရေးနဲ့ ဥပဒေပြုအာဏာများက စစ်ဆေးထိန်းကျောင်း နိုင်ရပါမယ်။ တရားစီရင်ရေးအာဏာကို အုပ်ချုပ်ရေးနဲ့ဥပဒေပြုအာဏာများက စစ်ဆေးထိန်းကျောင်းနိုင်ရပါမယ်။ ဥပဒေပြုအာဏာကိုအုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးအာဏာများက စစ်ဆေးထိန်းကျောင်းနိုင်ရပါမယ်။ အဲဒီလိုအပြန်အလှန်စစ်ဆေးထိန်းကျောင်းနိုင်စွမ်းမရှိတော့တဲ့အခါ ဒီမိုကရေစီထိခိုက်နစ်နာရပါတယ်။

၁၁။ နောက်တစ်ခုက လူများစုအသာစီးရမှုကြောင့် လုပ်ချင်ရာလုပ်ခွင့်ရှိတယ်ဆိုတဲ့အယူအဆကို ရှောင်ကြဉ်ဖို့လိုအပ်ပါတယ်။ ရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ်နေရာအများစုရလို့ အနည်းစုရဲ့ဆန္ဒကို ဂရုမစိုက်ဘဲ အစိုးရအာဏာကိုချဲ့ထွင်တာ (ဥပမာ သမ္မတ သက်တမ်းကိုတိုးချဲ့တာမျိုး)၊ အများစုနဲ့သာအလုပ်လုပ်ပြီး အနည်းစုကိုဖိနှိပ်တာ၊ ပြည်ထောင်စုအဆင့်ရာထူးတွေမှာ ကိုယ့်ဘက်ကလူကိုပဲ ရွေးချယ်ခန့်အပ်တာတွေ ရှောင်ကြဉ်ဖို့ လိုပါတယ်။ ဒီမိုကရေစီစနစ်မှာအနိုင်ရတဲ့အများစုကမူဝါဒတွေ အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရှိပေမည့် လူနည်းစုအတိုက်အခံရဲ့ သဘောထားကိုလည်း ထည့်သွင်းစဉ်းစားဖို့ လိုပါတယ်။ လူနည်းစုမှာလည်း သူတို့ရဲ့ သဘောထားကို ဖော်ထုတ်ခွင့်နဲ့ ဖော်ထုတ်နိုင်တဲ့နည်းလမ်းတွေရှိဖို့ အာမခံရပါမယ်။

၁၂။ လက်ရှိဖြစ်ပေါ်နေတဲ့ ပြဿနာများကို ဖြေရှင်းဖို့အတွက် တိုင်းပြည်ရဲ့ဘဏ္ဍာနဲ့အရင်းအမြစ်တွေ၊ ပြည်ပထောက်ပံ့ငွေ၊ ချေးငွေတွေကို အလွန်အကျွံသုံးစွဲပြီး အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှုတွေမပြုဘူးဆိုရင်လည်း ဒီမိုကရေစီကို အားနည်းစေမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း အစိုးရရဲ့အခန်းကဏ္ဍကို တတ်နိုင်သမျှ လျှော့ချပြီး ပုဂ္ဂလိကအခန်းကဏ္ဍကို ပိုပြီးတိုးမြှင့်သင့်တာပါ။ အစိုးရကကြီးမားလေလေ၊ တာဝန်ယူရတာများလေလေဖြစ်ပြီး လူထုကအစိုးရအပေါ် မှီခိုရမှုပိုများလေလေ ဖြစ်ပါတယ်။ လူထုရဲ့လက်ရှိပြဿနာများကို ဖြေရှင်းရေးနဲ့အနာဂတ်နိုင်ငံတော်အတွက် လိုအပ်တဲ့ရေရှည်ရင်းနှီး မြှုပ်နှံရေးတို့ကို မျှမျှတတ စီမံခန့်ခွဲမှုမပြုနိုင်တဲ့အခါ နှစ်ဖက်စလုံးမှာ ချို့ယွင်းပြီး လူထုရဲ့မကျေနပ်မှုကို ရင်ဆိုင်ရမှာဖြစ်သလို ခိုင်မာတဲ့အခြေခံအဆောက်အအုံများကိုလည်း တည်ဆောက်နိုင်မှာမဟုတ်ပါ။ အဲဒါရဲ့အကျိုးဆက်ကတော့ ဆင်းရဲတွင်းနက်မှုနဲ့စီးပွားပျက်မှုတွေ ဖြစ်ပါတယ်။

၁၃။ နိုင်ငံရေးပါတီများအနေနဲ့လည်း ငွေရှင်ကြေးရှင်များနဲ့ အခွင့်အရေးမျှော် အုပ်စုများရဲ့ အလှူငွေများအပေါ် မှီခိုရမှု၊ အလှူငွေများ ဖြင့် ဩဇာသက်ရောက်မှုတွေကို ရှောင်ကြဉ်နိုင်ဖို့လိုအပ်ပါတယ်။ ငွေရှင်ကြေးရှင်များဆီကအလှူငွေကို လူမှုရေး၊ ကျန်းမာရေး၊ ကိုယ်ရေးကိုယ်တာသုံးစွဲဖို့၊ ပါတီရုံးခန်းဆောက်လုပ်ရေးစတဲ့ ခေါင်းစဉ်မျိုးစုံနဲ့ လက်ခံရယူနေတာကို ရပ်သင့်ပါတယ်။ ငွေရှင်ကြေးရှင်များ ဩဇာသက်ရောက်တဲ့ နိုင်ငံရေးပါတီများရှင်သန် ရပ်တည်နေခြင်းဟာဒီမိုကရေစီစနစ်ကိုအားနည်းစေပါတယ်။ ဒါကြောင့်မို့ နိုင်ငံရေးပါတီမှာ လူတစ်ဦးချင်းဆီက လက်ခံနိုင်တဲ့ အလှူငွေပမာဏကို ကန့်သတ်သင့်ပါတယ်။ ကုမ္ပဏီများ၊အဖွဲ့အစည်းများက ထည့်ဝင်နိုင်တဲ့အလှူငွေကိုလည်း ကန့်သတ်သင့်ပါတယ်။ နိုင်ငံရေးပါတီများအနေနဲ့ သူတို့ပါတီ ရရှိတဲ့ အလှူငွေစာရင်းကိုလည်း ထည့်ဝင်သူအမည်၊ ထည့်ဝင်သည့် ငွေပမာဏ အတိအကျဖြင့် အများပြည်သူသိအောင်ထုတ်ပြန်ကြေညာသင့်ပါတယ်။





**ဒီမိုကရေစီစနစ် အားကောင်းရှင်သန်ဖွံ့ဖြိုးစေဖို့အကြံပြုချက်များ**

ဂျိမ်းမဲဒီဆင် (James Madison)၊ ဂျွန်စတူးဝတ်မီလ် (John Stuart Mill) စတဲ့ ခေတ်ပေါ်ဒီမိုကရေစီစနစ်ကို မူလတည်ထောင်သူများပြောခဲ့သလိုပါပဲ။ ဒီမိုကရေစီဟာအင်မတန်အားကောင်းလှပေမည့်မပြည့်စုံသေးတဲ့စနစ်တစ်ခု (A Powerful but Imperfect Mechanism) ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကို တည်ဆောက်ရာမှာ သက်ဆိုင်ရာနိုင်ငံအလိုက်လူတွေရဲ့ဖန်တီးနိုင်စွမ်းကို အစွမ်းကုန်အသုံးချနိုင်အောင်နဲ့ လူတွေရဲ့ဆန့်ကျင်တတ်တဲ့စိတ်ကို ထိန်းသိမ်းနိုင်အောင် ဂရုတစိုက်ပုံသွင်းတည်ဆောက်ရပါမယ်။ ဒါ့အပြင် စက်ယန္တရားတစ်ခုကို ထိန်းသိမ်းသလို အမြဲမပြတ် ချောဆီထည့်ရမယ်။ အကောင်းဆုံး အလုပ်လုပ်နိုင်တဲ့အခြေအနေမှာ အမြဲတမ်း ရှိနေအောင် ဂရုစိုက်ရမယ်။ လိုအပ်သလို ညှိနှိုင်းပြင်ဆင်လို့ အလုပ်ဖြစ်စေရပါမယ်။

၁၄။ ဒီမိုကရေစီစနစ်ကိုတည်ဆောက်ရာမှာ ပုံမှန်ကျင်းပတဲ့ တရားမျှတတဲ့ ရွေးကောက်ပွဲများလိုပဲ အများလက်ခံနိုင်တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုတည်ရှိရေးဟာလည်း တန်းတူညီတူ အရေးကြီးပါတယ်။ နိုင်ငံတစ်ခုရဲ့ပင်မအရင်းအမြစ်ဥပဒေဖြစ်တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အများပြည်သူ လက်ခံနိုင်တဲ့ ဥပဒေဖြစ်ပါမှ တိုင်းပြည်ရဲ့ နိုင်ငံရေး၊ စီးပွားရေးတည်ငြိမ်မှုနဲ့ ရေရှည်အကျိုးစီးပွားကို အထောက်အကူပြုမှာပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လူနည်းစုရဲ့ အခွင့်အရေးတွေကို အာမခံပေးထားပါမှ လက်နက်ကိုင်ပုန်ကန်မှုတွေကိုတားဆီးနိုင်မှာပါ။

၁၅။ အစိုးရရဲ့အာဏာကိုကန့်သတ်ဖို့ လိုအပ်ပါတယ်။ ကန့်သတ်တယ်ဆိုရာမှာ ဥပဒေပြုလွှတ်တော်က ကန့်သတ်ခြင်းနဲ့ အစိုးရကိုယ်တိုင်က ကန့်သတ်ခြင်းဆိုပြီး ရှိပါတယ်။ ဥပဒေပြုလွှတ်တော်က ပြည်သူလူထုရဲ့ အခွင့်အရေးတွေကို ကန့်သတ်ချုပ်ချယ်ထားတဲ့တည်ဆဲဥပဒေများကို ဖျက်သိမ်းခြင်း၊ အစိုးရက ပြည်သူလူထုရဲ့အခြေခံအခွင့်

အရေးများကို မထိပါးအောင် တားမြစ်တဲ့ ဥပဒေများပြဋ္ဌာန်းခြင်း၊ အစိုးရကို အရေးကြီးတဲ့ နိုင်ငံတော်စီမံကိန်းကြီးများကို ပြည်သူလူထု အများစုထောက်ခံမှု အကောင် အထည်ဖော်ခွင့်ပေးခြင်း စတဲ့နည်းတွေနဲ့ ကန့်သတ်နိုင်ပါတယ်။

၁၆။ အစိုးရကိုယ်တိုင်က ကန့်သတ်တာကတော့အရေးကြီးတဲ့ မူဝါဒဆိုင်ရာကိစ္စအချို့ကို ကျွမ်းကျင်သူများပါဝင်တဲ့ လွတ်လပ်တဲ့ ကော်မရှင်များကို ဖွဲ့စည်းတာဝန်ပေးပြီး ရေးဆွဲစေတာ၊ အရေးကြီးတဲ့ ကိစ္စအချို့မှာ လူထုဆန္ဒခံယူပွဲတွေကျင်းပပြီး လူထုကိုကိုယ်တိုင်ဆုံးဖြတ် စေတာတို့ဖြစ်ပါတယ်။ ဒီလိုနဲ့ ကျွမ်းကျင်သူ (Technocrats) များကို မူဝါဒရေးဆွဲရေးဆိုင်ရာအာဏာအချို့၊ သာမန်ပြည်သူများကို ဆုံး ဖြတ်ခွင့်ချခြင်းဆိုင်ရာအာဏာအချို့ ခွဲဝေပေးခြင်းဖြင့် အစိုးရရဲ့အာဏာ ကို အကျိုးရှိရှိကန့်သတ်နိုင်သလိုကျွမ်းကျင်သူများနဲ့ ပြည်သူများရဲ့ အစိုးရအပေါ်ယုံကြည်မှုကို ပိုပြီးရစေပါတယ်။

၁၇။ ဥပဒေပြုလွှတ်တော်က ပြဋ္ဌာန်းတဲ့ဥပဒေတိုင်းမှာ ဥပဒေ စတင်အသက်ဝင်တဲ့နေ့ကစလို့ ၁၀ နှစ်ပြည့်တဲ့အချိန်မှာ ပြန်လည် သုံးသပ်ပြီး လိုအပ်သလို ပြင်ဆင်ရေးဆွဲရမည်ဆိုတဲ့ ကာလစည်းကမ်း သတ်မှတ်ချက်တွေထည့်သွင်းရေးဆွဲသင့်ပါတယ်။ ဘယ်ဥပဒေမှ တစ် သက်လုံးမမှန်နိုင်ပါ။ ပြောင်းလဲနေတဲ့ လူ့အဖွဲ့အစည်းရဲ့ ဖြစ်ပေါ်တိုး တက်မှုများနဲ့တည်ဆဲဥပဒေများ လိုက်လျောညီထွေမှုရှိဖို့လိုအပ်ပါတယ်။

၁၈။ အခွင့်အရေးမျှော်အုပ်စုများရဲ့ အန္တရာယ်ကိုရှောင်နိုင်ဖို့ အစိုးရက တာဝန်ယူနိုင်တဲ့အခန်းကဏ္ဍကို လျှော့ချရမှာပါ။ လူထုရဲ့ နိုင်ငံရေးနဲ့ နိုင်ငံရေးသမားတွေအပေါ် ယုံကြည်မရှိတာကို တုံ့ပြန်ဖို့ နိုင်ငံရေးသမားတွေက ကတိပေးတာတွေကို လျှော့ချရမှာပါ။

၁၉။ အင်တာနက်နဲ့အခြား ခေတ်မီလျှပ်စစ်ဆက်သွယ်ရေး နည်းပညာတွေက ကမ္ဘာကြီးကိုမြေကြောခွံ့လိုက်ပါပြီ။ ကမ္ဘာ့တောင် ခြမ်းနဲ့ ကမ္ဘာ့မြောက်ခြမ်းက လူတွေအင်တာနက်ပေါ်မှာအလွယ်တကူ





ဆုံတွေ့ပြီး သတင်းတွေ အပြန်အလှန်ဝေမျှ၊ အပြန်အလှန် ထောက်ခံမှု တွေ ပေးနိုင်ကြပါပြီ။ အလားတူပါပဲ၊ ဒီမိုကရေစီနိုင်ငံတစ်ခုအတွင်းမှာ နိုင်ငံရေးသမားတွေနဲ့ ပြည်သူတွေ ခေတ်ပေါ်နည်းပညာတွေကို သုံးပြီး ပိုပြီးနီးနီးစပ်စပ်ထိတွေ့နိုင်ကြပါပြီ။ အဲဒီလို ခေတ်မီနည်းပညာတွေကို အသုံးချပြီး အီလက်ထရောနစ်ဒီမိုကရေစီကျင့်သုံးတာနဲ့ တိုက်ရိုက်ဒီမို ကရေစီကျင့်သုံးတာကို မျှမျှတတကျင့်သုံးနိုင်ဖို့လိုပါတယ်။

ဒီမိုကရေစီဆိုတာ လိုတရဆေးကြိမ်လုံးမဟုတ်ပါ။ ဒီမိုကရေစီ ရှိရုံနဲ့ တိုင်းပြည်ရဲ့ ပြဿနာတွေ၊ လူတစ်ဦးချင်းစီရဲ့ ပြဿနာတွေ ပြေလည်သွားမှာမဟုတ်ပါ။ ဒီမိုကရေစီက ပြည်သူတွေကို တိုင်းပြည်ကို ကိုယ်စားပြုအုပ်ချုပ်မည့်အစိုးရ၊ ဥပဒေတွေ ရေးဆွဲမည့်အမတ်တွေကို ပုံမှန်ကျင်းပတဲ့ ရွေးကောက်ပွဲတွေကနေ ရွေးချယ်တင်မြှောက်နိုင်တဲ့ အခွင့်အရေးကို ပေးပါတယ်။ အဲဒီခေါင်းဆောင်တွေ တာဝန်မကျေရင်၊ အရည်အချင်းမပြည့်ဝရင် ရွေးကောက်ပွဲကတစ်ဆင့် ဖြုတ်ချပြီး ခေါင်း ဆောင်အသစ်တွေကို ရွေးချယ်ခွင့်ပေးပါတယ်။ တိုင်းပြည်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေတွေက နိုင်ငံရေးခေါင်းဆောင်တွေရဲ့ မူဝါဒနဲ့ အကောင်အထည်ဖော်မှုအပေါ်မှာ မူတည်ပါတယ်။

နိုင်ငံရေးခေါင်းဆောင်တွေ ဘယ်လိုပဲအပြောင်းအလဲရှိရှိ ပြည်သူလူထုရဲ့ အခြေခံအခွင့်အရေးတွေကို မထိပါး၊ မကန့်သတ်ဖို့ လိုပါတယ်။ မျှတပြီး အားလုံးအမှန်တကယ်လိုက်နာနိုင်တဲ့ ဥပဒေတွေ ရှိဖို့လိုပါတယ်။ လွတ်လပ်တဲ့တရားစီရင်ရေးစနစ်ရှိဖို့လိုပါတယ်။ ခိုင်ခံ့ အားကောင်းတဲ့ အရပ်ဘက်အဖွဲ့အစည်းများနဲ့ ဘက်မလိုက်ပွင့်လင်း သိက္ခာရှိတဲ့သတင်းမီဒီယာတွေ ရှိဖို့လိုပါတယ်။ ပြည်သူလူထုကအစိုးရကို အလွန်အကျွံ မမှီခိုဖို့လိုပါတယ်။ အစိုးရကလည်း အလွန်အကျွံအာဏာ မယူဖို့လိုပါတယ်။

ဒီမိုကရေစီဟာ နှစ်ဖက်သွားဓားလိုပဲ အသုံးမတတ်ရင် အန္တရာယ်ရှိသလိုသုံးတတ်ရင်လည်း ရန်အပေါင်းကို အောင်မြင်နိုင်

ပါလိမ့်မယ်။ ဒါပေမဲ့ အင်မတန်တန်ဖိုးကြီးမားတဲ့အရာမို့လို့ မြတ်မြတ်နိုးနိုး တန်ဖိုးထားဖို့အထူးလိုအပ်ပါတယ်။ ဒီမိုကရေစီဆိုတာ တစ်ဦးတစ်ယောက်တည်းပိုင်ဆိုင်ကျင့်သုံးရတဲ့စနစ်မဟုတ်ဘဲ လူ့အဖွဲ့အစည်းတစ်ခုလုံးက အတူတကွလက်ခံ ကျင့်သုံးရတဲ့စနစ်ဖြစ်ပါတယ်။ချို့ယွင်းချက်တွေ၊ မပြည့်စုံမှုတွေရှိနေတာတောင်မှ ဒီမိုကရေစီထက် ပိုပြီးကောင်းတဲ့နိုင်ငံရေးဝါဒမရှိဘူးလို့တောင် ပြောချင်ပါတယ်။ ချို့ယွင်းချက်တွေ၊ ဆုတ်ယုတ်မှုတွေဆိုတာလည်း စနစ်ရဲ့ဖန်တီးမှုကြောင့်မဟုတ်ဘဲ စနစ်ကိုလက်ခံကျင့်သုံးသူများရဲ့ အတ္တ၊ လောဘ၊ အကျင့်ပျက်ခြစားမှုများနဲ့အမှားအယွင်းများကြောင့်သာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာအမြစ်တွယ်ပါစေ။ ဝေဝေဆာဆာ ရှင်သန်ပါစေ။ နှစ်ပေါင်းများစွာ တည်တံ့အောင်မြင်ပါစေ။

ခေတ်ရန်မဂ္ဂဇင်း

*(တာပြီးနေ့စွဲ မတ်လ ၂၀၊ ၂၀၁၄)*

⁂

ကောကျူးတပေ

မိုးမခမီဒီယာနှင့် အင်တာနက်ဘလော့ဂ်များ




ကျောင်းသားလူငယ်များ၊
ဒီမိုကရက်တစ်အစည်းအရုံး (မြန်မာနိုင်ငံ)

## မြေအောက်လှုပ်ရှားစာတမ်းများ (မိုးမခမီဒီယာနှင့်အင်တာနက်ဘလော့များ)

လွန်ခဲ့တဲ့ငါးနှစ် ခြောက်နှစ်လောက်က (၂၀၀၈၊ ၂၀၀၉၊ ၂၀၁၀ နှစ်များအတွင်းမှာ) နအဖစစ်အစိုးရရဲ့ ညောင်နှစ်ပင်အမျိုးသား ညီလာခံ၊ ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပြည်သူ့ဆန္ဒခံယူပွဲ၊ ၂၀၁၀ ရွေးကောက်ပွဲများကို ဆန့်ကျင်ကန့်ကွက်တဲ့လှုံ့ဆော်စာတမ်းများ ရေးခဲ့ပါတယ်။ စစ်အစိုးရကို ဝေဖန်ဆန့်ကျင်ပြီး ၂၀၀၈ ဖွဲ့စည်းပုံနဲ့ ဆန္ဒခံယူပွဲ၊ ၂၀၁၀ ရွေးကောက်ပွဲများကို ပြည်သူလူထုက ကန့်ကွက်ကြဖို့ လှုံ့ဆော်စည်းရုံးတဲ့ စာတမ်းများဖြစ်တာမို့ ပြည်တွင်းမှာ တရားဝင် ဖြန့်ချိလို့မရခဲ့ပါ။ ကိုယ်တိုင်က အမေရိကန်ပြည်ထောင်စုမှာ ရောက်ရှိနေထိုင်နေတာမို့ အဆိုပါစာတမ်းများကို မိုးမခမီဒီယာနဲ့အခြား အင်တာနက် မီဒီယာများမှာ ဖော်ပြရသလို ပြည်တွင်းကအီးမေးလိပ်စာ ရှိသူများထံ အီးမေးနဲ့ ဖြန့်ချိခဲ့ပါတယ်။

မြန်မာနိုင်ငံတွင်းမှာ အင်တာနက်၊ အီးမေး မသုံးနိုင်သူက အများစုဖြစ်တာကြောင့် ဒီစာတမ်းတွေကို အများပြည်သူ လက်ထဲပျံ့နှံ့ ရောက်ရှိအောင် ပြည်တွင်းကဒီမိုကရေစီတိုက်ပွဲဝင် ကျောင်းသား လူငယ်များက တရားမဝင်စာအုပ်ပုံစံ စာအုပ်သေးသေးလေးတွေအဖြစ်

စီစဉ်ပြီး လျှို့ဝှက်ဖြန့်ဖြူးခဲ့ကြပါတယ်။ အဲဒီ စာတမ်းများထဲက ၅ ပုဒ်ကို 'မြေအောက်လှုပ်ရှားစာတန်းများ' လို့အမည်ပေးပြီး ဒီစာအုပ်မှာ အမှတ်တရ ဖော်ပြလိုက်ပါတယ်။

(၁) ကစားပွဲအသစ်ဖန်တီးကြစို့ (ဇွန် ၂၇၊ ၂၀၁၀)
(၂) စိတ်ကူးမယဉ်ကြဖို့ (မတ်၁၈၊ ၂၀၁၀)
(၃) သပိတ်စုံ၊ သူပုန်ထ၊ တော်လှန်ကြစို့ (ဇွန်၁၊ ၂၀၀၉)
(၄) ပြိုင်တူဟိန်းမှ ခြိမ်းမည့်မိုး (ဧပြီ ၂၉၊ ၂၀၀၈)
(၅) ပြတ်ပြတ်သားသားကန့်ကွက်ကြပါစို့ (ဖေဖော်ဝါရီ၁၂၊ ၂၀၀၈)



## ကစားပွဲအသစ် ဖန်တီးကြဖို့

အခုတလော ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်တချို့ ကြည့်ဖြစ်ပါတယ်။ အပြည့်အစုံတော့မဟုတ်။ တစ်ဝက်တစ်ပျက်ပါ။ ကြည့်ရင်းနဲ့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်စဉ်တွေကို ဘောလုံးပွဲနဲ့ နှိုင်းယှဉ်ပြီး ဟောဒီလို တွေးမိပါတယ်။

**(၁) ၁၉၉၀ ရွေးကောက်ပွဲနဲ့ ၁၉၉၃ အမျိုးသားညီလာခံ ကစားပွဲများ**

ကျနော်တို့ မြန်မာနိုင်ငံမှာ ဒေါ်အောင်ဆန်းစုကြည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ မဟာမိတ်တိုင်းရင်းသားများနဲ့ ရဟန်းရှင်လူ ကျောင်းသားပြည်သူများက တစ်ဖက်၊ စစ်အုပ်စုနဲ့ အလိုတော်ရိများက တစ်ဖက် ရင်ဆိုင်ယှဉ်ပြိုင်ခဲ့ကြတာ ၁၉၈၈ ခုနှစ်ကစလို့ အနှစ် ၂၀ ကျော်ခဲ့ပါပြီ။ မျှတတဲ့ ကစားပွဲတော့မဟုတ်ပါ။ သေနတ်ကိုင်ထားတဲ့ အစိမ်းရောင်စစ်သားများက အကြမ်းဖက်သတ်ဖြတ်၊ ကြွေးကြော်သံတွေနဲ့ ခွပ်ဒေါင်းအလံတွေ ကိုင်ဆောင်ထားတဲ့ ကျောင်းသားပြည်သူ ရဟန်းရှင်လူများက ငြိမ်းငြိမ်းချမ်းချမ်း တောင်းဆို၊ ပိုပြီးဆိုးတာက စစ်ဗိုလ်ချုပ်တွေက ဒိုင်လူကြီးနေရာတွေကိုပါယူထားပြီး သူတို့စိတ်ကြိုက် ကစားပွဲကို စီမံခန့်ခွဲနေတာပါ။ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအစိုးရများက

ကစားကွင်းဘေးတစ်ဖက်တစ်ချက်က ပရိသတ်တွေပေါ့။ အမေရိကန်နဲ့ ဥရောပသမဂ္ဂနိုင်ငံတွေ၊ သြစတြေးလျ၊ ကနေဒါနိုင်ငံတွေက ဒီမိုကရေစီအင်အားစုကြီးကို အားပေး၊ စစ်အုပ်စုကို ခဲနဲ့ပေါက်၊ တရုတ်၊ ရုရှား၊ မြောက်ကိုရီးယားတို့က နအဖကို အားပေး၊ လက်နက်တွေတိတ်တိတ်ပုန်းရော ပြောင်ရော ထောက်ပံ့၊ ကုလသမဂ္ဂကြီးကိုယ်တိုင်ကတော့ ဘယ်ဘက်ကိုမှ မလိုက်သလိုလို၊ ကြားနေသလိုလို၊ ဟိုလိုလို ဒီလိုလို။

၁၉၉၀ ရွေးကောက်ပွဲဟာ အာဏာရှင်ကြီး ဦးနေဝင်းနောက်ကွယ်ကနေ ကြိုးကိုင်ထားဆဲဖြစ်တဲ့ စစ်အုပ်စုက စိတ်ကြိုက်စီစဉ်ထားတဲ့ ကစားပွဲတစ်ခုပါ။ မဆလ (မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ) ကို အမည်ပြောင်းလိုက်တဲ့တစည (တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ) ကို ရှေ့တန်းတင်ကစားပြီး စစ်အုပ်စုက ဒိုင်လူကြီးနေရာမှာနေခဲ့ပါတယ်။ တစည အနိုင်ရရေးအတွက် စစ်အုပ်စုက အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်ချထားပြီး ဦးတင်ဦး၊ ဦးဝင်းတင်နဲ့ အခြားထိပ်သီး ခေါင်းဆောင်များကိုလည်းထောင်သွင်းအကျဉ်းချထားလိုက်ပါတယ်။ တစညက နိုင်ငံပိုင်အဆောက်အအုံတွေ၊ ယာဉ်တွေ၊ ကားတွေ၊ ဘဏ္ဍာငွေတွေကို သုံးစွဲပြီး လွတ်လွတ်လပ်လပ်မဲဆွယ်နေချိန်မှာ အဖွဲ့ချုပ်နဲ့ မဟာမိတ်ပါတီတွေဟာ အကန့်အသတ်တွေ၊ အနှောင့်အယှက်တွေကို ရင်ဆိုင်ခဲ့ရတာပါ။ ရွေးကောက်ပွဲမှာ မဲကွဲဖို့နဲ့ လူထုကို စိတ်အနှောင့်အယှက်ဖြစ်စေဖို့အတွက် စစ်အုပ်စုက လက်အောက်ခံပါတီတွေ အများကြီးကိုလည်း ဖွဲ့စည်းတည်ထောင်ပြီး ရွေးကောက်ပွဲကို ရှုပ်ထွေးစေခဲ့တာပါ။

အဲဒီလို မတရားမှုပေါင်းများစွာနဲ့ ကြံစည် ကြိုးစားခဲ့ပေမဲ့လည်း လူထုက ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ကို တစ်ခဲနက် မဲပေးရွေးချယ်လိုက်ကြပါတယ်။ ဒီမှာတင် ဒိုင်လူကြီးဖြစ်တဲ့ စစ်အုပ်စုက သူမျှော်လင့်သလို ဖြစ်မလာတဲ့ ကစားပွဲရဲ့ ရလဒ်ကို ငြင်းပယ်ပြီး ကစားပွဲအသစ်ကို ပြောင်းတော့တာ





ပါပဲ။

စစ်အုပ်စုက ရွေးကောက်ပွဲအနိုင်ရ လွှတ်တော်ကိုယ်စားလှယ်များနဲ့ လွှတ်တော်အစည်းအဝေးခေါ်ယူကျင်းပပေးဖို့ ငြင်းဆန်ရင်း ဒီရွေးကောက်ပွဲဟာ အာဏာလွှဲပြောင်းပေးမည့်ရွေးကောက်ပွဲမဟုတ်ဘဲ လွှတ်တော်ကိုယ်စားလှယ်များရဲ့တာဝန်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲဖို့ပဲ ဖြစ်တယ်လို့ ကြွေးကြော်ပြီး သူ့ရဲ့ကစားပွဲအသစ် 'အမျိုးသားညီလာခံ' ဆိုတာကို ၁၉၉၃ မှာ စလိုက်တာပါ။ အဖွဲ့ချုပ်ဟာ အဲဒီကစားပွဲမှာ ဆက်ပြီးပါဝင်ခဲ့ပါတယ်။ သူတို့ယုံကြည်တဲ့ ပါလီမန် ဒီမိုကရေစီဖွဲ့စည်းပုံကို ရေးဆွဲနိုင်ဖို့ ကြိုးစားခဲ့ပါသေးတယ်။ ဒါပေမဲ့ အဖွဲ့ချုပ်နဲ့ တိုင်းရင်းသားပါတီများရဲ့ စစ်မှန်တဲ့၊ တန်းတူညီမျှတဲ့ ပြည်ထောင်စုအသစ်တည်ဆောက်ရေးအကြံပြုချက်တွေကို ဗိုလ်ချုပ်ကြီးများက ယတိပြတ်ငြင်းပယ်ပြီး သူတို့ ကြိုတင်ရေးဆွဲထားတဲ့ စစ်တပ်ဗဟိုပြုဖွဲ့စည်းပုံကို အတင်းအကျပ်ထောက်ခံခိုင်းတဲ့အတွက် အဖွဲ့ချုပ်ကိုယ်စားလှယ်များ အမျိုးသားညီလာခံကို ကျောခိုင်းခဲ့ကြပါတယ်။

အဖွဲ့ချုပ်က စစ်အုပ်စုရဲ့ အမျိုးသားညီလာခံကစားကွင်းထဲက ထွက်ခဲ့တာဟာ မှန်ကန်တဲ့ ဆုံးဖြတ်ချက်ပါ။ စစ်အုပ်စုကိုယ်တိုင်လည်း သူ့ကစားပွဲကို ဘယ်လိုဆက်စခန်းသွားရမယ်ဆိုတာ မသိတော့တာမို့ အမျိုးသားညီလာခံကို အကြာကြီး ရွှေ့ဆိုင်းထားခဲ့ရပါတယ်။ အဲဒီနောက် ၂၀၀၃ ခုနှစ် ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှုကြီးဖြစ်ပြီးတဲ့ နောက်ပိုင်းကျမှပဲ ဗိုလ်ချုပ်ခင်ညွန့်ရဲ့ အဆင့် (၇) ဆင့်လမ်းပြမြေပုံရဲ့ အဆင့်တစ်ဆင့်အဖြစ် ပြန်လည်အသက်သွင်းတော့တာပါ။

### (၂) ပရိသတ်အပြောင်းအလဲ၊ ကွင်းထဲက ထွက်သွားကြသူများ၊ ကွင်းထဲဝင်ကန်ကြသူများ

၂၀၀၃ ခုနှစ်မှာ စစ်အုပ်စုက အမျိုးသား ညီလာခံကို ပြန်စတော့ ကစားပွဲပုံသဏ္ဍာန်က အတော် ပြောင်းလဲခဲ့ပါပြီ။ အဖွဲ့ချုပ်ရဲ့

နိုင်ငံတစ်ဝန်းက ရုံးခန်းတွေအားလုံး ပိတ်ထားခံရပြီး ရွှေဂုံတိုင်ရုံးချုပ် တစ်ခုပဲ ဖွင့်ခွင့်ရထားတာပါ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးတင်ဦး အပါအဝင် အဖွဲ့ချုပ်ရဲ့ ထိပ်တန်းခေါင်းဆောင်များဟာလည်း အဖမ်း ခံထားရဆဲပါ။ စစ်အုပ်စုရဲ့ဘက်မှာ ကြံ့ဖွံ့ဆိုတဲ့ အကြမ်းဖက်အင်အားစု တစ်ခုတိုးလာချိန်မှာ ကျနော်တို့ဘက်က ပြည်သူအတော်များများ လှုပ်ရှားမှုနဲ့ ကင်းကွာနေကြပြီး ပရိသတ်အဖြစ်ကို ပြောင်းလဲရောက်ရှိ နေကြပါပြီ။ ပြည်ပကို ထွက်ပြေးတိမ်းရှောင်သူတွေလည်း ပိုလို့များပြား ခဲ့ပါပြီ။

ပိုပြီးဆိုးတာကတော့ အရင်က ပွဲကြည့်ပရိသတ်ထဲမှာ ရှိခဲ့ပြီး ကျနော်တို့ကို ထောက်ခံအားပေးခဲ့ကြတဲ့ အနောက်နိုင်ငံက ပညာရှင် ဆိုသူတွေ၊ တချို့အစိုးရတွေက ကွင်းထဲရောက်လာပြီး စစ်အုပ်စုဘက်က ဝင်ကန်ကြတော့တာပါပဲ။

ဒီပဲယင်းလုပ်ကြံမှုကြီးဟာ တစ်ကမ္ဘာလုံးကို တုန်လှုပ်ချောက်ချား သွားစေတဲ့အကြမ်းဖက်မှုကြီးပါ။ မြန်မာနိုင်ငံရဲ့ အမျိုးသားခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို စစ်အုပ်စုရဲ့ အကြမ်းဖက်သမားတွေက လုပ်ကြံသတ်ဖြတ်ဖို့ ကြိုးစားကြတာပါ။ ဒေါ်အောင်ဆန်းစုကြည်ကို မသတ်နိုင်ခဲ့ပေမည့် အဖွဲ့ချုပ်အဖွဲ့ဝင်တွေ၊ ထောက်ခံသူတွေ အမြောက် အမြား အသတ်ခံခဲ့ရတာပါ။ အဲဒီဖြစ်ရပ်ကြီးအပြီးမှာ ဗိုလ်ချုပ်သန်းရွှေ နဲ့ အပေါင်းအပါများရဲ့ ကြမ်းကြုတ်ရက်စက်မှုကို ကမ္ဘာက ပိုပြီးရှင်းရှင်း လင်းလင်း သိရှိလာကြပါတယ်။ ဒါပေမဲ့ ဒီဖြစ်ရပ်အပေါ် တုံ့ပြန်မှုက နှစ်မျိုးဖြစ်လာပါတယ်။

အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျ စတဲ့ နိုင်ငံများကတော့ တင်းကျပ်တဲ့ စီးပွားရေးပိတ်ဆို့မှုတွေနဲ့ စစ်အုပ်စုကို ဒဏ်ခတ်အရေး ယူကြပါတယ်။ ဒါပေမဲ့ အခြားနိုင်ငံများက တစ်မျိုးတွေးကြပါတယ်။ ဒီလောက်ဆိုးဝါးကြမ်းကြုတ်တဲ့ စစ်အုပ်စုကို၊ တရုတ်အစိုးရက အကာ အကွယ်ပေးထားတဲ့ လူသတ်ကောင်တွေကို ပြင်းထန်တဲ့ အရေးယူမှုတွေ





လုပ်တော့ရော တကယ်ထိရောက်မှုရှိပါ့မလားလို့ သံသယရှိလာကြပါ တယ်။ ဒီလောက်ဆိုးတဲ့ကောင်ကြီးကို ထိပ်တိုက်ရင်ဆိုင်တာထက် စာရင် ဝင်ချဉ်းကပ်၊ ပျော့ပျော့ပြောင်းပြောင်း ဆက်ဆံပြီး ပေး သလောက်ယူတာပဲကောင်းလိမ့်မယ်လို့ မြင်လာကြပါတယ်။ ထုံးစံ အတိုင်း စီးပွားရေးပိတ်ဆို့မှုဟာ စစ်အုပ်စုကို မထိခိုက်ဘဲ လူထုကိုပဲ ထိခိုက်တယ်လို့ ဟစ်အော်ကြတဲ့ စီးပွားရေးကော်ပိုရေးရှင်းများရဲ့ ကိုယ်စားပြုပုဂ္ဂိုလ်တွေ၊ စစ်အုပ်စုရဲ့ အခစားဝါဒဖြန့်သမားတွေကလည်း အသံပိုပြီးကျယ်လောင်လာတာပေါ့။

အဲဒီအချိန်မှာ ဗိုလ်ခင်ညွန့်ရဲ့ လမ်းပြမြေပုံထွက်လာတော့ အဲဒီပညာရှင်တွေ၊ အစိုးရတွေက အရမ်းကို စိတ်ဝင်စားကြပါတယ်။ ခင်ညွန့်ကိုလည်း သန်းရွှေနဲ့ ခွဲခြားပြီး အပြောင်းအလဲကိုလိုလားတဲ့ ဗိုလ်ချုပ်လို့ ယုံကြည်လာကြပါတယ်။ လမ်းပြမြေပုံမှာလည်း အာဏာ လွှဲဖို့ အဆင့်အထိပါတော့ သူတို့လိုချင်တဲ့ အချိန်ဇယားတစ်ခုရပြီလို့ အားတက်လာကြပါတယ်။ ဒီမှာတင် စစ်အုပ်စုအပေါ် ဖိအားပေးရေး ကိစ္စတွေ လုံးဝစိတ်မဝင်စားတော့ဘဲ အဖွဲ့ချုပ်ကို ၁၉၉၀ ရွေးကောက်ပွဲ ရလဒ်ကို အသိအမှတ်ပြုရေးတောင်းဆိုတာတွေ ရပ်ပြီး နအဖရဲ့ လမ်းပြ မြေပုံ ၇ ချက်ကို လက်ခံဖို့၊ အမျိုးသား ညီလာခံပြန်တက်ဖို့ ဆိုတာတွေ ကို စေတနာကောင်းနဲ့ အကြံပေးသလိုနဲ့ ဖိအားပေးကြပါတော့တယ်။ ပြည်ပရောက် မြန်မာအတိုက်အခံအဖွဲ့အစည်းအချို့တောင်မှ အဲဒီ လမ်းကြောင်းထဲရောက်ပြီး အဖွဲ့ချုပ်ကို အမျိုးသားညီလာခံပြန်တက်ဖို့ တောင်းဆိုတာတွေရှိလာပါတယ်။ ဒါဟာဖြင့် ပွဲကြည့်ပရိသတ်နေရာမှာ ရှိခဲ့တဲ့ နိုင်ငံခြားသား ပညာရှင်တချို့၊ အစိုးရတချို့က ကွင်းထဲဝင်ပြီး နအဖကို အားဖြည့်ကြတာပါ။ အဖွဲ့ချုပ်ကိုဝိုင်းပြီး နင်းချေကြတာပါ။

အဖွဲ့ချုပ်နဲ့ တိုင်းရင်းသားမဟာမိတ်များက ဒီပွဲမှာပြတ်သား ခဲ့ကြပါတယ်။ အမျိုးသားညီလာခံကို ပြန်မတက်နိုင်ဘူးလို့ ပြတ်ပြတ် သားသားငြင်းဆန်ခဲ့ကြပါတယ်။ နအဖရဲ့ ကစားပွဲကို သပိတ်မှောက်

ခဲ့ကြပါတယ်။ ဒါပေမဲ့ ပြဿနာက အဖွဲ့ချုပ်ဟာ နအဖရဲ့ ကစားပွဲက ထွက်ခဲ့ပေမည့် ကိုယ့်စိတ်ကြိုက်ကစားပွဲအသစ်ကို မဖန်တီးနိုင်ခဲ့ပါဘူး။ ၂၀၀၇ ဩဂုတ်လမှာဖြစ်တဲ့ ၈၈ မျိုးဆက်ကျောင်းသားများဦးဆောင်တဲ့ ကုန်ဈေးနှုန်းကျဆင်းရေးလှုပ်ရှားမှုတွေ၊ ၂၀၀၇ စက်တင်ဘာလမှာ ဖြစ်တဲ့ သံဃာတော်များ ဦးဆောင်တဲ့ ရွှေဝါရောင်တော်လှန်ရေးကြီး တွေဟာ တကယ်တော့ အဖွဲ့ချုပ်အတွက် လူထုထိုအခြေခံတဲ့ ကိုယ်ပိုင် ကစားပွဲတည်ဆောက်ဖို့ အခြေအနေကောင်းတွေပါ။ ဒါပေမဲ့ အဖွဲ့ချုပ် က အဲဒီလှုပ်ရှားမှုကြီးတွေကို ဝင်ရောက်ဦးဆောင်မှုမပေးတဲ့အပြင် ဝေးဝေးမှာကို နေခဲ့ပါတယ်။

ဒီလိုနဲ့ အဖွဲ့ချုပ်မပါတဲ့ အမျိုးသားညီလာခံဟာ တချို့ပြောသလို 'တစ်မြို့လုံးမှာ တစ်ခုတည်းရှိတဲ့ကစားပွဲ' (The Only Game in Town) ဖြစ်ခဲ့ပြီး နိုင်ငံခြားသားတချို့ရဲ့ စိတ်ဝင်စားမှုလည်း ရရှိထားတာနဲ့ နအဖက သူ့စိတ်ကြိုက်အပြီးသတ်နိုင်ခဲ့၊ သူ့စိတ်ကြိုက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲနိုင်ခဲ့ပါတယ်။

## (၃) နိုင်ငံခြားသားများအကြိုက် အခြား ဒီမိုကရက်များ

၂၀၀၈ မေလ ဆိုင်ကလုံးနာဂစ်ကြီး မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသကို ဝင်ရောက်မွှေနှောက်ပြီးတဲ့ အချိန်မှာတော့ မြန်မာ့နိုင်ငံရေးကစားကွင်းဟာ ပိုပြီးပြောင်းလဲလာပါတော့တယ်။ မုန်တိုင်းဒဏ်ကြောင့် လူတွေ သိန်းချီသေဆုံးပြီး သန်းပေါင်းများစွာ အတိဒုက္ခရောက်နေချိန်မှာ နအဖက သူ့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓမ္မအတည်ပြုလိုက်ပါတယ်။ ရာသက်ပန်စစ်အာဏာရှင်စနစ်ကို ဖန်တီးထားတဲ့ ဥပဒေလည်း ဖြစ်၊ မတရားတဲ့ နည်းလမ်းများနဲ့ အတည်ပြုထားတာ အထင်အရှား သိမြင်နေတာတောင်မှ 'ဘာမှမရှိတာထက်စာရင် တစ်ခုခုရှိတာက ကောင်းတယ်' ဆိုတဲ့ အယူအဆ၊ 'ဖွဲ့စည်းပုံဥပဒေမရှိဘဲ အုပ်ချုပ်တဲ့ စစ်အစိုးရထက်စာရင် ဥပဒေနဲ့ ဖွဲ့စည်းတဲ့ အစိုးရက





ပိုကောင်းတယ်' ဆိုတဲ့ အယူအဆတွေ အားကောင်းလာပါတော့တယ်။ နအဖရဲ့ လက်ပါးစေ စာရေးဆရာ၊ မဂ္ဂဇင်းအယ်ဒီတာအချို့၊ ဒေါ်လာစား နိုင်ငံရေးအကျဉ်းသားဟောင်း တချို့၊ ဖောက်ပြန်ဘက် ပြောင်းသွားတဲ့ အဖွဲ့ချုပ်ခေါင်းဆောင်ဟောင်း တချို့ကလည်း ဒီအယူအဆတွေကို ပြည်တွင်းမှာတင်မက ပြည်ပနိုင်ငံများကိုပါ ရောက်ရှိ ဖြန့်ချိကြပါတယ်။

နာဂစ်မုန်တိုင်းကြီးတိုက်အပြီး မြန်မာနိုင်ငံထဲမှာ ပြည်ပလူမှုအထောက်အကူပြုအဖွဲ့အစည်းတွေ (International Humanitarian Organizations) ပိုပြီးများများစားစား နေရာယူလာနိုင်ကြပြီး အဲဒီနိုင်ငံခြားသား NGO အရာရှိတွေကလည်း 'မြန်မာနိုင်ငံတွင်းက လူထုရဲ့ ဆင်းရဲနွမ်းပါးမှုနဲ့ ရောဂါဘယခံစားနေရမှုတွေကို ကူညီဖို့ နိုင်ငံရေးအပြောင်းအလဲဖြစ်တဲ့ အထိ စောင့်လို့မရနိုင်ဘူး။ ဒါကြောင့် စီးပွားရေးပိတ်ဆို့မှုတွေ ရုပ်သိမ်းပေးပါ၊ အကူအညီတွေကို အကန့်အသတ်မထားဘဲ ပေးပါ' လို့ ကြွေးကြော်လာကြပြန်ပါတယ်။ ဒီလိုနဲ့ ကစားကွင်းထဲမှာ နအဖဘက်ကဝင်ကစားကြတဲ့ နိုင်ငံခြားသားတွေ၊ အလိုတော်ရိတွေ များသထက်များလာပါတော့တယ်။

နအဖက ရွေးကောက်ပွဲကို ၂၀၁၀ မှာလုပ်မယ်လို့လည်း ကြေညာလိုက်ရော အဲဒီ ပြည်တွင်း၊ ပြည်ပအလိုတော်ရိတွေ၊ မြန်မာ့နိုင်ငံရေးကျွမ်းကျင်သူ ဆိုသူတွေက သတင်းဌာနတွေနဲ့ အင်တာဗျူးတွေလုပ်၊ အစီရင်ခံစာတွေထုတ်၊ တချို့သံတမာန်တွေ၊ အစိုးရကိုယ်စားလှယ်တွေကလည်း အဖွဲ့ချုပ်ခေါင်းဆောင်များကို အခေါက်ခေါက်အခါခါ လာတွေ့ဆွေးနွေးပြီး တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ အဖွဲ့ချုပ်ရွေးကောက်ပွဲဝင်သင့်ကြောင်း ဖိအားတွေ ပေးကြပါတယ်။ အဲဒီ ပုဂ္ဂိုလ်တွေကပဲ ဒီရွေးကောက်ပွဲဟာ အနှစ် (၂၀) အတွင်းမှာ အရေးအကြီးဆုံး ပြောင်းလဲမှုကြီးဖြစ်လို့ ဘယ်လောက်ပဲ ချို့ယွင်းချက်တွေ ရှိနေပစေ အသိအမှတ်ပြုအားပေးသင့်ကြောင်း ကမ္ဘာလှည့်ပြီး စည်းရုံးကြပြန်ပါတယ်။

ဒီပွဲမှာ အဖွဲ့ချုပ် ဝင်ပြိုင်လို့ ဘယ်လိုမှ မနိုင်နိုင်ပါ။ နအဖက ၁၉၉၀ တုန်းကလို ပြန်မဖြစ်ရအောင် စီစဉ်ထားပါတယ်။ သူတို့ တစ်ဖက်သတ်ရေးဆွဲအတည်ပြုထားတဲ့ ၂၀၀၈ ဖွဲ့စည်းပုံကိုယ်၌က စစ်တပ်ကို အာဏာကုန်ပေးထားပြီးသားပါ။ ပြီးတော့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ရေးဥပဒေမှာလည်း ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသား ၂၁၀၀ ကျော်ကို ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့၊ မဲပေးဖို့ မပြောနဲ့ နိုင်ငံရေးပါတီတစ်ခုခုမှာတောင် အဖွဲ့ဝင်အဖြစ်ပါဝင်လို့မရအောင်တောင် ကန့်သတ်ထားပါတယ်။ ရွေးကောက်ပွဲကော်မရှင်ကလည်း စစ်အုပ်စုရဲ့ အမိန့်တော်ခံများနဲ့ ဖွဲ့စည်းထား၊ နအဖရဲ့ ဝန်ကြီးချုပ်နဲ့ အစိုးရအဖွဲ့ဝင်တွေက စစ်ဝတ်စုံကိုချွတ်၊ အရပ်သားအရေခြုံပြီး ပါတီထောင်၊ နအဖရဲ့ ကြံ့ဖွံ့အဖွဲ့က ဝန်ကြီးချုပ်သိန်းစိန်ရဲ့ပါတီအတွက် မဲဆွယ်နေတဲ့အပြင် မဲရုံများကိုလည်း ကြိုးကြိုးကွပ်ကွဲဖို့ပြင်ဆင်၊ နအဖ မကြိုက်တဲ့ လူတွေ ရွေးကောက်ပွဲမှာ အနိုင်ရခဲ့ရင်တောင်မှ ရွေးကောက်ပွဲကော်မရှင်က အကြောင်းအမျိုးမျိုးနဲ့ သူတို့ရဲ့ အောင်ပွဲရလဒ်ကို ပယ်ဖျက်ဖို့ အဆင်သင့်ရှိနေ၊ စစ်အုပ်စုက ကစားမည့်နေရာမှာရော ဒိုင်လူကြီး နေရာမှာပါ နေရာယူထားပြီး ပြည်တွင်းပြည်ပ အလိုတော်ရိတွေကို သူ့ဘက်ကအားဖြည့်ထားတဲ့ ဒီကစားပွဲမှာ အဖွဲ့ချုပ်က ရွေးကောက်ပွဲ ဝင်ခဲ့ရင် မရှုမလှ ရှုံးနိမ့်တာအပြင် နအဖရဲ့ စစ်အာဏာရှင်စနစ် တရားဝင်ပြုရေးစီမံကိန်းကြီးမှာ နောက်ဆုံးကျန်တဲ့ အုတ်တစ်ချပ်ကို ဖြည့်ဆည်းပေးသူ ဖြစ်သွားမှာပါ။

အဖွဲ့ချုပ်က သတ္တိရှိရှိ ရဲရဲရင့်ရင့်နဲ့ ရွေးကောက်ပွဲဝင်မှာမဟုတ်ကြောင်း ထုတ်ပြန်ကြေညာတဲ့ အခါမှာတော့ ဒီပုဂ္ဂိုလ်တွေပဲ စိတ်ပျက်လက်ပျက်နဲ့ အဖွဲ့ချုပ်ကို မှားသွားပြီလို့ပြော၊ လူထုမျက်နှာမကြည့်ဘူးလို့ စွပ်စွဲ၊ ခေါင်းမာလွန်းတယ်လို့ ပုတ်ခတ်၊ ပြီးတော့ အဖွဲ့ချုပ်ရဲ့ နိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍအဆုံးသတ်သွားပြီလို့ သူတို့ဘာသာ ဆုံးဖြတ်ချက်ချလိုက်ကြပါတော့တယ်။





အခုအချိန်မှာ သူတို့တဖွဖွပြောနေတာကတော့ 'မြန်မာနိုင်ငံတွင်းမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ချုပ်အပြင် အခြားဒီမိုကရက်တွေ အများကြီးရှိသေးတယ်' (There are democrats in Burma other than Daw Aung San Suu Kyi and the NLD.) ဆိုတာပါပဲ။

သူတို့က ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အခန်းကဏ္ဍဟာ ပြီးဆုံးသွားခဲ့ပြီ။ အဖွဲ့ချုပ်ဟာ တရားဝင်နိုင်ငံရေးပါတီတခုမဟုတ်တော့ဘူး။ ဒီတော့ နိုင်ငံရေးနယ်ထဲမှာ ကျန်ရှိနေသေးတဲ့ ဒီမိုကရက်တွေ၊ ဒီမိုကရေစီဘက်တော်သားတွေကို ဆက်ပြီးကူရမယ်။ တကယ်လို့ သူတို့ရဲ့ ရွေးချယ်မှုက ရွေးကောက်ပွဲဝင်ရေးဖြစ်တယ်ဆိုရင် အဲဒီ ရွေးကောက်ပွဲကို ထောက်ခံအသိအမှတ်ပြုရမယ်လို့ ကျယ်ကျယ်လောင်လောင် အော်ဟစ်နေကြပါပြီ။ ရွေးကောက်ပွဲဝင်ချင်လွန်းကြတဲ့ ပုဂ္ဂိုလ်တွေကလည်း 'အဖွဲ့ချုပ်ကတော့ လမ်းမှားကို ရွေးချယ်သွားခဲ့ပြီ။ ကျနော်တို့ပဲကျန်တော့တယ်။ ကျနော်တို့ကိုအားပေးကြပါ' လို့ နိုင်ငံခြားသားများအကြိုက် တစာစာအော်နေကြချိန်ပါ။

## (၄) ကစားပွဲအသစ် ဖန်တီးဖို့လိုတယ်

ကျနော်တို့တိုင်းပြည်ရဲ့ ကံကြမ္မာကို ကျနော်တို့ မြန်မာနိုင်ငံသားတွေပဲ ဖန်တီးရမှာပါ။ အခြားနိုင်ငံက အစိုးရတွေ၊ ကျွမ်းကျင်သူဆိုသူတွေက ဖန်တီးပေးလို့ မရပါဘူး။ သူတို့ရဲ့ စေတနာရှိလွန်းလို့ပါဆိုတဲ့ အကြံပြုချက်၊ တိုက်တွန်းချက်တွေကိုလည်း ကျနော်တို့ ပြည်သူတွေရဲ့ဆန္ဒနဲ့ မကိုက်ညီရင် လက်ခံစရာမလိုပါဘူး။ သူတို့ အကြံပြုချက်တွေက အမှားတစ်ခုကို ဖြစ်စေရင်လည်း ဒီနိုင်ငံခြားသား ပညာရှင်တွေက လာပြီး တောင်းပန်မှာ၊ တာဝန်ယူမှာ မဟုတ်ပါဘူး။ ကျနော်တို့ပဲ ခါးစည်းခံစားကြရမှာပါ။

နအဖရဲ့ ရွေးကောက်ပွဲကစားကွင်းထဲက ထွက်လာတာ အင်မတန် မှန်ကန်တဲ့ ဆုံးဖြတ်ချက်ပါ။ ဒါပေမဲ့ ရွေးကောက်ပွဲမဟုတ်တဲ့

အခြားကစားပွဲတစ်ခုကို တည်ဆောက်ဖို့လိုပါတယ်။ ရွေးကောက်ပွဲကို လူထုနဲ့ နိုင်ငံတကာက အသိအမှတ်မပြုဖို့ တောင်းဆိုနေချိန်မှာ ရွေးကောက်ပွဲမဟုတ်ရင် တခြားနည်းလမ်းကဘာလဲ ဆိုတာကို ရှင်းပြနိုင်ဖို့နဲ့ အဲဒီလမ်းကြောင်းကို လူထုနဲ့ နိုင်ငံတကာအစိုးရတွေ လက်ခံလာအောင် အဖွဲ့ချုပ်က ဦးဆောင်ချီတက်ဖို့လိုပါတယ်။ အဲဒီလို မဟုတ်ရင်တော့ ဘေးထွက်သွားရတာပဲ အဖတ်တင်ပါလိမ့်မယ်။

ကစားကွင်းထဲမှာ အဖွဲ့ချုပ်ဘက်က ရှိခဲ့တဲ့ လူထုအများစုကြီးက ပရိသတ်နေရာကို တဖြည်းဖြည်းနဲ့ ရောက်သွားကြပြီလို့ ရှေ့မှာ ပြောခဲ့ပါတယ်။ အဲဒီလို ဖြစ်ရတာဟာ နအဖရဲ့ ဖိနှိပ်မှုတွေကြောင့်ကြီးပဲတော့မဟုတ်ပါ။ ပြီးခဲ့တဲ့နှစ်များမှာ ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို လွှမ်းမိုးထားတဲ့ ဥက္ကဋ္ဌ ဦးအောင်ရွှေနဲ့ သူ့လူယုံတချို့ရဲ့ ဦးဆောင်မှုက အဖွဲ့ချုပ်ကို လူထုနဲ့ ကင်းကွာရုံမျှမက အောက်ခြေပါတီဝင်များနဲ့ပါ ဝေးကွာစေခဲ့ပါတယ်။ ပါတီတွင်းက ထက်မြက်တက်ကြွတဲ့ လူငယ်တွေ၊ အမျိုးသမီးတွေရဲ့ လှုပ်ရှားမှုတွေဟာ ရွှေဂုံတိုင်ရုံးချုပ်က ခေါင်းဆောင်တွေရဲ့ ပိတ်ဆို့ဟန့်တားမှုကို ခံခဲ့ရပြီး ပါတီခေါင်းဆောင်မှုကို ဝေဖန်သူတွေဟာ ပါတီက ထုတ်ပယ်ခြင်းခံခဲ့ကြရပါတယ်။ အခုတော့ အဖွဲ့ချုပ်ကိုမှန်မှန်ကန်ကန် ဦးမဆောင်နိုင်ခဲ့ကြသူတွေ အနားယူသွားကြ၊ လမ်းခွဲသွားကြပါပြီ။ အဖွဲ့ချုပ်ဟာ နအဖရဲ့ မတရား မမျှတတဲ့ ကစားကွင်းကို ကျောခိုင်းခဲ့ပြီး အန်ကယ် ဦးတင်ဦး၊ ဦးဝင်းတင်တို့ရဲ့ မှန်ကန်တဲ့ ဦးဆောင်မှု အောက်မှာ လူထုနဲ့ ပြန်လည်နီးစပ်လာပါပြီ။ သို့သော်လည်း ဒီလောက်နဲ့တော့ မလုံလောက်သေးပါဘူး။

အဖွဲ့ချုပ်ခေါင်းဆောင်တွေဟာ ရွှေဂုံတိုင် ရုံးခန်းထဲကထွက်ပြီး လူထုကြားထဲပြန်လည်ဝင်ရောက်လာကြပါပြီ။ အဖွဲ့ချုပ်ဝင်တွေဟာ လူထုရဲ့အကျိုးစီးပွားအတွက် လူမှုရေးလုပ်ငန်းတွေကို အားကြိုးမာန်တက် ဆောင်ရွက်နေကြပါပြီ။ ကောင်းသလိုရှိပေမည့် မကောင်း





လှပါ။ ရေငတ်နေတဲ့လူတွေကို သောက်သုံးရေဖြန့်ချီတာ၊ ရေတွင်းတွေတူးပေးတာ၊ သစ်ပင်တွေစိုက်တာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းတွေလုပ်တာကောင်းပေမည့် အဲဒါတွေဟာ နိုင်ငံရေးလှုပ်ရှားမှု မဟုတ်ပါ။ ဒီလုပ်ငန်းတွေကို အားကြိုးမာန်တက်လုပ်ကြတဲ့အတွက် အဖွဲ့ချုပ်ဟာ ကိုကျော်သူလို 'ပြည်သူ့ဂုဏ်ရည်' ဆုတွေရကောင်းရပါလိမ့်မယ်။ ဒါပေမဲ့ လူထုမျှော်လင့်တဲ့ နိုင်ငံရေး အပြောင်းအလဲကို ဦးဆောင်လမ်းပြနိုင်တဲ့ အနေအထားမျိုးမရှိနိုင် တော့ပါဘူး။ နိုင်ငံတကာအစိုးရတွေကလည်း အဖွဲ့ချုပ်ကို လူမှုရေးအဖွဲ့အစည်းတစ်ခုအဖြစ်ပဲ သတ်မှတ်လိုက်ပါလိမ့်မယ်။ အဲဒီလို အဖွဲ့ချုပ်က နအဖရဲ့ ရွေးကောက်ပွဲကစားကွင်းကနေ သပိတ်မှောက် ထွက်လာခဲ့ပြီး မိမိရဲ့ ကိုယ်ပိုင်ကစားပွဲတစ်ခုကို မဖန်တီးနိုင်ရင်၊ အဲဒီ ကစားပွဲအသစ်ကို လူထုနဲ့ နိုင်ငံတကာ အစိုးရတွေက အသိအမှတ်ပြုအောင် မစည်းရုံးနိုင်ရင် အဖွဲ့ချုပ်ဟာ နိုင်ငံရေးနယ်ရဲ့ပြင်ပကို လုံးလုံးလျားလျား ရောက်ရှိသွားတော့မှာပါ။

## (၅) ဒေါ်အောင်ဆန်းစုကြည်မပါတဲ့ ဘယ်နိုင်ငံရေးဖြစ်စဉ်မှ မအောင်မြင်နိုင်ပါ

အဖွဲ့ချုပ်က ရွေးကောက်ပွဲကို သပိတ်မှောက်တာ မှန်ပေမည့် အဖွဲ့ချုပ်ဟာ နိုင်ငံရေးနယ်ပယ်ထဲမှာ ရှိနေတုန်း၊ မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားမှုကြီးကို ဦးဆောင်နေတုန်း နအဖ ကအသိအမှတ်ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ နိုင်ငံရေးအဖွဲ့အစည်းအဖြစ် ဆက်လက်ရှင်သန်နေကြောင်း ပြဖို့လိုပါတယ်။ နအဖရဲ့ ရွေးကောက်ပွဲကို လူထုကရော နိုင်ငံတကာအစိုးရတွေကပါ အသိအမှတ်မပြု မထောက်ခံကြအောင် စည်းရုံးဖို့လိုပါတယ်။ နအဖရဲ့ရွေးကောက်ပွဲဟာ တိုင်းပြည်ရဲ့ ပြဿနာများအတွက် စစ်မှန်တဲ့ အဖြေမဟုတ်ဘဲ ပိုပြီးဆိုးဝါးမည့် ပေါက်ကွဲမှုများဆီ ဦးတည်နေတယ်ဆိုတာ ရှင်းလင်းပြဖို့ လိုပါတယ်။ တိုင်းပြည်ရဲ့ ပြဿနာများအားလုံးကို ငြိမ်းငြိမ်းချမ်းချမ်း ခိုင်ခိုင်မာမာ

ဖြေရှင်းနိုင်ဖို့ နအဖ၊ အဖွဲ့ချုပ်နဲ့ တိုင်းရင်းသားကိုယ်စား လှယ်များပါဝင်တဲ့ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲတွေ မရှိမဖြစ် လိုအပ်တာမို့ ဒီတွေ့ဆုံဆွေးနွေးပွဲတွေ ပေါ်ပေါက်လာရေးအတွက် လူထုအား၊ နိုင်ငံတကာ ထောက်ခံမှုအားနဲ့ နအဖကို ဖိအားပေးတာဟာ အဖွဲ့ချုပ်ရဲ့ ကစားပွဲအသစ်ဖြစ်ပါလိမ့်မယ်။

သူတို့ ပြောကြသလို မြန်မာနိုင်ငံမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ချုပ်အပြင် အခြားဒီမိုကရက်တွေ ရှိသေးတယ်ဆိုတာ မှန်သင့်သလောက် မှန်ပါတယ်။ အဲဒီ ဒီမိုကရက်တွေက ရွေးကောက်ပွဲဝင်ဖို့ ကြိုးစားနေတာလည်း အမှန်ပါပဲ။ ဒါပေမဲ့ အဲဒီ ဒီမိုကရက်တွေဟာ လူထုကို ကိုယ်စားမပြုနိုင်ပါ။ အဖွဲ့ဝင် ၁၀၀၀ ပြည့်ဖို့တောင် မနည်းစည်းရုံးနေရတဲ့ ဒီပုဂ္ဂိုလ်တွေဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ချုပ်လို ပြည်သူသန်းပေါင်းများစွာကို ကိုယ်စားမပြုနိုင်တာ အထင်အရှားပါ။ ပြီးတော့ ဒေါ်အောင်ဆန်းစုကြည်ဟာ လူထုရဲ့ထောက်ခံမှုကို တစ်ခဲနက်ရထားသူပါ။ နအဖက သူ့ကို နှစ်ပေါင်းများစွာ နေအိမ်အကျယ်ချုပ်ချပြီး လူထုကြီးနဲ့အဆက်ဖြတ်ထားပေမည့် လူထုကြီးက သူ့ကို မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ အမျိုးသားညီညွတ်ရေးကို တည်ဆောက်စည်းရုံးပေးနိုင်မည့် တစ်ဦးတည်းသော အားကိုးရာအဖြစ် မျှော်လင့်နေကြဆဲပါ။

မြန်မာနိုင်ငံမှာ အခြား ဒီမိုကရက်တွေ ရှိသေးတယ်ဆိုပြီး မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားမှုကြီးထဲက ဒေါ်အောင်ဆန်းစုကြည်ကို ဖယ်ထုတ်ပြီးစဉ်းစားတာဟာ တကယ်တော့ အမေရိကန် လူမည်းတွေရဲ့ နိုင်ငံသားအခွင့်အရေးလှုပ်ရှားမှုကြီးထဲကနေ ခေါင်းဆောင်ကြီး မာတင်လူသာကင်းကို ခွဲထုတ်ပြီး စဉ်းစားသလို၊ တောင်အာဖရိက အသားအရောင်ခွဲခြားမှုတိုက်ဖျက်ရေးလှုပ်ရှားမှုကြီးထဲကနေ ခေါင်းဆောင်ကြီး နယ်လဆင်မန်ဒဲလားကို ဖယ်ထုတ်စဉ်းစားသလို ဖြစ်နေပါလိမ့်မယ်။ ဒေါ်အောင်ဆန်းစုကြည် မပါဝင်တဲ့ ဘယ်လို နိုင်ငံရေးဖြစ်စဉ်မှ အောင်





မြင်မှုမရနိုင်ပါ။ ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ချုပ် မပါဝင်တဲ့၊ စစ်မှန်တဲ့ တိုင်းရင်းသား ကိုယ်စားလှယ်တွေ မပါတဲ့ ဒီရွေးကောက်ပွဲကို ထောက်ခံဖို့ စဉ်းစားနေတဲ့ အစိုးရတွေကို ကျနော်တို့ ရှုတ်ချရပါလိမ့်မယ်။ ကျနော်တို့ ပြည်သူလူထုကြီးအနေနဲ့လည်း ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ချုပ်မပါဝင်တဲ့ ရွေးကောက်ပွဲမှာ ဦးသုဝေကို မဲပေးရနိုးနိုး၊ ဖြိုးမင်းသိန်းကို မဲပေးရနိုးနိုး စဉ်းစားနေစရာမလိုပါ။ မိမိတို့ အားလုံးကို ရာသက်ပန် စစ်ကျွန်ဘဝကို ပို့မည့် ဒီရွေးကောက်ပွဲကို ပြတ်ပြတ်သားသား ငြင်းပယ်ကြရမှာပါ။

အဖွဲ့ချုပ်အနေနဲ့လည်း လူထုကြားထဲဝင်ပြီး လူထုအကျိုးပြုလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ ရေလှူတာ၊ ရေတွင်းဆောက်တာ၊ ကျောင်းဆောက်တာတွေအပြင် လူထုခံစားနေရတဲ့ မတရားမှုတွေကို ဖြေရှင်းတဲ့ အလုပ်တွေ ပိုပြီးလုပ်သင့်ပါတယ်။ ဦးအေးမြင့်နဲ့ လမ်းပြကြယ်အဖွဲ့ဆောင်ရွက်နေတဲ့ ကလေးစစ်သားစုဆောင်းမှု ပပျောက်ရေးလှုပ်ရှားမှုတွေကို အဖွဲ့ချုပ်က တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်မယ်ဆိုရင် ပိုပြီးထိရောက်မှုရှိမှာပါ။ ဦးမြင့်အေးနဲ့ မိတ်ဆွေများဆောင်ရွက်ခဲ့ကြတဲ့ လူ့အခွင့်အရေး ပညာပေးရေးနဲ့ ကာကွယ်ရေးကိစ္စတွေ၊ ရွှေနေကိုဖိုးဖြူနဲ့ လယ်သမားကြီးများ ကြိုးစားနေတဲ့ အဓမ္မလယ်ယာ အသိမ်းခံရမှုများ၊ အဓမ္မလုပ်အားပေး ခိုင်းစေခံရမှုများတိုက်ဖျက်ရေးကိစ္စတွေကို အဖွဲ့ချုပ်ဝင်များက တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဆောင်ရွက်ကြရင် သိပ်ကောင်းမှာပါ။ အရင်က ၈၈ မျိုးဆက်ကျောင်းသားများ ဆောင်ရွက်ခဲ့ကြတဲ့ နိုင်ငံရေးအကျဉ်းသားမိသားစုများအား အားပေးကူညီတဲ့ လှုပ်ရှားမှုတွေကို အဖွဲ့ချုပ်ဝင်တွေ တစ်နိုင်ငံလုံးမှာဆောင်ရွက်ကြရင် သိပ်ထိရောက်မှု ရှိမှာပါ။

၈၈ မျိုးဆက်ကျောင်းသားများရဲ့ ရင်ဖွင့်သံ လှုပ်ရှားမှု (Open Heart Campaign)၊ အဖြူရောင်တနင်္ဂနွေလှုပ်ရှားမှု (White Sunday Campaign) များဟာ နအဖကို အကြီးအကျယ်ခြိမ်းခြောက်

နိုင်ခဲ့သလို လူထုနဲ့ နိုင်ငံတကာအစိုးရတွေရဲ့ အသိအမှတ်ပြုခံရတဲ့ လူထုကို အခြေပြုတဲ့ နိုင်ငံရေးလှုပ်ရှားမှု တွေပါ။ အဖွဲ့ချုပ်က ဗဟိုကနေ မူဝါဒချမှတ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်သင့်တဲ့ လှုပ်ရှားမှုတွေပါ။ ပြီးတော့ တိုင်းရင်းသားလူမျိုးစုများနဲ့ ထိစပ်ဆက် သွယ်ပြီး သူတို့ရဲ့နှစ်ပေါင်းများစွာ နာကျင်ခံစားရမှုကို စာနာနားလည် တတ်ဖို့၊ ပူးပေါင်းအဖြေရှာရေး ဆွေးနွေးညှိနှိုင်းတွေကြဖို့ လိုပါတယ်။

ဒီလှုပ်ရှားမှုတွေကို လုပ်ရင်တော့ ရေတွင်းတူးတာထက်စာရင် ပိုပြီး နအဖက အနှောင့်အယှက်ပေး၊ ရန်ပြုမှာလည်း အသေအချာပါပဲ။ ဒါပေမဲ့ ဒီလှုပ်ရှားမှုတွေကပဲ အဖွဲ့ချုပ်ဟာ နိုင်ငံရေးအဖွဲ့အစည်းတစ်ခု အဖြစ် ရပ်တည်နေဆဲ၊ လူထုကို ဦးဆောင်နေဆဲ ဆိုတာ သက်သေပြ နိုင်မှာပါ။

## (၆) ဖြည်းဖြည်းမှ လုပ်လို့မရပါ

ဒီလိုလှုပ်ရှားမှုတွေကို တဖြည်းဖြည်းနဲ့ အချိန်ယူလုပ်သွားဖို့ အစီအစဉ်တွေ အဖွဲ့ချုပ်မှာ ရှိကောင်းရှိပါလိမ့်မယ်။ ဒါပေမဲ့ အဖွဲ့ချုပ် မှာ အချိန်မရှိပါ။ ဒီလိုပြတ်သား ရဲရင့်တဲ့ လှုပ်ရှားမှုတွေကိုနအဖရဲ့ ရွေးကောက်ပွဲမတိုင်ခင် ဆောင်ရွက်နိုင်မှ အဖွဲ့ချုပ်ဟာ နိုင်ငံရေး ဦးဆောင်မှုနေရာမှာ ရှိနေဆဲဆိုတာ သက်သေပြရာရောက်ပြီး နအဖရဲ့ ရွေးကောက်ပွဲအပေါ် မှာ ရှိနေတဲ့ နိုင်ငံတကာအစိုးရတွေရဲ့ စိတ်ဝင် စားမှုကို အတိုင်းအတာတစ်ခုထိ ဖယ်ရှားနိုင်မှာပါ။

ရွေးကောက်ပွဲကို သပိတ်မှောက်ရေးဟာ လုံးဝမဖြစ်နိုင်တဲ့ ကိစ္စလို့ သတ်မှတ်ပြီး သပိတ်မှောက်ရေးကြွေးကြော်သံအပေါ် ရယ်သွမ်း သွေးနေတဲ့ လူတွေလည်းရှိပါတယ်။ ရွေးကောက်ပွဲက နအဖကသာ တကယ်လုပ်မယ်ဆိုရင် တကယ်ဖြစ်မှာပါ။ မဲပေးတဲ့လူတွေ ရှိကြမှာပါ။ ဒါပေမဲ့ ရွေးကောက်ပွဲသပိတ်မှောက်ရေးရဲ့ အဓိက ရည်ရွယ်ချက်က ရွေးကောက်ပွဲမှာ လူထုရဲ့ပါဝင်မှု အနည်းဆုံးဖြစ်ဖို့နဲ့ နိုင်ငံတကာ





အစိုးရတွေရဲ့ စိတ်ဝင်စားမှု၊ ထောက်ခံမှု အနည်းဆုံး ဖြစ်ဖို့ပါ။ ပြီးခဲ့တဲ့ ၁၉၉၀ ရွေးကောက်ပွဲမှာ အဖွဲ့ချုပ်က လွှတ်တော်ကိုယ်စားလှယ် ၈၂ ရာခိုင်နှုန်း အနိုင်ရခဲ့ပေမည့် စစ်အုပ်စုက အဖွဲ့ချုပ်ဟာ မဲပေးပိုင်ခွင့် ရှိသူ သန်း ၂၀ ကျော်ထဲက ၃၀ ရာခိုင်နှုန်းရဲ့ ထောက်ခံမှုကိုသာ ရရှိခဲ့တာဖြစ်ပြီး မြန်မာနိုင်ငံပြည်သူ အများစုကို ကိုယ်စားမပြုဘူးလို့ အဖွဲ့ချုပ်ရဲ့အောင်ပွဲကို နှိမ့်ချစော်ကားခဲ့ပါတယ်။

၂၀၁၀ ရွေးကောက်ပွဲမှာလည်း ကျနော်တို့က မဲပေးသူအရေ အတွက် အနည်းဆုံးဖြစ်အောင် စည်းရုံးပြီး စစ်အုပ်စုရဲ့ ရွေးကောက်ပွဲ အနိုင်ရကိုယ်စားလှယ်များဟာ မြန်မာနိုင်ငံ ပြည်သူအများစုကို ကိုယ်စား မပြုဘူးဆိုတာ သက်သေပြကြဖို့ပါ။ နိုင်ငံတကာအစိုးရတွေအဖို့လည်း ဒီရွေးကောက်ပွဲဟာ မဆလကနေ နဝတ အမည်ပြောင်းသလို နဝတ ကနေ နအဖ အမည်ပြောင်းသလို စစ်အုပ်စုရဲ့ နာမည်ပြောင်းပွဲတစ်ခု ထက်မပိုဘူးလို့ မြင်နိုင်ဖို့ပါ။

## (၇) ရွေးကောက်ပွဲနောက်ပိုင်း ပြဿနာများ

ရွေးကောက်ပွဲ ပြီးလို့ စစ်အုပ်စုက သူ့ရဲ့ ၂၀၀၈ ဖွဲ့စည်းပုံကို အသက်သွင်းပြီဆိုတာနဲ့ ပြဿနာပေါင်းစုံကို ရင်ဆိုင်ရတော့မှာပါ။ ဒီဖွဲ့စည်းပုံကို ဘယ်လောက်ပဲ စစ်တပ်ရဲ့ အာဏာပိုင်စိုးရေးကို ရည်ရွယ် ရေးဆွဲထားခဲ့ပေမည့် ဟာကွက်တွေ အားနည်းချက်တွေလည်း အများကြီး ရှိနေတာပါ။ အဲဒီ အားနည်းချက်တွေကပဲ စစ်အုပ်စုတွင်းပြိုကွဲရေးကို ဦးတည်နေတာပါ။ ရှင်းပြပါရစေ။

ဒီဖွဲ့စည်းပုံအရ နိုင်ငံတော်သမ္မတနဲ့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်တို့ဟာ အမြင့်မားဆုံးရာထူးတွေပါ။ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က ပိုပြီးအာဏာကြီးပေမည့် နိုင်ငံတော်သမ္မတက တရားဝင် နိုင်ငံတော်အကြီးအကဲ ဖြစ်ပါတယ်။ ဒီတော့ ဗိုလ်ချုပ်သန်းရွှေက ဘယ် ရာထူးကိုယူမလဲဆိုတာက စိတ်ဝင်စားစရာဖြစ်သလို တပ်တွင်းပြဿနာ

အားလုံးရဲ့ အရင်းအမြစ်လည်းဖြစ်ပါတယ်။ ဗိုလ်ချုပ်သန်းရွှေက သမ္မတရာထူးယူလိုက်ရင် သူဟာ စစ်တပ်ကအနားယူရပါလိမ့်မယ်။ သမ္မတကြီးဦးသန်းရွှေဖြစ်လာရင်လည်း သူဟာ သူ့နေရာကိုဆက်ခံမည့် ကာကွယ်ရေးဦးစီးချုပ်အသစ်လောက်အာဏာရှိမှာမဟုတ်ဘဲ ဗိုလ်သန်းရွှေမရှိတော့တဲ့ စစ်တပ်တွင်းမှာလည်း အပြောင်းအလဲတွေအများကြီး ဖြစ်လာနိုင်ပါတယ်။

တကယ်လို့ ဗိုလ်သန်းရွှေက ကာကွယ်ရွေးဦးစီးချုပ်နေရာကို ဆက်ယူထားမယ် ဆိုရင်လည်း သူနဲ့တကွ ဗိုလ်မောင်အေး၊ ဗိုလ်ရွှေမန်း၊ ဗိုလ်တင်အောင်မြင့်ဦး စတဲ့ သက်ကြီးရွယ်အို စစ်ဗိုလ်တွေက တပ်မတော်ရဲ့ ထိပ်ဆုံးရာထူးတွေမှာ ပင်စင်သက်ကို အလွန်အကျွံ ကျော်နေတာတောင်မှ ဆက်ပြီး နေရာယူထားကြမယ်ဆိုရင် အငယ်တန်းစစ်ခေါင်းဆောင်များရဲ့ ရာထူးတက်လမ်းကို ပိတ်ဆို့ထားတာဖြစ်တဲ့အတွက် မကျေနပ်မှုတွေ ကြီးမားလာမှာပါ။ ဗိုလ်သန်းရွှေက ရာထူးနှစ်ခုစလုံးကို မယူဘဲ အနားယူလိမ့်မယ်လို့တော့ ကျနော် မထင်ပါ။ သူ့ရှေ့ အာဏာရှင်ဟောင်းကြီးများ ဦးနေဝင်း၊ ဗိုလ်စောမောင်တို့ အာဏာမရှိတဲ့ နောက်ပိုင်း ဘယ်လိုဘဝနိဂုံးချုပ်ခဲ့ကြရတယ်ဆိုတာ သူကောင်းကောင်း သိတာမို့ အာဏာစွန့်ရဲလိမ့်မယ်လို့ မထင်ပါ။

ဗိုလ်သိန်းစိန် အပါအဝင် စစ်တပ်က တချို့က အရပ်ဘက်ပြောင်းပြီး ဗဟိုအစိုးရနဲ့ ပြည်နယ်၊ တိုင်း ဒေသ အစိုးရများကို ဦးဆောင်ကြမှာပါ။ အဲဒီ အခါမှာလည်း အရပ်ဘက်ရာထူးကြီးကြီးတွေ ရထားတဲ့ စစ်ဗိုလ်ဟောင်းများနဲ့ စစ်တပ်တွင်း ကျန်ရှိနေသေးတဲ့ စစ်ဗိုလ်များအကြား ကွဲပြားမှုတွေ၊ မယုံကြည်မှုတွေ၊ မနာလိုမှုတွေ ရှိလာနိုင်ပါတယ်။ စစ်တပ်အတွင်းမှာလည်း လွှတ်တော်အဆင့်ဆင့်ထဲမှာ တာဝန်ထမ်းဆောင်ဖို့နဲ့ ဗဟို နဲ့ ပြည်နယ်၊ ဒေသ အစိုးရတွေမှာ တာဝန်ထမ်းဆောင်ဖို့ ကာကွယ်ရေးဦးစီးချုပ်က ရွေးချယ်ခံရတဲ့ စစ်ဗိုလ်တွေနဲ့ အရွေးချယ်မခံရဘဲ တိုက်ခိုက်ရေးတပ်တွေမှာပဲ တာဝန်ယူရတဲ့စစ်ဗိုလ်တွေဆိုပြီး လူတန်းစား နှစ်ရပ်ပေါ်ပေါက်လာမှာ ဖြစ်





သလို အဲဒီ လူတန်းစားနှစ်ရပ်ရဲ့ ပြိုင်ဆိုင်မှုက တပ်တွင်းပဋိပက္ခတွေကို ပိုပြီးကြီးထွားလာစေမှာပါ။

စစ်အုပ်စုက တိုင်းရင်းသားအပစ်ရပ်အဖွဲ့များကို နယ်ခြားစောင့်တပ်အသွင်ပြောင်းဖို့ ဖိအားပေးနေတာကို အခုတလောမှာ ခဏရပ်ထားပေမည့် ရွေးကောက်ပွဲပြီးရင်တော့ ဆက်ပြီးအချိန်ဆွဲထားလို့ မရနိုင်တော့ပါဘူး။ အဲဒီအခါမှာ ငြိမ်းချမ်းစွာဖြေရှင်းနိုင်မည့်လမ်း သိပ်မမြင်ပါ၊ ဒီတိုင်းရင်းသား အပစ်ရပ်အဖွဲ့များက သူတို့တောင်းဆိုထားတဲ့ အခွင့်အရေးတွေ မရဘဲ သူတို့တပ်တွေကို စစ်တပ်ရဲ့ လက်အောက်ခံအဖြစ်သွတ်သွင်းဖို့ဆိုတာ မဖြစ်နိုင်ပါ။ သူတို့တောင်းဆိုထားတဲ့ အခွင့်အရေးတွေပေးဖို့ဆိုတာကလည်း ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ပေးမှ ဖြစ်မှာမို့ စစ်တပ်ကလည်း လိုက်လျောမှာမဟုတ်ပါ။ အဲဒီအခါ စစ်ရေးနဲ့ ဖြေရှင်းကြမယ်ဆိုရင်လည်း ဒီစစ်ဟာ စစ်အုပ်စုအတွက် အလွယ်တကူ အနိုင်ရမည့် စစ်ပွဲ မဖြစ်နိုင်ပါ။ ပြည်တွင်းစစ် အရှိန်အဟုန်မြင့်မားလာပါလိမ့်မယ်။

## (၈) အချိန်ကောင်းမှာ အဆင်သင့်ရှိကြဖို့

စစ်အုပ်စုကတော့ သူမွေးတဲ့မီး သူ့ပြန်လောင်မည့်ကိန်း မကြာခင် ကြုံရတော့မှာပါ။ အဲဒီအချိန်ကောင်းမှာ အဖွဲ့ချုပ်နဲ့ ဒီမိုကရေစီအင်အားစုများက အဆင်သင့်ရှိဖို့ လိုပါတယ်။ အဲဒီလို အဆင်သင့်ဖြစ်ဖို့နဲ့ လူထုကိုအခြေပြုတဲ့ ကစားပွဲကို အားကောင်းမောင်းသန် အနိုင်ကစားနိုင်ဖို့ အခုကတည်းက အစွမ်းဆောင်နိုင်ဆုံး ပြင်ဆင်လှုပ်ရှားကြရမှာပါ။ ဒီလို နအဖရဲ့ကစားပွဲကို ကျော်ခိုင်းပြီး ကစားပွဲအသစ်တစ်ခုဆီကို ရွှေ့လျားရာမှာ နအဖရဲ့ ရွေးကောက်ပွဲကို လူထုနဲ့ နိုင်ငံတကာက စိတ်ဝင်စားမှု အနည်းဆုံးဖြစ်အောင် စည်းရုံးဖို့ လိုပါတယ်။ အဖွဲ့ချုပ်ဟာ နိုင်ငံရေး အင်အားစုကြီးအဖြစ် ဆက်လက်တည်ရှိနေကြောင်းပြတဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေ ဆောင်ရွက်နေဖို့လိုပါတယ်။

လူထုနဲ့ ပိုပြီးနီးစပ်အောင်နေရင်း လူထုကို ကစားကွင်းထဲ ပြန်သွင်းဖို့ လိုပါတယ်။ နအဖကို အားဖြည့်နေကြတဲ့ နိုင်ငံခြားသားတွေကို ပရိသတ်နေရာ ပြန်ပို့ဖို့လိုပါတယ်။ တိုင်းရင်းသားလူမျိုးစုများရဲ့ နာကျင်ခံစားရမှုကို နားလည်စာနာပြီး အဖြေအတူတူရှာကြဖို့ စည်းလုံးညီညွတ်ကြဖို့ လိုပါတယ်။ ဒါ ကျနော် ဉာဏ်မီသမျှ တွေးကြည့်မိတာပါ။ သဘောမတူရင်ဖြင့် တောင်းပန်ပါရဲ့။

*(တာပြီးနေ့စွဲ ဇွန် ၂၇၊ ၂၀၁၀)*



## စိတ်ကူး မယဉ်ကြဖို့

နအဖ စစ်အုပ်စုက ရွေးကောက်ပွဲ ဥပဒေတွေကို ထုတ်ပြန်၊ ရွေးကောက်ပွဲကော်မရှင်ကိုဖွဲ့စည်းပြီး အဲဒီကော်မရှင်က ရွေးကောက်ပွဲဆိုင်ရာ နည်းဥပဒေတွေ ထုတ်ပြန်နေပါပြီ။

နအဖကရွေးကောက်ပွဲဥပဒေများနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တကွ နိုင်ငံရေးအကျဉ်းသား ၂၀၀၀ ကျော်ကို ရွေးကောက်ပွဲ မဝင်နိုင်အောင် တားမြစ်လိုက်တဲ့အပြင် သူတို့အားလုံးကို ပါတီထောင်ခွင့်၊ ပါတီဝင်ဖြစ်ခွင့်တွေပါ ပိတ်ပင်လိုက်ပါတယ်။ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကိုလည်း ဖျက်သိမ်းလိုက်တဲ့အပြင် ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကိုပါ ရက် ၆၀ အတွင်း ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အကျဉ်းကျနေကြသူတွေအားလုံးကို ပါတီကထုတ်ပစ်ပြီးပါတီကို ကော်မရှင်မှာ ပြန်လည်မှတ်ပုံတင်ဖို့ ဖိအားပေးနေပါတယ်။ အဲဒီလိုမလုပ်ခဲ့ရင် ပါတီဟာ အလိုအလျောက် ဖျက်သိမ်းပြီး ဖြစ်မယ်လို့ ခြိမ်းခြောက်နေပါတယ်။ ဒါကြောင့်မို့ အဖွဲ့ချုပ်ဟာ မကြာမီအချိန်အတွင်းမှာ အင်မတန်အရေးကြီးတဲ့ ဆုံးဖြတ်ချက်တစ်ခုကို ချရတော့မှာ ဖြစ်ပါတယ်။

ဒီလို အချိန်မျိုးမှာ မတရားမှုတွေကို သိသိကြီးနဲ့ ခေါင်းငုံ့ခံဖို့ တိုက်တွန်းနေကြတဲ့ အသံတွေကြားနေရပါတယ်။ပါတီ တရားဝင်

ဆက်လက်ရပ်တည်နိုင်ရေးအတွက် နအဖ ချမှတ်ထားတဲ့ စည်းမျဉ်းတွေအတိုင်း ပါတီကိုပြန်လည်မှတ်ပုံတင်သင့်တယ်။ လူထုကို ရွေးချယ်စရာအခွင့်အရေးပေးနိုင်ဖို့အတွက် ရွေးကောက်ပွဲ ဝင်သင့်တယ်လို့ အကြောင်းရှာနေကြတာလည်း ကြားရပါတယ်။ အဲဒီ အတွေးအခေါ်တွေကို တုံ့ပြန်ဖို့ ဒီစာစုကို ရေးပါတယ်။

၁။ ပြည်တွင်းက ဝါရင့်နိုင်ငံရေးသမားကြီး ဦးသုဝေက ပြောပါတယ်။ ဒီရွေးကောက်ပွဲဟာ စစ်တပ်က စနစ်တကျ နိုင်ငံရေးနယ်ပယ်က နောက်ဆုတ်တာဖြစ်တယ်။ ဒါကြောင့်မို့ ဒီရွေးကောက်ပွဲကို ဝင်ရမယ်လို့ ဆိုပါတယ်။ ဒီသဘောတရားကိုပဲ အခွင့်ထူးခံ စာနယ်ဇင်းသမားတစ်စုနဲ့ အလံနီဟောင်းတွေက တွင်တွင်ကြီး ဝါဒဖြန့်ချိနေတာ ကြာပါပြီ။

လုံးဝမှားပါတယ်။ တကယ်က စစ်တပ်က နိုင်ငံတော်အာဏာကို ထာဝရ ဆုပ်ကိုင်နိုင်ဖို့ စနစ်တကျ ရွေ့တိုးလိုက်တာပါ။ မြန်မာနိုင်ငံမှာ ထာဝရ စစ်အာဏာရှင်စနစ်ကို တည်ဆောက်ဖို့ ရွေ့တစ်လှမ်းတိုးလိုက်တာပါ။

နအဖ ရဲ့ အကြံအစည်က သူတို့ရဲ့ ဘိုးတော်ကြီး ဦးနေဝင်းရဲ့ အကြံအစည်နဲ့ အတူတူပါပဲ။ ကွဲပြားတာက လက်ရှိ စစ်အာဏာရှင်တွေက ဦးနေဝင်းရဲ့ အားနည်းချက်လို့ သူတို့ယူဆတာတွေကိုပြင်ဆင်ထားတာပါပဲ။ ဦးနေဝင်းက ၁၉၆၂ ခုနှစ်မှာ အာဏာသိမ်းပြီး ၁၉၆၄ ခုနှစ်မှာ မဆလ ပါတီထောင်တယ်။ တစ်ပါတီ အာဏာရှင်စနစ် ဖွဲ့စည်းပုံဆွဲပြီး ၁၉၇၃ ခုနှစ်မှာ အတည်ပြုတယ်။ ၁၉၇၄ ခုနှစ်က စပြီး ၄ နှစ် တစ်ကြိမ်ရွေးကောက်ပွဲတွေလုပ်တယ်။ နအဖ က ၁၉၈၈ ခုနှစ်မှာ အာဏာကို မဆလ အစိုးရထံကနေ လွှဲပြောင်းယူတယ်။ ၁၉၉၃ ခုနှစ်ကနေ ၂၀၀၇ ခုနှစ်အထိ ၁၃နှစ်ကျော်ကြာ ထာဝရ စစ်အာဏာရှင်စနစ် ဖွဲ့စည်းပုံကို ရေးဆွဲတယ်။ ၂၀၀၈ ခုနှစ်မှာ အဓမ္မ အတည်ပြုတယ်။ အခု ၂၀၁၀ ခုနှစ်မှာ စစ်တပ်နှင့် လက်အောက်ခံပါတီများရဲ့ ပါတီစုံရွေးကောက်ပွဲကို လုပ်ဖို့ ပြင်ဆင်နေတာပါ။





ဦးနေဝင်းက စစ်တပ်ကို ကျောထောက်နောက်ခံထားတဲ့ မဆလပါတီ ထောင်ပြီး နိုင်ငံတော်အာဏာကို ဆုပ်ကိုင်ခဲ့ပေမည့် အဲဒီ စစ်တပ်ပါတီထောင်ရေးကို အားနည်းချက်လို့ နအဖကမြင်ပုံရပါတယ်။ ဦးနေဝင်းက စစ်တပ်ကို အခြေပြုပြီး နိုင်ငံရေးပါတီထောင်တဲ့အခါ အရပ်သားတွေကိုလည်း ပါတီထဲ ဖိတ်ခေါ်ရတယ်။ ဆိုရှယ်လစ်ဟောင်းတွေ၊ ကွန်မြူနစ်ဟောင်းတွေ၊ ပမညတဟောင်းတွေက ဦးနေဝင်းရဲ့ မဆလပါတီထဲဝင်ပြီး ဦးနေဝင်းကို ပါတီခေါင်းဆောင်အဖြစ်က ဖယ်ရှားဖို့ကြိုးစားတာကို ကြုံခဲ့ရဖူးပါတယ်။ တပ်တွင်းမှာလည်း ပါတီဝင်တဲ့ စစ်ဗိုလ်၊ စစ်သားတွေနဲ့ ပါတီမဝင်တဲ့ စစ်ဗိုလ်၊ စစ်သားတွေအကြား အမိန့်ပေးစနစ် ဖရိုဖရဲဖြစ်တာလည်း ရှိခဲ့ပါတယ်။ ၁၉၇၄ ခုနှစ်အစပိုင်းလုပ်တဲ့ ရွေးကောက်ပွဲတွေမှာလည်း လူထုထဲက ယှဉ်ပြိုင်ရွေးကောက်ခံသူတွေပေါ်လာပြီး ပါတီကရွေးချယ်ထားတဲ့ ကိုယ်စားလှယ်လောင်းကို အနိုင်ရသွားတာတွေလည်း ရှိခဲ့ပါတယ်။

နအဖ က အဲဒီလို ပြန်အဖြစ်မခံတော့ပါဘူး။ ဒီတစ်ခါတော့ စစ်တပ်ကိုယ်တိုင်က ပါတီမထောင်တော့ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ စစ်တပ်နဲ့ ကာကွယ်ရေး ဦးစီးချုပ်ကို အာဏာကုန်ပေးထားခြင်းဖြင့် စစ်တပ်ရဲ့ ရာသက်ပန်အာဏာပိုင်စိုးမှုကို စိတ်ချရအောင် ဖန်တီးထားလိုက်ပါတယ်။ ဦးနေဝင်းရဲ့ တစ်ပါတီစနစ်ကို ပြန်မသွားတော့ဘဲ စစ်တပ်လက်အောက်ခံပါတီများကို စစ်ဗိုလ်ဟောင်းများ၊ မဆလဟောင်းများ၊ ကြံ့ဖွံ့များ၊ လက်နက်ချပြီး ဖြစ်တဲ့ တိုင်းရင်းသားများ၊ အလိုတော်ရိစီးပွားရေးသမားများနဲ့ ဖန်တီးပြီး စစ်တပ်နဲ့ စစ်တပ်လက်အောက်ခံပါတီများရဲ့ပါတီစုံစနစ်ကို တီထွင်ဖော်ထုတ်လိုက်တာပါ။ ဒါကိုပဲ စစ်တပ်က နိုင်ငံရေးနယ်ပယ်ကနေ စနစ်တကျ ဆုတ်ခွာနေတာဖြစ်တယ်လို့ ယုံကြည်နေမယ်ဆိုရင် **စိတ်ကူးယဉ်တာပဲ ဖြစ်ပါလိမ့်မယ်။**

၂။ တချို့ကလည်း နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တိုင်းရင်းသားလူမျိုးစုများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်တွေ ပေးထား

တာမို့ ဒီဥပဒေကို ထောက်ခံသင့်တယ်၊ ဒီရွေးကောက်ပွဲကို ဝင်သင့်တယ်လို့ ပြောကြပါတယ်။

**ဒါလည်း မှားပါတယ်။** ဒီ ၂၀၀၈ ဖွဲ့စည်းပုံမှာ လူမျိုးစု ၆ စု (နာဂ၊ ဓနု၊ ပအိုဝ်၊ ပလောင်၊ ကိုးကန့်၊ ဝ) အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ (၅) ခုနဲ့ တိုင်းတစ်ခု ဖန်တီးပေးထားပေမည့် အဲဒီလူမျိုးစုတွေ တကယ်တမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရကြတာ မဟုတ်ပါ။ သူတို့ရဲ့ ဒေသဦးစီးအဖွဲ့တွေနဲ့ တိုင်းဦးစီးအဖွဲ့တွေကို ဖွဲ့စည်းတဲ့အခါမှာ စစ်တပ်က ခန့်အပ်တဲ့ စစ်ဗိုလ်တွေက ဦးစီးအဖွဲ့ရဲ့ (၂၅) ရာခိုင်နှုန်းကို နေရာယူထားမှာပါ။ အဲဒီဦးစီးအဖွဲ့တွေမှာလည်း စစ်တပ်ကိုယ်စားလှယ်တွေကသာ လုံခြုံရေး နဲ့ နယ်စပ်အရေးကိစ္စတွေကို တာဝန်ယူကွပ်ကဲမှာပါ။ ဦးစီးအဖွဲ့ ရှိနေပေမည့် တကယ်တမ်း အုပ်ချုပ်ရေး ကိစ္စတွေကို မြန်မာပြည်မက ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ခံ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနက တာဝန်ယူဆောင်ရွက်မှာပါ။

အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရဲ့ ဒေသတာဝန်ခံက ဦးစီးအဖွဲ့ရဲ့ အတွင်းရေးမှူးတာဝန်ကို ယူပြီး တကယ်အုပ်ချုပ်မှာပါ။ တစ်ခါ ပြည်မက သမ္မတက ခန့်အပ်တဲ့ တရားသူကြီးတွေက အဲဒီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွေ၊ တိုင်းတွေရဲ့ တရားစီရင်ရေးကို တာဝန်ယူမှာ ဖြစ်ပြီး ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ခံ ရဲတပ်ဖွဲ့က ဒေသလုံခြုံရေးကို တာဝန်ယူမှာပါ။ ဒီတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတယ်လို့ ဆိုထားပေမည့် တကယ်တမ်း ကိုယ်ပိုင်အုပ်ချုပ်စရာ ဘာမှမကျန်တော့ပါ။ စစ်တပ်ကပဲ အားလုံးကို အုပ်ချုပ်မှာပါ။ ဒါကြောင့် ဒီဖွဲ့စည်းပုံမှာ တိုင်းရင်းသား အခွင့်အရေးတွေ အများကြီးပေးထားတယ်လို့ ယုံကြည်နေရင် **စိတ်ကူးယဉ်တာပဲ ဖြစ်ပါလိမ့်မယ်။**

၃။ တချို့က ပါတီတရားဝင်ဆက်လက်ရပ်တည်နိုင်ရေး အတွက် အဖွဲ့ချုပ် ပြန်လည်မှတ်ပုံတင်သင့်တယ်၊ အဖွဲ့ချုပ်သာရွေးကောက်ပွဲဝင်ရင် သေချာပေါက်နိုင်မှာပါလို့ ပြောနေကြတာလည်း





ကြားရပါတယ်။ ဒီတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ အကျဉ်းကျပါတီဝင်တွေကို ပါတီက ခဏထုတ်ပယ်၊ ပြန်ပြီး အသစ်မှတ်ပုံတင်၊ ရွေးကောက်ပွဲမှာ အနိုင်ရအောင်လုပ်ပြီးမှ ထုတ်ထားတဲ့ ပါတီဝင်တွေကို ပြန်လက်ခံကြတာပေါ့လို့ စဉ်းစားနေကြသူတွေလည်း ရှိကြပါ တယ်။

**လုံးဝမှားပါတယ်။** နအဖ ကရွေးကောက်ပွဲကို သန့်ရှင်းမျှတစွာ ကျင်းပပေးမှာမဟုတ်ပါ။ တစ်ဖက်သတ်ရေးဆွဲပြီး အဓမ္မအတည်ပြုထားတဲ့ ဖွဲ့စည်းပုံ၊နိုင်ငံတကာအစိုးရတွေရဲ့ တောင်းဆိုချက်တွေကို ဂရုမစိုက်ဘဲ ထုတ်ပြန်လိုက်တဲ့ ရွေးကောက်ပွဲ ဥပဒေတွေ၊ နအဖဝန်ကြီးတွေ၊ ကြံ့ဖွံ့ခေါင်းဆောင်တွေရဲ့ ပြည်သူ့ဘဏ္ဍာတွေသုံးပြီး လုပ်နေတဲ့ ကြိုတင်မဲဆွယ်မှုတွေ၊ အလိုတော်ရိ စီးပွားရေးသမားတွေကို ရန်ကုန်မြို့ကြီးက အဆောက်အအုံတွေ၊ နိုင်ငံပိုင်လုပ်ငန်းတွေ ခွဲဝေပေးနေတာကိုကြည့်ရင် သိလောက်ပါရဲ့။ နအဖရဲ့ ဖိအားပေးမှုကို ခံပြီး ပါတီကို ပြန်မှတ်ပုံတင်ရင်တောင်မှ နအဖက အဖွဲ့ချုပ်ကို အကြောင်းပေါင်းစုံနဲ့ လိုအပ်ရင် ဖျက်သိမ်းလို့ရအောင် နိုင်ငံရေး ပါတီများ မှတ်ပုံတင်ခြင်း ဥပဒေမှာ ပြဋ္ဌာန်းထားချက်တွေ ရှိပါတယ်။

အဲဒီပြဋ္ဌာန်းချက်တွေအရ နအဖရဲ့ ရွေးကောက်ပွဲကော်မရှင်က အဖွဲ့ချုပ်ကို မတရားသင်းအဖွဲ့တွေ၊ သူပုန်တွေ၊ အကြမ်းဖက်အဖွဲ့တွေနဲ့ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆက်သွယ်တယ်လို့စွပ်စွဲပြီး ဖျက်သိမ်းနိုင်ပါတယ်။ ဒါမှမဟုတ်လည်း နိုင်ငံခြားအစိုးရများ၊ ပြည်ပအဖွဲ့အစည်းများကနေ ထောက်ပံ့ငွေ၊ ပစ္စည်းတွေကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ယူတယ်လို့ စွပ်စွဲပြီး ဖျက်သိမ်းနိုင်ပါတယ်။ ဒါမှမဟုတ်လည်း အဖွဲ့ချုပ်ဟာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပါ ပြဋ္ဌာန်းထားချက်တွေကို မလိုက်နာဘူး၊ ဖောက်ဖျက်တယ်လို့ စွပ်စွဲပြီး ဖျက်သိမ်းနိုင်ပါတယ်။ ဒါမှမဟုတ်လည်း နအဖက အဖွဲ့ချုပ်ကို မတရားသင်းအဖြစ် ကြေညာပြီး ဖျက်သိမ်းနိုင်ပါတယ်။ ဘယ်လိုမှ ပြေးမလွတ်

ပါဘူး။ ဒီတော့ ပါတီကို ပြန်လည်မှတ်ပုံတင်ပြီးရင် ဆက်လက်ရပ်တည်ခွင့်ရလိမ့်မယ်လို့ ယုံကြည်ထားရင် **စိတ်ကူးယဉ်တာပဲ ဖြစ်ပါလိမ့်မယ်။**

ပြီးတော့လည်း ရွေးကောက်ပွဲမှာ ကိုယ်စားလှယ်လောင်းများများစားစား တင်သွင်းခွင့်ရမှာ မဟုတ်ပါ။ နအဖက ခေါင်းခေါက်ရွေးချယ်ထားတဲ့ ပုဂ္ဂိုလ်တွေနဲ့ ဖွဲ့စည်းထားတဲ့ ရွေးကောက်ပွဲကော်မရှင်က အဖွဲ့ချုပ်က တင်သွင်းမည့် ကိုယ်စားလှယ်လောင်း အများစုကို အကြောင်းအမျိုးမျိုးနဲ့ ယှဉ်ပြိုင်ခွင့် ငြင်းပယ်ပါလိမ့်မယ်။ နအဖက အဖွဲ့ချုပ်ကို သူ့ရဲ့ ရွေးကောက်ပွဲကို နိုင်ငံတကာက အသိအမှတ်ပြုရေးအတွက် လုံလောက်ရုံမျှ စတီလောက်သာ ဝင်ပြိုင်စေချင်တာဖြစ်တဲ့အတွက် အဖွဲ့ချုပ်ဟာ အလွန်ဆုံး ကိုယ်စားလှယ် (၂၀) လောက်ပဲ ယှဉ်ပြိုင်ခွင့် ရပါလိမ့်မယ်။ ယှဉ်ပြိုင်ခွင့်ရတဲ့ ကိုယ်စားလှယ်အနည်းငယ်တောင် နိုင်ချင်မှ နိုင်ပါလိမ့်မယ်။ နိုင်ရင်တောင် ကော်မရှင်က အနိုင်ရလဒ်ကို ပယ်ဖျက် နိုင်ပါသေးတယ်။ ဒီတော့ ရွေးကောက်ပွဲမှာ အင်နဲ့ အားနဲ့ ယှဉ်ပြိုင်ခွင့် ရလိမ့်မယ်လို့ ယုံကြည်နေရင် **စိတ်ကူးယဉ်တာပဲ ဖြစ်ပါလိမ့်မယ်။**

လူထုကိုလည်း လျှော့မတွက်သင့်ပါ။ အနှစ် (၂၀) ကျော်အတွင်းမှာ အဖွဲ့ချုပ်ဟာ လူထုက ရွေးချယ်တင်မြှောက်ခံထားရပေမည့် ရွေးကောက်ပွဲရလဒ်ကို အကောင်အထည် မဖော်နိုင်ခဲ့ပါ။ လူထုအတွက် ဒီမိုကရေစီကို မတည်ဆောက်ပေး၊ မဆောင်ကြဉ်းပေးနိုင်ခဲ့တဲ့အပြင် နအဖရဲ့ အထုအထောင်း အတိုက်အခိုက်တွေကိုသာ ခါးစည်းခံခဲ့ရတာပါ။ ဒါပေမဲ့လည်း လူထုက သူတို့ကိုယ်စား တိုက်ပွဲဝင်နေတယ်လို့ ယုံကြည်လက်ခံထားကြပြီး လူထုရဲ့ ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုထားတုန်းပါ။ အဲဒါကိုမှ ဒီလောက် အရေးကြီးလှတဲ့ အချိန်၊ နအဖက သူ့ရဲ့ထာဝရစစ်အာဏာရှင်စနစ် တည်ဆောက်ရေးလုပ်ငန်းကြီးကို အပြီးသတ်တော့မည့်အချိန်မှာ အဖွဲ့ချုပ်က နအဖ ဖိနှိပ်သမျှ လိုက်လျောပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ အကျဉ်းကျပါတီဝင်များကို ပါတီ





က ထုတ်ပယ်၊ သူတို့ကိုယ်တိုင် ကြေညာထားတဲ့ ရွှေဂုံတိုင်ကြေညာစာတမ်းကြီးကို လွှင့်ပစ်၊ နအဖ ရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေကို လေးစားလိုက်နာပါ့မယ်၊ ကာကွယ်စောင့်ရှောက်ပါ့မယ်လို့ ကတိကဝတ်တွေပြုပြီး ကော်မရှင်မှာ ပြန်မှတ်ပုံတင်၊ ရွေးကောက်ပွဲဝင်ရင်ဖြင့် ပြည်သူလူထုက ဒီပါတီကို သူတို့ကိုယ်စားပြု ခေါင်းဆောင်အဖြစ် အသိအမှတ်ပြု ထောက်ခံမှာ မဟုတ်တော့ပါ။

လူထုကို သစ္စာဖောက်တဲ့ပါတီ၊ စစ်တပ်ရဲ့ လက်ဝေခံပါတီ၊ စစ်တပ်အလိုကျ ရပ်တည်ရတဲ့ ပါတီအဖြစ်ပဲ သတ်မှတ်ပါလိမ့်မယ်။ **စစ်တပ်အလိုကျ ရပ်တည်နေရတဲ့ နိုင်ငံရေးပါတီဟာ လူထုကို အကျိုးပြုနိုင်ဖို့ ဝေလာဝေးဆိုတာ လူထုက ကောင်းကောင်းသိကြပါတယ်။ ဒီတော့ ငါတို့ ရွေးကောက်ပွဲဝင်ရင် အသေအချာ နိုင်မှာပဲ၊ လူထုက ထောက်ခံနေမှာပဲလို့ ယုံကြည်နေမယ်ဆိုရင် စိတ်ကူးယဉ်တာပဲ ဖြစ်ပါလိမ့်မယ်။**

'ငါတို့ ရွေးကောက်ပွဲ မဝင်ရင် လူထုမှာ ရွေးချယ်စရာ အခွင့်အလမ်း မရှိတော့ဘူး။ ဒါဆို နအဖ လူတွေပဲ နိုင်သွားလိမ့်မယ်။ ဒါကြောင့် လူထုရွေးချယ်စရာရှိနိုင်ဖို့ ငါတို့ ရွေးကောက်ပွဲဝင်ရမယ်' လို့ ဆင်ခြေပေးနေသူတွေလည်း ရှိပါတယ်။ **လုံးဝ မမှန်ပါ။** လူထုကို လျှော့မတွက်သင့်သလို အထင်လည်းမသေးသင့်၊ အသုံးလည်းမချသင့်ပါ။ လူထုက သူတို့မယုံကြည်သူကို မဲပေးမှာမဟုတ်ပါ။ သူတို့စိတ်မဝင်စားတဲ့ ရွေးကောက်ပွဲကိုလည်း မဲပေးချင်ကြမှာ မဟုတ်ပါ။ သူတို့ယုံကြည်ခဲ့သူက မှားတဲ့ဘက်ရောက်သွားရင်လည်း သည်းခံမှာ မဟုတ်ပါ။ သူတို့အတွက် ဒီရွေးကောက်ပွဲဟာ အဖြေမဟုတ်ဘူးဆိုတာ ကောင်းကောင်းသိကြသူတွေပါ။

ကုလသမဂ္ဂနဲ့ နိုင်ငံတကာ အစိုးရတွေက ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ချုပ်၊ နိုင်ငံရေးအကျဉ်းသားတွေ ပါဝင်ခွင့်မရတဲ့ ရွေးကောက်ပွဲဟာ ဂုဏ်သိက္ခာရှိမှာ မဟုတ်ဘူး၊ အသိအမှတ် ပြုခံရမှာ မဟုတ်ဘူးလို့ ခဏခဏပြောနေတာပါ။ အခု နအဖ က ရွေးကောက်ပွဲ

ဥပဒေတွေ ထုတ်ပြန်အပြီးမှာ ဒီအသံတွေက ပိုပြီး ကျယ်လောင်လာပါတယ်။ ဘယ်အစိုးရကမှ နအဖရဲ့ ရွေးကောက်ပွဲ ဥပဒေတွေကို သဘောမတူပါ။ ဒီပုံစံအတိုင်း နအဖက ရွေးကောက်ပွဲ ဆက်လုပ်မယ်၊ အဖွဲ့ချုပ်ကလည်း မပါဝင်ဘူးဆိုရင် ရွေးကောက်ပွဲက ထွက်လာတဲ့ ရလဒ်ကို နိုင်ငံတကာအစိုးရတွေက အသိအမှတ်ပြုဖို့၊ လက်ခံဖို့ အတော်ခက်ပါလိမ့်မယ်။ အဲဒါဆို နအဖက အသေအလဲ လိုချင်တောင့်တနေတဲ့ တရားဝင်အသိအမှတ်ပြုခံရမှု (Legitimacy) နဲ့ အလှမ်းဝေးနေဦးမှာပါ။ အဖွဲ့ချုပ်က ရွေးကောက်ပွဲဝင်လိုက်ရင်ဖြင့် နိုင်ငံတကာအစိုးရတွေက ရွေးကောက်ပွဲရလဒ်ကို မလွှဲမရှောင်သာ အသိအမှတ်ပြုရတော့မှာပါ။ **ဒီတော့ ဗိုလ်ချုပ်သန်းရွှေရဲ့ စစ်တပ်အုပ်စိုးမှု တရားဝင်ပြုရေး အထူးစီမံကိန်းကြီးရဲ့ နောက်ဆုံးအဆင့်မှာ အဖွဲ့ချုပ်က နောက်ဆုံး အုတ်တစ်ချပ်စီဖြည့်ပေးသူ မဖြစ်စေချင်ပါ။**

'နိုင်ငံတကာ အစိုးရတွေနဲ့ ကုလသမဂ္ဂကလည်း ဘာတွေပဲ ပြောပြော နောက်ဆုံးကျတော့ အဖျားရှူးသွားတာပါပဲ' လို့ ထင်ရင်လည်း ထင်နိုင်ပါတယ်။ ဒါပေမဲ့ နိုင်ငံတကာ အစိုးရတွေရဲ့ အားနည်းမှုက ပါတီပြန်မှတ်ပုံတင်ရေး မတင်ရေး၊ ရွေးကောက်ပွဲ ဝင်ရေး မဝင်ရေး ဆုံးဖြတ်ချက်အတွက် အကြောင်းပြစရာ မဖြစ်သင့်ပါ။ အဖွဲ့ချုပ် တည်ထောင်တုန်းကလည်း နိုင်ငံတကာ တောင်းဆိုချက်အရ ထောင်တာ မဟုတ်ခဲ့ပါဘူး။ လူထုရဲ့ တောင်းဆိုမှုကြောင့်ပါ။ အခုလည်း လူထု မျက်နှာကိုပဲ ကြည့်ပြီး ဆုံးဖြတ်သင့်ပါတယ်။

၄။ နိုင်ငံရေးတိုက်ပွဲ ပုံသဏ္ဌာန် အပြောင်းအလဲ တစ်ခုကတော့ ကျနော်တို့ လိုချင်သည်ဖြစ်စေ၊ မလိုချင်သည်ဖြစ်စေ ပေါ်လာတော့မှာပါ။ ပြီးခဲ့တဲ့ (၂၁) နှစ်လုံး ကျနော်တို့ ဒီမိုကရေစီ လှုပ်ရှားမှုကြီးဟာ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အလံထောင်ပြီး တိုက်ပွဲဝင်ခဲ့တာပါ။ မကြာခင်မှာ ကျနော်တို့ဟာ ထာဝရစစ်အာဏာရှင်စနစ်ကို ဖယ်ရှားရေးအတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖျက်သိမ်းရေး လှုပ်ရှားမှု





အသွင် ကူးပြောင်းရပါတော့မယ်။ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေ ရရှိဖို့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းမှ ဖြစ်ပါလိမ့်မယ်။ တိုင်းရင်းသားလူမျိုးစုများအားလုံး တန်းတူညီမျှ အခွင့်အရေး ရရှိဖို့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းမှ ဖြစ်ပါလိမ့်မယ်။ အဲဒီအခါမှာ ကျနော်တို့ အားလုံး ရည်ရွယ်ချက်တစ်ခုတည်း အတွက် ညီညီညွတ်ညွတ် ဆက်တိုက်ကြရမှာပါ။

အဲဒီလို နိုင်ငံရေးတိုက်ပွဲ ပုံသဏ္ဌာန် အသစ်ကို မပြောင်းခင် နောက်ဆုံးအချိန်ပိုင်းကလေးမှာ ကျနော်တို့ အားလုံး နအဖရဲ့ ရွေးကောက်ပွဲကို တစ်ခဲနက်ဆန့်ကျင်ကြဖို့နဲ့ ရွေးကောက်ပွဲရလဒ်ကို နိုင်ငံတကာအစိုးရတွေက အသိအမှတ်မပြုအောင် တောင်းဆိုဖို့ ရှိသမျှ အားတွေ အကုန်သုံးပြီး လှုပ်ရှားကြရမှာပါ။ အဲဒီလို နအဖရဲ့ ရွေးကောက်ပွဲရလဒ်ကို နိုင်ငံတကာက အသိအမှတ်မပြုအောင် စွမ်းဆောင်နိုင်မှ နိုင်ငံရေးတိုက်ပွဲ ပုံသဏ္ဌာန်အသစ်ကို ကျနော်တို့ အားကောင်းမောင်းသန် ဆက်ပြီး တိုက်ပွဲဝင်နိုင်မှာပါ။ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး ရရှိရေး၊ တိုင်းရင်းသားလူမျိုးစုများအားလုံး တန်းတူညီမျှရေး လှုပ်ရှားမှု တိုက်ပွဲကြီးဟာ မပြီးဆုံးသေးပါဘူး။ ဆက်ပြီး ခရီးဆက်ရပါဦးမယ်။ ရှေ့ဆက်ရမည့်ခရီးမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်များဟာ လူထုနဲ့အတူ ဆက်ရှိနေမှာလား၊ လူထုကို ကျောခိုင်းသွားကြမှာလား၊ သေချာတာကတော့ စိတ်ကူးယဉ်နေဖို့ အချိန်မဟုတ်တော့ပါ။

*(ဧရာဝတီ/စာပြီးနေ့စွဲ မတ် ၁၈၊ ၂၀၁၀)*

# သပိတ်စုံ၊ သူပုန်ထ၊ တော်လှန်ကြစို့

## (၁) ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး အလံတော်နဲ့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်

၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ အနိုင်ရပါတီကြီး ဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ၁၉၈၈ ခုနှစ် လူထုအုံကြွမှုကြီးရဲ့ အသီးအပွင့်တစ်ခုဖြစ်ပြီး အဲဒီအရေးတော်ပုံကြီးရဲ့ ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေး အလံတော်ကို ဆက်လက်လွှင့်ထူနေတာပါ။ နိုဘယ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဦးဆောင်မှုအောက်မှာ အကြမ်းမဖက်နိုင်ငံရေး လှုပ်ရှားမှုတွေနဲ့ အဖွဲ့ချုပ်ဟာ နိုင်ငံရေးပြဿနာတွေကို တွေ့ဆုံဆွေးနွေးရေးနည်းလမ်းနဲ့ ငြိမ်းချမ်းစွာ ဖြေရှင်းကြဖို့ နအဖ စစ်အုပ်စုကို အဆက်မပြတ်တောင်းဆိုနေခဲ့တာပါ။ အဲ့ဒီတောင်းဆိုမှုအပေါ် နအဖ စစ်အုပ်စုရဲ့တုံ့ပြန်မှုကတော့ အဖွဲ့ချုပ်ခေါင်းဆောင်တွေ၊ အဖွဲ့ဝင်တွေ၊ ထောက်ခံသူတွေကို ဖမ်းဆီးအကျဉ်းချခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ တိုက်ခိုက်သတ်ဖြတ်ခြင်း၊ ထွက်ပြေးအောင်မောင်းထုတ်ခြင်း စတဲ့ အကြမ်းဖက်နည်းလမ်းများနဲ့ပါပဲ။

အဖွဲ့ချုပ်ကို ထောက်ခံကြသူ အဖွဲ့ဝင်များ၊ ကျောင်းသား၊ ပြည်သူများထောင်ပေါင်းများစွာဟာ အကြမ်းမဖက် လှုပ်ရှားရင်း





အကြမ်းဖက်ခံကြရလို့ ဘဝတွေပျက်၊ စီးပွားပျက်၊ မိသားစုတွေ သေကွဲကွဲကြရ၊ ရှင်ကွဲ ကွဲကြရ၊ အကျဉ်းထောင်ထဲက နိုင်ငံရေး အကျဉ်းသားအရေအတွက်ဟာလည်း နှစ်ထောင့်တစ်ရာရဲ့အထက်ကို တိုးပြီးရင်းတိုးရင်း၊ အခုဆို လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဥပဒေပုဒ်မအမျိုးမျိုးနဲ့ အမှုတွေထပ်တိုး၊ အကျဉ်းချနေပြန်ပါပြီ။ ဒါဟာဖြင့် အဖွဲ့ချုပ်ရဲ့တွေ့ဆုံ ဆွေးနွေးရေးတောင်းဆိုမှုကို နအဖ စစ်အုပ်စုက ပြတ်ပြတ်သားသား ငြင်းပယ်လိုက်တာပါပဲ။ ဒီထက် ရှင်းတာ မရှိတော့ပါဘူး။ အဖွဲ့ချုပ်က ဘယ်လောက်ပဲ အော်ဟစ်ပြီး တောင်းနေတောင်းနေ ဒိုင်ယာလော့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တော့ ပါဘူး။ နအဖ တစ်ဖက်သတ် ရေးဆွဲထားတဲ့ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြန်လည်ပြင်ဆင်ခွင့် ဆိုတာလည်း ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ပါဘူး။

ဒေါ်အောင်ဆန်းစုကြည်ကို လူထုဆန့်ကျင်မှု နည်းနည်း ဒါမှမဟုတ် မရှိသလောက်နဲ့ ပိုင်ပိုင်နိုင်နိုင် ထောင်ချပြီးတဲ့နောက် နအဖရဲ့ နောက်ခြေတစ်လှမ်းက အဖွဲ့ချုပ်ကို မြန်မာ့ နိုင်ငံရေးစင်မြင့်ပေါ်ကနေ အပြီးတိုင် ဖယ်ရှားတာပဲ ဖြစ်ပါလိမ့်မယ်။

နအဖရဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း (၁၀) နိုင်ငံရေးပါတီများ၊ ပုဒ်မ (၄၀၅) မှာ ဒီလို ဖော်ပြထားပါတယ်။

ပုဒ်မ (၄၀၅) နိုင်ငံရေးပါတီ တစ်ရပ်သည် -

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်။

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်။

(ဂ) နိုင်ငံရေးပါတီအဖြစ် ဥပဒေနှင့်အညီ ဖွဲ့စည်းမှတ်ပုံတင်ထားရမည်။

ဒီတော့ မကြာခင်မှာ နအဖက ရွေးကောက်ပွဲဥပဒေ ထုတ်ပြန်ကြေညာပြီး ရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းပါလိမ့်မယ်။ ပြီးရင်

ရွေးကောက်ပွဲကော်မရှင်ကနေ နိုင်ငံရေးပါတီများကို မှတ်ပုံတင်ဖို့ ဖိတ်ခေါ်ပါလိမ့်မယ်။ ပုဒ်မ (၄၀၅) မှာ ဖော်ပြထားတဲ့အတိုင်း ရွေးကောက် ပွဲကော်မရှင်မှာ မှတ်ပုံတင်တဲ့ နိုင်ငံရေးပါတီဟာ ၂၀၀၈ ဖွဲ့စည်းပုံကို လေးစားလိုက်နာဖို့ သဘောတူလိုက်တာပါပဲ။ အဖွဲ့ချုပ်က ပါတီ တရားဝင်ဆက်လက်ရပ်တည်နေနိုင်ရေး ဆိုတဲ့အကြောင်းပြချက်နဲ့ မှတ်ပုံတင် လိုက်မယ်ဆိုရင် အဖွဲ့ချုပ်က ၂၀၀၈ ဖွဲ့စည်းပုံကို လေးစား လိုက်နာဖို့ သဘောတူလိုက်တာ ဖြစ်ပြီး ရှေ့ကတောင်းဆိုထားတဲ့ ၂၀၀၈ ဖွဲ့စည်းပုံကို သုံးပွင့်ဆိုင်ပြန်လည်ပြင်ဆင်ရေး၊ တွေ့ဆုံ ဆွေးနွေး ရေး စတဲ့ တောင်းဆိုချက်တွေကို ကိုယ့်ကိုယ်တိုင်က ဖျက်သိမ်းလိုက်တာ ပါပဲ။ အဲဒီတောင်းဆိုချက်တွေကို ဆက်လက်ကိုင်စွဲထားလည်း ဘာမှ အရေးမပါတော့ပါဘူး။ မှတ်ပုံမတင်ဘူးဆိုရင်လည်း အဖွဲ့ချုပ်ဟာ ဖျက်သိမ်းခံရဖို့ သေချာသလောက်ပါပဲ။

ပုဒ်မ (၄၀၇) ကိုကြည့်ပါဦး။

ပုဒ်မ (၄၀၇) နိုင်ငံရေးပါတီ တစ်ရပ်ရပ်သည် အောက်ပါ အကြောင်းတစ်ခုခုနှင့် ငြိစွန်းလျှင် ဆက်လက် ရပ်တည်ပိုင်ခွင့်မရှိစေရ။

(က) တည်ဆဲဥပဒေအရ မတရားအသင်းအဖြစ် ကြေညာ ခံရခြင်း၊

(ခ) နိုင်ငံတော်အား လက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန် နေသော သောင်းကျန်းသူ အဖွဲ့အစည်း (သို့မဟုတ်) အကြမ်းဖက်လုပ်ရပ်များကိုကျူးလွန်သည်ဟု နိုင်ငံတော် က သတ်မှတ်သောအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ (သို့ မဟုတ်) မတရားအသင်းအဖြစ် ကြေညာခံထားရသော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ ဖြစ်စေ ဆက်သွယ်ခြင်း (သို့မဟုတ်) အားပေးကူညီခြင်း၊

(ဂ) နိုင်ငံခြားတိုင်းပြည် တစ်ခုခုမှ အစိုးရ (သို့မဟုတ်) ဘာသာရေးအဖွဲ့အစည်း (သို့မဟုတ်) အခြား အဖွဲ့





အစည်းတစ်ခုခု (သို့မဟုတ်) ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြား အထောက်အပံ့ကို တိုက်ရိုက် ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း၊

(ဃ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုခြင်း၊

ဒီပုဒ်မဟာဖြင့် အပြစ်ရှာစရာ အင်မတန်ကျယ်ပြန့်ပြီး အဖွဲ့ ချုပ်ကို လိုအပ်တဲ့အချိန်မှာ ဖျက်သိမ်းနိုင်ဖို့ ရည်ရွယ်ချက်ရှိရှိနဲ့ ဖန်တီး ထားတဲ့ ဥပဒေပါ။ နအဖက နယ်စပ်ဒေသအခြေစိုက်နဲ့ ပြည်ပရောက် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များကို အကြမ်းဖက်သမားများအဖြစ် စွပ်စွဲ ထားပြီး တချို့အဖွဲ့အစည်းတွေ (NCGUB, FTUB, BLC..) ကို မတရားသင်းကြေညာတာဟာ အဖွဲ့ချုပ်ကိုဖျက်သိမ်းဖို့ ကြိုတင်ပြင်ဆင် ထားတာပါ။ နိုင်ငံခြားသံရုံးများနဲ့ဆက်သွယ်ပြီး အထောက်အပံ့တွေ ညွှန်ကြားချက်တွေ လက်ခံရယူတယ်လို့လည်း အဖွဲ့ချုပ်ကို နအဖက မကြာခဏ စွပ်စွဲနေတာပါ။ ဒီတော့ မကြာခင်မှာ နအဖက အဖွဲ့ချုပ်ကို အမြစ်ဖြတ်ချေမှုန်းတော့မှာ အထင်အရှားပါပဲ။

အဖွဲ့ချုပ်က ကော်မရှင်မှာ မှတ်ပုံတင်ရင်လည်း နအဖရဲ့ ဖွဲ့စည်းပုံကို သဘောတူရာ ရောက်သလို အရှုံးပေး ဒူးထောက်တာလည်း ဖြစ်ပါတယ်။ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို ကိုယ့်ဘာသာ စွန့်လွှတ်တာ ဖြစ်ပြီး ပြည်သူတွေရဲ့ အမြင်လွဲမှုကို အကြီးအကျယ်ခံရမှာပါ။ ပါတီဆက် တည်ရှိနေရင်တောင်မှ လူထုကိုယ်စားပြုပါတီ၊ လူထုထောက်ခံတဲ့ အဖွဲ့ အစည်း မဖြစ်နိုင်တော့ပါဘူး။ တိုက်ပွဲမှာ လက်နက်ချတဲ့ ခေါင်းဆောင် ကို ဘယ်လူထုကမှ ကြည်ညိုမှာမဟုတ်ပါ။

ဒီတော့ အဖွဲ့ချုပ်ခေါင်းဆောင်များဟာ အသေခံတိုက်ပွဲဝင်ပြီး ပြည်သူလူထုကိုဆက်လက်ဦးဆောင်မလား၊ ဒါမှမဟုတ် အရှုံးပေး အညံ့ ခံပြီး ပြည်သူလူထုရဲ့ ပစ်ပယ်မှုကို ခံယူမလား။ တစ်ခုခုကို ပြတ်ပြတ် သားသား ဆုံးဖြတ်ပြီး အကောင်အထည်ဖော်ရမယ့်အချိန် ဆိုက်ရောက် နေပါပြီ။

## ၂။ တိုင်းရင်းသားလူမျိုးစုများအားလုံး တန်းတူညီမျှရေး အလံတော်နဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ

၁၉၈၉ ခုနှစ်ကစပြီး နအဖနဲ့ အပစ်အခတ်ရပ်စဲထားတဲ့ လက်နက်ကိုင်တိုင်းရင်းသား အဖွဲ့များအကြောင်း ဦးစားပေးဆွေးနွေးချင်ပါတယ်။ သူတို့ရဲ့လက်ရှိအခြေအနေက လမ်းဆုံလမ်းခွကို ရောက်နေပြီး သူတို့ရဲ့ ဆုံးဖြတ်ချက်နဲ့ ရွေးချယ်မှုက နအဖရဲ့အောင်ပွဲကိုရော တိုင်းရင်းသားများရဲ့ ကံကြမ္မာကိုပါ အဆုံးအဖြတ်ပေးမှာမို့ပါ။ နအဖအဆိုအရ တိုင်းရင်းသားအပစ်ရပ်အဖွဲ့ပေါင်း (၁၇) ဖွဲ့ရှိတယ် ဆိုပေမဲ့ တကယ်တမ်း တောင့်တင်းခိုင်မာပြီး နိုင်ငံရေး ရပ်တည်ချက် ရှိတဲ့ အဖွဲ့က ဆယ်ဖွဲ့လောက်ပဲရှိပြီး အဲဒီဆယ်ဖွဲ့က လက်နက်ကိုင် အင်အား လေးသောင်းကျော်လောက်ကို ကိုယ်စားပြုထားတာပါ။ ဒီတိုင်းရင်းသား အပစ်ရပ်အဖွဲ့များရော ဆက်လက်တိုက်ပွဲ ဝင်နေဆဲ KNU; KNPP; SSA (South), စတဲ့ အဖွဲ့များပါ တိုင်းရင်းသားလူမျိုးစုများအားလုံး တန်းတူညီမျှရေး၊ တိုင်းရင်းသား လူမျိုးစုအခွင့်အရေးများ ရရှိရေး အလံတော်ကိုကိုင်ဆွဲပြီး မဟာဗမာလူမျိုးကြီးဝါဒနဲ့ စစ်အာဏာရှင်စနစ်ကို တော်လှန်တိုက်ပွဲဝင်နေတာ နှစ်ပေါင်း ခြောက်ဆယ်ကျော်ပါပြီ။

တိုင်းရင်းသားအဖွဲ့တွေ အပစ်ရပ်ဖို့ သဘောတူကြတုန်းက နိုင်ငံရေးဆွေးနွေးပွဲတွေ ဆက်လက် ဖြစ်ပေါ်ပြီး မိမိတို့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို ညှိနှိုင်းပြီး ရရှိနိုင်လိမ့်မယ်လို့ မျှော်လင့်ခဲ့ကြတာပါ။ ဒါပေမဲ့လည်း သူတို့မျှော်လင့်တဲ့ နိုင်ငံရေး ဆွေးနွေးပွဲတွေ ဖြစ်ပေါ်လာခြင်းမရှိပါဘူး။ ဗိုလ်ချုပ်ခင်ညွန့် ရှိစဉ်က နိုင်ငံရေးကိစ္စတွေကို နောင်တက်လာမယ့် အစိုးရနဲ့မှ ဆွေးနွေးဖို့ ပြောကြားခဲ့ပေမည့် ၂၀၀၃ ခုနှစ် ဒီပဲယင်း လုပ်ကြံမှုကြီးအပြီး နှစ်ပေါင်းများစွာ ရပ်နားထားခဲ့ရတဲ့ အမျိုးသား ညီလာခံ အတုအယောင်ကို ပြန်စချိန်မှာတော့ တိုင်းရင်းသား အပစ်ရပ်အဖွဲ့တွေကို ညီလာခံတက်ပြီး သူတို့ရဲ့ နိုင်ငံရေး ရည်မှန်းချက်တွေကို တင်ပြခွင့်ပေးခဲ့ပါတယ်။ ဒါလည်း နအဖရဲ့ လှည့်ဖြားမှု တစ်ခု





ပါပဲ။ တိုင်းရင်းသား အပစ်ရပ်အဖွဲ့များ တင်သွင်းတဲ့ တန်းတူညီမျှရေး၊ ကိုယ်ပိုင်အုပ်ချုပ်ရေးတောင်းဆိုချက်တွေဟာ အကျဉ်းနည်းနဲ့ ပယ်ချခံလိုက်ရတာပါ။ တိုင်းရင်းသား အပစ်ရပ်အဖွဲ့များရဲ့ တောင်းဆိုချက်တွေကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ နအဖက စစ်တပ်နဲ့ ကာကွယ်ရေးဦးစီးချုပ်ကို အာဏာကုန် အပ်နှင်းထားတဲ့ ၂၀၀၈ ဖွဲ့စည်းပုံကို တစ်ဖက်သတ်ရေးဆွဲ အတည်ပြုလိုက်ပါပြီ။ ဆက်လက်ပြီးတော့လည်း စစ်အာဏာရှင်စနစ်ကို တရားဝင်အသက်သွင်းနိုင်ဖို့အတွက်နဲ့ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အပြီးတိုင် ပယ်ဖျက်ဖို့ ရွေးကောက်ပွဲ အသစ်တွေကို ၂၀၁၀ ခုနှစ်မှာပြုလုပ်ဖို့ ပြင်ဆင်နေပါပြီ။

ဒီအတွက် အရေးကြီးဆုံး လုပ်ငန်းစဉ်တစ်ရပ်ဖြစ်တဲ့ တိုင်းရင်းသားအပစ်ရပ်အဖွဲ့တွေကို ၂၀၁၀ ခုနှစ်မတိုင်ခင် လက်နက်ဖြုတ်သိမ်းဖို့၊ တပ်တွေကို ပါတီတွေကနေ ဖယ်ရှားဖို့ စတင် ဆောင်ရွက်နေပါပြီ။ နအဖက တိုင်းရင်းသားအပစ်ရပ်အဖွဲ့တွေကို သူတို့ရဲ့ လက်နက်ကိုင်တပ်တွေကို အနည်းဆုံး အရေအတွက်အထိ လျှော့ချပြီး နအဖရဲ့ တိုက်ရိုက် အုပ်ချုပ်မှုအောက်ကို ဒီနှစ် အောက်တိုဘာလမတိုင်ခင် လွှဲပြောင်းပေးဖို့ ညွှန်ကြားချက်ထုတ်ပြန်ပြီးပါပြီ။

လက်နက်ကိုင်တပ်တွေ ရှိတုန်းကတောင်မှ နအဖထံမှာ ကိုယ်လိုချင်တဲ့၊ ကိုယ်ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို အရမယူနိုင်ခဲ့တာ၊ လက်နက်ကိုင်တပ်တွေသာ မရှိတော့ဘူးဆိုရင် ဒီတိုင်းရင်းသား အပစ်ရပ်အဖွဲ့များရဲ့ ကံကြမ္မာဟာ မတွေးဝံ့စရာပါ။ လက်နက်ကိုင်တပ်တွေရဲ့ ကျောထောက်နောက်ခံ မရှိတော့ဘူးဆိုရင်ဖြင့် ဗမာစစ်ဘုရင်ကို သစ္စာစောင့်သိရမယ့်၊ ဗမာစစ်ဘုရင်ရဲ့ အစောင့်အရှောက်ခံ မြို့စား၊ နယ်စားလေးများ ဘဝကို ရောက်ရတော့မှာပါ။ အဲဒီအချိန်မှာဖြင့် ဒီတိုင်းရင်းသားခေါင်းဆောင်တွေဟာ သူတို့ကိုယ်စားပြုတဲ့ တိုင်းရင်းသားလူမျိုးစုများရဲ့ ငြိုငြင်မှု၊ မယုံကြည်မှု၊ ပစ်ပယ်မှုကိုခံရမှာ ဖြစ်သလို နအဖကလည်း သူတို့ကို ရေရှည်မျက်နှာသာပေးမှာ မဟုတ်ပြန်ပါဘူး။

တချို့ မျှော်လင့်ကြသလို လက်ရှိအခြေအနေကို ဆက်ထိန်းထားပြီး ရွေးကောက်ပွဲပြီးမှ ဆက်ဆွေးနွေးကြဖို့ဆိုတာကိုလည်း နအဖက လက်ခံမှာ မဟုတ်ပါဘူး။ အနှစ်နှစ်ဆယ် နီးပါးကြာတဲ့ အပစ်အခတ် ရပ်စဲရေးကာလမှာ တိုင်းရင်းသားအပစ်ရပ်အဖွဲ့များ အတွက် သေချာသိမြင်လာတာကတော့ သူတို့ တောင်းဆိုနေတဲ့ လူမျိုးစု အခွင့်အရေးတွေ၊ တန်းတူညီမျှမှုတွေကို နအဖဗိုလ်ချုပ်တွေဆီက ရမှာမဟုတ်ပါဘူး။ ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကို ဝန်းရံမှု၊ ဒီမိုကရေစီ အင်အားစုကြီးနဲ့ ပူးပေါင်းဆောင်ရွက်မှ ရနိုင်မှာပါ။ ဒီအခြေအနေမှာ တိုင်းရင်းသားအပစ်ရပ်အဖွဲ့များအနေနဲ့ နအဖရဲ့ ဖိအားပေးမှုကို ခေါင်းငုံ့ခံ၊ တပ်တွေလျှော့ချ လွှဲပြောင်း၊ နှစ်ပေါင်းများစွာ တိုက်ပွဲဝင်ခဲ့တဲ့ တိုင်းရင်းသားရပိုင်ခွင့်တွေကို မေ့ပစ်ပြီး နအဖဗိုလ်ချုပ်တွေရဲ့ လက်အောက်ခံဘဝကို လက်ခံမှာလား၊ ယုံကြည်ချက်အတွက် ဒီမိုကရေစီအင်အားစုကြီးနဲ့ လက်တွဲပြီး တိုက်ပွဲဝင်ကြမှာလား ပြတ်ပြတ်သားသား ရွေးချယ်ရမဲ့အချိန် ရောက်နေပါပြီ။

### (၃) အကြပ်အတည်းများနဲ့ နအဖရဲ့ အမြစ်ဖြတ် ချေမှုန်းရေးစီမံချက်

တကယ်တော့ နအဖ ဗိုလ်ချုပ်တွေအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တိုင်းရင်းသားအပစ်ရပ်အဖွဲ့များဟာ ၂၀၁၀ ရွေးကောက်ပွဲ အကောင်အထည်ဖော်ရေးအတွက် အကြီးမားဆုံး အတားအဆီးတွေပါ။ အဖွဲ့ချုပ်နဲ့မြေပေါ်တိုင်းရင်းသားပါတီများက နိုင်ငံရေးအကျဉ်းသားများ မလွှတ်မချင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို အများလက်ခံနိုင်အောင် မပြင်မချင်း၊ တွေ့ဆုံဆွေးနွေးပွဲတွေ မဖြစ်မချင်း ရွေးကောက်ပွဲမဝင်ဘူးလို့ ဆုံးဖြတ်ထားပါတယ်။ တိုင်းရင်းသားအပစ်ရပ်အဖွဲ့များကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို သုံးပွင့်ဆိုင် ဆွေးနွေးပြီး မပြင်မခြင်း၊ အဖမ်းခံ ထောင်ကျနေတဲ့ တိုင်းရင်းသား ခေါင်းဆောင်တွေ မလွှတ်မချင်း ရွေးကောက်ပွဲ ဝင်မှာမဟုတ်ပါဘူး။ ဒီ အင်အားစုကြီး





နှစ်စုရဲ့ ခိုင်မာတဲ့ရပ်တည်ချက်ကြောင့်ပဲ နအဖဟာ ၂၀၁၀မှာ ရွေးကောက်ပွဲလုပ်မယ်လို့ မကြာခဏ ကြွေးကြော်နေပေမဲ့ လက်တွေ့ကျတဲ့လုပ်ရပ်တွေကို အခုထိ မလုပ်ဆောင်နိုင်သေးပါဘူး။

ဒီကနေ့ထိ မြန်မာနိုင်ငံကို ဖွဲ့စည်းပုံအခြေခံဥပဒေ အသစ်နဲ့အညီ ပြန်လည်ပိုင်းခြား သတ်မှတ်ခြင်း မလုပ်နိုင်သေးပါဘူး။ တိုင်း ၇ တိုင်းကို တိုင်းဒေသကြီးများအဖြစ်ပြောင်းတာ၊ အသစ်ပေါ်လာတဲ့ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ (တယ်လို့ဆိုတဲ့) ဇုန်တွေ၊ တိုင်းတွေကို မဖွဲ့စည်းနိုင်သေးပါဘူး။ မြို့တော်ဖြစ်သွားတဲ့ နေပြည်တော် ကြပ်ပြေးကို သီးခြားပိုင်းခြားပြီး မန္တလေးနဲ့ ပဲခူးတိုင်းဒေသကြီးနယ်မြေတွေကို ပြန်လည် မသတ်မှတ်နိုင်သေးပါဘူး။ ရွေးကောက်ပွဲ ဥပဒေနဲ့ နည်းဥပဒေတွေ မထုတ်ပြန်နိုင်သေးဘူး။ ရွေးကောက်ပွဲကော်မရှင် မဖွဲ့စည်းနိုင်သေးပါဘူး။ အဖွဲ့ချုပ်နဲ့ တိုင်းရင်းသား အပစ်ရပ်အဖွဲ့များ မပါဝင်တဲ့ ရွေးကောက်ပွဲကိုလည်း ကုလသမဂ္ဂနဲ့ နိုင်ငံတကာအစိုးရတွေက သက်ဆိုင်သူအားလုံး ပါဝင်တဲ့၊ တရားမျှတတဲ့ ရွေးကောက်ပွဲအဖြစ် အသိအမှတ်ပြုမှာ မဟုတ်ပါဘူး။

ဒီအကျပ်အတည်းကိုဖြေရှင်းဖို့ နအဖ ရွေးချယ်လိုက်တဲ့နည်းလမ်းက တွေ့ဆုံဆွေးနွေးရေး မဟုတ်ပါဘူး။ အခု ကျနော်တို့ မြင်တွေ့နေရတဲ့ ထိပ်တိုက်ရင်ဆိုင်ရေး နဲ့ အမြစ်ပြတ်ချေမှုန်းရေးပါပဲ။ နအဖက ပြတ်သားပါတယ်။ ရန်သူကိုရန်သူလို့ပဲ မြင်ပါတယ်။ စေ့စပ်ဆွေးနွေးရေးဆိုတာ နအဖရဲ့ အဘိဓာန် မှာမရှိပါ။ ဒေါ်အောင်ဆန်းစုကြည်ကို ထောင်ချ၊ အချုပ်သက်တမ်းတိုးပြီး အဖွဲ့ချုပ်ကို ချေမှုန်းပစ်မယ်။ တိုင်းရင်းသားအပစ်ရပ်အဖွဲ့များကိုလည်း အဖွဲ့များကြားမှာ သွေးခွဲ၊ အဖွဲ့တစ်ခုချင်းရဲ့ ခေါင်းဆောင်တွေကြားမှာ သွေးခွဲ၊ သူတို့ ကိုယ်စားပြုတဲ့ လူမျိုးစုများကြားမှာ သွေးခွဲပြီး လက်အောက်ခံ၊ သစ္စာခံ၊ ဖြစ်မလာသူကို အမြစ်ပြတ် ချေမှုန်းပစ်တော့မှာပါ။ နိုင်ငံပြင်ပမှာလည်း သူ့မဟာမိတ် တရုတ်နိုင်ငံရဲ့ အကာအကွယ်ပေးမှု၊ သူ့အလိုတော်ရိတွေရဲ့ ဝါဒဖြန့်ချိမှု

တွေနဲ့ သူမတရားမှုတွေ ဘယ်လောက်ပဲကျူးလွန်ကျူးလွန် ထိရောက်တဲ့ အရေးယူမှုတွေ ဖြစ်မလာနိုင်ဘူးလို့ ယုံကြည်ထားပုံရပါတယ်။ အဖွဲ့ချုပ်နဲ့ တိုင်းရင်းသားအပစ်ရပ်အဖွဲ့များ ဆိုတဲ့ အဓိကအဟန့်အတားများကို အပြီးသတ်ချေမှုန်းပြီးမှ သူ့ရဲ့ ၂၀၁၀ ရွေးကောက်ပွဲ လုပ်ဇာတ်ကို ဆက်ဖန်တီးမှာပါ။

နအဖက အစွမ်းကုန် ပြတ်သားရက်စက်နေချိန်မှာ ကျနော်တို့ အဖွဲ့ချုပ် ခေါင်းဆောင်တွေ၊ တိုင်းရင်းသား ခေါင်းဆောင်တွေလည်း တွေ့ဆုံဆွေးနွေးရေး အိပ်မက် ဆက်မမက်သင့်တော့ပါဘူး။ ပြတ်သားကြဖို့ အချိန်တန်ပါပြီ။ မေ ၃၀ ရက်နေ့ည (Voice of America) ဗွီအိုအေမြန်မာပိုင်းက ထုတ်လွှင့်တဲ့ တိုက်ရိုက်လေလှိုင်းအစီအစဉ်မှာ ဆရာဦးဝင်းတင် ပြောသလို ပြည်တွင်းပြည်ပ၊ လက်နက်ကိုင်လက်နက်မဲ့ အင်အားစုအားလုံး ပါဝင်လှုပ်ရှားကြမယ့် နိုင်ငံရေးသစ် ဆိုတာကို အမြန်ဆုံးတည်ဆောက် တုံ့ပြန်ကြရမှာပါ။

နအဖက အမြစ်ပြတ်ချေမှုန်းတာကို ငြိမ်ခံပြီး နအဖ အလိုကျ ပျက်စီးသွားကြမှာလား။ ရှိသမျှအင်အားတွေကို ပြန်လည်စုစည်းပြီး မြေပေါ်မြေအောက် လက်တွဲတော်လှန်၊ အောင်ပွဲခံကြမှာလား။ ကျနော်တို့ရဲ့ကျဆုံးသွားခဲ့ပြီဖြစ်တဲ့ သူရဲကောင်းတွေရဲ့ဝိညာဉ်တွေက ကောင်းကင်ဘုံကနေ ကျနော်တို့ကို စောင့်ကြည့်နေကြတယ်ဆိုတာ မမေ့ကြပါနဲ့။

## (၄) သပိတ်စုံ၊ သူပုန်ထ၊ တော်လှန်ကြစို့

အမျိုးသား လွတ်မြောက်ရေးတိုက်ပွဲအတွင်းမှာ ကျနော်တို့ရဲ့ သူရဲကောင်းတွေ ကျင့်သုံးအောင်မြင်ခဲ့တဲ့ မဟာဗျူဟာတစ်ခု ရှိပါတယ်။ အဲဒါကတော့ 'သပိတ်စုံ၊ သူပုန်ထ' တဲ့။ လူထုအုံကြွမှုနဲ့လက်နက်ကိုင်တော်လှန်ရေးကို ဟန်ချက်ညီညီ ပူးတွဲအကောင်အထည်ဖော်ရင်း အောင်ပွဲကိုရယူတာပါ။ ဒီမဟာဗျူဟာဟာ အင်္ဂလိပ် ကိုတော်လှန်တော့လည်း မှန်ခဲ့တယ်။ ဂျပန်ကို ဆန့်ကျင်တော့လည်း မှန်ခဲ့တယ်။ ခေတ်





အဆက်ဆက် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲတွေမှာ မှန်ခဲ့၊ မှန်ဆဲဖြစ်တဲ့ ဗျူဟာပါ။ တကယ်ကိုပဲ လူထုအုံကြွမှုနဲ့ လက်နက်ကိုင်တော်လှန်ရေး ဟန်ချက်ညီညီ လှုပ်ရှားကြရင်ပေ့ါ။ ၁၉၈၈ ခုနှစ် လူထုအရေးတော်ပုံကြီးမှာ မြန်မာတစ်နိုင်ငံလုံး မြို့တိုင်း မြို့တိုင်းက လမ်းတွေပေါ်မှာ သန်းပေါင်းများစွာသော ပြည်သူတွေရဲ့ အာဏာရှင်ဆန့်ကျင်ရေးသပိတ်တွေ စုံခဲ့ပေမဲ့ သူပုန်တွေက မထနိုင်ခဲ့ကြပါဘူး။ ဒါကြောင့်လည်း လက်နက်ကိုင်တော်လှန်ရေးရဲ့ ခြိမ်းခြောက်မှုကိုမရင်ဆိုင်ရတဲ့ စစ်အာဏာရှင်တွေက နယ်စပ်အခြေစိုက်တပ်တွေကို အချိန်မီပြန်ခေါ်ပြီး သပိတ်မှောက် ပြည်သူတွေကို ရက်ရက်စက်စက် ချေမှုန်းနိုင်ခဲ့တာပါ။ ဒီတစ်ခါတော့ သပိတ်သမားတွေနဲ့ သူပုန်တွေ တကယ့်ကိုပဲ ဟန်ချက်ညီဖို့လိုပါပြီ။ မဟုတ်လို့ကတော့ နှစ်ဖက်စလုံး ပျက်သုဉ်းပြီး တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး စစ်ကျွန်တွေ ဖြစ်ကြရတော့မှာပါ။

အဖွဲ့ချုပ်အနေနဲ့ တွေ့ဆုံဆွေးနွေးရေး ကမ်းလှမ်းချက်တွေကို အခြားအခြားသော ကြေညာချက်တွေနဲ့အတူ သေတ္တာထဲထည့်သော့ခတ်သိမ်းထားသင့်ပါပြီ။ ရိုက်ရဲတာ သတ္တိ မဟုတ်သလို ရိုက်သမျှခံရဲတာလည်း သတ္တိမဟုတ်ပါဘူး။ ဗိုလ်ချုပ်တွေက ပါတီကို အပြီးတိုင်ဖြိုလှဲတော့မယ့်အချိန်မှာ မတုန်မလှုပ် ကျောက်ရုပ် လုပ်မနေဘဲ ဆရာဦးဝင်းတင် လမ်းညွှန်သလို မြေပေါ်မြေအောက် အင်အားစုများ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များနဲ့ လက်တွဲပြီး အောင်ပွဲဆီ ဖောက်ထွက်ဖို့ အချိန်တန်ပါပြီ။ ပြည်သူလူထုတစ်ရပ်လုံး၊ တပ်မတော်သားများအပါအဝင် အားလုံးက နအဖ စစ်ဗိုလ်တွေကို အစွမ်းကုန် မုန်းတီးစက်ဆုပ်နေကြတာပါ။ မှန်ကန်တဲ့၊ ခိုင်မာတဲ့ ဦးဆောင်မှုရှိရင် အဲဒီဦးဆောင်မှုအောက်မှာ ပြည်သူလူထုကြီးတစ်ရပ်လုံးက နအဖ စစ်ဗိုလ်တွေကို ညီညာဖျဖျ တော်လှန်ကြမှာပါ။ သူတို့ လိုအပ်နေတာက ခေါင်းဆောင်မှုဖြစ်ပြီး အဲ့ဒီ ခေါင်းဆောင်မှုကို အဖွဲ့ချုပ်ဆီက မျှော်လင့်နေကြတာပါ။

အဖွဲ့ချုပ်ကသာ ပြည်သူလူထုကြီးတစ်ရပ်လုံးကို အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုမှာ ပါဝင်ကြဖို့ ဖိတ်ခေါ်မယ်၊ ဦးဆောင်မယ်ဆိုရင် အားလုံးက အမျိုးသားလွတ်မြောက်ရေး အလံတော်ကို ညီညာဖြိုဖြို လွှင့်ထူကြမှာပါ။ အဖွဲ့ချုပ်ကသာ ကိုယ်တိုင်က အကြမ်းမဖက်ရေးလုပ်ငန်းစဉ်ကို ကိုင်စွဲထားပေမည့် လက်နက်ကိုင်တော်လှန်ရေးရဲ့ အရေးပါမှုကို အသိအမှတ်ပြုပြီး ပူးပေါင်းဆောင်ရွက်ကြဖို့ ဖိတ်ခေါ်ရင်၊ တိုင်းရင်းသား လူမျိုးစုများရဲ့ တန်းတူညီမျှရေးနဲ့ အခွင့်အရေးတွေဟာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေနဲ့ တန်းတူအရေးကြီးပြီး အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲကြီးကနေ သယ်ယူဆောင်ကြဉ်းပေးဖို့ ကတိပြုမယ်ဆိုရင် တိုင်းရင်းသား အပစ်ရပ်၊ အပစ်မရပ်အဖွဲ့တွေအားလုံး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ဒေါ်အောင်ဆန်းစုကြည်ကို အင်နဲ့အားနဲ့ ဝန်းရံကြမှာပါ။

## ၅။ နောက်ဆုံး မှတ်ချက်

ဒီစာစုကို ရေးသူဟာ မြန်မာနိုင်ငံနဲ့ မိုင်တစ်သောင်းကျော်ကွာဝေးတဲ့ အမေရိကန် ပြည်ထောင်စုကို ရောက်ရှိနေသူပါ။ ဒီတော့ 'ဟိုးအဝေး လုံခြုံစိတ်ချ အန္တရာယ်ကင်း ဘေးလွတ်ရာကနေ လက်သီးလက်မောင်းတန်းပြနေတယ်' လို့ စွပ်စွဲပြစ်တင်ရင်လည်း ခံရမှာပါ။ 'သတ္တိရှိရင် မင်းမြန်မာနိုင်ငံ ပြန်လာပြီး လုပ်ပါလား' လို့ ခါးခါးသီးသီး ပြောရင်လည်း ကြောက်ပြီးထွက်ပြေးလာသူမို့ ငြိမ်ခံရုံပါပဲ။ တစ်ခုတော့ ရှင်းပြချင်ပါတယ်။

အမေရိကန်ပြည်ထောင်စုကို ကျနော် ၂၀၀၁ ခုနှစ်က စတင်ရောက်ရှိပြီး ဒီကနေ့အထိ နိုင်ငံတကာ စည်းရုံးမှုတွေကို အကောင်အထည်ဖော်ရင်း၊ နိုင်ငံတကာအစိုးရတွေကို မြန်မာနိုင်ငံအရေး ထိထိရောက်ရောက်ကူညီဖို့ တောင်းဆိုရင်း သေသေချာချာ သိလာရတာကတော့ 'တရုတ်အစိုးရရဲ့ အခိုင်အမာ အကာအကွယ်ပေးမှုအောက်





မှာ ကုလသမဂ္ဂက မြန်မာစစ်အုပ်စုကို ထိထိရောက်ရောက် အရေးယူဖို့ဆိုတာ မဖြစ်နိုင်' ဆိုတာပါပဲ။ အမေရိကန် ပြည်ထောင်စုနဲ့ ဥရောပသမဂ္ဂနိုင်ငံများအနေနဲ့လည်း မြန်မာ့ဒီမို ကရေစီရေး လှုပ်ရှားမှုကြီးကို ဘယ်လောက်ပဲ ထောက်ခံ ထောက်ခံ တရုတ်အစိုးရကို ကျော်လွန်ပြီး ဆောင်ရွက်ဖို့၊ တရုတ်အစိုးရကို ဖိအားပေး အကျပ်ကိုင်ပြီး မြန်မာစစ်အုပ်စုကို ထိမ်းချုပ်ဖို့ဆိုတာ မဖြစ်နိုင်သလောက်ပါပဲ။

အထူးသဖြင့် အခု အမေရိကန်ပြည်ထောင်စုနဲ့ ဥရောပနိုင်ငံများ စီးပွားပျက်ကပ် ကျရောက်နေချိန်မှာ စီးပွားရေး တောင့်တင်းခိုင်မာနေဆဲဖြစ်တဲ့ တရုတ်ကို အမေရိကန် ပြည်ထောင်စုနဲ့ ဥရောပနိုင်ငံများက အရေးတကြီး လိုအပ်နေတဲ့အချိန်၊ ချော့ပေါင်းနေရတဲ့အချိန်ပါ။ ပြီးတော့ အမေရိကန်ပြည်ထောင်စုနဲ့ ဥရောပနိုင်ငံများအတွက် မြန်မာနိုင်ငံထက် ပိုပြီး အရေးကြီးတဲ့ ကမ္ဘာ့အရေးအခင်းတွေကလည်း အများကြီးပါပဲ။

ဒီလိုနဲ့ နောက်ဆုံးမှာတော့ မြန်မာနိုင်ငံအရေးကိစ္စဟာ မြန်မာပြည်သူတွေသာ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ဘာသာ ဖြေရှင်းရမယ်၊ နိုင်ငံတကာရဲ့ ပါဝင်ကူညီမှုတွေဟာ အကန့်အသတ် ရှိတယ် ဆိုတာကို သဘောပေါက်နားလည်ခဲ့ရသူပါ။ အဲဒီ နားလည်စိတ်နဲ့ ဒီစာစုကို ရေးဖြစ်ပါတယ်။ သဘောမတူရင်လည်း လွတ်လပ်စွာ ကွဲလွဲကြပါ။ လွတ်လပ်စွာ ကွဲလွဲခွင့်ပြုပါ။

*(စာပြီးနေ့စွဲ ဇွန် ၁၊ ၂၀၀၉)*

# ပြိုင်တူပဟိန်းမှ ခြိမ်းမည့်မိုး

## ၁။ ကျနော်တို့အားလုံး "No"

ရဲဘော်များမိတ်ဆွေများခင်ဗျား

၂၀၀၇ ခုနှစ်ရဲ့ ဩဂုတ်၊ စက်တင်ဘာလများကအစပြုခဲ့တဲ့ မြန်မာနိုင်ငံ ပြည်သူများရဲ့ ရွှေဝါရောင်တော်လှန်ရေးကြီးက ဒီကနေ့အထိ အရှိန်အဟုန် မြင့်မားစွာနဲ့ ချီတက်နေဆဲပါပဲ။ စစ်အာဏာရှင်တွေရဲ့ အကြမ်းဖက် တုံ့ပြန်မှုများအောက်မှာ ဒူးမထောက် ဦးမညွှတ်ဘဲ လမ်းခွဲခဲ့ရတဲ့ ရဲဘော်များကို ကြေကွဲစွာနှုတ်ဆက်၊ အိပ်မက်အသစ်တွေ မွေးဖွား၊ အနာဂတ်ကိုတည်ဆောက်မဲ့ ခင်ဗျားတို့ရဲ့လက်များဟာ သန်မာနေဆဲ၊ ခင်ဗျားတို့ရဲ့ရင်ခုန်သံတွေဟာ ရဲရင့်နွေးထွေးနေဆဲ၊ ခင်ဗျားတို့ရဲ့ မျှော်လင့်ချက်များကလတ်ဆတ်တောက်ပနေဆဲ၊ မြန်မာနိုင်ငံ ဒုတိယ လွတ်လပ်ရေးတိုက်ပွဲရဲ့ အောင်ပန်းကို မကြာခင်မှာ ခင်ဗျားတို့ဆင်မြန်းနိုင်ကြတော့မယ်. . . ကျနော် ယုံကြည်မိပါရဲ့။

၁၉၈၈ ခုနှစ်ကစခဲ့တဲ့ အကြမ်းမဖက်တဲ့ဒီမိုကရေစီရေး လူထုလှုပ်ရှားမှုကြီးဟာ အနှစ် (၂၀) ထဲကို ရောက်ရှိလာသလို လူထုတိုက်ပွဲရဲ့ ပုံသဏ္ဌာန်ဟာလည်း ပြောင်းလဲခဲ့ပါပြီ။ ဒီကနေ့ဒီအချိန်မှာ ကျနော်တို့ဟာ ဒီမိုကရေစီရေး လှုပ်ရှားမှုကြီးရဲ့အထွတ်အထိပ်တိုက်ပွဲကို ရောက်ရှိ





နေပါပြီ။ စစ်အာဏာရှင်တွေက တိုင်းပြည်ကို ရာသက်ပန်အုပ်ချုပ်နိုင်ဖို့အတွက် သူတို့စိတ်တိုင်းကျရေးဆွဲထားတဲ့ မြန်မာနိုင်ငံစစ်ကျွန်ပြုရေး ဥပဒေကို တစ်ဖက်သတ်ပြဋ္ဌာန်းအတည်ပြုဖို့ကြိုးစားနေပါပြီ။ ဒီပွဲမှာ သူတို့အောင်မြင်ခဲ့ရင် ကျနော်တို့ရဲ့ ၁၉၉၀ ရွေးကောက်ပွဲရလဒ် ထာဝရ ဆုံးရှုံးရတော့မယ်။ စစ်အာဏာရှင်စနစ်ဟာ မြန်မာနိုင်ငံမှာ တရားဝင်ဖြစ်လာပြီး ကျနော်တို့ ပြည်သူတွေသားစဉ်မြေးဆက်စစ် ကျွန်ဘဝရောက်ကြရတော့မယ်။ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနဲ့ တိုင်းရင်းသားလူမျိုးစုများ အရေးတွေဟာ စစ်ဖိနပ်များအောက်မှာ နာကျင်ကြရတော့မယ်။

စကားတစ်ခုကြားဖူးပါတယ်။ 'တိုက်ပွဲပုံသဏ္ဌာန်ကို ရန်သူက ဖန်တီးပြီးတိုက်ပွဲရဲ့အရှိန်အဟုန်က ညီညွတ်မှုကိုတည်ဆောက်ပေးတယ်' တဲ့။ ဘယ်သူဘယ်ဝါက ပြောခဲ့သလဲမမှတ်မိတော့ပါ။ ဒါပေမဲ့ ကျနော်တို့အတွက်သိပ်ကိုမှန်ကန်တဲ့စကားပါပဲ။ နအဖက သူတစ်ဖက်သတ် ရေးဆွဲထားတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကို လူထုဆန္ဒခံယူပွဲနဲ့ အတည်ပြုမယ်လို့ ကြွေးကြော်လိုက်တာဟာ ဒီမိုကရေစီအင်အားစုများအတွက် တိုက်ပွဲပုံသဏ္ဌာန်ကို ဖန်တီးပေးလိုက်တာပါပဲ။

'မြန်မာပြည်ကို ရာသက်ပန် အုပ်ချုပ်တော့မယ်ဟေ့' လို့ စစ်ဘီလူးများက ကြွေးကြော်လိုက်တာဟာ မြန်မာပြည်သူလူထုကို စစ်ကြေညာလိုက်တာပါပဲ၊ စိန်ခေါ်လိုက်တာပါပဲ။ ဒီစိန်ခေါ်မှုကို ကျနော်တို့ ရင်ဆိုင်လိုက်ပါတယ်။ စစ်အာဏာရှင်စနစ်ကို လုံးဝ(လုံးဝ) အလိုမရှိဘူးလို့ မြန်မာပြည်သူတွေက၁၉၉၀ ရွေးကောက်ပွဲမှာ ပြတ်ပြတ်သားသား ကြေညာခဲ့ကြသလို အခုလာမယ့် မေလလူထု ဆန္ဒခံယူပွဲမှာလည်း ထပ်မံပြတ်ပြတ်သားသားကြေညာကြမှာပါ။ နအဖစစ်တပ်အကျိုးပြု ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူလူထုက ပြတ်ပြတ်သားသား ကန့်ကွက်ကြမှာပါ။

ဒီတိုက်ပွဲကြီးရဲ့အရှိန်အဟုန်ကကြီးမားလွန်းပြီး ကျနော်တို့ တိုင်းပြည်ရဲ့ ကံကြမ္မာကို အဆုံးအဖြတ်ပေးရမည့်အခြေအနေမျိုးမို့

ကျနော်တို့ညီညွတ်လာကြပါပြီ။ ကျနော်တို့အားလုံး ပြည်တွင်းပြည်ပ ဘယ်လောက်ပဲဝေးဝေး၊ အရောင်တွေဘယ်လိုပဲကွဲကွဲ၊ အဖွဲ့အစည်းတွေ ဘယ်လိုပဲများများ၊ စစ်အုပ်စုရဲ့ မိစ္ဆာချောက်ကမ်းပါးကြီးထဲကိုကျဖို့ တည်းတည်းလေးဖြစ်နေတဲ့ ကျနော်တို့အမိမြေကိုကယ်တင်ဖို့ ကျနော်တို့ ညီညွတ်လာကြပါပြီ။

နှစ်ပေါင်းများစွာ ကျနော်တို့ အားမလိုအားမရ ဖြစ်ခဲ့ရတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ခေါင်းဆောင်ကြီးများကလည်း ဒီ အမြင့်မားဆုံးတိုက်ပွဲမှာ ရဲရဲရင့်ရင့် ရှေ့တန်းကရပ်လို့၊ ၁၉၈၈ နောက် ပိုင်းမှာမှ မွေးဖွားကြတဲ့လူငယ် ကျောင်းသားကလေးတွေကအစ လက်နှစ်ဖက်ကို ကြက်ခြေခတ်လို့၊ ဌာနဆိုင်ရာဝန်ထမ်းများနဲ့ တပ် မတော်သားမိသားစုဝင်များကအစ "No" လို့တဖွဖွ ရေရွတ်ကြလို့၊ တိုင်းရင်းသားလူမျိုးစုများကလည်း "No"၊ ပြည်ပရောက်မြန်မာများ ကလည်း "No"၊ ဆရာတော်သံဃာတော်များကလည်း "No"၊ နံမည် ကျော်အနုပညာရှင်များကလည်း "No"၊ ကျနော်တို့အားလုံးရဲ့ တညီ တညွတ်တည်း ကြွေးကြော်သံက "No"၊ စစ်တပ်ရဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုလည်း "No"၊ စစ်တပ်ကိုလည်း "No"၊ မတရားတဲ့အုပ်စိုးမှု မှန်သမျှကိုလည်း "No"၊ ဒီထက်ရှင်းတာ မရှိနိုင်တော့ပါဘူး။

## (၂) နအဖရဲ့ ခြေလှမ်းများ

ဗိုလ်သန်းရွှေခေါင်းဆောင်တဲ့ နအဖစစ်အုပ်စုဟာ မတရား မှုများနဲ့ တည်ဆောက်ဖွဲ့စည်းထားတဲ့ မိစ္ဆာတွေပါ။ တချို့က 'ဗိုလ်သန်းရွှေက ဆန္ဒခံယူပွဲကို သေသေချာချာတွက်ဆပြင်ဆင်ခြင်း မရှိဘဲ ခေါ်ယူလိုက်တာ' လို့တွက်ဆကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ပြည်သူ့ဆန္ဒခံယူပွဲကို ၂၀၀၈ ခုနှစ် မေလမှာခေါ်ယူဖို့ ကြေညာတာနဲ့ တစ်ပြိုင်တည်းမှာပဲ ရွေးကောက်ပွဲအသစ်ကို ၂၀၁၀ မှာကျင်းပဖို့ ကြေညာတာဟာဖြင့် ဒီအတုအယောင်ဖွဲ့စည်းပုံအခြေခံဥပဒေကို





အတင်းအဓမ္မအတည်ပြုဖို့ စစ်အာဏာရှင်များက ပိုင်းဖြတ်ထား ကြောင်း သိသာထင်ရှားတဲ့အထောက်အထားပါပဲ။ စစ်အုပ်စုဟာ ၂၀၀၈ ခုနှစ် မေလဆန္ဒခံယူပွဲမှာ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် အနိုင် ရအောင် ကြိုးစားမှာပါ။

နေ့စဉ်ထုတ်သတင်းစာတွေမှာ၊ ရေဒီယိုနဲ့ရုပ်မြင်သံကြားမှာ ပြည်သူလူထုကို ထောက်ခံမဲပေးကြဖို့ အကြီးအကျယ်စည်းရုံးနေပါ တယ်။ နေရာဒေသအနှံ့အပြားမှာလည်း ဆိုင်းဘုတ်ကြီးတွေထောင်ပြီး ထောက်ခံမဲ ပေးခိုင်းနေပါတယ်။ နအဖရဲ့ဝန်ကြီးတွေ၊ ဝန်ကလေးတွေ၊ ဗိုလ်ချုပ်တွေ နေရာအနှံ့အပြားကိုသွားပြီး ခြိမ်းခြောက်လိုက်၊ လှည့်ဖြား လိုက်၊ လာဘ်ထိုးလိုက်လုပ်နေတာကတော့ မကြားချင်မှအဆုံးပါပဲ။ တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပဲ ပြည်သူလူထုကို ကန့်ကွက်မဲပေးဖို့ ဦးဆောင်စည်းရုံးနေတဲ့ အဖွဲ့ချုပ်အဖွဲ့ဝင်တွေ၊ ၈၈ မျိုးဆက်ကျောင်း သားတွေ၊ ကိုယ်စားလှယ်တွေဟာဖြင့် နအဖ ငှားရမ်းထားတဲ့ကြေးစား လူမိုက်များရဲ့တိုက်ခိုက်မှုအောက်မှာ နာကျင်ကြ၊ အဖမ်းအဆီးခံကြရနဲ့ . . . ။

နအဖက ဒီဖွဲ့စည်းပုံအခြေခံဥပဒေကို လွယ်လွယ်ကူကူ အတည်ပြုနိုင်ရေးအတွက်လိုအပ်တဲ့ ထောက်ခံမဲပမာဏကိုလည်း မြင့်မြင့်မားမား မသတ်မှတ်ထားပါဘူး။ ဒီဖွဲ့စည်းပုံကို နောင်တစ်ချိန်မှာ ပြန်ပြင်မယ်ဆိုရင် လွှတ်တော်မှာ (၇၅) ရာခိုင်နှုန်းကျော် ထောက်ခံမဲနဲ့ လူထုဆန္ဒ ခံယူပွဲမှာ မဲပေးပိုင်ခွင့်ရှိသူစုစုပေါင်းရဲ့ (၅၀) ရာခိုင်နှုန်းကျော် ထောက်ခံမဲလိုမှာ ဖြစ်ပေမည့် ဒီဖွဲ့စည်းပုံကို လူထုဆန္ဒခံယူပွဲမှာ အတည် ပြုဖို့အတွက်တော့မဲပေးပိုင်ခွင့်ရှိသူအားလုံးရဲ့ (၂၅) ရာခိုင်နှုန်းကျော်သာ လိုအပ်မှာဖြစ်ပါတယ်။ ဒီကနေ့ မြန်မာနိုင်ငံလူဦးရေကို (၅၆) သန်းလို့ ခန့်မှန်းပြီး မဲပေးပိုင်ခွင့်ရှိသူ (၃၂) သန်းလို့ ခန့်မှန်းတဲ့အတွက် ဒီ ဖွဲ့စည်းပုံကို မဲပေးပိုင်ခွင့်ရှိသူ (၈) သန်းကျော်လောက်က ထောက်ခံရုံနဲ့ အတည်ပြုမှာပါ။

ဆန္ဒခံယူပွဲမှာ ကန့်ကွက်မဲပေးမှာ သေချာသလောက်ရှိတဲ့ နိုင်ငံသား တော်တော်များများဟာလည်း မဲပေးခွင့်မရကြပါဘူး။ အခု ပြုလုပ်ခဲ့၊ ပြုလုပ်နေဆဲဖြစ်တဲ့ထိုင်း၊ စင်ကာပူ၊ မလေးရှား အစရှိတဲ့ ပြည်ပနိုင်ငံများမှာရှိတဲ့ မြန်မာသံရုံးများက ကြိုတင်မဲဆန္ဒပေးပွဲများကို လေ့လာကြည့်မယ်ဆိုရင် ပြည်ပရောက် မြန်မာနိုင်ငံသားအများစု အထူးသဖြင့်ထိုင်းနိုင်ငံမှာဆိုရင် တစ်သန်းကျော်ဟာ မဲပေးခွင့်ဆုံးရှုံးနေတာ တွေ့ရပါတယ်။

ပြည်တွင်းမှာလည်း သူတို့ကိုယ်တိုင် ပြဋ္ဌာန်းထားတဲ့ဆန္ဒခံယူပွဲ ဥပဒေကိုချိုးဖောက်ပြီး ဝန်ထမ်းတွေကို သက်ဆိုင်ရာ ဌာနတွေမှာ၊ ဆရာဆရာမတွေကို သက်ဆိုင်ရာကျောင်းတွေမှာ မဲရုံဆောက်ခွင့်မရှိဘဲ မဲရုံဆောက်ပြီး ကြိုတင်မဲပေးခိုင်းနေတာဟာ ကြီးမားတဲ့မတရားမှုပါပဲ။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဝေဖန်ရင် ထောင်ဒဏ်တစ်သက်တစ်ကျွန်း၊ ဆန္ဒခံယူပွဲကိုနှောင့်ယှက်ရင် ထောင်ဒဏ် ၃ နှစ် စတဲ့ဥပဒေတွေနဲ့လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုနိုင်ရေး အကာအကွယ် ပေးထားပါသေးတယ်။ ဒါ့အပြင် နိုင်ငံတကာက တောင်းဆိုတဲ့နိုင်ငံတကာ အကဲခတ်များဆန္ဒခံယူပွဲကို လေ့လာစောင့်ကြည့်ခွင့်ရရေး တောင်းဆိုချက်ကိုလည်း နအဖက ငြင်းပယ်ထားပါသေးတယ်။

အကြီးမားဆုံးလိမ်လည်မှုတွေကတော့ ဆန္ဒခံယူပွဲကျင်းပတဲ့နေ့ မေ ၁၀ ရက်နဲ့ နောက်ရက်တွေမှာဖြစ်မှာပါ။ နအဖရဲ့ဆန္ဒခံယူပွဲ ဥပဒေအရ မဲရုံတွေမှာ မဲစာရင်းအနိုင်အရှုံးကို ထုတ်ပြန်ကြေညာခွင့် မရှိပါဘူး။ ဆိုင်ရာမဲရုံများရဲ့မဲစာရင်းအနိုင်အရှုံးကို သက်ဆိုင်ရာ မြို့နယ်ကော်မရှင်က လက်ခံစုဆောင်းပြီး သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းကော်မရှင်များထံပို့၊ ယင်းတို့မှတစ်ဖန်ဗဟိုကော်မရှင်ကိုပို့ပြီး ကြပ်ပြေးနေပြည်တော်မှာအခြေစိုက်တဲ့ဗဟိုကော်မရှင်ကမှ ဒီကိန်းဂဏန်းများကို ပေါင်းပြီးအနိုင်အရှုံး ကြေညာမှာပါ။ အားလုံးသိတဲ့အတိုင်း ဆန္ဒခံယူပွဲ ကျင်းပရေးဗဟိုကော်မရှင်ရဲ့ဥက္ကဋ္ဌ ဦးအောင်တိုးဟာ အမျိုးသား





ညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီရဲ့ဥက္ကဋ္ဌလည်း ဖြစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ရဲ့ဥက္ကဋ္ဌလည်း ဖြစ်ပြီး၊ ကော်မရှင်အဖွဲ့ဝင်တွေဟာလည်း နအဖက စိတ်တိုင်းကျရွေးချယ်ထားတဲ့ လူတွေပါ။ ဗဟိုကော်မရှင်က အဆင့်ဆင့်တင်ပြလာတဲ့ မဲစာရင်းများကိုပေါင်းစပ်ရေတွက်ရာမှာလည်း မည်သူကမှစောင့်ကြပ်လေ့လာနိုင်မှာမဟုတ်ပါ။ ဒါကြောင့် အကြီးမားဆုံးလိမ်လည်မှုကြီးဟာ ဆန္ဒခံယူပွဲအပြီး နောက်တစ်ပတ်ခန့်အကြာ ကြပ်ပြေးနေပြည်တော်ဗဟိုကော်မရှင်က မဲစာရင်းထုတ်ပြန်ကြေညာတဲ့အခါမှာ ဖြစ်ပါလိမ့်မယ်။ ကန့်ကွက်မဲတွေဘယ်လောက်ပဲများများဖွဲ့စည်းပုံ အခြေခံဥပဒေကို အနိုင်ပေး အတည်ပြုမှာပါ။

ဆန္ဒခံယူပွဲကျင်းပတဲ့နေ့ ညနေဘက် မဲရုံပိတ်ချိန်မှာ မဲရုံမှူးနဲ့ အဖွဲ့က မဲပုံးထဲကမဲတွေကို ရေတွက်ပါလိမ့်မယ်။ ဥပဒေအရမဲ ရေတွက်တဲ့အချိန်မှာ အနည်းဆုံး ၁၀ ဦးထက်မပိုတဲ့ မဲပေးခွင့်ရှိသူတွေ ရှေ့မှောက်မှာ ရေတွက်ရမှာဖြစ်ပေမဲ့ ကြံ့ဖွံ့နဲ့စွမ်းအားရှင်တွေသာ အဲဒီ ၁၀ ဦးဖြစ်မှာပါ။ ရေတွက်ပြီးတဲ့နောက် မဲစာရင်းကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာကော်မရှင်ထံ တင်ပို့ရမှာပါ။ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်တွေက သူတို့ထံရောက်လာတဲ့ မဲရုံအသီးသီးကစာရင်း တွေကိုစုပေါင်းပြီး မြို့နယ်ကော်မရှင်တွေထံတင်ပြ၊ မြို့နယ်ကော်မရှင် တွေက ကျေးရွာ၊ ရပ်ကွက်ကော်မရှင်များက တင်သွင်းတဲ့ မဲစာရင်း တွေကိုထပ်ပေါင်းပြီး ကြပ်ပြေးနေပြည်တော်က ဗဟိုကော်မရှင်ကိုတင်၊ ကြပ်ပြေးနေပြည်တော်ဗဟိုကော်မရှင်က ပြည်နယ်၊ တိုင်းကော်မရှင် များက တင်ပို့လာတဲ့မဲစာရင်းများကိုထပ်ပေါင်း၊ အဲဒါကိုမှအရင်ရရှိထားတဲ့ ကြိုတင်မဲများကိုထပ်မံပေါင်းစပ်ပြီး နောက်ဆုံးပိတ်မဲစာရင်းကို ကြေညာမှာပါ။ ဒါ့ကြောင့် မဲရုံပိတ်တဲ့ ညနေကစပြီး မဲရုံမှူးများနဲ့ ကော်မရှင်အဆင့်ဆင့်ရဲ့ လိမ်လည်ပွဲကြီး စပါပြီ။ မဲရုံမှူးတွေအဆင့်မှာ လိမ်လို့ခက်ရင်တောင်မှ အဲဒီမဲစာရင်းတွေ ကျေးရွာ၊ ရပ်ကွက်

ကော်မရှင်အရောက်မှာ စတင်လိမ်လို့ရပါပြီ။ အဲဒီနောက် မြို့နယ်ကော်မရှင်တွေက ထပ်လိမ်၊ ပြီးတော့ ပြည်နယ်၊ တိုင်းကော်မရှင်တွေကထပ်လိမ်နဲ့ ကြပ်ပြေးနေပြည်တော်ဗဟို ကော်မရှင်ကကြိုတင်မဲများနဲ့ ထပ်ပေါင်းလိမ်လည်ပြီးတဲ့နောက်မှာတော့ နအဖရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ထောက်ခံမဲ ၁၀၀ ရာခိုင်နှုန်း၊ ကန့်ကွက်မဲ မရှိနဲ့ အတည်ပြုနိုင်မှာပါ။

## ၃။ ဒီလိုဆိုရင်

အဲဒီလိုဆိုရင် အခုကျနော်တို့က လူထုကိုကန့်ကွက်မဲပေးဖို့ စည်းရုံးနေတာ၊ ကန့်ကွက်မဲတွေ ပေးနေကြတာ ဘာထူးမှာလဲလို့ တချို့က မေးနိုင်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ကန့်ကွက်မဲပေးဖို့စည်းရုံးနေတာ၊ မကြောက်မရွံ့ကန့်ကွက်မဲပေးနေကြတာ၊ အဖမ်းအဆီးအနိုင်အထက်ပြုမှုများကိုရင်ဆိုင်ရပြီး လှုပ်ရှားနေကြတာဟာ နအဖရဲ့ အဓမ္မအတည်ပြုမှုကိုကန့်ကွက်နိုင်ဖို့နဲ့ နအဖရဲ့ဖွဲ့စည်းပုံကို အသိအမှတ်မပြုဖို့အတွက်ပါ။ နအဖက ဒီဖွဲ့စည်းပုံကို ဘယ်လိုပဲ လိမ်လည်အတည်ပြုပြု ပြည်သူလူထုကလက်မခံရင်၊ နိုင်ငံတကာ အစိုးရတွေကလက်မခံရင် ဘယ်လိုမှ ဒီဥပဒေကိုအသက်သွင်းလို့မရနိုင်ပါဘူး။

အခုကစလို့ ဆန္ဒခံယူပွဲလုပ်တဲ့နေ့အထိလူထု လှုပ်ရှားမှုတွေဟာ နအဖရဲ့မသမာမှုတွေကို ဖော်ထုတ်ရင်းလူထုရဲ့ လက်မခံမှုတွေကိုထုတ်ဖော်ပြသနေတာပါ။ အဲဒီနောက်မှာတော့ နအဖရဲ့ ဖွဲ့စည်းပုံကို နိုင်ငံတကာကအသိအမှတ်မပြုရေး ဆက်ပြီးလှုပ်ရှားကြရမှာပါ။ စကတည်းကကျနော်တို့ကဒီဖွဲ့စည်းပုံကို မကန့်ကွက်ခဲ့ဘူး၊ မငြင်းဆန်ခဲ့ဘူးဆိုရင် ဒီဖွဲ့စည်းပုံအတည်ပြုပြီးသွားတဲ့အချိန်မှာ ဒီဖွဲ့စည်းပုံအသက် ဝင်လာမှုကို ငြင်းဆန်ကန့်ကွက်နိုင်တော့မှာမဟုတ်ပါဘူး။

အခုဆိုရင် ဒီဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ မတရားမှုတွေကို ကျနော်တို့အားလုံးက မြန်မာပြည်သူတွေရော ကမ္ဘာ့ပြည်သူတွေပါ





အားလုံးသိအောင်ထုတ်ဖော်ပြသနိုင်ပုံလို ဒီဖွဲ့စည်းပုံအတုအယောင်ကို လုံးဝလက်မခံနိုင်ဘူးဆိုတဲ့ မြန်မာပြည်သူများရဲ့ဆန္ဒတွေကိုလည်း ကမ္ဘာကသိအောင် ပြနိုင်ကြပါပြီ။ ဆန္ဒခံယူပွဲရက်တောင် မရောက်သေးပါဘူး။ စင်ကာပူ၊ ဂျပန်၊ ထိုင်း၊ မလေးရှား၊ အင်္ဂလန်၊ ပြင်သစ်စတဲ့ ပြည်ပရောက်မြန်မာများက သူတို့ရဲ့ဆန့်ကျင်မှုကို နိုင်ငံတကာအစိုးရများ၊ ပြည်သူများသိအောင်ထုတ်ဖော်ပြသပြီ၊ ပြသနေကြဆဲပါ။ ဒီအရှိန်အဟုန်ဟာ ဆက်လက်မြင့်မားနေပြီး မေ ၁၀ ရက်နေ့မှာတော့ မြန်မာနိုင်ငံတွင်းက ပြည်သူသန်းပေါင်းများစွာရဲ့ လူထုဆန္ဒထုတ်ဖော်ပွဲကြီးဖြစ်လာတော့မှာပါ။ နအဖဟာ ဆန္ဒခံယူပွဲရလဒ်ကို လိမ်လို့ရပေမဲ့ မြန်မာပြည်သူလူထုရဲ့ကန့်ကွက်မှု၊ ငြင်းဆန်မှုကို ဘယ်လိုမှဖုံးကွယ်လို့ မရနိုင်ပါဘူး။

တစ်ချိန်တည်းမှာပဲ ဆန္ဒခံယူပွဲကျင်းပရေးလုပ်ငန်းစဉ်ရဲ့ မသမာမှုတွေကို ကျနော်တို့ ဖော်ထုတ်ခဲ့၊ ဖော်ထုတ်ဆဲ၊ ဖော်ထုတ်နေကြတာပါ။ မတရားတဲ့ပြစ်ဒဏ်၊ မမျှတတဲ့စည်းရုံးမှု၊ ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ လိမ်လည်မှုတွေအပြင် သန်းပေါင်းများစွာသော ပြည်ပရောက်မြန်မာနိုင်ငံသားတွေကို မဲပေးခွင့်ကန့်သတ်မှုတွေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို လေ့လာခွင့်မရမှုတွေဟာဖြင့် ဒီဆန္ဒခံယူပွဲဟာ မတရားမမျှတဘူးဆိုတာကို အတိအလင်းသက်သေပြနေတာပါ။

ဒီတော့ဒီဖွဲ့စည်းပုံအခြေခံဥပဒေကိုယ်၌ရဲ့ မတရားမှု၊ ဆန္ဒခံယူပွဲကျင်းပရေးလုပ်ငန်းစဉ်ရဲ့ မတရားမမျှတမှုနဲ့ လူထုရဲ့ငြင်းဆန်ကန့်ကွက်မှုတွေဟာဖြင့် နအဖရဲ့ဖွဲ့စည်းပုံကို မြန်မာပြည်သူများအားလုံးကရော နိုင်ငံတကာအစိုးရများကပါ အသိအမှတ်မပြုကြဖို့ လုံလောက်ခိုင်မာတဲ့အကြောင်းတရားတွေပါပဲ။ ပြီးတော့ ကျနော်တို့ဟာ နအဖရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ခုတည်းကိုပဲ ကန့်ကွက်ငြင်းပယ်တာ မဟုတ်ပါဘူး။ နအဖစစ်အာဏာရှင်စနစ်ကြီးတစ်ခုလုံးကိုပါ ကန့်ကွက်ငြင်းပယ်ကြတာပါ။

## ၄။ အရှိန်အဟုန်မြှင့်ကြစို့

ကျနော်တို့ရဲ့လှုပ်ရှားမှုတွေကို နောက်တစ်ဆင့်တက်ရပါတော့မယ်။ မေလ (၁၀) ရက်ကို ဦးတည်ပြီး ဆန္ဒခံယူပွဲမှာ ကန့်ကွက်မဲတွေပေးကြဖို့စည်းရုံးလှုံ့ဆော်နေကြတာတွေကို မေလ (၁၀) ရက် နောက်ပိုင်း နအဖက ဖွဲ့စည်းပုံအခြေခံဥပဒေကိုအတည်ပြုကြောင်း တစ်ဖက်သတ်ကြေညာမှာကို ကြိုတင်တုံ့ပြန်မှုတွေနဲ့ ပေါင်းစပ်ပေးဖို့လိုပါပြီ။ ကျနော်တို့လုပ်သင့်တာကို မြန်မာနိုင်ငံတွင်းက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုထားပြီးပါပြီ။

မတ်လ ၃၁ ရက်နေ့က မြန်မာနိုင်ငံတွင်းက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ကမ္ဘာတစ်ဝန်းမှ လွှတ်တော်ကိုယ်စားလှယ်များထံ ပန်ကြားလွှာတစ်စောင်ထုတ်ပြန်ပါတယ်။ အဲဒီပန်ကြားလွှာမှာ မြန်မာပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား ဦးပူကျင်ရှင်းထန် ဦးဆောင်တဲ့ လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးက လက်မှတ်ရေးထိုးထားပါတယ်။ သူတို့က ကမ္ဘာတစ်ဝှမ်းက လွှတ်တော်ကိုယ်စားလှယ်တွေကို -

၁။ နအဖစစ်အုပ်စုအပေါ် စီးပွားရေး၊ သံတမန်ရေးဖိအားပေးမှုများပြုလုပ်ဖို့ သက်ဆိုင်ရာအစိုးရများအား တိုက်တွန်းပေးရန်၊

၂။ နအဖစစ်အုပ်စု၏ဖွဲ့စည်းပုံအခြေခံဥပဒေကို အသိအမှတ်မပြုကြောင်း ကြေညာရန်နှင့်သက်ဆိုင်ရာ အစိုးရများအား အလားတူ တိုက်တွန်းရန်၊

၃။ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ မလွဲမသွေလိုက်နာရမည့် ဆုံးဖြတ်ချက်များချမှတ်ရေးအတွက် တိုက်တွန်းရန်နှင့် သက်ဆိုင်ရာ အစိုးရများအားလည်း အလားတူ တောင်းဆိုရန်၊

၄။ နအဖစစ်အုပ်စုအား ကမ္ဘာ့နိုင်ငံများမှ လက်နက်ရောင်းချမှု ပိတ်ပင်ရေးအတွက် တောင်းဆိုရန်နှင့်သက်ဆိုင်ရာ





အစိုးရများအားလည်း တိုက်တွန်းရန်၊ နအဖစစ်ခေါင်းဆောင်များအပေါ် ဘဏ္ဍာရေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ ပိတ်ဆို့မှုများဖြင့်အရေးယူရန်၊

၅။ မြန်မာ့အရေးကုလသမဂ္ဂလုံခြုံရေး ကောင်စီတွင် အခြားနိုင်ငံများနှင့် ပူးပေါင်း၍ အပြုသဘောဆောင်ရွက်ရေးအတွက် တရုတ်အစိုးရအား ဖိအားပေးရန်နှင့် သက်ဆိုင်ရာအစိုးရများအားလည်း အလားတူ ဆောင်ရွက်ရေး တိုက်တွန်းရန် စသည်ဖြင့်ပန်ကြားထားပါတယ်။

ပြည်တွင်းက လွှတ်တော်ကိုယ်စားလှယ်များက ရဲရဲရင့်ရင့်နဲ့ နိုင်ငံတကာလွှတ်တော်ကိုယ်စားလှယ်များထံ တင်ပြတောင်းဆိုလိုက်တာပါ။ သူတို့ရဲ့တောင်းဆိုချက်တွေ၊ ပန်ကြားချက်တွေကို ကျနော်တို့က သူတို့ကိုယ်စား ကျနော်တို့ရောက်ရှိရာနိုင်ငံတွေက ပြည်သူ့ကိုယ်စားလှယ်များထံ လက်ဆင့်ကမ်းတင်ပြပေးရင်း အဓိကတောင်းဆိုချက်ဖြစ်တဲ့ နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အသိအမှတ်မပြုရေး ဖိအားပေးကြရမှာပါ။

အမေရိကန်ပြည်ထောင်စုမှာတော့ Rush Holt; Berman; Ros-Lehtinen စတဲ့ အောက်လွှတ်တော်အမတ်များက မြန်မာလွှတ်တော် ကိုယ်စားလှယ်များရဲ့ ပန်ကြားချက်ကို တုံ့ပြန်တဲ့ ဥပဒေမူကြမ်းတစ်ရပ်ကို အောက်လွှတ်တော်မှာ တင်သွင်းလိုက်ပါပြီ။ မေ (၁၀) ရက် ဆန္ဒခံယူပွဲမတိုင်ခင် မဲခွဲဆုံးဖြတ်နိုင်မှာပါ။ ဒီဥပဒေမူကြမ်းမှာ အမေရိကန်အောက်လွှတ်တော်အမတ်များက နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြစ်တင်ဝေဖန်ပြီး၊ ဒီဖွဲ့စည်းပုံ အခြေခံဥပဒေကို နအဖက လူထုဆန္ဒခံယူပွဲရဲ့ရလဒ်အဖြစ် ကြေညာမယ်ဆိုရင် အသိအမှတ်မပြုဖို့ အမေရိကန်သမ္မတကို တိုက်တွန်းထားပါတယ်။

ဂျပန်နိုင်ငံမှာလည်း အလားတူဥပဒေမူကြမ်းတစ်ရပ်ကို တင်သွင်းနိုင်ဖို့ ကြိုးစားနေကြပါတယ်။ အဲဒီလို ဥပဒေမူကြမ်းများကို

စင်ကာပူမှာ၊ ထိုင်းမှာ၊ ကိုးရီးယားမှာ၊ မလေးရှားမှာ၊ ဩစတြေးလျမှာ၊ ကနေဒါမှာ၊ အိန္ဒိယမှာ၊ ဖိလစ်ပိုင်မှာ၊ အင်ဒိုနီးရှားမှာ၊ အင်္ဂလန်မှာ၊ ပြင်သစ်မှာ နိုင်ငံတကာပါလီမန်တွေမှာ တင်သွင်းနိုင်ကြမယ်။ အနည်းဆုံးသက်ဆိုင်ရာ ပါလီမန်အမတ်တွေက နအဖရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကိုရော ဆန္ဒခံယူပွဲလုပ်ငန်းစဉ်တွေကိုပါ ပြစ်တင်ဝေဖန်ရှုတ်ချကြမယ်ဆိုရင် မြန်မာနိုင်ငံကို စစ်ကျွန်ပြုရေးဖွဲ့စည်းပုံဟာ ဘယ်လိုပဲလိမ်လည်ပြီး အတည်ပြုပြု အသက်ဝင်လာဖို့အလွန့်အလွန်ခက်ခဲပါလိမ့်မယ်။ နောက်ဆုံးတစ်နေ့ ဒီဖွဲ့စည်းပုံဟာ သမိုင်းရဲ့အမှိုက်ခြင်းကြီးထဲကို ရောက်သွားဖို့တောင်ရှိပါတယ်။

## (၅) ပြိုင်တူရှုန်းလျှင် ရွှေ့နိုင်ပါသည်

နအဖက လူထုကိုစိန်ခေါ်လိုက်သလို လူထုကလည်း နအဖကိုတုံ့ပြန်ရင်ဆိုင်နေပါပြီ။ ကြပ်ပြေးနေပြည်တော်ကဗိုလ်ချုပ်တွေ အိပ်မက်ဆိုးတွေမက်နေကြပါပြီ။ အပစ်ရပ်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကအစ တပ်မတော်မိသားစုဝင်များအထိ လူထုဘက်က ရပ်တည်ဖို့ခြေလှမ်းပြင်နေကြပါပြီ။ ကျနော်တို့ တစ်ယောက်လက်ကိုတစ်ယောက်ခိုင်ခိုင်မာမာချိတ်ဆက်ထားရင် ဖြစ်ပေါ်လာမယ့်အင်အားဟာ ဗိုလ်သန်းရွှေရဲ့စစ်အုပ်စုကို ကြောက်ဖျားဖျားစေမှာပါ။ အသက်ကိုနက်နက်ရှိုင်းရှိုင်းရှူ လက်တွေကို ခိုင်ခိုင်မြဲမြဲဆုပ်၊ နောက်ပြန်မရှုပ်တဲ့ခြေလှမ်းများနဲ့ ပြိုင်တူရွှေ့လျားကြပါစို့။

(စာပြီးနေ့စွဲ ဧပြီ၂၉၊၂၀၀၈)



ပြတ်ပြတ်သားသား ဆန့်ကျင်ကြစို့



**သာသနာဖျက် အာဏာရှင်အစိုးရကိုဆန့်ကျင်ကြ**

ကျောင်းသားလူငယ်များ ဒီမိုကရက်တစ်အစည်းအရုံး

(မြန်မာနိုင်ငံ)

## ပြတ်ပြတ်သားသား ကန့်ကွက်ကြပါစို့

### (က) နိဒါန်း

၁။ လက်ရှိမြန်မာနိုင်ငံကို အုပ်ချုပ်နေတဲ့ နအဖစစ်အစိုးရက ၁၉၉၀ ပြည့်နှစ် မေလမှာ ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးတစ်ရပ်ကို ကျင်းပပေးခဲ့ပါတယ်။ အဲဒီရွေးကောက်ပွဲကြီးကနေ ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လွှတ်တော်ကိုယ်စားလှယ် (၃၉၂) နေရာ အနိုင်ရရှိပြီး အဖွဲ့ချုပ်ရဲ့ မဟာမိတ်များဖြစ်ကြတဲ့ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် တိုင်းရင်းသားပါတီများက လွှတ်တော်ကိုယ်စားလှယ် (၆၇) နေရာ အနိုင်ရရှိခဲ့ပါတယ်။ စစ်တပ်က ထောက်ခံအားပေးတဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီကတော့ လွှတ်တော်ကိုယ်စားလှယ် (၁၀) နေရာသာ ရွေးချယ်ခံခဲ့ရပါတယ်။ ဒါဟာဖြင့် ပြည်သူလူထုတစ်ရပ်လုံးက စစ်အာဏာရှင်စနစ်ကို ပြတ်ပြတ်သားသားငြင်းပယ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားပါတီများကို နိုင်ငံတော်ကို ဒီမိုကရေစီ၊ လူ့အခွင့်အရေးနဲ့ တိုင်းရင်းသားလူမျိုးစု အခွင့်အရေးများကို အာမခံချက်ပေးမယ့် နိုင်ငံတော်သစ်အဖြစ် တည်ဆောက်ဦးဆောင်သွားဖို့ တာဝန်အပ်နှင်းလိုက်တာပါပဲ။





၂။ ဒါပေမဲ့လည်း 'ရွေးကောက်ပွဲအနိုင်ရပါတီကို အာဏာလွှဲပြီး စစ်တန်းလျားကိုပြန်ပါ့မယ်' လို့ ကတိပေးခဲ့တဲ့ စစ်အစိုးရဟာ သူ့ကတိကို ပျက်ကွက်ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ခေါ်ယူကျင်းပပေးဖို့ ငြင်းဆန်၊ အနိုင်ရပါတီကို အာဏာလွှဲပြောင်းပေးဖို့ ငြင်းဆန်ခဲ့တဲ့အပြင် ရွေးကောက်ပွဲအနိုင်ရပါတီနဲ့ တိုင်းရင်းသားပါတီများက စစ်အစိုးရနဲ့ သုံးပွင့်ဆိုင်ဆွေးနွေးပွဲတွေ ကျင်းပပြီး တိုင်းပြည်ပြဿနာတွေကို ငြိမ်းချမ်းစွာ အဖြေရှာကြဖို့ ကမ်းလှမ်းတာကိုပါ ငြင်းပယ်ခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ စစ်အာဏာရှင်စနစ်ကို တရားဝင်ဖြစ်အောင် အသက်သွင်းမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကိုလည်း ၁၉၉၀ ရွေးကောက်ပွဲက ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆန္ဒမပါ၊ စစ်မှန်တဲ့ တိုင်းရင်းသားကိုယ်စားလှယ်များရဲ့ ဆန္ဒမပါဘဲ၊ တစ်ဖက်သတ် ရေးဆွဲခဲ့ပြီး အဲဒီဖွဲ့စည်းပုံ အခြေခံဥပဒေကို ၂၀၀၈ ခုနှစ် မေလမှာ လူထုဆန္ဒခံယူပွဲနဲ့ အတည်ပြုမယ်လို့ ကြွေးကြော်နေပါတယ်။

ဒါဟာဖြင့် စစ်အာဏာရှင်စနစ်အောက်က လွတ်မြောက်ပြီး အကြောက်တရားကင်းတဲ့ ဒီမိုကရေစီလူ့အဖွဲ့အစည်းမှာ ငြိမ်းချမ်းစွာ နေထိုင်ချင်ကြတဲ့ ပြည်သူလူထုတစ်ရပ်လုံးကို စစ်အစိုးရက စိန်ခေါ်လိုက်တာပါပဲ။ ဒါဟာဖြင့် ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို တရားဝင် ငြင်းပယ်လိုက်တာပါပဲ။

စစ်အစိုးရက သူ့ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကို မတရားတဲ့နည်းလမ်းများနဲ့ အတည်ပြုလိုက်နိုင်တာနဲ့တစ်ပြိုင်နက် ၁၉၉၀ ရွေးကောက်ပွဲရလဒ်ဟာ ပျက်ပြယ်သွားခဲ့ပါပြီ။ ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ လွှတ်တော်ကိုယ်စားလှယ်များရဲ့အခန်းကဏ္ဍ ပြီးဆုံးသွားပါပြီ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ရွေးကောက်ပွဲအနိုင်ရပါတီ အဆင့်အတန်း ပျက်ပြယ်သွားပါပြီ။ အဆိုးဆုံးကတော့ ဒီဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့အတူ မြန်မာနိုင်ငံဟာ စစ်အာဏာရှင်စနစ်အောက်ကို တရားဝင်ရောက်ရှိသွားပြီး ကျနော်တို့ရဲ့ သားစဉ်မြေးဆက်တွေ စစ်ကျွန်ဘဝရောက်ကြရတော့မှာပါ။

## (ခ) အမျိုးသားညီလာခံနှင့် အခြေခံမူများ

၁။ စစ်တပ်ရဲ့ နိုင်ငံရေးအာဏာစိုးမိုးမှုကို တရားဝင်စေဖို့အတွက် ရည်ရွယ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို စစ်အစိုးရက နှစ်ပေါင်း (၁၄) နှစ်ကျော်ကြာအောင် အချိန်ယူပြီး စစ်တပ်က လက်ရွေးစင်ရွေးချယ်ထားတဲ့ ကိုယ်စားလှယ်များနဲ့ ရေးဆွဲခဲ့တာပါ။ ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ လွှတ်တော်ကိုယ်စားလှယ်အချို့၊ အပစ်အခတ်ရပ်စဲထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက ကိုယ်စားလှယ်အချို့ ပါဝင်ကြပေမည့် သူတို့ဟာလည်း စစ်တပ်ရဲ့ ဖိအားပေးအကျပ်ကိုင်မှုတွေအပေါ် မလွန်ဆန်နိုင်ခဲ့ကြပါဘူး။

၂။ ဒါကြောင့် အမျိုးသားညီလာခံက ချမှတ်လိုက်တဲ့ အခြေခံမူတွေကို ထည့်သွင်းရေးဆွဲထားတဲ့ ဒီဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးများကို အာမခံချက်ပေးမထားသလို တိုင်းရင်းသားလူမျိုးစုများ တောင်းဆိုနေကြတဲ့ ဖယ်ဒရယ်မူအပါအဝင် လူမျိုးစုအခွင့်အရေးများကိုလည်း ငြင်းပယ်ထားတာ တွေ့ရပါတယ်။ အထင်ရှားဆုံးကတော့ ဒီဖွဲ့စည်းပုံအရ စစ်တပ်ဟာ သီးခြားအခွင့်ထူးခံလူတန်းစားတစ်ရပ်အဖြစ် တရားဝင်တည်ရှိလာမှာဖြစ်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံရဲ့အမြင့်ဆုံး အာဏာပိုင်ပုဂ္ဂိုလ် ဖြစ်လာမှာပါ။

တပ်မတော်တစ်ခုလုံးကတော့ ဥပဒေရဲ့အထက်မှာ တည်ရှိပြီး တိုင်းပြည်ရဲ့အချုပ်အခြာအာဏာသုံးရပ် ဖြစ်တဲ့ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ ဥပဒေပြု အာဏာတွေကို ထင်သလို ခြယ်လှယ်ခွင့် ရမှာပါ။ ပြည်သူလူထုတစ်ရပ်လုံးကတော့ ဒုတိယတန်းစားနိုင်ငံသားတွေအဖြစ်နဲ့ စစ်တပ်ကို အလုပ်အကျွေးပြုရတော့မှာပါ။ အသေးစိတ် အများနားလည်အောင် ရှင်းပြချင်ပါတယ်။





## (ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သို့ အပ်နှင်းထားသောအာဏာများ

၁။ ကာကွယ်ရေးဦးစီးချုပ်ဟာ၊ စစ်တပ်ရဲ့အရေးအရာအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့် ရှိပါတယ်။ စစ်တပ်အင်အားတိုးချဲ့မှု၊ ရာထူးအပြောင်းအလဲ၊ စစ်တပ်နေရာချထားမှု၊ စစ်တပ်အတွက် နှစ်စဉ်ကုန်ကျစရိတ်၊ စစ်လက်နက်ဝယ်ယူမှု၊ စစ်တပ်ပိုင် စီးပွားရေး လုပ်ငန်းများ စသည်ဖြင့် စစ်တပ်ရဲ့အရေးကိစ္စအားလုံးကို ကာကွယ်ရေးဦးစီးချုပ်က လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့် ရှိရမယ်လို့ အာဏာ အပ်နှင်းထားပါတယ်။ ဒီတော့ နိုင်ငံရဲ့ဝန်ထမ်းအဖွဲ့အစည်း တစ်ခုသာဖြစ်ရမည့် တပ်မတော်ဟာ နိုင်ငံတော်သမ္မတရဲ့ အုပ်ချုပ်မှုအောက်မှာလည်း မရှိ၊ လွှတ်တော်ရဲ့ ဥပဒေပြုမှုအောက်မှာလည်း မရှိ၊ စစ်တပ်တွင်းဖြစ်ပေါ်တဲ့ အမှုအခင်းများ၊ တပ်မတော်သား ရာဇဝတ်မှုကျူးလွန်သူများကိုတောင်မှ စစ်ခုံရုံးနဲ့ တရားစီရင်မှာဖြစ်တဲ့အတွက်ကြောင့် တပ်မတော်ဟာ နိုင်ငံတော်တရားစီရင်ရေးစနစ်ရဲ့အောက်မှာလည်း မရှိဘဲ နိုင်ငံတော်အချုပ်အခြာအာဏာသုံးရပ်စလုံးရဲ့အထက်မှာ တည်ရှိနေပါတော့တယ်။

၂။ ကာကွယ်ရေးဦးစီးချုပ်နဲ့ တပ်မတော်ဟာ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးစတဲ့ အချုပ်အခြာအာဏာသုံးရပ်စလုံးရဲ့အောက်မှာ မရှိပေမည့် အဲဒီအချုပ်အခြာအာဏာ သုံးရပ်စလုံးကို စိတ်တိုင်းကျ ဝင်ရောက်စွက်ဖက်ခွင့်လည်းပေးထားပါတယ်။ အောက်မှာ အသေးစိတ်ရှင်းပြပါ့မယ်။

၃။ တကယ်လို့ တိုင်းပြည်မှာ အရေးပေါ်အခြေအနေ ပေါ်ပေါက်လာခဲ့ရင် တိုင်းပြည်တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း အရေးပေါ်အခြေအနေ ကြေညာပြီး တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး အာဏာသုံးရပ်ကို ကိုင်တွယ်ပြီး အုပ်ချုပ်ခွင့်ရှိတယ်လို့လည်း အာဏာအပ်နှင်းထားပါတယ်။ အရေးပေါ်အခြေအနေဆိုတာ

ကလည်း ဒီဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့ကြိုးစားတာကို ဆိုလိုတာပါ။ ဒါကြောင့် တစ်ချိန်မှာ နိုင်ငံရေးအင်အားစုတစ်စုက ဒီဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့ ကြိုးစားမယ်ဆိုရင် ကာကွယ်ရေးဦးစီးချုပ်က တိုင်းပြည်ပြိုကွဲမယ့်အန္တရာယ်ကို ကာကွယ်ဖို့ဆိုတဲ့ အကြောင်းပြချက်နဲ့ နိုင်ငံတော်ကို အရေးပေါ် အခြေအနေကြေညာပြီး နိုင်ငံတော်အာဏာသုံးရပ်ကို ကိုင်တွယ်အုပ်ချုပ်ဖို့ တရားဝင် ခွင့်ပြုထားတာပါပဲ။ ရှင်းရှင်းပြောရရင် စစ်တပ်ကို ကြိုက်တဲ့အချိန်မှာ ကြိုက်သလို အာဏာသိမ်းခွင့် တရားဝင် ပေးထားတာပါပဲ။

၄။ ပြီးတော့ အဲဒီလို စိတ်တိုင်းကျ အာဏာသိမ်းထားတဲ့အချိန်ဖြစ်ပေါ်ခဲ့တဲ့ ပြစ်မှုများနဲ့ပတ်သက်ပြီး ကာကွယ်ရေးဦးစီးချုပ်နဲ့ ကာကွယ်ရေးဦးစီးချုပ်က တာဝန်ပေးအပ်ထားတဲ့ တပ်မတော်အရာရှိများကို မည်သည့်နည်းနဲ့မျှ အရေးယူပိုင်ခွင့်မရှိလို့လည်း အကာအကွယ်ပေးထားပြန်ပါတယ်။

## (ဃ) ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်၏ ဥပဒေပြုအာဏာတွင် ဝင်ရောက်စွက်ဖက်ခွင့်

၁။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်မှာ ဗဟိုအဆင့်မှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် လွှတ်တော် (၂) ရပ်ရှိပြီး အဲဒီလွှတ်တော် (၂) ရပ်ပေါင်းကို ပြည်ထောင်စုလွှတ်တော်လို့ ခေါ်ပါတယ်။ ပြည်သူ့လွှတ်တော်ကို မြို့နယ်များက ရွေးချယ်တင်မြှောက်ထားတဲ့ ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းမှာဖြစ်ပြီး ကိုယ်စားလှယ် (၄၄၀) ပါဝင်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ကိုယ်စားလှယ် (၃၃၀) ကိုသာ ပြည်သူလူထုက ရွေးချယ်ခွင့်ရှိပြီး ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်တဲ့ တပ်မတော်အရာရှိ ၁၁၀ က ရွေးကောက်ပွဲဝင်စရာမလိုဘဲ လွှတ်တော်ကိုယ်စားလှယ် ဖြစ်လာကြမှာပါ။ ဒီနည်းနဲ့ ပြည်သူ့ လွှတ်တော်ရဲ့ လေးပုံတစ်ပုံကို ကာကွယ်ရေးဦးစီးချုပ်က ထိန်းချုပ်ထားပါတယ်။





၂။ အမျိုးသားလွှတ်တော်ဆိုတာက ပြည်နယ်နဲ့တိုင်းဒေသကြီး (၁၄) ခုက တစ်ခုကို ကိုယ်စားလှယ် (၁၆) ယောက်စီနဲ့ စုစုပေါင်း ကိုယ်စားလှယ် (၂၂၄) ယောက်နဲ့ ဖွဲ့စည်းမှာပါ။ ဒါပေမဲ့ ပြည်နယ်နဲ့တိုင်းဒေသကြီးတစ်ခုကို (၁၂)ယောက်နှုန်းနဲ့ စုစုပေါင်း ကိုယ်စားလှယ် (၁၆၈)ယောက်ကိုသာ လူထုက ရွေးချယ်တင်မြှောက်ခွင့်ရပြီး၊ ပြည်နယ်နဲ့တိုင်းဒေသကြီးတစ်ခုကို (၄) ယောက်နှုန်းနဲ့ ကိုယ်စားလှယ် (၅၆) ယောက်ကိုတော့ ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အရာရှိများကို ခန့်အပ် တာဝန်ပေးမှာပါ။ ဒီနည်းနဲ့ အမျိုးသားလွှတ်တော်ရဲ့ လေးပုံတစ်ပုံကို ကာကွယ်ရေးဦးစီးချုပ်က ထိန်းချုပ်ထားပါတယ်။

၃။ တကယ်လို့ နိုင်ငံ့ဝန်ထမ်းများဟာ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရမယ်ဆိုရင် သူတို့ရဲ့လက်ရှိအလုပ်အကိုင်က အနားယူရပါမယ်။ သူတို့ကို နိုင်ငံတော်က ပေးအပ်ထားတဲ့ နေအိမ်၊ ကားစတာတွေကိုလည်း စွန့်လွှတ်ရပါမယ်။ ဒါပေမဲ့ ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်လို့ လွှတ်တော်ကိုယ်စားလှယ် ဖြစ်လာမည့် တပ်မတော် အရာရှိများကတော့ သူတို့ရဲ့ စစ်ဘက်ရာထူးများက နုတ်ထွက်စရာ မလိုသလို နေတဲ့အိမ်၊ စီးတဲ့ကားတွေကိုလည်း ပြန်အပ်စရာ မလိုပါဘူး။

၄။ တကယ်တော့ ပြည်ထောင်စုလွှတ်တော်ဆိုတာ နိုင်ငံတော်ရဲ့ ဥပဒေပြုရေးအတွက် အမြင့်မားဆုံး အာဏာပိုင် အဖွဲ့အစည်းဖြစ်ရမှာပါ။ ဒါပေမဲ့ ဒီဖွဲ့စည်းပုံအရ မြန်မာနိုင်ငံရဲ့လွှတ်တော်ဟာ စစ်တပ်ရဲ့အရေးအရာတွေကို ဥပဒေပြဋ္ဌာန်းခွင့် မရှိပါဘူး။

၅။ ပြည်နယ်နဲ့တိုင်းဒေသကြီးတွေမှာတော့ ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီးလွှတ်တော်တစ်ရပ်သာ ရှိမှာပါ။ ပြည်နယ် (သို့) တိုင်းဒေသကြီးတွင်းမှာရှိတဲ့ မြို့နယ်များက ကိုယ်စားလှယ် (၂) ယောက်စီ၊ ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီးတွင်းမှာရှိတဲ့ ပြည်နယ်အဆင့်မရသေးတဲ့ တိုင်းရင်းသားလူမျိုးစုများက ကိုယ်စားလှယ် ၁ ယောက်စီနဲ့ ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်တာဝန်ပေးတဲ့ စုစုပေါင်းကိုယ်စားလှယ်

အရေးအတွက်ရဲ့ လေးပုံတစ်ပုံရှိတဲ့ တပ်မတော်အရာရှိများနှင့် ပြည်နယ် (သို့မဟုတ်)တိုင်းဒေသကြီးလွှတ်တော်ကို ဖွဲ့စည်းရမှာပါ။ ဒီလိုနဲ့ တပ်မတော်အရာရှိများက ရွေးကောက်ပွဲဝင်စရာမလိုဘဲ ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီးလွှတ်တော်ရဲ့ လေးပုံတစ်ပုံကို ထိန်းချုပ်ထားမှာပါ။

၆။ ပြည်နယ်၊ တိုင်းဒေသကြီးလွှတ်တော်တွေမှာလည်း ဒေသလုံခြုံရေးနဲ့ပတ်သက်တဲ့ အရေးကိစ္စတွေ၊ နယ်စပ်ဒေသများနဲ့ ပတ်သက်တဲ့ကိစ္စတွေကို တပ်မတော်ကိုယ်စားလှယ်များကသာလျှင် သီးခြားဆွေးနွေး ခွင့်ရှိပြီး ကိုယ်စားလှယ်များရဲ့ တင်ပြချက်ကိုသာ ပြည်နယ်၊ ဒေသလွှတ်တော်က အတည်ပြုပေးရမှာပါ။ ဒီလိုနဲ့ပဲ ပြည်နယ်၊ ဒေသလွှတ်တော်ဟာ စစ်တပ်အလိုဆန္ဒကို အတည်ပြုပေးရတဲ့ ရာဘာတံဆိပ်တုံးအဆင့်ကို ရောက်ရှိသွားမှာပါ။

## (င) ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်၏ အုပ်ချုပ်ရေးအာဏာတွင် ဝင်ရောက်စွက်ဖက်ခွင့်

၁။ နိုင်ငံတော်မှာ သမ္မတတစ်ယောက်နဲ့ ဒုသမ္မတ နှစ်ယောက် ရှိပါလိမ့်မယ်။ လွှတ်တော်အုပ်စု သုံးစုက သမ္မတလောင်း တစ်ယောက်စီ အမည်စာရင်း တင်သွင်းပြီး လွှတ်တော်တစ်ခုလုံး (ပြည်ထောင်စုလွှတ်တော်) က မဲပေးရွေးချယ်ကြရမှာပါ။ မဲအများဆုံးရသူက သမ္မတဖြစ်ပြီး ကျန် နှစ်ယောက်က ဒုသမ္မတများ ဖြစ်လာမှာပါ။

၂။ လွှတ်တော်အုပ်စု (၃) စုကို ဒီလိုခွဲထားပါတယ်။

အုပ်စု(က)၊ ပြည်သူ့လွှတ်တော်မှာ ရွေးကောက်ခံ လွှတ်တော်ကိုယ်စား လှယ်များ (၃၃၀) ဦး၊

အုပ်စု(ခ)၊ အမျိုးသားလွှတ်တော်မှာ ရွေးကောက်ခံ ကိုယ်စားလှယ်များ (၁၆၈) ဦး၊

အုပ်စု(ဂ)၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် နှစ်ရပ်ပေါင်းမှ တပ်မတော်ကိုယ်စားလှယ်များ (၁၁၀+၅၆)=(၁၆၆)ဦး၊





၃။ သမ္မတနဲ့ ဒုသမ္မတဖြစ်ဖို့အတွက် သတ်မှတ်ထားတဲ့ အရည်အချင်းအချို့က ဒီလိုပါ။

(က)လွှတ်တော်ကိုယ်စားလှယ် ဖြစ်ရန်မလို၊

(ခ) နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် စစ်ရေးဆိုင်ရာ ရင်းနှီးကျွမ်းကျင်သူ ဖြစ်ရမည်။

(ဂ) အနည်းဆုံးအသက် (၄၅)နှစ် ရှိရမည်။ နိုင်ငံတွင်းအနည်းဆုံး အနှစ် (၂၀) တစ်ဆက်တည်း နေထိုင်သူ ဖြစ်ရမည်။

၄။ ဒီရွေးချယ်ပုံအရ စစ်တပ်က အဆိုပြုတဲ့ ကိုယ်စားလှယ်တစ်ယောက်ဟာ သမ္မတလောင်း ဖြစ်လာမှာပါ။ စစ်ရေးဆိုင်ရာ ရင်းနှီးကျွမ်းကျင်သူ ဖြစ်ရမည်ဆိုတဲ့ အရည်အချင်းသတ်မှတ်ချက်အရ အခြားအုပ်စု (၂) စုက တင်သွင်းတဲ့ သမ္မတလောင်းများဟာလည်း တပ်မတော်အရာရှိဟောင်းတွေဖြစ်ဖို့ အလားအလာ အများကြီးရှိနေပါတယ်။ ပြီးတော့ ဒီသုံးယောက်ထဲက တစ်ယောက်ကို သမ္မတအဖြစ် ရွေးချယ်ကြတဲ့အခါ တပ်မတော်ကိုယ်စားလှယ်က သမ္မတဖြစ်လာဖို့၊ အနိမ့်ဆုံးဒုသမ္မတ ဖြစ်လာမှာပါ။ ပြည်ထောင်စုလွှတ်တော်မှာ တပ်မတော်ကိုယ်စားလှယ်က (၂၅) ရာခိုင်နှုန်း ပါဝင်တာမို့ တပ်မတော်က ထောက်ခံတဲ့သူသာ သမ္မတဖြစ်မှာကတော့ အသေအချာပါပဲ။

၅။ တပ်မတော်ကိုယ်စားလှယ် (သို့မဟုတ်) တပ်မတော်က ထောက်ခံတဲ့သူသာ သမ္မတဖြစ်လာမှာ ဆိုပေမည့် အဲဒီနိုင်ငံတော်သမ္မတဟာ ကာကွယ်ရေး ဦးစီးချုပ်အပေါ်မှာ ဩဇာသက်ရောက်မှု မရှိပါဘူး။ တပ်မတော်အပေါ်မှာ ဩဇာသက်ရောက်ခွင့်မရှိပါဘူး။ ပြောင်းပြန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကသာ နိုင်ငံတော်သမ္မတအပေါ်မှာ ဩဇာသက်ရောက်မှု ရှိပါတယ်။

၆။ နိုင်ငံတော်သမ္မတဟာ ဝန်ကြီးအဖွဲ့ကို ဖွဲ့ရာမှာ ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးနဲ့ နယ်စပ်ဒေသရေးရာဝန်ကြီးစတဲ့ အရေးကြီးကဲ့ ဝန်ကြီးနေရာ သုံးနေရာကို သူ့ဘာသာ ခန့်ခွင့် မရှိပါဘူး။

ကာကွယ်ရေးဦးစီးချုပ်က တာဝန်ပေးတဲ့ တပ်မတော်အရာရှိများကိုသာ ခန့်အပ်ရမှာပါ။ အလားတူပဲ ဒုတိယဝန်ကြီးများကို ခန့်အပ်တာဝန်ပေးရာမှာ ကာကွယ်ရေး၊ ပြည်ထဲရေး၊ နယ်စပ်ဒေသရေးရာ ဒုတိယဝန်ကြီးများကို ကာကွယ်ရေးဦးစီးချုပ်က တာဝန်ပေးတဲ့ တပ်မတော်အရာရှိများကိုသာ ခန့်အပ်ရမှာပါ။ ဒါကိုကြည့်ခြင်းဖြင့် နိုင်ငံတော်သမ္မတဟာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ ဩဇာလွှမ်းမိုးမှုအောက်မှာ ရှိနေတယ်ဆိုတာ အထင်အရှားပါပဲ။

၇။ ဝန်ကြီး (သို့မဟုတ်) ဒုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခံရသူဟာ နိုင်ငံ့ဝန်ထမ်းတစ်ယောက်ဖြစ်ရင် သက်ဆိုင်ရာဌာနက အငြိမ်းစားယူရမှာ ဖြစ်ပါတယ်။ နိုင်ငံရေးပါတီဝင်တစ်ယောက်ဖြစ်ရင်လည်း သက်ဆိုင်ရာပါတီကနေ ဝန်ကြီးသက်တမ်းတလျှောက် အနားယူရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ကာကွယ်ရေးဦးစီးချုပ်ကခန့်အပ်မယ့် တပ်မတော်အရာရှိဝန်ကြီးများကတော့ စစ်ဘက်တာဝန်ကနေ အငြိမ်းစားယူစရာ မလိုပါဘူး။ ချွင်းချက်ပေးထားပါတယ်။

၈။ အလားတူပါပဲ။ ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီးဝန်ကြီးချုပ်ဟာ သူ့ရဲ့ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီးအစိုးရအဖွဲ့မှာလုံခြုံရေးနဲ့ နယ်စပ်ဒေသအရေး ဝန်ကြီးဌာနတွေကို ကာကွယ်ရေးဦးစီးချုပ်ကတာဝန်ပေးတဲ့ တပ်မတော်အရာရှိများကိုသာ ခန့်အင်ရမှာပါ။

၉။ အလားတူပါပဲ။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနဲ့ဇုန်တွေမှာလည်း ကာကွယ်ရေးဦးစီးချုပ်က သက်ဆိုင်ရာဦးစီးအဖွဲ့ရဲ့အဖွဲ့ဝင်လေးပုံတစ်ပုံကို ခန့်အပ်မှာဖြစ်ပြီး ဒေသလုံခြုံရေးရာ အကြီးအကဲကိုလည်း ကာကွယ်ရေးဦးစီးချုပ်ကပဲ ခန့်အပ်တာဝန်ပေးမှာပါ။

၁၀။ ဒီလိုနဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟာ နိုင်ငံတော်သမ္မတထက် အာဏာပိုကြီးပြီး တိုင်းပြည်ရဲ့ဗဟိုအဆင့်၊ ပြည်နယ်၊ တိုင်းဒေသကြီးအဆင့်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းများ၊ ဇုန်များအဆင့်အထိ အုပ်ချုပ်ရေးအာဏာကို လွှမ်းမိုးဆုပ်ကိုင်ထားမှာပါ။





### (စ) ကာကွယ်ရေးဦးစီးချုပ်နဲ့ တပ်မတော်၏တရားစီရင်ရေးအာဏာတွင် ဝင်ရောက်စွက်ဖက်ခွင့်

၁။ နိုင်ငံတော်မှာ တရားစီရင်ရေးအာဏာဟာ အမြင့်မားဆုံးအာဏာသုံးရပ်ထဲက တစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ ဒီဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်တရားစီရင်ရေးအာဏာဟာ အဖိနှိပ်ခံပြည်သူများပေါ်သာ သက်ရောက်ပြီး တိုင်းပြည်ရဲ့ သီးခြားအခွင့်ထူးခံလူတန်းစား ဖြစ်တဲ့ တပ်မတော်အပေါ်မှာ သက်ရောက်ခြင်း မရှိပါဘူး။

၂။ ဒီဖွဲ့စည်းပုံအရ ကာကွယ်ရေးဦးစီးချုပ်ဟာ တပ်မတော်ရေးရာကိစ္စအဝဝကို လွတ်လပ်စွာစီမံခန့်ခွဲခွင့် ရှိပါတယ်။ အဲဒီအရေးကိစ္စတွေထဲမှာ တရားစီရင်ရေးကိစ္စလည်း ပါပါတယ်။ တပ်မတော်သားတစ်ယောက်နဲ့ ပတ်သက်တဲ့ အမှုအခင်းတွေကို ကာကွယ်ရေး ဦးစီးချုပ်က ခန့်အပ်မည့်စစ်ခုံရုံးကသာ ကိုင်တွယ်မှာဖြစ်ပြီး အရပ်ဘက် တရားရုံးများက စီရင်ခွင့်မရှိပါဘူး။ ဒီနည်းနဲ့ တပ်မတော်ဟာ ဥပဒေရဲ့အထက်မှာ ရောက်ရှိနေပါတော့တယ်။

၃။ ဒီဖွဲ့စည်းပုံအရ နိုင်ငံတော်သမ္မတက ပြည်ထောင်စု တရားသူကြီးချုပ်နဲ့ ပြည်ထောင်စုတရားသူကြီးများကို ခန့်အပ်တာဝန်ပေးရတာပါ။ နိုင်ငံတော်သမ္မတဟာ ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ ပြည်ထောင်စုတရားသူကြီးများကို ခန့်အပ်နိုင်သလို ဖြုတ်ချပိုင်ခွင့်လည်း ရှိပါတယ်။ တကယ်တော့ အုပ်ချုပ်မှုအာဏာနဲ့ တရားစီရင်ရေးအာဏာဟာ တန်းတူဖြစ်ပြီး တစ်ခုနဲ့တစ်ခု အပြန်အလှန် ထိန်းညှိပေးနေရမှာ၊ တရားစီရင်ရေးဟာ လွတ်လပ်တဲ့ တရားစီရင်ရေးဖြစ်ရမှာက ဒီမိုကရေစီရဲ့ အနှစ်သာရပါ။ ဒါပေမဲ့ ဒီနအဖရဲ့ ဖွဲ့စည်းပုံဥပဒေမှာတော့ နိုင်ငံတော်သမ္မတဟာ တရားသူကြီးများကို ခန့်အပ်ခွင့်ရှိသလို ဖြုတ်ချခွင့်လည်းရှိတဲ့အတွက်ကြောင့် တရားစီရင်ရေးအာဏာဟာ အုပ်ချုပ်ရေးအာဏာရဲ့ လက်အောက်ခံ ဖြစ်နေပါပြီ။ တပ်မတော်ရဲ့ အရေးကိစ္စတွေကိုလည်း ကိုင်တွယ်ခွင့်မရှိတဲ့အပြင် သမ္မတကိုယ်တိုင်က ကာကွယ်ရေး

ဦးစီးချုပ်ရဲ့ ဩဇာအောက်မှာ ရှိနေတဲ့အတွက် ကာကွယ်ရေးဦးစီးချုပ်ဟာ တရားစီရင်ရေးမှာလည်း စိတ်တိုင်းကျ စွက်ဖက်ခွင့် ရနေပါတယ်။

## (ဆ) တိုင်းရင်းသားလူမျိုးစုများအပေါ် ဖိနှိပ်ကန့်သတ်မှု

၁။ နိုင်ငံတော်ကို တိုင်းဒေသကြီး (၇) ခုနဲ့ ပြည်နယ် (၇) ခုအဖြစ် ဖွဲ့စည်းထားတာကိုက တိုင်းရင်းသားလူမျိုးစုများအားလုံး တန်းတူညီမျှရေးကို ငြင်းပယ်လိုက်တာပါ။

၂။ ဒီဖွဲ့စည်းပုံမှာ တိုင်းရင်းသားများအတွက် ပြည်နယ် (၇) ခု (ရှမ်း၊ ကချင်၊ ကရင်၊ မွန်၊ ရခိုင်၊ ကယား၊ ချင်း)၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (၁) ခု ('ဝ')နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဇုန် (၅) ခု(နာဂ၊ ဓနု၊ ပအိုဝ်၊ ပလောင်၊ ကိုးကန့်) ခွဲခြားပေးထားပါတယ်။

၃။ ဒီဖွဲ့စည်းပုံအရ ပြည်နယ်အားလုံးမှာ ပြည်နယ်လွှတ်တော်များ ဖွဲ့စည်းထားရှိပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ရဲ့ လေးပုံတစ်ပုံက ကာကွယ်ရေးဦးစီးချုပ်ကခန့်အပ်တဲ့ တပ်မတော်အရာရှိတွေဖြစ်မှာပါ။ တိုင်းရင်းသားများရဲ့ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးရေး မျှော်လင့်ချက်ဟာ ဒီမှာတင်ပျက်ပြယ်သွားပါပြီ။ ပြည်နယ်တွေရဲ့အရေးကိစ္စကို တပ်မတော်အရာရှိများက ဝင်ရောက်ခြယ်လှယ်နေကြမှာပါ။

၄။ ဒီဖွဲ့စည်းပုံမှာပဲ ပြည်နယ်ရဲ့အကြီးအကဲဖြစ်တဲ့ ပြည်နယ်ဝန်ကြီးချုပ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက တိုက်ရိုက်ရွေးချယ်တင် မြှောက်ခွင့် မရှိပါဘူး။ နိုင်ငံတော်သမ္မတကသာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲမှ သူစိတ်တိုင်းကျသူတစ်ယောက်ကို ခန့်အပ်တာဝန်ပေးမှာပါ။ တိုင်းရင်းသားတွေအဖို့ ကိုယ့်ခေါင်းဆောင်ကိုယ်တောင် ရွေးချယ်ခွင့်မရဘဲ ပြည်မက ရွေးချယ် တာဝန်ပေးသူကိုသာ လက်ခံကြရမှာပါ။

၅။ ပြည်နယ်ဝန်ကြီးချုပ်ကလည်း ပြည်နယ်အစိုးရအဖွဲ့ကို သူ့စိတ်ကြိုက် ဖွဲ့စည်းခွင့် မရှိပါဘူး။ ပြည်နယ်ဝန်ကြီးဖြစ်သင့်သူတွေကို





ရွေးချယ်ပြီး နိုင်ငံတော်သမ္မတထံ တင်ပြပြီး နိုင်ငံတော်သမ္မတက သဘောတူညီမှ ခန့်အပ်ခွင့် ရှိတာပါ။ အဲဒီပြည်နယ်အစိုးရအဖွဲ့ မှာလည်း လုံခြုံရေးနဲ့ နယ်စပ်ဒေသအရေးကိစ္စတွေအတွက် ကာကွယ်ရေးဦးစီးချုပ်က တာဝန်ပေးအပ်တဲ့ တပ်မတော်အရာရှိတွေကိုပဲ ခန့်အပ်ရမှာပါ။

၆။ ပြည်နယ်တွေဟာ တရားသူကြီးတွေကိုလည်း ဒေသခံတိုင်းရင်းသားများဆန္ဒနဲ့ ခန့်အပ်လို့ မရပြန်ပါဘူး။ နိုင်ငံတော်သမ္မတကသာ ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ တိုင်ပင်ပြီး ပြည်နယ်တရားသူကြီးများကို ခန့်အပ်မှာ ဖြစ်ပါတယ်။ ဒီတော့ ပြည်နယ်များရဲ့ တရားစီရင်ရေး အာဏာဟာ ပြည်မဗဟိုအစိုးရရဲ့ ကိုင်တွယ်မှုအောက်မှာပဲ ရှိပါတယ်။

၇။ အထက်မှာဖော်ပြခဲ့သလို ပြည်နယ်တွေမှာ လွှတ်တော်ရေးရာနဲ့ အုပ်ချုပ်ရေးရာတွေမှာလည်း ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်ထားတဲ့ တပ်မတော်အရာရှိများက ဝင်ရောက်စွက်ဖက်နေမှာဖြစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်နဲ့ ပြည်နယ်တရားသူကြီးများကို နိုင်ငံတော်သမ္မတက တိုက်ရိုက်ခန့်အပ်မှာ ဖြစ်တဲ့အတွက်ကြောင့် တိုင်းရင်းသားလူမျိုးစုများ တောင်းဆိုနေတဲ့ တန်းတူညီမျှရေးနဲ့ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ရရေးများနဲ့ အဝေးကြီး ဖြစ်နေပါပြီ။

၈။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနဲ့ဇုန်များမှာတော့ လွှတ်တော်အစား ဦးစီးအဖွဲ့များ ဖွဲ့စည်းမှာ ဖြစ်ပြီး ဦးစီးအဖွဲ့များက အုပ်ချုပ်ရေးနဲ့ ဥပဒေပြုအာဏာကို ကိုင်တွယ်ကြမှာပါ။ ထုံးစံအတိုင်း ဦးစီးအဖွဲ့ဝင်လေးပုံတစ်ပုံဟာ ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်တဲ့တပ်မတော်အရာရှိများဖြစ်ပြီး လုံခြုံရေးနဲ့ နယ်စပ်ဒေသရေးရာများကို ကိုင်တွယ်ကြမှာပါ။

၉။ နောက်အရေးကြီးတဲ့တစ်ချက်ကတော့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရဲ့အခန်းကဏ္ဍပါ။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟာ ဗဟိုအစိုးရရဲ့လက်အောက်က ပြည်ထဲရေးဝန်ကြီးဌာနရဲ့လက်အောက်ခံအဖွဲ့အစည်းဖြစ်ပြီး ဗဟိုကနေ ပြည်နယ်၊ တိုင်းဒေသကြီး၊ ကိုယ်ပိုင်

အုပ်ချုပ်ခွင့်ရ တိုင်းနဲ့ဇုန်များ၊ မြို့နယ်များ၊ ရပ်ကွက်၊ ကျေးရွာများအထိ အဆင့်ဆင့် တည်ရှိမှာပါ။ ပြီးတော့ ဒေသဆိုင်ရာ အုပ်ချုပ်ရေးကို တာဝန်ခံဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒီဖွဲ့စည်းပုံအရ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးဦးစီးမှူးဟာ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အတွင်းရေးမှူးဖြစ်ပြီး သူ့ရဲ့ရုံးအဖွဲ့က ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရရဲ့ရုံးအဖွဲ့ ဖြစ်လာမှာပါ။ အလားတူပဲ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနဲ့ဇုန်များက အထွေထွေ အုပ်ချုပ်ရေးဌာန ဦးစီးမှူးက အဲဒီတိုင်းနဲ့ဇုန်များ ဦးစီးအဖွဲ့များရဲ့ အတွင်းရေးမှူး ဖြစ်ပြီး သူ့ရဲ့ရုံးအဖွဲ့က ဦးစီးအဖွဲ့များရဲ့ရုံးအဖွဲ့လည်း ဖြစ်ပါတယ်။

၁၀။ ဒီလိုနဲ့ နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဘိုင်းရင်းသားလူမျိုးစုများ တောင်းဆိုနေကြတဲ့ ဖက်ဒရယ်မူ၊ တန်းတူညီမျှရေးနဲ့ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်များကို ငြင်းပယ်ထားပြီး ဗဟိုအစိုးရရဲ့ လက်အောက်ခံဘဝနဲ့ ဗဟိုအစိုးရရဲ့ အုပ်ချုပ်ရေး၊ တရားစီရင်ရေး နဲ့ ဥပဒေပြုရေး အရေးအရာအားလုံးမှာ ချုပ်ကိုင်ခြယ်လှယ်တာကိုပဲ ခံကြရတော့မှာပါ။

## (၈) အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ

၁။ ဒီဖွဲ့စည်းပုံအရ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီကို အဖွဲ့ဝင် ၁၁ ယောက်နဲ့ ဖွဲ့စည်းမှာ ဖြစ်ပါတယ်။ ဒီကောင်စီက နိုင်ငံတော်ကို အရေးပေါ်အခြေအနေ ကြေညာခြင်းနဲ့ပတ်သက်ပြီး တာဝန်ရှိသလို နိုင်ငံတော်မှာ အာဏာအကြီးဆုံးဖြစ်တဲ့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကို ခန့်အပ်ဖို့လည်း တာဝန်ရှိပါတယ်။

၂။ အဖွဲ့ဝင် (၁၁) ယောက်ကတော့ -

(၁) သမ္မတ
(၂) ဒုသမ္မတ-၁
(၃) ဒုသမ္မတ-၂





(၄) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ
(၅) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ
(၆) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
(၇) ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်
(၈) ကာကွယ်ရေးဝန်ကြီး
(၉) နိုင်ငံခြားရေးဝန်ကြီး
(၁၀) ပြည်ထဲရေးဝန်ကြီးနဲ့
(၁၁) နယ်စပ်ဒေသရေးရာဝန်ကြီးတို့ ဖြစ်ပါတယ်။

၃။ ဒီဖွဲ့စည်းမှုမှာကြည့်ရင် သမ္မတဟာ တပ်မတော်ကိုယ်စားလှယ်များ ထောက်ခံမှ တက်လာမှာ ဖြစ်သလို ဒုသမ္မတ တစ်ယောက်ဟာလည်း တပ်မတော်ကိုယ်စားလှယ်များက ရွေးချယ်တင်မြှောက်ထားသူပါ။ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ နယ်စပ်ဒေသဝန်ကြီးများဟာလည်း ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်ထားသူတွေပါ။ နိုင်ငံခြားရေး ဝန်ကြီးဟာလည်း သမ္မတက ခန့်အပ်ထားသူဆိုတော့ ဒီကောင်စီမှာ ကာကွယ်ရေးဦးစီးချုပ်ရဲ့ အလိုဆန္ဒကို ထောက်ခံမယ့်သူက အနည်းဆုံး ၈ ယောက်ရှိပါတယ်။ ဒါကြောင့်မို့ ဒီကောင်စီဟာ ကာကွယ်ရေးဦးစီးချုပ်ရဲ့ အလိုဆန္ဒကို တံဆိပ်တုံးထု ထောက်ခံပေးရမယ့်အဖွဲ့သာ ဖြစ်ပါတယ်။

## (၉) နောက်မှ ပြင်၍ မရနိုင်ပါ

၁။ နအဖစစ်အုပ်စုက ဒီဖွဲ့စည်းပုံကို အတည်ပြုပြီးရင် ပြန်လည် ပြင်ဆင်ဖို့ခက်အောင်လုပ်ထားပါသေးတယ်။ ဒီလိုပါ။

၂။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့အတွက် ပြည်ထောင်စု လွှတ်တော် (ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နှစ်ရပ်ပေါင်း) ကို တင်ရမှာပါ။ အနည်းဆုံး

ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် (၂၀) ရာခိုင်နှုန်းက ဥပဒေမူကြမ်းတစ်ရပ်အနေနဲ့ တင်ရမယ်လို့ ဆိုပါတယ်။

၃။ ဖွဲ့စည်းပုံရဲ့အဓိကအခန်းတွေဖြစ်တဲ့ နိုင်ငံတော်အခြေခံမူဝါဒများ၊ နိုင်ငံတော်ဖွဲ့စည်းပုံ၊ ဥပဒေပြုအာဏာ ဖွဲ့စည်းမှု၊ အုပ်ချုပ်မှု အာဏာဖွဲ့စည်းမှု၊ တရားစီရင်ရေး အာဏာဖွဲ့စည်းမှု၊ အရေးပေါ်အခြေအနေစတဲ့ အခန်းတွေကို ပြင်ဆင်ဖို့ လွှတ်တော်ကိုယ်စားလှယ် အားလုံးရဲ့ (၇၅) ရာခိုင်နှုန်းကျော် ထောက်ခံမဲ လိုအပ်တဲ့အပြင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲက မဲဆန္ဒပေးခွင့်ရှိသူ (၅၀) ရာခိုင်နှုန်းကျော်ရဲ့ထောက်ခံမဲလည်း လိုအပ်ပါတယ်။ အခြားအခန်းကဏ္ဍတွေကိုတော့ စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ်များရဲ့ (၇၅) ရာခိုင်နှုန်းကျော် ထောက်ခံမဲနဲ့ ပြင်နိုင်တယ်လို့ ဆိုပါတယ်။

၄။ လွှတ်တော်နှစ်ရပ်စလုံးမှာ ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်ထားတဲ့ တပ်မတော်အရာရှိများက (၂၅) ရာခိုင်နှုန်း နေရာယူထားတာပါ။ သူတို့မပါဘဲနဲ့ (၇၅) ရာခိုင်နှုန်းကျော်ထောက်ခံမဲ မရနိုင်သလို သူတို့ပါဝင်ထောက်ခံဖို့ ဆိုတာလည်း မဖြစ်နိုင်တဲ့အတွက်ကြောင့် ဒီဖွဲ့စည်းပုံကို နောက်မှ ပြန်ပြင်ကြတာပေါ့လို့ စဉ်းစားနေရင် အကြီးအကျယ် မှားပါလိမ့်မယ်။

၅။ တကယ်လို့များ ရွေးချယ်ခံ ကိုယ်စားလှယ်များအားလုံးကလည်း တစ်စိတ်တည်းတစ်ဝမ်းတည်းနဲ့ (၇၅) ရာခိုင်နှုန်းအပြည့် ထောက်ခံကြမယ်၊ တပ်မတော်ကိုယ်စားလှယ်တချို့က ရွေးချယ်ခံကိုယ်စားလှယ်များဘက်ပါပြီး ဖွဲ့စည်းပုံကိုပြင်ဖို့ ထောက်ခံလို့ (၇၅) ရာခိုင်နှုန်းကျော်





ထောက်ခံမဲရရင်တောင်မှ ကာကွယ်ရေးဦးစီးချုပ်က ချက်ချင်း နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအား ကာကွယ်ရန်ဆိုတဲ့ အကြောင်းပြချက်နဲ့ နိုင်ငံတော်ကို အရေးပေါ်အခြေအနေ ကြေညာပြီး အာဏာသိမ်းမှာ အသေအချာပါပဲ။

## (ည) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ကြံ့ဖွံ့)၏ စွက်ဖက်ခြယ်လှယ်မှု

၁။ နအဖစစ်အုပ်စုက ကြံ့ဖွံ့ကို လူထုအဖွဲ့အစည်းတစ်ရပ်အသွင်နဲ့ ဖွဲ့စည်းခဲ့တာပါ။ ဒါပေမဲ့လည်း တဖြည်းဖြည်းနဲ့ ကြံ့ဖွံ့ဟာ နအဖရဲ့လက်သုံးတပ်တစ်ခု ဖြစ်လာပြီး တိုင်းသူပြည်သားများကို စောင့်ကြပ်ကြည့်ရှုရင်း နှိပ်စက်အနိုင်ကျင့်တဲ့ ယန္တရားတစ်ခု ဖြစ်လာပါတယ်။ ရပ်ကွက်ထဲ ညဉ့်စာရင်းစစ်၊ ကင်းလှည့်တာကအစ ပါသလို ဒီမိုကရေစီရေးလှုပ်ရှားမှုတွေ၊ အဖွဲ့ချုပ်အဖွဲ့ဝင်တွေကို စောင့်ကြည့်ထောက်လှမ်းရာမှာလည်း ပါပါတယ်။ အခုဆိုရင် ကြံ့ဖွံ့ဟာ နအဖ စစ်အာဏာရှင်များရဲ့အားပေးမှုနဲ့ ဒီမိုကရေစီလှုပ်ရှားသူများကို အကြမ်းဖက်ဖြိုခွင်းခြင်း၊ ဖမ်းဆီးထိမ်းသိမ်းခြင်းစတဲ့ ဥပဒေမဲ့အပြုအမူများကို ရဲရဲတင်းတင်း ဆောင်ရွက်နေပါပြီ။ အဲဒီကြံ့ဖွံ့အဖွဲ့က လာမယ့်လူထုဆန္ဒခံယူပွဲကို ကြီးကြပ်အကောင်အထည်ဖော်မှာ ဖြစ်ပြီး နအဖရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကို မရရတဲ့နည်းနဲ့ အတည်ပြုမှာပါ။

၂။ အဲဒီလို ဖွဲ့စည်းပုံအခြေခံဥပဒေကို မတရားသဖြင့် အတည်ပြုပြီးရင် ဒီကြံ့ဖွံ့ဟာ နိုင်ငံရေးပါတီ ဖြစ်လာပါလိမ့်မယ်။ ပြီးတော့ ရွေးကောက်ပွဲအသစ်မှာ ဝင်ရောက်

ယှဉ်ပြိုင်မှာပါ။ ဒီနည်းနဲ့ နောက်ဖြစ်ပေါ်လာမယ့် လွှတ်တော်အသစ်တွေမှာ တပ်မတော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းအပြင် တပ်မတော်ရဲ့ ကြံ့ခိုင်ရေးသြဇာခံအဖွဲ့အစည်းဖြစ်တဲ့ ကြံ့ဖွံ့ကိုယ်စားလှယ်တွေကလည်း ရာခိုင်နှုန်း တစ်စုံတစ်ရာ နေရာယူထားကြမှာပါ။ ဒီတော့ ဒီနအဖရဲ့ မတရားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို နောက်မှ ပြန်လည်ပြင်ဆင်ကြဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်သလို ဒီဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ဘောင်ထဲကနေ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနဲ့ တိုင်းရင်းသားလူမျိုးစုများ တန်းတူညီမျှရေးတွေကို တတ်နိုင်သလောက် ကြိုးစားဆောင်ရွက်ကြဖို့ဆိုတာလည်း မဖြစ်နိုင်သလောက်ပါပဲ။

၃။ ရှေ့မှာ တင်ပြခဲ့ပါတယ်။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြု ပြီးသွားရင် စစ်တပ်ဟာ သီးခြား အခွင့်ထူးခံလူတန်းစားတစ်ရပ် အဖြစ် တရားဝင်ပေါ်ပေါက်လာမှာဖြစ်ပြီး မြန်မာပြည်သူများကတော့ ဒုတိယတန်းစား နိုင်ငံသားများသာ ဖြစ်လာမယ်လို့ တင်ပြခဲ့ပါတယ်။ အမှန်တကယ်တော့ ဒီထက်ဆိုးပါတယ်။ စစ်တပ်က ထိပ်ဆုံးကနေ၊ ဥပဒေရဲ့အထက်ကနေ၊ သီးခြားအခွင့်ထူးခံလူတန်းစားတစ်ရပ်အဖြစ် တည်ရှိနေသလို ကြံ့ဖွံ့နဲ့ လက်နက်ချတိုင်းရင်းသားအဖွဲ့အစည်း တချို့ဟာလည်း စစ်တပ်ရဲ့ မျက်နှာသာပေးမှု၊ အားပေးထောက်ခံမှုနဲ့ လူထုတစ်ရပ်လုံးရဲ့ အထက်မှာ၊ ဥပဒေရဲ့အထက်မှာ ရှိနေမှာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာပြည်သူပြည်သားများဟာ ဒုတိယတန်းတောင်မဟုတ်၊ တတိယတန်းစား နိုင်ငံသားများအဆင့်နဲ့ စစ်တပ်နဲ့ ကြံ့ဖွံ့ရဲ့ မတရားအနိုင်ကျင့်မှုတွေကို သားစဉ်မြေးဆက် ခံကြရတော့မှာပါ။





**(၄) ဒီမိုကရေစီအင်အားစုများ ရွေးကောက်ပွဲ ဝင်ခွင့်မရနိုင်ပါ**

၁။ တချို့ကလည်း မျှော်လင့်ကြပါတယ်။ ဒီမိုကရေစီအင်အားစုများ တက်ညီလက်ညီနဲ့ ရွေးကောက်ပွဲဝင်ပြိုင်ရင် လွှတ်တော်ကိုယ်စားလှယ် နေရာအများစုကို ရနိုင်တယ်။ ပြီးတော့ လွှတ်တော်တွင်းကနေ တိုင်းပြည်ကို ကြိုးစားကယ်တင်သင့်တယ်လို့ ယူဆနေကြသူတွေလည်း ရှိပါတယ်။ ဒါပေမဲ့ ဒီဖွဲ့စည်းပုံအခြေခံဥပဒေမှာ ယနေ့ ဒီမိုကရေစီရေးလှုပ်ရှားသူတွေ ပါဝင်ယှဉ်ပြိုင်ခွင့်မရအောင် ကန့်သတ်ထားပါတယ်။

၂။ ဒီဖွဲ့စည်းပုံအရ ပြစ်မှုတစ်ခုခုနဲ့ အကျဉ်းကျဖူးသူ၊ တရားရုံးတစ်ခုခုက ပြစ်ဒဏ်ချမှတ်ခြင်းခံရသူတွေဟာ ရွေးကောက်ပွဲ ဝင်ခွင့်မရှိပါဘူး။ ဒီကနေ့ အဖွဲ့ချုပ်ခေါင်းဆောင်တွေ၊ ၁၉၉၀ လွှတ်တော်ကိုယ်စားလှယ်တွေ၊ အဖွဲ့ဝင်တွေ၊ ကျောင်းသားခေါင်းဆောင်တွေ၊ လူ့အခွင့်အရေးလှုပ်ရှားသူတွေအားလုံးနီးပါးဟာ အကျဉ်းထောင်ထဲ အကြိမ်ကြိမ်ရောက်ခဲ့ကြ၊ ရောက်နေကြတဲ့သူတွေပါ။ သူတို့တွေအတွက် ရွေးကောက်ပွဲ ဝင်နိုင်ခွင့် လုံးဝမရှိပါဘူး။

၃။ တာဝန်ရှိ အဖွဲ့အစည်းတစ်ခုခုက ရွေးကောက်ပွဲဝင်ရန် မသင့်လို့ ဆုံးဖြတ်ထားတဲ့ ပုဂ္ဂိုလ်တစ်ဦးဟာလည်း ရွေးကောက်ပွဲ ဝင်ခွင့်မရှိပါဘူး။ ၁၉၈၉ မှာ ဖွဲ့စည်းတဲ့ ရွေးကောက်ပွဲကော်မရှင်က ဒေါ်အောင်ဆန်းစုကြည်ကို ရွေးကောက်ပွဲ ဝင်ခွင့်မရှိလို့ ဆုံးဖြတ်ထားတဲ့အတွက် အဲဒီဆုံးဖြတ်ချက်ဟာ ဆက်လက်အတည်ဖြစ်နေပြီး ဒေါ်အောင်ဆန်းစုကြည် ရွေးကောက်ပွဲ ဝင်ခွင့်မရနိုင်ပါ။

၄။ ပြည်ပအစိုးရတစ်ခုခုကို သြဇာခံသူတွေဟာလည်း ရွေးကောက်ပွဲ ဝင်ခွင့်မရလို့ ကန့်သတ်ထားပါတယ်။ ဒီတော့

နအဖအစိုးရက ဒီနေ့ ဒီမိုကရေစီလှုပ်ရှားသူတွေ အားလုံးကို ပြည်ပသြဇာခံများလို့ အကြိမ်ကြိမ် စွပ်စွဲထားတာကို သတိရဖို့ပါပဲ။

၅။ ဒီဖွဲ့စည်းပုံမှာ နိုင်ငံရေးပါတီများ ဖွဲ့စည်းမှုနဲ့ပတ်သက်ပြီး တင်းကျပ်တဲ့ ကန့်သတ်ချက်တွေ ချမှတ်ထားပါတယ်။ ဒီဖွဲ့စည်းပုံအရ 'နိုင်ငံရေးပါတီများအားလုံးဟာ စည်းကမ်းကျတဲ့ စစ်မှန်တဲ့ ပါတီစုံဒီမိုကရေစီကို လက်ခံကျင့်သုံးရမယ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တည်ဆဲဥပဒေများကို လိုက်နာရမယ်' လို့ ဆိုပါတယ်။ နအဖစစ်အုပ်စုရဲ့ စည်းကမ်းကျတဲ့ စစ်မှန်သော ပါတီစုံဒီမိုကရေစီဆိုတာကိုက အမှန်တကယ်တော့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးများကို ကန့်သတ်ချုပ်ချယ်ထားတဲ့စနစ်မို့လို့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တိုင်းရင်းသားပါတီများအနေနဲ့ လက်ခံနိုင်ဖို့ အတော်ခက်ပါလိမ့်မယ်။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အဓိကအနှစ်သာရကလည်း နိုင်ငံရဲ့အမြင့်ဆုံးအာဏာကို တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံ အပ်နှံထားတာဖြစ်လို့ အဖွဲ့ချုပ်နဲ့ တိုင်းရင်းသားပါတီများအတွက် ဒီဖွဲ့စည်းပုံကို လိုက်နာဖို့ဆိုတာ အတော်ခက်ပါလိမ့်မယ်။

၆။ လက်ရှိ တည်ရှိဆဲပါတီများအတွက်လည်း ကန့်သတ်ချက်တွေ ရှိပါသေးတယ်။ တကယ်လို့ နိုင်ငံရေးပါတီတစ်ခုဟာ မတရားသင်း အဖွဲ့အစည်းတစ်ခုအဖြစ် ကြေညာခံရမယ်ဆိုရင်၊ သူပုန်အဖွဲ့အစည်းများကို ဆက်သွယ်တယ်၊ ထောက်ခံအားပေးတယ်လို့ တွေ့ရှိရင်၊ နိုင်ငံရေး ပါတီတစ်ခုဟာ ပြည်ပနိုင်ငံတစ်ခုရဲ့ အစိုးရဆီကဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုဆီကဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးဆီကဖြစ်စေ ငွေကြေးနဲ့ အခြား ထောက်ပံ့မှုများ ရယူရင် အဲဒီပါတီကို





တရားဝင်တည်ရှိခွင့်မှ ရပ်စဲပစ်မယ်လို့ ဆိုပါတယ်။ ဒီတော့ နအဖစစ်အုပ်စုက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပြည်ပအဖွဲ့များနဲ့ ဆက်သွယ်တယ်၊ နိုင်ငံခြားငွေကြေးအထောက်အပံ့တွေ ရယူတယ်၊ လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ပတ်သက်တယ် စသည်ဖြင့် ကြိမ်ဖန်များစွာ စွပ်စွဲထားတာပါ။ ဒါကြောင့် ဒီဖွဲ့စည်းပုံ အခြေခံဥပဒေကိုအတည်ပြုပြီးရင် နအဖကအဖွဲ့ချုပ်ကို တရားဝင်တည်ရှိခွင့် ရုပ်သိမ်းလိမ့်မယ်လို့ ယုံကြည်ရပါတယ်။

## (၄) ပြတ်ပြတ်သားသား ကန့်ကွက်ကြပါစို့

၁။ ကျနော်တို့ ပြည်သူများအတွက် ရွေးချယ်စရာ နှစ်ခုပဲ ရှိပါတယ်။ နအဖရဲ့ ဖွဲ့စည်းပုံကို ထောက်ခံပြီး ဘဝအဆက်ဆက်၊ သားစဉ်မြေးဆက် စစ်တပ်ကျွန် အဖြစ်ခံမလား၊ နအဖရဲ့ဖွဲ့စည်းပုံကို ပြတ်ပြတ်သားသား ကန့်ကွက်ပယ်ချပြီး နအဖကို ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုဖို့ တောင်းဆိုမလား။ နအဖကတော့ ကျနော်တို့ကို စိမ်ခေါ်လိုက်ပါပြီ။

၂။ ကျနော်တို့ ရွေးချယ်ရမှာလည်း တစ်ခုပဲ ရှိပါတယ်။ တစ်သက်လုံး ကျနော်တို့ရဲ့ သားစဉ်မြေးဆက်များကို စစ်တပ်ကျွန်ဖြစ်ရမည့် ဘဝကို မရွေးချယ်နိုင်ပါဘူး။ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအတွက် အာမခံချက်မရှိတဲ့၊ တိုင်းရင်းသားလူမျိုးစုများ အခွင့်အရေးတွေကို ငြင်းပယ်ထားတဲ့၊ စစ်တပ်ကို သီးခြားအခွင့်ထူးခံလူတန်းစား (သို့မဟုတ်) အုပ်ချုပ်သူလူတန်းစားအဖြစ် ဖန်တီးပြီး ပြည်သူလူထုကို ကျေးကျွန်များအဖြစ် သတ်မှတ်လိုက်တဲ့ ဒီနအဖရဲ့ဖွဲ့ စည်းပုံအခြေခံဥပဒေကို ကျနော်တို့အားလုံး

တိုင်းရင်းသား၊ ညီအစ်ကိုမောင်နှမများ အားလုံး ပြွတ်ပြွတ်သားသား ကန့်ကွက်ကြပါစို့။

*(စာပြီးနေ့စွဲ ဖေဖော်ဝါရီ ၁၂ ၂၀၀၈)*
*(ပြည်ထောင်စုနေ့)*

*



## ကျေးဇူးမှတ်တမ်း

ကျနော့်စာအုပ်ကလေးကို တာဝန်ခံထုတ်ဝေပေးတဲ့ သူငယ်ချင်း ကေကျူ(ကိုကိုကြီး)ကို အထူးကျေးဇူးတင်ပါတယ်။ ဒီစာအုပ်ဟာ ကိုကိုကြီးရဲ့ ကေကျူစာအုပ်တိုက်က ထုတ်ဝေတဲ့ ကျနော့်ရဲ့ ဒုတိယ စာအုပ်ဖြစ်ပါတယ်။ ပထမစာအုပ် 'ရန်ကုန်ငြိမ်းချမ်းရေး' ကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလမှာ ထုတ်ဝေတုန်းက ကျေးဇူးမှတ်တမ်းမှာ သူ့နာမည်ကို ဖော်ပြဖို့မေ့သွားလို့ မကြာခဏ မြည်တွန်တောက်တီးတာ ခံခဲ့ရပါတယ်။ ဒါကြောင့် ဒီကျေးဇူးမှတ်တမ်းမှာ ကိုကိုကြီးကို အရင်ဦးဆုံး မမေ့မလျော့ ကျေးဇူးတင်ရပါတယ်။ ဒီစာအုပ်ကို ပြင်ဆင်ပေးတဲ့ ကိုတင်မောင်ဝင်း (လေးကိုတင်)၊ မျက်နှာဖုံးပန်းချီရေးဆွဲတဲ့ မိုးမင်းလတ်၊ မျက်နှာဖုံးဒီဇိုင်း သက်ဇော်နဲ့ စီမံခန့်ခွဲတဲ့ဘုတ်ဘုတ် (ခင်သူသူဝင်း)တို့ကိုလည်း ကျေးဇူး တင်ကြောင်း ပြောချင်ပါတယ်။

ဒီစာအုပ်ပါ ဆောင်းပါးများကို တူမောရိုးသတင်းဂျာနယ်၊ မဇ္ဈိမနေ့စဉ်သတင်းစာ၊ ခေတ်ရနံ့မဂ္ဂဇင်း၊ မိုးမခမီဒီယာနှင့် အင်တာနက် ဘလော့များမှာ ပုံနှိပ်ဖော်ပြခဲ့ပါတယ်။

ကျနော့်ဆောင်းပါးများကို ဖော်ပြပေးခဲ့တဲ့ တူမောရိုး သတင်းဂျာနယ် အယ်ဒီတာချုပ် ကိုဇော်သက်ထွေး၊ မဇ္ဈိမနေ့စဉ်သတင်းစာ

အယ်ဒီတာချုပ် ကိုစိုးမြင့်နဲ့ အယ်ဒီတာ ကိုငြိမ်းဝေ (ကဗျာ့အိုးဝေ)၊ ခေတ်ရန့်မဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ ကိုပြည်သွေးနိုင်၊ မိုးမခမီဒီယာ အယ်ဒီတာချုပ် ကိုမောင်ရစ်နဲ့ အင်တာနက်ဘလော့ပိုင်ရှင်များကို အထူးကျေးဇူးတင်ပါတယ်။


ဒီစာအုပ်တစ်အုပ်လုံးကို စာလုံးပေါင်း၊ သတ်ပုံ မှန်ကန်အောင် စစ်ဆေးပြင်ဆင်ပေးတဲ့ မဝါနဲ့ ကိုသောင်းထွန်းတို့ကိုလည်း အထူး ကျေးဇူးတင်ပါတယ်။ ပြီးတော့ ဆောင်းပါးအချို့မှာပါတဲ့ အမှားအယွင်း တွေကို ထောက်ပြပေးဖန်တဲ့ မိတ်ဆွေများ၊ စာဖတ်သူများအားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားစွာ
**အောင်ဒင်**
*ဩဂုတ်လ ၂၈၊ ၂၀၁၄။*

*



## အောင်ဒင် (ဒတ္တ) (၁၉၆၃-      )




(ဆရာမောင်စွမ်းရည် ရေးဆွဲတဲ့ အောင်ဒင့်ရဲ့ပုံတူ၊ ဇွန်၊ ၂၀၁၄)

၁၉၆၃ ခုနှစ် မတ်လ ၈ ရက် (သောကြာနေ့) တွင် တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်၌ ဖွားမြင်သည်၊ မွေးဖွားစဉ် လေပြင်းမတိုက်၊ လျှော်မလှုပ်၊ မုန်တိုင်းမကျ၊ မိုးကြိုးမပစ်ပါ။ ဝါရင့်သတင်းစာဆရာကြီး ဦးကျော်ရှိန် (မြေလတ်ဖိုးအောင်-၂၀၀၉ ခုနှစ် မေလတွင် ကွယ်လွန်) နှင့် မိခင်ကြီးဒေါ်လှကြည်တို့၏ အကြီးဆုံးသားဖြစ်သည်၊

အမည်ရင်းမှာချစ်ကိုကို ဖြစ်သည်၊တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၉ ရပ်ကွက်၊အစိုးရမူလတန်းကျောင်းအမှတ် ၁၀ တွင် သူငယ်တန်းမှ လေးတန်းအထိ၊ တောင်ဥက္ကလာပမြို့နယ်၊ အစိုးရအလယ်တန်းကျောင်း အမှတ် ၃ တွင် ပဉ္စမတန်း၊ ရန်ကင်းမြို့နယ်အစိုးရ အထက်တန်း ကျောင်း အမှတ် ၂ တွင် ဆဋ္ဌမတန်းမှဒသမတန်းအထိ ပညာသင် ကြားခဲ့သည်၊ ၁၉၇၉ ခုနှစ်တွင် ဒသမတန်းအောင်မြင်၍ ရန်ကုန်တိုင်း အမှတ် ၂ ဒေသကောလိပ်တွင် သိပ္ပံ (သချာ်) ဘာသာတွဲဖြင့် ပထမနှစ်၊ ဒုတိယနှစ်များ တက်ရောက်ခဲ့ပြီး ၁၉၈၁ ခုနှစ်တွင် ရန်ကုန် စက်မှု တက္ကသိုလ်သို့ တတိယနှစ်စက်မှုအင်ဂျင်နီယာအမိကဖြင့် ရောက်ရှိ သည်။ စာမေးပွဲအကြိမ်ကြိမ်ကျ၍ ၁၉၈၈ ခုနှစ်တွင်မှ နောက်ဆုံးနှစ် အတန်းသို့ ရောက်ရှိသည်၊

နောက်ဆုံးနှစ် စက်မှုတက္ကသိုလ်ကျောင်းသားတစ်ယောက် အဖြစ် ၁၉၈၈ ခုနှစ် ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးတွင် မထင်မရှားပါဝင်ခဲ့သည်၊ အရေးတော်ပုံကာလအတွင်း ကျောင်းသား ခေါင်းဆောင် မောင်မောင်ကျော်နှင့်အတူ ဗမာပြည်၊ 'ပြည်သူ့လွတ် မြောက်ရေးလူငယ်တပ်ဦး' ကို ဖွဲ့စည်းတည်ထောင်ပြီး အတွင်းရေးမှူး နှင့် ဒုဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်၊ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ဆန်းတွင်ဖွဲ့စည်းသော ကွယ်လွန်သူဝန်ကြီးချုပ်ဟောင်း ဦးနု ဦးဆောင် သည့် စင်ပြိုင်အစိုးရတွင် အစိုးရအဖွဲ့အတွင်းရေးမှူးအဖြစ် လည်း ကောင်း၊ ၁၉၈၉ ခုနှစ်၊ ဇန်နဝါရီလမှစ၍ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်း သားသမဂ္ဂများအဖွဲ့ချုပ် (ဗကသ) ၏ ဒုဥက္ကဋ္ဌ (၂) အဖြစ်လည်းကောင်း၊ ဒီမိုကရေစီပြည်သူ့တပ်ပေါင်းစု၏ သဘာပတိအဖွဲ့ဝင်အဖြစ်လည်း ကောင်း၊ တာဝန်များ ထမ်းဆောင်ခဲ့သည်၊ ၁၉၈၉ ခုနှစ် ဧပြီလတွင် ဖမ်းဆီးထိန်းသိမ်းခံရပြီး စစ်ခုံရုံးမှ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၄ နှစ် ချမှတ်ခြင်းခံရသည်၊ အင်းစိန်ထောင်နှင့် သရက်ထောင်များတွင် ၄ နှစ်နှင့် ၃လ ကျော်အကျဉ်းကျခဲ့ပြီး ၁၉၉၃ ခု ဇူလိုင်လတွင် ပြစ်ဒဏ်ကာလ





ပြည့်သဖြင့် သရက်အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်ခဲ့သည်။ အကျဉ်းထောင်မှလွတ်မြောက်ပြီးနောက် ပါမောက္ခချုပ်၏ ခွင့်ပြုချက်ဖြင့် ကျောင်းပြန်လည်တက်ခွင့်ရပြီး ၁၉၉၄ တွင် ရန်ကုန်စက်မှုတက္ကသိုလ်မှ စက်မှုအင်ဂျင်နီယာဘွဲ့ (B.E., Mechanical Engineering) ရရှိခဲ့သည်။

စက်မှုတက္ကသိုလ်ကျောင်းသားဘဝ (၁၉၈၁-၁၉၈၈ နှင့် ၁၉၉၄) အတွင်းကလောင်အမည်ဒတ္တဖြင့် ကဗျာများရေးသားဖွဲ့ဆိုပြီး မိုးဝေ၊ ရှုမဝ၊ ပေဖူးလွှာ၊ မဟေသီ၊ ချယ်ရီ၊ သပြေ၊ သဘင်၊ ပန်၊ ဒဂုန်၊ စံပယ်ဖြူ၊ ရုပ်ရှင်မျက်မှန်၊ ဟန်သစ် စသည့်မဂ္ဂဇင်းများနှင့် ရန်ကုန် စက်မှုတက္ကသိုလ်နှစ်လည်မဂ္ဂဇင်းများတွင် ဖော်ပြပါရှိခဲ့သည်၊ ၁၉၉၅ ခုနှစ် မတ်လတွင် မြန်မာနိုင်ငံမှထွက်ခွာပြီး စင်ကာပူနှင့် ထိုင်း နိုင်ငံများတွင် ငါးနှစ်ကျော် နေထိုင်ခဲ့သည်၊ အမေရိကန်ပြည်ထောင်စု သို့ ၂၀၀၁ ခုနှစ်တွင်ရောက်ရှိပြီး မြန်မာပြည်လွတ်မြောက်ရေး ညွန့် ပေါင်းအဖွဲ့ (Free Burma Coalition) ၏မူဝါဒရေးရာ ညွှန်ကြား ရေးမှူး (Policy Director) အဖြစ်တာဝန်ယူခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် 'အမေရိကန်ပြည်ထောင်စု၊ မြန်မာ့အရေးလှုပ်ရှားမှု အဖွဲ့' (U.S. Campaign for Burma) ကိုတည်ထောင်ပြီး အမှုဆောင် ညွှန်ကြားရေးမှူး (Executive Director) အဖြစ်တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှစ၍ အဖွဲ့အစည်းတာဝန်များအားလုံးမှ အနားယူပြီး စာပေရေးသားခြင်းဖြင့် ရပ်တည်လျက်ရှိသည်။ ၂၀၀၇ ခုနှစ် ဩဂုတ် လတွင် ကွယ်လွန်သွားသောစာရေးဆရာ၊ ကဗျာဆရာ တာရာမင်းဝေ ၏ အစ်ကိုအရင်းဖြစ်သည်။ ညီမအငယ်ဆုံးခင်စန္ဒာမိုးမှာ ခင်ပွန်း သည်၊ သားလေးလင်းတာရာတို့နှင့်အတူ အမေရိကန်ပြည်ထောင်စု၊ အနောက်ဗာဂျီးနီးယားပြည်နယ်တွင် နေထိုင်လျက်ရှိသည်၊

၁၉၉၉ ခုနှစ်တွင် စင်ကာပူနိုင်ငံ Singapore Institute of Management (SIM) (Now- Singapore Management University) မှ Graduate Diploma in Business Administration (GDBA)

ဘွဲ့ရရှိခဲ့သည်၊ ၂၀၀၇ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်ဒီစီရှိ The American University မှ Master of International Service (MIS) ဘွဲ့ရရှိခဲ့သည်။ အမေရိကန်ပြည်ထောင်စုအခြေစိုက် National Endowment for Democracy (NED) မှချီးမြှင့်သော ၂၀၁၂ ခုနှစ် ဒီမိုကရေစီဆု (2012 Democracy Award) ကို ကိုကျော်သူ၊ ဦးခွန်ထွန်းဦး၊ မင်းကိုနိုင်၊ ဒေါက်တာစင်သီယာမောင်တို့နှင့်အတူ မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားမှုကြီးကို ကိုယ်စားပြုရရှိခဲ့သည်။

*



## အောင်ဒင် ၏
## ထုတ်ဝေပြီးသော စာအုပ်များ

(၁) တာရာမင်းဝေအမှတ်တရ စာစုများ
(မိုးမခမီဒီယာ၊ ဩဂုတ်လ၊ ၂၀၀၉)
(၂) မြန်မာနိုင်ငံ၏ ပြည်ထောင်စုလွှတ်တော်ကို
အနီးကြည့်၊ အဝေးကြည့်
(ခေတ်ပြတိုက်စာပေ၊ အောက်တိုဘာလ၊ ၂၀၁၃)
(၃) ရန်ကုန်ငြိမ်းချမ်းရေး ကဗျာစု
(ကေကျူစာအုပ်တိုက်၊ နိုဝင်ဘာလ၊ ၂၀၁၃)
(၄) ရှောဝတီ၊ ငြိမ်းချမ်းရေးနှင့် အမှတ်တရများ
(ခေတ်ပြတိုက်စာပေ၊ ဖေဖော်ဝါရီလ၊ ၂၀၁၄)
(၅) နွေတစ်ညမှအစပြု၍
(ခေတ်ပြတိုက်စာပေ၊ ဇူလိုင် ၂၀၁၄)

ယခု

(၆) ဒီမိုကရေစီ၊ ခွဲခြားဆက်ဆံခြင်းနှင့် မြေအောက်လှုပ်ရှားစာတမ်းများ (အောင်ဒင်)
တူမောရိုးသတင်းဂျာနယ်၊ မဇ္ဈိမနေ့စဉ်သတင်းစာ၊ ခေတ်ရနံ့မဂ္ဂဇင်း၊ မိုးမခမီဒီယာနှင့်အင်တာနက်၊ ဘလော့များတွင် ဖော်ပြပါရှိခဲ့သော ဆောင်းပါးများစုစည်းမှု

## ကေကျူစာပေ မှ
## ထုတ်ဝေပြီးသော စာအုပ်များ

(၁) ရန်ကုန်ငြိမ်းချမ်းရေး ကဗျာစု၊ အောင်ဒင်
(၂) လွှတ်တော်လေ့လာမှု အခြေခံအယူအဆများ၊ မေင်းယဉ်
(၃) နိုင်ငံတော်သစ်နှင့် အမျိုးသားအမှတ်သရုပ်အပါအဝင် ဟောပြောချက်များ၊ ကိုကိုကြီး

### ယခု

(၄) ဒီမိုကရေစီ၊ ခွဲခြားဆက်ဆံခြင်းနှင့် မြေအောက်လှုပ်ရှား စာတမ်းများ၊ အောင်ဒင်
(တူမောရိုးသတင်းဂျာနယ်၊ မဇ္ဈိမနေ့စဉ်သတင်းစာ၊ ခေတ်ရန့် မဂ္ဂဇင်း၊ မိုးမခမီဒီယာနှင့်အင်တာနက်၊ ဘလော့များတွင် ဖော်ပြပါရှိခဲ့သော ဆောင်းပါးများစုစည်းမှု)

### ဆက်လက်ထုတ်ဝေမည့်စာအုပ်

(၅) ကြိုးတိုက်ဋီကာ၊ လင်းသန့်